

# The Godfather

MARIO PUZO

တက္ကသိုလ်နေဝင်း

# ဂေါ်ဖားသား

## အပိုင်း (၁)

### ၁

ဘိုနာဆေရာသည် နယူးယောက်မြို့ ရာဇဝတ်တရားရုံး အမှတ် (၃) အတွင်းရှိ ခုံရှည်တစ်ခုတွင် ထိုင်ရင်း တရားသူကြီးမင်း၏ စီရင်ချက်ကို နားထောင်ရန် စောင့်နေလေသည်။

သူ့အနေဖြင့် တစ်သက်တာတွင် မကြုံစဖူး ရက်လည်း ရက်၊ ဒေါသလည်း ထွက်နေကြောင်း မျက်နှာတွင် ပေါ်လွင်ထင်ရှားနေ၏။ သူ အလွန်ချစ်သော သမီးပျိုကလေးအား အသက် ၂၀ ရွယ် ကျောင်းသားလူငယ် နှစ်ဦးက တစ်ညရ

ပ်ရှင်ကြည့်ရန်ဟု ခေါ်သွားပြီး လမ်းတွင် ဗလက္ကာရပြုရန်ကြံစည်ရာ ကလေးမက ငြင်းဆန်သဖြင့် သူငယ်နှစ်ယောက်သည် မိန်းကလေး၏ မျက်နှာကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ရိုက်နှက် ထိုးကြိတ် ခဲ့ကြ၏။ မိန်းကလေးမှာ မရှုမလှခံစားရပြီး ဆေးရုံတက်ပြီး ကုသနေရ၏။

ဘိုနာဆေရာသည် တရားဥပဒေကို အားကိုးသူပီပီ ဆိုင်ရာရဲစခန်းသို့ တိုင်ကြားအမှုဖွင့်ချက်အရ ကျောင်းသားလူငယ်နှစ်ဦးအား ရဲကဖမ်းဆီးပြီး ရုံးတင်တရားစွဲဆိုရာ ယနေ့ စီရင်ချက်ချမည်ဖြစ်၍ မိန်းကလေး ၏ ဖခင်အနေဖြင့် ဆိုးသွမ်းလူငယ်နှစ်ယောက်သည် ပြင်းပြင်းထန်ထန် အပြစ်ဒဏ်ပေးခြင်း ခံရလိမ့်မည်ဟု မျှော်လင့်နေ၏။

သမီးအတွက် အလွန်ရှက်နေရသည့် အထဲတွင် တရားခံလူငယ်တစ်ဦးက သူ့အား မထီမဲ့မြင် ကြည့်ရင်း လှောင်ပြောင်သရော်လိုသော မျက်နှာထားများ လုပ်ပြနေသည် ကို ဒေါသထွက်နေမိ၏။

အချိန်တန်၍ တရားသူကြီးက စီရင်ချက်ကို ဖတ်လိုက်သောအခါ ဘိုနာဆေရာမှာ ပို၍ ပင် ဒေါသထွက် မိတော့၏။ အကြောင်းမှုကား တရားခံလူငယ်များအား ယခင်က ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသူ၊ မျိုးရိုး အဆက် အနွယ် ကောင်းသူများ ဖြစ်၍ တစ်ကြောင်း၊ မိန်းကလေးအား ထိရောက်အောင်မြင်စွာ သားမယားအဖြစ် မပြု ကျင့်ခဲ့၍ တစ်ကြောင်း၊ ဆိုးသွမ်းလူငယ်များ ပြုပြင်သည့် 'ဂေဟာ' ကျောင်းတွင် သုံးနှစ်ပို့ထားရန်၊ သို့သော် ယင်းသို့ပို့ခြင်းကိုလည်း ယာယီဆိုင်းငံ့ထားရန်သာ

လျှင် ____________ တရားသူကြီးက အပြစ်ပေးလိုက်သောကြောင့် ပင် တည်း။

တရားခံလူငယ်နှစ်ယောက်အား ရဲကလွှတ်ပေးလိုက်၍ ထွက်သွားကြသည် ကို မြင်သော အခါ ဘိုနာဆေ ရာသည် စိတ်ထိခိုက်လွန်းသဖြင့် မျက်ရည်များ ပင် ကျမိ၏။

ထိုနောက် မခံမရပ်နိုင် ဖြစ်လာကာ တရားခံလူငယ်များအား လှမ်း၍

"ငါ မျက်ရည်ကျသလို မင်းတို့ လည်း မျက်ရည်ကျရစေမယ်"ဟု ဟစ်အော် ခြိမ်းခြောက်လိုက်လေ သည် ။ တစ်ချိန်တည်းမှာ သူ၏ ဇနီးအား

"ငါတို့ ဟာ ဒီတရားရုံးကိုလာတာ တရားမျှတဲ့ စီရင်မှု မရခဲ့ဘူး။ ငါတို့ သာ အရူးလို ဖြစ်ခဲ့ရတယ်။ ဒါကြောင့် ငါတို့ ဟာ ဒူးထောက်တောင်းပန်ရချင် ရပါစေ၊ တရားမျှတမှု ရရှိအောင်တော့ ဒွန်ကော်လီယွန်ဆီကို သွားကြရမယ်"

ဟု ခပ်တိုးတိုး ပြော လိုက်လေသည် ။

ဘိုနာဆေရာသည် အီတာလျံလူမျိုးဖြစ်ပြီး အမေရိကန်နိုင်ငံသို့ လာရောက် အခြေစိုက်နေထိုင်သူ ဖြစ်၏။ နယူးယောက်မြို့ အီတာလျံလူမျိုးရပ်ကွက်တွင် နေထိုင်ပြီး လူသေလောင်းများ မြေမြှုပ်ပေးခြင်း၊ အသုဘသေတ္တာ (အခေါင်း) များ လုပ်ရောင်းခြင်း၊ အသုဘယာဉ်များ ငှားခြင်းဖြင့် အသက်မွေး၏။ အခြားသော အီတလီလူမျိုး အဆက်အနွယ်များ (အထူးသဖြင့် ဆစ်စလီနယ်သားများ ) ကဲ့သို့ ဒုစရိုက်လောက လူဆိုးဂိုဏ်းများ နှင့် မဆက်သွယ်ဘဲ အေးအေးလူလူ

နေခဲ့၏။ အမေရိကန်နိုင်ငံ၏ တရားစီရင်ရေးစနစ်ကို အထင်ကြီးစွာဖြင့် အားကိုးခဲ့၏။ ယခုတော့မူ သူ၏ ချစ်စွာသော သမီးကလေးအား စော်ကားရန်ကြံစည်သော လူငယ်နှစ်ဦးသည် မိန်းကလေးအား ရုပ်ပျက်ဆင်းပျက် အနာတရဖြစ်အောင် ကျူးလွန်ခဲ့ပါလျက် အချုပ်မှ လွှတ်ပစ်လိုက်ကြပြီ ဖြစ်၏။

ထို့ကြောင့် သူသည် တရားရုံးများ ထက်ပိုပြီးမှန်ကန်တိကျသော တရားစီရင်မှုပေးနိုင်သည် ဟု ကျော် ကြားသော ပုဂ္ဂိုလ်ထံ ချဉ်းကပ်ရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်၏။

ထိုပုဂ္ဂိုလ်ကား နယူးယောက်မြို့၏ လူဆိုးဂိုဏ်းမြေအောက်လောကတွင် ဩဇာအရှိဆုံး၊ အာဏာအရှိဆုံး ဖြစ်သော 'ဂေါ်ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန် အမည်ရှိ အဘိုးကြီးပင်တည်း ။

***

လော့စ်အိန်ဂျယ်လစ်မြို့ ဟိုတယ်ကြီးတစ်ခု၏ အခန်းတွင် တစ်ယောက်တည်း စိတ်ဓာတ်ကျကျနှင့် ဝီစကီအရက်ကို ဖိသောက်နေသူကား ရုပ်ရှင်မင်းသား ဂျော်နီဖွန်တိန်းပင် ဖြစ်၏။ သူသည် ဟောလိဝုဒ်ရုပ်ရှင် လောကသို့ အမေရိကန်ပြည် အရှေ့ဘက်ကမ်းရိုးတန်း နယူးယောက်မြို့မှ တစ်ဆင့် ရောက်ရှိလာသူ ဖြစ်၏။ လောလောဆယ် အချိန်တွင် ကား ဂျော်နီဖွန်တိန်းသည် ရုပ်ရှင်နယ်တွင် အနိမ့်ခံနေရပြီး ထိပ်တန်း နာမည်ကြီး လာနိုင်မည့် ဇာတ်ကားများ တွင် ပါဝင်ခွင့်မရဘဲ ချောင်ထိုးထားခြင်း ခံနေရ၏။ အရေးထဲ သူ၏ ဇနီး (ရုပ်ရှင် မင်းသမီး) က ဂျော်နီအပေါ် သစ္စာမရှိဘဲ

ယောက်ျားတကာနှင့် တွဲ၍ လျှောက်သွားနေ၏ ။ စင်စစ် ကျော်နီသည် သူ၏ ပထမဇနီးနှင့် ကလေးများကို စွန့်ပစ်ကွာရှင်းပြီး ဤရုပ်ရှင်မင်းသမီးကိုယူခဲ့၏။ သို့သော် ယခုတော့ ချစ်ဇနီးချွေမင်းသမီးက သူ့အား လျစ်လျူရှုပြီး ထင်ရာစိုင်းနေပါလေပြီ။

ဝီစကီအရက်ကို ရေမရောဘဲ သောက်နေရာ ကျော်နီသည် နံနက်လေးနာရီ ထိုးလုနေပြီကို သတိမထား မိ တော့ချေ။ ထိုအခိုက် သူ့ဇနီးချွေမင်းသမီးက လည်ရာမှ ပြန်ရောက်လာရာ ကျော်နီသည် အရက်မူးမူးနှင့် ထ၍ ကြိမ်းမောင်းလေသည် ။

"တစ်ညလုံး ဘယ်လျှောက်သွားနေတာလဲ မချော"

ဤသို့ ကျော်နီက မေးလိုက်သောအခါ အမျိုးသမီးက

"ထွက်ပြီး ကမြင်းနေတာ"

ဟု အရွဲ့တိုက် ပြန်ပြောလေသည် ။

ဤတွင် ကျော်နီဖွန်တိန်းသည် စိတ်ကို မထိန်းနိုင်ဘဲ ထ၍ ထိုးကြိတ် ရိုက်နှက်တော့၏။ သို့သော် ဝီစကီ အရက်မူးနေခြင်းကြောင့် ထိရောက်စွာ မရိုက်နိုင် မထိုးနိုင်ဖြစ်နေ၏။ အရေးထဲ သူ့ဇနီးက သူ့အား လှောင် ပြောင်သရော်ပြန်သေး။ ပြီးမှ အိပ်ခန်းထဲ ဝင်သွားကာ တံခါးကို အတွင်းမှ ပိတ်ထားလိုက်တော့၏။

ကျော်နီသည် အကြီးအကျယ် စိတ်ဓာတ်ကျနေမိရင်း သူ၏ ဘဝ ရှေ့ရေးကို မည်သို့ကြံရပါမည်နည်းဟု တွေးနေမိလေသည် ။ ခဏချင်းပင် သူသည် အကြံရကာ တယ်လီဖုန်းကို ကောက်ကိုင်ပြီး လေဆိပ်သို့သွားရန် မော်တော်ကား

တစ်စီးကို မှာယူလိုက်၏။

သူသည် နယူးယောက်မြို့တွင် ငယ်ရွယ်စဉ်ကနေထိုင်ခဲ့ရသော အလွန်ကြမ်းတမ်းသော ဘဝဖြင့် ကျင်လည်ခဲ့ရပုံကို ပြန်ပြောင်း သတိရမိ၏။ ယခု သူ၏ ဘဝရှေ့ရေးအခြေအနေဆိုးသည် ထက်ဆိုးလာမည့် အန္တရာယ်ကို ကာကွယ်ပေးနိုင်သူ တစ်ဦးတည်းသာ ရှိတော့ရာ ထိုသူသည် ယခု နယူးယောက်မြို့တွင် ရှိနေ၏။ သူ့အား ဟောလိဝုဒ် ရုပ်ရှင်လောကတွင် လူတစ်လုံးဖြစ်လာအောင် ကူညီ ဖန်တီးပေးနိုင်စွမ်းလည်း ရှိ၏။ သြဇာ အာဏာ လည်း ကြီးမားလှသူ ဖြစ်၏။ ထိုပုဂ္ဂိုလ်ကား ဂျော်နီအား ငယ်စဉ်ကမွေးစားဖခင် 'ဂေါ့ဒ်ဖားသား' အဖြစ် ကြည့်ရှု စောင့်ရှောက်ခဲ့သူ ဒွန်ကော်လီယွန် ဆိုသူပင်တည်း။ ထို့ကြောင့် ယခု ဂျော်နီသည် နယူးယောက်မြို့သို့ ချက်ချင်း လေယာဉ်ဖြင့်သွားရန် လေဆိပ်သို့သွားခြင်းပင် ဖြစ်လေသည်။

***

'နာဇိုရင်း' သည် အမေရိကန်ပြည်၊ နယူးယောက်မြို့တွင် လာရောက်အခြေစိုက်နေထိုင်သူ ဖြစ်သော် လည်း အီတလီလူမျိုးတစ်ဦး ဖြစ်၏။ အသက်မွေးဝမ်းကျောင်းအလုပ်ကား အီတလီနိုင်ငံတွင် ပြုလုပ်စား သောက်ကြသော ပေါင်မုန့်မျိုးကို နယူးယောက်မြို့တွင် ဖုတ်၍ ရောင်းချရခြင်းပင် ဖြစ်၏။ သူ၏ ပေါင်မုန့်ဖုတ် လုပ်ငန်းတွင် ကူညီလုပ်ကိုင်ရန် ငှားရမ်းထားသော 'အင်ဇို' အမည်ရှိ အီတာလျံအနွယ် ဆစ်စလီကျွန်းသား လူငယ်တစ်ယောက်ရှိ၏။

အင်ဇိုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖမ်းဆီးခြင်းခံခဲ့ရသူ အီတလီစစ်သုံ့ပန်းတစ်ဦး

ဖြစ်၏။ အမေရိကန်ပြည် သုံ့ပန်းစခန်းတွင် ထားပြီးနောက် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အာဏာပိုင်တို့ က အပြင် ဘက်တွင် လုပ်ကိုင်စားသောက်ခွင့် ပေးထားရာမှ နာဇီရင်း၏ ပေါင်မုန့်ဖိုတွင် အကူအလုပ်သမား ဝင်လုပ် နေခြင်း ဖြစ်၏။ ယခု စစ်ကြီးပြီးသွားပြီဖြစ်၍ မကြာမီ သူ့အား အမေရိကန်အစိုးရက အီတလီနိုင်ငံသို့ ပြန်ပို့ တော့မည် ဖြစ်လေသည်။

ယခု လောလောဆယ်ပင် ပြဿနာကား အင်ဇိုသည် အလုပ်ရှင်နာဇီရင်း၏ သမီးပျို ကက်သရင်းနှင့် လူငယ်ဘာဝ ချစ်ကြိုက်နေကြခြင်းပင် ဖြစ်၏။ ဖခင်ဖြစ်သူ နာဇီရင်းက သဘောမကျသော်လည်း သမီးကိုယ် တိုင်က ချစ်သူအင်ဇို မရှိလျှင် အိမ်မှ ထွက်ပြေးမည်ဟု ခြိမ်းခြောက်နေသဖြင့် နာဇီရင်းမှာ အကျပ်တွေ့နေတော့၏။

ပြဿနာကို ဖြေရှင်းရန်မှာ အင်ဇိုအား အမေရိကန်နိုင်ငံသားဖြစ်အောင် ဖန်တီးခြင်းဖြင့် အီတလီပြည် သို့ မပြန်ရတော့မှ သမီးကက်သရင်းနှင့် လက်ထပ်ထိမ်းမြားပေးရန်ပင် ဖြစ်၏။ သို့ရာတွင် နာဇီရင်းလို အညာ တရ ပေါင်မုန့်ဖုတ်ရောင်းသူတစ်ဦးက အင်ဇိုအား အမေရိကန်နိုင်ငံသားအဖြစ် မှတ်ပုံတင်ခွင့်ရအောင် မည်သို့ စွမ်းဆောင်နိုင်ပါမည်နည်း။

သူအလွန်ချစ်သော သမီးကလေး ကက်သရင်း စိတ်မချမ်းမသာဖြစ်နေမည်ကိုလည်း နာဇီရင်းသည် အလွန် စိုးရိမ်လေရာ သမက်လောင်း 'အင်ဇို' အား အမေရိကန်နိုင်ငံသားလက်မှတ် မရရအောင် ကူညီမှ သာ ဖြစ်ပေတော့မည်။ ယင်းကိစ္စတွင် သူကိုယ်တိုင်မစွ

မ်းသော်လည်း တကယ်စွမ်းဆောင်နိုင်သည့် ပု ဂ္ဂိုလ်တစ်ဦး တော့ ရှိပေသည် ။ ထိုပုဂ္ဂိုလ်ကား 'ဂေါ့ဒ်ဖားသား' ဟု ခေါ်ကြသော ဒွန်ကော်လီ ယွန်ပင်တည်း။

ထို့ကြောင့် နာဇီရင်းသည် ဒွန်ကော်လီယွန်း ထံ ချဉ်းကပ် အကူအညီတောင်းရန် ဆုံးဖြတ် လိုက်၏။

***

အထက်ဖော်ပြပါ လူသုံးဦးနှင့် တကွ အခြား ပရိသတ် အတော်များများ သည် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ၏ နောက်ဆုံးအပတ် စနေနေ့တွင် ကျင်းပသည့် ထိမ်းမြားမင်္ဂလာ ဧည့်ခံပွဲတစ်ခု ကို ဖိတ်ကြားခြင်းခံရသူများ ဖြစ်ကြလေသည် ။ လက်ထပ်ပွဲကား 'ဂေါ့ဒ်ဖားသား'ဟု ခေါ်ကြ သော ဒွန်ကော်လီယွန်၏ တစ်ဦးတည်းသော သမီး 'ကော်နီ'ခေါ် ကွန်စတင်ဇာနှင့် ကားလိုရို့ အမည်ရှိ အီတာလျံအနွယ်လူငယ်တစ်ဦး၏ ထိ မ်းမြားမင်္ဂလာပွဲ ပင်တည်း။

မင်္ဂလာဧည့်ခံပွဲကို နယူးယောက်မြို့၏ အပြ င်ဘက် 'လောင်းအိုင်လင်း' အရပ်ရှိ ဒွန်ကော် လီယွန်၏ အိမ်ဝင်းခြံကြီးအတွင်း ကျင်းပရန် စီ စဉ်ထားရာ ဧည့်ခံပွဲလုပ်မည့် စနေနေ့ နံနက်ပို င်းမှ စ၍ နယူးယောက်မြို့နေ မိတ်ဆွေသင်္ဂဟ အပေါင်းတို့ သည် ။ မော်တော်ကားကိုယ်စီဖြင့် ရောက်ရှိလာကြလေသည် ။ လာသည့် ဧည့်သ ည် တိုင်းလိုလို နှံ့သာရောင်စာအိတ်တစ်အိတ်စီ ကိုင်၍ လာကြရာ စာအိတ်ထဲတွင် ကား မင်္ဂ လာလက်ဆောင်အဖြစ် ပေးအပ်သည့် ငွေစက္ကူ တွေ အထပ်လိုက်ထည့်ထား၏။ (သူတို့ အသိုင်းအဝိုင်းသည် ဘဏ်မှ ငွေထုတ်ရသည့်

ချက်လက်မှတ်များ လုံးဝ မသုံးကြချေ။) မင်္ဂလာသတို့ သမီးနှင့် သတို့ သားတို့ အတွက် ဤသို့ ငွေသားဖြင့် လက်ဖွဲ့ ကြခြင်းကား သတို့ သမီး၏ ဖခင် 'ဂေါ့ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန်အား ကြည်ညိုလေးစားခြင်း၊ အားကိုး ခြင်းစသည် တို့ ကို လက်တွေ့ဖော်ပြသည့် အထိမ်းအမှတ်ပင် ဖြစ်၏။

ဒွန်ကော်လီယွန်ကား သူ့ထံ ချဉ်းကပ် အကူအညီတောင်းသူမှန်သမျှ စိတ်ပါလက်ပါ ကူညီတတ်သူဖြစ် ၏။ ကူညီနိုင်အောင်လည်း ထူးခြားစွာ ဩဇာကြီးမားသူ ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်၏။ သူသည် အီတလီနိုင်ငံ၊ ဆစ်စလီကျွန်းသားဇာတိ ဖြစ်သော်လည်း ငယ်စဉ်က စ၍ အမေရိကန်ပြည်သို့ ရောက်ရှိလာကာ နယူးယောက်မြို့ ဆင်းရဲသားရပ်ကွက်တွင် ကြီးပြင်းလာသူ ဖြစ်၏။, ယခု သူ့ပြုံးပွားချမ်းသာ၍ ဒေါ်လာငွေတွေ သန်းချီပြီး ကြွယ်ဝနေပြီ ဖြစ်သော်လည်း တစ်ချိန်က မိတ်ဆွေအပေါင်းအသင်းဟောင်းများကို ဘယ်အခါမှ မမေ့။ အမြဲတစေ တတ်နိုင်သမျှ အကူအညီပေး၏။ ဆင်းရဲချမ်းသာမရွေး ကျေးဇူးပြုတတ်၏။ သူက အကူအညီပေး၍ ပြန်လည်တုံ့ပြန်ရန်လည်း မလို။ ဘာကိုမျှ မမျှော်လင့်၊ သူ့အား မိတ်ဆွေအဖြစ် အသိအမှတ်ပြုလိုက်လျှင်ပင် ကျေနပ်သူ ဖြစ်၏။

ထူးခြားချက်ကား 'ဂေါ့ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန်သည် လောက၌ မတတ်နိုင်တာဟူ၍ မရှိ။ အရာရာကို ပြေလည်ဖြစ်မြောက်အောင် စွမ်းဆောင်နိုင်သည့် အရည်အချင်း၊ ဩဇာအာဏာ ပြည့်စုံနေခြင်းပင် တည်း။

မင်္ဂလာဧည့်ခံပွဲသို့ လာသည့် ဧည့်သည် များက စတင် ရောက်ရှိနေကြပြီ ဖြစ်၍ သတို့ သမီးဖခင် ဒွန်ကော် လီယွန်ကိုယ်တိုင် အိမ်အဝင်မှ နေ၍ ဆီးကြို နှုတ်ဆက်နေလေသည် ။ သူသည် လာသမျှ ဧည့်သည် တစ်ယောက် မကျန်ကို ကိုယ်တိုင် ရင်းနှီးစွာ သိနေ၏။ ဤသို့ ဖြစ်အောင်လည်း ဖိတ်ကြားစဉ်က အလွန် ခင်မင်ရင်းနှီးပြီး ယုံကြည်စိတ်ချရသူများကိုသာ စီစဉ်ရွေးချယ်၍ ဖိတ်ကြားခဲ့ခြင်း ဖြစ်၏။ လာသမျှ ဧည့်သည် အများ စုသည် 'ဂေါ့ဒ်ဖားသား'၏ ကျေးဇူးနှင့် မကင်းသူများ ဖြစ်ကြလေသည် ။ သူတို့ ချမ်းသာကြွယ်ဝပြီး အမေရိကန်နိုင်ငံ တွင် လူတစ်လုံးအဖြစ် နေနိုင်ခြင်းမှာ လည်း ဒွန်ကော်လီယွန်၏ စေတနာအပြည့်အဝဖြင့် ကူညီခဲ့သောကြောင့် ဖြစ်၏။ သူကား ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်း တကယ်များလှသူပင်တည်း။

ဒွန်ကော်လီယွန်၏ ဝါသနာတစ်ခုမှာ မိတ်ဆွေအပေါင်းအသင်းများကို ဆင်းရဲချမ်းသာ အယုတ်အလတ် အမြတ်မရွေး အားလုံး တန်းတူ သဘောထား ဆက်ဆံတတ်ခြင်းပင် ဖြစ်၏။ သူသည် စကားပြောရာ၌ လည်း အလွန် သိမ်မွေ့ညင်သာ၏။ ဒေါသထွက်သည် ဟူ၍ မရှိဟု ထင်ရလောက်အောင် တည်ငြိမ်သော ဣန္ဒြေရှိ၏။ သူ၏ စိတ်ထဲမှ ဒေါသဖြစ်ကောင်းဖြစ်နေမည်။ သို့သော် ပြင်ပ သူ၏ မျက်နှာတွင် မည်သည့် အခါမှ ဒေါသဖြစ် သော အရိပ်လက္ခဏာမတွေ့ရ။ အစဉ်သဖြင့် ခပ်အေးအေးနေတတ်လေသည် ။ လူတစ်ဖက်သားကို စိတ်ထိခိုက်သွားအောင်လည်း ဘယ်သောအခါမှ စကားကို မာမာမပြောတတ်။ ဤသည် ပင်လျှင် 'ဂေါ့ဒ်

ဖားသား'ဒွန်ကော်လီ ယွန်၏ ပင်ကိုသဘာဝစ ရိုက်တစ်ခု ဖြစ်နေတော့၏။

ဒွန်ကော်လီယွန်၏ သား သုံးယောက်အနက် နှစ်ယောက်သော သားတို့ သည် ဖခင်ကြီး၏ အနီးတွင် ရပ် ကာ မင်္ဂလာဧည့်ခံပွဲသို့လာသော ပရိသတ်များကို ဆီးကြိုလျက် ရှိလေသည် ။ သူတို့ ကား သားအကြီးဆုံး 'ဆန်နီ' နှင့် သားအလတ် 'ဖရက်ဒို' တို့ ပင် ဖြစ်၏။ 'ဆန်နီ' သည် အရပ်ခြောက်ပေနီးပါးမြင့်ပြီး ထောင်ထောင်မောင်း မောင်းနှင့် ကာယဗလ တောင့်တင်းလှသူ ဖြစ်၏။ မျက်နှာ (အထူးသဖြင့် နှုတ်ခမ်း) က ကာမဂုဏ်ကြူးမည့် အသွင်မျိုးဆောင်နေ၏။ သူ၏ အင်္ဂါရုပ်က ဤသို့ ဖြစ်နေခြင်းကိုပင်လျှင် အမျိုးသမီးတွေက သဘောကျနေကြ ပြီး 'ဆန်နီ' ကို ကြိုက်ချင်နေကြသည် ဟု ဆို၏။ အမှန်ပေဘာ့ ဆန်နီသည် လူပျိုမဟုတ်။ ဇနီး၊ သားသမီးများ ရှိ၏။ သို့သော်လည်း သူ၏ ဝါသနာက သူမျက်စိကျမိသော မိန်းကလေးများ နှင့် ချိန်းတွေ့ပြီး ရှုပ်ပွေတတ်၏။ ယနေ့အဖို့ လည်း ဆန်နီသည် သူ့နှမ ကော်နီ၏ လက်ထပ်ပွဲ အပျိုရံအဖြစ် ရောက်ရှိနေသော 'လူစီ' အမည်ရှိ မိန်းကလေးကို မျက်စိကျနေပြန်၏။ လွန်ခဲ့သော အပတ်အတွင်းက လူစီသည် သူတို့ အိမ်ကြီးသို့ ရောက်နေခဲ့ရာ ဆန်နီသည် အခွင့်ကြုံတိုင်း လူစီနှင့် အရောတဝင် ပွတ်သီးပွတ်သပ်လုပ်ခဲ့ပြီး ဖြစ်၏။ လူစီကိုယ်တိုင်ကလည်း ဆန်နီ၏ ယောကျ်ားပီသသော အင်္ဂါရုပ်နှင့် တောင့်တင်းသန်မာသော ကိုယ်လုံးကိုယ်ဟန်ကို တောင့်တသလို ဖြစ်နေပေသည် ။ မိန်းကလေးအမူအရာကို အကဲခတ်တတ်သူ ဆန်နီသည် လူစီအား

လူအလစ်တွင် ချစ်တင်း နှီးနှောရန် ကြံစည်ထားပြီးနေပြီ ဖြစ်၏။

ဆန်နီနှင့် အတူ ဖခင် ဒွန်ကော်လီယွန်အနီး၌ ရပ်နေသူ ဒုတိယသား 'ဖရက်ဒို' ကား ဆန်နီနှင့် လုံးဝ စရိုက်ချင်း မတူချေ။ ဆန်နီကဲ့သို့ ဒေါသမကြီး၊ မိုက်ရူးရဲ မလုပ်တတ်။ မိန်းမတွေနှင့် မရှုပ်ပွေဘဲ ရိုးရိုးသားသား နေ၏။ 'ဂေါ့ဒ်ဖားသား'၏ သားတစ်ယောက်အဖြစ် ဟောဟောရမ်းရမ်း မနေဘဲ တာဝန်ဝတ္တရားကို ရိုသေတတ် သူ ဖြစ်၏။ သို့သော် 'ဖရက်ဒို'သည် သူ့ဖခင်ကဲ့သို့ လူအများအား သြဇာပေးနိုင်လောက်အောင် ထက်မြက်စူးရှသော သြဇာမရှိ၊ ခေါင်းဆောင်မှုအရည်အချင်းမရှိသော လူပျော့တစ်ယောက်သာဖြစ်၍ 'ဂေါ့ဒ်ဖားသား'၏ ရိုက်ရာကို ဆက်ခံနိုင်မည့် သူ မဟုတ်ဟု အတွင်းကျကျ လူရင်းများက ပေဖန်ပြောဆိုနေကြပေသည် ။

တတိယမြောက်သားဖြစ်သူ 'မိုက်ကယ်လ်' ကား သူ့အစ်ကိုကြီးများ နှင့် အတူ ဖခင်အနားတွင် ရပ်မနေ ဘဲ ဧည့်ခံပွဲကျင်းပရာ ပန်းခြံ၏ ချောင်ကျကျတစ်နေရာတွင် ထိုင်နေလေသည် ။

'မိုက်ကယ်လ်' သည် ဒွန်ကော်လီယွန်၏ သားကြီးနှစ်ယောက်နှင့် လုံးဝမတူ။ ဖခင်၏ ညွှန်ကြားချက်၊ စီမံချက်များကို မလိုက်နာဘဲ သူ့ဘာဝကို သူကြိုက်သလို ဆုံးဖြတ်၍ နေခဲ့သူ ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသောအခါ ဖခင်ကြီးက အပြင်းအထန် ကန့်ကွက်သည့် ကြားကပင် ဗွတ်အတင်း စစ်ထဲဝင်ခဲ့၏။ ပစိဖိတ်သမုဒ္ဒရာ စစ်မျက်နှာ၌ တိုက်ပွဲများ

တွင် ရှပ်ရှပ်ချုံချုံ ပါဝင်တိုက်ခိုက်ခဲ့ခြင်းကြောင့် သူရဲကောင်းဆုတံဆိပ်များ ချီးမြှင့် ခံရပြီး အမေရိကန်စစ်တပ်တွင် ကပ္ပတိန် ဗိုလ်ကြီးအဆင့်အထိရာထူးတက်ခဲ့၏။ ဖခင်ကြီးက သူ၏ အပြုအမူ များကို လုံးဝ သဘောမကျ။ သူ၏သားက လူမျိုးခြား (အမေရိကန်) များ အတွက် အသက်စွန့်ကာ စစ်တိုက်ပေးခြင်းသည် အဓိပ္ပာယ်မရှိဟု ယူဆခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီးပြီးသွားသောအခါ၌ လည်း မိုက်ကယ်လ်သည် ဖခင်ကြီး၏ အိမ်တွင် မနေဘဲ ပညာဆက်သင်ဦးမည်ဆိုကာ နယူးဟမ်ရှိုင်းယားပြည်နယ်ရှိ ဒါးမောက်သ် ကောလိပ် ကျောင်းသို့ တက်ရောက် ပညာသင်ကြားနေခဲ့၏။

ယခု သူပြန်ရောက်နေသည့် အကြောင်းကား သူ၏ နှမ 'ကော်နီ'၏ ထိမ်းမြားလက်ထပ်ပွဲသို့ လာ၍ တက်ရောက်ရန်နှင့် သူ၏ ချစ်သူ အမေရိကန်အမျိုးသမီး 'ကေးအာဒမ်' အား မိမိ၏ ဆွေမျိုးမိတ်သင်္ဂဟ ပရိသတ်များ ရှေ့သို့ ခေါ်လာပြရန်ပင် ဖြစ်လေသည်။

မိုက်ကယ်လ်သည် သူ၏ အနီးတွင် ရှိသော ကေးအာဒမ်အား ဧည့်ခံပွဲသို့ရောက်ရှိနေသူ အီတလီအမျိုး အနွယ် (အထူးသဖြင့် ဆစ်စလီကျွန်းသား) ဧည့်သည် များ အကြောင်း ရှင်းလင်းပြောပြလျက်နေလေသည်။ 'ကေး'သည် သူမ၏ ချစ်သူ မိုက်ကယ်လ်၏ အီတလီအနွယ် ဆွေမျိုး မိတ်သင်္ဂဟများကို အထူးစိတ်ပါဝင်စားစွာ လျှောက်ကြည့် အကဲခတ်ရင်းက တစ်နေရာတွင် စုရုံးပြီး 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန်အား အာရုံစိုက်ကြည့်နေကြသူ လူတစ်စုကို သတိပြုမိလေသည်။ ထိုသူများကား ပေါင်

မုန့်ဖုတ်သမား နာဇီရင်း၊ အသုဘ ကန်ထရိုက်တာ ဘိုနာဆေရာတို့ လူစုပင် ဖြစ်၏။ မင်္ဂလာဧည့်ခံပွဲကသူများ အနေဖြင့် သူတို့ တစ်တွေက စိတ်ချမ်းသာစွာ ပျော်ရွှင်ပုံမရကြောင်း 'ကေး' ချစ်သူအား ခပ်တိုးတိုး ပြောလိုက်သောအခါ မိုက်ကယ်လ်က…

"ဟုတ်တယ်၊ သူတို့ ဟာ စိတ်ချမ်းသာတဲ့ လူတွေ မဟုတ်ဘူး ။ သူတို့ မှာ ပြဿနာတစ်ခုခု ကိုယ်စီရှိကြ လို့ ကိုယ့်အဖေကြီးဆီ အကူအညီတောင်းဖို့ လာကြသူများ ဖြစ်တယ်။ လက်ထပ်ပွဲကို လာဖို့ တော့ ဖိတ်စာရ ကြတဲ့ အီတာလျံ လူမျိုးတွေပါပဲ" ဟု ရှင်းပြလေသည် ။

သတို့ သမီး၏ ဖခင် ဒွန်ကော်လီယွန်ကား ဧည့်သည် များအား တစ်ဦးချင်း နှုတ်ဆက် ခရီးဦးကြိုပြု နေစဉ်မှာ ပင် အနက်ရောင် ချက်ပလက်ဆလွန်းကားတစ်စင်းသည် အိမ်ကြီး၏ အပြင်ဘက် လမ်းဘေးတစ်နေရာ တွင် ထိုးဆိုက် လာလေသည် ။ ကားထဲမှ လူနှစ်ယောက် ထွက် လာပြီး အိမ်ရှေ့တွင် ရပ်ထားသော မော်တော် ယာဉ်များ ၏ နံပါတ်များကို ရေးမှတ်နေကြလေရာ 'ဂေါ်ဒ်ဖားသား' ၏ သားအကြီးဆုံး ဆန်နီက လှမ်းမြင်လိုက် သဖြင့်-

"ဟိုလူနှစ်ယောက်ဟာ ရဲတွေဖြစ်ရမယ်"

ဟု ပြောလိုက်၏။ သို့သော် အဘိုးကြီးကမူ မည်သို့မှ စိုးရိမ်တုန်လှုပ်ဟန် မတူဘဲ…

"ဒါတော့ ဘယ်တတ်နိုင်မလဲကွ၊ လမ်းမကြီးကို ငါက ပိုင်ဆိုင်တာမှ မဟုတ်ဘဲ"

ဟု ခပ်အေးအေးပင် ပြန်ပြောလိုက်သည် ။

ဆန်နီမှာ ဒေါသကြီးသူဖြစ်သည့် အလျောက် ဖခင်ကဲ့သို့ အေးအေးမနေနိုင်ဘဲ အိမ်ပြင်ဘက်ရှိ ရဲနှင့် တူ သူ အရပ်ဝတ် အရပ်စားနှင့် လူများ ထံ ထွက်သွားပြီး ရန်စကြည့်သေး၏။ သို့သော် ထိုလူနှစ်ယောက်က မည်သို့မှ ပြန်မလုပ် ။ စကားပင် မပြောသဖြင့် ဆန်နီသည် အားမလို အားမရဖြစ်ကာ ပြန်လှည့်ထွက်ခဲ့ရလေ သည် ။ ထိုနောက် ဖခင်ကြီးထံပြန်လာ၍ ...

"ဟိုလူတွေဟာ အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ဝင်တွေပဲ၊ မော်တော်ကား နံပါတ်တွေ အကုန်လျှောက် မှတ်နေတယ်"

ဟု ပြောလိုက်ပြန်သည် ။

ဤသည် ကိုလည်း 'ဂေါ့ဒ်ဖားသား' သည် မည်သို့မှ တုန်လှုပ်ဟန်မပြဘဲ ဘာမှ အရေးမကြီးသလို ဧည့်သည် များကိုသာ ဆက်လက်၍ ခရီးဦးကြို ပြုနေလိုက်သည် ။ သူ့အနေဖြင့် စိုးရိမ်တုန်လှုပ်စရာ မရှိအောင် ကြိုတင်စီမံ ထားပြီး ဖြစ်သောကြောင့် တည်း။

ဒွန်ကော်လီယွန်သည် သူ့သမီးမင်္ဂလာလက်ထပ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားစဉ်ကပင် အရေးကြီး သော မိတ်ဆွေအားလုံးအား မိမိတို့ကိုယ်ပိုင် မော်တော်ယာဉ်များ ဖြင့် မလာဘဲ အခြားကားများ ငှားရမ်း၍ လာခဲ့ ကြရန် ကြိုတင်မှာ ကြားသတိပေးထားပြီး ဖြစ်၏။ ထို့ကြောင့် ယခု 'အက်ဖ်ဘီအိုင်' ဗဟို ထောက်လှမ်းရေးအဖွဲ့ ဝင်များက မော်တော်ယာဉ် နံပါတ်များကို မည်သို့ပင် မှတ်စေကာမူ မှတ်ပုံတင်ရှာ၍ သွားကြည့်လိုက်လျှင် ယနေ့ လာရောက်သူ 'ဂေါ့ဒ်ဖားသား' ဂိုဏ်းဝင်များ ၏ အမည်များကို တွေ့ရမည် မဟုတ်ပါချေ။ ဒွန်

ကော်လီယွန်ကား ဤသို့လျှင် အသေးအဖွဲကိစ္စများကအစ စနစ်တကျ ကြိုတင်စီမံထားတတ်သူ ဖြစ်လေသည် ။

ပရိသတ်က စုံသလောက်ရှိပြီဖြစ်၍ အဆင်သင့်ငှားရမ်းထားသော တီးဝိုင်းအဖွဲ့ ဧည့်ခံဂီတသံများ စတင်ဖျော်ဖြေလျက် ရှိနေပါလေပြီ။ ပန်းခြံကြီးအတွင်းရှိ အထူးပြင်ဆင်ထားသော သီးသန့်နေရာတွင် သတို့ သမီး ကော်နီသည် အလွန်လှပစွာ ဝတ်စားဆင်ယင်လျက် အထူးရဲ့ ရွှေတော် လူစီအဖြင် အပျိုရံများ နှင့် အတူ ထိုင်နေ၏။ မင်္ဂလာအခမ်းအနား ဆင်ယင်ပြုပြင်ထားပုံကား သတို့ သမီးစိတ်ကြိုက် မဟုတ်။ ဖခင်ကြီး ဒွန်ကော်လီယွန်၏ ဆန္ဒအရ အီတလီလူမျိုးတို့ ၏ အစဉ်အလာ ဓလေ့အတိုင်း ဆင်ယင် မွမ်းမံ၍ ထားလေသည် ။

ကလေးမနှင့် လက်ထပ်မည့် မင်္ဂလာသတို့သား ကာလိုရီဇီဆိုသူကား ဆစ်စလီကျွန်းသားဖခင်နှင့် အီတလီမြောက်ပိုင်းဇာတိ မိခင်တို့ မှ မွေးဖွားလာခဲ့သူ ဖြစ်လေသည် ။ သူ၏ မိဘများက နီဗားဒါး ပြည်နယ်တွင် နေထိုင်ကြရင်း ကာလိုသည် ထိုပြည်နယ်နှင့် ပြဿနာတစ်ခုဖြစ်သောကြောင့် နယူးယောက်မြို့သို့ ရောင်ထွက်လာခဲ့ရာမှ ဆန်နီနှင့် တွေ့ဆုံသိကျွမ်းပြီး ထိုမှ တစ်ဆင့် ဆန်နီ၏ နှမငယ် ကော်နီနှင့် သိကျွမ်း ရင်းနှီးခဲ့ခြင်း ဖြစ်၏။ သူနှင့် ကော်နီတို့ လူငယ်ဘဝရည်ငံကြသောအခါ ဖခင်ဒွန်ကော်လီယွန်သည် ကာလို၏ ဇာတိနေရပ် နီဗားဒါး ပြည်နယ်သို့ လူယုံအထောက်တော်များ စေလွှတ်၍ အသေးစိတ် စုံစမ်းထောက်လှမ်းစေခဲ့၏။ အထောက်တော်များ ပြန်ရောက်လာသောအခါ ကာလို၏ ပြဿနာမှာ

လက်နက်ကိုင်ဆောင်မှုသာဖြစ်ကြောင်း။ သူ၏ မိဘမျိုးရိုး အဆက်အနွယ်အကြောင်းများကို အပြည့်အစုံပြန်လည် အစီရင်ခံခဲ့ကြလေသည် ။ ထို့ပြင် နီဗားဒါးပြည်နယ်၌ လောင်းကစားခြင်းကို တရားဝင်ခွင့်ပြုထားပုံများကိုပါ သတင်းပို့အစီရင်ခံရလေရာ ဒွန်ကော်လီယွန်မှာ အထူးပင်စိတ်ဝင်စားမိလေသည် ။ သူသည် အကျိုးအမြတ်ဖြစ်ထွန်းနိုင်မည့် 'အလုပ်' ဟူသမျှကို စိတ်ဝင်စားတတ်သူတစ်ဦးဖြစ်၍ လည်း ကြီးပွားတိုးတက် ဩဇာညောင်းလာခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်လာခြင်းပင်တည်း။

ယနေ့အဖို့ ကာလိုသည် မင်္ဂလာသတို့ သားအဖြစ် သတို့ သမီးကော်နီအား ရွှန်းရွှန်းစားစားကြည့်နေသည် ကို မိန်းကလေးသည် အလွ



န်ကျေနပ်ပီတိဖြစ်နေ၏။ သူမအနေဖြင့် မရိပ်မိသောအချက်ကား ကာလိုသည် သတို့ သမီး၏ ညာဘက်ပခုံးတွင် ချိတ်ထားသည့် ပိုးသား ပိုက်ဆံအိတ်ကြီးကို ပို၍ မျက်စိ ကျနေခြင်းပင် ဖြစ်၏။ လာသမျှ ဧည့်သည် တွေက မင်္ဂလာလက်ဖွဲ့ပစ္စည်းအဖြစ် ပေးကြကုန်သော ငွေစက္ကူတွေ အထပ်လိုက်ပါသည့် စာအုပ်တွေက အဆိုပါပိုက်ဆံအိတ်ကြီးထဲ ရောက်နေရာ ကာလိုအနေဖြင့် ထိုငွေတွေကို မျက်စောင်းထိုးနေခြင်းပင် ဖြစ်၏။ သူ၏ စိတ်ထဲမှာ လည်း ဒေါ်လာတစ်သောင်းလော၊ နှစ်သောင်းလောဟု ခန့်မှန်းတွက်ကြည့်နေရင်းက ပြုံးလိုက်မိ၏။ ယခုမှ အစရှိသေးသည် ။ နောင်ကိုငွေတွေ ရေလိုသုံးနိုင်မည့် မိသားစုအတွင်းသို့ သူသည် သားသမက်အဖြစ် ရောက်ရှိလာပြီ မဟုတ်ပါလော။ ကာလိုရီဇီကား ငွေကို

ဘင်ခရာတီးဝိုင်းက ယောက်ျားနှင့် မိန်းမ စုံတွဲကရန် ဒန့်စ်အကတီးလုံးများ တီးလေရာ ပရိသတ်ထဲမှ စုံ တွဲအချို့သည် ပျော်ရွှင်စွာ တွဲကလျက် ရှိနေကြလေသည် ။ တီးဝိုင်းနားရှိ ပရိသတ်ထဲတွင် ဂေါ်ဒ်ဖားသား၏ မိတ် ဆွေ လူယုံကလီမင်ဇာနှင့် သူ၏ တပည့်ရင်း ပေါ်လီဂတ်တိုးတို့ လည်း ပါဝင်လေသည် ။ ကလီမင်ဇာဆိုသူကား လူရွယ်ပိုင်းမှ လူကြီးပိုင်းအရွယ်သို့ ဝင်ရောက်စပြုနေပြီဖြစ်ပြီး အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် ကြီးမား တောင့်တင်းသူတစ်ဦးဖြစ်၏။ ဒန့်စ်အကကိုလည်း ကျွမ်းကျင်နိုင်နင်းစွာ ကတတ်သူဖြစ်၍ ယနေ့အဖို့ မိန်း ကလေးငယ်ငယ်ချောချောများကို တစ်ယောက်ပြီး တစ်ယောက် တွဲကနေလေသည် ။

သူသည် ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်စဉ် သူ၏ တပည့် 'ပေါ်လီဂတ်တိုး' ကဝိုင်အရက် တစ်ခွက်လာပေးသဖြင့် ယူသောက်ရင်း …

"ဟေ့ကောင်၊ ဒီနေ့ရာ လာငေးမနေနဲ့ ၊ တစ်ခြိလုံး လှည့်ပတ်ကြည့်ပြီး အားလုံးအိုကေရဲ့ လားဆိုတာ လျှောက်ကြည့်စမ်း"

ဟု ခပ်တည်တည် အမိန့်ပေးလိုက်၏။ ပေါ်လီဂတ်တိုးလည်း ဘာမှ ပြန်မပြောဘဲ လျင်မြန်စွာထွက်သွား လျက်လူအုပ်ကြားထဲပျောက်သွားတော့၏။

ထိုအခိုက် ဘင်ခရာတီးဝိုင်းက ခေတ္တအနားယူရန် ရပ်လိုက်ရာ နီနိုဗာလင်တီ အမည်ရှိ လူငယ်တစ်ဦး သည် မင်ဒိုလင်တစ်လက်ကို ကော

က်ကိုင်ကာ တီးခတ်ရင်း ဆစ်စလီကျွန်းသူကျွ န်သားတို့ ၏ ရိုးရာအချစ်သီ ချင်းတစ်ပုဒ်ကို ဟာ စ်အော် သီဆိုလေသည် ။

ထို သီချင်းမှာ အချစ်သီချင်း ဆိုသော်လည်း ကြမ်းတမ်းသော စကားလုံးများ ပါဝင်နေ၏။ နီနီသည် အရက်အတော်မူးနေပြီဖြစ်၍ မရှက် မကြောက်ဘဲ ထိုသီချင်းကို အားပါးတရ ဟာစ် အော်သီဆိုနေလေရာ ဤသည် ကိုပင် ဆစ်စ လီကျွန်းသူကျွန်းသားဖြစ်သည့် ပရိသတ်က အ လွန်သဘောကျလျက်
ဟာစ်အော်အားပေးနေကြ တော့သည် ။ ယင်း သို့ သဘောကျနေကြသူများ ထဲတွင် ဒွန်ကော် လီယွန်၏ ဇနီး (သတို့ သမီး မိခင်) လည်း အပါ အဝင် ဖြစ်၏။ 'ဂေါ့ဒ်ဖားသား' ခေါ် ဒွန်ကော်လီ ယွန် ကိုယ်တိုင်ကား ဤသို့ ကြမ်းကြမ်းတမ်း တမ်း ပျော်မြူးခြင်းကို ဝါသနာမပါသော်လည်း သူ၏ ဇနီး အဘွားကြီးကိုယ်တိုင် ဝင်ပါနေခြင်း ကြောင့် ဘာမျှမပြောဘဲ အိမ်ထဲ သို့ အသာရှော င်ဝင်သွားလေသည် ။

ဤတွင် သူ၏ သားကြီး ဆန်နီသည် အခွင့် ကောင်းကြုံပြီဟု ချက်ချင်းတွက်မိလျက် သတို့ သမီး၏ ဘေး၌ ထိုင်နေသူ ရုံရွေတော် 'လူစီ' ရှိ ရာသို့ လျှောက်သွားပြီး တစ်စုံတစ်ရာကို တီးတိုး ပြောလိုက်ရာ လူစီလည်း ထိုင်နေရာမှ ထ၍ အိမ်ထဲသို့ ဝင်သွားလေသည် ။ ဆန်နီကို ယ်တိုင်လည်း ခေတ္တမျှနေပြီးနောက် အိမ်ထဲသို့ လိုက်ဝင်သွားသည် ကို သတိပြုမိလိုက်ကြပါ၏ ။

အိမ်ကြီး၏ အပေါ်ထပ်ရှိ ဒွန်ကော်လီယွန် ၏ ရုံးခန်းအဖြစ် ပြုလုပ်ထားသော အခန်းပြတ

င်း ပေါက်မှ နေ၍ တော်မီဟောဂင်သည် ပန်းခြံ
တွင်းရှိ မင်္ဂလာဧည့်ခံပွဲကြီးကို လှမ်းကြည့်နေ
လေသည် ။ သူသည် 'ဂေါ်ဒ်ဖားသား'ဒွန်ကော်
လီယွန်၏ ရှေ့နေလည်း ဖြစ်၏။ လူယုံတော် အ
ကြံပေးပုဂ္ဂိုလ်လည်း ဖြစ် ၏။ သူကဲ့သို့ လူယုံအ
ကြံပေးပုဂ္ဂိုလ်များကို အီတာလျံ ဘာသာဖြင့် '
ကွန်ဆီလီယိုရီ'ဟု ခေါ်ကြ၏။
အလွန်သစ္စာရှိပြီး ယုံကြည်စိတ်ချရသူများကို
သာ ထိုနေရာ၌ ခန့်ထားလေ့ရှိကြ၏။ တော်မီ
ဟောဂင် အဖို့ ထိုနေရာကို ရထားခြင်းအားဖြင့်
ဂေါ်ဒ်ဖားသား၏ လုပ်ငန်းအရပ်ရပ်တွင် အ
ရေးပါဆုံးနေရာသို့ ရောက်ရှိ နေခြင်းပင် ဖြစ်
၏။ ပြတင်းပေါက်မှ လှမ်းကြည့်ရင်း
အဘိုးကြီး ဒွန်ကော်လီယွန်
အိမ်ထဲပြန်ဝင်လာကြသည် ကို မြင်လိုက်သည်
တွင် တော်မီသည် ယနေ့အဖို့ အလုပ်တစ်ခုရှိ
တော့မည်ဟု ချက်ချင်းရိပ်မိလိုက်၏။ တစ်ချိန်
တည်းမှာ ပင် တော်မီသည် အဘိုးကြီး၏ သား
ဆန်နီက သတို့ သမီးအပျိုရံ လူစီအား
တီးတိုးပြောပြီး ခေါ်ထုတ်သွားသည် ကိုလည်း
မြင်လိုက်၏။ အမိဖွာယ်ကိုလည်း နားလည်လို
က်ပါ၏။ ထိုအကြောင်းကိုလည်း အဘိုးကြီး
အား ပြောသင့် မပြောသင့်
စဉ်းစားချိန်ဆနေပြီးမှ မပြောဘဲထားရန်
ဆုံးဖြတ်လိုက်၏။

တော်မီဟောဂင်သည် စာရေးစားပွဲဆီသို့
လျှောက်သွားပြီး ထိုနေ့အဖို့ 'ဂေါ်ဒ်ဖားသား'
အား တွေ့ဆုံခွင့်တောင်းထားပြီး အဘိုးကြီးက
တွေ့ရန်သဘောတူပြီးသူများ ၏ စာရင်းစာရွ
က်ကို ကောက် ယူလိုက်စဉ်မှာ ပင် ဒွန်ကော်လီ
ယွန်ကိုယ်တိုင် အခန်းတွင်းသို့ ဝင် လာလေသ

ည်။

တော်မီသည် ချက်ချင်းပင် ထိုစာရွက်ကို ဒွန်ကော်လီယွန်အား ပြသလိုက်သောအခါ အဘိုးကြီးက လှမ်းကြည့်ပြီး...

"ကောင်းပြီလေ၊ တစ်ယောက်ပြီးတစ်ယောက် ဝင်တွေ့ပါစေ၊ ဒါပေမဲ့ ဘိုနာဆေရာဆိုတဲ့ လူကို နောက်ဆုံးမှ လွှတ်"

ဟု အမိန့်ပေးလိုက်သည်။

တော်မီဟေဂင်လည်း မင်္ဂလာဧည့်ခံပွဲကျင်းပရာ ပန်းခြံထဲသို့ဆင်း၍ ပေါင်မုန့်ဖုတ်သမား နာဇိုရင်းကို ရှေးဦးစွာ ခေါ်လာခဲ့လေသည်။

'ဂေါ့ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန်သည် နာဇိုရင်းအား ဖက်လဲတကင်း နှုတ်ဆက်လိုက်၏။ အကြောင်းမူကား သူတို့ နှစ်ဦးသည် ငယ်ရွယ်စဉ် ကလေးဘဝက အီတလီနိုင်ငံဟွင် ခင်မင်ရင်းနှီးစွာဖြင့် အတူတကွ ကြီးပြင်းလာခဲ့ကြသောကြောင့် ပင်တည်း။ နောက်ပိုင်း နှစ်ဦးစလုံး အမေရိကန်ပြည်သို့ လာရောက်အခြေစိုက်နေထိုင်ကြသောအခါ၌ လည်း အခင်မင်မပျက်ခဲ့ကြချေ။

ဒွန်ကော်လီယွန်က နယူးယောက်မြို့ လူမိုက်ဂိုဏ်းများကို ကြီးစိုး၍ ဩဇာအာဏာကြီးမားလာချိန်၌ နာဇိုရင်းက ပေါင်မုန့်၊ ကိတ်မုန့်များ ဖုတ်၍ ရောင်းနေခဲ့ရာ သူသည် ကော်လီယွန်၏ မိသားစုများ ၏ မွေးနေ့တွင်လည်းကောင်း၊ ခရစ္စမတ်ပွဲတော်အခါတွင် လည်းကောင်း အထူး စပယ်ရှယ် ကိတ်မုန့်ကြီးများ ဖုတ် ၍ မှန်မှန်လက်ဆောင်ပို့ပေးခဲ့၏။ ဒွန်ကော်လီယွန်၏ လူမိုက်ဂိုဏ်း

သားများကြီးစိုးသော အလုပ်သမားသမဂ္ဂ၏ ‘ဆက်ကြေး’ များကိုလည်း မပျက်မကွက် ပေးခဲ့၏။ ဤသည် ကိုပင် ဒွန်ကော်လီယွန်က နာဇိုရင်းအား သစ္စာရှိ သော မိတ်ဆွေကောင်းတစ်ဦး ပီသသည် ဟု သဘောထားခဲ့ပြီး တစ်နေ့ အကူအညီတောင်းလာလျှင် မလွဲမသွေ ကျေးဇူးတုံ့ပြန်ရန် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်သည်။

ဒွန်ကော်လီယွန်သည် နာဇိုရင်းအား အကောင်းဆုံး ဝိုင်အရက်နှင့် အဖိုးအတန်ဆုံး ဆေးပြင်းလိပ်တစ် လိပ်ကို ပေးလိုက်ပြီးမှ ကိစ္စကို ပြောစေသည်။

ပေါင်မုန့်ဖုတ်သမား နာဇိုရင်းသည် သူ၏ ချစ်စွာသောသမီးကလေး အီတလီစစ်သုံ့ပန်း အင်ဇိုဆိုသူနှင့် လူငယ်ချင်း ရည်ငံနေကြောင်း၊ သမီးနှင့် ထိမ်းမြားပေးရန် အင်ဇိုအား အမေရိကန်နိုင်ငံသားဖြစ်အောင် လုပ်ပေး ရန်ပုံကြောင်း၊ သူ့အနေဖြင့် မည်သို့မှ မကြံတတ်ကြောင်း ပြောလေရာ ‘ဂေါ့ဒ်ဖားသား’ ဒွန်ကော်လီယွန် သည် ပြုံးလျက်...

“ဒီမယ်မိတ်ဆွေကြီး နာဇိုရင်း၊ ကိုယ့်လူရဲ့ ပူပင်သောကတွေကို ဒီအချိန်ကစပြီး မေ့ပစ်လိုက်တော့၊ အင်ဇို ဆိုတဲ့ လူငယ် အမေရိကန်နိုင်ငံသား ဖြစ်အောင်လုပ်ဖို့ က ခက်ပေမယ့် ရအောင်ကြံယူနိုင်ပါတယ်။ ကြံနည်းကတော့ ဒီလိုပဲ၊ သက်ဆိုင်ရာ မဲဆန္ဒနယ်က လွှတ်တော်အမတ်ကို ကွန်ဂရက်လွှတ်တော်မှာ အထူး ဥပဒေကြမ်းတစ်ခု တင်သွင်းခိုင်းရမယ်။ အဲဒီဥပဒေကြမ်းအရ အင်ဇိုဟာ အမေရိကန်နိုင်ငံသား အဖြစ် ခံယူခွင့် ရရှိလာမယ်။ အဲဒီဥပဒေကြမ်းကိုလည်း ကွန်ဂရက်လွှတ်တော်က အတည်ပြု

စေရမယ်။ ဒီကိစ္စမှာ စရိတ်စက အကုန်အကျ တော့ရှိမယ်။ ဒေါ်လာ နှစ်ထောင်လောက်ပါပဲ။ ကိစ္စအောင်မြင်ဖို့ တော့ ကျုပ်ကိုယ်တိုင် အာမခံမယ်။ ဘယ့်နှယ်လဲ"

ဟု ခပ်ဘွင်းဘွင်းပင် ပြောလိုက်၏။

အင်ဖိုမှာ အကြီးအကျယ် ကျေနပ်ဝမ်းမြောက်သွားတော့သည် ။ သူ၏ သမက်လောင်း အမေရိကန်နိုင်ငံ သားဖြစ်ရေးအတွက် ငွေကြေး အကုန်အကျရှိမည်ကို သူ တွက်ထားပြီးဖြစ်သည် ။ ယခု 'ဂေါ့ဒ်ဖားသား' ဒွန် ကော်လီယွန် ကိုယ်တိုင်က အာမခံချက် ပေးနေမှ တော့ ဒေါ်လာငွေနှစ်ထောင်ကို ကျေကျေနပ်နပ်ကြီးပေးရန် လုံး ဝ ဝန်မလေးပါချေ။

နာဇိုရင်း ပြန်ထွက်သောအခါ တော်မီဟောဂင်သည် 'ဂေါ့ဒ်ဖားသား' အား ပြုံး၍ ချီးကျူးမိလေသည် ။

"နာဇိုရင်းလို ပေါင်မုန့်သမားတစ်ယောက် အဖို့ သားသမက် တစ်ယောက်ကို ဒေါ်လာနှစ်ထောင်တည်း နဲ့ ရတာ တော်တာပေါ့။ သူ့အဖို့ ပေါင်မုန့်ဖိုမှာ ရာသက်ပန်ခိုင်းစားလို့ ရမယ့် အကူအလုပ်သမားတစ်ယောက် လည်း အပိုင်ရသွားတာပဲ။ ဆရာကြီးရဲ့ အစီအစဉ်က သင့်မြတ်လှပါတယ်။ ဒါထက် ဒီလုပ်ငန်းကို ဘယ်သူ့ကို တာဝန်ပေးရမလဲ"

တော်မီဟောဂင်က ကွန်ဂရက်လွှတ်တော်၌ အထူးဥပဒေကြမ်းတစ်ရပ် တင်သွင်းရေးကို မည်သည့် အမတ်အား တာဝန်ပေးရပါမည်နည်းဟု မေးလိုက်ခြင်းဖြစ်သည် ။

ဒွန်ကော်လီယွန်သည် ခေတ္တမျှ မျက်မှောင်

ကုတ် စဉ်းစားနေလိုက်ပြီးနောက်…

"အိမ်နီးချင်းခရိုင်က ဂျူးကို ပေးလိုက်ပါ။ ဝါရှင်တန်မြို့တော်မှာ လည်း တို့ လူတွေ နောက်ထပ်ရှိလာ အောင် စည်းရုံးရမယ်။ လွှတ်တော်အမတ်ထဲက 'လူတီကို' ဆိုတဲ့ လူကို မနိုင်းနဲ့၊ ပစ်ရှာကို ဆက်သွယ်ပါ"

ဟု ညွှန်ကြားလိုက်ရာ တော်မီဟောဂင်လည်း မှတ်စုစာအုပ်ငယ်ကလေးတွင် ချက်ချင်းရေးမှတ်လိုက် သည် ။

ဒုတိယ ဝင်ရောက်လာသူကား 'အင်တိုနီကော်ပိုလာ' ဆိုသူဖြစ်သည် ။ သူသည် ဒွန်ကော်လီယွန်နှင့် အတူ ငယ်စဉ်က မီးရထားဌာနတွင် အလုပ် အတူလုပ်ခဲ့ဖူး၏။ ခု သူလာသည့် အကြောင်းက အရေးတကြီး ဒေါ်လာငွေငါးရာ လိုနေသဖြင့် မည်သို့မှ ရှာဖွေချေးငှား၍ မရနိုင်သည့် အဆုံး 'ဂေါ်ဒ်ဖားသား' ထံ လာမေးက် အကူအညီတောင်းခြင်းပင် ဖြစ်သည် ။

ဒွန်ကော်လီယွန်သည် ဘာမှ မပြောဘဲ သူ၏ အကျႌအိတ်ထဲ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်ယူလိုက်ပြီး ရေတွက်ကြည့်ရာ ဒေါ်လာငါးရာမပြည့်သဖြင့် တော်မီဟောဂင်ဘက်သို့ လှမ်း၍ …

"ဟော့၊ ငါ့ကို ဒေါ်လာငွေ တစ်ရာလောက် ခဏချေးစမ်းပါ။ တနင်္လာနေ့ ဘဏ်တိုက်က ထုတ်ပြီးမှ ပြန်ပေးမယ်" တောင်းလိုက်သည် ။

တော်မီဟောဂင်က ဒေါ်လာငွေတစ်ရာကို ထုတ်ပေးလိုက်သောအခါ ဒွန်ကော်လီယွန်သည် ထိုငွေတစ် ရာကို သူ၏ ကိုယ်ပိုင်ငွေများ နှင့် အတူ ရော၍ အန်တိုနီကော်ပိုလာအား ချက်ချင်း ပေးလိုက်သည် ။

ဒွန်ကော်လီယွန်သည် မီလျံနာ သန်းကြွယ် သူဌေးတစ်ဦး ဖြစ်ကြောင်း အန်တိုနီကော်ပိုလာက သိပြီးဖြစ် သည် ။ ယခုတော့ ဒေါ်လာငွေ တစ်ရာကို ခေတ္တချေးယူပြီး ပျာပျာသလဲ အကူအညီပေးလိုက်သည် ကို မြင်ရသော အခါ အန်တိုနီကော်ပိုလာမှာ အံ့အားလည်း သင့်လျက် 'ဂေါ်ဒ်ဖားသား' အား လိုက်လိုက်လှဲလှဲ ကျေးဇူးတင်မိ တော့သည် ။

ထိုလူထွက်သွားပြီးနောက် ဒွန်ကော်လီယွန်သည် နောက်ထပ် တွေ့ဆုံရမည့် လူကို စောင့်နေခိုက် တော်မီ ဟောဂင်က

"စာရင်းထဲတော့ မပါဘူး။ ဒါပေမဲ့ လူကာဘရာဆီက ဒီနေ့ဆရာကြီးနဲ့ တွေ့ပါရစေလို့ ခွင့်တောင်း တယ်။ သူဟာ ဒီနေ့လက်ထပ်မင်္ဂလာပွဲကို မမျှော်လင့်ဘဲ ဖိတ်ကြားခံရတာကိုလည်း သိပ်ပြီးကျေးဇူးတင်လို့ မဆုံးဖြစ်နေတယ်။ ဒါကြောင့် လူကာဘရာဆီဟာ သူကိုယ်တိုင် ဆရာကြီးကိုတွေ့ဆုံပြီး ကျေးဇူးတင်ကြောင်း ပြောလိုဟန် တူပါတယ်"

ဟု ပြောလိုက်ရာ ဂေါ်ဒ်ဖားသား ဒွန်ကော်လီယွန်လည်း သဘောတူပြီး လူကာဘရာဆီအား လွှတ်လိုက် ရန် အမိန့်ပေးလိုက်သည် ။

*

ပန်းခြံထဲတွင် ကား မိုက်ကယ်လ် (ဂေါ့ဒ်ဖား သား၏ သားအငယ်ဆုံး) ၏ ချစ်သူ ကေးအာဒမ်သည် လူ ကာဘရာဆီဆိုသူ၏ အင်္ဂါရုပ်က အလွန်ရက်စက်ကြမ်းကြုတ်မည့် အသွင် ဆောင်နေသည် ကို အကဲခတ်မိသဖြင့် မိုက်ကယ်လ် အား တိုးတိုးတိတ်တိတ် မေးကြည့်လေသည်။

မိုက်ကယ်လ်ကော်လီယွန်အနေဖြင့် သူမအား ဤမင်္ဂလာဧည့်ခံပွဲသို့ ခေါ်လာခဲ့ခြင်းမှာ သူ့ဖခင် 'ဂေါ့ဒ် ဖားသား' ၏ အကြောင်းနှင့် တကွ သူတို့ မိသားစု၏ အပေါင်းအသင်း (လူဆိုး ဂိုဏ်းဝင်များ ) အကြောင်းကို ထိပ်ပါးပေနဲ့ပါးပဲ လှုပ်ခြင်းမပြုဘဲ သိရှိသွားရန်ပင် ဖြစ်၏။ ချစ်သူ 'ကေးအာဒမ်'ကား ဒွန်ကော်လီယွန်အား ကြွယ်ဝ ချမ်းသာသော ကုန်သည် ကြီး တစ်ဦး မှန်း သိသော်လည်း တရားမျှတသောအလုပ်ချည်း လုပ်သူမဟုတ်ဟူ၍ အကဲခတ်မိပုံရနေ၏။ ထို့ကြောင့် မိုက်ကယ်လ်သည် အမှန်ကိုပင် သွယ်ဝိုက်သောနည်းဖြင့် ပြောပြရန် ဆုံး ဖြတ်လိုက်မိသည် ။

လူကာဘရာဆီ ဆိုသူကား အမေရိကန်ပြည် အရှေ့ဘက်ကမ်းရိုးတန်းရှိ လူဆိုးဂိုဏ်းများ ၊ မြေအောက် လောကဋ္ဌ ကြောက်စရာအကောင်းဆုံးလူဟု လူဆိုးအချင်းချင်းကပင် လက်ခံအသိအမှတ်ပြုထားခြင်း ခံရသူဖြစ် ၏။ သူ၏ အကြီးဆုံးအရည်အချင်းကတော့ အပေါင်းအ

သင်းအဖော်အကူအညီ လုံးဝမလိုဘဲ သူတစ်ယောက် တည်းက ပိရိသေသပ်စွာ လူသတ်မှုကျူးလွန်နိုင်ခြင်းပင်ဖြစ်သည် ။ လူတစ်ယောက်၏ အသက်ကို သွေးအေး အေးဖြင့် သတ်ရာ၌ သူမတူအောင် အေးအေးဆေးဆေး သတ်ရက်သူလည်း ဖြစ်သည် ။ အဖော်အပေါင်းအသင်း မပါဘဲ တစ်ကိုယ်တော်သမားအဖြစ် ပိရိစွာ လုပ်သွားတတ်ခြင်းကြောင့် လည်း လူကာဘရာဆီအား တရားဥပဒေ အရ ဖမ်းဆီးရန်လည်း အလွန်ခဲယဉ်းလှသည် ။

ဤသို့လျှင် မိုက်ကယ်လ်က ပြောပြသောအခါ သူ၏ ချစ်သူ ကေးက အံ့အားသင့်စွာဖြင့်...

"ဟင်၊ ဒါဖြင့် ဒီလို လူဆိုးတစ်ယောက်က ရှင့်အဖေလက်အောက်မှာ အလုပ်လုပ်နေသလား"

ဟု မေးလိုက်မိတော့သည် ။

"ဒါကတော့ ဒီလိုရှိပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကိုယ်တို့ ဖားသားကြီးက အီတလီက သံလွင်ဆီတွေကို အကြီးအကျယ် တင်သွင်းမှာ ယူတဲ့ သွင်းကုန်အလုပ်လုပ်နေတုန်း တချို့လူတွေက မနာလိုဖြစ် ပြီး အလုပ်ကို ဝင်လုချင်ကြတယ်။ ဒက်ဒီကိုလည်း လူမိုက်ငှားပြီး သတ်ဖို့ တောင်ကြံတယ်။ အဲဒီအချိန်မှာ လူကာဘရာဆီက ဒက်ဒီရဲ့ သက်တော်စောင့်အဖြစ်နဲ့ ရန်သူတွေကို ခုခံတိုက်ခိုက်ခဲ့တယ်။ ကိုယ်ကြားဖူး တာကတော့ လူကာဘရာဆီဟာ ရက်သတ္တနှစ်ပတ်အတွင်းမှာ လူခြောက်ယောက်တိတိကို သတ်ခဲ့နိုင်တယ်တဲ့ ။ အဲဒီနောက်ပိုင်းကျတော့ ဒက်ဒီရဲ့ သွင်းကုန်လုပ်ငန်းကို ဘယ်သူကမှ မနှောင့်ယှက်ကြတော့ဘူး"

မိုက်ကယ်လ်သည် သူကြားခဲ့ဖူးသည့် အတိုင်း ပြောပြ လိုက်လေသည်။

ကေးအာဒမ်ကား အံ့အားသင့်လျက်ပင် ရှိနေသေးသည်။

"ဒီလူက လူခြောက်ယောက်ကိုသတ်ခဲ့တာ တကယ်ပဲလားဟင်"

"သတင်းစာတွေကတော့ အဲဒီအတိုင်း ရေးခဲ့တာပဲ။ ဒါပေမဲ့ တရားဝင် အထောက်အထားတော့ ဘာတစ်ခုမှ မရှိဘူးပေါ့။ လူကာဘရာဆီကို လူဆိုးလောကတစ်ခုလုံးက ကြောက်ကြတာတော့အမှန်ပဲ။ သူနဲ့ ပတ်သက်လို့ နောက်ဇာတ်လမ်းတစ်ခု ရှိသေးတယ်လို့ ပြောတာပဲ။ ကိုယ်လည်း မသိဘူး။ ဘယ်သူ့မှ လဲမေးလို့ မရဘူး။ တော်မီဟေဂင်ကတော့ သိတယ်လို့ ဆိုတယ်။ သူကလည်း ကိုယ့်ကိုတောင် မပြောဘူး။ ဘာပဲဖြစ်ဖြစ် လေ ဒီလူဟာ သွေးဖောက်အေးနဲ့ ရက်စက် ကြမ်းကြုတ်မယ့်လူဖြစ်တာ သေချာတယ်"

ဤမျှပင် မိုက်ကယ်လ်က သူ့ချစ်သူအား ပြောပြလိုက်တော့သည်။ လူကာဘရာဆီ ဆိုသူကား မြင်လိုက် ရုံနှင့် ကြောက်စရာကောင်းလောက်သော အင်္ဂါရုပ်မျိုး ရှိသူပင်တည်း။ အရပ်ပုပု ဂင်တိုတိုနှင့် သူ၏ ပုံပန်းသဏ္ဍာန်ကိုက လူတစ်ဖက်သားအား ကျောချမ်းသွားစေနိုင်သည့် အသွင်မျိုးဆောင်နေ၏။ သူသည် ရဲနှင့် စုံထောက်များကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းကိုလည်းကောင်း လုံးဝ မကြောက်ရုံမက ဘုရားသခင်နှင့် တကွ ငရဲဘုံသို့ ကျရမည်ကိုလည်း မကြောက်သူ ဖြစ်၏။ အကြမ်းဖက်မှုကို အနည်းငယ်မျှ မတုန်လှုပ်၊ လက်မရွံ့သူ ဖြစ်၏။

သို့သော် သူ၏ ဆန္ဒအလျောက် လူတစ်ယောက်ကိုတော့ကြောက်ရွံ့ ရှိသေး၏။ ထိုလူတစ်ယောက်ကား 'ဂေါ်ဒ်ဖားသား'ခေါ် ဒွန်ကော်လီယွန်ပင်တည်း။

လူကာဘရာဆီသည် တော်မီဟောဂင်၏ စီစဉ်ချက်ဖြင့် အဘိုးကြီးနှင့် တွေ့ဆုံခွင့်ရသည် ကိုကျေနပ် ဝမ်း မြောက်၍ မဆုံး ရှိဟန်တူလေသည် ။ အဘိုးကြီးက သူ့အား ဖော်ရွေစွာ လက်ခံတွေ့ဆုံခြင်းကိုလည်း ဂုဏ်ယူမိ သည် ။ ယခု အဘိုးကြီးနှင့် တွေ့ဆုံရခိုက် သူ၏ လက်ထဲမှ ငွေစက္ကူအထပ်လိုက် ထည့်ထားသော စာအိတ်တစ် အိတ်ကို လှမ်းပေးလိုက်သည် ။ စာအိတ်တွင်း၌ ကား အခြားလူများ လက်ဖွဲ့သည် ထက် ပို၍ များ သော ငွေစက္ကူ တွေပါရှိလေသည် ။ လူကာဘရာဆီအနေဖြင့် သူချစ်ကြောက်ရိုသေသော 'ဂေါ်ဒ်ဖားသား' ဒွန်ကော်ယီယွန်၏ သမီး မင်္ဂလာဆောင်တွင် သူများ တကာထက် ပို၍ ငွေများများ လက်ဖွဲ့လိုခြင်းကြောင့် ကိုယ်တိုင်လာရောက် ပေးအပ်ခြင်းပင် ဖြစ်၏။ အဘိုးကြီးကိုလည်း ကျေးဇူးတင်စကား ကောင်းစွာပြောလိုက်ပြီးနောက် လူကာဘရာ ဆီသည် ကျေနပ်သဘောကျစွာဖြင့် နှုတ်ဆက်၍ ထွက်သွားလေသည် ။

တော်မီဟောဂင်သည် အဘိုးကြီးနှင့် တွေ့ဆုံပေးရန် ဘိုနာဆေရာဆိုသူအား ခေါ်မည်အပြုဒွန်ကော်လီ ယွန်က သူ၏ သားအကြီးဆုံး ဆန်နီကို အခေါ်ခိုင်းသဖြင့် တော်မီလည်း ပန်းခြံထဲသို့ဆင်း၍ ကြည့်သော်လည်း ဆန်နီအား ရှာမတွေ့ဘဲဖြစ်နေ၏။ ကောန္တ ဟိုအပျိုရံကောင်မလေးနဲ့ နှစ်ပါးသွားနေပြီဟူ၍ ကား တော်မီ

ဟောဂင် က ထင်လိုက်မိလေသည် ။ မည်သို့ပင်ဖြစ်စေ ယခု အဘိုးကြီးက ခေါ်ခိုင်းချိန်၌ ဆန်နီကို အလျင်အမြန်တွေ့အောင်ရှာမှ ဖြစ်ချေမည်ဟု ဆုံးဖြတ်လျက် အိမ်ထဲသို့ ပြန်ဝင်သွားလေသည် ။

သူအိမ်ထဲ ပြန်ဝင်သွားသည် ကို လှမ်းမြင်လိုက်သူ ကေးအာဒမ်သည် ချစ်သူမိုက်ကယ်လ်အား တော်မီဟောဂင် အကြောင်း မေးကြည့်ပြန်ရာ မိုက်ကယ်လ်က တော်မီသည် သူတို့ နှင့် ဆွေမျိုးမတော်စပ်သော် လည်း ၁၂ နှစ်သား အရွယ်ကစပြီး ဆန်နီက အိမ်သို့ ခေါ်လာခဲ့ရာမှ အတူနေခဲ့ကြောင်း၊ တော်မီမှာ အားကိုးရာမဲ့ပြီး လမ်းပေါ်လျှောက်သွားနေစဉ် ဆန်နီက အိမ်သို့ခေါ်လာခဲ့ရာမှ တစ်အိမ်သားလုံးက သနားပြီး ခေါ်ထားလိုက်ခြင်းဖြစ်ကြောင်း၊ နောက်ပိုင်း တော်မီသည် ပညာသင်ကြား၍ အိမ်ထောင်ကျပြီး နောက်မှ အိမ်ခွဲနေသော်လည်း အဘိုးကြီး ဒွန်ကော်လီယွန်က တော်မီအား သူ့ထံမှာ ပင် အမှုထမ်းစေခဲ့ကြောင်းတို့ ကို ပြောပြလိုက်၏။

ထိုအချိန်မှာ ပင် သူတို့ သည် တော်မီဟောဂင်က ဆန်နီအား အဘိုးကြီး၏ ရုံးခန်းသို့ ခေါ်သွားသည် ကို လည်းကောင်း၊ ဘိုနာဆေရာ အမည်ရှိ အသုဘယာဉ်နှင့် သေတ္တာကုန်သည် ကိုပါ ခေါ်သွားသည် ကိုလည်းကောင်း လှမ်းမြင်လိုက်ကြလေရာ 'ကေး'က ချစ်သူ မိုက်ကယ်လ်အား ယခုလို မင်္ဂလာဧည့်ခံပွဲအချိန်တွင် အဘယ်ကြောင့် အဘိုးကြီးအား အလုပ်ကိစ္စတွေ လုပ်စေရပါသနည်းဟု မေးလိုက်မိသည် ။

"ဆစ်စလီကျွန်းသူကျွန်းသားတို့ ရဲ့ ရိုးရာအစဉ်အလာတစ်ခုက မိမိရဲ့ သမီး မင်္ဂလာဆောင်နေ့မှာ အကူ အညီတောင်းသမျှကို မငြင်းဆန်ရဘူး၊ ဆစ်စလီကျွန်းသားမှန်သမျှကလည်း ဒီနေ့လိုနေ့ဟာ ဂေါ့ဒ်ဖားသားထံ က အကူအညီတောင်းဖို့ အကောင်းဆုံးပဲလို့ သိထားကြတဲ့ အတွက် အခွင့်ကောင်းကို လက်မလွှတ်ချင်ကြတဲ့ သဘောပဲဖြစ်တယ်"

ဟု ရှင်းပြ လိုက်လေသည်။

လူစီသည် သတို့ သမီးအနားတွင် ထိုင်နေရာမှ ဆန်နီက တီးတိုးလာခေါ်သဖြင့် ချက်ချင်းပင်ထ၍ အိမ် ကြီးထဲသို့ ဝင်လာခဲ့သည်။ သူ၏စိတ်ထဲတွင် ကား ဆန်နီက ဘာကိစ္စခေါ်သည်ကို နားလည်ပြီးသားဖြစ်နေပါ၏။ ကောလိပ်ကျောင်း၌ နေစဉ်က လူစီသည် ရည်းစားနှစ်ယောက်ထားခဲ့ဖူး၏။ သို့သော် ကောင်လေးတွေနှင့် လွတ် လပ်စွာ တွဲသွားနေရင်းက မကြာမီ ကောင်လေးတွေက လူစီအား ခွာသွား၏။ ယောကျ်ားကလေးတွေက သူ့အား စွန့်သွားသဖြင့် လူစီမှာ အားငယ်နေခဲ့ရာ ယခု သူ့သူငယ်ချင်း ကော်နီ၏ မင်္ဂလာဆောင်တွင် အပျိုရံခေါင်းဆောင် အဖြစ် ရွေးချယ်ခံရပြီးနောက် ကော်နီ၏ အစ်ကိုကြီး ဆန်နီက လာပြီးရောသည် ကို လူစီမှာ သဘောကျမိခဲ့သည်။ ထို့ကြောင့် မိန်းကလေးတန်မဲ့နှင့် ဆန်နီအား အရောတဝင် အားပေးခဲ့၏။

ဆန်နီတွင် ဇနီး၊ သားသမီးများ ရှိသည် ကိုလည်း သိပြီးဖြစ်ရုံမက ဆန်နီသည် မိန်းကလေးအချို့နှင့် 'ပွေ' ခဲ့ကြောင်းလည်း ကြားဖူးခဲ့

ပါ၏။ သို့သော် ဆန်နီလို ယောကျ်ားပီသပြီး သန်မာထွားကျိုင်းသော ယောကျ်ားတစ်ဦးနှင့် နှစ်ပါးသွားလိုက်ရလျှင် မည်သို့နေမည်နည်းဟူ၍ လူစီ၏ စိတ်ထဲ တောင့်တ သိချင်နေမိခဲ့ သည် ။ ဆန်နီ့အပေါ် စိတ်ဝင်စားခဲ့မိသည် ။

လူစီသည် အိမ်ပေါ်ထပ်သို့ ရောက်ပြီး ရေချိုးခန်းထဲ ခေတ္တဝင်၍ ပြန်ထွက်လာသော အခါ ဆန်နီက သူ၏ လက်တစ်ဖက်ကို ဆွဲ၍ အိပ်ခန်းလွတ်တစ်ခုအတွင်းသို့ လျင်မြန်စွာ ဆွဲသွားသည် ကို လူစီမှာ ဘာမှ ပြန် မပြောဘဲ လိုက်ပါသွားလေသည် ။ အခန်းတံခါးကို ပိတ်လိုက်သည် နှင့် လူစီ့နှုတ်ခမ်းပေါ်သို့ နမ်းရှုပ်လိုက်ချိန် တွင် လူစီမှာ စိတ်တွေ လှုပ်ရှားဖောက်ပြန်နေမိပါလေပြီ။ ထို့နောက် ဆန်နီသည် သူ၏ သန်မာသော လက်မောင်းကြီးများ ဖြင့် လူစီ၏ တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်ကာ ခုတင်ပေါ်သို့ ဆွဲတင်လိုက်ပါတော့သည် ။

***

လူစီသည် ဂါဝန်ကို သေသေသပ်သပ်ဖြစ်အောင် ပြုပြင်ပြီးနောက် မှန်ကြည့်ရင်း ခေါင်းဖြီးနေချိန်တွင် သူမ တစ်သက်တာတွင် မကြုံစဖူး သာယာကြည်နူးမှု ဖြစ်နေမိတော့သည် ။

ထိုအခိုက် အခန်းပြင်ဘက်မှ တံခါးခေါက်သံကြားရပြီးနောက်

“ဟေ့...ဆန်နီ၊ အထဲမှာ ရှိသလား။ မင်းကို အဘိုးကြီးက အခုချက်ချင်း တွေ့ချင်လို့ တဲ့ ။ ခေါ်ခိုင်း လိုက်တယ်”

ဟု ခပ်တိုးတိုး ပြောလိုက်သောအသံမှာ တော်မီဟောဂင်၏ အသံမှန်းသိသာပါသည် ။ ထို့နောက် တော်မီ ဟောဂင် ပြန်ထွက်သွားသော ခြေသံကိုကြားလိုက်ရသည် ။

ဆန်နီသည် ချက်ချင်းပင် လူစီအား မျက်စိတစ်ဖက် မှိတ်ပြ၍ နှုတ်ဆက်ပြီးနောက် ထွက်သွားလေရာ လူစီလည်း ပန်းခြံထဲသို့ ပြန်ဆင်း၍ မူလနေရာ သတို့ သမီး၏ နံဘေးတွင် ဝင်ထိုင်နေလိုက်၏။

သတို့ သမီး ကော်နီသည် လူစီအား ခြေဆုံးခေါင်းဆုံးကြည့်၍

"ဟေ့ လူစီ၊ ဘယ်ပျောက်နေတာလဲ၊ မင့်ကြည့်ရတာ တစ်မျိုးကြီးပဲ၊ အရက်မူးလာတဲ့ လူနဲ့ တူလိုက် တာ။ ဘာဖြစ်တာလဲ ပြောစမ်း"

ဟု မေးလိုက်ရာ လူစီက ကော်နီ၏ နားနား သို့ကပ်၍

"ကိုယ်ဘာဖြစ်လာတာလဲဆိုတာ မင်းကိုယ်တိုင် ညကျတော့ သိရမှာ ပေါ့"

ဟု အဓိပ္ပာယ်ပါပါ ပြောလိုက်သည် တွင် သတို့ သမီးလည်း နားလည်သဘောပေါက်ဟန်ဖြင့် တခစ်ခစ် ရယ်မော လိုက်လေသည် ။

***

ဘိုနာဆေရာဆိုသူသည် တော်မီဟောဂင် ခေါ်ရာနောက်သို့ လိုက်သွားပြီး ရုံးခန်းကြီးထဲ ဝင်လိုက်သော အခါ ဂေါ်ဒ်ဖားသားခေါ် ဒွန်ကော်လီယွန်သည် စာရေးစားပွဲကြီးတစ်လုံး နောက်တွင် ထိုင်နေပြီး သူ၏ သားကြီး ဆန်နီက ပြတင်းပေါက်အနီးတွင် ရပ်နေသည် ကို တွေ့ရလေသည် ။

အဘိုးကြီးသည် ဘိုနာဆေးရာအား ပေါင်မုန့်
ဖုတ်သမား နာဇိုရင်းကဲ့သို့ ဖက်လဲတကင်း လို
က်လှဲ့စွာ မနှုတ်ဆက်ဘဲ ခပ်တည်တည်ပင် ထို
င်နေလေသည် ။ အမှန်တော့ ဤမင်္ဂလာဧည့်ခံ
ပွဲသို့ ဖိတ်ကြားခံရခြင်းမှာ သတို့ သမီး၏ မိခင်
နှင့် ဘိုနာဆေးရာ၏ ဇနီးတို့ က ခင်မင်ရင်းနှီး
သော သူငယ်ချင်းများ ဖြစ်၍ ပင်တည်း။

ဂေါ့ဒ်ဖားသား (ဒွန်ကော်လီယွန်) ကိုယ်တိုင်
ကမူ ဘိုနာဆေးရာအား သဘောမကျလှချေ။
ဘိုနာ ဆေးရာကလည်း ယခင်က ဒွန်ကော်လီ
ယွန်၏ လူမိုက်ဂိုဏ်းများ လက်သပ်မွေးပြီး ဗို
လ်လုပ်ခြင်းကို သဘောမကျသဖြင့် ခပ်ရှောင်
ရှောင်နေခဲ့၏။ အမေရိကန် အုပ်ချုပ်ရေးစနစ်နှ
င့် တရားစီရင်ရေးကို အထင်ကြီး၏။ ထို့ကြော
င့် သူသည် အခြားသော အီတာလျံအနွယ် ဆစ်

စလီကျွန်းသားများကဲ့သို့ ဒွန်ကော်လီယွန်အား
အထင်မကြီး အားမကိုးဘဲ ခပ်တည်တည်နေခဲ့
၏။ သူ့အလုပ်နှင့် သူ စားနိုင်သောက်နိုင်၍
အားကိုးစရာလည်း မလိုဟု ယူဆခဲ့၏။ သို့ရာ
တွင် ယခု သူ၏ ချစ်စွာသော သမီးကလေးအား
လမ်းသရဲနှစ်ကောင်က စော်ကားရန်ကြံ၍ မရ
သည့် အဆုံး ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ရို
က်နှက် ညှဉ်းဆဲခံရသောအခါ သူအားကိုးသော
တရားဥပဒေစနစ်က ကောင်လေးတွေကို ပ
ညာပေးရုံပေးပြီး လွှတ်ပစ်လိုက်သဖြင့် ယူကျုံး
မရဖြစ်ခဲ့ရ၏။ ယခုတော့ သူ့သမီးအတွက် ပြန်
လည်ကလဲ့စားချေရန် ဒွန်ကော်လီယွန်မှ တစ်
ပါး အားကိုးစရာမရှိတော့ပြီဖြစ်၍ လာရောက်
အကူအညီတောင်းရ ခြင်း ဖြစ်လေသည် ။

"ကျွန်တော် ခင်ဗျားနဲ့ နှစ်ယောက်ချင်း စ

ကားပြောပါရစေ"

ဘိုနာဆေရာက အခန်းထဲတွင် ရှိနေသော ဆန်နီနှင့် တော်မီဟောဂင်တို့ အား သူ၏ အတွင်းရေးကို မကြားစေချင်သဖြင့် အခွင့်အရေး တောင်းလိုက်သည် ။ သူသည် အဘိုးကြီး ဒွန်ကော်လီယွန်အား 'ဂေါ့ဒ်ဖားသား' ဟု ပင် ခေါ်လေ့မရှိချေ။

အဘိုးကြီးသည် ဦးခေါင်းကို ခါပြလိုက်သည် ။

"ဒီလူနှစ်ယောက်ဟာ ငါ့အဖို့ အသက်ပေးပြီး ယုံကြည်စိတ်ချရတဲ့ လူတွေ ဖြစ်တယ်။ ငါ့ရဲ့ လက်ရုံးနှစ် ဆူလည်း ဖြစ်တယ်။ အခု သူတို့ ကို ထွက်သွားခိုင်းရင် ယုံကြည်စိတ်ချမှုကို စော်ကားရာ ရောက်သွားမှာ ပေါ့"

ဤတွင် ဘိုနာဆေရာလည်း မတတ်သာဘဲ သူ၏ ပြဿနာကို ဖွင့်ပြောရလေတော့သည် ။

"ကျွန်တော့် သမီးလေးကို အလွန် ချစ်မြတ်နိုးခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်က အမေရိကန်ပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို အထင်ကြီးခဲ့မိပါတယ်။ တရားဥပဒေကိုလည်း အားကိုးခဲ့ပါတယ်။ သမီးကလေးကိုတောင် အမေရိကန်လူမျိုးတို့ ဓလေ့အတိုင်း လွတ်လွတ်လပ်လပ် နေခွင့်ပြုခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်က သမီး ဟာ အီတလီလူမျိုးမဟုတ်တဲ့ ကောင်လေးတစ်ယောက်နဲ့ ရင်းနှီးခဲ့ပါတယ်။ တစ်ညတော့ ရုပ်ရှင်ကြည့်ဖို့ ဆိုပြီး သမီးကို ခေါ်ထုတ်သွားတော့ ကောင်လေးက နောက်ထပ် သူငယ်ချင်းတစ်ယောက်ပါ ခေါ်လာခဲ့တယ်။ တစ်နေ့ရာမှာ သူတို့ နှစ်ယောက်က သမီးကို ဝီစကီအရက်တွေ အတင်းတိုက်ပြီး မတော်မတရားပြုဖို့

ကြိုစည်ကြတယ်။ သမီးက ငြင်းဆန်တော့ ကောင်လေးနှစ်ယောက်က သမီးကို နှိပ်စက်ညှဉ်းပန်း အနှာတရဖြစ်အောင် လုပ်ကြ တယ်။ သမီးရဲ့ နှာခေါင်းကျိုးသွားရုံမက မေးရိုးပါ ပြုတ်ထွက်တဲ့ အထိ ခံခဲ့ရပါတယ်။ သမီးဟာ အခု အချိန် အထိ ဆေးရုံမှာ ပဲ ရှိပါသေးတယ်။ သူဟာ နဂို မိမွေးတိုင်းဖမွေးတိုင်း ပြန်လှတော့မှ မဟုတ်ဘူး ။ ကျွန်တော့်မှာ ရင်နာလွန်းလို့ မျက်ရည်ပေါက်ပေါက် ကျခဲ့ရပါတယ်”

ပြောရင်းနှင့် ဘိုနာဆေရာသည် စိတ်ထိခိုက် တုန်လှုပ်လွန်းဟန်ဖြင့် စကားကို ခေတ္တရပ်ထားလိုက်ရ သည် ။ ပြီးမှ ဆက်ပြောနိုင်လေသည် ။

“ကျွန်တော်ဟာ အမေရိကန်နိုင်ငံသားကောင်းပီပီ တရားဥပဒေကို အားကိုးတကြီးနဲ့ ရဲအဖွဲ့ကို သွား တိုင်ပါတယ်။ ကောင်လေးနှစ်ယောက်ကို ဖမ်းဆီးရုံးတင်ပါရဲ့ ။ ဒါပေမဲ့ တရားသူကြီးက သုံးနှစ်ပြုပြင်ရေး ကျောင်းကိုပို့တယ်ဆိုပြီး လောလောဆယ်တော့ အဲဒီအမိန့်ကို ရပ်ဆိုင်းထားလိုက်တယ်။ အဲဒီရုံးချိန်းနေ့က ကောင်လေးနှစ်ကောင် အချုပ်ကလွတ်သွားပြီး ကျွန်တော့်ကိုတောင် လှောင်ပြောင်သွားကြပါသေးတယ်။ ဒီ တော့ ကျွန်တော့်ဇနီးကို တို့ ဟာ တရားမျှတမှုအမှန် ရအောင် ဒွန်ကော်လီယွန်ဆီ သွားကြမှ ဖြစ်မယ်လို့ ပြောခဲ့ ပါတယ်”

သူ၏ စကားဆုံးသွားသောအခါ ဒွန်ကော်လီယွန်သည် ဘိုနာဆေရာအား အထင်အမြင်သေးဟန်ဖြင့် ကြည့်လိုက်သည် ။

“မင်းဟာ ဘာဖြစ်လို့ စောစောက ငါ့ဆီကို

မလာခဲ့တာလဲ၊ ဘာကြောင့် ရဲကို သွားတိုင်တာလဲ"

"ဒါတွေ ထားလိုက်ပါတော့။ အခု ကျွန်တော် လိုချင်တာသာ လုပ်ချင်တာသာ လုပ်ပေးဖို့ တောင်းပန် ပါရစေ၊ ကျွန်တော့်ကို ခိုင်းချင်တာခိုင်းပါ"

"ဒီမယ် ဘိုနာဆေရာ၊ မင်းဟာ အမေရိကန်နိုင်ငံကြီးသား ပီသချင်ခဲ့တယ်။ အမေရိကန်စနစ်ကိုလည်း အထင်ကြီးခဲ့တယ်။ အားကိုးခဲ့တယ်။ အခုကိစ္စမှာ လည်း မင်းအားကိုးခဲ့တဲ့ အမေရိကန်တရားရုံးက စီရင်ဆုံး ဖြတ်ပေးပြီးပြီ မဟုတ်လား။ ကောင်လေးနှစ်ယောက်အနက် တစ်ယောက်က ဩဇာကြီးမားတဲ့ နိုင်ငံရေးသမား တစ်ဦးရဲ့ သားဖြစ်တယ်လို့ ငါ သိရတယ်။ ဒီတော့ မင်းအားကိုးတဲ့ တရားရုံးက ဘာတတ်နိုင်သေးသလဲ၊ မင်းက အခုမှ တရားစီရင်ပုံဟာကို မကျေနပ်ဘူးဆိုတော့ အမေရိကန်နိုင်ငံသားကောင်း ဘယ်ပီသမလဲ ကိုယ့်လူရဲ့"

အဘိုးကြီးက ပြောလိုက်ပုံမှာ လှောင်ပြောင်သရော်သည့် အသံမျိုးနှင့် ဖြစ်နေသောကြောင့် ဘိုနာဆေရာ မှာ အတော်ပင် အောင့်သက်သက်ဖြစ်သွား၏။ သို့သော် သူလိုချင်သော အကူအညီကို ဆက်၍ ပင် တောင်းနေပြန် ၏။

ဤတွင် 'ဂေါ့ဒ်ဖားသား' (ဒွန်ကော်လီယွန်) က သူ၏ အာဘော်ကိုဆက်ပြောလေသည် ။

"မင်းဟာ ဘယ်တုန်းကမှ ငါ့ကို မိတ်ဆွေရင်းချာလို မဆက်ဆံခဲ့ဘူး။ အကယ်၍ သာ မင်းဟာ ငါ့ဆီကို စောစောကလာခဲ့ရင် မင်း အခု မျက်ရည်ကျသလို ဟိုလမ်းသရဲနှစ်ကောင်ဟာ မျက်ရည်ကျနေရမယ်။ မင်းဟာ ငါ့ရဲ့ မိတ်ဆွေဖြ

စ်ရင် မင်းရဲ့ ရန်သူဟာလည်း ငါ့ရန်သူ ဖြစ်လာမယ်။ လူတွေက မင်းကို လေးစားမယ်။ ကြောက်ရွံ့ရှိသေမယ်"

ဒီတော့မှ ဘိုနာဆရာလည်း တစ်ချိန်က မာန်မာနကို ချိုးနှိမ်ကာ

"ကျွန်တော့်အမှားကို ဝန်ချ တောင်းပန်ပါတယ်။ အခုအချိန်ကစပြီး မိတ်ဆွေရင်းအဖြစ် ကျွန်တော် လက်ခံပါတယ်။ အကူအညီကိုသာ ပေးပါ"

ဟု ပြောလိုက်သောအခါ အဘိုးကြီးသည် လက်တစ်ဖက်ကို ဘိုနာဆရာ၏ ပခုံးပေါ် တင်လိုက်ပြီး နောက်

"ကောင်းပြီလေ၊ မင်းလိုချင်တဲ့ တရားမျှမှုကို ငါ ဖန်တီးပေးပါ့မယ်။ တစ်နေ့ကျရင် ငါက ပြန်ပြီး မင်းဆီက အကူအညီတောင်းရမယ့်အလှည့် ကြုံကောင်းကြုံလာမယ်။ လုံးချင်းမှ လည်း လိုမယ်။ အဲဒီအချိန်မတိုင် မီတော့ ငါ့ရဲ့ ဇနီးထံက မေတ္တာလက်ဆောင်ရယ်လို့ သဘောထားပေတော့။ မင်းမိန်းမနဲ့ ငါ့ဇနီးဟာ အလွန်ချစ် တဲ့ သူငယ်ချင်းဖြစ်တယ်။ မင်းရဲ့ သမီးလေးကိုလည်း ငါ့ဇနီးက မွေးစားသမီးလို သဘောထား တာဝန်ယူခဲ့တယ် မဟုတ်လား။ ဒါကြောင့် အခုကိစ္စမှာ ကူညီခြင်း ဖြစ်တယ်"

ဟု ခပ်တည်တည် ခပ်အေးအေးပင် ပြောလိုက်လေသည် ။

ဘိုနာဆရာ ပြန်ထွက်သွားသောအခါ ဒွန်ကော်လီယွန်သည် တော်မီဟေဂင်အား ခေါ်၍

"ဒီကိစ္စမှာ ကလီမင်ဇာကို တာဝန်ပေးလိုက်၊ စိတ်ချရတဲ့ လူတွေကိုသာ သေသေချာချာ ရွေးသုံးဖို့ လည်း သတိပေးလိုက်ပါ။ ဆုံးမတဲ့

နေရာမှာ လက်လွှန်ခြေလွန် မဖြစ်စေနဲ့ လို့ ပြောထားဖို့ မမေ့နဲ့ ”

ဟု အမိန့်ပေး လိုက်လေသည် ။

ထိုအခိုက် မင်္ဂလာဧည့်ခံပွဲ ကျင်းပရာ ပန်းခြံဆီမှ လူတွေ ဝမ်းသာအားရ ဟစ်အော်သံကို ကြားလိုက်ရသဖြင့် ဆန်နီသည် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ပြီးနောက် ဖခင်ကြီးဘက်သို့ ပြန်လှည့်၍

“ဟာ ကျော်နီပါလား၊ ကျော်နီဖွန်တိန်းကိုယ်တိုင် မင်္ဂလာဧည့်ခံပွဲကို အရောက်လာခဲ့တယ်။ မလာဘဲ နေပါ့မလား။ ဒက်ဒီက သူ့ရဲ့ ‘ဂေါ်ဒ်ဖားသား’ အဖေအစစ် မဟုတ်လား။ ကျွန်တော် သူ့ကို ဒီကိုခေါ်ခဲ့ရမလား”

ဟု လှမ်းပြောလိုက်ရာ အဘိုးကြီးသည် ကျေနပ်ပီတိဖြစ်ဟန်ပြုးလျက်

“နေပါစေဦးကွာ၊ ပရိသတ်က ရုပ်ရှင်မင်းသား ကျော်နီဖွန်တိန်းကို အားရအောင် တွေ့ဆုံနှုတ်ဆက် ကြပါစေဦး။ ကျော်နီက ငါ့ရဲ့ မွေးစားသားကောင်း ဖြစ်တယ်။ အခု သူ့ရဲ့ ‘ဂေါ်ဒ်ဖားသား’ ဆီ မပျက်မကွက် လာတာသာ ကြည့်ပေတော့”

ဟု ပြော လိုက်လေသည် ။

***

ရုပ်ရှင်မင်းသား ကျော်နီဖွန်တိန်း ဧည့်ခံပွဲသို့ ဝင်လာသည် ကို ရှေးဦးစွာ သတိပြုမိလိုက်သူကား မင်္ဂလာ သတို့ သမီး ကော်နီပင်ဖြစ်သည် ။ သူမသည် သတို့ သမီးအဖြစ် ဣန္ဒြေရရနေရန်ကိုပင် သတိမေ့လျော့ကာ ကျော်နီ အား ဝမ်းသာအားရပြေး၍ နှုတ်ဆက်လေရာ ကိုယ်တော်ချောကလည်း ကော်နီအား နမ်းရှုပ် နှုတ်

ဆက်လိုက် လေသည် ။ ကော်နီက ဂျော်နီအား အတင်းလက်ဆွဲခေါ်သွား၍ သတို့ သား ကာလို ရီဇီနှင့် မိတ်ဆက်ပေးသောအခါ သတို့ သားမှ ပရိသတ်တွေ ဝိုင်းဝိုင်းလည်နှုတ်ဆက် အရေး ပေးနေကြသူ ဂျော်နီအား မနာလိုဝန်တိုဖြစ်နေ ပုံ ရလေသည် ။

"ဟော့ ဂျော်နီ၊ သီချင်းတစ်ပုဒ်လောက် ဆိုပြ ပါ။ တောင်းဆိုပါတယ်"

ဧည့်ခံတီးဝိုင်းဘက်ဆီမှ လှမ်းအော် ပြောလို က်သံကြားရသဖြင့် ဂျော်နီလည်း မော့်ကြည့်လို က်ရာ သူနှင့် အလွန်ရင်းနှီးသော 'နီနိုဗာလင် တီ' အမည်ရှိ လူငယ်ကိုမြင်မိသည် တွင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် တီးဝိုင်း စင် မြင့် ပေါ်သို့ ပြေးတက်သွားပါတော့သည် ။

ထို့နောက် နီနိုက မင်ဒိုလင်ကို တီးရင်း ဂျော်နီနှင့် နှစ်ယောက်သား မင်္ဂလာသတို့ သမီး အတွက် လက် ဆောင်ဟု ကြွေးကြော်ကာ အချ စ်သီချင်းတစ်ပုဒ်ကို လိုက်လိုက်လှဲလှဲ သီဆိုကြ လေရာ ပရိသတ်က လက်ခုပ် လက်ဝါးတီးကာ ချီးကျူးဩဘာပေးကြလေသည် ။

ဂျော်နီ၏ 'ဂေါ်ဒ်ဖားသား' ဖြစ်သူ ဒွန်ကော် လီယွန်မှာ လည်း ကျေနပ်ပီတိဖြစ်စွာနှင့် ခပ် လှမ်းလှမ်းမှ ကြည့်နေလေသည် ။

သီချင်းဆုံးသွားသောအခါ ဂျော်နီသည် ဒွန် ကော်လီယွန်ရှိရာသို့ လျှောက်သွားပြီး တစ်စုံ တစ်ခုကို တီးတိုးပြော လိုက်လေရာ အဘိုးကြီး က ဂျော်နီအား အိမ်ထဲသို့ ခေါ်သွားလေသည် ။

တော်မီဟောဂင်သည် နဂိုက ရင်းနှီးသူဖြစ်၍ ဂျော်နီအား မြင်မြင်ချင်း ဝမ်းသာအားရ လက် ဆွဲနှုတ်ဆက် လိုက်သည် ။ အဘိုးကြီး 'ဂေါ်ဒ်

ဖားသား’ သည်_ကား သူကိုယ်တိုင်_အရက်နှစ်ခွက်ကို ငှဲ့လိုက်ပြီးနောက် ဂျော်နီ အား ဖန်ခွက်တစ်ခွက် ပေးရင်း

“ဘယ်လိုလဲကွ ဂျော်နီရ၊ မင်းက အခု နာမည်ကျော် ရုပ်ရှင်မင်းသား ဖြစ်လို့ ချမ်းသာကြွယ်ဝနေမှ တော့ ငါလို အဘိုးကြီးက ဘာအကူအညီမှ ပေးဖို့ မလိုတော့ဘူးထင်တယ် ဟုတ်လား”

ဟု မေးလိုက်သည် ။

ဂျော်နီသည် အဘိုးကြီးပေးသော အရက်ဖန်ခွက်ကို မော့ချလိုက်ပြီး ထပ်မံ ဖြည့်ထည့်ရန်အတွက် ဖန်ခွက်ကို ပေးလိုက်သည် ။

“ဂေါ်ဒ်ဖားသား ပြောသလို ကျွန်တော်ဟာ မချမ်းသာသေးပါဘူး။ ကျော်ကြားသင့်သလောက် ကျော် ကြားပေမယ့် အခုအခါ ကျွန်တော့်ဟာ ရုပ်ရှင်မင်းသားအဖြစ်နဲ့ ကျဆင်းနေပါဟာယ်။ ဇနီးနဲ့ ကလေးတွေကို ပစ်ပြီး ကျွန်တော်ဟာ ဟိုရုပ်ရှင်မင်းသမီးကို ယူခဲ့တာဟာ အကြီးအကျယ်မှားခဲ့တာပဲ။ ကျွန်တော့်ကို ဂေါ်ဒ်ဖား သားက စိတ်ဆိုးအပြစ်တင်တာဟာလည်း တင်ထိုက်ပါတယ်။”

“စိတ်မဆိုးပါဘူးကွာ။ ငါက မင်းရဲ့ နောင်ရေးအတွက် စိုးရိမ်ပူပန်မိတာပါ”

“ကျွန်တော်ကိုက မိုက်ပါတယ်။ ဟိုအချိန်က ကျွန်တော်ဟာ ရုပ်ရှင်မင်းသမီး ကောင်မကို တမ်းတမ်းစွဲ ဖြစ်ခဲ့မိပါတယ်။ တကယ်ပေါင်းကြည့်တော့မှ ဘယ်လောက် မကောင်းဘူးဆိုတာ သိရတော့တယ်။ သူဟာ သူ့ရဲ့ နာမည်ကျော်ကြားမှု၊ လူကြိုက်များမှု တစ်ခုတည်းကိုသာ ဂရုစိုက်တယ်။ ကိုယ်ကျင့်တရား ထိန်းသိ

မ်းမှုဆိုတာ မရှိတော့ဘူး။ ရုပ်ရှင်နယ်ထဲက ဓာတ်ပုံဆရာ၊ မိတ်ကပ်သမားတွေကို သူ့ရုပ်ပုံ ဓာတ်ကားထဲ လှနေအောင် ဆိုပြီး ခန္ဓာကိုယ်ပေးပြီး လာဘ်ထိုးတယ်။ သူလိုချင်တာကို ဆောင်ရွက်ပေးသူမှန်သမျှ သူ့ရဲ့ ကိုယ်ကို ရက်ရက်ရောရော ပေးတတ်တယ်။ တကယ့်ကြေးစား ပြည့်တန်ဆာမတစ်ယောက်နဲ့ ဘာမှ မခြားဘူး”

“ဒါထက် မင်းရဲ့ ဇနီးဟောင်းရဲ့ ကလေးတွေကော”

“အခြေအနေ ကောင်းပါတယ်။ လူချင်း မပေါင်းပေမယ့် ကျွန်တော်က ဇနီးဟောင်းဂျင်နီနဲ့ အဆက် အသွယ် မပြတ်ပါဘူး။ သူတို့ အတွက် စရိတ်ငွေ မှန်မှန်ထောက်ပံ့ပါတယ်။ အခု ကျွန်တော့်ကို စိတ်ဆင်းရဲ အောင် လုပ်နေတာကတော့ လက်ရှိမိန်းမ ဟို ရုပ်ရှင်မင်းသမီး ကောင်မပါပဲ။ ကျွန်တော် သိပ်ပြီး စိတ်ညစ်နေရပါတယ်”

“ဟုတ်ပါပြီ၊ အဲဒီ ပြဿနာတွေကတော့ ငါ ဘယ်လိုမှ ဝင်မကူညီနိုင်ဘူး ဂျော်နီရဲ့ ။ ဒါထက် မင်းအသံ က ဘယ်လိုဖြစ်သွားတာလဲ။ အရင်လို မဟုတ်ပါကလား”

“ဟုတ်တယ် ဂေါ့ဒ်ဖားသား၊ ကျွန်တော့်အသံက ထိခိုက်ပြီး အခုဆိုရင် သီချင်းဆိုလို့ မရတော့ဘူး။ ဒါဟာလည်း ကျွန်တော့်ရဲ့ လုပ်ငန်းမှာ တစ်မျိုးအနှောင့်အယှက် ဖြစ်တာပေါ့။ ကျွန်တော်တို့ ရုပ်ရှင်စတူဒီယို အကြီးအကဲက နောက်ထပ် ရုပ်ရှင်ကားကောင်းတွေမှာ ကျွန်တော့်ကို မသုံးတော့ဘူး။ ကျွန်တော် ပါဝင်ခဲ့တဲ့ အရင်ဓာတ်ကားနှစ်ကားဟာ အလွန်ဝင်ငွေ

ကောင်းခဲ့ပေမယ့် အခုတော့ ကျွန်တော့်ကို လုံးလုံးပစ်ပယ်ထား တယ်။ ကျွန်တော့်ရဲ့ လက်ရှိဇနီးကလည်း သူ့အနားတောင် အကပ်မခံဘူး။ ကျွန်တော် ဘာလုပ်ရမှာ လဲ ဂေါ့ဒ် ဖားသား”

ကျော်နီဖွန်တိန်းက သူ စိတ်ဓာတ်ကျဆင်းနေရသည့် အကြောင်းများကို ရင်ဖွင့်ပြောပြလိုက်သည် တွင် ဒွန်ကော်လီယွန်သည် သူ အလွန်သံယောဇဉ်ကြီးမားသူ ကျော်နီကို ကြည့်ရင်း အားမလိုအားမရ ဖြစ်မိလေသည် ။

“ဒီမယ် ကျော်နီ၊ ဒါတွေအားလုံးဟာ မင်းရဲ့ ချို့ယွင်းချက်ချည်းပဲ။ မင်းဟာ ယောကျ်ားတစ်ယောက် မပီသရာ ရောက်နေတယ်။ ငါလိုလူရဲ့ အရိပ်အာဝါသအောက်မှာ နေခဲ့ရတဲ့ လူတစ်ယောက်အနေနဲ့ မင်းဟာ ပျော့ ညံ့လွန်းလှတယ်။ ရုပ်ရှင်စတူဒီယိုအကြီးအကဲက မင်းကို ပစ်ပယ်ထားတာဟာ မဆန်းပါဘူး။ မင်းက သူ့ကြိုက်တဲ့ ကောင်မကို အရယူခဲ့တယ် မဟုတ်လား ။ သူက ရုပ်ရှင်နယ်မှာ မင်းထက် ဩဇာအာဏာကြီးမားတဲ့ လူဖြစ်တော့ မင်းကို နောက်ပိုင်းနှိမ်တာဟာ ဆန်းသလား၊ ကောင်းပြီ၊ မင်း အခုအချိန်ကစပြီး ငါ အကြံဉာဏ် ပေးသလို လိုက်နာနိုင်ပါ့မလား”

“တစ်ခုတော့ ရှိပါတယ် ဂေါ့ဒ်ဖားသား ခင်ဗျား၊ ကျွန်တော်ဟာ ဇနီးဟောင်း ဂျင်နီနဲ့ ပြန်ပေါင်းဖို့ က လည်း သူ ကြိုက်သလို လိုက်နေထိုင်ဖို့ က ခက်နေပြန်ပါတယ်။ ရုပ်ရှင်မင်းသားအနေနဲ့ အရက်သောက်တာတို့ ၊ တစ်ခါတလေ လောင်းကစားဝိုင်း ဝင်ထိုင်တာတို့ မလုပ်လို့ မဖြစ်ဘူး။ ပြီးတော့ မိန်းကလေး ချောချောလှလှ တွေ ဝိုင်းလိုက်နေတာကိုလည်း ကျွန်

တော်က လုံးလုံးရှောင်နိုင်ဖို့ ဟာ ခက်နေပါတယ်။ ကျွန်တော် ဘယ်လို လုပ်ရပါ့မလဲ”

ဂျော်နီက ညည်းညူသလို ပြောပြန်ရာ ဂေါ့ဒ်ဖားသား (ဒွန်ကော်လီယွန်)က ပို၍ ပင် အားမလိုအားမရ ဖြစ်သွားလေသည် ။

“ဒါတွေ မဆိုင်ပါဘူးကွာ၊ မင်းဟာ တော်တော်ခက်ပါသေးတယ်၊ မင်းဟာ ယောကျ်ားပီပီသာ နေထိုင် ပြုမူမယ်ဆိုရင် မင်း လုပ်ချင်တာတွေလည်း လုပ်လို့ ရပါတယ်။ နောက်တစ်ခု အရေးကြီးတာက မင်းမှာ အားကိုးရတဲ့ မိတ်ဆွေအပေါင်းအသင်း မရှိတာဘဲ။ မင်းကိုယ်တိုင်ကလည်း ဘယ်မိတ်ဆွေ သူငယ်ချင်းကိုမှ အကူအညီမပေးခဲ့ဖူးဘူး မဟုတ်လား။ ဥပမာကွာ ၊ စောစောက သီချင်းဆိုသွားတဲ့ လူငယ် နီနိုဆိုရင် မင်းနဲ့ ငယ်ငယ်ကတည်းက လည်ပင်းဖက်ကြီးလာတဲ့ လူတစ်ယောက်ဖြစ်တယ်။ သူဟာ သီချင်းလည်းကောင်း ကောင်းဆိုတတ်တယ်။ အခု သူ့ခမျာ လော်လီကားမောင်းတဲ့ အလုပ်ပဲ ပင်ပင်ပန်းပန်း လုပ်နေရရှာတယ်။ ဟောလီဝုဒ် ရုပ်ရှင်နယ်မှာ သူ့ကို အလုပ်တစ်ခုခုရအောင် မင်း မကူညီနိုင်ဘူးလား”

“ဟာ နီနိုက သီချင်းဆိုတာပဲရှိတယ် ဂေါ့ဒ်ဖားသား၊ သူ့မှာ အနုပညာအရည်အချင်း မရှိလှဘူး”

“ဟေ့ ဂျော်နီ၊ လောကမှာ အရည်အချင်းထက် အပေါင်းအသင်း အဆက်အသွယ်က ပိုအရေးကြီး တယ်ကွ။ ကိုင်း ထားပါတော့လေ။ မင်းနဲ့ အဆင်မပြေဘူးဆိုတဲ့ ရုပ်ရှင်စတူဒီယိုအကြီးအကဲဆိုသူအကြောင်း ပြောပါဦး”

“သူ့နာမည်က ဂျက်ဝေါ့ဇ်လို့ ခေါ်ပါတယ်။

သူဟာ တခြား ဟောလိဝုဒ် ရုပ်ရှင်ထုတ်လုပ်သူတွေထက် ပိုပြီး ဩဇာအာဏာရှိတယ်။ စစ်အတွင်းကဆိုရင် ရုပ်ရှင်နဲ့ ဝါဒဖြန့်မှုကိစ္စမှာ အမေရိကန်သမ္မတကိုတောင် အကြံပေးခဲ့ဖူးတော့ အစိုးရပိုင်းမှာ လည်း အလွန်ပေါက်ရောက်တဲ့ ပုဂ္ဂိုလ်တစ်ဦးပေါ့။ လွန်ခဲ့တဲ့ လက သူဟာ နာမည်ကြီးဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်ရိုက်ကူးခွင့် သူ ဝယ်လိုက်တယ်။ အဲဒီဇာတ်ကားမှာသာ မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ရရင် ကျွန်တော့်ရဲ့ ဘဝဟာ တိုးတက်သွားနိုင်ပါတယ်။ အကယ်ဒမီဆုတောင် ချိတ်မယ်ဆို ချိတ်နိုင်ပါသေးတယ်။ ကျွန်တော်က အဲဒီဇာတ်ကားမှာ ပါဝင်ခွင့်ရဖို့ ချဉ်းကပ် တီးခေါက်ကြည့်တော့ ဂျက်ဝေါ့ဇ်က ကျွန်တော့်ကို လုံးဝ ထည့်မစဉ်းစားနိုင်ဘူးတဲ့ ”

ဂျော်နီက ... မျှော်လင့်ချက် မရှိပုံကို ရှင်းလင်းပြောပြသော်လည်း အဘိုးကြီး ‘ဂေါ်ဖားသား’ သည် မည်သို့မျှ စိုးရိမ်ခြင်း၊ အားလျော့ခြင်းဖြစ်ပုံမရပါချေ။

“ဟေ့ ဂျော်နီ ငါပြောသလိုသာ လုပ်စမ်းပါ။ မင်းဟာ အလုပ်ကိစ္စ၊ မိန်းမကိစ္စတွေကြောင့် စိတ်ဓာတ် ကျနေတယ်။ ဒီနေ့ကစပြီး တစ်လတိတိ မင်းဟာ ငါ့အိမ်မှာ နေရမယ်။ ကောင်းကောင်း စားပြီး အနားယူအား မွေးရမယ်။ ငါနဲ့ အတူ အဖော်အဖြစ်လည်း နေရမှာ ပေါ့။ ဒီအတောအတွင်းမှာ မင်းဟာ အနားယူနေရင်း သီချင်း လုံးဝမဆိုရဘူး။ အရက်နဲ့ မိန်းမကိုလည်း လုံးလုံးရှောင်ထားရမယ်။ တစ်လပြည့်တော့ မင်း ဟောလိဝုဒ်ကိုပြန် သွား။ ဟိုကျရင် မင်းလိုချင်တဲ့ ဇာတ်ကားမှာ မင်းသားအဖြစ် သရုပ်

ဆောင်ခွင့်ရမယ်။ ဘယ့်နှယ်လဲ၊ ကြိုက်ပ လား"

အဘိုးကြီးက ဤသို့ ခပ်တည်တည် ပြောလိုက်သောအခါ ကျော်နီမှာ မယုံကြည်နိုင်အောင် ဖြစ်သွားမိ လေသည် ။

သူ၏ 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန်သည် ဩဇာကြီးမားမှန်းသိ၏။ သို့သော် ဟောလီဝုဒ် ရုပ်ရှင် လောကမှ ထိပ်သီးပုဂ္ဂိုလ်ကြီးတစ်ဦးအပေါ် ဩဇာလွှမ်းမိုးနိုင်လိမ့်မည်ဟု မထင်မိချေ။

ထို့ကြောင့် သူ့အနေဖြင့် အားမတက်နိုင်ဘဲ ဖြစ်နေမိသည် ။

"ဖြစ်နိုင်ပါ့မလား ဂေါ့ဒ်ဖားသား၊ ဒီဂျက်ဝေါ့ဇ်ဆိုတဲ့ လူကအစိုးရပိုင်းမှာ လည်း ဝင်ဆံ့ပြီး ဩဇာ ညောင်းလှတယ်။ အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးချုပ် မစ္စတာဟူးဗားနဲ့ လည်း အလွန် ခင်မင်ရင်းနှီးတယ်။ ပြီးတော့လည်း ကျွန်တော်ပြောတဲ့ ဇာတ်ကားနဲ့ ပတ်သက်လို့ ကန်ထရိုက်စာချုပ်တွေတောင် လက်မှတ်ထိုးပြီးကုန်ကြပြီ။ နောက်အပတ်ဆိုရင် ရုပ်ရှင်စရိုက်ကြတော့မယ်"

"ဒီမယ် ကျော်နီ၊ ငါပြောတာကိုသာ နားထောင်စမ်းပါ။ မင်းလူက ရုပ်ရှင်ထုတ်လုပ်သူဆိုတော့ စီးပွား ရေးသမားပဲ မဟုတ်လား။ ဒီတော့ သူ့အနေနဲ့ ဘယ်လိုမှ မငြင်းနိုင်တဲ့ ကမ်းလှမ်းချက်တစ်ခုကို ငါက ပေး လိုက်မှာ ပေါ့။ မင်း အေးအေးနေစမ်းပါ။ မင်းပါချင်တဲ့ ရုပ်ရှင်ကားထဲပါရရင် ပြီးရောမဟုတ်လား။ ဒါဖြင့် အစစ အရာရာ ငါ့တာဝန်ထားလိုက်။ စိတ်ချပြီးသာ နေစမ်း။ ကိုင်း ပန်းခြံထဲက ဧည့်ခံပွဲကို ပြန်သွားပေတော့။ ဟိုမှာ မင်းကို တွေ့ချင်တဲ့ မိ

တ်ဆွေတွေ စောင့်နေကြတယ်”

ပြောပြောဆိုဆို ဒွန်ကော်လီယွန်သည် ဂျော်နီဖွန်တိန်းအား အခန်းပြင်သို့ အသာဆွဲခေါ်သွားပြီး ပန်းခြံ ထဲသို့ ပြန်လွှတ်လိုက်လေသည်။

ဂျော်နီ ပြန်ထွက်သွားသောအခါ ဒွန်ကော်လီယွန်သည် တော်မီဟေဂင်အား ခေါ်၍ မေးခွန်းထုတ်ပြန် လေသည်။

“ဟော့ တော်မီ၊ နောက်ထပ် ဘာရှိသေးသလဲ”

“ဆိုလိုဇို ဆိုတဲ့ လူက တွေ့ဆုံခွင့်တောင်းထားတာ ကြာလှပြီ။ နောက်ထပ် သူ့ကိုဆိုင်းထားလို့ မဖြစ် တော့ဘူး ထင်တယ်”

“ကောင်းပြီလေ။ ဒီနေ့ မင်္ဂလာလက်ထပ်ပွဲပြီးသွားမှ တော့ မင်းကြိုက်တဲ့ နေ့ရက် ဆုံးဖြတ်ပြီး တွေ့ဖို့ စီစဉ် လိုက်ပေတော့”

ဤသို့ ဂေါ်ဒ်ဖားသားက ပြောလိုက်သောအခါ တော်မီဟေဂင်သည် စားပွဲတင် ပြက္ခဒိန်ပေါ်တွင် ရက်ချိန်းပေးရန် ရွေးချယ်နေရင်း အဘိုးကြီး၏ ဆုံးဖြတ်ချက်အကြောင်းကို စဉ်းစားနေမိတော့သည်။

“ဆိုလိုဇို ” ဆိုသူကား နယူးယောက်မြို့၏ မြေအောက်ကမ္ဘာမှ လူဆိုးဂိုဏ်း ခေါင်းဆောင် တစ်ဦးပင် ဖြစ်သည်။ သူသည် မူးယစ်ဆေးဝါးများ မှောင်ခိုရောင်းဝယ်ရေးကို အကြီးအကျယ် လုပ်ရန် စီစဉ်ရာတွင် ဒွန် ကော်လီယွန်၏ အုပ်စုက သဘောတူညီမှု၊ ကူညီမှု လိုနေသဖြင့် အဘိုးကြီးနှင့် တွေ့ဆုံခွင့်တောင်းထားခြင်းဖြစ်သည်။

ယခု ဒွန်ကော်လီယွန်က "မင်းကြိုက်တဲ့ နေ့ တွေ့ဆုံဖို့ စီစဉ်လိုက်" ဟု ပြောလိုက်ခြင်းမှာ ဆိုလိုဖိုနှင့် တွေ့လျှင် အဘိုးကြီးက ခပ်ပြတ်ပြတ်ပင် "နိုး" (သဘောမတူ) ဟု အဖြေပေးသည့် အဓိပ္ပာယ်ပင် ဖြစ်၏။ ယင်း အဖြေကို သူ့သမီး လက်ထပ်ပွဲပြီးခါမှ ပေးခြင်းသဘောကတော့ ဤသို့ ငြင်းလိုက်ခြင်းအားဖြင့် ဆိုလိုဇိုက ဂေါ်ဒ် ဖားသားတို့ အုပ်စုအား မကျေမချမ်းဖြစ်ကာ ရန်မူလိမ့်မည်ဖြစ်ကြောင်း အဘိုးကြီးက တထစ်ချ ယူဆထားသည့် သဘောပင် ဖြစ်၏။

တော်မီဟေဂင်သည် လာလတ္တံ့သော ဘေးအန္တရာယ်အတွက် စိုးရိမ်မိသဖြင့်

"ကလီမင်ဇာကို ပြောပြီး သူ့လူတချို့ ဒီအိမ်မှာ လာနေခိုင်းလိုက်ရမလား"

ဟု မရဲတရဲ မေးလိုက်ရာ အဘိုးကြီးက ခေါင်းခါလျက်

"ဘာလုပ်ဖို့ လဲ၊ မလိုပါဘူးကွ။ ဆိုလိုဇိုကို ပြောလိုက်။ မင်း ကာလီဖိုးနီးယားက ပြန်ရောက်မှ ငါနဲ့ တွေ့ရမယ်လို့ ။ မနက်ဖြန်ကျရင် မင်းကိုယ်တိုင် ကာလီဖိုးနီးယားကိုသွားပြီး ကျော်နီ ပါဝင်သရုပ်ဆောင်ချင်တဲ့ ရုပ်ရှင်ထဲ ပါဝင်ခွင့်ရအောင် သူပြောတဲ့ ဂျက်ဝေါ့ဇ်ဆိုသူနဲ့ သွားတွေ့ပြီး ကြည့်စီစဉ်ပေးရမယ်"

ဟု အမိန့်ပေးလိုက်ပြီးမှ

"ကဲ ဒါပဲ မဟုတ်လား။ နောက်ထပ် ဘာများ ရှိသေးသလဲ"

ဟု မေး လိုက်လေသည် ။

"ဆေးရုံက တယ်လီဖုန်းလာပါတယ်။ မစ္စတာဂင်ကိုတစ်ယောက် အသည်းအသန် ဖြစ်

နေတာ အခုည တောင် ခံတော့မယ်မထင်ဘူးလို့ ပြောပါတယ်။ သူ့ရဲ့ မိသားစုလည်း ဆေးရုံမှာ စောင့်နေကြပါတယ်"

တော်မီဟောဂင်က ဆက်လက်၍ အစီရင်ခံလိုက်သည်။

ဂင်ကို ဆိုသူကား ယခု တော်မီဟောဂင် ဝင်ရောက် လုပ်ကိုင်နေရသော 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန် ၏။ လူယုံတော် အကြံပေးပုဂ္ဂိုလ်၏ မူလနေရာတွင် ယမန်နှစ်ကအထိ လုပ်ကိုင်ခဲ့သူ ဖြစ်၏။ ဂင်ကိုက နာမကျန်း ဖြစ်၍ ဆေးရုံတက်နေရစဉ် တော်မီဟောဂင်က ထိုနေရာတွင် ခေတ္တ ဝင်ရောက် လုပ်ကိုင်နေရခြင်း ဖြစ်၏။ ဂင်ကိုသည် ဒွန်ကော်လီယွန်၏ ငယ်ပေါင်းကြီးဖော် အလွန် သစ္စာရှိပြီး အထူးယုံကြည်စိတ်ချရသူလည်း ဖြစ်၏။ အီတာလျံလူမျိုး အနွယ်အစစ်လည်း ဖြစ်၏။ ထို့ကြောင့် အီတလီ ဘာသာဖြင့် 'ကွန်စီလီယိုရီ' ခေါ် လူယုံတော် အကြံပေးပုဂ္ဂိုလ်ရာထူးကို ဂေါ့ဒ်ဖားသားက ဂင်ကိုအား ပေးခဲ့ခြင်း ဖြစ်လေသည်။ ဂင်ကိုဆေးရုံတက် နေရချိန် ထိုနေရာကို ခေတ္တဝင်လုပ်ရသူ တော်မီဟောဂင်သည် ယင်းရာထူး၌ အမြဲတမ်းရရှိရန် မျှော်လင့်မိ၏။ သို့သော် တစ်ခုခက်နေသည် ကား အစဉ်အလာအားဖြင့် ထိုအရေးကြီးသည့် လူယုံတော် နေရာကို အီတလီအမျိုး အနွယ်များကိုသာ ပေးရိုးထုံးစံရှိခြင်းပင် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ယခု ဂင်ကိုက ဆေးရုံတွင် သေတော့မည့် ဆဲဆဲဖြစ်နေကြောင်း ကြားသိရသည် တွင် တော်မီသည် သူပင်လျှင် ထိုရာထူးကိုရလိမ့်မည်ဟု မျှော်လင့်မိပြန်၏။

အဘိုးကြီးသည် ခေတ္တမျှ စဉ်းစားနေပြီးနော

က်

"ဒါထက် ငါ့သမီး ကော်နီက သူ့ယောကျ်ား နဲ့ ဘယ်တော့ ခရီးထွက်ကြမှာ လဲ"

ဟု မေးလိုက်သည် ။

"မကြာတော့ပါဘူး။ နောက် နာရီဝက်လောက်အကြာ မင်္ဂလာကိတ်မုန့်ကြီးကို ဖြတ်ခွဲပြီးကြရင် သူတို့ မောင်နှံ ထွက်သွားကြမှာ ပဲ။ ဒါထက် တစ်ခု မေးပါရစေ။ အခုဆိုရင် သတို့ သားကာလိုဟာ မိသားစုအတွင်း ရောက်ရှိ လာပြီမို့ သူ့ကို အရေးပါတဲ့ နေရာ ပေးရမလား သိချင်ပါတယ်"

တော်မီက အဘိုးကြီး၏ ဆန္ဒကို တီးခေါက်ကြည့်လိုက်ရာ ဒွန်ကော်လီယွန်က

"မလိုပါဘူးကွ၊ အရေးကြီးတဲ့ နေရာကို ဘယ်တော့မှ မပေးရဘူး။ သူ့အနေနဲ့ စားသောက်နိုင်မယ့် အလုပ်တစ်ခုခုရရင် ပြီးတာပဲ။ ဒါလောက်ပဲတော်ပြီ။ ကာလိုကို တို့ မိသားစုအတွင်းရေးကိစ္စတွေ လုံးဝမသိစေနဲ့ ။ ဆန်နီ၊ ဖရက်ဒိုနဲ့ ကလီမင်ဇာတို့ ကိုလည်း သေသေချာချာ ပြောထားလိုက်"

ဟု ခပ်တည်တည်ပင် အမိန့်ပေးလိုက်သည် ။ တစ်ဆက်တည်းမှာ ပင် 'ဂေါ့ဒ်ဖားသား' က

"ဟေ့ တော်မီ လောလောဆယ်အရေးကြီးတာ ရှိတယ်။ ငါ့သား သုံးယောက်စလုံးကို ငါနဲ့ အတူ ဆေးရုံ လိုက်ခဲ့ရမယ်လို့ ပြောလိုက်၊ 'ဂင်ကို' ခမျာ သေခါနီးဆဲဆဲဖြစ်နေချိန်မှာ တို့ က နောက်ဆုံးအကြိမ် ဂါရဝပြု နှုတ် ဆက်ကြရမယ်။ ဖရက်ဒိုကို မော်တော်ကားအကြီး မောင်း ယူလာခဲ့လို့ ပြော။ နောက်ပြီး ဂျော်နီဖွန်တိန်း

ကိုပါ တို့ နဲ့ အတူ ဆေးရုံလိုက်ခဲ့ဖို့ ငါက မေတ္တာရပ်တယ်လို့ ပြောလိုက်ပါ။ မင်းကတော့ ဒီမှာ ပဲ နေရစ်။ ဂင်ကို ရှိရာကို လိုက်ဖို့ မလိုဘူး။ ဒါပေမဲ့ မင်း ကာလီဖိုးနီးယား သွားဖို့ ကိစ္စကို ငါဆေးရုံက ပြန်မလာမချင်း မထွက်နဲ့ ဦး။ ငါပြန် လာပြီး မင်းနဲ့ စကားပြောပြီးမှ ထွက်ရမယ်”

ဟု ဆက်လက် ညွှန်ကြားလိုက်ပြန်သည် ။ တော်မီလည်း အဘိုးကြီး၏ ညွှန်ကြားချက်များကို မှတ် သားပြီးနောက် ဆက်လက် အစီရင်ခံစရာ တစ်ခုကို တင်ပြပြန်သည် ။

“အထက်လွှတ်တော်အမတ် (ဆီနိတ်တာ)ကြီးက တယ်လီဖုန်းဆက်ပါတယ်။ ခြံဝမှာ လာသမျှ မော်တော်ယာဉ်တွေရဲ့ နံပါတ်အားလုံးကို အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့က ရေးမှတ်နေလို့ သူကိုယ်တိုင် မင်္ဂလာ ဧည့်ခံပွဲကို မလာနိုင်တာ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်တဲ့ ။ ဒါပေမဲ့ သူ့ရဲ့ မင်္ဂလာလက်ဖွဲ့ ပစ္စည်းကိုတော့ လူ လွှတ်ပြီး ပို့ခိုင်းပါတယ်”

“ဟော ဟုတ်လား၊ သူပေးတဲ့ လက်ဆောင်ပစ္စည်းကကော တော်တော်ကောင်းရဲ့ လား”

“ကောင်းပါတယ်။ ရှေးဟောင်းငွေထည်ပစ္စည်းတစ်ခုပါ။ အလွန်အဖိုးတန်ပါတယ်။ ခုချက်ချင်း သွား ရောင်းရင်တောင် ဒေါ်လာတစ်ထောင် အနည်းဆုံးရမယ့် ပစ္စည်းမျိုးပါပဲ”

ဤတွင် ‘ဂေါ့ဒ်ဖားသား’ ခေါ် ဒွန်ကော်လီယွန်သည် ကျေနပ်သဘောကျသွားဟန်ဖြင့် ပြုံးလိုက်လေ သည် ။

အမေရိကန် အထက်လွှတ်တော် (ဆီနိတ်တာ) အမတ်လို ပုဂ္ဂိုလ်ကြီးတစ်ဦးက ‘ဂေါ့ဒ်

ဖားသား' အပေါ် သစ္စာရှိနေကြောင်းကို ယခု မင်္ဂလာလက်ဆောင်ပေးခြင်းဖြင့် လက်တွေ့ပြလိုက်သဖြင့် အဘိုးကြီးက ကျေနပ်မိ ခြင်း ဖြစ်လေသည်။

*

မိုက်ကယ်လ်၏ ချစ်သူ ကေးအာဒမ်သည် ရုပ်ရှင်မင်းသား ဂျော်နီဖွန်တိန်း ပန်းခြံထဲသို့ ပြန်ဆင်းလာ သောအခါ ချက်ချင်း မှတ်မိပြီး အံ့အားသင့်သွားလေသည်။ မိုက်ကယ်လ်၏ နှမ မင်္ဂလာဆောင်သို့ နာမည်ကျော် ရုပ်ရှင်မင်းသားတစ်ယောက် လာလိမ့်မည်ဟု သူမအနေဖြင့် လုံးဝ မထင်ခဲ့မိသဖြင့် အံ့ဩမိခြင်း ဖြစ်သည်။ ချစ် သူ မိုက်ကယ်လ်ကိုလည်း ဖွင့်ပြောချင်စိတ် ဖြစ်လာမိသည်။

"မိုက်ကယ်လ်တို့ မိသားစုက

ဂျော်နီဖွန်တိန်းနဲ့ ခင်မင်ရင်းနှီးနေတာ ကျွန်မဖြင့် လုံးလုံး မသိဘူး။ အခုမှ အံ့ဩနေမိတယ်။ ဒီအတိုင်းဆိုရင် ကျွန်မရှင့်ကို လက်ထပ်ဖို့ သဘောတူရတော့မှာ ပေါ့"

ကေးက ကျီစယ်သလို ပြောလိုက်ရာ မိုက်ကယ်လ်က ပြုံး၍

"ဟုတ်လား၊ ဒါဖြင့် ဂျော်နီနဲ့ မိတ်ဆက်ပေးရမလား"

ဟု မေးလိုက်သည် ။ သို့သော် 'ကေး' က ခေါင်းခါပြ လိုက်လေသည် ။

"အခု ချက်ချင်း မတွေ့ချင်သေးပါဘူး။ မိုက်ကယ်လ်တော့ သိမှာ မဟုတ်ဘူး ။ တစ်ချိန်တုန်းကဆိုရင် ကျွန်မဟာ ဂျော်နီဖွန်တိန်းကို တမ်းတမ်းစွဲ သဘောကျခဲ့ဖူးပါတယ်။ သူ သီချင်းဆိုတဲ့ ပွဲမှန်သမျှ မလွတ်တမ်း ကျွန်မကြည့်ခဲ့ပါတယ်။ ဒါထက် ရုပ်ရှင်မင်းသား ဂျော်နီဖွန်တိန်းက ရှင့်အဖေကြီးဆီကို အကူအညီတောင်းဖို့ လာတာတော့ မဟုတ်ပါဘူးနော်"

"ဂျော်နီဟာ ကိုယ့်အဖေကြီးရဲ့ မွေးစားသား ဖြစ်တယ်။ အဘိုးကြီးဟာ ဂျော်နီရဲ့ 'ဂေါ့ဒ်ဖားသား' အစစ်ပေါ့။ သူ ဒီလိုရုပ်ရှင်မင်းသားဖြစ်လာတာဟာလည်း အဘိုးကြီးရဲ့ အကူအညီကြောင့် ပဲ"

မိုက်ကယ်လ်က ဤသို့ပြောလိုက်သောအခါ ကေးမှာ ပို၍ ပင် အံ့အားသင့်သွားမိတော့သည် ။ ဒွန်ကော်လီ ယွန် (ဂေါ့ဒ်ဖားသား) အနေဖြင့် လူဆိုးဂိုဏ်းများ နိုင်ငံရေးသမားများ လောကတွင် ဩဇာကြီးမားကြောင်း သိ သော်လည်း အဘိုးကြီးသည် လူတစ်ယောက်ကို ရုပ်ရှင်မင်းသားဖြစ်လာအောင် ဖန်တီးကူညီနိုင်သည်

ဆိုခြင်းမှာ မယုံကြည်နိုင်လောက်အောင် အံ့သြဖွယ် ကောင်းနေပေသည် ။ ထို့ကြောင့် ကေးသည် ဂျော်နီ ရုပ်ရှင်မင်းသား ဖြစ်အောင် အဘိုးကြီးက မည်သို့ မည်ပုံ ဖန်တီးကူညီပေးကြောင်းကို သိလိုသဖြင့် ချစ်သူအား မရမက မေးတော့ရာ မိုက်ကယ်လ်က လည်း ခပ်တိုတိုပင် ရှင်းလင်းပြောပြရပါတော့သည် ။

လွန်ခဲ့သော ရှစ်နှစ်ခန့်ကဖြစ်သည် ။ ဂျော်နီသည် အသံကောင်း အဆိုပိုင်သူ တစ်ဦးဖြစ်၍ ခေတ်စား နေသော တီးဝိုင်းတစ်ဝိုင်းနှင့် တွဲဖက်သီဆိုဖျော်ဖြေနေရာမှ ပရိသတ်အသည်းစွဲ ရေဒီယိုအဆိုတော် ဖြစ်လာခဲ့ သည် ။ ရှေ့အလားအလာကောင်းနေမှန်း သိ၍ လည်း ဂီတလောကမှ ဟာယ်လီ ဆိုသူက ဂျော်နီအား ငါးနှစ်တိတိ အပိုင်စာချုပ် ချုပ်ထားလိုက်လေသည် ။ အခြားအဖွဲ့များ တီးဝိုင်းများက အဆိုတော်ဂျော်နီအား လိုချင်လျှင် စာ ချုပ်ရှင် ဟာယ်လီအား အမြတ်ငွေ အမြောက်အမြားပေး၍ ငှားရမ်းခေါ်ယူရသည် ။ တစ်နည်းအားဖြင့် ဂျော်နီ သည် စာချုပ်မိနေသဖြင့် လုံးဝ လွတ်လပ်မှုမရှိဘဲ ခေါင်းပုံဖြတ်ခံနေရတော့သည် ။

ထိုအချိန်၌ ဂျော်နီသည် နာမည်ကျော်သည် ထက် ကျော် လာပြီး ရုပ်ရှင်နယ်သို့ဝင်၍ မင်းသားလုပ်ရန် အခြေအနေများ ဖန်တီးလာပါသော်လည်း ဟာယ်လီ၏ လက်အောက်တွင် စာချုပ်မိနေသဖြင့် အခက်တွေ့နေ ရသည် ။

ဤတွင် ဂျော်နီ၏ 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန်က ဝင်ရောက်ကူညီရန် ဆုံးဖြတ်လိုက်သည် ။

အဘိုးကြီးသည် စာချုပ်ပိုင်ရှင် ဟယ်လီထံ လူလွှတ်၍ ဂျော်နီအား အပိုင်ချုပ်ထားသော စာချုပ်ကို ဖျက် ပေးပါ။ ဒေါ်လာငွေနှစ်သောင်း ပေးပါမည်ဟု ကမ်းလှမ်းခဲ့၏။ ဟယ်လီက ခပ်တည်တည်နှင့် ငြင်းလိုက်သော အခါ ဒွန်ကော်လီယွန်သည် ဒုတိယအကြိမ် လူလွှတ်ပြီး စေ့စပ်ပြန်သည် ။

ဒီတစ်ခါတော့ ဒေါ်လာငွေတစ်သောင်းပေးမည်ဟု တန်ဖိုးကို လျှော့ချလိုက်၏။ ဟယ်လီဆိုသူကား ဂီတလောကအတွင်း၌ သာ ကျင်လည်သူ ဖြစ်သည့် အလျောက် အဘိုးကြီး ဒွန်ကော်လီယွန်က အဘယ်ကြောင့် ငွေနှစ်သောင်းမှ တစ်သောင်း လျှော့လိုက်သည်ကို နားလည်သဘောပေါက်ခြင်း မရှိသဖြင့် ဒုတိယအကြိမ် ကမ်း လှမ်းချက်ကိုလည်း ခပ်တင်းတင်းပင် ငြင်းလိုက်ပြန်သည် ။

နောက်တစ်နေ့တွင် 'ဂေါ်ဒ်ဖားသား' ကိုယ်တိုင် ဟယ်လီထံ သွားတွေ့ဆုံစကားပြောရာ သူနှင့် အတူ လူယုံတော် ဂင်ကိုနှင့် နာမည်ကြီးလူမိုက် လူကာဘရာဆီတို့ ကိုပါ ခေါ်သွားလေသည် ။ ထိုအချိန်၌ ဟယ်လီ၏ ရုံးခန်းတွင် အခြားသက်သေ မည်မျှမရှိအောင်လည်း ကြိုတင်စီစဉ်ထားသည် ဆို၏။ ဒွန်ကော်လီယွန်သည် ဒေါ်လာငွေတစ်သောင်းတန် ချက်လက်မှတ်တစ်စောင်ကို ရှေ့ချထား၍ ဟယ်လီအား ဂျော်နီဖွန်တိန်းအပေါ် ချုပ်ဆိုထားသည့် အခွင့်အရေးကို ရပ်စဲ စွန့်လွှတ်ကြောင်း စာချုပ်တစ်ခုကို လက်မှတ်ထိုးခိုင်းလေသည် ။

ရိုးရိုးခိုင်းခြင်းမျိုးကား မဟုတ်ချေ။ ဟယ်လီ၏ ဦးခေါင်းကို ပစ္စတို သေနတ်နှင့် တေ့၍ လ

က်မှတ် ထိုးခိုင်းခြင်း ဖြစ်၏ လက်မှတ်ထိုးပြီး ငွေတစ်သောင်း ယူချင်ယူ၊ မယူချင်လျှင် ဦးနှောက်ထွက်အောင် ပစ်သတ် မည်ဟု ခပ်တ ည်တည်နှင့် ပြောလိုက်သောအခါ ဟယ်လီလ ည်း ဗျာပျာသလဲ လက်မှတ်ထိုးပေးလိုက်တော့ သည် ။

နောက်ပိုင်းတွင် ကား ဂျော်နီသည် လွတ်လ ပ်သွားပြီဖြစ်၍ ရုပ်ရှင်လောကသို့ လွယ်ကူချော မောစွာ ဝင် ရောက်နိုင်ခဲ့သည် ။ အဆိုတော် မ င်းသားအဖြစ် နာမည်ကျော်လာခဲ့သည် ။ ဝင် ငွေလည်း ကောင်းလာခဲ့သည် ။

ဤတွင် ဂျော်နီသည် အောင်မြင်မှုဖြင့် ယစ် မူးကာ 'အောက်ခြေလွတ်' လာတော့သည် ။ က လေးနှစ် ယောက်၏ မိခင် သူ၏ ငယ်ရည်းစား ဇနီးကို ကွာရှင်း၍ နာမည်ကြီးမင်းသမီးတစ်ဦး ကို ယူခဲ့သည် ။

နောက်မှ ထိုမင်းသမီးက ပြည့်တန်ဆာမ သာသာ အပျက်မဖြစ်ကြောင်း သိရပြီး စိတ်ည စ်ညစ်နှင့် အရက်တွေ နင်းသောက်ရာမှ အသံပါပျက်လာကာ သီချင်းမဆိုနိုင်တော့သ ည့် အခြေအနေမျိုး ဖြစ်လာသည် ။ ရုပ်ရှင်စတူ ဒီယိုကလည်း အသံမကောင်းတော့သော အဆို ကျော်မင်းသားအား နောက်ထပ်ဇာတ်ကားများ တွင် မသုံးတော့ဘဲ 'ပ' ထားလိုက်သည် ။

ဂျော်နီသည် အကြီးအကျယ် စိတ်ဓာတ်ကျ ဆင်းနေရင်းက သူ့အား ကူညီနိုင်မည့် တစ်ဦး တည်းသော ပုဂ္ဂိုလ်ဖြစ်သူ 'ဂေါ့ဒ်ဖားသား' ထံပ င်ပြန်လာရခြင်း ဖြစ်လေသည် ။

ဤအဖြစ်အပျက်ကို မိုက်ကယ်လ်က ပြောပြသောအခါ သူ၏ ချစ်သူ 'ကေးအာဒမ်'

မှာ အဘိုးကြီး ဒွန် ကော်လီယွန်၏ အစွမ်းအစကို အံ့သြမိပါတော့သည်။

"ရှင်ပြောပြတဲ့ အတိုင်းဆိုရင် ရှင့်အဖေကြီးက လူတကာရဲ့ အခက်အခဲ ပြဿနာတွေကို ကူညီဖြေရှင်း ပေးတာချည်းပဲ။ ဒီတော့ သူဟာ အလွန် စိတ်စေတနာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ရမယ်။ တစ်ခုတော့ရှိ တယ်။ သူ့ရဲ့ လုပ်နည်းလုပ်ဟန် တချို့ကတော့ တရားဥပဒေနည်းလမ်းပြင်ဘက် ကျတယ်လို့ ဆိုရမှာ ပဲ"

"ဒါတော့ ဟုတ်ပါတယ်။ ဘာပဲဖြစ်ဖြစ်လေ ဒက်ဒီရဲ့ သဘောကတော့ လူတွေကို ဒုက္ခရောက်တဲ့ အခါ အကူအညီပေးခြင်းအားဖြင့် တစ်နေ့ သူက ပြန်ပြီး အကူအညီလိုတဲ့ အခါ အဲဒီလူတွေက သူကို ကျေးဇူးတုံ့ပြန်ကြ မှာ ပဲလို့ တွက်ထားတယ်။ လူ့ဘဝဆိုတာ မပြောနိုင်ဘူး မဟုတ်လား။ တစ်နေ့ကျရင် သယ်သူမဆို သူများ ဆီက အကူအညီ တောင်းရတတ်တယ်။ ဒါကြောင့် ဒက်ဒီက သူတတ်နိုင်တုန်းမှာ လာသမျှလူတွေကို ကူညီစောင့် ရှောက်ခြင်းသာ ဖြစ်တယ်"

ဤသို့ပင် မိုက်ကယ်လ်က သူ့ဖခင် 'ဂေါ်ဒ်ဖားသား' အကြောင်း ရှင်းလင်းပြော လိုက်လေသည်။

***

ဆေးရုံ၌ အသည်းအသန်ဖြစ်နေသော ဂေါ်ဒ်ဖားသား၏ လူယုံတော် အကြံပေး ဂင်ကိုအားကြည့်ရှုအား ပေးရန် သွားကြသောအခါ ဒွန်ကော်လီယွန်နှင့် အတူ သားသုံးယောက်နှင့် အတူ ဂျော်နီဖွန်တိန်းလည်း ပါလာ လေသည်။

ကားပေါ်တွင် သားကြီးဆန်နီက အဘိုးကြီး အား ဂျော်နီ၏ ရုပ်ရှင်ကန်ထရိုက်ကိစ္စကို မေးမြန်းရင်း ဂျော်နီကိုယ်တိုင် အဘိုးကြီး တတ်နိုင်လိမ့်မည် မဟုတ်ဟု ထင်ကြောင်းပြော လိုက်ရာ ဂေါ့ဒ်ဖားသားက

"ဟေ ဂျော်နီ၊ မင်းက ငါ့ကိုများ သံသယ ရှိနေရသေးသလားကွဲ့။ ငါက ဖြစ်ရပါစေမယ်လို့ ပြောပြီးရင် မဖြစ်မြောက်တာ ဘယ်တုန်းက ရှိဖူးလို့ လဲ"

ထပ်မံ၍ အာမခံချက် ပေး လိုက်လေသည်။

ထို့နောက် သားအငယ်ဆုံး မိုက်ကယ်လ် အား ကောလိပ်ကျောင်း၌ ပညာသင်ခြင်း ပြီးဆုံးပါက သူ့ထံ လာတွေ့ဆုံဆွေးနွေးရန်နှင့် မိုက်ကယ်လ်၏ ရှေ့ရေးအတွက် အစီအစဉ်များ ရှိထားကြောင်းကို ပြော လိုက်လေ သည်။

ဆေးရုံသို့ ရောက်သောအခါ လူမမာ ဂင်ကို ၏ ဇနီးနှင့် သမီးသုံးယောက်တို့ က အခန်းပြင် ဘက်စင်္ကြံ တွင် ရောက်ရှိနေကြသည် ကို တွေ့ ရလေသည်။

ဒွန်ကော်လီယွန်ကို မြင်လိုက်သည် တွင် ဂင်ကို၏ ဇနီးသည် ပြေး လာပြီး သမီး မင်္ဂလာဆောင်သည့် နေ့ ဖြစ်ပါလျက် ယခုလို ဆေးရုံသို့ လာကြည့်သည် ကို အထူးကျေးဇူးတင်ကြောင်း ပြောလေသည်။

ထိုမိန်းမမှာ သူ့ယောကျ်ားဂင်ကို ယနေ့ညပင် သေရတော့မည်ကို သိသေးဟန် မတူချေ။ ဂင်ကို၏ ကင်ဆာရောဂါသည် လွန်ခဲ့သည့် တစ်နှစ်ကျော်ကပင် စတင်ဖြစ်ပွားခဲ့ရာ ဆေးရုံမှာပင် တရှောင်ရှောင်နှင့် နေလာခဲ့ရခြင်းကြောင့် ရုတ်တရက် မသေနိုင်သေးဟု ထင်နေကြဟန်

တူ၏။

ဒွန်ကော်လီယွန်သည် တည်ကြည်လေးနက်သော အသံဖြင့်

"ငါ့ရဲ့ မိတ်ဆွေကြီး ဂင်ကို နာမကျန်းဖြစ်နေတာကို လာကြည့်ဖို့ ငါ့မှာ တာဝန်ရှိတယ်။ သူဟာ အနှစ် ၂၀ လုံးလုံး ငါ့ရဲ့ ညာလက်ရုံးဖြစ်ခဲ့တယ် မဟုတ်လား"

ဟု နှစ်သိမ့်လိုက်သည် ။ မိန်းမကြီးကတော့ ကျေနပ်သွားလေသည် ။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မယောကျ်ားကလည်း ဒီနေ့ မစ္စတာကော်လီယွန်ရဲ့ သမီးကလေး လက်ထပ်ပွဲ ကို သူကိုယ်တိုင် တက်ရောက်ချင်လှ စမ်းတယ်လို့ ပြောပါသေးတယ်၊ ပြီးတော့ ဒီနေ့ရှင်ကိုယ်တိုင် ဆေးရုံကို လာကြည့်မှာ ပါလို့လည်း ပြောတယ်။ ကျွန်မကတော့ တယ်မထင်မိခဲ့ဘူး။ ရှင်တို့ နှစ်ဦးကတော့ တကယ့် မိတ်ဆွေကောင်းတွေ ပီသပါပေတယ်ရှင်။ ကိုင်း အခန်းထဲ ဝင်ကြည့်လိုက်ပါဦး။ ဂင်ကိုက ရှင့်ကို အထူးမျှော်နေရှာ ပါတယ်"

ဤသို့ပြောနေစဉ်မှာ ပင် လူနာ၏ အခန်းထဲမှ ဆရာဝန်နှင့် သူနာပြုဆရာမတစ်ဦးတို့ ထွက်လာကြ လေသည် ။ ဆရာဝန်က ခပ်ငယ်ငယ်ပင် ရှိသေးသော်လည်း တည်ငြိမ်လေးနက်သော အသွင်ကို ဆောင်နေ၏။

သူသည် 'ဂေါ်ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန်အား ယခင်က မမြင်ဖူးသဖြင့် ဤအဘိုးကြီး ဘာလာ လုပ်တာပါလိမ့်ဟု စဉ်းစားနေမိလေသည် ။

လူမမာ ဂင်ကို၏ သမီးများက...

"ကျွန်မတို့ အခု ဝင်ကြည့်ခွင့်ရပါမလားရှင်"

ဟု မေးရာ ဒေါက်တာက

"လူနာရဲ့ မိသားစုအရင်းလောက်ပဲ ဝင်ကြည့်သင့်ပါတယ်"

ဟု ပြော လိုက်လေသည် ။

ဤတွင် ဂင်ကို၏ ဇနီးနှင့် သမီးများက အဘိုးကြီးဘက်သို့ လှည့်၍ အဆုံးအဖြတ်တောင်းလေရာ ဆရာ ဝန်လုပ်သူမှာ နားမလည်နိုင်အောင်ဖြစ်နေမိလေသည် ။

ထိုအခိုက်မှာ ပင် ဒွန်ကော်လီယွန်သည် ဆရာဝန်နားသို့ ကပ် လာလေသည် ။

"ဒီမယ် ဒေါက်တာ၊ လူနာဟာ လုံးလုံး မျှော်လင့်ချက် မရှိတော့ဘူး။ သေရတော့မှာ ပဲဆိုတာ မှန်ပါသ လား"

"မှန်ပါတယ်"

"ကောင်းပြီ၊ ဒါဖြင့် ဒေါက်တာပဲ့ တာဝန်ကုန်ပါပြီ။ ဒီအချိန်ကစပြီး ကျုပ်တို့ က လူနာအနားမှာ တာဝန်ယူပြီး နေပါမယ်။ လူနာကို အားပေးနှစ်သိမ့်မယ်။ သူသေတဲ့ အချိန်မှာ စိတ်သက်သာစွာနဲ့ သေအောင် အနားက ကူညီမယ်။ သူသေသွားပြီးတဲ့ နောက်မှာ လည်း ကျုပ်တို့ က လုလုပပ သင်္ဂြိုဟ်ပြီး သူ့ရဲ့ ဇနီးနဲ့ သမီးများကိုလည်း ဆက်လက် တာဝန်ယူစောင့်ရှောက်သွားပါမယ်"

"ဂေါ့ဒ်ဖားသား"၏ စကားမှာ တဲ့ တိုးကြီးဖြစ်နေလင့်ကစား သူပြောသည့် အတိုင်း မှန်ကန်နေကြောင်း ကို ဆရာဝန်က တွေးမိလေသည် ။ လူနာ၏ ရောဂါက ကျွမ်းနေပြီဖြစ်၍ ဆရာဝန်အနေဖြင့် ဘာမျှ မတတ်နိုင် ပါတော့ချေ။

ထို့ကြောင့် အဘိုးကြီးအား မကန့်ကွက်

တော့ဘဲ ဝင်ကြည့်ခွင့် ပြု လိုက်လေသည် ။ ဂင်ကို၏ ဇနီးခမျာ မှာ ယခုပင် သူ့ယောက်ျား၏ ရောဂါအခြေအနေအမှန်ကို ရိပ်စားမိပြီး တရှုပ်ရှုပ် ငိုကြွေးနေရှာပါတော့သည် ။

လူမမာဂင်ကိုကား ခုတင်ပေါ်တွင် သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေ၏။ သူ၏ ခန္ဓာကိုယ်မှာ လည်း ပိန်ချုံးနေလျက် ကမ္ဘာ့ဒွာန်းရုပ် အရိုးစုသာသာမျှသာ ရှိနေပါတော့သည် ။

ဒွန်ကော်လီယွန်သည် ခုတင်အနီးသို့ လျှောက်သွားပြီးနောက်

"ကိုင်း မိတ်ဆွေကြီး ဂင်ကို၊ သူငယ်ချင်းကိုလာပြီး ဂါရဝပြုဖို့ ငါ့ရဲ့ သားသုံးယောက်စလုံးကို ခေါ် လာခဲ့တယ်။ သူတို့ သာမက ဟောလိဝုဒ် ရုပ်ရှင်နယ်က ဒီထိအောင်လာရတဲ့ ဂျော်နီဖွန်တိန်းလည်း ပါသေး တယ်။ အားမငယ်ပါနဲ့ "

ဟု ပြောလိုက်ရာ ဂင်ကိုလည်း ရေ့ဝေသောမျက်လုံးများ ဖြင့် ဒွန်ကော်လီယွန်အား မော့ကြည့်လိုက်သည် ။ သူ၏ မျက်လုံးများ တွင် ကား 'ဂေါ်ဒ်ဖားသား' အား ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောလိုသည့် အသွင် ဆောင် နေလေသည် ။

ဒွန်ကော်လီယွန်သည် ဂင်ကို၏ လက်ကို အသာဆုပ်ကိုင်လိုက်ပြန်သည် ။

"ဘာမှ အားမငယ်နဲ့ သူငယ်ချင်း၊ မြန်မြန်ကျန်းမာအောင်သာကြိုးစားပါ။ မင်း နေကောင်းလာရင် တို့ နှစ်ယောက်သား အီတလီကတို့ ဇာတိကျေးရွာကို အပန်းဖြေခရီး ထွက်ကြရအောင်၊ သိပ်ပျော်စရာကောင်း မှာ ပဲ သူငယ်ချင်း"

အဘိုးကြီးက နှစ်သိမ့်အားပေးလို၍ ပြောလို

က်သော်လည်း ဂင်ကိုကား ဦးခေါင်းကို ယမ်းပြလေသည် ။ ထို့နောက် သူ၏ ဇနီးနှင့် သမီးများကို ခပ်လှမ်းလှမ်းသို့ သွားနေစေပြီးနောက် ဂင်ကိုလည်း ဒွန်ကော်လီယွန် အား သူ၏ မျက်နှာနားသို့ ကပ်စေကာ လေသံဖြင့် တိုးတိုးပြောနေလေသည် ။

လူမမာ ပြောနေသည့် စကားကို နားထောင်နေရင်းက ‘ဂေါ့ဒ်ဖားသား’ သည် မျက်ရည်များကျလာ လေသည် ။

ထိုခဏ၌ တိုးတိုးပြောနေသော လူမမာ၏ အသံသည် ကျယ်လောင် လာပြီး အခန်းတွင်းရှိ လူအားလုံး ပင် ကြားရလေသည် ။ စိတ်တုန်လှုပ် ချောက်ချားပြီး ငိုသံပါနေသည် ကိုလည်း သတိပြုမိကြသည် ။

“အို ဂေါ့ဒ်ဖားသား၊ ဂေါ့ဒ်ဖားသား ကျုပ်ကို ကယ်ပါဦး။ ကျုပ်မသေချင်ဘူး။ မသေရအောင် ဂေါ့ဒ်ဖား သား ကယ်စမ်းပါ။ အခု ကျုပ်သေရပါတော့မယ်။ ရင်ထဲကလည်း ပူလှပြီ။ ရောဂါပိုးတွေက ကျုပ်ရဲ့ ဦးနှောက်ကို စားနေကြတာလည်း ခံစားနေရပါတယ်။ အို ဂေါ့ဒ်ဖားသား၊ ကျုပ်ရောဂါ ပျောက်အောင် ကယ်စမ်းပါ။ ခင်ဗျား မှာ တန်ခိုးအာဏာရှိပါတယ်။ ကျုပ်ရဲ့ ဇနီး မျက်ရည်ပေါက်ပေါက်ကျနေတာကို အငိုတိတ်သွားအောင် ကယ်စမ်းပါ”

ဂင်ကိုသည် စိတ်ထိခိုက်စွာဖြင့် ပြောနေလေရာ ဒွန်ကော်လီယွန်က ဘာမှ မပြောဘဲ ဆိတ်ဆိတ်နေ သောအခါ လူမမာက

“အို ဂေါ့ဒ်ဖားသား၊ ဒီနေ့ဟာ ခင်ဗျားသမီးလေး လက်ထပ်တဲ့ နေ့ မဟုတ်လား။ ဒီနေ့အဖို့မှာ ခင်ဗျားက ကျုပ် အကူအညီတောင်းတာကို

ငြင်းပယ်ပိုင်ခွင့် မရှိဘူး"

ဟု အတင်း ထပ်ပြောပြန်လေသည် ။

အမှန်တော့ ဂင်ကိုသည် သေခါနီး ကယော င်ကတမ်းနှင့် တုန်လှုပ်ပြီး ပြောနေခြင်းပင် ဖြ စ်သည် ။ ထို့ ကြောင့် ဒွန်ကော်လီယွန်လည်း လူမမာ နားလည်သဘောပေါက်စေရန် လေးန က် တည်ငြိမ်သောအသံဖြင့်

"မိတ်ဆွေကြီး ဂင်ကို၊ ငါ့မှာ သေခြင်းတရား ကို တားဆီးနိုင်တဲ့ တန်ခိုးအာဏာ မရှိပါဘူး။ အာဏာသာ ရှင်ရင်တော့ ငါဟာ ဘုရားသခင် ထက်တောင် သနားဂရုဏာ ပိုပါလိမ့်ဦးမယ်။ ဒါပေမဲ့ သူငယ်ချင်း၊ သေရမှာ မကြောက်ပါနဲ့ ။ မင်းမရှိတဲ့ နောက် မင်းအတွက် နေ့တိုင်း ဘု ရားရှိခိုး ဆုတောင်းပေးဖို့ ငါကိုယ်တိုင် စီစဉ်ပါ့ မယ်။ မင်း အခုလို အနူးအညွတ်အသနားခံနေ မှ တော့ ဘုရားသခင်က မင်းကို အပြစ်ဒဏ် ပေးမှာ မဟုတ်ပါဘူး"

ဟု စကားကို ဖြည်းဖြည်းချင်း ပြော လိုက် လေသည် ။

ဤတွင် လူမမာ မျက်နှာအမူအရာသည် တ စ်မျိုးပြောင်းလဲသွားလျက် သူ၏ မျက်လုံးများ ကပင် ကြည်လင်သလို ဖြစ်လာကာ ဒွန်ကော် လီယွန်အား အဓိပ္ပာယ်ပါပါ လှမ်းကြည့်ရင်း

"ဒါဖြင့် အစီအစဉ်အားလုံး လုပ်ပြီးပြီ ဆိုပါ တော့"

ဟု ပကတိ လူကောင်းတစ်ယောက်ပမာ ပြောလိုက်သည် ။ ထို့နောက် ချက်ချင်းပင် မျ က်လုံးများက ပြန်အားလျော့သလို ဖြစ်သွားပြ န်၏။

သူသည် ခေါင်းထောင်နေရာမှ ခေါင်းအုံးပေါ်သို့ ပြန်လှဲချအိပ်လိုက်သည် ။ ထိုအချိန်မှာပင် သူနာပြု ဆရာမသည် အခန်းတွင်းသို့ ဝင်လာပြီး ညှိသည် အားလုံးကို အပြင်ဘက်ထွက်ရန် မောင်းနှင်လေသည် ။

'ဂေါ့ဒ်ဖားသား'ခေါ် ဒွန်ကော်လီယွန်လည်း ထိုင်နေရာမှ ထလိုက်ရာ လူမမာဂင်ကိုသည် အဘိုးကြီး၏ လက်ကိုလှမ်းဆွဲလျက်

"အို ဂေါ့ဒ်ဖားသား၊ ကျုပ်အနားမှာ နေစမ်းပါ။ အနားမှာ နေပြီး သေခြင်းတရားကို ရင်ဆိုင်ရာမှာ ကျုပ် ကို အားပေးကူညီပါဦး။ ကျုပ် ခင်ဗျားလက်ကို ကိုင်ထားရင်း သေပါရစေ"

ဟု ပြန်ပြောလေသည် ။

ဒွန်ကော်လီယွန်လည်း အခြားလူများအား အခန်းထဲမှ ထွက်သွားစေပြီးနောက် သူ၏ ညှ

စွာရှိလှယုံ တော်ကြီး ဂင်ကို၏ လက်ကို ညှပ် သာစွာ ကိုင်ထားရင်း နှစ်ယောက်သား သေခြင်းတရားကို စောင့်ဆိုင်းနေကြ လေသည် ။

***

သတို့ သမီး ကော်နီ အဖို့ လက်ထပ်မင်္ဂလာပွဲမှာ စိတ်ပျော်ရွှင်ကျေနပ်ဖွယ်ရာ ပြည့်စုံစွာဖြင့် အောင်မြင် ပြီးဆုံးခဲ့လေသည် ။

သတို့ သား ကာလိုသည် သတို့ သမီးထက် မင်္ဂလာလက်ဖွဲ့ ပစ္စည်းအဖြစ် ရရှိသော ဒေါ်လာနှစ်သောင်း ကျော်ကျော်ရှိသည့် ငွေကို ပိုမိုတပ်မက်ဟန်တူသော်လည်း ထိုနေ့ည အိပ်ရာဝင်သောအခါ လူရော ငွေကိုပါ အလွန် စိတ်ပါတက်ကြွစွာ အရယူလိုက်နိုင်ခဲ့သည် ။ သတို့ သမီး ကော်နီသည် သူမ၏ အပျိုစင်ဘဝကို ကာလို အား အလွယ်တကူ ကြည်ဖြူစွာဖြင့် ပေးအ

ပ်ပါသော်လည်း မင်္ဂလာလက်ဖွဲ့ငွေ ဒေါ်လာနှစ်သောင်းကျော်ကို တော့ လွယ်လွယ်နှင့် မပေးလိုသဖြင့် ကာလိုသည့် ချစ်ဇနီးအသစ်စက်စက်အား ရိုက်နှက်ထိုးကြိတ်၍ ပင် အဓမ္မ လုယူခဲ့ရလေသည်။

လူစီသည် မင်္ဂလာဆောင်နေ့က ဂေါ့ဒ်ဖားသား၏ သားကြီးဆန်နီနှင့် ချစ်တင်းနှီးနှောခဲ့ရပြီးနောက် ဆန်နီက သူမထံ ဖုန်းဆက်ပြီး နောက်ထပ် ချိန်းတွေ့ လိမ့်ဦးမည်အထင်ဖြင့် အိမ်မှ စောင့်မျှော်နေမိသည်။

သို့ရာတွင် ဆန်နီထံမှ တယ်လီဖုန်း လုံးဝမလာသောအခါ လူစီသည် စိတ်မရှည်နိုင်တော့ဟန်ဖြင့် ဆန်နီ၏ နေအိမ်သို့ ဖုန်းဆက်ခေါ်ကြည့်ရာ အမျိုးသမီးတစ်ဦးက ဖုန်းကို ကောက်ကိုင်၍ ဖြေသံကို ကြားလိုက် ရသည် တွင် လူစီလည်း ဘာမှ ဆက်မပြောတော့ဘဲ ဖုန်းကို အသာပြန်ချထား လိုက်လေသည်။

လူစီအနေဖြင့် မသိသည် ကား သူနှင့် ဆန်နီတို့ မင်္ဂလာဆောင်နေ့က နာရီဝက်ခန့် အတူပျောက်နေခြင်း နှင့် ပတ်သက်၍ အားလုံးက သူတို့ နှစ်ယောက်အကြောင်း တီးတိုးအတင်းပြောနေခဲ့ခြင်းပင် ဖြစ်သည်။ ဆန်နီ တစ်ယောက် သူနှင့် သတို့သမီးရဲ့ အပျိုရံကိုတောင်မှ ချမ်းသာမပေးဘဲ ခြေတော်တင်လိုက်ပြီဟူသော သတင်းက အတော်ပျံ့နှံ့ခဲ့သည် ကို လူစီခမျာ မသိရှာပါချေ။

ဘိုနာဆေရာ ဆိုသူသည် ဂေါ့ဒ်ဖားသားထံမှ အကူအညီတောင်းခဲ့ပြီးသည့် နောက်ပိုင်း အကြီးအကျယ် စိတ်တွေ တုန်လှုပ်ချောက်ချားနေမိ၏။

ညညအိပ်သည့် အခါ အိပ်မက်တွေ ကယောင်ချောက်ချားမက်ရင်း ဒွန်ကော်လီယွန်က သူ့ထံတစ်လှည့် အကူအညီပြန်တောင်းရန် လာသည် ဟု မြင်ယောင်နေတတ်၏။ အကူအညီတောင်းပုံကလည်း ဂေါ်ဒ်ဖားသား၏ တပည့်ဆိုးတွေက သတ်ဖြတ်ထားသော သေနတ်ကျည်ဆန်ဒဏ်ရာတွေနှင့် လူသေလောင်းများကို ယူလာလျက် 'ဟေ့ ဘိုနာဆေရာ၊ မင်းက တစ်လှည့် ကူညီဖို့ အချိန်ရောက်ပြီ။ ဟောဒီ အလောင်းတွေကို ဘယ်သူမှ မသိအောင် တိတ်တဆိတ် မြေမြှုပ်လိုက်ပါ' ဟု လာရောက်စေခိုင်းနည်းမျိုး ဖြစ်လေသည်။

အမှန်တော့ ဘိုနာဆေရာသည် သူ၏ ချစ်စွာသော သမီးကလေးကို စော်ကားရန်ကြံပြီး နှိပ်စက်ခဲ့သူ လူငယ်နှစ်ဦးအား 'ဆုံးမ' ပေးရန် ဂေါ်ဒ်ဖားသားယ အကူအညီတောင်းခဲ့ပြီးသည့် နောက်ပိုင်း အတိုးကြီးက သူ့ အားတစ်လှည့် ပြန်ပြီး ရာဇဝင်မှုမကင်းသောအလုပ်များ လုပ်ကိုင်ကူညီခိုင်းမည်ကို စိုးရိမ်ကြောင့် ကြလွန်း မှု ကြောင့် စိတ်တွေ တုန်လှုပ်နေမိခြင်း ဖြစ်လေသည်။

လက်ထပ်ပွဲမှ အပြန်တွင် မိုက်ကယ်လ်၏ ချစ်သူ ကေးအာဒမ်အား ကလီမင်ဇာနှင့် သူ၏ တပည့် ပေါလီဂတ်တိုးတို့ က မော်တော်ကားဖြင့် နယူးယောက်မြို့ ဟိုတယ် အရောက် လိုက်ပို့ပေးခဲ့လေသည်။

လမ်းတစ်လျှောက်လုံး သူမသည် ထိုလူနှစ်ယောက်နှင့် အာလာပသလ္လာပ စကားတွေပြောရင်း အကဲခတ်ကြည့်လာမိရာ သူတို့ နှစ်ယောက်သည် ရုပ်ရှင်ဇာတ်ကားထဲက လူဆိုးလူမိုက်

ခေါင်းဆောင်များ နှင့် တူသည် ဟု ထင်မြင်မိရ င်း စိတ်ဝင်စားမိလေသည် ။

ကလီမင်ဇာနှင့် ပေါလီဂတ်တိုးနှစ်ဦးစလုံး က မိုက်ကယ်လ်အကြောင်း အလွန် လေးလေး စားစား ပြောကြသည် ကို 'ကေး' အနေဖြင့် သ ဘောကျမိလေသည် ။

ကလီမင်ဇာက မိုက်ကယ်လ်သည် သားသုံး ယောက်အနက် အတော်ဆုံးသားဟု အဘိုးကြီး ကိုယ်တိုင်က ယူဆသဖြင့် တစ်နေ့ သူပင်လျှင် ဖခင်၏ ရိုက်ရာလုပ်ငန်းကို တာဝန်ယူဦးစီးရ လိမ့်မည်ထင်ကြောင်း ပြောသော အခါ ကေး အာဒမ်က...

"ဘာ လုပ်ငန်းလဲ"

ဟု အမှတ်တမဲ့မေးလိုက်ရာ ပေါလီဂတ်တိုး ဆိုသူသည် ရုတ်တရက် မျက်နှာပျက်သွားလေ သည် ။ သို့သော် ကလီမင်ဇာက ပြုံး၍

"မစ္စတာ ဒွန်ကော်လီယွန်ဟာ အီတလီက သံလွင်ဆီတွေကို သွင်းကုန်လုပ်ငန်းအဖြစ် လု ပ်တဲ့ လူတွေ အနက် အကြီးကျယ်ဆုံး သွင်းကု န်လုပ်ရပ် ဖြစ်တယ်။ အခု စစ်ကြီးကလည်း ပြီး သွားတော့ ဒီလုပ်ငန်းဟာ အလွန် ကြီးပွားလာ နိုင်တယ်။ ဒါကြောင့် သွင်းကုန်လုပ်ငန်း ကြီး ကျယ်လာတဲ့ အခါ မိုက်ကယ်လ်လို ဦးနှောက် ကောင်းတဲ့ လူငယ်တစ်ယောက် အထူးလိုအပ် တာကို ဆိုလိုတာပါ"

ဟု ပြော လိုက်လေသည် ။

ဟိုတယ်သို့ ရောက်သောအခါ ကေးက ကျေးဇူးတင်ကြောင်းပြော၍ ပြန်လွှတ်သော်လ ည်း ကလီမင် ဇာသည် ကေးနှင့် အတူ ဟိုတယ် အတွင်းထိအောင် လိုက်ဝင် လာလေသည် ။

"ကျုပ်တို့ ဆရာကြီးက မင်းကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးရမယ်လို့ အမိန့်ပေးလိုက်တော့ ကျုပ် အနေနဲ့ ဟိုတယ်အထဲထိအောင် လိုက်ပို့ဖို့ တာဝန်ရှိနေပါတယ်"

ဟု လည်း ဖြေရှင်းပြလေသည်။

မိန်းကလေးက အခန်းသော့ကို ယူ၍ ဓာတ်လှေကားဖြင့် တက်သွားသောအခါ ကလီမင်ဇာသည် ဟိုတယ်စာရေးရှိရာသို့ လျှောက်သွားပြီး ဒေါ်လာငွေစက္ကူတစ်ရွက် အသာလှမ်းပေးရင်း

"ဒီအမျိုးသမီးက ဘယ်လိုနာမည်နဲ့ ဟိုတယ်မှာ မှတ်ပုံတင်ထားသလဲ" ဟု မေးလိုက်သည်။ စာရေး ကလည်း ငွေစက္ကူကို လျင်မြန်စွာကောက်ယူ၍

"မစ္စမိုက်ကယ်လ်ကော်လီယွန်နဲ့ ဇနီးလို့ မှတ်ပုံတင်ထားပါတယ်" ဟု ဆောလျင်စွာပင် ဖြေလိုက်လေသည်။

မော်တော်ကားထဲသို့ ပြန်ရောက်သောအခါ ကားမောင်းသူ ပေါလီဂတ်တိုးက

"ကောင်မလေး ကြည့်ရတာ မဆိုးပါဘူး"

ဟု မှတ်ချက်ချလိုက်သည် တွင် ကလီမင်ဇာက

"မိုက်ကယ်လ်နဲ့ ဒီအမျိုးသမီးနဲ့ က သမီးရည်းစားမက လင်မယားမကျ ဖြစ်နေပြီ ထင်တာပဲ"

ဟု ပြောလိုက်ပြီးမှ

"ဒါထက် မနက်ဖြန်စောစော ငါ့ကို ကားနဲ့ လာခေါ်စမ်း၊ တို့ အနေနဲ့ အရေးကြီးတဲ့ အလုပ်တစ်ခု ရှိတယ် လို့ ပြောတယ်။ ဒါကြောင့်

နက်ဖြန် စောစော တော်မီဟောဂင်ဆီ သွားတွေ့ရလိမ့်မယ်”

ဟု ဆက်ပြော လိုက်လေသည် ။

*

တနင်္ဂနွေနေ့ညတွင် တော်မီဟောဂင်သည် သူ၏ ဇနီးသည် အား နှုတ်ဆက်ပြီးနောက် လေဆိပ်သို့ တိုက် ရိုက်ထွက်ခွာလာခဲ့သည် ။ ဂေါ်ဒ်ဖားသား၏ တာဝန်ပေးချက်အရ ကျော်နီဖွန်တိန်း၏ ရုပ်ရှင် အလုပ်ကိစ္စ ပြေလည် အောင် ဖန်တီးရန် ခရီးထွက်ရခြင်း ဖြစ်သည် ။

သာမန်လူတို့ အနေဖြင့် နယူးယောက်မြို့မှ ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိစ်မြို့သို့ လေယာဉ်လက်မှတ်ကို ယခုလိုကပ်၍ ဝယ်ယူရရှိရန် ခဲယဉ်းလှ၏။ သို့သော် တော်မီ

ဟောဂင်အဖို့ မှာ မူ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဦးစီးအရာရှိကြီးတစ်ဦး၏ အကူအညီဖြင့် လေယာဉ်လက်မှတ်ကို ဦးစားပေးစနစ်ဖြင့် ရရှိခဲ့၏။

ထိုနေ့ တစ်နေ့လုံး တော်မီဟောဂင်မှာ အလုပ်များ နေခဲ့၏။ ဆေးရုံမှ လူမမာ ဂင်ကိုသည် နံနက်သုံးနာရီ ကပင် ကွယ်လွန်သွားရှာလေရာ အဘိုးကြီးဒွန်ကော်လီယွန် ဆေးရုံမှ ပြန်လာလာချင်း တော်မီဟောဂင်အား မိသားစု၏ 'ကွန်ဆီလီယိုရီ' ခေါ် လူယုံတော် အကြံပေးပုဂ္ဂိုလ်အဖြစ် အမြဲတမ်း ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ပြောခဲ့သည် ။

ယင်းရာထူးကို တရားဝင် ပေးအပ်ခြင်းခံရသဖြင့် တော်မီဟောဂင်အဖို့ ဩဇာအာဏာ အလွန်ကြီး မားမည့် ပြင် စီးပွားရေးအားဖြင့် များစွာချမ်းသာကြွယ်ဝနိုင်သည့် အလားအလမ်း ရှိ လာပြီ ဖြစ်သည် ။

ဤသို့ တော်မီဟောဂင်အား ခန့်ထားလိုက်ခြင်းအားဖြင့် 'ဂေါ့ဒ်ဖားသား' သည် အစဉ်အလာတစ်ခုကို ပယ်ဖျက်လိုက်ရာ ရောက်သွားသည်ဟု ဆိုနိုင်ပါ၏။ သူတို့ ၏ အစဉ်အလာအရ 'ကွန်ဆီလီယိုရီ' နေရာကို အီတလီနိုင်ငံသား ဆစ်စလီကျွန်းသားစစ်စစ်ကိုမှ ပေးရိုးထုံးစံ ရှိ၏။ သူတို့ တွင် 'အိုမားတား' ခေါ် နှုတ်လုံ့စွာ ဆိတ်ဆိတ်နေရသည့် တိုင်းရင်းသား ဥပဒေတစ်ခု ရှိ၏။ လျှို့ဝှက်ရမည့် ကိစ္စတွင် ရန်သူက မည်သို့ပင် နှိပ်စက် ညှဉ်းပန်းစေကာမူ အသက်အသေခံကာ နှုတ်လုံရမည့် သဘောပင် ဖြစ်၏။ ယင်းသို့ အသက်ပေး၍ သစ္စာရှိ ရန်မှာ ဆစ်စလီကျွန်းသားစစ်စစ်မှ သာ သစ္စာရှိသည် ဟု သူတို့ ယုံ

ကြည့်ကြ၏။

ထို့ကြောင့် အီတလီလူမျိုး မဟုတ်သော တော်မီဟောဂင်အား ကွယ်လွန်သူ ဂင်ကို၏ နေရာတွင် တရား ဝင် ခန့်ထားလိုက်ခြင်းမှာ ရှေးရိုးအစဉ်အလာတစ်ခုကို ဖျက်လိုက်ရာ ရောက်သွား၏။ သို့ရာတွင် တော်မီ ဟောဂင် သည် ၁၂ နှစ်သားအရွယ်ကစ၍ ဆန်နီတို့ ညီအစ်ကိုနှင့် အတူ ကြီးပြင်းလာခဲ့သူ 'ခြံပေါက်' တစ်ဦး ဖြစ်သော ကြောင့် ဂေါ့ဒ်ဖားသား၏ မိသားစုအနေဖြင့် သူ့အား မည်သို့မှ သံသယမရှိကြပါချေ။

မိသားစု၏ အကြီးအကဲဖြစ်သော ဒွန်ကော်လီယွန် 'ဂေါ့ဒ်ဖားသား' သည် လုပ်ငန်းအားလုံး၏ ပေါ်လစီကို ချမှတ်ပေးသည် ဖြစ်ရာ ယင်းသို့ချမှတ်ပေးသော ပေါ်လစီ (မူဝါဒလမ်းစဉ်)ကို လက်တွေ့ အကောင်အထည် ဖော်ကြရာ၌ အဆင့် သုံးဆင့်ရှိလေသည်။

ဤနည်းအားဖြင့် လုပ်ငန်း သို့မဟုတ် လုပ်ရပ်တစ်ခုခုကို ရန်သူဘက်မှ ခြေရာခံစုံစမ်းပါက မည်သို့မှ အကြီးအကဲလူရှိရာ (ပင်ရင်း) သို့ ရောက်အောင် စုံစမ်းသိရှိနိုင်ခြင်းမှာ မဖြစ်နိုင်ချေ။ ထိပ်ဆုံးမှ ပုဂ္ဂိုလ်ဆီသို့ ရောက်အောင် တစ်ဖက်မှ လိုက်လံစုံစမ်း သိရှိနိုင်ရန် တစ်ခုတည်းသောနည်းကား "ကွန်ဆီလီယိုရီ" ခေါ် လူယုံတော်အကြံပေးအရာရှိက သစ္စာဖောက်မှသာ ဖြစ်နိုင်ပေမည်။ ထို့ကြောင့် ယင်းလူယုံတော် 'ကွန်ဆီလီယို ရီ' နေရာသည် သူတို့ အဖွဲ့တစ်ဖွဲ့လုံးတွင် အရေးပါ အရာရောက်ဆုံးနေရာ ဖြစ်နေတော့သည်။

ထိုတနင်္ဂနွေနေ့ နံနက်ပိုင်းက 'ဂေါ့ဒ်ဖား

သား' ဒွန်ကော်လီယွန်သည် ဘိုနာဆေရာ ဆို သူ၏ သမီးပျို ကလေးအား စော်ကားရန် ကြိုစည်ပြီး နှိပ်စက်ခဲ့သူ လူငယ်နှစ်ဦးအား မည်သို့မည်ပုံ 'ဆုံးမ' ရမည်ဟု တိကျ သော ညွှန်ကြားချက်များကို လူယုံဖြစ်သူ တော်မီဟောဂင် တစ်ဦးတည်းအားပေးခဲ့၏။ ထိုနေ့ နေ့လယ်ပိုင်းတွင် တော်မီဟောဂင်ကတစ်ဆင့် ကလီမင်ဇာ ဆိုသူအား ဂေါ့ဒ်ဖားသား၏ ညွှန်ကြားချက်များကို နှစ်ယောက်ချင်း ခေါ်တွေ့၍ ပြောပြလိုက်ခဲ့၏။

တစ်ဖန် ကလီမင်ဇာသည် သူ၏ တပည့်ပေါလီဂတ်တိုးအား ခေါ်၍ ဘာလုပ်ရမည်ကို တစ်ဆင့် ညွှန် ကြားလိုက်ပြန်၏။ ထို့ကြောင့် ပေါလီဂတ်တိုးနှင့် တကွ သူနှင့် အတူ လက်တွေ့ 'လုပ်'ကြမည့် လူများ အနေဖြင့် သူတို့ ကိုဘာကြောင့် ဤသို့ ခိုင်းသည် ၊ မည်သူက ခိုင်း

သည် ကို လုံးဝ မသိနိုင်ကြချေ။ အစ်ပွာယ်ဟား ထိုကိစ္စကို မူလပထမ အမိန့်ပေးသူ 'ဂေါ့ဒ်ဖားသား' ထံသို့ ရောက်အောင် စုံစမ်းသိရှိနိုင်ရန်မှာ အဆင့် သုံးဆင့်စလုံးက သစ္စာဖောက်မှ သာ ဖြစ်နိုင်ပေသည် ။

ယခုအချိန်အထိ ယင်းသို့ အဆင့်အားလုံး သစ္စာဖောက်မှုမျိုး မရှိဖူးသေးသော်လည်း 'အသားထဲက လောက်ထွက်' ခြင်းမျိုးသည် ဖြစ်နိုင်သည် ဟု ဂေါ့ဒ်ဖားသားက တွက်ထားပြီး ဖြစ်၏။ ဖြစ်လာလျှင်လည်း မည်သို့ ကာကွယ်ရမည်ကိုပါ ကြိုတင် စီစဉ်ထားပြီးဖြစ်သည် ။

အကယ်၍ အဆင့်သုံးဆင့်အနက်မှ တစ်ဆင့်က သစ္စာဖောက်ပြီဟု သိလိုက်သည် နှင့် တစ်ပြိုင်နက် အခြား အဆင့်တစ်ဆင့်ကို 'ဖျောက်' လိုက်ရုံနှင့် ပထမအဆင့်က တတိယအဆ

င့်ကို လှမ်းသိရှိနိုင်မည် မဟုတ် တော့ချေ။ ဤ သို့လျှင် 'ဂေါ်ဒ်ဖားသား' သည် သူ၏ စစ်ဆင်ရေးများ ၏ လုံခြုံမှုကို ပိရိသေသပ်စွာ အကွက်ဆင်၍ ထားလေသည် ။

အီတလီဘာသာဖြင့် 'ကွန်ဆီလီယိုရီ' ဟုခေါ်သော ရာထူးသည် အလွန်ပင် အဓိပ္ပာယ်ပြည့်ဝ လေးနက် လှ၏။ သူသည် မိသားစုအဖွဲ့အကြီးအကဲ 'ဂေါ်ဒ်ဖားသား' အား အကြံပေးရသော အရာရှိအဖြစ်လည်း အမှုထမ်း ရ၏။ အားအကိုးရဆုံး ညာလက်ရုံးလည်း ဖြစ်ရ၏။ အကြီးအကဲပုဂ္ဂိုလ်၏ အနီးကပ်ဆုံး အမြဲတမ်း ထိတွေ့ နေရသူ အဖော်လည်း ဖြစ်၏။ အရေးကြီးသော ခရီးများ သွားရသည့် အခါ အကြီးအကဲပုဂ္ဂိုလ်၏ မော်တော် ကားကို လူယုံတော်ကပင် မောင်းနှင်ရ၏။ အစည်းအဝေးများ ကွန်ဖရင့်များ တွင် ဆိုလျှင် သူသည် အကြီး အကဲ ပုဂ္ဂိုလ်၏ အနားတွင် နေကာ အတွင်းရေး အတွင်းဝန်သဖွယ် ဆောင်ရွက်ရ၏။

လိုအပ်လျှင် အစည်းအဝေးခန်းမှ ထွက်၍ သူ့ဆရာကြီးအတွက် စားသောက်ဖွယ်များ ၊ ဆေးလိပ် စီးကရက်များ ယူပေးရ၏။ သူသည် အကြီးအကဲပုဂ္ဂိုလ် 'ဂေါ်ဒ်ဖားသား' သိသမျှ ကို စွအားလုံးလိုလို သိနေရ၏။ ထို့ကြောင့် "ဒွန်" (DON) ခေါ် အကြီးအကဲပုဂ္ဂိုလ် ကျဆုံးပျက်စီးခြင်းရောက်အောင် 'ကွန်ဆီလီယိုရီ' ခေါ် လူယုံတော်က ပြုလုပ်နိုင်စွမ်း ရှိနေတော့သည် ။

သို့ရာတွင် အမေရိကန်နိုင်ငံသို့ လာရောက် အခြေစိုက်နေထိုင်ကြသူ အီတလီလူမျိုး (ဆစ်စလီကျွန်းသား)တို့ မှတ်မိသလောက် မည်သည့် 'ကွန်ဆီလီယိုရီ' လူယုံတစ်ဦးတစ်ယောက်ကမျှ

ည် ဟု အစဥ်အလာ မရှိဖူးခဲ့ပါချေ။

ထိုနေရာ သို့မဟုတ် ရာထူးကိုရရှိသူ 'လူယုံတော်' တိုင်းကလည်း မိမိတို့ အကြီးအကဲအပေါ် သစ္စာရှိစွာ အမှုထမ်းနေသမျှ သူ၏ ဘဝ လုံခြုံရေး၊ တိုးတက်ကြီးပွားရေး အတွက် မျှော်လင့်ချက်အလားအလာသည် ခိုင်မာ စွာ အာမခံချက်ရှိနေသည် ဟု နားလည်နေကြ၏။

အကယ်၍ မတော်တဆ ဘေးအန္တရာယ် သို့မဟုတ် ဒုက္ခအကျပ်အတည်း တစ်ခုခု ကြုံရလျှင်လည်း သူက ဇနီး၊ သားသမီး အိမ်ထောင်မိသားစုအတွက် အစစအရာရာ လိုလေသေးမရှိအောင် တာဝန်ယူ စောင့်ရှောက်မည့် လူများ အသင့်ရှိကြောင်းကိုလည်း စိတ်ချ၍ နေနိုင်၏။

တွေ့ဆုံဆွေးနွေးစေ့စပ်ရန် လိုအပ်သည့် ကိစ္စများ တွင် လူယုံတော် အကြံပေး အရာရှိသည် အကြီးအကဲပုဂ္ဂိုလ် (ဒွန်) ကိုယ်စား ကိုယ်တိုင်ဝင်ရောက် ဆောင်ရွက်ရတတ်သည်။

ယခု တော်မီဟောဂင်က ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိမ်မြို့သို့ ခရီးထွက်ခြင်းမှာ ယင်း ကိစ္စမျိုးပင် ဖြစ်သည်။ ထို့ကြောင့် တော်မီဟောဂင်သည် 'ဂေါ့ဒ်ဖားသား' ကတိပြုခဲ့သည့် အတိုင်း သူ၏ အချစ် တော်ဂျော်နီဖွန်တိန်းအား ဂျက်ဝေါ့ဇ်၏ နာမည်ကြီး ရုပ်ရှင်ကားတွင် ပါဝင်သရုပ်ဆောင်ခွင့်ရအောင် ဆောင်ရွက် ရန်မှာ အလွန် အရေးကြီးလှကြောင်း ကောင်းစွာ သဘောပေါက်ထားပေသည်။

ထိုနည်းတူစွာပင် လာမည့် သောကြာနေ့၌

ချိန်းဆိုထားသော ဆိုလိုဇို ဆိုသူနှင့် တွေ့ဆုံရမည့် ကိစ္စသည် လည်း ဂေါ်ဒ်ဖားသား၏ မိသားစုအတွက် အလွန်အရေးကြီးကြောင်းကိုပါ နားလည်ထားပေသည် ။

တော်မီဟောဂင်သည် လေယာဉ်ပေါ်တွင် လိုက်ပါလာရင်း ဟောလိဝုဒ် ရုပ်ရှင်မြို့တော်၌ သူရင်ဆိုင်ရမည့် ပြဿနာအကြောင်းကို ဆင်ခြင်သုံးသပ်နေမိလေသည် ။

ဂျော်နီဖွန်တိန်းအား 'နှိမ်' ထားသည် ဆိုသော ရုပ်ရှင်ထုတ်လုပ်သူ ဂျက်ဝေါ့ဇ်ဆိုသူကား ခေသူ မဟုတ်ပေ။ သူသည် ဟောလိဝုဒ် ရုပ်ရှင်လောကမှ အကြီးဆုံး ရုပ်ရှင်ထုတ်လုပ်သူ သုံးဦးတွင် တစ်ဦးအပါအဝင် ဖြစ်၏။ နာမည်အကြီးဆုံး ရုပ်ရှင်မင်းသမီး၊ မင်းသား အတော်များများကို နှစ်ရှည် စာချုပ်ချုပ်၍ အပိုင်လက်ဝါးကြီးအုပ်ထားနိုင်သူလည်း ဖြစ်၏။

အမေရိကန်သမ္မတ၏ ရုပ်ရှင်အကြံပေးကောင်စီအဖွဲ့ဝင် တစ်ဦးလည်း ဖြစ်၏။ အစိုးရ၏ ဝါဒဖြန့်ချိရေး ဆိုင်ရာ ရုပ်ရှင်ကားများ ထုတ်လုပ်ရာတွင် ဂျက်ဝေါ့ဇ်သည် အရေးပါသော နေရာမှ ပါဝင်ကူညီရ၏။

သူသည် ဝါရှင်တန်မြို့တော်မှ အမေရိကန်သမ္မတ၏ အိမ်ဖြူတော် ညစာစားပွဲကြီးများ သို့လည်း တက် ရောက်ခဲ့ဖူး၏။ 'အက်ဖ်ဘီအိုင်' ခေါ် ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် အင်္ဂါဟူးဗားကို လည်း သူ၏ ဟောလိဝုဒ်နေအိမ်သို့ ဖိတ်ခေါ်၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ဖူး၏။

အထက်ပါ အချက်အလက်များကို စဉ်းစားမိသောအခါ တော်မီဟောဂင်သည် ဂျက်ဝေါ့ဇ်ဆို

သူအား ဖျောင်းဖျဆွေးနွေး၍ စည်းရုံးသိမ်းသွင်းရန်မှာ မဖြစ်နိုင်သလောက် ခဲယဉ်းနေကြောင်းသာ တွေးမိလေသည် ။

တော်မီဟောဂင်သည် အသက် ၃၅ နှစ်ရှိ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး လူတစ်ယောက် ဖြစ်၏။ ဥပဒေဘွဲ့ ရရှိပြီး သုံးနှစ်ခန့် ရှေ့နေလိုက်ဖူးသော်လည်း ယခု 'ဂျေါဒ်ဖားသား' ဒွန်ကော်လီယွန် မိသားစု ဥပဒေရေးရာ ကိစ္စများကို သူသည် တိုက်ရိုက်တာဝန်ယူ ဆောင်ရွက်ခြင်း မပြုရချေ။ အခြားနာမည်ရ ရှေ့နေကြီးများကို သီး သန့်ငှားရမ်းထားပြီး ဖြစ်သည် ။

သူသည် အသက် ၁၁နှစ်သားအရွယ်က သူနှင့် ရွယ်တူ ဆန်နီကော်လီယွန်နှင့် ကလေးဘာဝ ကစားဖော် ကစားဖက် ဖြစ်ခဲ့၏။ တော်မီ၏ မိခင်သည် သူ ဆယ်နှစ်သားကျော်အရွယ်တွင် မျက်စိနှစ်လုံး ကွယ်သွားပြီး နောက် မကြာမီပင် ကွယ်လွန်သွားခဲ့၏။ သူ၏ ဖခင်မှ ရိုးသားဖြောင့်မတ်သော လက်သမားဆရာတစ်ဦး ဖြစ်သော်လည်း ဇနီးသည် ဆုံးသွားပြီးနောက် စိတ်ညစ်ညစ်နှင့် အရက်အလွန်အကျွံသောက်ရာမှ လူညွှန့်တုံး သွားကာ နောက်ဆုံး အသက်ပါ ဆုံးရှုံးသွားတော့၏။

ဤတွင် တော်မီသည် မိဘမဲ့ကလေးတစ်ယောက်အနေဖြင့် အားကိုးရာမဲ့ကာ တစ်နေ့တစ်နေ့ လမ်းပေါ် လျှောက်သွားပြီး ညဘက်ဆိုလျှင် အိမ်လေ့ကားထစ်များ ၌ ဖြစ်သလို အိပ်ရသည့် ဘဝမျိုးသို့ ရောက်ခဲ့၏။ ထိုအချိန်၌ ၁၁ နှစ်သားအရွယ် ဆန်နီကော်လီယွန်နှင့် သွားတွေ့ပြီး တော်မီအား သနား၍ အိမ်သို့ခေါ်လာခဲ့၏။ သူ၏ မိဘများကိုလည်း သူ့သူငယ်ချ

င်း တော်မီအား အလိုလိုက်၍ သူ့သူငယ်ချင်း တော်မီအား အိမ်တွင် နေခွင့် ပေးရန်လည်း ပူဆာခဲ့၏။ လူကြီးများကလည်း သားဖြစ်သူဆန်နီအား အလိုလိုက်၍ သူ့သူငယ်ချင်းတော်မီကို အိမ်တွင် လက်သင့်ခံကာ ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ပြီး ထားခဲ့လေသည် ။

ဒွန်ကော်လီယွန်သည် တော်မီဟောဂင်အား သူ၏ သားရင်းများ နှင့် မခြား သဘောထားဆက်ဆံကာ အိမ်တွင် နေစေရုံမက ကျောင်းထားပေးပြီး အချိန်တန်သော် တက္ကသိုလ် အထက်တန်းပညာများကိုပါ ဥပဒေ ဘွဲ့ ရသည် အထိ သင်ပေးခဲ့၏။ ဥပဒေပညာ သင်ကြားခြင်းကား တော်မီ၏ ဆန္ဒအရ ဖြစ်၏။

သူသည် တစ်ခါက ဒွန်ကော်လီယွန် ပြောဖူးသည့် စကားကို မှတ်မိနေခဲ့၏။ ထိုစကားကတော့ "အမှုတွဲ ကိုင်ထားတဲ့ ရှေ့နေတစ်ယောက်ဟာ သေနတ်ကိုင်လူဆိုး တစ်ရာထက်ပိုပြီး တိုက်ယူနိုင်တယ်" ဟူ၍ ပင် ဖြစ်၏။

ဒွန်ကော်လီယွန်၏ သားများ အနက် ဆန်နီ နှင့် ဖရက်ဒီတို့ က အထက်တန်းစာမေးပွဲအောင်သည် နှင့် ပညာဆက်မသင်တော့ဘဲ မိသားစု၏ 'အလုပ်'ထဲ ဝင်လုပ်ရန် ဆုံးဖြတ်ခဲ့ကြ၏။ အငယ်ဆုံး မိုက်ကယ်လ် တစ်ယောက်သာလျှင် ကောလိပ်ကျောင်းသို့ သွား၍ ပညာဆက်သင်ခဲ့ပြီး ၁၉၄၁ ခုနှစ် ပုလဲဆိပ်ကမ်းကိုဂျပန် တို့ က စတင် တိုက်ခိုက်၍ နောက်တစ်နေ့တွင် ပင် အမေရိကန်စစ်တပ်ထဲ ဝင်ရောက် အမှုထမ်းခဲ့လေသည် ။

တော်မီဟောဂင်သည် ဥပဒေစာမေးပွဲ အောင်ပြီးနောက် နယူးဂျာစီနယ်မှ အီတလီအမျိုးအ

နွယ် မိန်း ကလေးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခဲ့၏။ မင်္ဂလာလက်ထပ်ပွဲကိုလည်း ဒွန်ကော်လီယွန်က နေအိမ်တွင် ပင် ကျင်းပခဲ့၏။ သူ အိမ်ထောင်ပြုပြီးနောက် ဒွန်ကော်လီယွန်က နောက်ပိုင်းစီးပွားရေးလုပ်ငန်း အတွက် အကူ အညီပေးမည့် အကြောင်း၊ ရှေ့နေလိုက်လိုပါက အမှုသည် များ ရှာပေးမည့် အကြောင်း အားပေးစကား ပြောကြားသောအခါ တော်မီက သူသည် ဒွန်ကော်လီယွန် လက်အောက်တွင် ပင် အမှုထမ်းလိုကြောင်း ပြောလိုက်ခဲ့၏။

အဘိုးကြီးသည် တော်မီ၏ စကားကို ကြားရသောအခါ အံ့အားသင့်သွားသော်လည်း စိတ်ထဲကတော့ သဘောကျသွားမိ၏။ ထို့နောက်

"နေပါဦး တော်မီရဲ့ ၊ မင်းက ငါ ဘယ်သူဆိုတာကို အမှန်သိရဲ့ လား" ဟု မေးလိုက်ရာ တော်မီဟေဂင် က ခေါင်းညိတ်လိုက်သည် ။

အမှန်တော့ သူသည် 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန်၏ 'အလုပ်'များကိုလည်းကောင်း၊ သူ၏ ဩဇာ အာဏာ မည်မျှကြီးမားသည် ကိုလည်းကောင်း ထိုအချိန်က ပြည့်ပြည့်စုံစုံ မသိသေးပါချေ။ အဘိုးကြီး၏ မူလ လူယုံတော် 'ဂင်ကို' ကင်ဆာရောဂါဖြစ်၍ ဆေးရုံတက်ရချိန်တွင် သူ့အား ခေတ္တ 'ကွန်ဆီလီယိုရီ' အဖြစ် တာဝန်ထမ်းဆောင်ရတော့မှ သာ အကြောင်းစုံကို သိလာခဲ့ရပေသည် ။

သို့ဖြစ်လင့်ကစား တော်မီသည် အဘိုးကြီး၏ မေးခွန်းကို ခေါင်းညိတ် ဖြေကြားခဲ့၏။

"ကျွန်တော်က ဆရာကြီးရဲ့ သားများ နည်းတူ သစ္စာရှိရှိ အမှုထမ်းချင်ပါတယ်"

ဟု လည်း ရဲဝံ့စွာ ပြောခဲ့သေး၏။ ဤတွင် အဘိုးကြီးသည် တော်မီအား သူတို့ ဆစ်စလီကျွန်းသားများ ဓလေ့ထုံးစံအတိုင်း မွေ့ဖက်နှုတ်ဆက်ပြီးနောက် သဘောတူလက်ခံခဲ့ရုံမက တော်မီအား သားအရင်းတစ် ယောက်ကဲ့သို့ပင် သဘောထား ဆက်ဆံခဲ့၏။ သို့သော် ရံဖန်ရံခါ အဘိုးကြီးက

"ဟော့ တော်မီ၊ မင်း မိဘများ ရဲ့ ဂုဏ်ကျေးဇူးကို ဘယ်တော့မှ မမေ့လေနဲ့ "

ဟု သတိပေး ဆုံးမသလို ပြောတတ်ပုံမှာ သူ့ကိုလည်း မမေ့ရန် သတိပေးသည့် သဘောမျိုး ဖြစ်ခဲ့ပေ သည် ။

ဒွန်ကော်လီယွန်သည် တော်မီဟေဂင်အား သူ၏ လက်အောက်တွင် အမှုထမ်းရန် သဘောတူလိုက် သော်လည်း တရားဥပဒေရေးရာ ကိစ္စများ တွင် အတွေ့အကြုံရအောင် ဆုံပြီး သုံးနှစ်တိတိ ရှေ့နေလိုက်စေသေး ၏။

အဘိုးကြီးနှင့် ရင်းနှီးပြီး ဩဇာညောင်းသော နာမည်ကျော် တရားရုံးရှေ့နေကြီးများ နှင့် လည်း တွဲ၍ လေ့လာခဲ့ရသေး၏ ယင်း အတွေ့အကြုံများက တော်မီအဖို့ နောက်ပိုင်းတွင်များ စွာအထောက်အကူ ဖြစ်စေခဲ့၏။

အထူးသဖြင့် သူသည် ရာဇဝတ်မှုခင်းဆိုင်ရာ တရားဥပဒေကို အလွန် ကျွမ်းကျင်လာခဲ့၏။ ထို့နောက် သူသည် 'ဂေါ်ဒ်ဖားသား'၏ လက်အောက်တွင် အချိန်ပြည့် အမှုထမ်းခဲ့ရာ ခြောက်နှစ်အတွင်း လုံးဝပြောစရာ အပြစ်မရှိအောင် အထူးကြိုးစား လုပ်ကိုင်ခဲ့၏။

ထို့ကြောင့် အဘိုးကြီး၏ 'ကွန်ဆီလီယိုရီ' ခေါ် လူယုံတော် ဂင်ကိုမမှာ၍ ဆေးရုံတက်ရ

သောအခါ တော်မီဟောဂင်က ယင်းနေရာတွင် ခေတ္တဝင်၍ တာဝန်ယူခဲ့ရခြင်းပင် ဖြစ်သည်။

***

လေယာဉ်သည် လော့စ်အိန်ဂျယ်လိစ်မြို့ လေဆိပ်သို့ ဆိုက်ရောက်သောအခါ မှောင်လျက်ပင် ရှိနေပါ သေးသည်။

တော်မီဟောဂင်သည် ဟိုတယ်တစ်ခုသို့ ဝင်ရောက်တည်းခို၍ ရေမိုးချိုး အဝတ်အစားလဲပြီးနောက် အရှေ့ဘက်မှ ရောင်နီဦးလာသည် ကိုကြည့်ရင်း ထိုင်စောင့်နေသည်။ နံနက်စာကိုလည်း သူ၏ ဟိုတယ်ခန်းထဲသို့ ပို့ပေးရန် မှာ ကြားလျက် အပန်းဖြေ အနားယူနေလေသည်။

နံနက် ၁၀ နာရီတိတိတွင် သူသည် ရုပ်ရှင်စ တူဒီယို အကြီးအကဲဂျက်ဝေါ့ခ် ဆိုသူနှင့် မဟာ့ ဆုံရန် ချိန်း ထားပြီး ဖြစ်၏။ သာမန်လူတို့ အနေဖြင့် ဂျက်ဝေါ့ခ် လို ရုပ်ရှင်နယ်မှ နာမည်ကြီးပုဂ္ဂိုလ်အား တွေ့ဆုံဖို့ အတွက် ရက်ချိန်းရရန်ပင် ခဲယဉ်းလှသည်။ သို့ရာတွင် တော်မီဟောဂင်သည် ဟောလိဝုဒ်ရုပ်ရှင်အလုပ်သမားသမဂ္ဂ၏ ဩဇာအာဏာရှိ လူတစ်ယောက်ဖြစ်သူ ဘီလီဂေါ့ဖ် ဆိုသူအား ချဉ်းကပ်၍ ဂျက်ဝေါ့ခ်နှင့် တွေ့ဆုံခွင့်ရအောင် ဖန် တီးယူနိုင်ခဲ့၏။

၎င်းသည် မှာ လည်း 'ဂေါ်ဒ်ဖားသား' ဒွန်ကော်လီယွန်၏ ဩဇာဖြင့် ပြေလည်ခဲ့ရခြင်းပင်တည်း။ အဘိုး ကြီးသည် တစ်ချိန်က အလုပ်သမား ခေါင်းဆောင်များအား ရက်ရောစွာ အကူအညီပေးခဲ့ရာမှ တဖြည်းဖြည်း ဩဇာအာ

ထာ ကြီးထွားလာခဲ့သူဖြစ်ရာ ယခု အမေရိကန်အနှံ့အပြားရှိ အလုပ်သမားသမဂ္ဂခေါင်းဆောင် အတော်များများ သည် ဂေါ်ဒ်ဖားသားအား ကျေးဇူးတုံ့ပြန်ရမည့် အခြေအနေတွင် ရှိနေကြ၏။

ထို့ကြောင့် ဂေါ်ဒ်ဖားသား၏ လူယုံဖြစ်သူ တော်မီက ရုပ်ရှင်သူဌေးဂျက်ဝေါ့ဇ်နှင့် တွေ့ဆိုလိုကြောင်း၊ အဘိုးကြီးခိုင်းသည့် ကိစ္စဖြစ်ကြောင်း ဖုန်းဆက်ပြောလိုက်သည် နှင့် အလုပ်သမားခေါင်းဆောင် ဘီလီဂေါ့ဇ် သည် ချက်ချင်းပင် အရေးယူဆောင်ရွက်ခဲ့တော့သည် ။

တော်မီဟေဂင်၏ အကြံပေးချက်အရ ဘီလီဂေါ့ဖ်သည် ရုပ်ရှင်သူဌေး ဂျက်ဝေါ့ဇ်အား ချဉ်းကပ်ရာတွင် အကယ်၍ တော်မီဟေဂင်နှင့် လက်ခံတွေ့ဆုံရန် ငြင်းလျှင်ဖြစ်စေ၊ တွေ့ဆုံဆွေးနွေးပြီးနောက် တော်မီဟေဂင်က မကျေမနပ်ဖြစ်ပြီး ပြန်ရလျှင်ဖြစ်စေ သူ၏ ရုပ်ရှင်စတူဒီယို၌ အလုပ်သမားများ သပိတ်မှောက်မည့် အလားအလာ ရှိနေကြောင်းကိုပါ အရိပ်အမြွက်ပြောလိုက်၏။ ဂျက်ဝေါ့ဇ်သည် တော်မီဟေဂင်နှင့် နံနက် ၁၀ နာရီ တွင် လက်ခံတွေ့ဆုံရန် သဘောတူလိုက်သော်လည်း ဘီလီဂေါ့ဖ်၏ သပိတ်မှောက်မည်ဟု ခြိမ်းခြောက်မှုကိုကား ကြောက်လည်း မကြောက်၊ ဂရုစိုက်ဟန်လည်း မတူကြောင်း တော်မီက သိခဲ့ရ၏။

သူသည် ဟိုတယ်အခန်းထဲ၌ ထိုင်စောင့်ရင်း ရုပ်ရှင်သူဌေး ဂျက်ဝေါ့ဇ် အကြောင်း စဉ်းစားနေမိလေ သည် ။ လူချင်းတွေ့ဆုံရန် နံနက် ၁၀ နာရီ ချိန်းလိုက်ခြင်းကပ

င်လျှင် ဂျက်ဝေါ့ခ်အနေဖြင့် တော်မီအား အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက် မဟုတ်သလို သဘောထားကြောင်း ထင်ရှားနေ၏။ ဆယ်နာရီချိန်းခြင်းကြောင့် နေ့လယ်စာစားရန် ဖိတ်ကြားခြင်း မပြုလိုကြောင်းလည်း သိသာနေ၏။ အတိုချုပ်အားဖြင့် ဂျက်ဝေါ့ခ်သည် လွယ်လွယ်နှင့် လိုက်လျောမည့် သူမဟုတ်ကြောင်း ကြိုတင်တွက်၍ ရနေ၏။

သူ ထင်သည့် အတိုင်းပင်လျှင် ဂျက်ဝေါ့ခ်သည် တော်မီဟောဂင်အား ဂရုမစိုက်ကြောင်း တွေ့ရှိရလေ သည် ။ ချိန်းထားသည့် အတိုင်း တော်မီက ဆယ်နာရီတိတိ ရောက်အောင်သွားသော်လည်း ချက်ချင်း မတွေ့ ရဘဲ နာရီဝက်ကျော်ကျော် အခန်းအပြင်တွင် ထိုင်စောင့်နေခဲ့ရ၏။ ဤကား သူ့အား တစ်မျိုးနှိမ်ခြင်းဖြစ်မှန်းသိ သော်လည်း တော်မီသည် စိတ်ရှည်ရှည်ဖြင့် ထိုင်စောင့်နေခဲ့၏။

ယင်းသို့ ထိုင်စောင့်နေရင်းက သူကဲ့သို့ပင် ရုပ်ရှင်သူဌေး ဂျက်ဝေါ့ခ်အား တွေ့ရန် လာစောင့်နေသူ အခြားဧည့်သည် များ အနက် အသက် ၁၂ နှစ်အရွယ်ခန့် ကလေးမလေးတစ်ယောက်ကို တော်မီက သတိပြုမိလေ သည် ။ ငယ်ငယ်ရှိသော်လည်း ရုပ်ရည်က အလွန်လှပချောမောသူကလေး ဖြစ်၏။

ပင်လယ်ပြာအရောင် မျက်လုံးများ နှင့် နီထွေးလှပသော နှုတ်ခမ်းများ သည် လည်းကောင်း၊ ဦးခေါင်း ပေါ်မှ ရွှေဝါရောင်အဆင်းရှိသည့် ဆံပင်သည် လည်းကောင်း ကလေးမ၏ တင့်တယ်ခြင်း ကျက်သရေကို ဖြည့် တင်းထားဘိသကဲ့သို့ ရှိ၏။

မိန်းကလေး၏ အနီးတွင် ကား မိခင်နှင့် တူသူ မျက်နှာပေါက်ဆိုးဆိုး မိန်းမကြီးတစ်ယောက် ထိုင်နေ၏။ ဒီသားအမိဟာ ဘာကိစ္စ ရုပ်ရှင်သူဌေးထံ လာတွေ့ပါလိမ့်မည်နည်းဟု တော်မီပောဂင်က စဉ်းစားနေမိပါသေး သည် ။

နာရီဝက်ကျော်ကျော် ထိုင်စောင့်နေပြီးမှ တော်မီသည် ဂျက်ဝေါ့ဇ်၏ ရုံးခန်းတွင် သို့ ဝင်ခွင့်ရတော့သည် ။ ရုံးခန်းကလည်း အဖိုးထိုက်တန်သော ပရိဘောဂများ ဖြင့် တန်ဆာဆင် မွမ်းမံထားသဖြင့် အလွန် ခန့်ညားလှပါ ၏။

ဂျက်ဝေါ့ဇ်ဆိုသူကား အရပ်မြင့်မြင့် ဗလကောင်းကောင်း လူတစ်ယောက် ဖြစ်လေသည် ။ သူ၏ ဗိုက်ရွှဲ ကြီးကိုလည်း အလွန်ကောင်းမွန်စွာ ချုပ်လုပ်ထားသော ဝတ်စုံဖြင့် ဖုံးအုပ်၍ထား၏။ တော်မီပောဂင်သည် ဂျက်ဝေါ့ဇ်၏ ကိုယ်ရေးရာဇဝင် နောက်ကြောင်းကို ကြိုတင်လေ့လာထားပြီးဖြစ်၍ သိနှင့် နေ၏။ သူသည် ငယ် စဉ်က အမေရိကန်ပြည် အရှေ့ဘက်ကမ်းရိုးတန်း၌ လမ်းပေါ်တွင် တောက်တိုမည်ရ အလုပ်လုပ်ခဲ့ရသူ ဆင်းရဲ နွမ်းပါးသော သူငယ်တစ်ဦး ဖြစ်ခဲ့၏။

အသက် ၂၀ ရွယ်ခန့်က ဂျက်ဝေါ့ဇ်သည် သူ၏ ဖခင်နှင့် အတူ အဝတ်အထည် ချုပ်လုပ်သူများ အပေါ် ခေါင်းပုံဖြတ်မိုက်ကြေးခွဲခဲ့ဖူး၏။ အသက်သုံးဆယ်ခန့်တွင် သူသည် အနောက်ဘက်ကမ်းရိုးတန်း ကာလီဖိုးနီး ယားပြည်နယ်သို့ ပြောင်းရွှေ့ အခြေစိုက်ပြီး ရရာအလုပ်တွေလျှောက်လုပ်ရင်းက ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းကို စတင် လုပ်မိခဲ့သည် ။ အချိန်ကောင်း ခေတ်ကောင်းကို မိလိုက်သဖြင့် အောင်မြင်မှု ရရှိ

လာကာ အသက် ၄၈ နှစ် အရွယ်တွင် ဂျက်ဝေါ့ဇ်သည် ဟောလိဝုဒ်ရုပ်ရှင်လောက၌ ဩဇာကြီးမားသော ထုတ်လုပ်သူတစ်ဦး ဖြစ်လာခဲ့၏။

ပင်ကို ဗီဇအားဖြင့် စိတ်ကြမ်း ကိုယ်ကြမ်း ဖြစ်ခဲ့သောကြောင့် ရုပ်ရှင်သူဌေး ဖြစ်လာသည့် တိုင်အောင် သူသည် စရိုက်ကြမ်းသော လူတစ်ယောက်ပင် ဖြစ်နေခဲ့၏။

ကာမဂုဏ်ကြူးသူ တစ်ယောက်လည်း ဖြစ်သည့် အလျောက် ဟောလိဝုဒ် ရုပ်ရှင်လောကသို့ ချဉ်းကပ် ဝင်ရောက်လာသူ ရုပ်ရှင်ရူးမကလေးတွေ၊ မြီးကောင်ပေါက်မကလေးတွေ အတော်များများကို သူသည် ဖျက်ဆီး ခဲ့၏။

သို့ရာတွင် အသက် ၅၀ ပြည့်သောအခါ ဂျက်ဝေါ့ဇ်သည် သူ့ကိုယ်သူ ရည်မွန်သော လူကြီးလူကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားပြောင်းလဲခဲ့၏။ ပရိသတ်ရှေ့ စကားပြောနည်းသင်တန်းများ တက်ခဲ့၏။

မင်းပွဲစိုးပွဲများ ၌ တိကျမှန်ကန်စွာ ဝတ်စားဆင်ယင်နည်းကို ဗြိတိသျှ လူမျိုးတစ်ဦးထံမှ သင်ကြားခဲ့၏။ ဧည့်ခံပွဲများ ညစာ စားပွဲများ ၌ မည်သို့မည်ပုံ ပြုမူရမည်ကိုလည်း ကျွမ်းကျင်ဝါရင့်သော အင်္ဂလိပ်စားပွဲထိုးထံမှ သင်ကြားခဲ့၏။ သူ၏ ပထမဇနီး ကွယ်လွန်သွားသောအခါ ဂျက်ဝေါ့ဇ်သည် ကမ္ဘာကျော် နာမည်ကြီး ရုပ်ရှင်မင်း သမီးချောတစ်ဦးကို လက်ထပ်ယူခဲ့၏။

ယခု သူသည် အသက် ၆၀ ရှိနေပေပြီ။ အမေရိကန်သမ္မတ၏ ရုပ်ရှင်လုပ်ငန်းဆိုင်ရာ အကြံပေးအဖွဲ့ ဝင်တစ်ဦးလည်း ဖြစ်လာပေပြီ။

သူ၏ သမီးတစ်ယောက် ဗြိတိသျှနယ်စား

တစ်ဦးနှင့် အိမ်ထောင်ကျခဲ့ပြီး သူ၏ သားက
လည်း အီတလီ မှ မင်းမျိုးမင်းနွယ် မင်းသမီး
တစ်ဦးနှင့် ထိမ်းမြားလက်ထပ်နိုင်ခဲ့၏။

သူသည် 'မီလျံနာ' ခေါ် သန်းကြွယ်သူဌေး
တစ်ဦး ဖြစ် လာပြီးနောက် ယခု နောက်ဆုံး ဝါ
သနာပါ၍ လိုက်စားနေသည် ကား
ပြိုင်မြင်းများကို စနစ်တကျ အကြီးအကျယ်
မွေးမြူခြင်းပင် ဖြစ်လေသည်။

ရုပ်ရှင်မဂ္ဂဇင်းစာစောင်များက သူ၏ ပြိုင်မြ
င်းများ အကြောင်းကိုလည်း အရေးတယူ ရေး
သား ဖော်ပြ ကြလေသည်။ သူသည် မကြာ
သေးမီက ကမ္ဘာကျော်အောင် နာမည်ကြီးသော
ဗြိတိသျှပြိုင်မြင်းဖြစ်သည့် ခါတွမ်း ခေါ် မြင်း
တစ်ကောင်ကို မကြားစဖူး ဒေါ်လာငွေ
(၆)သိန်းပေး၍ ဝယ်ယူခဲ့ပြီး ထိုမြင်းကို နောက်
ထပ်ပြိုင်ပွဲမဝင် စေတော့ဘဲ သားစပ်ရန်အတွ
က် သီးသန့်ထားရှိခဲ့၏။

အဆိုပါပြိုင်မြင်း ခါတွမ်းကို ဂျက်ဝေါ့ဇ်သ
ည် အလွန်တန်ဖိုးထားမြတ်နိုးသည် ဟု
ကျော်ကြားနေခဲ့ လေသည်။

တော်မီဟောဂင်သည် ရုံးခန်းထဲသို့ ဝင်လိုက်
သည် နှင့် တစ်ပြိုင်နက် ဂျက်ဝေါ့ဇ်က ပြုံးကာ
ရယ်ကာဖြင့် ဧည့်ဝတ်ပျူငှာစွာပင် လက်ခံနှုတ်
ဆက်လိုက်သည်။

တော်မီက အကဲခတ်ကြည့်လိုက်ရာ ဂျက်
ဝေါ့ဇ်သည် အဖိုးတန် အကောင်းဆုံး အဝတ်အ
စားများ ဝတ် ဆင်ခြင်း၊ မျက်နှာကို အလှကုန်ပ
စ္စည်းအမျိုးမျိုးဖြင့် ပြုပြင်မွမ်းမံထားခြင်း စသ
ည် တို့ လုပ်ထားလင့်ကစား အသက်အရွယ် အို
မင်းရင့်ရော်ခြင်းတည်းဟူသော ဇရာသဘာဝ

တရားကိုကား တားဆီးနိုင်စွမ်းမရှိကြောင်း ရိပ်စားမိလေသည်။

သူ၏ အသက် ၆၀ ရှိမှန်းလည်း သိသာထင်ရှားနေ၏။ သို့ရာတွင် ဂျက်ဝေါ့ဇ်သည် 'ဂေါ့ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန်ကဲ့သို့ပင် လူတကာအပေါ် ဩဇာလွှမ်းမိုးနိုင်ကြောင်း ပေါ်လွင်သည့် ဥပဓိရုပ်မျိုး ရှိကြောင်းကို လည်း သတိပြုမိလိုက်သည်။

တော်မီဟောဂင်သည် စကားကို ရှည်ရှည်ဝေးဝေး ပဏ္ဏာမပျိုးမနေတော့ဘဲ လိုရင်းကိုတွဲ တိုးပင် စတင် ဖွင့်ပြောလိုက်သည်။ သူသည် ဂျော်နီဖွန်တိန်း၏ မိတ်ဆွေရင်းတစ်ဦး ကိုယ်စားလှယ်အဖြစ် လာရောက်ခြင်းဖြစ် ကြောင်း၊ ယင်းမိတ်ဆွေမှာ လည်း အလွန်ဩဇာအာဏာ ကြီးမားသူဖြစ်ပြီး အရေးအကြောင်းရှိပါက မစ္စတာဂျက် ဝေါ့ဇ်အား လိုသည့် အကူအညီပေးပါမည်ဟု ကတိပြုမိကြောင်း၊ လောလောဆယ်တွင် ထိုမိတ်ဆွေက ဂျော်နီဖွန် တိန်းအား ဂျက်ဝေါ့ဇ်၏ ရိုက်ကူးဆဲဆဲ ရုပ်ရှင်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ခွင့် ပေး ပါဟု မေတ္တာရပ်ခံလိုကြောင်း ခပ်တိုတိုပင် ပြော လိုက်လေသည်။

ဂျက်ဝေါ့ဇ်သည် တော်မီဟောဂင်က 'ဂေါ့ဒ်ဖားသား'၏ ဩဇာအကြောင်း အရိပ်အမြွက်မျှပြောသည် ကို လုံးဝလေးစားအထင်ကြီးပုံမရချေ။

"နေပါဦး၊ အဲဒီမိတ်ဆွေက ကျုပ်လိုလူကို ဘာအကူအညီများ ပေးနိုင်မှာ မို့လဲ"

လူတစ်ဖက်သားကို အထင်အမြင်သေးသည့် လေသံမျိုးဖြင့် ဂျက်ဝေါ့ဇ်က ပြောလိုက်

**သော်လည်း တော်မီဟောင်သည် စိတ်ရှည်ရှ**
ည်ထား၍ ဖြေရှင်းရန် ဆုံးဖြတ်လိုက်သည်။

"ဒီလိုရှိပါတယ်။ ခင်ဗျားတို့ ရုပ်ရှင်စတူဒီယို
မှာ အလုပ်သမား ပြဿနာဖြစ်လာနိုင်တဲ့ အရိ
ပ်အယောင် ရှိနေတယ်မဟုတ်လား။ ကျွန်
တော့်ရဲ့ မိတ်ဆွေကြီးကဆိုရင် အဲဒီ အလုပ်သ
မားပြဿနာ လုံးဝပပျောက် အေး ချမ်းသွားစေ
ရမယ်လို့ အခိုင်အမာ အာမခံချက်ပေးနိုင်တယ်
။ နောက်ပြီး ခင်ဗျားတို့ ရုပ်ရှင်စတူဒီယိုအတွ
က် ဝင်ငွေအလွန်ကောင်းတဲ့ နာမည်ကြီး ရုပ်ရှ
င်မင်းသားတစ်ယောက်ဟာ ဆေးခြောက်စွဲနေ
ရာက အခုတော့ ဟီး ရိုးအင်း (ဘိန်းဖြူ)
စွဲနေပြန်ပြီ။ ကြာရင် ဒီမင်းသား မုချပျက်စီးပြီး
ကျဆင်းရတော့မယ်။ ကျွန်တော့်မိတ်ဆွေ အ
နေနဲ့ အဲဒီရုပ်ရှင်မင်းသားကို ဟီးရိုးအင်း လုံး
**လုံးဝယ်မရအောင်**
ဖန်တီးပေးလိုက်ခြင်းအားဖြင့် ပြတ်သွား နိုင်
တယ်။ ဒါကိုလည်း အာမခံချက်ပေးနိုင်တယ်။
ဒါတင် မကသေးဘူး။ ခင်ဗျားမှာ ဘယ်လိုအခ
က်အခဲ ပြဿ နာပဲပေါ်ပေါ် ကျွန်တော့်ဆီ ဖုန်း
လှမ်းဆက် ပြောလိုက်ရုံနဲ့ ခင်ဗျားရဲ့ ပြဿနာ
ဟာ ပြေလည်ချောမောသွား နိုင် တယ်"

တော်မီဟောင်
ဤသို့ပြောလိုက်သော်လည်း အခြောက်တိုက်
လာကြွားနေသည် ဟု ပင် ဂျက်ဝေါ့ဇ်က ထင်
လိုက်ပုံရလေသည်။

"ဘာလဲ၊ အခုဟာက ကျုပ်ကို ခင်ဗျား
လာပြီး ခြိမ်းခြောက် အကျပ်ကိုင်နေတာလား"

"မဟုတ်ရပါဘူးခင်ဗျာ၊ ကျွန်တော်က မိတ်
ဆွေတစ်ယောက်အတွက် ခင်ဗျားဆီမှာ လာအ

ကူအညီ တောင်းနေတာပါ။ ဒီလို ကူညီခြင်းအားဖြင့် ခင်ဗျားအဖို့ အကျိုးမယုတ်နိုင်ပါဘူးလို့ ဆိုလိုခြင်းသာ ဖြစ်ပါတယ်"

တော်မီက ဤသို့ လေအေးအေးနှင့် ပြောလိုက်ရာတွင် ဂျက်ဝေါ့ခ်သည် ဟန်မဆောင်နိုင်တော့ဘဲ ဒေါသ ထွက်လာတော့သည် ။

သူ၏ ပါးစပ်က ရွှံ့လာပုံမှာ တကယ့်လူမိုက်တစ်ယောက် အသွင်မျိုးဖြစ်လာ၏။ စကားပြောပုံကလည်း စောစောကလို လူကြီးလူကောင်း တစ်ယောက်၏ လေသံမျိုး မဟုတ်တော့ချေ။

"ဟေ့ ရှင်းရှင်းပြောလိုက်စမ်း။ မင်းရဲ့ ဆရာကြီးကိုလည်း တစ်ဆင့်ပြောပြလိုက်ပါ၊ ဂျော်နီဖွန်တိန်း ဆိုတဲ့ အကောင်ကို ကျုပ်ရဲ့ ရုပ်ရှင်ကားထဲမှာ ဘယ်တော့မှ ပါဝင်သရုပ်ဆောင်ခွင့် မပေးဘူး။ မင်းတို့ က မာဖီး ယားဂိုဏ်းပင်လူမိုက်တွေ ဘယ်နှယောက်ပဲလွှတ်လွှတ် မကြောက်ဘူး။ ဟေ့ ဒီမယ် မင်းသိအောင်ပြော လိုက်ရဦးမယ်။ အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ် အဂ္ဂါဟူးဗားဆိုတာ ကြားဖူးတယ် မဟုတ်လား။ မင်းတို့ အခုလို လာခြိမ်းခြောက်နေကြောင်း မစ္စတာဟူးဗားကို ငါက တစ်ခွန်းပြောလိုက်ရုံနှင့် မင်းတို့ကောင်တွေ ဘာမှန်းမသိလိုက်ဘဲ ပြုတ်ထွက်သွားလိမ့်မယ် နားလည်ရဲ့ လား"

ဂျက်ဝေါ့ခ်က ဒေါသတကြီးနှင့် ပြောင်ခြိမ်းခြောက်သည် ကို တော်မီဟောဂင်သည် အပြုံးမပျက် ခပ် အေးအေးပင် နားထောင်နေလိုက်သည် ။ စောစောပိုင်းက သူ့အနေဖြင့် ဂျက်ဝေါ့ခ်လိုပုဂ္ဂိုလ်သည် ဤမျှ စည်း လွတ်ဝါး

လွတ် ဒေါသတကြီး ဖြစ်လိမ့်မည်ဟု ပင် မထင်မိခဲ့။ သည် လိုစိတ်ကို မထိန်းနိုင်သူတစ်ဦးက ဒေါလာငွေ သန်းချီကြွယ်ဝသည့် ရှယ်ရှင်သူဌေးကြီး ဖြစ်လာခြင်းသည် ပင်လျှင် အံ့သြစရာ ဖြစ်နေတော့သည် ။

သို့ဖြစ်လင့်ကစား တော်မီဟောဂင်သည် 'ဂေါ့ဒ်ဖားသား'၏ လူယုံတပည့်ပီပီ လုံးဝဒေါသမထွက်ဘဲ အသာပြုံး၍ နေနိုင်ခဲ့၏။ သူသည် ဤသို့ ဒေါသချုပ်ထိန်းပြီး စိတ်ရှည်ရှည်ထား၍ စေ့စပ်ဆွေးနွေးနည်းကို သူ့ ဆရာကြီး ဒွန်ကော်လီယွန်ထံမှ တစ်ဆင့် လေ့လာတတ်မြောက်ထားခဲ့ခြင်း ဖြစ်၏။

"ဘယ်တော့မှ ဒေါသမထွက်စေနဲ့ ၊ လူတစ်ဖက်သားကိုလည်း ဘယ်တော့မှ မခြိမ်းခြောက်လေနဲ့ ၊ ခေါင်းအေးအေးထားပြီး အကျိုးအကြောင်း ရှေရှေလည်လည်ပြောရင်း စေ့စပ်ဆွေးနွေးယူရမယ်"

ဤသို့လျှင် 'ဂေါ့ဒ်ဖားသား'က သွန်သင်ပြောပြခဲ့ဖူး၏။ တစ်ခါက အဘိုးကြီး ဒွန်ကော်လီယွန်သည် အကြမ်းဖက်သမား လူမိုက်ခေါင်းဆောင် တစ်ဦးနှင့် ရှစ်နာရီကြာမျှ ထိုင်၍ စေ့စပ်ဆွေးနွေးခဲ့ပုံကို တော်မီဟော ဂင်ကိုယ်တိုင် မြင်ဖူး၏။ အဘိုးကြီးက ထိုလူမိုက်ခေါင်းဆောင်၏ အပြုအမူလုပ်နည်းလုပ်ဟန်များကို ပြုပြင် ရန် ဖျောင်းဖျပြောဆိုသည် ကို လက်မခံရုံမက ထိုလူသည် လူမိုက်ပီပီ အဘိုးကြီးအား အမျိုးမျိုး ထိခိုက်ပုတ်ခတ် သည့် စကားများ ပြော၏။ သို့ရာတွင် 'ဂေါ့ဒ်ဖားသား' သည် လုံးဝဒေါသမထွက်ဘဲ ရှစ်နာရီလုံးလုံး သည်းခံ၍ နေခဲ့၏။ မည်သို့မျှ နားလည်မှုရ

အောင် ဖျောင်းဖျပြောဆို၍ မရတော့မှ အဘိုးကြီးသည် လက်လျှော့ခဲ့တော့၏။ နောက် နှစ်လမျှ ကြာသောအခါ လူမိုက်ခေါင်းဆောင် သည် သူသွားနေကျ ဆံပင်ညှပ်ဆိုင်ထဲ ဝင်ပြီး ဆံပင်ညှပ် နေခိုက် အမည်မသိ လူဆိုးများကဝ င်၍ သေနတ်ဖြင့် ပစ်သတ်ခြင်းကြောင့် သေခဲ့ ရလေသည် ။

ယခုလည်း တော်မီဟောဂင်သည် သူ့ဆရာ ' ဂေါ့ဒ်ဖားသား'၏ မူအတိုင်း ဂျက်ဝေါ့ဇ်က ဒေါ သတကြီး ရန်စကားပြောသည် ကို မည်သို့မှ စိ တ်မဆိုးဘဲ ခပ်အေးအေးပင် သူ၏ နာမည်က တ်ပြားကလေးတစ်ခုကို ထုတ်ယူ၍ စားပွဲပေါ် တွင် ချပြလိုက်သည် ။

"ဟောဒီမယ် ကျွန်တော့်ရဲ့ နာမည်ကတ်ပြားကို ကြည့်ပါဦး။ ကျွန်တော် ဟာ ဥပဒေဘွဲ့ရ ရှေ့နေတစ် ယောက်ပါ။ ကျွန် တော့်အနေနဲ့ တရား ဥပဒေနဲ့ ဆန့်ကျင်တဲ့ အ လုပ်မျိုး ဝင်လုပ်ပါ့မလား။ အခု ကျွန်တော်လို ချင်တာက ဂျော်နီဖွန်တိန်းကို လူကြီးမင်းရဲ့ ရု ပ်ရှင်ကားထဲမှာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ခွင့်ပေးဖို့ ပါပဲ၊ ဝတ္ထုဇာတ်လမ်းအရ ခေါ င်းဆောင်နေရာ ဇာတ်ကောင်ဟာ ဂျော်နီနဲ့ လ ည်း အလွန်အံဝင် ကိုက်ညီနေကြောင်း ခင်ဗျား ကိုယ်တိုင် ဝန်ခံဖူးတယ်လို့ ဂျော်နီက ပြောဖူးပါတယ်။ ဒီအခွင့်အရေးကလေး ပေးမ ယ်ဆိုရင် ကျွန်တော် တို့ ဘက်က ဘယ်လိုစည်း ကမ်းချက်မျိုးမဆို လိုက်လျှောဖို့ အသင့်ရှိပါတ ယ်။ ဥပမာ ဒီဇာတ်ကားကို ဂျော်နီနဲ့ ရိုက်လို့ ရှုံး မယ်ထင်ရင်လည်း ဇာတ်ကားထုတ်လုပ်မှု ကု န်ကျစရိတ်ကို ကျွန်တော့်ရဲ့ မိတ်ဆွေကြီးက စို က်ထုတ်ရင်းနှီးပါမယ်။ လူကြီးမင်းဟာ အက်

သိပါတယ်။ ဒါကို လည်း ကျွန်တော့်ရဲ့ ဆရာကြီးက လေးစားပါတယ်။"

တော်မီဟောဂင်၏ စကားထဲတွင် ငွေကြေးစိုက်ထုတ် ကုန်ကျခံမည်ဟု ပါသွားသည် တွင် ဂျက်ဝေါ့ခ် သည် ချက်ချင်း စိတ်ဝင်စားဟန်ဖြင့် မျက်နှာအမူအရာ ရုတ်ခြည်း ပြောင်းသွားတော့သည်။

"အခုပြောနေတဲ့ ရုပ်ရှင်ကားထုတ်လုပ်မှုစရိတ်က ဘယ်လောက်ကုန်မယ်ဆိုတာ သိလို့လား။ ကျုပ်တို့ လျာထားချက်အရဆိုရင် ဒေါ်လာငါးသန်း ကုန်ကျမယ်"

"ဟုတ်လား၊ ထိပ်တန်းဇာတ်ကားကြီးမျိုးပေါ့။ဒါပေမဲ့ ကျွန်တော့်ဆရာကြီးအနေနဲ့ ကသူဘာပဲလုပ် လုပ် သူ့နောက်က ဝိုင်းကူညီအများကြီးရှိပါတယ်။"

တော်မီဟောဂင်သည် ဒေါ်လာငွေငါးသန်းကို အရေးမစိုက်သည့် လေသံဖြင့် ပြန်ပြောလိုက်ပါသည်။

ဤတွင် ဂျက်ဝေါ့ခ်သည် တော်မီဟောဂင်၏ စကားကို လေးလေးနက်နက် စဉ်းစားမည့် ဟန်မျိုး ဖြစ်လာ လေသည်။ သို့သော် တော်မီသည် ချက်ချင်းပင် ထိုင်ရာမှ ထလျက်

"ကိုင်း၊ လူကြီးမင်းရဲ့ အချိန်ကို ကျွန်တော်က ကြာရှည်ဖြုန်းမနေတော့ပါဘူး။ စိတ်ဝင်စားမယ်ဆိုရင် တော့ ကျွန်တော်တည်းတဲ့ ဟိုတယ်ကို ဖုန်းဆက်ပြီး ဆက်သွယ်နိုင်ပါတယ်။ တစ်ခုတော့ အစီရင်ခံခဲ့ချင်ပါ တယ်။ ကျွန်တော့်ရဲ့ ဆရာကြီးဟာဆိုရင် ခင်ဗျားအတွက်

အက်ဖ်ဘီအိုင်အဖွဲ့ညွန်ကြားရေးမှူး မစ္စတာဟူးဗား တောင်မှ မတတ်နိုင်တဲ့ ကိစ္စမျိုးတွေမှာ အကူအညီ ပေးနိုင်ပါတယ်။"

ဟု ပြောပြောဆိုဆို နှုတ်ဆက်ပြီး ထပြန်လာခဲ့လေသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် တော်မီဟောဂင်သည် ဟိုတယ်၌ ရှိနေစဉ် ရပ်ရှင်သူဌေး ဂျက်ဝေါ့ခ်၏ အတွင်း ရေးမှူးထံမှ တယ်လီဖုန်းလာသဖြင့် နားထောင်လိုက်သောအခါ ထိုနေ့ညဘက်တွင် တော်မီအား မစ္စတာဝေါ့ခ် က ညစာစားပွဲဖြင့် တည်းခင်းဧည့်ခံလိုကြောင်း ဖိတ်ကြားလေသည်။

ထမင်းစားပွဲ ကျင်းပမည့် နေရာကား မြို့ဆင်ခြေဖုံးရှိ ဂျက်ဝေါ့ခ်၏ သီးသန့်အိမ်ဖြစ်ပြီး မော်တော်ကား ဖြင့် သုံးနာရီခန့် မောင်းရမည်ဖြစ်ကြောင်း၊ ဟော်မီမဟောဂင်အတွက် မော်တော်ကား လွှတ်လိုက်မည်ဖြစ်ကြောင်း ကိုလည်း ပြောလေသည်။

ထို့ပြင် တော်မီဟောဂင် အနေဖြင့် နောက်တစ်နေ့ နံနက်စောစော လေယာဉ်ကွင်းသို့ တိုက်ရိုက်သွားနိုင် ရန်အတွက် ညစာစားပွဲအလာတွင် အဝတ်အစား သေတ္တာကိုပါ တစ်ပါတည်းယူလာလျှင် ကောင်းမည်ဟု မစ္စတာဝေါ့ခ်က အကြံပေးပါကြောင်းဖြင့် အတွင်းရေးမှူးက ပြောလိုက်သေး၏။

တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် တော်မီဟောဂင်သည် စဉ်းစားနေမိလေသည်။ သူသည် နောက်တစ်နေ့ နံနက်စောစောလေယာဉ်ဖြင့် နယူးယောက်သို့ပြန်ရန်

စီစဉ်ထားကြောင်းကို ဂျက်ဝေါ့ဇ်က မည်သည့်
နည်းဖြင့် ကြိုတင်သိထားနှင့် ပါသနည်း။ သိနိုင်ရန် တစ်ခုတည်းသောနည်းကား ဂျက်ဝေါ့ဇ်သည် ကြေး စားစုံထောက်ငှား၍ တော်မီဟောဂင်၏ နောက်သို့ လိုက်စေကာ သူ့အကြောင်းတွေစုံစမ်းပြီး ပြန်လည်သတင်းပို့ အစီရင်ခံစေသည့် နည်းပင် ဖြစ်ရမည်ဟု တွက်မိလေသည်။

ဤအတိုင်းဆိုလျှင် ဂျက်ဝေါ့ဇ်အနေဖြင့် တော်မီဟောဂင်၏ 'မိတ်ဆွေ' သို့မဟုတ် ဆရာကြီးသည် ဒွန်ကော်လီယွန် (ဂေါ်ဒ်ဖားသား) ဖြစ်ကြောင်း သိသွားပြီး ဖြစ်ပေမည်။ သိသွား၍ လည်း ယခုသူ့အား အရေး တယူ ညစာစားပွဲသို့ ဖိတ်ခေါ်ခြင်းပေလောဟု တော်မီဟောဂင်က တွေးနေမိလေသည် ။

လော့စ်အိန်ဂျယ်လ်စ်မြို့ ဆင်ခြေဖုံး ခပ်လှမ်းလှမ်းရှိ ဂျက်ဝေါ့ဇ်၏ နေအိမ်ကား ရုပ်ရှင်ထဲက 'ဆက် တင်' တစ်ခုကဲ့သို့ အလွန်ခမ်းနားသေသပ်လှပါသည် ။ အလွန်ကျယ်ဝန်းသော ဝင်းခြံကြီးအတွင်း အိမ်က အလယ်ဗဟိုတွင် ဆောက်ထားပြီး အိမ်နှင့် မလှမ်းမကမ်းတွင် ပြိုင်မြင်းများ ထားရန် မြင်းဇောင်းများ ၊ မြင်းစား ကျက်များကိုလည်း ဖန်တီးပြုလုပ်ထား၏။ အိမ်ရှေ့တည့်တည့် မြေကွက်လပ်တွင် မြက်ခင်းပြင်များ ၊ ပန်းအလှ စိုက်ပျိုးထားသည့် ပန်းရုံများကလည်း အလွန်သေသပ် ကြည့်ကောင်းလှ၏။

တော်မီဟောဂင် ရောက်သွားသောအခါ ဂျက်ဝေါ့ဇ်သည် လေအေးစက် တပ်ဆင်ထားသည့် ဧည့်ခန်းကြီး၌ ခရီးဦးကြိုပြုကာ ကောင်းစွာဧည့်ခံလေသည် ။ ရှေ့ဦးစွာ တော်မီအား အရက်ဖန်ခွက်တစ်ခွက် လှမ်းပေးလိုက်သည် ။ ဂျက်ဝေါ့ဇ်၏ မျက်နှာအမူအရာကလည်း နံနက်ပိုင်းကလို မဟုတ်တော့ဘဲ ပြုံးပြုံးရွှင်ရွှင်နဲ့ အလွန်ဖော်ရွေစွာ ဆက်ဆံနေသဖြင့် တော်မီပင်လျှင် အံ့အားသင့်နေမိတော့သည် ။

"ဒီမယ် တော်မီ၊ ကျုပ်က မောင်ရင့်အကြောင်း စုံစမ်းကြည့်လို့ သိရပါပြီ။ ကိုယ့်လူက စောစောထဲက ဒွန်ကော်လီယွန်ရဲ့ လူဖြစ်တာကိုပြောဖို့ ကောင်းတယ်။ ကျုပ်က

တောလေကြမ်းပိုး လူမိုက်ပေါက်စ တစ်ယောက်က လွှတ်ပြီး ခြိမ်းခြောက်ခိုင်းတယ်လို့ ထင်ခဲ့မိတယ်။ ကျုပ်ဆိုတဲ့ ကောင်ကလည်း ဒီလို အပေါစားလူမိုက်တွေ လာလိမ့်လို့ ရတဲ့ လူ မဟုတ်ဘူး ။ ကိုင်းထားပါတော့လေ။ အလုပ်ကိစ္စအကြောင်းကို ညစာစားပြီးမှ ပဲ အေးအေးဆေးဆေး ပြောကြတော့ပေါ့။ လောလောဆယ်တော့ ပျော်ပျော်ပါးပါး၊ နေကြရအောင်။ ပြောနေကြတာတယ်။ အခုဆိုရင် ဒင်နာမစားမီ အချိန်နည်းနည်း ရှိသေးတယ်။ လာပါ ကျုပ်ရဲ့ ပြိုင်မြင်းတွေကို လိုက်ကြည့်ပါဦး”

ဤသို့ ပြောရင်းနှင့် ဂျက်ဝေါ့ဇ်သည် တော်မီဟောဂင်၏ ပခုံးကို ရင်းရင်းနှီးနှီးဖက်ကာ မြင်းဇောင်းရှိ ရာသို့ ခေါ်သွားသဖြင့် တော်မီလည်း မငြင်းသာဘဲ လိုက်သွားရပါတော့သည် ။

မြင်းဇောင်း ဆိုသော်လည်း ဟော်တယ်ဆောင်များ သော သာမန် သူလိုငါလို မြင်းဇောင်းမျိုး မဟုတ်ပါချေ။ ပြိုင် မြင်းများကား အဖိုးထိုက်တန်လှသည် ဖြစ်၍ အစစအရာရာ လုံခြုံစိတ်ချရအောင် အထူးတလည် စီမံ၍ ထားပုံက အံ့သြစရာပင် ကောင်းနေ၏။ ကျန်းမာရေးနှင့် ညီညွတ်အောင်၊ မီးဘေးအန္တရာယ်မရှိအောင် အထူးအစီအစဉ် များကို ငွေကုန်ကြေးကျခံ၍ ပြုလုပ်ထား၏။ မြင်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကြေးစားစုံ ထောက်များကို ငှားရမ်း၍ အစောင့်ချထား၏။

ဂျက်ဝေါ့ဇ်သည် တော်မီဟောဂင်အား မြင်းဇောင်းများ သို့ လှည့်လည်ပြသရင်း သူသည် အမေရိကန် တစ်နိုင်ငံလုံးတွင် ထိပ်တန်းမြင်းဇောင်းပိုင်ရှင် ဖြစ်အောင် ကြိုးစားနေကြောင်း၊

ပြိုင်မြင်းများ မွေးမြူခြင်း သားစပ်ခြင်းနှင့် ပတ်သက်၍ ခေတ်မီသိပ္ပံနည်းကျ စနစ်သစ်များ တီထွင်လျက်ရှိကြောင်း စသဖြင့် သူ၏ ရည်မှန်းချက်များကိုပါ ရှင်းလင်းပြောပြ၏။

ထို့နောက် သီးသန့်မြင်းဇောင်းတစ်ခုကို ခေါ်သွားလေရာ အဝင်ဝတွင် ဘဏ်တိုက်ကြီးများ၊ ကုမ္ပဏီ ကြီးများ ရှေ့တွင် ထားလေ့ရှိသည့် ကြေးပြားဆိုင်းဘုတ်ကြီးမျိုး ချိတ်ထားရာ ယင်းဆိုင်းဘုတ်တွင် ခါတွမ်း ဟူသော အင်္ဂလိပ်စာလုံးကို ထင်ရှားလှပစွာ ရေးထားပါသည်။ ဤကား ထိုဇောင်းအတွင်းရှိ အလွန်ကျော်ကြား သော ပြိုင်မြင်း၏ အမည်ပင် ဖြစ်ကြောင်း တော်မီဟောဂင်က သိနေပြီး ဖြစ်သည်။

ခါတွမ်း အမည်ရှိ မြင်းကြီးကား အလွန်လှပ ကြားဝင့်သော မြင်းတစ်ကောင် ဖြစ်ပေသည်။

တစ်ကိုယ်လုံး ပိုးသားစစ်စစ်ကဲ့သို့ ချောမွတ်တောက်ပြောင်သည့် အနက်ရောင် အဆင်းရှိလျက် ဦး ကောင်းထိပ်တွင် သာ အဖြူရောင် အကွက် တစ်ကွက် ရှိ၏။

ဦးခေါင်းမှ စ၍ အမြီးဖျားထိအောင် လျှောက်ကြည့်ပါက အပြစ်အနာအဆာ တစ်စုံတစ်ရာမရှိဘဲ ကြန် အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ထိပ်တန်း မြင်းအမျိုးကောင်းဖြစ်ကြောင်းကို မြင်းအကြောင်း နားလည်သူ တော်မီဟောဂင်ပင်လျှင် ချက်ချင်း အကဲခတ်မိလေသည်။

တော်မီက စိတ်ပါဝင်စားဟန်ဖြင့် မြင်းကိုကြည့်နေစဉ် ဂျက်ဝေါ့ဇ်သည် ကျေနပ်ပီတိဖြစ်ရုံမက သည် လို အဖိုးတန်မြင်းကောင်း

ပိုင်ရှင် ဖြစ်ရသည် ကိုပင်
ဂုဏ်ယူကြွားဝင့်ဟန်ဖြင့်-

"ဒီမြင်းဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး ထိပ်တန်းမြင်းဖြစ်တယ်။ မနှစ်က ကျုပ်အင်္ဂလန်သွားရင်း တွေ့ခဲ့လို့ ဒေါ်လာငွေ ခြောက်သိန်းတိတိ ပေးဝယ်ခဲ့ရတယ်။ ပြိုင်မြင်းကောင်းတွေကို ဝါသနာပါတယ်ဆိုတဲ့ ခေတ်ဟောင်း ရုရှကဇာဘုရင်တွေတောင်မှ ဒါလောက်ဈေးကြီးကြီးပေးဝယ်မယ် မထင်ဘူး။ ဒါပေမဲ့ ကျုပ်က ဒီမြင်းကိုဝယ်ပြီး ပြိုင်ပွဲမှာ ဝင်ပြေးစေမှာ မဟုတ်ဘူး ။ နောက်ထပ် သူလိုမြင်းမျိုးကောင်းတွေပေါက်ပွားအောင် သားစပ်ဖို့ အတွက် သတ်သတ်မွေးထားမယ်"

ဟု ပြောပြလေသည်။

မြင်းဇောင်းကို ကြည့်ပြီးနောက် သူတို့ သည် ညစာစားရန် အိမ်ကြီးဆီသို့ ပြန်ဝင်လာခဲ့ကြလေသည်။

ထမင်းစားပွဲကြီးကိုလည်း အလွန်ခမ်းနားလှပစွာ မွမ်းမံပြင်ထားလျက် ဇွန်း၊ ခက်ရင်း၊ ဓားတို့ က ငွေ သားစစ်စစ်ဖြစ်သလို လက်သုတ်ပဝါ၊ စားပွဲခင်းတို့ မှာ လည်း ရွှေချည်ထိုး အဝတ်အထည်များ ဖြစ်သည် ကို တော်မီ ဟေဂင်က သတိပြုမိလေသည်။

ထမင်းစားပွဲအနီးတွင် လည်း စားပွဲထိုးသုံးယောက်က လိုလေသေး မရှိအောင် ပြုစုနေကြရ၏။

သို့ရာတွင် တကယ်တမ်း စားသောက်ရသောအခါတွင် ကား စားဖွယ် သောက်ဖွယ် ဟင်းလျာတို့ က ဘာမှ အထူးမကောင်းဘဲ အတော်ပင် အဆင့်အတန်းနိမ့်သည် ကို တွေ့ရ

လေသည်။

ဂျက်ဝေါ်ခ်သည်
တစ်ကိုယ်တည်းနေသူဖြစ်ပြီး သူ၏ အိမ်တွင် အစားအသောက် ကောင်းကောင်း ချက် ပြုတ်စားသောက်ရေးကို ဂရုစိုက်သူ မဟုတ်ကြောင်း ထင်ရှားနေပေသည်။

စားသောက်ပြီး၍ ဆေးလိပ်တစ်လိပ်စီ မီးညှိဖွာရင်း ထိုင်နေကြချိန်တွင် တော်မီဟောင်သည် သူ့အဖို့ အဓိကပြဿနာဖြစ်သော မေးခွန်းကို ဖွင့်မေးရန်အချိန်တန်ပြီဟု ဆုံးဖြတ်လိုက်မိ၏။

"ကိုင်း ဘယ်လိုလဲ မစ္စတာဝေါ်ခ်၊ ကျော်နီကို ခင်ဗျားရဲ့ ရုပ်ရှင်ကားထဲမှာ မင်းသားအဖြစ် သုံးမှာ လား၊ မသုံးဘူးလား"

တော်မီက တည့်တည့်ပင် ဖွင့်မေးလိုက်သည်။

"ဝမ်းနည်းပါတယ် မဖြစ်နိုင်ပါဘူး။ ရုပ်ရှင်ကားရိုက်ဖို့ အတွက် သရုပ်ဆောင်သူတွေအားလုံးနဲ့ ကန်ထရိုက်စာချုပ်တွေ ချုပ်ပြီးနေပြီ၊ ရှေ့အပတ်အတွင်းမှာ ပဲ စရိုက်ကြတော့မှာ"

ဂျက်ဝေါ့ခ်က ဤသို့ပြောသောအခါ တော်မီက စိတ်မရှည်နိုင်ဟန်ဖြင့်

"ဒီမယ် မစ္စတာဝေါ့ခ်၊ အာဏာမရှိတဲ့ လူငယ်တစ်ယောက်နဲ့ စေ့စပ်ရရင် အခုလို အကြောင်းပြချက်မျိုး ဟာ နိုင်လုံကောင်း နိုင်လုံပါလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားတို့ ထိပ်ဆုံးက အာဏာအရှိဆုံး ပုဂ္ဂိုလ်မျိုးနဲ့ ဆက်ဆံရာ မှာ ဒီအကြောင်းပြချက်တွေဟာ အသေးအဖွဲတွေသာဖြစ်တယ်။ ခင်ဗျားဟာ ဘာမဆိုလုပ်နိုင်တဲ့ အခြေအနေ ရှိတယ်၊ ဘာလဲ ကျုပ်ဘက်က လူက ပေး

ထားတဲ့ ကတိအတိုင်း မတည်နိုင်ဘူး ထင်နေလို့ လား”

ဟု ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

ဤတွင် ဂျက်ဝေါ့ဇ်ကလည်း သူ၏ သဘောထားကို ပွင့်လင်းစွာပြန်ပြောလေသည်။

“ကိုယ့်လူပြောသလို မထင်ပါဘူး။ ကျုပ်ရဲ့ စတူဒီယိုမှာ အလုပ်သမားပြဿနာ မုချပေါ်တော့မယ်ဆို တာလည်း ယုံကြည်ပါတယ်။ ဒီနေ့ပဲ ဘီလီဂေါ့ဖ်ဆိုတဲ့ သတ္တဝါက ကျုပ်ကို ဖုန်းဆက်ပြီး သပိတ်မှောက်တော့ မယောင် ခြိမ်းခြောက်တယ်။ တကယ်ဆိုတော့ ဒီခွေးသားကို ကျုပ်က တစ်နှစ် ဒေါ်လာငွေ တစ်သိန်းလောက် မှန်မှန်ဆက်ကြေးပေးနေရက်နဲ့ အခုလိုဖောက်လာတာ တော်တော်ပဲ ခံပြင်းမိတယ်။ ဒါဟာ ဘယ်သူ့အစွမ်းဆို တာလည်း ကျုပ်သိပါတယ်။ အဲဒါအပြင် ကျုပ်ရဲ့ စတူဒီယိုက ပုံနာမည်ကြီး ရုပ်ရှင်မင်းသား ဟီးရိုးအင်းခွဲနေ့တာကို ပြတ်သွားအောင် ခင်ဗျားတို့ က ဖန်တီးပေးနိုင်မယ်ဆိုတာလည်း ယုံကြည်ပါတယ်။ ဒါတွေကို ကျုပ်က ဂရုမစိုက်ပါဘူး။ ငွေရေးကြေးရေးအခနေနဲ့ လည်း ကျုပ်မှာ ပြည့်စုံပါတယ်။ ရုပ်ရှင်ကားထုတ်လုပ်ဖို့ ငွေရင်း အလုံအလောက်ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျော်နီဖွန်တိန်းကိုတော့ ကျုပ်က မုန်းလို့ အမြင်ကတ်လို့ ပဲ။ ဒါကြောင့် ခင်ဗျားရဲ့ ဆရာကြီးကိုသာ ပြောလိုက်ပါ။ ကျုပ်ဆီက အခြား ဘာမဆို အကူအညီတောင်းရင် ရနိုင်ပါတယ်။ ဒါတစ်ခုတော့ သည်းခံပါလို့ ”

ဂျက်ဝေါ့ဇ်က သူ၏ သဘောကို ဤသို့ပြောလိုက်ရာ တော်မီဟေဂင်မှာ ရုတ်တရက် နားမ

လည်နိုင် အောင် ဖြစ်သွားမိ၏။ ဤသို့ဆိုလျှင် သူ့အား အဘယ်ကြောင့် ခရီးအဝေးကြီးမှ လာစေပြီး ညစာ ဖိတ်ကျွေးရပါ သနည်း။ ဂျက်ဝေါ့ဇ်အနေဖြင့် ယနေ့ညအဖို့ ပြောစရာ အခြားကိစ္စတစ်ခုခု ရှိတန်ရာသည် ဟု လည်း တွေးမိပြန်သည် ။

ထို့ကြောင့် တော်မီသည် သူလိုချင်ရာကို ခပ်တည်တည်နှင့် ပင် ထပ်ပြောမည်ဟု စိတ်ကူးရလာပြန်သည် ။

"မစ္စတာ ဝေါ့ဇ်၊ ခင်ဗျားဟာ တကယ့်အခြေအနေမှန်ကို သဘောပေါက်ပုံမရဘူး။ ဒီမယ်ကျွန်တော့် ဆရာ မစ္စတာကော်လီယွန်ဟာ ကျော်နီဖွန်တိန်းရဲ့ ဂေါ်ဒ်ဖားသားဖြစ်တယ်။ တစ်နည်းအားဖြင့် ဖခင်ပဲ။ အီတလီ လူမျိုးများမှ ရှေးရိုးအစဉ်လာအရ အယူအဆတစ်ခုရှိပါတယ်။ လူ့လောက ကမ္ဘာကြီးဟာ ဆင်း[illegible] များ လွန်းလို့ လူတစ်ယောက်မှာ အမေတစ်ယောက် ရောက်ရှိရုံနဲ့ မလုံလောက်ဘဲ အဖေနှစ်ယောက်ရှိမှ ဖြစ်မယ်လို့ အယူ ရှိကြတယ်။ ဒါကြောင့် သူတို့ မှာ 'ဂေါ်ဒ်ဖားသား' ရယ်လို့ မွေးစားအဖေ သဘောမျိုး ထားရှိတတ်ကြတယ်။ ကျော်နီရဲ့ အဖေအရင်းက ခပ်စောစောကပဲ ကွယ်လွန်သွားလေတော့ မစ္စတာကော်လီယွန်ဟာ ကျော်နီအပေါ်မှာ ပိုပြီးတောင် သံယောဇဉ်ကြီးနေပါတယ်။ ဒါကို ခင်ဗျား နားလည်စေချင်ပါတယ်။ ခင်ဗျားပြောသလို တခြား အကူအညီတောင်းပါဆိုတာနဲ့ ပတ်သက်လို့ ဒွန်ကော်လီယွန်ဟာ လူတစ်မျိုးပဲ။ ပထမအကြိမ် အကူအညီ တောင်းလို့ ငြင်းလိုက်ရင် နောက်ထပ်ဘယ်တော့မှ ချဉ်းကပ်လာမယ့်လူစားမျိုး မဟုတ်ဘူး "

"ဝမ်းနည်းပါတယ် ကိုယ့်လူ၊ ဂျော်နီဖွန်တိန်း ကိစ္စမှာ ကျုပ်ရဲ့ အဖြေက မရဘူးဆိုရင် မရဘူးပဲ။ ဒါပေမဲ့ ခင်ဗျားဒီမှာ ရောက်နေတုန်း တစ်ခုမေးချင်တယ်။ ကျုပ်ရဲ့ ရုပ်ရှင်စတူဒီယိုမှာ အလုပ်သမားတွေ သပိတ်မှောက် ဆဲဆဲ ဖြစ်နေတာကို တားဆီးပေးဖို့ ငွေဘယ်လောက်ကုန်မှာ လဲ၊ အခု ချက်ချင်း ငွေသားချေပါ့မယ်။ ဘယ် လောက်ပေးရမလဲဆိုတာ သာ ပြောပါ"

ဂျက်ဝေါ့ဇ်၏ စကားကို ကြားလိုက်ရမှ ပင် တော်မီဟောဂင်သည် သဘောပေါက်လာမိတော့သည် ။

ဂျော်နီအား ရုပ်ရှင်ကားထဲ ထည့်မသုံးရန် ယတိပြတ် ဆုံးဖြတ်ထားပြီး ဖြစ်သည် ။ သို့သော် အလုပ် သမားသပိတ်ကိစ္စကိုတော့ ငွေဖြင့်ပေါက်၍ ဖြေရှင်းချင်နေသည် ။

ဂျော်နီဖွန်တိန်း ကိစ္စနှင့် ပတ်သက်၍ ဂျက်ဝေါ့ဇ်သည် ဒွန်ကော်လီယွန် (ဂေါ့ဒ်ဖားသား) အား မကြောက်ကြောင်းလည်း ထင်ရှားနေသည် ။

ဂျက်ဝေါ့ဇ်အနေဖြင့် သူ၏ ဓနအင်အား၊ နိုင်ငံရေးအဆက်အသွယ်၊ အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့ကြီး နှင့် သိက္ခာမဲ့ရင်းနှီးမှုတို့ ကို အားကိုးလျက် ဒွန်ကော်လီယွန်၏ ဩဇာအာဏာကို ဖီဆန် ဆန့်ကျင်ရန် ဝန်မလေး။ ကြောက်လည်း ကြောက်စရာ မလိုသည့် အခြေအနေရှိသည် မှာ လည်း မှန်နေ၏။

သို့ရာတွင် သူသဘောမပေါက်သေးသော အချက်တစ်ချက် ကျန်ရှိနေသည် ။

ယင်းကား 'ဂေါ့ဒ်ဖားသား'က ဂျော်နီအား

ကာပဲဖြစ်ဖြစ် ရုပ်ရှင်ကားထဲ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်စေရမည်ဟု ကတိပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ဂျေဒ်ဖားသားသည် သူပေးထားသောကတိကို မည်သည့် နည်းနှင့် မျှ အပျက်ခံမည်မဟုတ်ဟူသည့် အချက်ပင်တည်း။

တော်မီဟောဂင်သည် ဤသို့ ဆင်ခြင်တွေးတောပြီးနောက် ဂျက်ဝေါ့ဇ်အား ထပ်မံ၍ ဖျောင်းဖျပြောကြည့် ပြန်သည် ။

"မစ္စတာဝေါ့ဇ်၊ ခင်ဗျားက ကျုပ်တို့ အပေါ် အထင်မှားနေပုံ ရပါတယ်။ ခင်ဗျားရဲ့ စကားက ခြိမ်းခြောက် ငွေညှစ်တောင်းရာမှာ ကျွန်တော့်ကို ကြံရာပါ တရားခံတစ်ယောက်ဖြစ်အောင် လုပ်ရာရောက်နေပါတယ်။ ကျွန်တော့်ဆရာကြီး မစ္စတာကော်လီယွန် အနေနဲ့ က ခင်ဗျားရဲ့ ကိုယ်စား အလုပ်သမားကိစ္စမှာ ဝင်ရောက် ဖျန် ဖြေ စေ့စပ်ပေးပါမယ်ဆိုတဲ့ သခင်ဘုရားသာ ကျွန်တော်က ဆိုလိုရင်းဖြစ်တယ်။ ဒါဟာ မိတ်ဆွေတစ်ယောက်အနေနဲ့ ဝင်ကူညီတဲ့ အခမဲ့ပဲ ဟာယ်မျိုးပါပဲ။ အဲဒီအတွက် ခင်ဗျားက ကျွန်တော့်ဆရာရဲ့ ဆန္ဒဖြစ်တဲ့ ဂျော်နီ ရုပ်ရှင်မင်းသားအဖြစ် ပါဝင်ရရေးဖြစ်မြောက်အောင် ကူညီပေးပါလို့ မိတ်ဆွေတစ်ယောက်အဖြစ် ပြန်လည် အကူအညီ တောင်းတာပါ။ သို့သော်လည်း အခုတော့ ခင်ဗျားက ကျွန်တော့်ရဲ့ တင်ပြချက်ကို လေးလေးနက်နက် သဘောထားပုံမရဘူး။ ဒါဟာ မှားတယ်လို့ ကျွန်တော် ထင်ပါတယ်"

တော်မီက လေသံအေးအေးနှင့် ပြောလိုက်သောအခါ ဂျက်ဝေါ့ဇ်သည် ဒေါသဖြစ်လာတော့သည် ။

လေသံလည်း တင်းမာ၍ လာသည် ။ ခပ်ရိုင်းရိုင်းစကား ပြောလာသည် ။

"ဟော့ နားလည်ပါတယ်ကွ။ ဒါဟာ မင်းတို့ 'မာဖီးယား' လူဆိုးဂိုဏ်းရဲ့ လုပ်နည်းလုပ်ဟန်ပဲ မဟုတ်လား။ စကားပြောတဲ့ နေရာမှာ လေအေးအေးကလေးနဲ့ ချိုချိုသာသာပြောနေပေမဲ့ စင်စစ်က သွယ်ဝိုက်တဲ့ နည်းနဲ့ ခြိမ်းခြောက်တာပဲ မဟုတ်လား။ ဟော့ ဒီမယ်၊ ကျုပ် ပြတ်ပြတ်သားသား ဖွင့်ပြောလိုက်မယ်။ ကျော်နီဖွန် တိန်းဟာ အဲဒီဇာတ်ကားမှာ မင်းသားအဖြစ် ပါဝင်လိုက်ရရင်
ထိပ်တန်းကမ္ဘာကျော်မင်းသားကြီး ဖြစ်လာနိုင်တာအမှန်ပဲ။ ဝတ္ထုဇာတ်လမ်းထဲက ဇာတ်ကောင်ကလည်း သူနဲ့ သာအသင့်တော်ဆုံး အကိုက်ညီဆုံးပဲ။ ဒါပေမဲ့ သူ့ကို ကျုပ်က ဘယ်နည်းနဲ့ မှ ပါဝင်သရုပ်ဆောင်ခွင့် မပေးနိုင်ဘူး။ စောစောက ပြောခဲ့တဲ့ အတိုင်း ကျုပ်က ကျော်နီဖွန်တိန်းဆိုတဲ့ အကောင်ကို ပုဂ္ဂိုလ်ရေးအရ စက်ဆုပ်မုန်းတီးတယ်။ သူ့မျက်နှာကိုလည်း မကြည့်ချင်ဘူး။ သူ့ကို ရုပ်ရှင်လောကထဲက ထွက်ပြေးရတဲ့ အထိ ကျဆင်းအောင် ကျုပ်က တမင်သက်သက် လုပ်နေတာ။ ဘာကြောင့် လဲဆိုတာ ရှင်းရှင်းပြောမယ်။ ဒီကောင်ဟာ ကျုပ်အင်မတန် အမြတ်တနိုးနဲ့ လက်သပ်မွေးထားတဲ့ မိန်းကလေးတစ်ယောက်ကို ကြားဖြတ် ဝင်သုတ်သွားတယ်။ ကျုပ်ဟာ ငါးနှစ်လုံးလုံး အဲဒီမိန်းကလေးကို ထိပ် တန်းနာမည်ကြီးရုပ်ရှင်မင်းသမီး ဖြစ်လာဖို့ အတွက် ကြိုးစားပျိုးထောင်ခဲ့တယ်။ ဒေါ်လာငွေတွေ ထောင်နဲ့ ချီအကုန်ခံပြီး အဆိုသင်တန်း၊ အကသင်တန်း၊ သရုပ်ဆောင်သင်တန်းတွေ တက်စေခဲ့တယ်။

နောက်တစ်ချက်က အဲဒီမိန်းကလေးကို ကျုပ် အတာပ်မက်ဆုံး ဖြစ်တယ်။ ကျုပ်ဟာ ကမ္ဘာအနှံ့အပြားက မိန်းမပေါင်းစုံနဲ့ တွေ့ဖူးခဲ့ တယ်။ ရဖူးခဲ့တယ်။ ဒါပေမဲ့ ဒီမိန်းကလေးကျမှ တမ်းတမ်းစွဲ မက်မောခဲ့တယ်။ ဒီလို အခြေအနေမှာ ဂျော်နီဖွန် တိန်း အကောင်က ရောက်လာတယ်။ လူက ရုပ်လည်း ချော၊ အသံကောင်း အဆိုပိုင်ပြီး ကောင်မတွေကကျတဲ့ အခြေအနေမျိုးရှိတဲ့ အတိုင်း ဒီကောင်ဟာ ကျုပ်ရဲ့ ကောင်မလေးကို သွေးဆောင်ဖြားယောင်းပြီး သုတ်သွား တယ်။ မိန်းကလေးကလည်း ကျုပ်ရဲ့ မျက်နှာကို မထောက်ဘဲ ဒီကောင့်နောက် ကောက်ကောက်ပါအောင် လိုက် သွားလေတော့ ကျုပ်ဟာ လူကဲ့ရဲ့ စရာ ငပေါကြီးတစ်ယောက်လို ဖြစ်ခဲ့ရတယ်။ ကျုပ်အနေနဲ့ က ဒါမျိုးအဖြစ် မခံနိုင်ဘူး။ ဒါကြောင့် ဂျော်နီဖွန်တိန်းကို ကျုပ်က ရတဲ့ နည်းနဲ့ ပြန်ကလဲ့စားချေ တယ်။"

ဂျက်ဝေါ့ဇ်သည် ယင်းသို့အကြောင်းစုံကို ရင်ဖွင့် လိုက်လေရာ တော်မီဟေဂင်ကလည်း အံ့အားသင့်သွား မိလေသည်။ ဂျက်ဝေါ့ဇ်လို မီလျံနာ ရုပ်ရှင်သူဌေးကြီးတစ်ဦးက အမြော်မြင်မယား ရုပ်ရှင်မင်းသမီးကောင်း တစ်ယောက်ကို ကြားလူတစ်ယောက် သုတ်သွားရုံနှင့် မခံမရပ်နိုင်အောင် နာကြည်းကာ ပြန်ကလဲ့စားချေလိုခြင်း ကိုလည်း နားမလည်နိုင်အောင် ဖြစ်နေမိသည်။

တော်မီဟေဂင်အနေဖြင့် 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန်တို့ ၏ အသိုင်းအဝိုင်းတွင် နေခဲ့ရခြင်း ကြောင့် နားလည်ပုံက တစ်မျိုးဖြစ်နေသည်။

ဂျက်ဝေါ့ဖ်သည် ခပ်ပြတ်ပြတ်ပြောလိုက်ရာ တော်မီဟောဂင်သည် မည်သို့မျှ ဆက်လက်ဆွေးနွေးရန် မရ နိုင်တော့ကြောင်း တထစ်ချ သိသွားပါတော့သည် ။ 'ဂေါ့ဒ်ဖားသား'(ဒွန်ကော်လီယွန်)၏ ဩဇာအာဏာ မည်မျှ ကြီးမားသည် ကို ဂျက်ဝေါ့ဖ်သည် သိပုံမရ၍ သာ ဤမျှခေါင်းမာနေခြင်း ဖြစ်သည် ဟု လည်း တွေးမိရင်း ဤသူကား ဆင်ခြင်ဉာဏ် ခေါင်းပါးလှသေးကြောင်း စိတ်ထဲက မှတ်ချက် ချ လိုက်လေသည် ။

တော်မီဟောဂင်သည် ထိုညအဖို့ ဆက်လက် နေရန် အကြောင်းမထူးတော့၊ ချက်ချင်းပင် သူ့ အား မော် တော်ကားဖြင့် လေဆိပ်သို့ ပို့ပေးရန် တောင်းဆို လိုက်လေသည် ။

မော်တော်ကားကို ဂိုဒေါင်မှ ထုတ်ယူအလာ ကို စောင့်နေစဉ် တော်မီသည် အိမ်ကြီး၏ အခန်းတစ်ခန်းမှ လူနှစ်ယောက်ထွက် လာပြီး အခြားကားတစ်စင်းပေါ်သို့ တက်သွားသည် ကို သတိပြုမိသဖြင့် သေချာစွာ ကြည့် လိုက်ရာ နံနက်ပိုင်းက ဂျက်ဝေါ့ဖ်၏ ဧည့်ခန်းတွင် တွေ့ ခဲ့ရသော ၁၂ နှစ်ရွယ် ကလေးမ ချောချောက လေးနှင့် သူ၏ မိခင်တို့ ဖြစ်နေကြောင်း တွေ့ရ လေသည် ။

ကောင်မလေးမှာ ဆံပင်ဖိုးရိုးဖားရားနှင့် အင်္ကျီအဝတ်အစားများ လည်း ကြေမွနေသည့် ပြ င် လှပသော နှုတ်ခမ်းကလေးမှာ လည်း ဖူး ရောင်နေ၏။ မျက်နှာကလည်း ဖြူဖပ်ဖြူရော်ဖြစ်နေလျက် လမ်းလျှောက်သော အခါ မဟန်နိုင်သလို ဒယိမ်းဒယိုင် ဖြစ်နေလေ သည် ။

ဤတွင် တော်မီဟောဂင်လည်း ဂျက်ဝေါ်ခ်၏ လက်ချက်ပဲဟု ချက်ချင်း ရိပ်စားမိပါတော့သည်။ မီလျံနာ ရုပ်ရှင်သူဌေးကြီးသည် ဤသို့ မြီးကောင်ပေါက်ကလေးသာသာ မိန်းမပျိုကလေးများကို မိခင်အား ငွေနှင့် ပေါက် ၍ ခြေတော်တင်ဖျက်ဆီးနေသူ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေပါလေပြီ။

***

ပေါ်လီဂတ်တိုး ဆိုသူကား အကြမ်းဖက်သမား လူမိုက်တစ်ဦးဖြစ်သော်လည်း မည်သည့် အလုပ်မျိုးမ ဆို သွေးအေးအေးဖြင့် ကြိုတင်စီစဉ်ပြီး၏ လက်တွေ့ အကောင်အထည်ဖော်ခြင်းကို သဘောကျသူဖြစ်၏။ ရုတ် တရက် ရှောင်တခင် (ကြိုတင်ပြင်ဆင်မှုမရှိဘဲ) မိုက်ခြင်း၊ ရမ်းခြင်းမျိုးကို သူမကြိုက်၊ ခြေလှမ်းတစ်ချက်မှား ရုနှင့် ဒုက္ခရောက်နိုင်ကြောင်း ကောင်းစွာ နားလည်ထားသူလည်း ဖြစ်သည်။

ယနေ့အဖို့ ပေါ်လီဂတ်တိုးသည် တာဝန်ကျသော 'အလုပ်' တစ်ခုလုပ်ရန် ဘီယာထိုင်သောက်ရင်း အစီ အစဉ်ကို စဉ်းစားတွက်ချက်နေသည်။ သူတာဝန်ကျသည် ကား 'ဘိုနာဆေရာ' ဆိုသူ၏ သမီးငယ်အား စော်ကားခဲ့သူ လမ်းသရဲဆန်ဆန် လူငယ်နှစ်ဦးအား မှတ်လောက်သားလောက်အောင် 'ဆုံးမ' ရန်ပင် ဖြစ်၏။

သူနှင့် အတူ ယနေ့ည 'အလုပ်' လုပ်ရန်အတွက် လက်သံပြောင်သော လူမိုက်နှစ်ယောက်ကိုပါ ခေါ်လာခဲ့ပြီး သူ၏ ချက်ပလက် မော်တော်ကားထဲတွင် အသင့်ထိုင်စောင့်နေစေခဲ့သည်။

ထိုလူမိုက်နှစ်ယောက်အား ပေါ်လီဂတ်တိုးက မည်သို့မည်ပုံ လုပ်ရမည်ကိုလည်း အသေးစိတ်ညွှန်ကြား ချက် ပေးထားပြီဖြစ်သည် ။ ငယ်ထိပ်နှင့် ဦးခေါင်းနောက်ပိုင်းကို မထိခိုက်စေရ၊ နောက်ပိုင်းတွင် ကောင်လေး တစ်ယောက်ယောက် ဆေးရုံရောက်ပြီး သေဆုံးသွားခြင်းမျိုး မရှိစေရ၊ ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများ ကိုကား သူတို့ သဘောရှိ လုပ်နိုင်သည် ပြောခဲ့၏။ ထို့ပြင် လမ်းသရဲဆန်ဆန်သူငယ်နှစ်ယောက်ကို ဆေးရုံတွင် အနည်းဆုံး တက်ရောက်ကုသရအောင် 'ဆုံးမ' ရမည်ဟု လည်း ညွှန်ကြားထားသေး၏။

ဤကိစ္စတွင် ပေါ်လီဂတ်တိုးအား တာဝန်ပေးခဲ့သူမှာ ကာလီမင်ဇာဖြစ်သည် ။ ဘိုနာဆေရာ၏ သမီး ကလေးအား စော်ကားရန်ကြံပြီး ရုပ်ပျက် ဆင်းပျက်ဖြစ်အောင် လုပ်ခဲ့သူ လူငယ်နှစ်ဦးမှာ ဆယ်တန်းအောင်ပြီး ခါစ ကျောင်းသားများ ဖြစ်၍ မကြာမီတက္ကသိုလ်သို့သွားကြမည်ဖြစ်ရာ တက္ကသိုလ်ကျောင်း မဖွင့်မီ 'ဆုံးမ' ရမည်ဟု ကာလီမင်ဇာက ပေါ်လီဂတ်တိုးအား ညွှန်ကြားခဲ့ခြင်း ဖြစ်သည် ။ ယင်းညွှန်ကြားချက်အရ ပေါ်လီဂတ် တိုးသည် ယနေ့ည 'အလုပ် ' လုပ်ရန် လာခဲ့ခြင်းဖြစ်သည် ။

သူတို့ လာစောင့်နေသောနေရာကား 'ဘား' အရက်ဆိုင်တစ်ဆိုင်၏ အပြင်ဘက်တွင် ဖြစ်၏။ သူငယ် နှစ်ယောက်မှာ အမည်ကား ဂျက်ရီနှင့် ကီဗင် ဖြစ်ပြီး နှစ်ဦးစလုံး၏ ဖခင်များမှာ နိုင်ငံရေးနယ်ပယ်တွင် ဩဇာ ညောင်းသူများ ဖြစ်ကြ၍ ကောင်လေးတွေ ဆိုးတေ ရမ်းကားနေခြင်းကို ရဲအဖွဲ့ကလည်း မည်သို့မျှ အရေးမ

ယူပုံ သော အခြေအနေမျိုး ရှိနေ၏။ ယခုညလည်း သူတို့ နှစ်ဦးသည် အရက်ဆိုင်ထဲ ဝင်သောက်ရင်း ဆိုင်တွင် စားပွဲ ထိုးလုပ်သူ ဟိုတယ်မယ် မိန်းကလေးများအား ခေါ်ထုတ်ရန် ဆွယ်နေကြသည်။

အချိန်က တဖြည်းဖြည်းကုန် လာလေရာ ညသန်းခေါင်ကျော်သွားပေပြီ။ ယနေ့ညအဖို့ ဤအရက်ဆိုင် ပတ်ဝန်းကျင်တွင် ရဲပတ္တရောင်ကား လုံးဝ လှည့်မလာစေရန်လည်း ပေါ်လီဂတ်တိုး၏ ဆရာ ကာလီမင်ဇာက စီစဉ်ထားပြီးဖြစ်သည်။ ထို့ကြောင့် လုပ်ရမည့် 'အလုပ်' ကို စိတ်ချလက်ချ လုပ်နိုင်သည် ဟု ပေါ်လီဂတ်တိုးက သူ့တပည့်လူမိုက်နှစ်ဦးအား ကြိုတင်အသိပေးခဲ့သည်။

လူခြေတိတ်သွားပြီဖြစ်ရာ အရက်ဆိုင်အတွင်းမှ လူငယ်နှစ်ယောက်၏ မူးမူးနှင့် ပဘမ်မေအော် စကားပြော သံများကို အပြင်ဘက်မှ ပင် ကြားနေရ၏။ ဟိုတယ်မယ် မိန်းကလေးတစ်ယောက်က

"အမယ်၊ ရှင်တို့ ခေါ်တိုင်း မလိုက်ချင်ပါဘူး။ တော်တော်ကြာ ဟိုကောင်မလေးလို မျက်နှာစုတ်ပြတ်ပြီး ဆေးရုံရောက်နေပါဦးမယ်"

ဟု ပြောသံကိုလည်း ကြားလိုက်ရသည်။

ပေါ်လီဂတ်တိုးသည် မှောင်ရိပ်ထဲရပ်ထားသော မော်တော်ကား အနီးသို့ လျှောက်သွား၍ ကားမှန်တံ ခါးပေါင်ကို မှီပြီးရပ်နေရင်း လူမိုက်နှစ်ဦးအား

"ဟေ့ အသင့်ပြင်ထားကြ၊ ကောင်လေးနှစ်ယောက်ကို စောစောက ငါပြထားလို့ မှတ်မိရဲ့မဟုတ်လား။ သူတို့ ဆိုင်ထဲက ထွက်လာတာနဲ့

မင်းတို့ ကြည့်လုပ်ကြပေတော့"

ဟု အမိန့်ပေးလိုက်သည် ။ လူမိုက်နှစ်ယောက်စလုံးမှာ တစ်ချိန်က လက်ဝှေ့သမားများ ဖြစ်ခဲ့ဖူးပြီး နောက်ပိုင်း တေပေပျက်စီးရာမှ လူဆိုးဂိုဏ်း၏ 'လက်ကိုင်တုတ်' ဖြစ်လာကြသူများ ပင်တည်း။ အခွင့်အရေး ရလျှင် သူတို့ ၏ လက်သီးစွမ်းကို ပြချင်နေသူများ လည်း ဖြစ်သည် ။

ဂျယ်ရီနှင့် ကီဗင် အမည်ရှိ သူငယ်ချင်းနှစ်ဦးသည် အရက်ဆိုင်ထဲမှ ထွက်လာသောအခါ သူတို့ နှစ်ဦး အရက်အတော်မူးနေပြီ ဖြစ်သည့်ပြင် ဆိုင်ထဲမှ ကောင်မလေးတွေကို ခေါ်ထုတ်၍ မရသဖြင့် စိတ်တိုနေကြလေ သည် ။ ဤသို့ဖြစ်ခြင်းသည် ပင်လျှင် ပေါ်လီဂတ်တိုးတို့ လူစုအဖို့ ရန်စရန် အလွန်ကောင်းသောအခြေအနေမျိုး ဖြစ်မနေတော့သည် ။

သူတို့ နှစ်ဦး လျှောက်လာ၍ မော်တော်ကားနားသို့ အရောက်တွင် ပေါ်လီဂတ်တိုးက လှောင်ပြောင်သ ရော်သည့် လေသံမျိုးဖြင့်

"ဘယ့်နှယ်လဲ ကိုယ့်လူတို့ ၊ ဆိုင်ထဲက ကောင်မလေးတွေက ခါလွှတ်လိုက်တယ် မဟုတ်လား"

ဟု စကားစလိုက်သည် ။

ချက်ချင်းပင် ဂျယ်ရီနှင့် ကီဗင်တို့ သည် ပေါ်လီဂတ်တိုးဘက်သို့ ချာခနဲ လှည့်လာကြတော့သည် ။ သူတို့ ခေါ်ထုတ်ရန် ကြိုးစားသော မိန်းကလေးက ငြင်းလွှတ်လိုက်၍ မကျေမချမ်းဖြစ်နေသဖြင့် သူတို့ သည် အလိုလို နေရင်း အရှက်ရပြီး ရန်စနေချင်ကြသည် ။ တစ်ယောက်ယော

က်နှင့် ရန်ဖြစ် ထိုးကြိတ်ချင်နေကြသည် ။

ထို့ကြောင့် ယခုသူတို့ အား လှောင်ပြောင်ရန်စလာသော ပေါလီဂတ်တိုးကလည်း အရပ်ပုပု ကိုယ်လုံး ကိုယ်ထည် ခပ်သေးသေးဖြစ်နေရာ ဂျယ်ရီနှင့် ကီဗင်တို့ သည် ပေါလီအား ဆုံးမရန်အတွက် ဝမ်းသာအားရ ပြေး ဝင်လာကြတော့သည် ။ သို့သော် ပေါလီအား လက်သီးဖြင့်ထိုးရန် ပြင်ဆင်လိုက်ချိန်မှာ ပင် သူတို့ နှစ်ဦးစလုံး၏ လက်များကို အသင့်စောင့်နေသော လူမိုက်နှစ်ဦးက လျှင်မြန်စွာ ဖမ်းချုပ်ထားလိုက်တော့သည် ။

တစ်ချိန်ထဲမှ ပင် ပေါလီဂတ်တိုးသည် သံချွန်များ တပ်ဆင်ထားသော လက်သီးပုံသဏ္ဍာန်ကိရိယာ တစ်ခုကို သူ၏ ညာလက်သီးတွင် စွပ်လျက် ဂျယ်ရီ၏ နှာခေါင်းတည့်တည့်ကို အားကုန်ပစ်ထိုင်းလိုက်သည် ။ နောက်ထပ်တစ်ချက် ယပ်ဆင့်ထိုးလိုက်သောအခါ ဂျယ်ရီသည် မျက်နှာတစ်ခုလုံး သွေးရဲရဲဖြင့် ပုံလျက်သား လဲကျသွားတော့သည် ။

ပေါလီဂတ်တိုးသည် မော်တော်ကားပေါ်သို့ ခုန်တက်၍ စက်နှိုးလိုက်စဉ် ကျန်လူမိုက်နှစ်ဦးသည် ကီဗင် အမည်ရှိ သူငယ်အား တစ်ယောက်တစ်လှည့်စီ လက်သီးစာ ကျွေးနေကြလေသည် ။

လူမိုက်နှစ်ယောက်စလုံးက လက်ဝှေ့သမားဟောင်းများ ဖြစ်၍ သူတို့ ၏ လက်သီးချက်များသည် ပြင်း ထန်လှလေရာ ခဏချင်းပင် ကီဗင်၏ မျက်နှာတစ်ခုလုံးမှာ မြင်နေကျသူများ မမှတ်မိနိုင်လောက်အောင် ရုပ် ပျက်ဆင်းပျက် ဖြစ်သွားတော့သည် ။ ထိုမျှနှင့် မကျေနပ်သေးဟ

န်ဖြင့် လူမိုက်တစ်ဦးက လဲနေသူ ဂျူယ်ရီအား ဆွဲ ထူပြီးနောက် ကျောရိုးကို ခြေထောက်ဖြင့် တအားပိတ်ကန်လိုက်ရာ အရိုးကျိုးသွားသည့် အသံကိုပင် ကြား လိုက်ရပြီး ဂျူယ်ရီလည်း ငယ်သံပါအောင် ဟစ်အော် လိုက်လေသည် ။

သူ၏ အော်သံကြောင့် ပတ်ဝန်းကျင်ရှိ အိမ်ပြတင်းပေါက်များ ပွင့် လာပြီး လူများက ထွက်ကြည့်စပြု လေရာ ပေါ်လီဂတ်တိုးသည် ဘေးရန်ကိုကြိုသိသဖြင့်

“ဟော့ကောင်တွေ လာခဲ့ကြ၊ တော်ကြတော့”

ဟု သူ၏ တပည့်နှစ်ဦးကို လှမ်းခေါ် လိုက်လေသည် ။

လူမိုက်နှစ်ဦးလည်း မော်တော်ကားပေါ်သို့ ပြေးတက်သွားချိန်တွင် ပေါ်လီဂတ်တိုးသည် ကားကို စက်ကုန်ဖွင့်၍ မောင်းထွက်သွားတော့သည် ။ သူတို့ တစ်တွေ သူငယ်နှစ်ဦးအား 'ဆုံးမ' နေကြသည့် အချိန်က စက္ကန့်ပိုင်းမျှသာကြာသော်လည်း ဂျူယ်ရီနှင့် ကီဗင်တို့ ၏ အခြေအနေကား လူမြင်၍ မကောင်းအောင်ပင် ဖြစ်ကျန်ရစ်လေသည် ။

ညသန်းခေါင်ကျော်ဖြစ်၍ ပေါ်လီဂတ်တိုး၏ မော်တော်ကားနံပါတ်ကို မှတ်မိသူ သက်သေဟူ၍ ရှိပုံမရ ချေ။ ရှိလျှင်လည်း အရေးမကြီးလှ၊ မော်တော်ကားနံပါတ်မှာ ကာလီဖိုးနီးယားပြည်နယ်မှ ကားနံပါတ်တစ်ခုကို ခိုးယူတပ်ဆင်ထားခြင်းဖြစ်ပြီး သူတို့ ကားနှင့် ဆင်တူ ရောင်တူ ချက်ပလက်ကားမျိုး နယူးယောက်မြို့ကြီးတွင် တစ်သိန်းခန့်ရှိနေသည် ။ မဟုတ်ပါလော ။

*

## ၂

တော်မီဟောဂင်သည် မြို့တွင်းရှိ သူ၏ ရှေ့နေရုံးခန်းသို့သွား၍ လုပ်စရာရှိသည် များကို လုပ်နေလေသည် ။ စာပေးစာယူကိစ္စများ နှင့် အခြားအလုပ်ကိစ္စများ ကြွေးကျန်နေသည် ကို ပြီးစီးအောင် လုပ်နေခြင်းပင် ဖြစ်သည် ။ ယနေ့သည် ကြာသပတေးနေ့ဖြစ်ရာ နောက်တစ်နေ့ (သောကြာ) ဆိုလျှင် ဂေါ်ဒ်ဖားသား (ဒွန်ကော်လီယွန်) နှင့် 'ဆိုလိုဇို' အမည်ရှိ ဂိုဏ်းခေါင်းဆောင်တစ်ဦးတို့ တွေ့ဆုံဆွေးနွေးရန် ချိန်း

ဆိုစီစဉ်ထားပြီးဖြစ်သည် ။

ထ ို ဆေ ွးနေ ွးပ ွဲမ ၂၁ အလွန် အရေးကြီးကြောင်းကိုလည်း သိသဖြင့် တော်မီ သည် သောကြာနေ့မတိုင်မီ အခြားအလုပ်ကိစ္စ များ ပြီးပြတ်ထားစေရန် ကြိုတင်လုပ်ထားခြင်း ဖြစ်သည် ။

သူသည် အင်္ဂါနေ့ညကမှ ကာလီဖိုးနီးယားပြည်နယ်မှ ပြန်ရောက် လာပြီး သူ့ဆရာ ဒွန်ကော်လီယွန် အား ဂျက် ဝေါ့ဇ်နှင့် ဆွေးနွေးမှု မအောင်မြင်ခဲ့ကြောင်း အစီရင်ခံခဲ့ရာ 'ဂေါ်ဒ်ဖားသား' သည် အံ့သြပုံမ ရချေ။ တော်မီ ဟောဂင်ကိုသာ ရုပ်ရှင်သူဌေးနှင့် တွေ့ဆုံဆွေးနွေးခဲ့ရပုံ အသေးစိတ်ကို တစ်ခုမ ကျန် ပြောပြခိုင်းခဲ့သည် ။

ဂျက်ဝေါ့ဇ်နှင့် ၁၂ နှစ်သမီးအရွယ် ကလေး မကလေးအကြောင်းကိုပြောပြသောအခါ၊ အဘိုးကြီးသည် အော့နှလုံးနာသွားပုံ ရလေသ ည် ။ သည် လို ယုတ်မာရက်စက်မှုများကို အလွ န်စက်ဆုပ်သူဖြစ်၍ ဒွန်ကော်လီယွန် သည် ရုပ် ရှင်သူဌေး ဂျက်ဝေါ့ဇ်အား အထူးပင် အထင် သေးသွားလေသည် ။

တော်မီ၏ အသေးစိတ် အစီရင်ခံချက်ကို အ စအဆုံး နားထောင်ပြီးနောက် အဘိုးကြီးက

"ဟေ့ တော်မီ၊ အဲဒီလူက တကယ်သတ္တိရှိရဲ့ လား"

ဟု မေးခွန်းတစ်ခုတည်းကိုသာ မေးလိုက် သည် ။

တော်မီဟောဂင်သည် ထိုမေးခွန်းကို ရုတ်တ ရက်မဖြေဘဲ သေသေချာချာ စဉ်းစားနေမိသ ည် ။ ဂေါ်ဒ်ဖားသားက ဤသို့မေးလိုက်ခြင်းမှာ

ဘာကိုဆိုလိုပါသနည်း။ ရိုးရိုး မိုက်ဝံ့ရုံ သတ္တိရှိရဲ့ လားဟု မေးခြင်း မဟုတ်မှန်းလည်း သိ၏။ သူ၏ ဦးနှောက်ထဲတွင် အပြန်ပြန် အလှန်လှန် စဉ်းစားဆင်ခြင်ကြည့်တော့မှ အဘိုး ကြီး ဘာကိုဆိုလိုကြောင်း စဉ်းစားမိတော့သည် ။

ရုပ်ရှင်သူဌေး ဂျက်ဝေါ့ဇ်အနေဖြင့် ငွေကြေးဆုံးရှုံးခြင်း၊ အလုပ်အကိုင် ပျက်စီးခြင်း၊ အလုပ်သမား သပိတ်မှောက်ခြင်းတို့ ကို ခံနိုင်ရည်ရှိရဲ့လားဟု ဂေါ်ဒ်ဖားသားက သိလိုခြင်းမဟုတ်။ ဂျက်ဝေါ့ဇ်သည် လောကဒ္ဓ ဖြစ်လိုရာဖြစ် နောက်ကြောင်းကို ဘာမျှထည့်မစဉ်းစားဘဲ ယုံကြည်ချက် တစ်ခုတည်းအတွက် အသက်အသေခံဝံ့ သည် အထိ စိတ်ဓာတ် ခိုင်မာသူ၊ သတ္တိကောင်းသူ ဟုတ်ပါ၏ လောဟု သိလိုခြင်း ဖြစ်သည် ။

ကလဲ့စားချေရာတွင် ဘာကိုမှ မထောက်ညှာဘဲ ရက်ရက်စက်စက် လုပ်ဝံ့သူမျိုးလားဟု မေးခြင်းဖြစ် သည် ။ တစ်နည်းအားဖြင့် ဂျက်ဝေါ့ဇ်သည် အီတလီလူမျိုး ( ဆစ်စလီကျွန်းသား) များကဲ့သို့ သတ္တိမျိုး ရှိပါ၏ လောဟု ဂေါ်ဒ်ဖားသားက မေးလိုက်ခြင်းပင် ဖြစ်သည် ။

တော်မီဟေဂင်သည် အဘိုးကြီး၏ မေးခွန်းကို နားလည်သဘောပေါက်ဟန်ဖြင့် ပြုံးလိုက်ပြီး

"ဂျက်ဝေါ့ဇ်ဟာ တကယ် သတ္တိမရှိပါဘူး"

ဟု ပင် ဖြေ လိုက်လေသည် ။

ထိုစကားကို ကြားလိုက်ရသောအခါ အဘိုးကြီးသည် နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ရုံ

သာ ညိတ်လိုက်သည် ။ ပြီးတော့ မည်သို့မှ မပြောဘဲ နောက်တစ်နေ့တိုင်အောင် အချိန်ယူ စဉ်းစားနေခဲ့သည် ။ ဗုဒ္ဓဟူးနေ့ ညနေပိုင်းကျမှ ပင် သူသည် တော်မီဟောဂင်အား ခေါ်၍ ဘာလု ပ်ရမည်ကို အသေးစိတ် ညွှန်ကြားချက် များ ပေးခဲ့သည် ။

တော်မီဟောဂင်သည် 'ဂေါ့ဒ်ဖားသား' ၏ ညွှ န်ကြားချက်များကို နားထောင်ရသောအခါ အ ဘိုးကြီး၏ ဉာဏ်ထက်မြက်ပုံ၊ ကြံစည်စိတ်ကူး တတ်ပုံကို ပို၍ ပင် ချီးကျူးမိတော့သည် ။ ယင်းညွှန်ကြားချက်များကို သိ လိုက်ရချိန်တွင် ပင် အဘိုးကြီးသည် ပြဿနာ၏ အဖြေကို တိ ကျ ပြတ်သားစွာ တွေ့သွားပြီဖြစ်ကြောင်း တော်မီက လက်ခံယုံကြည်မိသည် ။

ကြာသပတေးနေ့ဆိုလျှင်ပင် ရုပ်ရှင်သူဌေး ဂျက်ဝေါ့ခ်သည် ဂျော်နီဖွန်တိန်းအား သူ၏ ရုပ ရှင်ကားထဲ ထည့်သုံးပါတော့မည်ဟု တယ်လီဖု န်း ဆက်အကြောင်းကြားတော့မည်မှာ သေချာ သလောက် ဖြစ်နေပေပြီ။ ဤမျှ ဂေါ့ခ်ဖားသား ၏ စိတ်ကူးအကြံအစည်က ပိုင်လှပေသည် ။

တော်မီဟောဂင်သည် သူ၏ ရုံးခန်းထဲထိုင်ရ င်း အထက်ပါအကြောင်းများကို စဉ်းစားနေစဉ် တယ်လီဖုန်း လာသဖြင့် ကောက်နားထောင်လို က်ရာ ဟောလိဝုဒ်မှ မဟုတ်ဘဲ 'ဘိုနာဆေရာ' အမည်ရှိ အသုဘာလုပ်ငန်း ကန်ထရိုက်တာထံ မှ ဖြစ်နေသည် ။ သူ၏ သမီးလေးကိစ္စနှင့် ပတ် သက်၍ ဂေါ့ဒ်ဖားသားက အကူအညီပေးလိုက် ပုံကို သဘောကျလွန်းသဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လှကြောင်း၊ ဂေါ့ဒ်ဖားသားအတွ က်ဆိုလျှင် သူသည် အသက်ကိုစွန့်ရသည် အ

ထိ ပြန်လည်ကူညီရန် အသင့်ရှိကြောင်းကို ဖုန်းဆက်ပြောလေသည်။ တော်မီကလည်း အဘိုးကြီးအား ဆက်ဆက်ပြောလိုက်ပါမည်ဟု ကတိပေးလိုက်သည်။

သတင်းစာများ တွင် ကား ဂျယ်ရီနှင့် ကီဗင် အမည်ရှိ သူငယ်နှစ်ယောက် ရစရာမရှိအောင် ရုပ်ပျက်ဆင်း ပျက်နှင့် လမ်းမပေါ်လဲနေသည့် ဓာတ်ပုံနှင့် တကွ လူဆိုးဂိုဏ်းများ ၏ လက်ချက်ဖြင့် နှိပ်စက်ခြင်းခံရပုံကို အကျယ်တဝင့် ရေးသားဖော်ပြထားလေသည်။

သတင်းစာအဆိုအရ ထိုသူငယ်နှစ်ဦးသည် အသက်မသေသော်လည်း ဆေးရုံတွင် လပေါင်းများ စွာ တက်ရောက်ကုသရမည့် ပြင် 'ပလတ်စတစ်ဆာဂျရီ' ခေါ် မျက်နှာတွင် အသားတုများ တပ်ဆင်ရန် ခွဲစိတ်ကုသ ရမည်ဟူ၍ လည်း ဆိုထား၏။

ထိုသတင်းကို ဖတ်ပြီးနောက် တော်မီဟောင်သည် ပေါ်လီဂတ်တို့၏ လုပ်နည်းလုပ်ဟန် ပိရိတိကျ ပုံကို သဘောကျမိပြီး ဆုလာဘ်တစ်ခုခုပေးရန်ပင် ပေါ်လီ၏ ဆရာ ကလီမင်ဇာအား ပြောမည်ဟု စိတ်ကူးကာ မှတ် ထားလိုက်သည်။

ထို့နောက် သုံးနာရီကြာမျှ တော်မီသည် အဘိုးကြီးဒွန်ကော်လီယွန်၏ တရားဝင် စီးပွားရေးလုပ်ငန်း များ နှင့် ပတ်သက်၍ စာရွက်စာတမ်းများကို လှန်လှောဖတ်ရှုခြင်း၊ စာပြန်စရာရှိလျှင် ပြန်ကြားခြင်း၊ မှတ်စုများ ရေးသားခြင်းဖြင့် အလုပ်များ နေလေသည်။ ဂေါ်ဒ်ဖားသား၏ လုပ်ငန်းများကား နိုင်ငံခြားမှ သံလွင်ဆီ သွင်းကုန်လုပ်ငန်း၊

အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းနှင့် တည်ဆောက်ရေး အင်ဂျင်နီယာလုပ်ငန်းများ ပင် ဖြစ်သည် ။ ထိုလုပ်ငန်းအားလုံးမှာ တရားဝင် တည်ထောင်ဖွင့်လှစ်ထားသော ကုမ္ပဏီကြီးများ အနေဖြင့် စည်းကမ်းတကျ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများ ပင် ဖြစ်သည် ။ ယခု ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားပြီဖြစ်၍ ထိုလုပ်ငန်းအား လုံးပင် တိုးတက်ကြီးပွားရန် အလားအလာများ စွာ ကောင်းနေပေသည် ။

တော်မီဟောင်သည် ထိုကုမ္ပဏီကြီးများ နှင့် ပတ်သက်၍ စာရွက်စာတမ်းများကို လေ့လာနေခိုက်မှာ ပင် အဝေးပြောတယ်လီဖုန်း လာပြန်သည် ။ သည် တစ်ခါတော့ ကာလီဖိုးနီးယားပြည်နယ် ရုပ်ရှင်သူဌေး ဂျက်ဝေါ့ဇ် ထံမှ ဖြစ်နေသည် ။ သူ၏ အသံမှာ အလွန်ပြင်းထန်စွာ ဒေါသထွက်နေရင်း သူ့ကို အားမုန်းတီးစက်ဆုတ် သည့် ဟန်ဖြင့် ပြောနေသည့် လေသံမျိုးဖြစ်နေသည် ။

“ဟေ့ကောင် ဟောင်၊ မင်းတို့ က တော်တော် လူပါးဝပါလားဟင်။ မင်းတို့ ကောင်တွေ အကုန်လုံး ထောင်ထဲရောက်အောင် ငါလုပ်ပြမယ်။ ငါ့မှာ ချမ်းသာသမျှ ငွေတွေ တစ်ပြားမကျန် ကုန်သွားပါစေ။ မင်းတို့ ဒုက္ခဖြစ်အောင် ငါ လုပ်ကို လုပ်မယ်။ ဟိုကျော်နီဖွန်တိန်းဆိုတဲ့ ခွေးသားကိုလည်း လူညွန့်တုံးအောင် ငါလုပ် ပြမယ်။ နားလည်လား ဟေ့ကောင်”

ဤသို့လျှင် ရိုင်းပျစွာပြောပြီးနောက် ဂျက်ဝေါ့ဇ်သည် တယ်လီဖုန်းကို ဂွမ်းခနဲ ပြန်ချလိုက်တော့သည် ။ သူသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် အကြီးအကျယ် ဒေါသထွ

က်နေသဖြင့် အသံများ ပင် တုန်နေ၏။ ဘာကြောင့် ဟူ၍ ကား ဖွင့်မပြောဘဲ ဖုန်းကို ချသွားခြင်းဖြစ်သည် ။

မည်သို့ပင်ဖြစ်စေ ဂျက်ဝေါ့ခ်သည် ဒေါသတကြီးဖြင့် တော်မီအား ကြိမ်းမောင်းနေသော်လည်း 'ဂေါ့ဒ်ဖားသား'ခေါ် ဒွန်ကော်လီယွန်အား ခြိမ်းခြောက်ခြင်းဆို၍ တစ်ခွန်းတလေမှ မပြောခြင်းမှာ အတော်ဆန်း သည် ဟု တော်မီ ဟောဂင်က ထင်မိလေသည် ။

***

ရုပ်ရှင်သူဌေးကြီး ဂျက်ဝေါ့ခ်သည် လွန်ခဲ့သော ၁၀ နှစ်က သူ၏ ပထမဇနီး ကွယ်လွန်ပြီးချိန်မှ စ၍ တစ်ယောက်တည်း အိပ်လေ့ရှိသူ ဖြစ်၏။ သူ၏ အိပ်ခန်းကြီးက ရုပ်ရှင်ဇာတ်ကားယမှ ကပွဲကြီးတစ်ခု၏ ဆက်တင်ခန်းမျှ ကျယ်ဝန်းသည့် ပြင် သူအိပ်သော ခုတင်ကြီးကလည်း လူဆယ်ယောက်ခန့် ကန့်လန့်ဖြတ်အိပ်၍ ရလောက်အောင် ကြီးမားလှ၏။ ဤသို့လျှင် သူသည် သူများ တကာထက် ထူးအောင်ဇိမ်ခံ၍ အိပ်လေ့ရှိသူ ဖြစ်သည် ။

ဂျက်ဝေါ့ခ်သည် တစ်ယောက်တည်း အိပ်တတ်သည် ဟု ဆိုရာ၌ မိန်းမများ နှင့် လုံးလုံးကင်းရှင်းစွာနေ ပြီဟု မဆိုလိုချေ။ အသက် ၆၀ ရွယ်ရှိပြီဖြစ်သော်လည်း သန်မာတောင့်တင်းသူ ဖြစ်၏။ သို့သော် သူသည် အသက်ကြီးလာခါမှ 'နွားအို မြက်နုကြိုက်' ဆိုသလို အရွယ်ရောက်ခါစ မိန်းကလေး ငယ်ငယ်ချောချော မြိုးကောင်ပေါက်ကလေးများကိုမှ တောင့်တတပ်

မက်သူ ဖြစ်လေသည် ။

ခါတိုင်းဆိုလျှင် နေမြင့်မှ အိပ်ရာက ထတတ်သူ ဂျက်ဝေါ့ဇ်သည် ကြာသပတေးနေ့ နံနက်တွင် ဘာကြောင့် မှန်းမသိ အိပ်ရာမှ ခပ်စောစော နိုး လာလေသည် ။ အရှေ့ဘက်မှ ရောင်ခြည်ဦးများ သန်းခါစအချိန် ဖြစ်၍ သူ၏ အိပ်ခန်းတွင်းမှ အလင်းရောင်သည် မှုန်မွှားမွှားပင် ရှိနေသေး၏။

အိပ်ရာမှ နိုးနိုးချင်း ထုံးစံအတိုင်း မထသေးဘဲ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ၏ ခုတင်ခြေရင်း၌ သူမြင်နေကျ သဏ္ဍာန်တစ်ခုလိုလို မြင်လိုက်ရသဖြင့် အံ့အားသင့်သွားမိသည် ။ ကြည့်ရင်းကြည့်ရင်း ထိုပုံသဏ္ဍာန်သည် မှုန်မွှားမွှားအလင်းရောင်တွင် မြင်းတစ်ကောင်၏ ဦးခေါင်းနှင့် တူနေသဖြင့် ဂျက်ဝေါ့ဇ်သည် အိပ်ရာနံဘေးရှိ စားပွဲမှ လျှပ်စစ် မီးခလုတ်ကို ဖွင့်လိုက်၏။

ထိုလျှပ်စစ်မီးရောင်ဖြင့် ထင်ရှားစွာ မြင်လိုက်ရသောအခါ ဂျက်ဝေါ့ဇ်မှာ သူ၏ ရင်ဘတ်တည့်တည့်သို့ ရဲတင်းကြီးတစ်လက်ဖြင့် ခုတ်ခံလိုက်ရဘိသကဲ့သို့ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကာ ရင်ထဲမှာ လည်း နှလုံးနာလွန်းသဖြင့် အော့အန်မိတော့သည် ။

အကြောင်းမူကား သူ၏ ခုတင်ခြေရင်း၌ ရောက်နေသည် ကား ဂျက်ဝေါ့ဇ် အလွန်မြတ်နိုးတန်ဖိုးထား သော ခါတွမ်း အမည်ရှိ နာမည်ကျော် ပြိုင်မြင်း၏ ဦးခေါင်းပြတ်ကြီးပင် ဖြစ်နေသောကြောင့် တည်း။

သွေးသံရဲရဲဖြင့် ခုတင်ခြေရင်းတွင် ချထား

သော မြင်းခေါင်းပြတ်ကြီးကို ကြည့်ရသည် မှ တကယ်ပင် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှသဖြင့် ဂျက်ဝေါ့ဇ်သည် သွေးရူးသွေးတန်းဖြင့် သူ၏ အစေခံများအား ဟစ် အော်၍ ခေါ်လိုက်မိသည် ။ ယင်းသို့ တုန်လှုပ်ချောက်ချားလျက် ဒေါသလည်း ထွက်လာသောကြောင့် သူသည် နယူးယောက်မြို့သို့ တယ်လီဖုန်း လှမ်းဆက်၍ တော်မီဟောဂင်အား ကယောင်ချောက်ချား ကြိမ်းမောင်းခဲ့ခြင်း ဖြစ်၏။

သူ၏ စားပွဲထိုးလုပ်သူမှာ ဂျက်ဝေါ့ဇ် ထိုသို့ ကယောင်ချောက်ချားဖြစ်နေသည် ကို စိုးရိမ်မိသဖြင့် သူ၏ ဆရာဝန်နှင့် တကွ ရုပ်ရှင်စတူဒီယိုမှ လက်ထောက်အကြီးအကဲတို့ ကို ဖုန်းဆက်၍ လှမ်းခေါ်လိုက်သည် ။ သို့သော် ထိုပုဂ္ဂိုလ်များ ရောက်မလာမီပင် ဂျက်ဝေါ့ဇ်သည် စိတ် အနည်းငယ် ပြန်ငြိမ်သွားပြီ ဖြစ်သည် ။

သို့ဖြစ်လင့်ကစား ဂျက်ဝေါ့ဇ်အဖို့ တစ်သက်တာတွင် မကြုံဖူးအောင် ပြင်းစွာ တုန်လှုပ်ချောက်ချား မိလေသည် ။ ဒေါ်လာငွေ (၆) သိန်းကျော် တန်သော ကမ္ဘာကျော် ပြိုင်မြင်းတစ်ကောင်ကို ယခုကဲ့သို့ ရက်ရက် စက်စက် သတ်ပစ်ရက်သူကား မည်သို့သော လူစားမျိုးပေနည်း။ လောကဓံ၌ မည်သည့် အကြောင်းကိုမှ မထောက် ညှာ မငဲ့ကွက်ဘဲ ဤမျှရက်စက်မှုမျိုး ကျူးလွန်သူသည် ဘုရားသခင်ကိုလည်းကောင်း၊ တရားဥပဒေကိုလည်း ကောင်း လုံးဝ ဂရုမစိုက်သူများ သာ ဖြစ်ရပေမည်။

ထို့မျှမကသေး၊ မြင်းဇောင်း၏ လုံခြုံရေးအတွက် အလွန်စိတ်ချရအောင် ကြေးစားစုံထော

က်များ ငှား ရမ်းအစောင့်ချထားသည့် ကြားက သူ့ တန်ဖိုးထားလှသော မြင်းကြီးကို ရအောင် သတ်ဖြတ်ပြီး ဦးခေါင်းပြတ် ကြီးကိုလည်း အိပ်ခန်းထဲအရောက်လာထားနိုင်အောင် ကြံစည်လုပ်ကိုင်နိုင်သူ၏ တန်ခိုးအာဏာနှင့် ကြံရည်ဖန် ရည်က ထက်မြက် ကြီးမားလှပါပေသည်။

အချိန်အနည်းငယ်အတွင်းမှာ ပင် ဂျက်ဝေါ့ဇ်သည် ပြိုင်မြင်း ခါတွမ်းကို ဘိန်းကဲ့သို့ မေ့ဆေးထိုးပြီးမှ တစ်စုံတစ်ယောက်က အေးအေး ဆေးဆေးပေါက်ဆိန်ဖြင့်
ခေါင်းဖြတ်သတ်ခဲ့ကြောင်း စုံစမ်းသိရှိရလေသည် ။ မြင်းဇောင်းမှ ညအစောင့်တာဝန်ကျသူများကို စစ်ဆေးသောအခါ ညပိုင်းက ဆူဆူညံညံ ဘာသံမှ မကြားဟု သာ အစစ်ခံကြသည် ။

သို့သော် လူသားမှန်သမျှ ငွေများများ နှင့် လာဘ်ထိုး၍ ဝယ်ယူရရှိနိုင်ကြောင်းကို ဂျက်ဝေါ့ဇ်က နားလည်မိသည် ။ သူသည် ဆင်ခြင်ဉာဏ် ကင်းမဲ့သူတစ်ယောက် မဟုတ်ချေ။ သူ့ကိုယ်သူ အထင်ကြီးလွန်းသူ သာ ဖြစ်၏။ သူ၏ အပေါင်းအသင်း အဆက်အသွယ်နှင့် ဩဇာက "ဂေါ့ဒ်ဖားသား" ခေါ် ဒွန်ကော်လီယွန် ဆိုသူ လူမိုက်ဂိုဏ်းခေါင်းဆောင်တစ်ဦး၏ ဩဇာအာဏာထက် ပိုမိုကြီးမားမည်ဟု ထင်မိခဲ့ခြင်းသာလျှင် သူ၏ မဟာအမှားကြီး ဖြစ်ခဲ့ပေသည် ။

သူသည် အမေရိကန်သမ္မတနှင့် လည်း အဆက်အသွယ်ရှိပြီး အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီးနှင့် ရင်းနှီးသဖြင့် သူ့အား မည်သူကမှ လက်ဖျားနှင့် တို့ ဝံ့မည်မဟုတ်ဟု ထင်ခဲ့သော်လည်း ယခုတော့ တစ်ဖက်မှ လူက သူ၏ အဖိုး

တန်မြင်းကို လွယ်လွယ်ကလေး ခေါင်းဖြတ်သတ်ပြပုံမှာ ဂျက်ဝေါ့ခ်ကိုလည်း အချိန်မရွေး သတ်နိုင်ကြောင်း လက်စွမ်းပြလိုက်ခြင်းပင် ဖြစ်သည် ။

ဂေါ့ဒ်ဖားသား လိုလားသည့် အတိုင်း ဂျော်နီဖွန်တိန်းအား သူ၏ ရုပ်ရှင်ကားတွင် မင်းသားအဖြစ် ထည့်မသုံးပါက ဂျက်ဝေါ့ခ်ကိုလည်း ပြိုင်မြင်း ခါတွမ်းကို သတ်ပြသလို ရက်ရက်စက်စက် သတ်မည်ဟု ခြိမ်း ခြောက်လိုက်ခြင်းလည်း ဖြစ်သည် ။

ယခုတော့ ဂျက်ဝေါ့ခ်သည် ကောင်းစွာ နားလည်သွားပြီ ဖြစ်သည် ။ 'ဂေါ့ဒ်ဖားသား' ခေါ်ဒွန်ကော်လီ ယွန်၏ ဩဇာနှင့် အစွမ်းကိုလည်း ကောင်းကောင်း ကြီးသဘောပေါက်မိပါလေပြီ။ သွေးအေးအေးဖြင့် ခေါ်လာငွေ ခြောက်သိန်းတန် မြင်းပါမ်ကောင်ကို သတ်သလို မိမိကိုလည်း သွေးအေးအေးဖြင့် သတ်နိုင်စွမ်းရှိ ကြောင်း ထင်ရှားနေပါချေပြီ ။

နောက် ခြောက်နာရီခန့်မျှကြာသောအခါ ရုပ်ရှင်မင်းသား ဂျော်နီဖွန်တိန်းအား သူပါဝင်လိုသော ရုပ်ရှင် ကားတွင် ခေါင်းဆောင်နေရာမှ ပါဝင်သရုပ်ဆောင်ရန်နှင့် တနင်္လာနေ့ နံနက်မှစ၍ ရုပ်ရှင်စတူဒီယိုသို့ အလုပ် ဝင်ပါရန် ဂျက်ဝေါ့ခ်၏ ဓာတ်ကားထုတ်လုပ်ရေးတာဝန်ခံက တယ်လီဖုန်းဆက် အကြောင်းကြား လိုက်လေသည် ။

***

ထိုနေ့ညနေဘက်တွင် တော်မီဟေဂင်သည် အဘိုးကြီး ဒွန်ကော်လီယွန်၏ အိမ်သို့သွား၍

နောက်တစ် နေ့ (သောကြာ)တွင် မစ္စတာဆိုလို ဗိုနှင့် တွေ့ဆုံဆွေးနွေးပွဲအတွက် ကြိုပြင်ဆင်စ ရာ ရှိသည် တို့ ကို ပြင်ဆင် ရလေသည် ။ 'ဂေါ့ ဒ်ဖားသား'၏ အလုပ်လုပ်နည်း အစဉ်အလာတ စ်ခုကား အရေးကြီးသော လူတစ်ယောက်နှင့် မတွေ့ဆုံမီ ထိုလူ၏ နောက်ခံ အကြောင်းခြင်း ရာ အပြည့်အစုံကို သူ့လူများအား လေ့လာစုံစ မ်းခိုင်း၍ သေချာစွာ သုံးသပ်စဉ်းစားထားခြင်း ပင် ဖြစ်သည် ။

ထို့ကြောင့် ယခုလည်း ဆိုလိုဇို အမည်ရှိ ဂို ဏ်းခေါင်းဆောင်နှင့် မတွေ့မီ သူ၏ လူယုံများ နှင့် တွေ့ဆုံညှိနှိုင်းတိုင်ပင်ခြင်းပင်ဖြစ်သည် ။

တော်မီဟေဂင် ရောက်သွားသောအခါ ဒွန် ကော်လီယွန်၏ ရုံးခန်းထဲတွင် သူ၏ သားကြီး ဆန်နီလည်း ကြိုတင်ရောက်ရှိနေကြောင်း တွေ့ရလေရာ ဆိုလိုဇိုနှင့် တွေ့ဆုံဆွေးနွေးမှု တွင် အဘိုးကြီးက ဆန်နီကိုပါ ရှိနေစေချင်မှန်း သိသာပေသည် ။

ရောက်သွားသွားချင်း တော်မီဟေဂင်သည် သူ၏ မှတ်စုများ ရေးထားသော ဖိုင်တွဲကို ထု တ်ယူ၍ အဘိုး ကြီးမေးသည့် မေးခွန်းများကို ဖြေကြားရန် အဆင်သင့် စောင့်နေစဉ်မှာ ပင် ' ဂေါ့ဒ်ဖားသား'စတင်မေးခွန်းထုတ် လိုက်သည် ။

"ဟေ့ တော်မီ၊ ဆိုလိုဇိုနဲ့ ပတ်သက်လို့ သိသ င့်သိထိုက်တာတွေ အားလုံးသိပြီးပလား"

"ဟုတ်ကဲ့၊ ကျွန်တော် ရှင်းပြပါမယ်"

ဟု အစချီကာ တော်မီဟေဂင်သည် သူ၏ မှ တ်စုဖိုင်တွဲကို ကြည့်ကာ အသေးစိတ် အချက် အလက်များ ကို အောက်ပါအတိုင်း ရှင်းပြသ

ည်။

"ဆိုလိုဇိုက လာတွေ့ဆုံမယ့်ကိစ္စကတော့ ကျွန်တော်တို့ ဆီ လာအကူအညီတောင်းဖို့ ပါပဲ။ သူလိုချင်တဲ့ အကူအညီက ဒီမိသားစုဆီက ဒေါ်လာငွေတစ်သန်း စိုက်ထုတ်မတည်ပြီး သူ့ရဲ့ လုပ်ငန်းတစ်ခုမှာ ကူညီဖို့ ရယ်၊ ပြီးတော့ သူ့ကို တရားဥပဒေအရ အရေးယူခြင်းမခံရအောင် ဒီဘက်က တာဝန်ယူ ကာကွယ်ပေးဖို့ ပါပဲ။ ဒီလို ကူညီခြင်းအားဖြင့် ဆိုလိုဇိုက သူရရှိမယ့် ဝင်ငွေထဲက အချို့အဝက်ကို ဒီမိသားစုကို ခွဲဝေမျှပေးမယ်လို့ ဆိုပါ တယ်။ သူလုပ်မယ့်အလုပ်ကတော့ တခြား မဟုတ်ဘူး ။ ဘိန်းဖြူကုတ်ကင်း စတဲ့ မူးယစ်ဆေးဝါးတွေကို အကြီးအကျယ် မှောင်ခိုသွင်းပြီး အမေရိကန်မှာ လျှို့ဝှက်ဖြန့်ချိရောင်းချဖို့ ပဲ။ ဆိုလိုဇိုဟာ ဘိန်းပင်အမြောက်



ဆက်အသွယ်ကောင်းရှိသူဖြစ်တယ်။ တူရကီက ဘိန်းကို ဆစ်စလီကျွန်းကို သယ်ယူပြီး အဲဒီမှာ ဟီးရိုးအင်း(ဘိန်းဖြူ)ဖြစ်အောင် ပြောင်းလဲထုတ်လုပ်မယ်။ လုပ်ဖို့ စက်တွေလည်း အဆင်သင့်ရှိတယ်။ သူ့မှာ ခက်နေတာက ဆစ်စလီကနေပြီး အမေရိကန်နိုင်ငံထဲကို သွင်းလာဖို့ နဲ့ ဒီရောက်တော့ ပိပိရိရိ ဖြန့်ချိရောင်းချဖို့ ပဲ။ ပြီးတော့လည်း သူ့မှာ လုပ်ငန်းစတင်ဖို့ လိုတဲ့ ငွေရင်းဒေါ်လာတစ် သန်းမရှိ ဖြစ်နေတယ်။ ဒါကံ သူလာတွေ့တဲ့ အခါ တင်ပြ အကူအညီတောင်းမယ့် လုပ်ငန်းအကြောင်း ဖြစ်ပါတယ်။ သူက ဒါကိုပဲ ပြောပါတယ်။ ဆက်လက်ပြီး ဒီလူရဲ့ အကြောင်းကိုလည်း ကျွန်တော် ပြောပါဦးမယ်။ အမေရိကန် မြေအောက်လောကမှာ ဆိုလိုဇိုကို 'တူရကီ'လို့ ခေါ်လေ့ရှိတယ်။ ဒီလိုခေါ်ရတဲ့

အကြောင်းနှစ်ရပ် ရှိပါတယ်။ ပထမအချက်က သူ့ရဲ့ ဇနီးဟာ တူရကီနိုင်ငံသူ ဖြစ်လို့ ပါပဲ။ ဒုတိယအကြောင်းကတော့ ဆိုလိုဆိုဟာ (အခုတော့ မပြောတတ်ဘူး) ငယ်စဉ်ကဆိုရင် တူရကီလူမျိုးများ လိုပဲ ဓားလက်နက် ကိုင်ဆောင်ရာမှာ အလွန် ကျင်လည်ခဲ့တယ်။ ဓားပစ်၊ ဓားပေါက်အထူး လျင်မြန်တယ်။ လက်တည့်တယ်လို့ နာမည်ကြီးခဲ့တယ်။ သတ်ရဲ ဖြတ်ရဲ ရက်စက်တဲ့ လူလည်း ဖြစ်တယ်။ အခု မူးယစ်ဆေးဝါးလုပ်ငန်းမှာ တော့ ဆိုလိုဇိုကို ‘တာတာဂလီယာ’ မိသားစုက ထောက်ခံထားပါတယ်။ ဆိုလိုဇိုနဲ့ ပတ်သက်လို့ နောက်ထပ် သိသင့်တာတစ်ချက် ရှိပါသေးတယ်။ သူဟာ ရာဇဝတ်မှုနဲ့ ထောင်နှစ်ကြိမ် ကျခဲ့ဖူးတယ်။ တစ်ကြိမ်က အီတလီပြည်မှာ ဖြစ်ပြီး နောက်တစ်ကြိမ်က ဒီအမေရိကန်မှာ ဖြစ်တယ်။ ရဲနဲ့ စုံထောက်အဖွဲ့ကလည်း ဆိုလိုဖို့ကို မူးယစ်ဆေးဝါးမှောင်ခို အလုပ်လုပ်တဲ့ လူ အပြစ် ဒဏ်ထားကြတယ်။ ဒီအချက်ဟာ ကျွန်တော်တို့ အတွက် အရေးကြီးပါတယ်။ အပေါ်စီးရနိုင်တဲ့ အချက် ဖြစ် တယ်။ ဒီလို ထောင်ကျဖူးတဲ့ ရာဇဝင်ရှိတဲ့ အတွက် သူဟာ တရားရုံးတော်ကို ဘယ်နည်းနဲ့ မှ ရှောင်လို့ မရဘူး။ နောက်တစ်ချက်က ဆိုလိုဇိုဟာ ဒီမှာ လည်း အမေရိကန်သူ မိန်းမနဲ့ အိမ်ထောင်ကျပြီး ကလေးသုံးယောက် ရှိပါတယ်။ အဲဒီမိန်းမနဲ့ ကလေးတွေကို ကောင်းကောင်း မွန်မွန်နေရဖို့ တာဝန်ယူ စောင့်ရှောက်မယ်ဆိုရင် ဆိုလိုဇိုဟာ ဘယ်လို အပြစ်ဒဏ်မျိုးကို မဆို ခံနိုင်မယ့်လူဖြစ်ပါတယ်”

တော်မီ၏ စကားဆုံးသွားသောအခါ အဘိုးကြီးသည် ဆေးပြင်းလိပ်ကို ဖွာနေရင်း

"ဆန်နီ၊ ဘယ်လိုသဘောရသလဲ"

ဟု သူ၏ သားကြီးအား ထင်မြင်ချက် လှမ်းတောင်းလိုက်သည် ။

တော်မီဟောဂင်သည် ဆန်နီ ဖြေကြားမည့် စကားကို ကြိုတင်သိနေသည် ။ ဆန်နီအနေဖြင့် သူ့ဖခင် အဘိုးကြီးလက်အောက်တွင် အမိန့်နာခံပြီး အလုပ်လုပ်နေရခြင်းထက် သူကိုယ်တိုင် ဦးစီးကွပ်ကဲ အမိန့်ပေးနိုင် မည့်လုပ်ငန်းကြီးကြီးတစ်ခုကို တာဝန်ယူဦးစီးချင်နေသူဖြစ်သည် ။

ဆန်နီသည် ဝီစကီအရက်တစ်ခွက်ကို မော့သောက်လိုက်ပြီးနောက်

"ဒီဟီးရိုးအင်းခေါ်တဲ့ ဘိန်းဖြူလုပ်ငန်းဟာ ဝင်ငွေ သိပ်အများကြီး ရနိုင်တာ မှန်တယ်။ ဒါ ပေမဲ့ အန္တရာယ်လည်း များ တယ်။ ဖမ်းမိရင် လည်း ထောင်အနှစ်နှစ်ဆယ် ကျနိုင်တယ်။ ကျွန်တော့်သဘောအရတော့ ဘိန်းဖြူကို တိုက်ရိုက်ဖြန့်ချိရောင်းချတဲ့ အလုပ် မလုပ်ဘဲ ငွေရင်းစိုက်ထုတ်မတည်ပြီး တကယ်လုပ်မယ့် လူတွေကို ကာကွယ်ပေးဖို့ လောက်ပဲ တာဝန်ယူရင် ကောင်းလိမ့်မယ်လို့ ထင်ပါတယ်။"

ဟု သူ၏ ထင်မြင်ချက်ကို ပြောလိုက်သည် ။

တော်မီသည် ဆန်နီ၏ ဖြေလိုက်ပုံကို သဘောကျမိသည် ။ သူသည် စကားကို လိမ္မာပါးနပ်စွာ ပြော တတ်သူဟု စိတ်ထဲမှ ချီးကျူးမိသည် ။

"ကိုင်း တော်မီ၊ မင်းကတော့ ဘယ်လိုထင်သလဲ"

“ဂေါ်ဒ်ဖားသား”က သူ့ဘက်သို့ လှည့်၍ မေးလိုက်သောအခါ တော်မီဟောဂင်သည် ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည် ။ သို့သော် အဘိုးကြီးက

“ပြောသာပြောပါကွ တော်မီရဲ့ ။ မင်းရဲ့ ထင်မြင်ချက်ကို မေးတာပဲ။ ငါနဲ့ သဘောချင်းမတူမှာ ကိုလည်း စိုးရိမ်မနေနဲ့ ။ တကယ့်ဆစ်စလီလူမျိုးစစ်စစ် (ကွန်ဆီလီယိုရီ) လူယုံတောင်မှ သူ့ဆရာသမားနဲ့ ထင်မြင်ချက် တူချင်မှ တူမှာပေါ့။ ပြောသာ ပြောပါ”

ဟု ရယ်ကာမောကာဖြင့် အားပေးလိုက်သဖြင့် တော်မီလည်း သူ၏ သဘောထားကို အမှန်အတိုင်း ဖွင့် ပြောရန် ဆုံးဖြတ်လိုက်တော့သည် ။

“ကျွန်တော်ကတော့ သဘောတူ လက်ခံသင့်တယ်လို့ ထင်ပါတယ်။ ဒီမှုးယစ်ဆေးဝါးရောင်းဝယ်မှု လုပ်ငန်းဟာ တခြားဘာလုပ်ငန်းနဲ့မှ မတူအောင် ဝင်ငွေ အမြတ်အစွန်း အမြောက်အမြား ရနိုင်ပါတယ်။ ဒါလောက်အကျိုးကျေးဇူးများ နိုင်တဲ့ အလုပ်မျိုးကို ကျွန်တော်တို့ မလုပ်ရင်လည်း တခြား တစ်ယောက်ယောက် က ဝင်လုပ်မှာ သေချာပါတယ်။ ကျွန်တော့် အထင်ဖြင့် ဟို (တာတာဂလီယာ) မိသားစုတောင် ဝင်လုပ်လိမ့်မယ် လို့ ထင်ပါတယ်။ ရရှိမယ့်ဝင်ငွေက သိပ်များ တော့ ဒီငွေနဲ့ နိုင်ငံရေးဩဇာရဲ့နဲ့ စုံထောက်တွေကို မီးသေအောင် လုပ်နိုင်မယ့် ဩဇာများကိုလည်း ငွေနဲ့ ပေါက်ပြီး ပိုင်အောင် လုပ်ယူနိုင်ပါတယ်။ တာတာဂလီယာ မိသားစုက ဒီအလုပ်သာ ဝင်လုပ်မယ်ဆိုရင် နောက်ပိုင်းကျတော့ ကျွန်တော်တို့ မိသားစုထက်တောင် အင်အားကြီးမားလာ နိုင်

တယ်။ အဲဒီလို စီးပွားရေးဘက်က ပေါ်ထွန်းလာရင် သူတို့ ဟာ ကျွန်တော်တို့ အုပ်စုကိုတောင် ခြိမ်းခြောက်လာနိုင်တယ်။ ရန်ပြုလာနိုင်တယ်။ အခုဆိုရင် ကျွန်တော်တို့ လက်ထဲမှာ လုပ်ငန်းအနေနဲ့ လောင်း ကစားဝိုင်းတွေ ကြီးကြပ်တဲ့ လုပ်ငန်းနဲ့ အလုပ်သမားသမဂ္ဂတွေ ကြီးကိုင်တဲ့ လုပ်ငန်းရှိတယ်။ ဒါတွေက အခုနေ အခါတော့ အကောင်းဆုံး လုပ်ငန်းတွေပဲ။ ဒါပေမဲ့ ရှေ့လျှောက်ဆိုရင် မူးယစ်ဆေးဝါးအလုပ်က ပိုပြီး ကောင်းလာလိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် အခု ကမ်းလှမ်းလာမယ့် အလုပ်ကို လက်ခံသင့်တယ်လို့ သဘောရမိပါတယ်"

တော်မီဟောဂင်က ဤသို့ သူ၏ သဘောထားကို ပြောပြလိုက်သောအခါ အဘိုးကြီးသည် ကျေနပ် သဘောကျသွားပုံရလေသည်။

သို့သော် မည်သို့မျှ ဝေဖန်မှတ်ချက်တော့ မပြောဘဲ

"ဒီလူနဲ့ မနက်ဖြန် ဘယ်အချိန်တွေ့ရမှာ လဲ"

ဟု မေးလိုက်သည်။

"နက်ဖြန်နံနက် ၁၀ နာရီတိတိမှာ သူရောက်လာပါလိမ့်မယ်"

တော်မီက ချိန်းထားသည့် အချိန်ကို ပြောပြလိုက်သောအခါ 'ဂေါ့ဒ်ဖားသား'က

"နက်ဖြန် ဟိုလူကို ငါတွေ့နေတဲ့ အချိန်မှာ မင်းတို့ နှစ်ယောက်စလုံး အနားမှာ ရှိနေစေချင်တယ်"

ဟု အမိန့်ပေးလိုက်သည်။

"ဒါထက် ဒယ်ဒီ မနက်ဖြန်ကျရင် ဘယ်လို အဖြေပေးမှာ လဲ"

ဆန်နီသည် တော်မီဟောဂင် မမေ့ဝံ့သော မေးခွန်းကို သူ၏ ဖခင်အား တိုက်ရိုက်ပင် မေးလိုက်ရာ အဘိုး ကြီး ပြုံး လိုက်လေသည် ။

"ဟ ဒါတော့ အခုချက်ချင်း ငါဘယ်လိုလုပ်ပြီး ပြောနိုင်ပါ့မလဲကွ။ ဒီနေ့တစ်နေ့လုံး ဟိုကဒီက အကြံ ပေးချက်တွေ အားလုံးကို နားထောင်သုံးသပ်ပြီးမှ စဉ်းစားယူရမှာပေါ့။ ပြီးတော့ ငါက ကိစ္စတစ်ခုကို ဘယ် တော့မှ အလျှင်စလို မဆုံးဖြတ်တတ်ဘူးဆိုတာ မင်းတို့ သိသား မဟုတ်လား"

ဟု ပြောပြီး အခန်းတွင်းမှ ထွက်သွားမည်ပြုပြီးမှ တော်မီဟောဂင် ဘက်သို့ လှည့်၍

"ဟော့ တော်မီ၊ ဆိုလိုဇိုနဲ့ ပတ်သက်ပြီး အချက်အလက်တွေစုံအောင် မင်း ရှာဖွေစုဆောင်းထားရဲ့ လား။ သူဟာ စစ်မဖြစ်မီက ပြည်တန်ဆာလုပ်ငန်းနဲ့ အသက်မွေးခဲ့ဖူးသလားဆိုတာ ငါသိချင်တယ်။ အခု 'တာတာဂလီယာ' မိသားစုက ပြည့်တန်ဆာတွေအပေါ် ခေါင်းပုံဖြတ် စားနေသလိုပေါ့ကွာ။ အဲဒါကို မင်းမစုံ စမ်းရသေးရင် အခု မြန်မြန်စုံစမ်းထားချေ"

ဟု အမိန့်ပေးလျက် ထွက်သွားလေသည် ။

တော်မီသည် အဘိုးကြီးက ဘာကြောင့် ဤကိစ္စ စုံစမ်းခိုင်းသည် ကို စဉ်းစားနေမိသည် ။

တစ်ခုတော့ ရှိသည် ။ အဘိုးကြီးသည် မိန်းမကိစ္စ၊ လိင်ကိစ္စတွင် အလွန်တင်းရှင်းသူဖြစ်သည့် အပြင် ကာမဂုဏ်ကြူးခြင်းကိုလည်း အလွန်စက်ဆုပ်သူ ဖြစ်သည် ။

ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို အလွန်ယုတ်ညံ့ အောက်တန်း ကျသောအလုပ်ဟု ယူဆထားသည် ။

ထို့ကြောင့် အီတလီအမျိုးအနွယ် လူမိုက်ဂိုဏ်းချင်းအတူတူ ပြည့်တန်ဆာလုပ်ငန်းကို လက်ဝါးကြီး အုပ် စားသောက်သည့် 'တာတာဂလီယာ' မိသားစုအား အလွန်အထင်သေးခဲ့သည် ။

အကယ်၍ များ မနက်ဖြန်လာတွေ့မည့် ဆိုလိုဇီသည် တစ်ချိန်က ပြည့်တန်ဆာအလုပ် လုပ်ခဲ့ဖူးသည် ဆိုလျှင် 'ဂေါ့ဒ်ဖားသား'၏ ဆုံးဖြတ်ချက် အဖြေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေမည်လားဟု တော်မီ ဟောဂင်က တွေးမိလေသည် ။

***

'တူရကီ' ဟု ခေါ်ကြသော ဆိုလိုဇီအမည်ရှိ ပုဂ္ဂိုလ်ကား အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း မဟုတ်သော်လည်း ကိုယ်လုံးကိုယ်ထည်ကျစ်လျစ် သန်မာလှသူတစ်ဦး ဖြစ်သည် ။

သူ၏ မျက်လုံးများ သည် တောက်ပြောင်စူးရှပြီး အလွန်ရက်စက်ကြမ်းကြုတ်မည့် အသွင်းကို ဆောင် နေ၏။ အသားမဖြူဘဲ ခပ်ညိုညိုဖြစ်၍ လည်း သူ့အား 'တူရကီ'အမျိုးသားတစ်ယောက်ဟု ထင်မည်ဆိုက ထင် နိုင်ပေသည် ။

ချိန်းထားသည့် နံနက် ၁၀ နာရီတိတိတွင် ဆိုလိုဇီရောက်လာရာ ဆန်နီကိုယ်တိုင် ဆီးကြို၍ အဘိုးကြီး နှင့် တော်မီဟောဂင်တို့ ထိုင်စောင့်နေသော ရုံးခန်းထဲသို့ ခေါ်လာ၏။

ဆိုလိုဖို့အား ပထမအကြိမ် နီးနီးကပ်ကပ်မြင်လိုက်ရသည့် တွင် (လူကာဘာရာဆီ) ဆိုသူလူမိုက်မှ လွဲ လျှင်) ကြောက်စရာအကောင်းဆုံး လူတစ်ယောက် ဟူ၍ တော်မီဟောဂင်၏ စိတ်ထဲ မှတ်ချက်ချလိုက်မိတော့ သည်။

အကယ်၍ 'ဂေါ့ဒ်ဖားသား'က ရုပ်ရှင်သူဌေးဂါက်ဝေါ့ဇ်နှင့် ပတ်သက်ပြီး မေးသလို 'မင်းလူက တကယ် သတ္တိရှိရဲ့ လားဟု ' မေးပါက ဆိုလိုဖို့သည် တကယ်သတ္တိရှိပါသည် ဟု ပင် ဖြေရမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်မိသည်။

လူချင်းတွေ့ဆုံမိတ်ဆက်၍ အချင်းချင်း လက်ဆွဲနှုတ်ဆက်ကြပြီးနောက် ဆိုလိုဖို့သည် စကားရှည်ရှည် ဝေးဝေး သွယ်ဝိုက်မနေဘဲ လိုရင်းအချက်ကိုသာ တိုက်ရိုက်ပင် စပြောလေသည်။

လုပ်ရမည့် အလုပ်က မူးယစ်ဆေးဝါးကုန်အကြီးအကျယ် လုပ်ရန်ပင်ဖြစ်ကြောင်း၊ တူရကီနိုင်ငံမှ ဘိန်း စိုက်ပျိုးသူများ ထံမှ နှစ်စဉ်မှန်မှန် ဘိန်းရိုင်း အစိမ်းတွေ ရရှိရန် အခိုင်အမာစေ့စပ်ဆက်သွယ်ထားပြီးဖြစ် ကြောင်း၊ ထိုဘိန်းရိုင်းများကို မော်ဖီးယားအဖြစ်သို့ ပြောင်းလဲထုတ်လုပ်ရန်အတွက် ပြင်သစ်ပြည်တွင် စက်တစ် ခု အသင့်ရှိကြောင်း၊ အလားတူပင် ဘိန်းစိမ်းမှ ဟီးရိုးအင်းခေါ် ဘိန်းဖြူဖြစ်အောင် ဓာတုဗေဒနည်းဖြင့် ထုတ် လုပ်ရန် အတွက် စက်တစ်ခုလည်း ဆစ်စလီကျွန်း၌ လုံခြုံစွာစီစဉ်ထားပြီးဖြစ်ကြောင်း၊ ဘိန်းကို ပြင်သစ်နှင့် အီတလီနိုင်ငံ (ဆစ်စလီ) သို့ ခိုးသွင်းရန် လွယ်ကူသော်လည်း အမေရိကန်ပြည်သို့ သွင်းရာတွင်မူ အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကို လာဘ်ပေး၍ မရနိုင်သဖြင့် အနည်းငယ် အခက်အခဲရှိမ

ည်ဖြစ်ကြောင်း။

သို့သော် ထိုလုပ်ငန်းမှ ရရှိမည့် အမြတ်အစွန်းဝင်ငွေက အခြားမည်သည့် လုပ်ငန်းနှင့် မှ မတူအောင် အမြောက်အမြားရရှိနိုင်ကြောင်း စသဖြင့် အကျယ်တဝင့် ပြောလေရာ တော်မီဟောဂင်သည် ဆန်နီဘက်သို့ အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်မိသည်။

ဆိုလိုဇီသည် သူ၏ လိုရင်းအချက်ကို တစ်ဖက်သား နားဝင်စိတ်ဝင်စားအောင် ပြောတတ်သည် ဟူသော အဓိပ္ပာယ်နှင့် ဖြစ်လေသည်။

“ဒါဖြင့် ခင်ဗျားက ဘာကြောင့် ကျုပ်ဆီကို အခုလာရတာလဲ။ ခင်ဗျားတို့ ကြီးပွားချမ်းသာမယ့် အလုပ် အကြောင်း ကျုပ်ကို လာပြောတာဟာ ဘယ်လိုကြောင့် ကျုပ်အပေါ် စေတနာပိုနေရပါလိမ့်လို့ သိချင်တယ်”

ဒွန်ကော်လီယွန်ကလည်း [illegible] တိုက်ရိုက်ပင် ပြန်မေးလိုက်ရာ ဆိုလိုဇီသည် ဧည်သို့မျှ အမူအရာမပြောင်းဘဲ သူ၏ လိုလားချက်ကို ဆက်လက်၍ ပြောလေသည်။

“ကျွန်တော့်ရဲ့ လုပ်ငန်းမှာ မတည်ရင်းနှီးဖို့ ငွေသားဒေါ်လာနှစ်သန်းလိုနေပါတယ်။ ဒါက ဒီကို လာရခြင်း အချက်တစ်ချက်ပါ။ နောက်တစ်ချက်ကလည်း အလွန်အရေးကြီးပါတယ်။ မူးယစ်ဆေးဝါးတွေ ပြည်တွင်းကို ခိုးသွင်းလာရာမှာ တစ်ခါတလေလည်း ကျွန်တော်တို့ လူအချို့ဟာ ဖမ်းမိသွားဖို့ ရှိပါတယ်။ ဖမ်းမိ တဲ့ အ ခ ါမ ၂ ၁ သူတို့ ကို အမှုစီရင်တဲ့ တရားသူကြီးများက ထောင်ဒဏ် တစ်နှစ်၊ နှစ်နှစ်ထက် ပိုမချဖို့ လိုအပ်ပါ တယ်။ ကျွန်တော် သိရသလောက် မစ္စတာကော်လီယွန်အနေနဲ့ နို

ငင်ရေးသြဇာကြီးမားတဲ့ မိတ်ဆွေရင်းတွေ အများကြီးရှိတယ်လို့ နားလည်ထားပါတယ်။ ဒါကြောင့် ဘိန်းဖြူသွင်းလာတဲ့ ကျွန်တော့်ရဲ့ လူတွေ မတော်မဆ ဖမ်းမိသွားရင် ထောင်ကျတောင်မှ တစ်နှစ်လောက်ပဲကျအောင် တရားသူကြီးများကို စည်းရုံးပြော ပေးစေချင်ပါတယ်။ ဒီလိုဆိုရင် ဟိုလူတွေလည်း သစ္စာရှိရှိနဲ့ ဘာကိုမှ ဖော်မပြောဘဲ နှုတ်လုံလုံနေကြပါမယ်။ ဒါပေမဲ့ တရားဥပဒေအကြောင်းအတိုင်း ထောင်ဒဏ် ၁၀ နှစ် သို့မဟုတ် အနှစ် ၂၀ ကျသွားရင်တော့ ဒီလူတွေက နှုတ်လုံချင်မှ လုံမယ်။ ဖော်ကောင်လုပ်ပြီး ဖွင့်ချလိုက်ရင် ကျွန်တော်တို့ လုပ်ငန်းကြီးတစ်ခုလုံး ပျက်စီးသွား နိုင်ပါတယ်။ မစ္စတာကော်လီယွန်အနေနဲ့ တရားသူကြီး အတော်များများကို 'ပိုင်' တယ်လို့ လည်း ကျွန်တော် ကြားသိရပါတယ်"

"ရရှိတဲ့ အမြတ်ငွေထဲက ကျုပ်တို့ က ရာနှုန်းနှုန်း ဘယ်လောက်ဝေစုရမှာ လဲ"

အဘိုးကြီးက ဤသို့မေးလိုက်သောအခါ ဆိုလိုဇိုသည် အားတက်သွားဟန်ဖြင့် မျက်လုံးများ တောက် ပြောင်လာသည် ။

"ငါးဆယ်ရာခိုင်နှုန်း ပေးပါမယ်။ အဲဒီအချိုးအတိုင်းဆိုရင် တစ်နှစ်ကို ဒေါ်လာငွေ သုံးသန်းက လေးသန်းအထိ ရနိုင်တဲ့ အပြင် နောက်ပိုင်း တဖြည်းဖြည်းထပ်တိုးလာဖို့ အလားအလာလည်း ရှိပါသေးတယ်"

"ကောင်းပြီ ဒါဖြင့် 'တာတာဂလီယာ' မိသားစုကကော ရာခိုင်နှုန်း ဘယ်လောက်ရမှာလဲ"

ဒွန်ကော်လီယွန်က မေးလိုက်သောအခါ ဆိုလိုဇိုသည် မသိမသာ မျက်နှာပျက်သယောင် ဖြ

စ်သွားသည် ။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်လျက်

"သူတို့ ကတော့ ကျွန်တော့်ရဲ့ ဝေစုထဲက အနည်းအကျဉ်း ခွဲပေးမှာ ပါ။ ဒါဟာလည်း ကျွန်တော့်ရဲ့ ဘိန်း ဖြူဖြန့်ချိရေးလုပ်ငန်းမှာ သူတို့ရဲ့ အကူအညီ လိုသင့်သလောက်လိုလို့ ဖြစ်ပါတယ်"

ဟု ပြောလိုက်သည် ။

"ဒီလိုဆိုရင် ကျုပ်က ငွေကလေးစိုက်ထုတ်ရုံ၊ ဖမ်းမိတဲ့ လူတွေကို သက်သာရာရအောင် ကာကွယ်ပေး ရုံနဲ့ အမြတ်ငွေရဲ့ ငါးဆယ်ရာခိုင်နှုန်းရမယ် ဆိုပါတော့"

"ဒေါ်လာနှစ်သန်းဆိုတဲ့ ငွေကို လူကြီးမင်းက ငွေကလေးစိုက်ထုတ်ရုံလို့ သဘောထားတယ်ဆိုရင် ကျွန်တော်က လူကြီးမင်းကို အထူးပဲ လေးစားချီးကျူးပါတယ်"

ဆိုလိုရင်းသည် သူ့စကား အောင်တော့မည်အထင်ဖြင့် မြှောက်ပင့်ပြောလိုက်ခြင်းဖြစ်သည် ။

သို့သော် 'ဂေါ့ဒ်ဖားသား' (ဒွန်ကော်လီယွန်) ကလေးသံအေးအေးဖြင့် အောက်ပါအတိုင်း ပြောလေ သည် ။

"ကျုပ်အနေနဲ့ ခင်ဗျားကို အခုလို လက်ခံတွေ့ဆုံတာဟာ 'တာတာဂလီယာ' မိသားစုကို လေးစားတဲ့ အနေနဲ့ တစ်ကြောင်း၊ ပြီးတော့ ခင်ဗျားကိုယ်တိုင်ကလည်း လေးလေးနက်နက် ဆက်ဆံဖို့ ကောင်းတဲ့ လူတစ် ယောက်ဖြစ်တယ်လို့ ကြားသိရတာတစ်ကြောင်းမို့ ခင်ဗျားနဲ့ စကားပြောဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်။ ဒါပေမဲ့ ခင်ဗျားအခုတင်ပြတဲ့ လုပ်ငန်းအစီအစဉ်ကို ကျုပ်စိတ်မဝင်စားဘူး။ ဝင်မလုပ်ချင်ဘူးလို့ ပဲ

အဖြေပေးရပါလိမ့် မယ်။ ခင်ဗျားအလုပ်က အမြတ်အစွန်း ဝင်ငွေအမြောက်အမြား ရနိုင်တာ မှန်သော်လည်း တစ်ဖက်က အန္တရာယ် အတော်များ တဲ့ အလုပ်မျိုးဖြစ်နေတယ်။ ခင်ဗျားတို့ အထဲ ဝင်လိုက်ခြင်းအားဖြင့် ကျုပ်ရဲ့ တခြားလုပ်ငန်းတွေကို ထိခိုက်လာစရာအကြောင်းရှိတယ်။ ကျုပ်အနေနဲ့ နိုင်ငံရေးနယ်ပယ်မှာ မိတ်ဆွေအပေါင်းအသင်းအများကြီး ရှိတယ်ဆိုတာ မှန်တယ်။ သို့သော်လည်း သူတို့ ဟာ ကျုပ်က မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းလုပ်တယ်ဆိုတာနဲ့ အရင်ကလို ခင်မင်ပေါင်းသင်းကြတော့မှ မဟုတ်ဘူး ။ အခု ကျုပ်ရဲ့ စီးပွားရေးလုပ်ငန်းဟာ လောင်းကစား ဝိုင်းတွေနဲ့ ပတ်သက်ကြောင်း သူတို့ သိတယ်။ သိပ်ဆိုးတဲ့ အလုပ်လို့ မယူဆကြဘူး။ လောင်းကစားတာဟာ အ က်သောက်တာလို သိပ်မဆိုးတဲ့ မကောင်းမှုလို့ သဘောထားကြတယ်။ မူးယစ်ဆေးဝါးကိုတော့ အလွန်ဆိုးဝါး တဲ့ အလုပ်လို့ သူတို့ အယူရှိကြတယ်။ ဒါကြောင့် ခင်ဗျားရဲ့ လုပ်ရပ်က အန္တရာယ်များ လှတယ်လို့ ဆိုရခြင်းဖြစ် တယ်။ ဒီမယ် မစ္စတာဆိုလိုဇို၊ ကျုပ်ရဲ့ အိမ်ထောင် မိသားစုဟာ လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း ဘာအန္တရာယ်မှ မရှိဘဲ ကောင်းကောင်း နေနိုင်ခဲ့ကြတယ်။ ဒီလို အေးအေးနေနိုင်တာကို ကျုပ်က ငွေများများ ရရေးဆိုတဲ့ လောဘမျိုး ကြောင့် သူတို့ တစ်တွေအဖို့ အန္တရာယ်များ လာမယ့် အလုပ်မျိုး မလုပ်နိုင်ဘူး"

ဒွန်ကော်လီယွန်၏ အဖြေကို ကြားလိုက်ရသော ဆိုလိုဇိုသည် အားလျော့သွားသလိုဖြစ်လျက် ဆန်နီနှင့် ဟေဂင်တို့ ဘက်သို့ သူ့အား

တောက်ခံစကား ပြောလေမလားဟု မျှော်လင့်ဟန်ဖြင့် လှမ်းကြည့်နေပြီးမှ

"ခင်ဗျားရဲ့ ရင်းနှီးငွေဒေါ်လာ နှစ်သန်းအတွက် စိုးရိမ်လို့ လား" ဟု မေးလိုက်ရာ 'ဂေါ်ဒ်ဖားသား' ကလည်း ..

"ကျုပ်က ငွေဆုံးရှုံးမှာ လုံးဝ မစိုးရိမ်ဘူး" ဟု ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည် ။ ဆိုလိုဇိုသည် အလျှော့မပေးလိုသေးဟန်ဖြင့်

"နောက်ပြီး တာတာဂလီယာ မိသားစုကလည်း ရင်းနှီးငွေအတွက် အာမခံချက် ပေးပါလိမ့်မယ်" ဟု ပြော လိုက်လေသည် ။

ထိုအချိန်တွင် ဆန်နီသည် ဝင်၍ စကားပြောလိုက်ရာ သူ့အနေဖြင့် အကြီးအကျယ် ခြေလှမ်းမှားသွား တော့သည် ။ နိုင်းဆဆုံးဖြတ်ပုံကလည်း မှားသွားသည် ဟု တော်မီဟေဂင်က ထင်လိုက်မိသည် ။

ဆန်နီသည် စိတ်အားထက်သန်သော အမူအရာဖြင့်

"ဘာလဲ၊ တာတာဂလီယာမိသားစုက ကျုပ်တို့ ရဲ့ မတည် ရင်းနှီးငွေကို ပြန်ရပါစေမယ်လို့ အာမခံ ချက်ပေးမှာ တဲ့ လား"ဟု ဆိုလိုဇိုအား ဝင်မေးလိုက်သည် ။

ဆန်နီသည် ဤသို့မေးလိုက်ခြင်းကိုပင်လျှင် ဆိုလိုဇိုသည် သူ့ဘက်သို့ပါ လာပြီထင်လျက် သဘောကျ သွားဟန်တူလေသည် ။ သို့ရာတွင် အဘိုးကြီးသည် ခပ်တည်တည်ဖြင့် ကြားဖြတ်ဝင်ပြောလိုက်ပုံမှာ သူ၏ ဆုံး ဖြတ်ချက်ကို မည်သို့မျှပြောင်းလဲ၍ ရမည်မဟုတ်ကြောင်း လေသံမျိုးဖြစ်နေသည် ။

"ဒီမယ် မစ္စတာ ဆိုလိုဇို၊ လူငယ်တွေဆိုတာ

ကတော့ လောဘကြီးကြတာချည်းပဲ။ ပြီးတော့ အခု ခေတ် လူငယ်များ ဟာ တော်တော်ခက်ပါ တယ်။ ရှိသေလေးစားရမှန်း အလိုက်သိရမှန်း ကို ကောင်းကောင်း နား မလည်ကြဘူး။ ကျုပ် ရဲ့ သားသမီးတွေက အခုလို လူကြီးတွေ စကား ပြောနေတဲ့ ကြား ဝင်စွက်တာဟာတော့ ကျုပ် ကိုက သူတို့ ကို အလိုလိုက်ခဲ့လို့ ပါပဲ။ ဘာပဲဖြ စ်ဖြစ် ခင်ဗျား အခုကမ်းလှမ်းတဲ့ အလုပ်ကို ကျု ပ်က လက်မခံ နိုင်ဘူးဆိုတာ ကျုပ်ရဲ့ နောက် ဆုံးအဖြေပဲ။ ခင်ဗျားလုပ်တဲ့ လုပ်ငန်းနဲ့ လည်း ဆန့်ကျင်ထိခိုက်စရာမရှိဘူး။ ခင်ဗျားတို့ လုပ်င န်း တိုးတက် အောင်မြင်ပါစေလို့ ကျုပ် ဆု တောင်းလိုက်ပါတယ်"

ဤသို့ ပြတ်ပြတ်သားသားပြောရင်း ဒွန် ကော်လီယွန်သည် ဆိုလိုဇိုအား လက်ဆွဲနှုတ် ဆက်လိုက်သည် ။ ဆွေးနွေးပွဲက ဤမျှနှင့် ပင် ပြီးဆုံးသွားသဖြင့် တောမီဟောဂင်လည်း ဆိုလို ဇိုအား မော်တော်ကားထိအောင် လိုက်ပို့ခဲ့ရ တော့သည် ။

ကားထွက်ခါနီး တော်မီအား နှုတ်ဆက် သောအခါ ဆိုလိုဇို၏ မျက်နှာမှာ မည်သို့မျှ စိ တ်လှုပ်ရှားမှု အရိပ် အယောင်မရှိသည် ကို တော်မီဟောဂင် သတိထားလိုက်မိသည် ။ ရုံးခ န်းထဲသို့ ပြန်လာသောအခါ ဂေါ်ဒ်ဖားသားက

"တော်မီ၊ အဲဒီလူကို မင်း ဘယ်လိုသဘောရ သလဲ" ဟု မေးလိုက်ရာ တော်မီဟောဂင်က-

"သူဟာ ဆစ်စလီကျွန်းသားဖြစ်ပါတယ်။ တကယ်သတ္တိရှိတဲ့ လူတစ်ယောက်လည်း ဖြစ် တယ်လို့ ယူဆမိပါတယ်"ဟု ဖြေ လိုက်လေသ ည် ။

အဘိုးကြီးသည် ခေါင်းညိတ်လိုက်ပြီး အတန်ကြာအောင် တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေ ပုံရလေသည် ။ ထို့နောက် သူ၏ သားကြီး ဆန်နီဘက် လှည့်၍

"ဒီမယ် ဆန်နီ၊ မင်းစိတ်ထဲက ဘာကို စဉ်းစားနေတယ်ဆိုတာ တခြားလူတွေ ဘယ်တော့မှ မသိစေနဲ့ ။ မင်းဟာ အခုတလော ဟိုကောင်မလေးနဲ့ ရှုပ်ရှုပ်ပွေပွေလုပ်နေတာနဲ့ စိတ်ကူးဉာဏ်တွေ ညံ့လာတယ်နဲ့ တူတယ်။ မိန်းမပွေတဲ့ ကိစ္စကို ရပ်တန်းကရပ်ပြီး စီးပွားရေးအလုပ်ထဲကို စိတ်ဝင်စားဖို့ ကြိုးစားပါ။ ဒါပဲ ပြောချင်တယ်။ ကိုင်း မင်းသွားနိုင်ပြီ"ဟု အပြစ်တင်စကားပြောကြားလိုက်ရာ ဆန်နီသည် သူ၏ ဖခင်က ဤသို့ ပြောသည် ကို ပထမတွင် အံ့အားသင့်ပြီး နောက်ပိုင်း မခံချင်ဟန်ဖြင့် ဒေါသထွက်သွားပုံရလေသည် ။ သူ့နှမကော်နီ မင်္ဂလာဆောင်သည့် နေ့က အပျိုရံမိန်းကလေး လူစီနှင့် နှစ်ပါးသွားခဲ့ပုံကို အဘိုးကြီးက မသိနိုင်ဟု ဆန်နီက ထင်မှတ်နေ၍ ပေလော မပြောတတ်ချေ။ မည်သို့ပင်ဖြစ်စေ ယနေ့နံနက်အဖို့ ဆန်နီသည် အကြီးအကျယ် မှားယွင်းလေပြီဟု တော်မိဟောဂင်ထင်မိလေသည် ။

ဆန်နီ အခန်းတွင်းမှ ထွက်သွားသောအခါ အဘိုးကြီးသည် တော်မီအား အရက်တစ်ခွက်ငှဲ့ခိုင်းပြီး နောက်

"လူကာဘရာဆီဆိုတဲ့ လူ ငါ့ဆီကို လာတွေ့ဖို့ ပြောလိုက်စမ်း"ဟု အမိန့်ပေးလိုက်သည် ။

***

သုံးလခန့် ကြာသွားပေပြီ။

တော်မီဟောဂင်သည် မြို့တွင်းရှိ အလုပ်ရုံးခန်းတွင် ထိုင်ရင်း လုပ်စရာရှိသမျှ အလုပ်တွေကို အမြန်ပြီး အောင် ကြိုးစားလုပ်နေ၏။ ခရစ္စမတ်ပွဲတော် နီး လာပြီဖြစ်၍ သူ၏ ဇနီးနှင့် ကလေးများအား ဈေးဝယ်လိုက်ပို့ ရန် ယနေ့ စောစောရုံးဆင်းမည်ဟု ရည်ရွယ်လျက် အလုပ်ကို ဖိလုပ်နေခြင်း ဖြစ်သည် ။

အရေးထဲ ဟောလိဝုဒ် ရုပ်ရှင်စတူဒီယိုမှ တယ်လီဖုန်းလာသဖြင့် စိတ်တိုတိုနှင့် နားထောင်လိုက်ရာ ဂျော်နီဖွန်တိန်းထံမှ ဖြစ်နေလေသည် ။

တယ်လီဖုန်းပြောနေသော ဂျော်နီ၏ အသံကို အကဲခတ်ရသည် မှာ အလွန်ရွှင်ပျ စိတ်ဓာတ်တက်ကြွ နေပုံရသည် ။ သူပါဝင်သရုပ်ဆောင်ရသော ရုပ်ရှင်ကားကို ရိုက်ကူးပြီးနေပြီဖြစ်ကြောင်း "ရပ်ရှ်ပရင့်"(Rush Print) ခေါ် ရှေ့ပြေးကူးဆေးကြည့်ရသော ဖလင်ပိုင်းများ အရ ထိုဇာတ်ကားသည် မုချနာမည်ကြီးလိမ့်မည်ဖြစ်ကြောင်း စသည် ဖြင့် စကားတွေအရှည်ကြီးပြောနေလေရာ တော်မီမှ စိတ်မရှည်နိုင်ဖြစ်မိသဖြင့်

"နေပါဦး။ အဲဒီလက်ဆောင်က ဘာပစ္စည်းမို့လဲ" ဟု မေးလိုက်သည် ။ ဂျော်နီကမူ သူ့ဘာသာသူ သဘောကျဟန်ဖြင့် ရယ်မောလျက်

"အခု ကြိုတင်မပြောနိုင်ဘူးဗျ။ အဲဒါကိုကျုပ်ရဲ့ ခရစ္စမတ်လက်ဆောင်ကို ပိုပြီးစိတ်ဝင်စားစရာ ကောင်းနေတာပေါ့" ဟု သာ ပြောလေသည် ။

တော်မီမှာ သူ့အတွက် အချိန်အလဟဿ ဖြုန်းနေရာရောက်သည် ။ ဟု ယူဆလျက် အမြ

န်ဆုံးစကားကို ဖြတ်လိုက်ရတော့သည်။

နောက်ဆယ်မိနစ်ခန့်အကြာတွင် အဘိုးကြီး၏ သမီး ကော်နီထံမှ ဖုန်းလာသဖြင့် တော်မီမှာ အနှောင့် အယှက်ဖြစ်ရပြန်၏။ ကော်နီနှင့် သူ့ယောကျ်ား ကာလိုတို့ ၏ အိမ်ထောင်ရေးသည် သာယာအဆင်ပြေခြင်းမရှိကြောင်းကိုလည်း တော်မီက သိထားပြီးဖြစ်သည်။ ကာလိုသည် အရက်သောက်၊ လောင်းကစား၊ မိန်းမပျက် များ နှင့် ရှုပ်ပွေရင်း အချိန်ဖြုန်းနေသူ ဖြစ်သည့် ပြင် မကြာခဏ ဇနီး ကော်နီအားလည်း ရိုက်နှက် ညှဉ်းဆဲ တတ် သေး၏။

ယခုလည်း သူ၏ အိမ်ထောင်ရေးအကြောင်း ငိုသံပါပါနှင့် ပြောလိမ့်ဦးမည်ဟု တော်မီက ထင်လျက် စိတ်ညစ်ညစ်ဖြင့် နားထောင်လိုက်ရာ သည် တစ်ခါတော့ ကော်နီသည် ခရစ္စမတ်လက်ဆောင်အဖြစ် ဖခင်ကြီး အား ဘာပစ္စည်းပေးလျှင် ကောင်းမည်နည်းဟု သာ မေးခြင်း ဖြစ်နေလေသည်။

တော်မီသည် သူ၏ ရုံးလုပ်ငန်းများကို ပြန်ကောက်ကိုင်ကာရှိနေစဉ်မှာ ပင် တယ်လီဖုန်းက မပြတ် လာနေမည်ဖြစ်၍ အလုပ်ဆက်မလုပ်ဘဲ ပြန်ပါတော့မည်ဟု ပင် ဆုံးဖြတ်လိုက်မိသည်။ ဖုန်းကို ကောက်ကိုင် နားထောင်လိုက်သောအခါ 'ဂေါ်ဒ်ဖားသား'၏ သားအငယ်ဆုံး မိုက်ကယ်လ်ထံမှ ဖြစ်နေ၏။

မိုက်ကယ်လ်က သူသည် နောက်တစ်နေ့တွင် သူ၏ ချစ်သူ ကေးနှင့် အတူ နယူးယောက်သို့ ရောက်မည် ဖြစ်ကြောင်း၊ ခရစ္စမတ်မတိုင်မီ အရေးကြီးသော ကိစ္စတစ်ခုအကြောင်းကို ဖခင်ကြီးအား ပြောစရာရှိကြောင်း တော်မီအား

အသိပေးခြင်းသာဖြစ်နေသည် ။ မိုင်ကယ်လ်ဆိုသူကား စကားကြောရှည်တတ်သူ မဟုတ်ချေ။

တော်မီဟောဂင်သည် ရုံးခန်းမှ ထွက် လာပြီး မေစီ ကုန်ပဒေသာ တိုက်ကြီးဘက်ဆီသို့ လျှောက်လာစဉ် တစ်နေရာ၌ သူ့ရှေ့တည့်တည့်မှ လူတစ်ယောက်ပိတ်ဆို့ကာဆီးပြီး ရပ်နေသဖြင့် သေချာစွာကြည့်လိုက်ရာ ဆိုလို ဇို အမည်ရှိ လူဆိုးဂိုဏ်းခေါင်းဆောင်ဖြစ်နေသည် ကို အံ့သြစွာတွေ့ရလေသည် ။ ဆိုလိုဇိုသည် တော်မီ၏ လက်မောင်းကိုဆုပ်ကိုင်ရင်း

"ဟေ့ မကြောက်ပါနဲ့ ကွ၊ စကားနည်းနည်းပြောစရာရှိလို့ ပါ" ဟု ခပ်တိုးတိုး ပြောလိုက်သည် ။

တော်မီသည် စိတ်ရှုပ်ဟန်ဖြင့် သူ၏ လက်မောင်းကို အတင်းဆွဲဖြုတ်လျက်

"ကျုပ်မှာ အချိန်မရှိဘူး"ဟု ပြောပြောဆိုဆို ထွက်မည်အပြု မော်တော်ကားတစ်စင်းသည် အနီးသို့ ထိုး ဆိုက်လာလျက် တံခါးပွင့်လာ၏။ တစ်ချိန်တည်းမှာ ပင် လူနှစ်ယောက်သည် တော်မီ၏ နောက်နားသို့ ရောက် လာပြီး သူ့အား ဝိုင်းထားလိုက်သည် ။

ထိုအခါ ဆိုလိုဇိုက

"ကိုယ့်လူ အေးအေးဆေးဆေး ကားပေါ်တက်ပါ။ တို့ က မင်းကိုသတ်ချင်ရင် အခုလောက်ဆို မင်း သေနေပြီ။ နားလည်လား" ဟု ပြောလိုက်ရာ တော်မီလည်း မည်သို့မှ မတတ်သာဘဲ ကားပေါ်သို့ တက်လိုက်ရ လေတော့သည် ။

***

ဂေါ်ဒ်ဖားသား၏ သားအငယ်ဆုံး မိုက်ကယ်
လ်သည် တော်မီအား ဖုန်းဆက်၍ နောက်တစ်
နေ့ အိမ်သို့ ပြန်လာခဲ့မည်ဟု ပြောခြင်းမှာ လိမ်
လည်ပြောလိုက်ခြင်းဖြစ်သည် ။ အမှန်က သူ
သည် ချစ်သူ 'ကေးအာဒမ်' နှင့် အတူ နယူး
ယောက်မြို့ ဟိုတယ်တစ်ခုသို့ ရောက်နှင့်
နေပြီး ဖြစ်၏။ နယူးယောက်မြို့သို့ ရောက်ရော
က်ချင်း အဘိုးကြီးအိမ်သို့ သွားပါက လက်မထ
ပ်ရသေးသူများ အနေဖြင့် ယခုလို နှစ်ယောက်
သား လွတ်လပ်စွာ ချစ်တင်း နှီးနှောခွင့်ရမည်
မဟုတ်သောကြောင့် တစ်ရက်ကြို လာပြီး ဟို
တယ်ခန်း၌ တည်းခိုနေရခြင်း ဖြစ်၏။ သူတို့ နှ
စ်ဦးသည် တကယ်ပင် မေတ္တာစစ်နှင့်
ချစ်နေကြပြီဖြစ်၍ ယခု ခရစ္စမတ်ပွဲတော် ရက်
သတ္တပတ်အတွင်းမှာ ပင် လက်ထပ်ကြရန်
ဆုံးဖြတ်ထားပြီး ဖြစ်၏။

ထိုအကြောင်းကိုလည်း ဖခင်ကြီးအား အမှ
ရောက်ရောက်ချင်း ခွင့်ပန်လိုသဖြင့် သူလာမ
ည့် အကြောင်း ကို တော်မီဟေဂင်ထံ ကြိုတင်
ဖုန်းဆက် အကြောင်းကြားလိုက်ခြင်းဖြစ်သည်
။

မိုက်ကယ်လ်နှင့် ကေးတို့ သည်
ဟိုတယ်ခန်း၏ တံခါးကို လုံခြုံစွာပိတ်၍ နှစ်
ယောက်သား လွတ် လပ်စွာ
ချစ်တင်းနှောကြပြီးနောက် တေးဂီတသံစုံ ပြ
ဇာတ်တစ်ခုကို အတူသွားကြည့်လေသည် ။ ပြ
ဇာတ်ပြီး၍ ဟိုတယ်သို့ ပြန်လာသောအခါ မိုက်
ကယ်လ်က အခန်းသော့ သွားယူနေခိုက် ကေး
က သတင်းစာတစ်စောင်ကို အနီးရှိစာအုပ်ဆိုင်
တွင် ဝယ်ယူလိုက်သည် ။

မိုက်ကယ်လ်သည် အခန်းသော့ယူပြီး ချစ်

သူရှိရာသို့ ပြန်လာသောအခါ ကေးမှာ မျက်ရည်ပေါက်ကြီး များကျလျက် သတင်းစာမျက်နှာဖုံးကို ငေးစိုက်ကြည့်နေသဖြင့် မိုက်ကယ်လ်လည်း ဘာများ ပါလိမ့်ဟု သတင်း စာကို ဆွဲယူကြည့်လိုက်ရာ စိတ်တွေ တုန်လှုပ်လျက် အကြီးအကျယ် ဒေါသ ထွက်လာပါတော့သည် ။

သတင်းစာ၏ မျက်နှာဖုံးတွင် ဓာတ်ပုံတစ်ပုံ ပါလာရာ ယင်းဓာတ်ပုံထဲ၌ အဘိုးကြီး ဒွန်ကော်လီယွန် သည် သွေးအိုင်ထဲ ပုံလျက်သားလဲကျနေပြီး သူ၏ အနီးတွင် ကား သားအလတ် ဖရက်ဒိုသည် ကလေးငယ် တစ်ယောက်ပမာ ငိုကြွေးနေသည် ကို ဖော်ပြသည် ။

မိုက်ကယ်လ်သည် သတင်းစာထဲမှ ဓာတ်ပုံကိုကြည့်ရင်း စိတ်လှုပ်ရှားမိသော်လည်း ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်း မဖြစ်။ အမြင်းအထန် ဒေါသထွက်ခြင်းသာ ဖြစ်မိလေသည် ။

သတင်းစာ ခေါင်းစီးစာတန်းတွင် ကား...

"ဒွန်ကော်လီယွန် သေနတ်ပစ်ခံရခြင်း"

ဒုတ်ရာ ပြင်းထန်စွာရ၍ ဆေးရုံ၌ ရဲအစောင့်အကြပ် များ စွာဖြင့် ခွဲစိတ်ကုသနေရခြင်း။

လူဆိုးဂိုဏ်းအချင်းချင်း အပြင်းအထန် တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြခြင်း စသည် ဖြင့် ဖော်ပြထား၏။

သတင်းစာအဆိုအရ အဘိုးကြီးသေနတ်ပစ်ခံရသည့် အချိန်က ညနေ ငါးနာရီခန့်ဖြစ်လေရာ ဟိုတယ် ခန်းထဲ၌ ချစ်သူကေးနှင့် 'နှစ်ပါးသွား' နေချိန်လောက်တွင် ဖခင်ကြီးကို ရန်သူများက လုပ်ကြံခဲ့ခြင်းဖြစ်သည် ။

မိုက်ကယ်လ်သည် သူက အပျော်ကြူးနေခိုက် ဖခင်ကြီးလုပ်ကြံရလေခြင်းဟူ၍ လည်း ယူကျုံးမရဖြစ် မိလေသည် ။ တစ်ချိန်တည်းမှာ ပင် ဒေါသဖြစ်လျက်

"ခွေးသားတွေ ဒက်ဒီကို သေအောင်တော့ မသတ်နိုင်ဘူး"ဟု ပါးစပ်မှ ရေရွတ်လိုက်မိသည် ။

ထို့နောက် သူသည် ချစ်သူ 'ကေး'အား ဟိုတယ်ခန်းထဲသို့ပို့ပေးပြီး သူ့ဖခင်အိမ်သို့ လှမ်းဖုန်းဆက်ရာ တယ်လီဖုန်းလိုင်းတွေက မအားသဖြင့် မိနစ်နှစ်ဆယ်ခန့်ကြာမှ ပင် တစ်ဖက်မှ အစ်ကိုကြီးဆန်နီနှင့် စကားပြော ခွင့်ရလေသည် ။

"ဆန်နီလား၊ ဒီက မိုက်ကယ်လ်ပါ။ အဘိုးကြီး ဘယ့်နှယ်နေသေးလဲ"

"ဟော့ မိုက်ကယ်လ်၊ တို့ က မင်းအဖွဲ့ကို ရှာပုံနေကြတယ်ကွ။ အဘိုးကြီးအခြေအနေက တော်တော် ဆိုးတယ်။ ဟိုခွေးကောင်တွေက သေနတ်နဲ့ ငါးချက်တောင် ပစ်ခဲ့တယ်။ ဒါပေမဲ့ ဆရာဝန်တွေက ပြောတော့ မသေနိုင်ပါဘူးတဲ့ ။ ဒါထက် မင်း အခု ဘယ်ကပြောနေတာလဲ"

"ကျွန်တော် နယူးယောက်မြို့ ရောက်နေတယ်လေ။ တော်မီက မပြောဘူးလား"

"ခက်တာက တော်မီကိုလည်း ရန်သူဘက်က ဖမ်းသွားပြီကွ၊ အရေးကြီးဆုံးက မင်း ဒီကို အမြန်ဆုံး လာခဲ့စေချင်တယ်။ ဖုန်းနဲ့ စကားပြောလို့ မဖြစ်ဘူး"

"အေးပါ။ ဒီကိစ္စမှာ ဘယ်ကောင်တွေရဲ့ လက်ချက်ဆိုတာကော သိရဲ့ လား"

"အို သိတာပေါ့ မိုက်ကယ်လ်ရ၊ တို့ ဘက်က

လူကာဘာရာဆီ ပြန်ရောက်လာတာနဲ့ ခွေးသားတွေ သေပြီ မှတ်။ မင်းသာ ဒီအိမ်ကို အမြန်လာခဲ့”

“ကောင်းပြီလေ၊ တစ်နာရီအတွင်း ရောက်အောင်လာခဲ့ပါ့မယ်”

မိုက်ကယ်လ်သည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် စဉ်းစားနေမိပြန်သည် ။

“လူကာဘာရာဆီ” ဆိုသူကား သူတို့ ၏ မိသားစု သို့မဟုတ် ဂိုဏ်းမှ သတ္တိအရှိဆုံး၊ အမိုက်ဆုံး၊ အရက် စက်ဆုံး၊ လက်သံအပြောင်ဆုံး၊ အကြမ်းသမားပင် ဖြစ်သည် ။

ယခု ‘ဂေါ့ဒ်ဖားသား’ သေနတ်ပစ်ခံရသည့် သတင်းကို လူကာဘာရာဆီသည် ဧကန်မုချ ကြားသိပြီး ဖြစ်ရမည်။ သို့ဖြစ်ပါမူ အဘယ်ကြောင့် ပေါ်မလာဘဲ ပျောက်နေရလေသနည်း။ ဘူကာဘာရာဆီတစ်ယောက် ဘယရောက်နေသနည်း။

ယင်းမေးခွန်းများကို မိုက်ကယ်လ်က စဉ်းစားနေမိချိန်၌ တော်မီဟောဂင်သည် လည်း ထိုမေးခွန်းများ ၏ အဖြေကို သိချင်နေလေသည် ။

ထို့ပြင် ဆန်နီကိုယ်တိုင်ကလည်း ‘လူကာဘာရာဆီ’ ပျောက်နေသည့် အတွက် စိတ်ထဲ စိုးရိမ်ပူပန်နေမိ လေသည် ။

***

ထိုနေ့ညနေ ငါးနာရီထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် ‘ဂေါ့ဒ်ဖားသား’ ဒွန်ကောလီယွန်သည် သူ၏ သံလွင်ဆီ သွင်းကုန်လုပ်ငန်းကုမ္ပဏီမှ စာရွက်စာတမ်းများကို စစ်ဆေးပြီးသွား၍ ပြန်ရန် ပြင်ဆင်လေသည် ။

သူနှင့် အတူ သားလတ် 'ဖရက်ဒီ' လည်း ပါလေရာ အဘိုးကြီးသည် သတင်းစာဖတ်နေသော ဖရက် ဒီအား

"ကိုင်း ပြန်ကြမယ်ကွာ။ ပေါလီဂတ်တိုးကို ပြောလိုက်။ ကားသွားယူခဲ့လို့ "ဟု ပြောလိုက်သည် ။

ဖရက်ဒီသည် သတင်းစာကို ချလိုက်ပြီး ထိုင်ရာမှ ထလိုက်သည် ။

"ပေါလီက ဒီနေ့ နေမကောင်းလို့ အလုပ်မဆင်းနိုင်ဘူး။ ကျွန်တော်ပဲ ကားကို သွားယူရမယ်။ ပေါလီက အအေးမိနေတယ်လို့ မနက်ကဖုန်းဆက် ခွင့်တောင်းပါတယ်"

"ဟော ဟုတ်လား၊ ဒါနဲ့ ပါဆိုရင် ဒီကောင်နေမကောင်းဘူးဆိုပြီး ခွင့်တိုင်တာ ဒီလအတွင်း သုံးခါ တောင် ရှိသွားပြီ။ သူ့ထက်ပိုပြီး ကျန်းမာရေးကောင်းတဲ့ လူတစ်ယောက် ရှာရဦးမှာ ပဲ"

အဘိုးကြီးက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် ပြောလိုက်သောအခါ 'မလိုပါဘူး ဒယ်ဒီ၊ ပေါလီဂတ်တိုးဟာ လူကောင်းတစ်ယောက်ပဲ။ သူ နေမကောင်းဘူးလို့ ပြောရင် တကယ်ပဲ နေမကောင်းလို့ သာ ဖြစ်ရမယ်။ ကားသွားယူရတာ မပင်ပန်းပါဘူး။ နီးနီးကလေးပဲဥစ္စာ။ ကျွန်တော် အခု သွားပါ့မယ်'

ပြောပြောဆိုဆို ဖရက်ဒီသည် ရုံးခန်းမှ ထွက်သွားတော့သည် ။

ဒွန်ကော်လီယွန်သည် ပြတင်းမှ နေ၍ လှမ်းကြည့်သောအခါ မော်တော်ကားများ ရပ်ရန် သတ်မှတ်ထား သည့် နေရာသို့ ဖရက်ဒီ ဖြတ်လျှောက်သွားသည် ကို မြင်လိုက်ရ၏။ ထို

နောက် အဘိုးကြီးသည် တော်မီဟောဂင်၏ ရုံးခန်းသို့ ဖုန်းလှမ်းဆက်ရာ အဖြေမရသဖြင့် ဖုန်းပြန်ချလိုက်၏။

တစ်ဖန် လောင်းဘိချ်အရပ်ရှိ သူ၏ နေအိမ်သို့ ဖုန်းဆက်လိုက်ရာ အိမ်မှ လည်း မည်သူမျှ ဖုန်းကို ကောက်မကိုင်သဖြင့် အဘိုးကြီး စိတ်တိုတိုနှင့် ချက်ချင်း ဖုန်းပြန်ချပြီး ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်း ကြည့်လိုက်သည် ။ ထိုအချိန် သူ၏ မော်တော်ကားသည် လမ်းတစ်ဖက်ရှိ ပလက်ဖောင်း ဘေးနားတွင် ရောက်ရှိနေပြီး သားဖြစ်သူ ဖရက်ဒီသည် မော်တော်ကားကို မှီ၍ ရပ်နေရင်း ခရစ္စမတ်ပွဲတော်အတွက် ဈေးဝယ်လာသူ ပရိသတ်အား ကြည့်နေလေသည် ။

ဒွန်ကော်လီယွန်သည် သူ၏ ကုတ်အကျႌကို ဝတ်လိုက်ပြီးနောက် ရုံးခန်းလှေကားမှ ဆင်းလာလေ သည် ။ ဆောင်းရာသီဖြစ်၍ နေ့ဟာ တိုသည့် အလျောက် လမ်းမပေါ်တွင် အလင်းရောင်သည် နည်းစပြုနေပြီ ဖြစ်သည် ။ အဘိုးကြီးရုံးပေါ်မှ ဆင်းလာသည် ကို မြင်လိုက်သည် နှင့် ဖရက်ဒီသည် မော်တော်ကားဒရိုင်ဘာနေရာ သို့ ဝင်ထိုင်ပြီး အဆင်သင့် စောင့်နေလိုက်သည် ။

အဘိုးကြီးသည် မော်တော်ကား ရပ်ထားရာဘက်သို့ လမ်းကို ဖြတ်ကူးတော့မည်ပြုပြီးမှ သူ၏ ရုံးအဆောက်အအုံအနီး လမ်းထောင့်ရှိ သစ်သီးဆိုင်ဘက်သို့ လျှောက်သွားပြန်၏။ ယခုတလော သူသည် ညနေဘက် အိမ်အပြန်တွင် ထိုဆိုင်မှ သစ်သီးများ ဝယ်ပြီးမှ ပြန်လေ့ရှိသဖြင့် ယနေ့ အဖို့ လည်း သစ်တော်သီး၊ လိမ္မော်

သီးများ ဝယ်ယူပြီးမှ ပြန်မည်ဟု စိတ်ကူးလျက် သစ်သီးများ ဝင်ဝယ်ခြင်းဖြစ်သည် ။

သစ်သီးများကို စက္ကူအိတ်တစ်ခုဖြင့်ထည့်လျက် သူ၏ မော်တော်ကားရှိရာသို့ လမ်းကိုစ၍ ဖြတ်ကူး လိုက်စဉ်မှာ ပင် လမ်း၏ ထောင့်ချိုးမှ လူနှစ်ယောက်ပေါ်လာသည် ကို မြင်လိုက်ရသဖြင့် ဒွန်ကော်လီယွန်သည် ဘာဖြစ်တော့မည်ကို ချက်ချင်း သိလိုက်ပါတော့သည် ။

ထိုလူနှစ်ယောက်သည် အနက်ရောင် ကုတ်အင်္ကျီရှည်ကြီးများ ဝတ်ထားပြီး ခေါင်းပေါ်၌လည်း ဦးထုပ် နက်များကို ဆောင်းထားသဖြင့် ရုတ်တရက် သူတို့ ၏ မျက်နှာကို မှတ်မိနိုင်ရန် ခဲယဉ်းနေ၏။ သူတို့ ၏ ပုံပန်း သဏ္ဍာန်ကို မြင်လိုက်ရုံနှင့် 'ဂေါ်ဒ်ဖားသား' သည် အန္တရာယ်ကို ချက်ချင်း သဘောပေါက်ကာ လက်ထဲမှ သစ်သီးအိတ်ကို လွှတ်ချလိုက်ပြီး သူ၏ မော်တော်ကားဆီသို့ လျင်မြန်စွာပြေးရင်း ပါးစပ်မှာ လည်း 'ဖရက်ဒို၊ ဖရက်ဒို'ဟု သူ၏ သားလတ်ကို လှမ်းအော်လိုက်သည် ။

ထိုအချိန်၌ ဦးထုပ်နှင့် လူနှစ်ယောက်သည် ခြောက်လုံးပြူးသေနတ်များ ဆွဲထုတ်၍ အဘိုးကြီးအား ပစ်ကြလေတော့သည် ။

ပထမဆုံးကျည်ဆန်က 'ဂေါ်ဒ်ဖားသား'၏ နောက်ကျောကို ထိမှန်သွားသော်လည်း အဘိုးကြီးသည် မော်တော်ကားဆီသို့ ဆက်သွားနေရာ နောက်ထပ်ကျည်ဆန်နှစ်ခုက သူ၏ တင်ပါးကို ထိမှန်သွားတော့မှ သူ သည် ပုံလျက်သားလဲကျသွားတော့သည် ။ ဖရက်ဒိုသည် သူ၏ ဖခင်၏ လှမ်းအော်ခေါ်သံနှင့်

သေနတ်သံများ တဖြည်းဖြည်း တစ်ပြိုင်နက် လို ကြားလိုက်ရသဖြင့် ကားထဲမှ ထွက် လာပြီး ဖြစ်သည် ။

ဤတွင် လူသတ်သမားနှစ်ဦးသည် နောက်ထပ် သေနတ်နှစ်ချက်မျှ ပစ်ချလိုက်ပြီး လမ်း၏ ထောင့်ချိုး ဘက်ဆီသို့ ထွက်ပြေးပျောက်ကွယ်သွားကြလေသည် ။ နောက်ဆုံးကျည်ဆန်များက အဘိုးကြီး၏ လက်မောင်းနှင့် ခြေသလုံးကိုသာ ထိမှန်ကာ သွေးများ အလွန်ထွက်လာသဖြင့် သူလဲကျရာ နေရာတွင် သွေးအိုင်ထွန်းနေလေ သည် ။

ဖ ရ က ် ဒ ိ မ ၂ ၁ လက်နက်ပါသော်လည်း ဖခင်ကြီး သေနတ်ပစ်ခံရခြင်းက လျှင်မြန်လွန်းလှသဖြင့် စိတ်တွေ တုန်လှုပ်ချောက်ချားပြီး သူ၏ သေနတ်ကိုပင် ဆွဲမထုတ်နိုင်ဘဲ ဖခင်ကြီးလဲကျနေမှု အနီး၌ ဒူးထောက်ပြီး မျက် ရည်ကျအောင် ငိုကြွေးနေ မိသည် ။ ထိုအချိန်၌ လမ်းသွားလမ်းလာ ပရိသတ်က ဝိုင်းအုံ လာပြီဖြစ်ရာ ၎င်းတို့ အထဲ တွင် 'ဒေးလီးနယူးစ်' သတင်းစာမှ ဓာတ်ပုံသတင်းထောက်တစ်ဦးပါ လာပြီး မြေကြီးပေါ် လဲကျနေသော 'ဒွန်ကော်လီယွန်' အား ဓာတ်ပုံတွေ ရိုက်နေတော့သည် ။

ချက်ချင်းလိုပင် ရဲဝိုင်ယာလက်ကားများ ၊ စုံထောက်များ ရောက် လာပြီးနောက် သူနာပြုကားတစ်စီးကို အမြန်ခေါ်လိုက်ကြသည် ။ စုံထောက် တစ်ယောက်က ဖရက်ဒို၏ အကျီအိတ်ထဲမှ မှတ်ပုံတင်ကတ်ပြားကို ယူကြည့်ပြီး မည်သူမည်ဝါဟု သိသွားသည် နှင့် တစ်ပြိုင်နက် ပရိသတ်များကို အတင်းဖယ်ရှားစေကာ အဘိုး

သား အဖကို ချက်ချင်းပင် သူနာပြုကားနှင့် တင်ဆောင်ခေါ်သွားကြသည်။

***

"ဂေါ်ဒ်ဖားသား" ဒွန်ကော်လီယွန် သေနတ်ပစ်ခံရပြီးနောက် နာရီဝက်အတွင်း သူ၏သားကြီးဆန်နီထံ သို့ တယ်လီဖုန်း ငါးကြိမ်တိတိ လာခဲ့သည်။ ပထမဆုံး ဖုန်းဆက်သူကား သူတို့ မိသားစုက တိတ်တိတ်ပုန်း 'လစာ' ငွေမှန်မှန် ထောက်ပံ့ထားသူ နယူးယောက်စုံထောက်အဖွဲ့ဝင် ဂျွန်ဖီးလစ်ဆိုသူပင်ဖြစ်သည်။

တယ်လီဖုန်းဆက်ချိန်တွင် ဆန်နီသည် အိပ်ပျော်နေရာ သူ၏ ဇနီးက အရေးကြီးသည်ဆိုပြီး နှိုးသဖြင့် ထ၍ ဖုန်းကို ကိုင်နားထောင်လိုက်သည်။ စုံထောက်ဂျွန်ဖီးလစ်သည် ဆန်နီ၏ အသံကို ကြားလျှင်ကြားချင်း..

"ဆန်နီ၊ ဒီမယ်၊ ကျွန်တော့်အသံကို မှတ်မိရဲ့လား"

ဟု မေးလိုက်သည်။ ဆန်နီက-

"မှတ်မိပါတယ်။ ပြောပါ"

ပြောလိုက်တော့မှ ဂျွန်ဖီးလစ်လည်း စိတ်ချလက်ချ ဆက်ပြောတော့သည်။

"ဒီလိုပါ။ လွန်ခဲ့တဲ့ ၁၅ မိနစ်လောက်က ခင်ဗျားအဖေကြီးကို တစ်ယောက်ယောက်က သေနတ်နဲ့ ပစ် ခဲ့တယ်။ မသေပေမယ့် ဒဏ်ရာက သိပ်ပြင်းထန်လို့ အခု ပြင်သစ်ဆေးရုံကို ချက်ချင်းတင်ထားလိုက်ရတယ်။ ခင်ဗျားရဲ့ ညီ ဖရက်ဒိုကတော့ ချယ်လ်ဆီရဲစခန်းမှာ ရောက်နေတယ်။ သူဟာ သိပ်ပြီး စိတ်တွေတုန်လှုပ်နေလို့ ရဲစခန်းက ပြန်လွှတ်လွှတ်ချင်း ဆရာဝန်တစ်ယောက်ယောက် ကြည့်ခိုင်းရင် ကောင်း

မယ်။ ကျွန်တော် ကိုယ်တိုင် အခု ဆေးရုံကိုသွားမလို့ ပဲ။ အဘိုးကြီးစကားပြောနိုင်ရင် ရဲက မေးမြန်းတဲ့ အခါ ကျွန်တော်ပါ ကူညီမလို့ ပါ။ နောက်ထပ် အကြောင်းထူးရင် ထပ်ပြီး ဖုန်းဆက်လိုက်ပါမယ်"

"နေပါဦး။ မသေဘူးဆိုတာ သေချာရဲ့ လား"

ဆန်နီက ထပ်မေးရာ ဌျွန်ဖီးလစ်က

"သေချာပါတယ်။ သေနတ်ဒဏ်ရာတွေကြောင့် သွေးတွေ အလွန်ပဲ ထွက်တယ်လို့ ပြောတယ်။ ဘာပဲ ဖြစ်ဖြစ် ထင်သလောက်ဆိုးမယ် မထင်ပါဘူး"

ဟု သူ သိသလောက် ပြန်ပြောလိုက်သည် ။

ထိုအခါ ဆန်နီက

"ကျေးဇူးပါပဲ ဌျွန်၊ ဒါထက် မနက်ဖြန် ၁၁ နာရီတိတိ မောင်ရင့်အိမ်မှာ ဆက်ဆက်စောင့်နေပါ။ ဒီလို ချက်ချင်း သတင်းပေးတဲ့ အတွက် မောင်ရင့်ကို ဒေါ်လာတစ်ထောင်ဆုအဖြစ် ပို့လွှတ်လိုက်မယ်"

ဟု ပြောပြီး ဖုန်းကို ပြန်ချလိုက်သည် ။ ပြီးတော့ ကုလားထိုင်တစ်လုံးတွင် ထိုင်၍ စဉ်းစားနေမိသည် ။ ဆန်နီသည် သူ၏ အကြီးဆုံး ချို့ယွင်းချက်က ဒေါသ အလွန်ကြီးလွယ်ပြီး ရှေ့နောက် ဆင်ခြင်စဉ်းစားခြင်း မပြုဘဲ စိတ်လိုက်မာန်ပါ ပြုလုပ်မိတတ်ခြင်းဖြစ်ကြောင်း သူ့ကိုယ်သူ သိထားလေရာ ယခုကိစ္စတွင် လည်း ဒေါသ အလျောက် လျှောက်လုပ်မိပါက မှားကုန်မည်စိုး၍ အသာငြိမ်ငြိမ်ထိုင်ပြီး စိတ်ကို ထိန်းနေခြင်းပင်ဖြစ်သည် ။

သူသည် လူယုံတော်အကြံပေး တော်မီဟောဂင်အား လှမ်းခေါ်ရန် ရှေးဦးစွာ စဉ်းစားမိ၏။

သို့သော် သူက တယ်လီဖုန်းကို ကောက်မကိုင်ရသေးမီ တစ်ဖက်မှ ဖုန်းကလာ၍ နားထောင်လိုက်ရာ အဘိုးကြီး၏ အလုပ်တိုက်နှင့် မလှမ်းမကမ်းတွင် နေသော သူတို့ ၏ ဂိုဏ်းဝင်လောင်းကစားဒိုင် တစ်ဦးထံမှ ဖြစ်နေသည် ။ ထိုလူက ဒွန်ကော်လီယွန် သေနတ်ပစ်ခံရ၍ သေဆုံးသွားပြီဟု ကြားရကြောင်း ဖုန်းဆက်သတင်းပေးခြင်းဖြစ် သည် ။ သို့သော် လောင်းကစားဒိုင်အား တစ်ဆင့်ပြောပြသည် ဆိုသူက အခင်းဖြစ်ပွားရာ နေရာတွင် ရှိသူမဟုတ် ဘဲ သူများပြော၍

တစ်ဆင့်စကားကြားခဲ့ရသူဖြစ်ကြောင်း သိရသည် တွင် ဆန်နီသည် ထိုသတင်းမမှန်နိုင်ဟု ဆုံး ဖြတ်လိုက်သည် ။ စုံထောက် ဗျွန်ဖီးလစ်၏ သတင်းက ပို၍ မှန်ကန်စရာရှိသည် ဟု ယူဆလိုက်သည် ။

ဆန်နီက တယ်လီဖုန်းကို ပြန်ချလိုက်သည်နှင့် တတိယအကြိမ်မြောက် ဖုန်းကမြည်လာပြန်သည် ။ သည် တစ်ခါတွင် တော့ 'ဒေလီးနယူးစ်' သတင်းစာမှ သတင်းထောက်တစ်ဦးဖြစ်နေလေရာ တယ်လီဖုန်းကို ပြန်ချပစ်လိုက်၏။ ချက်ချင်းပင် ဆန်နီသည် တော်မီဟေဂင်၏ အိမ်သို့ ဖုန်းလှမ်းဆက်ကြည့်ရာ သူ၏ ဇနီးက တော်မီတစ်ယောက် ယခုအချိန်အထိ အိမ်ပြန်မရောက်သေးကြောင်းသာ ပြောသဖြင့် တော်မီ ပြန်လာလာချင်း ဖုန်းဆက်ခိုင်းပါဟု ပြောလိုက်သည် ။

ဆန်နီသည် ကုလားထိုင်တွင် ပြန်ထိုင်၍ ဖြစ်ပျက်ခဲ့ပုံကို စဉ်းစားကြည့်ရာ ယခု

သူဖခင်ကြီးအား လုပ်ကြံသူမှာ 'ဆိုလိုဇို' အမည်ရှိ လူမိုက်ခေါင်းဆောင်ပင် ဖြစ်ရမည်ဟု တွေးမိလေသည် ။

သို့ရာတွင် ဆိုလိုဇိုသည် လူမိုက်တစ်ယောက်ဖြစ်လင့်ကစား 'ဂေါ့ဒ်ဖားသား' ကဲ့သို့ အဆင့်အတန်း အလွန်မြင့်မားသော ဂိုဏ်းခေါင်းဆောင်ကြီးတစ်ဦးကို မည်သည့် အခါမှ လုပ်ကြံဖို့သူမဟုတ်သဖြင့် စဉ်းစားရ ခက်နေပြန်သည် ။

သူသည် ဤသို့ စဉ်းစားနေခိုက်မှာ ပင် တယ်လီဖုန်းက စတုတ္ထအကြိမ်မြောက် မြည်လာပြန်သည် ။

တစ်ဖက် ပြောသည့် အသံက ခပ်တိုးတိုးနှင့် ညင်သာသိမ်မွေ့စွာပြောသောအသံမျိုး ဖြစ်နေသည် ။ မည်သူမည်ဝါဟူ၍ ကား မပြောသော်လည်း ဆိုလိုဇိုဖြစ်နိုင်သည် ဟု ဆန်နဂ ဘုဂ မိလိုက်၏။

"ဆန်နီကော်လီယွန်ပါလား"

"ဟုတ်တယ်"

"ဒီလိုပါ။ ခင်ဗျားတို့ လူ တော်မီဟေဂင်ဟာ အခု ကျုပ်တို့ လက်ထဲမှာ ရှိနေတယ်။ နောက် သုံးနာရီ လောက်ကြာရင် သူ့ကို ပြန်လွှတ်လိုက်မယ်၊ သူနဲ့ အတူ ကျုပ်တို့ ဘက်က ကမ်းလှမ်းချက်၊ တောင်းဆိုချက်တွေ လည်း ပါလာလိမ့်မယ်။ တော်မီဟေဂင်ဆီက အကျိုးအကြောင်း မကြားရမချင်း ဘာကိုမှ ရှေ့လောတကြီး မလုပ်ဖို့ လည်း သတိပေးထားချင်တယ်။ လုပ်ရင်တော့ နောက်ထပ် ဒုက္ခတွေ ဖြစ်ရုံပဲရှိမယ်။ ပြီးခဲ့တာတော့ ပြီး သွားပြီလို့ သာ သဘောထားပါ။ ကိုယ့်လူက ဒေါသကြီး

လွယ်တတ်သူအဖြစ် နာမည်ကျော်သူမို့ သတိ ပေးရခြင်း ဖြစ်တယ်"

တစ်ဖက်မှ စကားပြောသူသည် လေသံအေး အေးနှင့် ပင် ပြောလိုက်ခြင်းဖြစ်သည် ။

ဆန်နီလည်း သူ၏ အသံကို ခပ်တိုးတိုးအုပ်၍

"ကောင်းပြီလေ၊ ကျုပ် စောင့်ပါ့မယ်"

ဟု ပြောလိုက်သည် ။

တစ်ဖက်မှ လူက တယ်လီဖုန်းကို ချက်ချင်း ပြန်ချသွားတော့သည် ။

ဆန်နီသည် သူ၏ လက်ပတ်နာရီကိုကြည့်၍ ထိုတယ်လီဖုန်းလာသည့် အချိန် အတိအကျကို မှတ်ထား လိုက်သည် ။

သူ၏ ဇနီးက

"ဘာဖြစ်နေတာလဲဟင် ဆန်နီ"

ဟု စိုးရိမ်စိတ်ဖြင့် မေးသောအခါတွင် ကား

"သူတို့ က အဘိုးကြီးကို သေနတ်နဲ့ ပစ် လုပ်ကြံကြတယ်။ ဒါပေမဲ့ စိုးရိမ်မနေပါနဲ့ ။ မသေပါဘူး။ အခု ဆေးရုံရောက်နေတယ်"

ဟု သာပြောလိုက်ပြီး တော်မီဟောဂင်ကို တစ်ဖက်က ဖမ်းသွားကြောင်းကိုမူ ဖွင့်မပြောဘဲ ထားလိုက် သည် ။

ထိုအခိုက် တယ်လီဖုန်းသည် ပဉ္စမအကြိမ်မြောက် မြည်လာပြန်သည် ။ သည် တစ်ခါတော့ စကားပြောသူ မှာ အဘိုးကြီး ၏ မိတ်ဆွေ ကလီမင်ဇာ ဖြစ်နေသည် ။ သူ၏ အသံမှာ လည်း အလွန်စိုးရိမ်သည့် အသံမျိုး ဖြစ် သည် ။

"ဟော့ ဆန်နီ၊ အဘိုးကြီးအကြောင်း ကြားပြီးပြီလား"

"ဟုတ်ကဲ့။ ကြားပြီးပါပြီ။ ဒါပေမဲ့ သူမသေပါဘူး"

"အင်း၊ ဘုရားသခင်ကျေးဇူးပဲ။ တော်ပါသေးရဲ့ ။ နေပါဦး။ အဘိုးကြီး မသေဘူးဆိုတာ ဟုတ်ရဲ့ လား။ သေချာသလား။ လမ်းထဲက လူတွေပြောတော့ သေသွားပြီဆိုလားလို့ "

"မဟုတ်ပါဘူး။ မသေဘူးဆိုတာ အခိုင်အမာ သိရပါတယ်"

"ကောင်းပါလေရဲ့ ။ လောလောဆယ်တော့ ဆန်နီပဲ အစစအရာ တာဝန်ယူ ဦးဆောင်သွားရမှာ ပဲ။ ကျုပ်အနေနဲ့ ဘာလုပ်ပေးရမလဲ"

"ကျွန်တော့်အဖေအိမ်ကို အမြန်ဆုံးလာစေချင်ပါတယ်။ ပေါ်လီဂတ်တိုးကိုလည်း ခေါ်ခဲ့ပါ "

"ကောင်းပြီ။ ဒါပဲလား။ အိမ်နဲ့ ဆေးရုံမှာ လုံခြုံရေးအတွက် ကျုပ်တို့ လူတွေ လွှတ်ထားပေးရဦး မလား"

"မလိုပါဘူး။ ခင်ဗျားနဲ့ ပေါ်လီဂိဂတ်တိုးတို့ကိုသာ ဒီအိမ်ကို အမြန်ဆုံးလာစေချင်တယ်"

ဆန်နီက ဤသို့ပြောလိုက်သောအခါ ကလီမင်ဇာသည် တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် ခေတ္တမျှငိုင်သွား သည် ။ ဤတွင် ဆန်နီက စကားကိုဆက်ပြောပြန်သည် ။

"နေပါဦး၊ အဘိုးကြီး အခုလိုဖြစ်တဲ့ အချိန်မှာ ပေါ်လီဂတ်တိုးက ဘယ်ရောက်နေလို့ လဲ"

"ပေါလီက နေမကောင်းလို့ သူ့အိမ်မှာ ပဲ နေခဲ့တယ်။ အအေးမိတယ်လို့ ပြောတာပဲ။ ဒီနှစ် ဆောင်းတွင်း မှာ ဒီကောင်က အတော်က လေး ချူချာနေတယ်"

ကလီမင်ဇာ၏ စကားအဆုံးတွင် ဆန်နီသည် ချက်ချင်း စိတ်ဝင်စားလာတော့သည် ။

"ဒီမယ် မစ္စတာကလီမင်ဇာ၊ ပြီးခဲ့တဲ့ နှစ်လလောက်အတွင်း ပေါလီဂတ်တိုးဟာ ဘယ်နှကြိမ်လောက် နေမကောင်းဘူးဆိုပြီး အလုပ်မဆင်းဘဲ နေခဲ့သလဲ"

"သုံးလေးကြိမ်လောက် ရှိမယ်။ ဒါပေမဲ့ ကျုပ်က ဖရက်ဒိုကို အမြဲမေးပါတယ်။ ပေါလီ့နေရာမှာ လူ စားတစ်ယောက် ပေးရမလားလို့ ။ ဖရက်ဒိုက မလိုပါဘူးလို့ ချည်းပြောတယ်။ ပြီးတော့လည်း ဆန်နီသိတဲ့ အတိုင်း လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း ဘယ်လိုအန္တရာယ်မှ မကြုံခဲ့ဘူး တော့ စိုးရိမ်စရာမရှိဘူးလို့ ယူဆခဲ့ကြ တယ်"

"ထားပါတော့လေ။ ခင်ဗျား အမြန်ဆုံး အဘိုးကြီးအိမ်ကိုသာလာခဲ့ပါ။ ဒီကို အလာမှာ ပေါလီဂတ်တိုး ကိုသာ ပါအောင် ဝင်ခေါ်ခဲ့ဖို့ မမေ့ပါနဲ့ ။ ဒီကောင် ဘယ်လောက်ပဲ နေမကောင်းဖြစ်နေပါစေ။ ဂရုမစိုက်ဘူး။ ဆက် ဆက်ပါအောင် ခေါ်ခဲ့ပါ"

ဤသို့ ခပ်ပြတ်ပြတ်ပြောပြီး ဆန်နီသည် တယ်လီဖုန်းကို ပြန်ချ လိုက်လေသည် ။ တစ်ဆက်တည်းမှာ ပင် ငိုကြွေးနေရှာသူ ဇနီးသည်အား သူ၏ အစီအစဉ်များကို ပြောလေသည် ။

"ဟော့... တို့ လူထဲက တစ်ယောက်ယောက် ဖုန်းဆက်ရင် ငါ့ကို အဘိုးကြီးဆီမှာ ရှိတယ်၊ ဟိုကို လှမ်း ဆက်ပါလို့ ပြော။ တခြား အပြင်

လူကွေ့ ဘယ်သူပဲဆက်ဆက် ဘာမှ မသိဘူးလို့ သာပြော။ အကယ်၍ တော်မိရဲ့ မိန်းမ ဖုန်းဆက်ရင် သူ့ယောကျ်ား တော်မိဟာ အရေးကြီးတဲ့ အလုပ်တစ်ခု လုပ်နေရလို့ အိမ်ကို ပြန်မလာနိုင် သေးဘူးလို့ သာ ပြောထား။ နောက်ပြီး တို့ အိမ်မှာ တို့ ဂိုဏ်းသားထဲက လူနှစ်ယောက်လောက် လာနေကြလိမ့် မယ်။ မင်း ဘာမှ ကြောက်မနေနဲ့ ၊ လိုလိုမည်မည် ငါခေါ်ထားတာသာ ဖြစ်တယ်။ မင်းကိုယ်တိုင်ကလည်း သိပ် အရေးကြီးမှ သာ ငါ့ကိုတွေ့စရာရှိရင် အဘိုးကြီးအိမ်ကို ဖုန်းလှမ်းဆက်။ ကိုင်း၊ ငါ သွားစရာရှိသေးတယ်"

ဤသို့ ခပ်တည်တည် ခပ်ပြတ်ပြတ် ပြောလိုက်ပြီးနောက် ဆန်နီသည် အိမ်ပြင်သို့ ခပ်သုတ်သုတ် ထွက် သွားလေသည်။

အပြင်ဘက်တွင် ကား မှောင်နေပြီ ဖြစ်၏။ ယခုသည့် ပြင် ဒီဇင်ဘာလ၏ ဆောင်းတွင်း ဖြစ်သော်လည်း စိမ့်နေ အောင် အေးမြလျက်ရှိနေ၏။ ဆန်နီသည် ညအမှောင်ထဲ အဖော်မပါဘဲ တစ်ယောက်တည်းလျှောက်ရခြင်းကို လုံးဝ ကြောက်ရွံ့စိုးရိမ်ခြင်း မရှိချေ။

သူတို့ ၏ ခြံဝင်းကြီးအတွင်း၌ အိမ်ရှစ်လုံးရှိရာ ထိုအိမ်အားလုံးကို 'ဂေါ်ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန်ကချည်း ပိုင်ဆိုင်၏။ အဘိုးကြီးကိုယ်တိုင်က တစ်အိမ်တွင် နေပြီး ကျန်အိမ်များ တွင် အိမ်ထောင်ရှိသူ ဆန်နီနှင့် တော်မီဟေဂင်တို့ က တစ်အိမ်စီနေကြ၏။ ကျန်အိမ်များ တွင် လည်း သူတို့ မိသားစု၏ ဆွေမျိုးသားချင်းများ ၊ သစ္စာရှိသော တပည့်ကိုဏ်းသားများ နေကြ၏။

သော အခန်းသို့ သွား၍ တယ်လီဖုန်းဆက်ပြန်သည် ။ ထိုတယ် လီဖုန်းက လမ်းညွှန်စာအုပ်ထဲ စာရင်းမပါသော လျှို့ဝှက်ဖုန်းတစ်ခု ဖြစ်သည် ။

ရှေးဦးစွာ ဆန်နီသည် သူတို့ ၏ ညာလက်ရုံးလူမိုက် လူကာဘာရာဆီ၏ အိမ်သို့ ဖုန်းဆက်ကြည့်ရာ မည်သူကမှ ပြန်မထူးသဖြင့် ဖုန်းကို ချထားလိုက်သည် ။

ထိုနောက် အဘိုးကြီး 'ဂေါ့ဒ်ဖားသား'၏ သစ္စာရှိ လူယုံတစ်ဦးဖြစ်သူ ဘာရှတ်ကလင်းအရပ်မှ တက်ဆီ ယိုဆိုသူထံ ဖုန်းဆက်ပြန်၏။ တက်ဆီယိုက အိမ်တွင် အဆင်သင့်ရှိနေသဖြင့် ဆန်နီက ဖြစ်ပျက်ပုံ အတိုချုံး၍ ပြောပြပြီးနောက် အလွန်စိတ်ချရပြီး သစ္စာရှိသော လူကောင်း ငါးဆယ်ခန့် စည်းရုံးထားရန်နှင့် အဘိုးကြီး တက်နေသည့် ဆေးရုံတွင် အချို့ကို လုံခြုံရေးအစောင့်အဖြစ် ချထားပြီး ကျန်လူများကို အိမ်သို့ လွှတ်ပေးရန် ညွှန်ကြားလိုက်၏။

တက်ဆီယိုသည် လုံခြုံရေးအစောင့်အဖြစ် သုံးရန် ကလီမင်ဇာ၏ တပည့် လူမိုက်များ ရှိပါလျက် သူ့ အား လှမ်း၍ လူတောင်းခြင်းကို သိချင်သဖြင့် မေးကြည့်လေသည် ။

"ဒါထက် ဆန်နီ၊ ကလီမင်ဇာတစ်ယောက်ကိုကော သူတို့ က သတ်လိုက်ကြလို့ လား"

"မဟုတ်ပါဘူး။ ဒါပေမဲ့ လတ်တလော ကျုပ်က အဲဒီ ကလီမင်ဇာရဲ့ လူတွေကို အသုံးမချချင်လို့ ပါ"

"ဒီမယ် ဆန်နီ၊ စိတ်တော့မရှိနဲ့ နော်။ ခင်ဗျား အဖေကြီးရဲ့ ဝါဒအတိုင်း အကြံပေးပါရစေ။ သိပ်ပြီး ရှေ့လောတကြီး မလှုပ်ရှားပါနဲ့

ဦး။ နောက်ပြီး ကလီမင်ဇာက သစ္စာဖောက်လိမ့်မယ်လို့ ကျုပ်တော့ မယုံနိုင်ဘူး"

"ဟုတ်ပါတယ်။ ကျုပ်ကလည်း မထင်ပါဘူး ။ ဒါပေမဲ့ အခုနေခါ ကျုပ်တို့ အနေနဲ့ သတိဆိုတာ ပိုတယ်မရှိဘူး မဟုတ်လား"

"ဟုတ်တာပေါ့။ ကောင်းပါပြီလေ။ ကျုပ်ကိုယ်တိုင် ခင်ဗျားအဘိုးကြီးအိမ်ကို အမြန်ဆုံးရောက်အောင် လာခဲ့ပါမယ်။ ကျုပ်ရဲ့ တပည့်တွေလည်း ပါလာမယ်။ သူတို့ ကိုတော့ ဆန်နီသိပြီးသား ဖြစ်ပါလိမ့်မယ်"

ဤသို့ တက်ဆီယိုနှင့် အစီအစဉ်များပြောပြီးနောက် ဆန်နီသည် ရုံးခန်းတွင်းရှိ မီးခံသေတ္တာကြီးကို ဖွင့်၍ အပြာရောင် သားရေဖုံးနှင့် စာအုပ်ငယ်ကလေးတစ်အုပ်ကို ထုတ်ယူလိုက်သည် ။ ထိုစာအုပ်ငယ်ကား သူ တို့ အဖွဲ့က လျှို့ဝှက် ငွေကြေးထောက်ပံ့ထားသော ပုဂ္ဂိုလ်ပေါင်းစုံတို့ ၏ အမည်၊ နေရပ်လိပ်စာနှင့် တယ်လီဖုန်း နံပါတ်များကို ရေးမှတ်ထားသော မှတ်စုစာအုပ်ပင် ဖြစ်သည် ။

ဆန်နီသည် ဖာရယ်လ်ဆိုသူ၏ နာမည်ကို ရှာကြည့်ရာ ခရစ္စမတ်ပွဲတော် အကြိုလက်ဆောင်အဖြစ် ထိုသူအား ဒေါ်လာငွေငါးထောင် ပေးထားပြီးဖြစ်ကြောင်း ရေးမှတ်ထားသည်ကို တွေ့ရ၏။ ဖာရယ်လ်ဆိုသူကား တယ်လီဖုန်းကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်သည် ။

ဆန်နီသည် ဖာရယ်လ်၏ နေအိမ်သို့ ဖုန်းဆက်ကြည့်ရာ ကံအားလျော်စွာ ထိုသူ အိမ်တွင် ရှိနေခိုက်နှင့် ကြုံနေ၏။

"ဒီမယ် မစ္စတာဖာရယ်လ်၊ ကျွန်တော် ဆန်

နီပါ။ သိပ်အရေးကြီးတဲ့ အကူအညီတစ်ခု တောင်းပါရစေ။ အခု ချက်ချင်း အမြန် ဆောင်ရွက်ပေးစေချင်ပါတယ်။ ကျွန်တော် ခင်ဗျားကို တယ်လီဖုန်းနံပါတ်နှစ်ခု ပေးမယ်။ အဲဒီ တယ်လီဖုန်းနံပါတ် နှစ်ခုစလုံးက လွန်ခဲ့တဲ့ သုံးလအတွင်း ဘယ်သူတွေနဲ့ ဘာတွေ ဖုန်းဆက်ပြောတယ် ဆိုတာ သိချင်တယ်။ ရအောင်စုံစမ်းပြီး အခု ညသန်းခေါင်မတိုင်မီ ကျွန်တော့်ကို ပေးနိုင်ရင်တော့ ခင်ဗျားအတွက် ခရစ္စမတ်ပွဲတော် အထူးလက်ဆောင်ကောင်းတစ်ခု ထပ်ပေးပါ့မယ်"

ဤသို့ပြောပြီးနောက် ဆန်နီသည် ပေါ်လီဂတ်တိုးနှင့် ကလီမင်ဇာတို့ ၏ နေအိမ်ဖုန်းနံပါတ်များကို ပြော လိုက်လေသည် ။

ဖုန်းကို ပြန်ချပြီးနောက် ဆန်နီသည် လူကာဘရာဆီ၏ အိမ်သို့ နောက်ထပ်ဟာဇကြိမ် ဖုန်းဆက်ကြည့် သော်လည်း လုံးဝ အဖြေမရသဖြင့် စိတ်ထဲမှ စိုးရိမ်ပူပန်သွား၏။

သို့သော် လူကာဘရာဆီသည် အဘိုးကြီးသေနတ်ပစ်ခံရကြောင်း သတင်းကြားလျှင်ကြားချင်း မလွဲ မသွေ အိမ်ကြီးသို့ ပြေးလာမည်ဟု သူ့ကိုယ်သူ ပြန်နှစ်သိမ့်လိုက်သည် ။

ဆန်နီသည် ဆိုလည်ကုလားထိုင်ကြီးတွင် ထိုင်၍ အခြေအနေကို ပြန်လည်သုံးသပ်နေမိပြန်လေသည် ။

နာရီပိုင်းအတွင်း ဤအိမ်ကြီးအတွင်းသို့ သူတို့ ဘက်တော်သားဂိုဏ်းသားတွေ အမြောက်အမြား ရောက်ရှိလာကြမည်ဖြစ်ရာ စစ်ပွဲကြီးတစ်ခု တိုက်ခိုက်ရခါနီး စစ်မှူ ပြင်ဆင်ကြရသ

ည် နှင့် မခြားသည့် အသွင်မျိုး ဖြစ်လာပေတော့မည်။

ထိုသို့ ရောက်လာသူများကို ဆန်နီကပင်လျှင် အဘိုးကြီးကိုယ်စား ညွှန်ကြားချက်အမိန့်များ ပေး ရပေမည်။

အဘိုးကြီးအား ယခုလို လုပ်ကြံခြင်းသည် ဆိုလိုဇိုဆိုသူ၏ လက်ချက်မှန်း ထင်ရှားနေသည် ။ သို့သော် ဆိုလိုဇိုသည် သူတစ်ဦးတည်းအနေဖြင့် လုပ်ကြံဝံ့လောက်အောင် သတ္တိနှင့် အင်အားရှိသူမဟုတ်။ နယူးယောက် မြို့ရှိ သူတို့လို အလားတူ ဒုစရိုက်ဂိုဏ်းမိသားစု ငါးခုရှိသည့် အနက် မိသားစုတစ်ခုခုက ဆိုလိုဇိုကို အားပေးမြှောက်ပင့်ပေး၍ သာဖြစ်ပေမည်။

ဆိုလိုဇိုအား ကူညီအားပေးရန် အနီးကပ်ဆုံးကတော့ 'တာတာဂလီယာ' မိသားစုပင် ဖြစ်နိုင်သည် ။ ဤသို့ဖြစ်ပါမူ ဂိုဏ်းငါးဂိုဏ်းများ အပြင်းအထန် တိုက်ခိုက်ကြရမည့် 'စစ်ပွဲ' ကြီး ဖြစ်လာရပေတော့မည်။

ဤ 'စစ်ပွဲ' ကား ဆယ်နှစ်တာကာလအတွင်း 'ဂေါ့ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန်မိသားစု၏ အင်အားကို ပထမဆုံးအကြိမ် ယှဉ်ပြိုင် စိမ်ခေါ်ကာ အားစမ်းစစ်ပွဲကြီးပင် ဖြစ်သည် ။

သို့ဖြစ်လင့်ကစား ဆန်နီတို့ ဘက်မှ စိုးရိမ်တုန်လှုပ်စရာ မရှိချေ။ 'ဆိုလိုဇို' သည် သေချာပေါက်ပိုင် အောင် လုပ်ကြံပါသော်လည်း သူကံဆိုးချင်တော့ အဘိုးကြီးက မသေဘဲရှင်နေသေးသည် ။ စစ်ပွဲကြီးကို 'ဂေါ့ဒ်ဖားသား' ကိုယ်တိုင် ကွပ်ကဲ၍ တိုက်ခိုက်နိုင်မည့် အခြေအနေ ရှိနေသေးသည် ။

လူအင်အားအနေဖြင့်လည်း မိမိတို့ ဘက်တွင် လူကာဘာရာဆီလို သတ္တိပြောင်ပြီး အားကိုးရသည့် စစ် သည် ကောင်းတွေ ရှိနေသည် မဟုတ်ပါလော။

တစ်ဆက်တည်းမှာ ပင် ဆန့်နီသည် လူကာဘာရာဆီ တစ်ယောက် ယခုအချိန် ဘယ်ရောက်နေပါလိမ့်မှာ တွေးနေမိပြန်လေသည်။

*

(၃)

တော်မီဟောဂင်သည် မည်သို့မှ ငြင်းဆန်၍ မဖြစ်သောကြောင့် မော်တော်ကားပေါ်သို့ တက်လိုက် ရတော့မှ ပင် သူ့အား ဆိုလိုဇိုတို့ အုပ်စုက 'ဖမ်း' သွားခြင်းဖြစ်ကြောင်း သဘောပေါက်မိပါတော့သည်။

ကားထဲတွင် ကား ဆိုလိုဇိုအပြင် ဒရိုင်ဘာအပါအဝင် လူသုံးယောက်ပါလာလျက် တော်မီအား ကား၏ နောက်ထိုင်ခုံတွင် လူနှစ်ယောက် ဝဲယာညှပ်ပြီး ထိုင်စေ၏။ ဆိုလိုဇိုကိုယ်တိုင်က

တော့ ကား၏ ရှေ့တန်း ဒရိုင် ဘာအနီးတွင် ထို င်လိုက်လာသည် ။

ကား စထွက်သည် နှင့် တစ်ပြိုင်နက် လက် ယာဘက်နံဘေးမှ လူဆိုးသည် တော်မီ၏ ဦး ထုပ်ကို ရှေ့သို့ အတင်းဆွဲ၍ စိုက်ထားလိုက်ခြ င်းအားဖြင့် သွားမည့် ခရီးကို မမြင်နိုင်အောင် လုပ်ထားလိုက်သည် ။ ပါးစပ်မှ လည်း

"ကိုယ့်လူ၊ အသာငြိမ်ငြိမ်ကလေးနေနော် ၊ တုတ်တုတ်မှ လှုပ်မယ် မကြံနဲ့ "

ဟု ခြိမ်းခြောက်လိုက်သေးသည် ။ တော်မီ လည်း သူတို့ လက်ခုပ်တွင်းမှ ရေလိုဖြစ်နေခို က် လှုပ်ရှားလျှင် အန္တရာယ်ရှိကြောင်း သိသဖြ င့် အသာငြိမ်၍ ပင် လိုက်ပါလာခဲ့သည် ။

မော်တော်ကားသည် မိနစ် ၂၀ ခန့်မျှသာ မောင်းသွားပြီး ထိုးရပ်လိုက်သောအခါ လုံးလုံး မှောင်မိုက်နေ ပြီဖြစ်၍ တော်မီသည် ဘယ်အရ ပ်သို့ ရောက်ရှိနေကြောင်း မမှတ်မိအောင် ဖြစ် နေတော့သည် ။

ကားပေါ်မှ ဆင်းခိုင်းပြီးနောက် ဆိုလိုဗိုတို့ လူသိုက်သည် တော်မီအား အိမ်ခန်းတစ်ခန်းအ တွင်းသို့ ခေါ်သွားလျက် မီးဖိုချောင်တွင် သုံးသ ည့် ကုလားထိုင်မျိုးတစ်လုံးတွင် ထိုင်ခိုင်းလိုက် သည် ။ သူ၏ ရှေ့တည့် တည့်ရှိ ကုလားထိုင်တွ င် ကား ဆိုလိုဗို ကိုယ်တိုင် ဝင်ထိုင်လိုက်ပြီး စ ကားစပြောလေသည် ။

"ကိုယ့်လူအနေနဲ့ ဘာမှ ကြောက်စရာ မလို ပါဘူး။ ခင်ဗျားဟာ ဂေါ်ဒ်ဖားသား မိသားစုရဲ့ အကြမ်း ဖက်သမား လူမိုက်တစ်ယောက် မဟု တ်မှန်းလည်း ကျုပ်တို့ သိပါတယ်။ ခင်ဗျားက ဒွန်ကော်လီယွန်မိသားစု ကိုလည်း ကူညီစေချ

င်တယ်။ ကျုပ်ကိုလည်း ကူညီစေချင်ပါတယ်"

ဆိုလိုဇိုက လေသံအေးအေးဖြင့် ပြောလိုက်ချိန်တွင် တော်မီမှာ တုန်လှုပ်ပြီး ဓာချွေးများ ပြန်လျက်ရှိ နေ၏။ စိတ်ငြိမ်စေရန် စီးကရက်ကို မီးညှိသောက်ရန်ပြင်လိုက်ချိန်မှာ ပင် သူ၏ လက်များ တုန်လျက်ရှိနေသည် ။

ထိုအချိန်၌ လူဆိုးတစ်ယောက်က ကြွေလက်ဖက်ရည်ပန်းကန် တစ်လုံးဖြင့် အရက်အနည်းငယ် လာပေးလေရာ တော်မီသည် ကျေးဇူးတင်စွာဖြင့် သောက်ချလိုက်မိသည် ။ အရက်သောက်လိုက်၍ လည်ချောင်း ထဲပူခနဲ ဖြစ်သွားတော့မှ စိတ်အနည်းငယ်ငြိမ်သလို ရှိသွားတော့သည် ။

"ခင်ဗျားရဲ့ ဆရာကြီးတော့ သေသွားပြီ၊ ညနေက သူရဲ့ ရုံးခန်းအပြင်ဘက် လမ်းမပေါ်မှာ ကျုပ်တို့ လူတွေက သေနတ်နဲ့ ပစ်သတ်လိုက်တယ်"

ဆိုလိုဇိုက ရုတ်တရက် ပြောလိုက်သောအခါ တော်မီမှာ စိတ်တွေ ပြန်လည်လှုပ်ရှား လာပြီး မျက်ရည် များ ပင် ကျလာမိလေသည် ။

ဆိုလိုဇိုသည် ဤသို့ မျက်ရည်ကျသည် ကို အံ့အားသင့်သွားသလို ဖြစ်ပြီးမှ စကားကို ဆက်ပြန်သည် ။

"အဘိုးကြီးကိုသေနတ်နဲ့ ပစ်သတ်လိုက်ကြောင်း သတင်းရရချင်း ကျုပ်က ခင်ဗျားကို ဆွဲခေါ်လာ တာပဲ။ အခု ခင်ဗျားရဲ့ တာဝန်ကတော့ ကျုပ်နဲ့ ဆန်နီတို့ အကြား ငြိမ်းချမ်းရေးရအောင် စေ့စပ်ဖျန်ဖြေပေးဖို့ ပဲ"

ဆိုလိုဇိုက စကားကမ်းလှမ်းသော်လည်း

တော်မီသည် မည်သို့မှ ပြန်မပြောဘဲ နေလေ ရာ ဆက်၍ ပြော ပြန်သည်။

"ခင်ဗျား သိတဲ့ အတိုင်း ဆန်နီဟာ ကျုပ်က အလုပ်လုပ်ဖို့ ကမ်းလှမ်းတာကို လက်ခံချင်တဲ့ ဆန္ဒ ရှိခဲ့တယ်။ မူးယစ်ဆေးဝါးလုပ်ငန်းဟာ ငွေအမြောက်အမြားရနိုင်တဲ့ အတွက် ၂ နှစ်လောက် လုပ်လိုက်ရုံနဲ့ ကျုပ် တို့ အားလုံးဟာ မီလျံနာသူဌေး ဖြစ်လာနိုင်တယ်။ ဒွန်ကော်လီယွန် ဆိုတဲ့ အဘိုးကြီးက အတွေးအခေါ် ခေတ်မီတော့တာ မဟုတ်ဘူး။ သူ့ရဲ့ ခေတ်ကုန်ပြီဆိုတာလည်း သူကိုယ်တိုင် သိပုံမရဘူး။ ဒါကြောင့် ခက်နေခဲ့တာပေါ့။ အခုတော့ အဘိုးကြီးလည်း သေနေမှ ကျုပ်က ဒီမူးယစ်ဆေးဝါး လုပ်ငန်းကိုလုပ်ဖို့ ဆန်နီနဲ့ ထပ်စေ့စပ်ချင် တယ်။ ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို ဆန်နီအနေနဲ့ လက်ခံလာအောင် ခင်ဗျားက ကြားဝင်ပြီး ပိုင်းကူပြောပေး စေချင်တယ်"

ဆိုလိုဇို၏ စကားအဆုံးတွင် တော်မီဟေဂင်က

"ခင်ဗျား မျှော်လင့်ချက်ရှိမှာ မဟုတ်ဘူး ။ ဆန်နီဟာ သူ့မှာ ရှိသမျှ အင်အားနဲ့ ခင်ဗျားတို့ကို အပြတ် တိုက်မှာ သေချာတယ်"

ဟု သူ့စိတ်ထဲ ထင်မြင်မိသည့် အတိုင်း ပြောချလိုက်သည် ။

"ဒါကတော့ သူ့ရဲ့ ပထမဆုံး ဖြစ်ပေါ်မယ့် ဆန္ဒပဲ။ ဆန်နီဟာ မိုက်ရူးရဲ လုပ်တတ်တဲ့ ဝါသနာ နဂိုက ရှိတာကိုး။ ဒါကြောင့် ခင်ဗျားက သူ့ကို အလောတကြီး မိုက်ရူးရဲမလုပ်ဖို့ ဖျောင်းဖျ ပြောဆိုပေးရမယ်။ ကျုပ် ဘက်က အင်အားကိုလည်း ကြည့်ဦးလေ။ 'တာတာဂလီယာ' မိသား

စုဟာ သူတို့ ရဲ့ အင်အားအပြည့်အစုံနဲ့ ကျုပ်ဘက်က မားမားမတ်မတ် ကူညီကြလိမ့်မယ်။ နယူးယောက်မြို့က

တခြားမိသားစုတွေကလည်း လူဆိုးဂိုဏ်းချင်း စစ်ပွဲဖြစ်တာကို တားဆီးဖို့ အတွက် နည်းအမျိုးမျိုးနဲ့ ကြားဝင်လာကြမှာ မို့ ဆန်နီဟာ အဲဒီမိသားစုကိုပါ တိုက်ရလိမ့်မယ်။ ဘာကြောင့် လဲဆိုတော့ ဂိုဏ်းအချင်းချင်းစစ်ပွဲဖြစ်ရင် ကျန်တဲ့ ဂိုဏ်းတွေရဲ့ စီးပွားရေး လုပ်ငန်းတွေကိုပါ ထိခိုက်လာမှာ မို့ပဲ။ သို့သော်လည်း ဆန်နီ ကျုပ်နဲ့ မူးယစ်ဆေးဝါး အလုပ်လုပ်ဖို့ သဘောတူ လိုက်ရင် တခြားမိသားစုဂိုဏ်းတွေက ဘယ်လိုမှ ဝင်နှောင့်ယှက်မှာ မဟုတ်ဘူး ”

ဆိုလိုဇိုက သူ၏ မူးယစ်ဆေးဝါးလုပ်ငန်း ဖက်စပ်လုပ်ရန်ကိုသာ ဖွင့်ပြောသည်။ သို့သော် တော်မီဟောဂင် သည် မည်သို့မှ ပြန်မပြောဘဲ နားထောင်၍ သာ နေလိုက်သည် ။

“ဒီမယ် တော်မီဟောဂင်၊ ခင်ဗျားရဲ့ ဆရာကြီး ဒွန်ကော်လီယွန်ဟာ အရင်လို မဟုတ်ဘူး ။ ဒါကြောင့် သာ ကျုပ်တို့ ဘက်က သူ့ကို လုပ်ကြံလို့ ရတာပေါ့။ အရင်တုန်းကလိုသာ သူဟာ ဘယ်တော့မှ မပေါ့လျော့ခဲ့ရင် ကျုပ်တို့ ဘယ်လိုမှ သူ့ကို အခုလို လုပ်ကြံလို့ ဘယ်ရပါ့ မလဲ။ နောက် တစ်ချက်က သူဟာ ခင်ဗျားလို လူကို (ကွန်ဆီလီယိုရီ) လူယုံအဖြစ် ခန့်ထားတဲ့ အတွက် တခြားဂိုဏ်းတွေ၊ မိသားစုတွေက သူ့အပေါ် အယုံအကြည် မရှိတော့ဘူး။ ဘာကြောင့် လဲ သိလား။ ခင်ဗျားဟာ အီတလီ လူမျိုးလည်း မဟုတ်၊

ဆစ်ဂလီကျွန်းသားလည်း မဟုတ်လို့ ဘဲ။ အခု ဆန်နီက ကလဲ့စားချေဖို့ ကြိုးစားပြီး ဂိုဏ်းအချင်းချင်း တိုက်ပွဲဖြစ်မယ်ဆိုရင် ကျုပ်အပါ အဝင် အားလုံးအဖို့ ဆုံးရှုံးနစ်နာဖို့ ရှိတယ်။ ကော်လီယွန် မိသားစုကတော့ မုချအရေးနိမ့် ပျက်စီးမှာ ပါပဲ။ ကျုပ်အနေနဲ့ က ခင်ဗျားတို့ ဂိုဏ်းရဲ့ နိုင်ငံရေး အဆက်အသွယ်တွေကိုလည်း လိုတယ်။ လုပ်ငန်းမှာ ရင်းနှီးမြှုပ် နှံဖို့ ငွေလည်း လိုနေတယ်။ ဒါကြောင့် ခင်ဗျားအနေနဲ့ ဆန်နီကို နားဝင်အောင် ပြောပေးပါ။ ခင်ဗျား အခုလို ကြားဝင် စေ့စပ်ပေးခြင်းအားဖြင့် လူတွေ သေကျေပျက်စီးမယ့် သွေးထွက်သံယိုမှု အများကြီးကိုလည်း တားဆီးရာ ရောက်နိုင်ပါတယ်"

ဆိုလိုဇိုက ထပ်မံ၍ ပြောလိုက်သောအခါ ဟေဂင်သည် နောက်ထပ် အရက်တခွက်... မ်းတောင်းရင်း

"ကောင်းပြီလေ။ ကျုပ် ကြိုးစားကြည့်ပါ့မယ်။ ဒါပေမဲ့ ဆန်နီက အင်မတန်ခေါင်းမာတဲ့ လူတစ် ယောက် ဖြစ်တယ်။ နောက်ပြီး ခင်ဗျားတို့ ပြန်ကလဲ့စားမချေဖို့ 'လူကာဘာရာဆီ' ဆိုတဲ့ လူကို ဆန်နီတောင် တားလို့ ရချင်မှ ရမှာ ။ ခင်ဗျားတို့ အနေနဲ့ လူကာဘာရာဆီကို စိုးရိမ်ဖို့ ကောင်းတယ်။ ကျုပ်အနေနဲ့ တောင် ခင်ဗျားတို့ ကမ်းလှမ်းချက်ကို သဘောတူ လက်ခံရင် လူကာဘာရာဆီကို ကြောက်နေရလိမ့်ဦးမယ်"

ဟု ပြော လိုက်လေသည် ။

"ဒီမယ် ကိုယ့်လူ၊ ခင်ဗျားက ဆန်နီနဲ့ သူညီနှစ်ယောက်ကိုသာ နားဝင်အောင်ပြောပါ။ ကျုပ်က လူကာဘာရာဆီဆိုတဲ့ လူအတွက် တာဝန်

ယူပါတယ်။ ပြီးတော့ ကျုပ်တို့ ကသာ သတ်မယ်ဆိုရင် အဘိုးကြီး သားအလတ် ဖရက်ဒီဟာလည်း ဒီနေ့ သူ့အဖေနဲ့ တစ်ပါးတည်း အသတ်ခံရမယ်ဆိုတာကိုပါ ပြောပြလိုက်ပါ။ ကျုပ်တို့လူတွေကို အဘိုးကြီးကလွဲလို့ ဘယ်သူ့ကိုမှ မထိရဘူးလို့ တင်းတင်းကြပ်ကြပ် အမိန့်ပေးထားခဲ့တယ်။ အခု ဖရက်ဒီဆိုတဲ့ လူ အသက်ရှင်နေတာဟာ ကျုပ်ကြောင့် ဖြစ်တယ်"

ဤသို့ ဆိုလိုဇိုက ခပ်အေးအေးပင် ပြောလိုက်သောအခါ တော်မီဟောဂင်သည် သေချာစွာစဉ်းစားကြည့် နေမိလေသည် ။ ဆိုလိုဇိုက သူ့အား သတ်ပစ်ရန် သို့မဟုတ် ဓားစာခံအဖြစ် ခေါ်ထားရန် မရည်ရွယ်ကြောင်း ထင်ရှားသဖြင့် စိတ်ထဲမှာ ပေါ့သွားမိသည် ။ သူတို့ ဘက်မှ ကမ်းလှမ်းချက်ကို ဆန်နီအား နားလည်သဘောပေါက် အောင် အကျိုးအကြောင်းနှင့် သူ့ကွ တင်ပြပေးပါရန်သူ့ကို တာဝန်ပေးလိုကြောင်း သိသာနေပြီ ဖြစ်သည် ။

ဆိုလိုဇို၏ တွေးခေါ်ယူဆပုံနှင့် အကြောင်းပြချက်များကလည်း မှန်ကန် ခိုင်လုံနေသည် ။ ကော်လီယွန် မိသားစုနှင့် တာတာဂလီယာဂိုဏ်းတို့ သူသေကိုယ်သေ မီးကုန်ယမ်းကုန် တိုက်ခိုက်ကြခြင်းမျိုးသည် မည်သို့မျှ အကျိုးမရှိသဖြင့် ကာကွယ်တားဆီးသင့်သည် မဟုတ်ပါလော။

တော်မီဟောဂင်သည် ဤသို့လျှင် စိတ်ထဲစဉ်းစားမိရာမှ ခေါင်းကို မော်ကြည့်လိုက်တော့ ဆိုလိုဇိုသည် သူ့ အားပြုံးကြည့်နေသည် ကို တွေ့ရလေသည် ။ သူသည် တော်မီ စဉ်း

အားစိတ်ကူးချက်များကို ထိုးထွင်းသိမြင်နေ သည့် ဟန်မျိုး ဖြစ်နေသည်။

သည် တော့မှ တော်မီဟောဂင် စောစောက သူ မတွေးမိသောအချက်တစ်ခုကို ရုတ်တရက် စဉ်းစားမိလာ သည်။

အလွန် ကြောက်စရာကောင်းလှသော အကြမ်းဖက်သမားလူမိုက် လူကာဘာရာဆီလို လူကို ဆိုလိုဇိုက လုံးဝဂရုစိုက်ပုံမရဘဲ သူ့တာဝန်ထားလိုက်ပါဟု ဆိုခြင်းသည် ဘယ်လိုအဓိပ္ပာယ်မျိုးပေးနည်း။ လူကာဘာရာဆီ တစ်ယောက် ဘာဖြစ်သွား၍ ပေနည်း။ လူကာ ကိုယ်တိုင်က ဆိုလိုဇိုနှင့် လျှို့ဝှက်နားလည်မှု ယူထားလိုက်ပြီ ဖြစ်သောကြောင့် များ ပေလော။

"ဂေါ့ဒ်ဖားသား" ဒွန်ကော်လီယွန်သည် ဆိုလိုဇိုနှင့် တွေ့ဆုံစကား ပြောသည့် ညက လူကာဘာရာဆီအား ခေါ်ယူ၍ နှစ်ယောက်အ... တွေ့ဆုံခဲ့သည် ကိုလည်း တော်မီက ပြန်သတိ ရမိလေသည်။ အဘိုးကြီးနှင့် လူကာ ဘာရာဆီတို့ ဘာတွေ ဆွေးနွေးကြသည် ကိုကား မသိရချေ။

ယင်းသို့ အတိတ်ကို ပြန်စဉ်းစားနေရင်းက တော်မီသည် လောလောဆယ် ဤအကြောင်းအရာများက ပူပန်နေစရာအချိန်မဟုတ်ဟု ဆင်ခြင်မိပြန်လေသည် ။ လတ်တလော အရေးကြီးသည် ကား ဒွန်ကော်လီယွန် မိသားစု၏ နေအိမ်ဝင်းအတွင်း ဘေးအန္တရာယ်ကင်းရာသို့ ပြန်ရောက်ရှိရန်ပင် ဖြစ်၏။ ထို့ကြောင့် သူသည် ဆိုလို ဇိုက တိုက်တွန်းသည့် အတိုင်း..

"ကောင်းပါပြီ။ ကျွန်တော် အစွမ်းကုန်ကြိုးစားပြီး ပြောပေးပါမယ်။ အခု ခင်ဗျား ပြောပြ

သွားတာ တွေဟာ မှန်ကန်တယ်လို့ လည်း ယုံကြည်ပါတယ်။ 'ဂေါ်ဒ်ဖားသား' ကိုယ်တိုင်ရှိရင်လည်း ဒီလိုလုပ်မှ သင့်မယ် လို့ သဘောတူလိမ့်မယ်လို့ ထင်ပါတယ်"

ဟု ပြောလိုက်ရာ ဆိုလိုဇိုလည်း သဘောကျသွားပုံရလေသည် ။

"အေး၊ ဒီလိုမှ ပေါ့ဗျ။ ကျုပ်ကိုယ်တိုင်က သွေးထွက်သံယိုမှုကို မလိုလားပါဘူး။ ကျုပ်က စီးပွားရေး သမားဖြစ်တယ်။ သွေးထွက်သံယိုဖြစ်ရင် ငွေကြေး အမြောက်အမြား ကုန်ကျမှာ သေချာတယ်"

ဆိုလိုဇိုမှာ ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်စဉ်မှာ ပင် အခန်းတွင်းရှိ တယ်လီဖုန်းက မြည်လာသဖြင့် သူ့လူတစ်ယောက်ကထပြီး ဖုန်းကို နားထောင်လိုက်သည် ။ တစ်ဖက်မှ ပြောသံကို နားထောင်နေပြီးနောက်

"ကောင်းပြီလေ သူ့ကိုပြောလိုက်ပါမယ်"

ဟု ပြော၍ ဖုန်းကို ပြန်ချလိုက်သည် ။ ထို့နောက် သူသည် ဆိုလိုဇို၏ အနီးသို့ လျှောက်လာပြီး တစ်စုံတစ်ခုကို ခပ်တိုးတိုးပြောလိုက်ရာ ဆိုလိုဇို၏ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားရာမှ ချက်ချင်း ဒေါသ ခက်ထန်လာသည့် အသွင် ဖြစ်လာကြောင်းကို တော်မီဟေဂင်က သတိပြုလိုက်မိသည် ။ တော်မီကိုလည်း ခပ်တည်တည် ငေးစိုက်ကြည့်နေလိုက်သည် ။

ဤတွင် တော်မီသည် ယခုညအဖို့ သူ့ကို ပြန်လွှတ်ပေးတော့မည် မဟုတ်ဟု ချက်ချင်း ရိပ်မိလိုက်ပါ သည် ။ တစ်နေရာတွင် တစ်စုံတစ်ခု ဖြစ်ပွားခြင်းကြောင့် သူ့အား သတ်ပစ်ကောင်း သတ်ပစ်လိမ့်မည်ဟု လည်း စိုးရိမ်

တန်လှုပ်သွားမိသည် ။

ခဏမျှအကြာတွင် ဆိုလိုဇိုသည် တော်မီ ဟောဂင်ဘက်သို့ လှည့်၍

"အဘိုးကြီးက မသေဘူးတဲ့ ဗျ။ သေနတ်ကျည်ဆန် ငါးချက်တိတိ မှန်တာတောင်မှ အဘိုးကြီးဟာ မသေသေးဘဲ ဆေးရုံရောက်နေပြီလို့ သိရတယ်။ ဒါဟာ ကံဆိုးတာပဲ။ ကျုပ်အတွက်လည်း ကံဆိုးတယ်။ ခင်ဗျားအတွက်လည်း ကံဆိုးတာပေါ့လေ။"

ဟု ပြောလိုက်ပါသတည်း။

*

၄

မိုက်ကယ်လ်သည် သူ၏ ဖခင်ကြီးအိမ်သို့ လာသောအခါ ခြံဝင်းဝတံခါးကို သံကြိုးကြီးဖြင့် ချည်နှောင် ပြီး ပိတ်ထားသည် ကို တွေ့ရလေသည် ။ ခြံဝင်းတစ်ခုလုံး လျှပ်စစ်မီးလုံးကြီးများ ထွန်းထားသဖြင့် လင်းထိန် နေသည် ကိုလည်း သတိပြုမိသည် ။ တံခါးဝတွင် မိုက်ကယ်လ် မမြင်ဖူးသော လူနှစ်ယောက် စောင့်နေပြီး တစ်ယောက်က မိုက်ကယ်လ်ကို မြင်မြင်ချင်း ..

"ခင်ဗျား ဘယ်သူလဲ။ ဘာကိစ္စလဲ"

ဟု ခပ်တည်တည် မေးလိုက်သည် ။

မိုက်ကယ်လ်က သူ မည်သူမည်ဝါဖြစ်ကြောင်း ရှင်းပြနေစဉ် အခြားလူတစ်ဦးရောက်လာပြီး သေချာစွာ ကြည့်၍

"ဟော့၊ သူက ဒွန်ကော်လီယွန်ရဲ့ သားအငယ်ဆုံးပဲကွ။ ဝင်ခွင့်ပြုလိုက်"

ဟု ပြောပြောဆိုဆို ထိုလူကပင် မိုက်ကယ်လ်အား အတွင်းသို့ ခေါ်သွားသည် ။ အိမ်အဝသို့ ရောက်သော အခါ တံခါးဝ၌ လူနှစ်ယောက်စောင့်နေသည် ကို တွေ့ရပြန်သည် ။ မိုက်ကယ်လ်နှင့် အတူ လိုက်ပါလာသူကို မြင်သည် တွင် ထိုလူနှစ်ယောက်က တံခါးကိုဖွင့်၍ ဝင်ခွင့်ပေးလိုက်သည် ။

အိမ်ထဲတွင် လည်း သူမသိသော လူစိမ်းတွေ အတော်များများ ရောက်နေသည် ကို တွေ့ရသဖြင့် မိုက်ကယ်လ်သည် ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားမိသည် ။

ဧည့်ခန်းထဲတွင် ကား တော်မီဟောဂင်၏ ဇနီးသည် ဆေးလိပ်သောက်ရင်း ထိုင်နေလျက် မလှမ်းမကမ်း ရှိ ဆိုဖာကြီးတစ်လုံးတွင် ကလီမင်ဇာအမည်ရှိ လူဝကြီးသည် ဆေးပြင်းလိပ်တစ်လိပ် ထိုင်ဖွာနေသည် ကို တွေ့ရ လေသည် ။

မိုက်ကယ်လ်ကို မြင်မြင်ချင်းပင် ကလီမင်ဇာသည် ထ၍ လက်ဆွဲနှုတ်ဆက်ရင်း

"မိုက်ကယ်လ် လာပါ။ မင်းအမေတော့ ဆေးရုံမှာ ရောက်နေတယ်။ ဘာမှ စိုးရိမ်မနေနဲ့ ။ အဘိုးကြီးက ပြန်ကျန်းမာလာမှာ ပါ"

ဟု နှစ်သိမ့်အားပေးလိုက်သည် ။

တစ်ချိန်တည်းမှာ ပင် 'ပေါလီဂတ်တိုး' ဆိုသူက လာ၍ နှုတ်ဆက်လေသည် ။ ပေါလီဂတ်တိုးသည် အဘိုးကြီး ဒွန်ကော်လီယွန်၏ ကိုယ်ရံတော် သက်တော်စောင့်မှန်း မိုက်ကယ်လ်က သိထားသော်လည်း အဘိုး ကြီး သေနတ်ပစ်ခံရချိန်တွင် နေမကောင်း၍ အိမ်မှာ နေခဲ့ကြောင်းကိုမူ သူ မသိချေ။

ပေါလီသည် အလွန်လုံခြုံစိတ်ချရသော ခြေမြန်လက်မြန်လူတစ်ယောက် ဖြစ်ပါလျက် ယခုအကြိမ် မှာ တော့ သူ့ဝတ္တရားပျက်ကွက်၍သာ အဘိုးကြီး သေနတ်ပစ်ခံရသည် ဟု မိုက်ကယ်လ်က ယူဆနေမိသည် ။

အိမ်တွင်း၌ ရောက်ရှိနေသူများကို ကြည့်လိုက်သောအခါ ထိုလူများ သည် ကလီမင်ဇာ၏ လူများ မဟုတ် သဖြင့် ယခုအရေးအခင်းဟာ ကလီမင်ဇာနှင့် ပေါလီဂတ်တိုးတို့ နှစ်ယောက် အပေါ် ဆန်နီတို့ က သံသယမကင်း ဖြစ်ရမည် ဟု မိုက်ကယ်လ်က တွက်မိလေသည် ။

"ဒါထက် ဖရက်ဒိုတစ်ယောက် ဘယ့်နှယ်နေသလဲ။ အိုကေရဲ့ လား"

မိုက်ကယ်လ်က သူ၏ အစ်ကိုအလတ်အကြောင်း မေးလိုက်ရာ ကလီမင်ဇာက

"ဆရာဝန်က သူ့ကို ဆေးတစ်လုံး ထိုးပေးထားတယ်။ အခုတော့ ဖရက်ဒိုဟာ အိပ်ပျော်နေတယ်"

ဟု ပြန်ဖြေလိုက်သည် ။

ထို့နောက် မိုက်ကယ်လ်သည် တော်မီဟေဂ

င်၏ ဇနီး ထိုင်ရာသို့ လျှောက်သွားပြီး

"ဘာမှ စိုးရိမ်မနေနဲ့ နော်။ တော်မီက အိုကေမှာ ပါ။ ဒါထက် ဆန်နီနဲ့ စကားပြောပြီးပြီလား"

ဟု မေးလိုက်သည် ။ တော်မီ၏ ဇနီးသည် ခေါင်းခါပြလိုက်သည် ။

သူမသည် အလွန်ကြောက်တတ်သူဖြစ်၍ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေရှာ၏။ မိုက်ကယ်လ်သည် နဂိုကပင် တော်မီ၏ ဇနီး 'ထရီဇာ' နှင့် ခင်မင်ရင်းနှီးသူဖြစ်ရာ ယခု သူမ၏ ဖြစ်အင်ကို ကြည့်ပြီး သနားသွား မိသည် ။

ထို့ကြောင့် သူမ၏ လက်ကို အသာဆွဲလျက် ဖခင်ကြီး၏ ရုံးခန်းလုပ်ထားသော ထောင့်ခန်းဆီသို့ ခေါ်သွားလေသည် ။

အခန်းထဲတွင် ကား ဆန်နီသည် စာရေးသားပွဲကြီး၏ နောက်မှ ကုလားထိုင်ပေါ်တွင် ထိုင်လျက် လက်တစ်ဖက်တွင် မှတ်စုစာအုပ်ငယ်တစ်အုပ်ကိုင်ထားပြီး အခြားတစ်ဖက်က ခဲတံတစ်ချောင်း ကိုင်ထား၏။

သူသည် အရေးကြီးသော အချက်အလက်များကို ရေးမှတ်နေဟန်တူ၏။ ဆန်နီအပြင် တက်ဆီယို အမည်ရှိ ဘာရွတ်ကလင်းနယ်မှ ဂိုဏ်းသားလူယုံတစ်ဦးလည်း ရှိနေ၏။ သူ့ကို မြင်မြင်ချင်းပင် မိုက်ကယ်လ်သည် အိမ်ဝင်းအတွင်းရှိ လူသစ်များက တက်ဆီယို၏ လူများ ပင် ဖြစ်ရမည်ဟု ချက်ချင်း ရိပ်မိလိုက်တော့သည် ။

ဆန်နီသည် တော်မီ၏ ဇနီး ထရီဇာကို မြင်လျှင်

"ဘာမှ ပူမနေနဲ့ နော်၊ တော်မီက ဘာမှ မဖြစ်ပါဘူး။ တစ်ဖက်က လူတွေက တော်မီကို ခဏခေါ် ထားပြီး သူတို့ ဘက်က ကမ်းလှမ်းချက်တွေ ပြောခိုင်းမလို့ ပါ။ မကြာခင် ပြန်လွှတ်လိုက်မယ်လို့ လည်း ပြောတယ်။ ပြီး တော့ တော်မီဟာ တို့ ဘက်က ရှေ့နေသာဖြစ်ပြီး လုပ်ငန်းလက်တွေ့လုပ်တဲ့ အပိုင်းက မဟုတ်ဘူး ဆိုတာ သူတို့ သိပြီးသားပါ။ ဒါကြောင့် မို့ တော်မီဟာ ဘယ်လိုမှ ဘေးအန္တရာယ်ဖြစ်စရာ အကြောင်းမရှိဘူး"

ဟု အားပေးစကား ပြောလိုက်သည် ။

ထို့နောက် ဆန်နီသည် သူ့ညီ မိုက်ကယ်လ်အား ဖက်လဲတကင်း နှုတ်ဆက်လိုက်သည် ။

"ငါဖြင့် မင်းအတွက် စိတ်ပူလိုက်ရတာ မိုက်ကယ်လ်ရာ။ မင်းတို့ ကောလိပ်ကျောင်းရှိတဲ့ မြို့ကို လူလွှတ်ရှာခိုင်းလို့ မမပွေ့ခဲ့ဖူး စိုးရိမ်သွားမိတယ်။ မင်းကို ဟိုဘက်က ဖြောင်ပစ်လိုက်မှာ လို့ ပူလို့ တော့ မဟုတ်ဘူး ပေါ့။ ဒါပေမဲ့ ဒီလို အကြောင်းကိစ္စမျိုးတွေ အဘွားကြီးကို ပြောရမှာ ဝန်လေးလို့ ပါ။ အခု ဆိုရင် ဒက်ဒီအကြောင်း ငါပဲ အဘွားကြီးကို အသိပေးခဲ့ရတယ်"

"အသိပေးတော့ မာမီက ဘာပြောသေးသလဲ"

မိုက်ကယ်လ်က မေးလိုက်သောအခါ

"သိပ်ပြီး တုန်လှုပ်ပုံမရဘူး။ မာမီအဖို့ ဒါမျိုးတွေ အရင်ကလည်း အတွေ့အကြုံရှိခဲ့ဖူးမှာ ပါ ။ ငါ ကိုယ်တိုင်လည်း ငယ်ငယ်တုန်းက ဒီလိုအကြမ်းဖက်မှု သတင်းတွေ ကြားရလို့ ရိုးနေပြီ။ မင်းတစ်ယောက်သာ ငယ်ငယ်က ဒီလို

ဘာမှ မသိတာ။ နောက်ပြီး မင်း လူလားမြော က်လာတဲ့ နောက်ပိုင်းကျတော့ တို့ မိသားစု ဟာ ဘယ်လို ဘေးအန္တရာယ်မှ မကြုံရဘဲ အေး အေးချမ်းချမ်း နေခဲ့ရတယ် မဟုတ်လား။ အခု အဘွားကြီး ဆေးရုံ လိုက်သွားတယ်။ ဒက်ဒီက ပြန်ကောင်းလာမှာ ပါ"

ဟု ဆန်နီက ရှင်းပြလိုက်သည် ။

"ဒါဖြင့် တို့ ပါ ဆေးရုံလိုက်သွားကြရအောင် "

"မဖြစ်သေးဘူးကွ။ ငါ့အနေနဲ့ ဒီကိစ္စအရေး တော်ပုံကြီး မပြီးမချင်း ဒီအိမ်က အပြင်ဘက် ကို ထွက်လို့ မဖြစ်သေးဘူး"

ဤသို့ ပြောနေစဉ်မှာ ပင် တယ်လီဖုန်းလာ သဖြင့် ဆန်နီသည် တယ်လီဖုန်းကို ကောက်ကို င်ပြီး တစ်ဖက် မှ ပြောဆိုချက်များကို စိတ်ပါဝ င်စားစွာ နားထောင်နေလေသည် ။

ထိုအခိုက် မိုက်ကယ်လ်သည် စားပွဲပေါ်မှ ဆန်နီ၏ မှတ်စုစာအုပ်ကို အမှတ်တမဲ့ လှမ်းကြည့်မိရာ လူနာမည်စာရင်းမှတ်ထားသ ည် ကို တွေ့ရ၏။

ထိုစာရင်း၌ လူ ၇ ယောက်၏ နာမည်ကို ရေးထားပြီး ပထမ သုံးယောက်၏ နာမည်များ မှာ ဆိုလိုဇို၊ ဖီးလစ်၊ တာတာဂလီယာ၊ ဂျွန်တာ တာဂလီယာတို့ ဖြစ်နေ၏။ ဤတွင် မိုက်ကယ် လ်သည် သူရောက်လာသည့် အချိန်၌ ဆန်နီနှ င့် တက်ဆီယိုတို့ က သတ်ဖြတ်ကွပ်မျက်ရမည့် သူများ စာရင်းကို ရေးမှတ်နေကြောင်း ရိပ်မိ လိုက် တော့သည် ။

ဆန်နီသည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီး နောက် မိုက်ကယ်လ်နှင့် ထရီဇာတို့ ဘက်သို့

လှည့်လိုက် သည် ။

"မင်းတို့ နှစ်ယောက် အပြင်ဘက်မှာ ခဏ သွားစောင့်နေကြရင်ကောင်းမယ်၊ ဒီမှာ ငါနဲ့ တက်ဆီယိုတို့ မှာ ကိစ္စကလေးတစ်ခု ပြီးပြတ် အောင် လုပ်စရာရှိသေးတယ်"

တော်မီ၏ ဖနီး ထရီဇာဟောင်သည် ငိုနေ ရာမှ ဆန်နီအား မော့်ကြည့်ရင်း

"စောစောက တယ်လီဖုန်းဟာ တော်မီ့ အကြောင်းများ လားဟင်"

စိုးရိမ်ဟန်နှင့် မေးလိုက်သည် ။

ဆန်နီသည် ထရီဇာအား အခန်းတံခါးအပြ င်ဘက်ရောက်အောင် လိုက်ပို့ရင်း

"တော်မီအတွက် မစိုးရိမ်ပါနဲ့ လို့ ပြောထားပြီ မဟုတ်လား။ စိတ်ချပါကွာ။ သတ င်းတစ်ခုခု ကြားကြားချင်း အသိပေးပါ့မယ်။ အပြင်ဘက်ခန်းမှာ သာ ခဏ ထိုင်စောင့်နေပါ"

ဟု ပြောပြီး အခန်းတံခါးကို ပြန်ပိတ်လိုက် သည် ။ မိုက်ကယ်လ်က အခန်းထဲမှ မထွက်ဘဲ ပက်လက် ကုလားထိုင်တစ်လုံးတွင် ထိုင်ချလို က်သည် ကို မြင်သောအခါ ဆန်နီက

"ဟေ့ မိုက်ကယ်လ်၊ မင်း ဒီအခန်းထဲမှာ နေ ရင်တော့ မင်းမကြားချင်တဲ့ စကားမျိုးတွေ ကြားနေရလိမ့် မယ်"

ဟု သတိပေးလိုက်သည် ။

"ကျွန်တော်လည်း တစ်ဖက်တစ်လမ်း ကူညီ နိုင်တာပေါ့"

မိုက်ကယ်လ်က စီးကရက်ကို မီးညှိရင်း ပြောလိုက်သည် ။

"မကူညီနိုင်ပါဘူးကွာ။ ဒီကိစ္စထဲ မင်း ဝင်ပါရင် အဘိုးကြီးက အကြီးအကျယ် ဒေါသပုန်ထမှာ ကွာ"

ဤသို့ ဆန်နီက ပြောလိုက်သောအခါ မိုက်ကယ်လ်သည် ထောင်းခနဲ ဒေါသဖြစ်သွားဟန် တူလေသည် ။

"ဘာဆိုင်လို့ လဲဗျာ။ ကျွန်တော်ကကော သူ့သားပဲ မဟုတ်လား။ ဘာဖြစ်လို့ ဝင်မကူညီရမှာ လဲ။ ကျွန်တော့်အနေနဲ့ လူတွေကို လျှောက်သတ်ပစ်ဖို့ တော့ မဟုတ်ဘူး ပေါ့။ ဒါပေမဲ့ တတ်နိုင်တဲ့ ဘက်က အကူအညီ ပေးတယ်။ ကိုဆန်နီက ကျွန်တော့်ကို ကလေးတစ်ယောက်လို ဗိုင်းပယ်မထားစမ်းပါနဲ့ ။ ကျွန်တော်ဟာ စစ်ထဲ ဝင်ပြီး စစ်မြေပြင်တိုက်ပွဲတွေ ဝင်ခဲ့ဖူးတယ်ဆိုတာလည်း မမေ့ပါနဲ့ ။ စစ်ထဲတုန်းက ကျွန်တော်ဟာ ရန်သူက သေနတ်နဲ့ ပစ်တာကိုလည်း ခံခဲ့ဖူးတယ်။ ကိုယ်တိုင်လည်း ဂျပန်တွေကို သတ်ခဲ့ဖူးတယ်။ ဘာလဲ ကျွန်တော်က လူသတ်တာမြင်ရုံနဲ့ မူးမေ့သွားမယ် ထင်လို့ လား"

မိုက်ကယ်လ်က မခံချင်ဟန်ဖြင့် ပြောလိုက်သောအခါ ဆန်နီသည် သဘောကျသွားပြီး ပြုံးလိုက် လေသည် ။

"ကောင်းပြီလေ။ မင်း ဒီအခန်းထဲမှာ ပဲ ဆက်နေချင်နေပေါ့။ ဒီလိုလုပ်။ မိုက်ကယ်လ်က တယ်လီဖုန်း နားနေပြီး ဖုန်းလာသမျှကို နားထောင်ရမယ်။ လိုအပ်တာကို ပြန်ပြောရမယ်။ ဒါထက် စောစောက တယ်လီ ဖုန်းလာတာဟာ ဘာကြောင့် လဲ သိလား။ ဒီလိုကွ။ အဘိုးကြီးကို လုပ်ကြံတဲ့ နေရာမှာ အတွင်းလူတစ်ယော

က် ယောက်က သစ္စာဖောက်ပြီး သတင်းပေးတာ ဖြစ်ရမယ်လို့ ငါတထစ်ချတွက်မိတယ်။ ဒါကြောင့် စုံစမ်းလိုက် တော့ ခုပဲ တယ်လီဖုန်းနဲ့ အဖြေရတယ်။ အဘိုးကြီး အလုပ်တိုက်က အထွက်မှာ သေနတ်နဲ့ ပစ်သတ်ဖို့ အခြေ အနေကောင်းကြောင်းကို တို့ ထဲက တစ်ယောက်ယောက်က သတင်းပေးခဲ့တာ အမှန်ပဲ။ ကလီမင်ဇာလည်း ဖြစ်နိုင်တယ်။ ပေါလီဂတ်တိုးလည်း ဖြစ်နိုင်တာပဲ။ ဘယ်သူ သစ္စာဖောက်တယ် ဆိုတာကို မင်းတို့ ဉာဏ်နဲ့ တွေး ကြည့်စမ်း။ ဘယ်သူများ လဲလို့ ”

ဆန်နီက အဖြေကို ရုတ်တရက်မပေးဘဲ ပဟေဠိဆန်ဆန်ပြောလိုက်သဖြင့် မိုက်ကယ်လ်လည်း သူ့စိတ် ကူးနှင့် သူ ဆင်ခြင် စဉ်းစားနေမိလေသည် ။ ကလီမင်ဇာသည် ‘ဂေါ့ဒ်ဖားသား’၏ ကျေးဇူးဖြင့် မိလျှံနာ သန်းကြွယ်သူဌေး ဖြစ်လာခဲ့၏။ ဒွန်ကော်လီယွန် မိသားစုဂိုဏ်း၏ အီတလီ ဘာသာ အခေါ် ‘ကာပိုရေဂျိမေ’) တပ်မှူးတစ်ဦးလည်း ဖြစ်၏။ သူ့နေဖြင့် ငွေကြေးလည်း ပြည့်စုံကြွယ်ဝနေပြီ ဖြစ်၍ ငွေမက်ပြီး သစ္စာဖောက်ရန် မဖြစ်နိုင်ချေ။

သို့ရာတွင် လူဝကြီး ကလီမင်ဇာသည် မိုက်ကယ်လ် ငယ်စဉ်က အမြဲတမ်း ဂရုတစိုက်နှင့် လက်ဆောင် တွေဝယ်ပေးခဲ့ခြင်းကြောင့် သံယောဇဉ်ဖြစ်မိ၍ သာ ဤသို့ တွေးခေါ်မိခြင်း ပေလောဟု သူ့ကိုယ်သူ သံသယရှိ လာပြန်သည် ။ တစ်ဖက်ဂိုဏ်းမှ ဆိုလိုဇိုသည် ကလီမင်ဇာလိုလူအား အိတ်ထဲထည့်ထားရန် အထူးလိုလား လိမ့်မည်ဟု လည်း တွေးမိသေးသည် ။

‘ပေါလီဂတ်တိုး’ ဆိုသူကား

လူငယ်တစ်ဦးဖြစ်ပြီး ငွေကြေးချမ်းသာကြွယ်ဝသည့် အခြေအနေသို့ မရောက်သေးသဖြင့် ငွေမက်မည်ဆိုလျှင် မက်နိုင်၏။ သို့သော် ပေါလီကလည်း ယခုအချိန်အထိ အလွန်ယုံကြည် စိတ်ချရသော ကိုယ်ရံတော်တစ်ဦး ဖြစ်ခဲ့၏။ ထို့ပြင် မိုက်ကယ်လ်သည် ပေါလူနှင့် အတူ ဆဌမတန်း ကျောင်း သားဘဝက တစ်တန်းတည်း အတူ စားသင်ခဲ့ဖူးသောကြောင့် ခင်မင်ရင်းနှီးမှုကို သတိရမိကာ ပေါလီဂတ်တိုး သစ္စာဖောက်သည် ဟု မဖြစ်စေချင်ပေ။ ထို့ကြောင့် မိုက်ကယ်လ်သည် ဆန်နီဘက်သို့ လှည့်၍

"ကလီမင်ဇာကော၊ ပေါလီဂတ်တိုးရော နှစ်ယောက်လုံး မဖြစ်နိုင်ဘူး"

ဟု ပြောလိုက်၏။

သည် တော့မှ ဆန်နီက ပြုံးလျက်

"ကလီမင်ဇာကတော့ အိုကေပါပဲ။ သစ္စာဖောက်တဲ့ လူက ပေါလီဂတ်တိုး ဖြစ်တယ်"

ဟု အဖြေမှန်ကို ပြော လိုက်လေသည် ။ တစ်ဆက်တည်းမှာ ပင် ဆန်နီသည် 'တက်ဆီယို' ဆိုသူအား

"ခင်ဗျားလူတွေကို သန်ဘက်ခါလောက်ကျမှ ပြန်လွှတ်နိုင်မယ်။ ဒီအတောအတွင်း အခုပြောတဲ့ ကိစ္စ ကို ဘယ်သူ့မှ မပြောပါနဲ့ ။ ဒါထက် ခင်ဗျား အပြင်ဘက်ခန်းကို ခဏ ထွက်နေလိုက်ပါဦး။ ကျုပ်တို့ ညီအစ်ကို အတွင်းရေးကိစ္စလေးတွေ တိုင်ပင်စရာရှိသေးတယ်။ စောစောက ရေးနေတဲ့ စာရင်းကိုတော့ နောက်မှ ပဲ ဆက်ရေးကြတာပေါ့။ ခဏကလေး ထွက်နေလိုက်ပါ"

ဟု ပြော၍ အပြင်ခန်းဘက်သို့ သွားနိုင်းလိုက်သည်။

တက်ဆီယိုသည်
အခန်းပြင်ဘက်ထွက်သွားသောအခါ မိုက်ကယ်လ်က

"ဒါထက် ဆန်နီ၊ ပေါ်လီက သစ္စာဖောက်တယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိတာလဲ"

ဟု မေးလိုက်မိ၏။

"ဒီလိုကွ၊ တယ်လီဖုန်းကုမ္ပဏီမှာ တို့ က ငွေကြေးထောက်ပံ့ထားတဲ့ အတွင်းလူတွေရှိတယ်။ အရေး ကြုံရင် အသုံးချနိုင်အောင်ပေါ့။ ဒီလူတွေရဲ့ အကူအညီတွေနဲ့ လွန်ခဲ့တဲ့ သုံးလအတွင်း ပေါ်လီဂတ်တိုးအိမ်က တယ်လီဖုန်းနဲ့ ပြောခဲ့သမျှ စကားတွေကို ပြန်စုံစမ်းကြည့်လို့ ရခဲ့တယ်။ တို့ အနေနဲ့ ကလီမင်ဇာအိမ်က တယ် လီဖုန်းကိုလည်း ဒီလိုပဲ စုံစမ်းကြည့်ချက်အရ ပေါ်လီဂတ်တိုး နေမကောင်းဘူးဆိုပြီး အိမ်မှာ နေတဲ့ သုံးရက် စလုံးမှာ တို့ အဘိုးကြီးအလုပ်တိုက်နားမှာ ရှိတဲ့ အများ သုံး တယ်လီဖုန်းကနေပြီး ပေါ်လီ ဖုန်းဆက်တယ်။ အကြောင်းကတော့ အဘိုးကြီးနားမှာ ပေါ်လီမရှိရင် တခြားသက်တော်စောင့်တစ်ဦး ထားမထား မေးတာဖြစ် တယ်။ အဲဒီလို သက်တော်စောင့် တစ်ယောက်မှ မရှိကြောင်း သေချာတော့မှ ဟိုကောင်တွေက အဘိုးကြီးကို လုပ်ကြံလို့ ပိုင်မှာ ကိုးကွ။ ပေါ်လီကို တယ်လီဖုန်းဆက်သူကတော့ ဆိုလိုဇ်ိုဘက်က လူပေါ့။ ဒါပဲဖြစ်ဖြစ်လေ။ အခုလို သစ္စာဖောက်တာဟာ ကလီမင်ဇာ မဖြစ်လို့ တော်သေးတာပေါ့။ တို့ အနေနဲ့ ကလီမင်ဇာလို လူမျိုးကို အခုလိုအချိန်မှာ သိပ်လိုအပ်တယ် မိုက်ကယ်လ်ရေ"

ဆန်နီရှင်းပြလိုက်မှ မိုက်ကယ်လ်လည်း သဘောပေါက်သွားတော့သည် ။ ထိုနောက် သူသိချင်သော အချက်ကို ဆက်၍ မေးလိုက်သည် ။

"အခု အစီအစဉ်က ဘယ်လိုလဲ၊ တစ်ဖက်နဲ့ တစ်ဖက် သူသေ ကိုယ်သေ အပြုတ်တိုက်ကြမှာ လား"

"ဟုတ်တယ်။ တော်မီပြန်ရောက်လာတာနဲ့ တစ်ပြိုင်နက် ငါတော့ ခပ်ကြမ်းကြမ်းပဲ တိုက်မယ်လို့ စိတ်ကူးထားတယ်။ အဘိုးကြီးက တစ်မျိုးပြောင်းစေလို့ အမိန့်မချမချင်း ငါ့နည်းနဲ့ တရကြမ်းတိုက်မှာ ပဲ"

"ဒါဖြင့် အဘိုးကြီးက အတိအကျ အမိန့်ပေးအောင် စောင့်ပါဦးလား"

"နေပါဦးကွ၊ မင်းက စစ်ထဲလိုက်တုန်းက ဘယ်လိုလုပ်ပြီး သူရဲကောင်း တံဆိပ်တွေ ရလာတယ် ဆိုတာ ငါတော့ စဉ်းစားမပုံ [illegible] ဘူး။ ဒီမယ် မိုက်ကယ်လ်၊ တို့ ဟာ အခုလေး လောဆယ် ရန်သူရဲ့ ပစ်ခတ်တိုက်ခိုက် ခြင်း ခံနေရပြီမဟုတ်လား။ ဒီတော့ တို့ ကလည်း ပြန်တိုက်မှ ဖြစ်တော့မှာ ပေါ့။ ငါ့အနေနဲ့ သူတို့က တော်မီဟော ဂင်ကိုပြန်မလွှတ်ဘဲထားမှာ တစ်ခုပဲ စိုးရိမ်မိတယ်"

ဆန်နီက ဤသို့ပြောလိုက်ခြင်းကို မိုက်ကယ်လ်သည် အံ့သြသွားမိလေသည် ။

"ဘာဖြစ်လို့ တော်မီကို ပြန်မလွှတ်ဘဲ ထားမှာ လဲ"

"တော်မီကို သူတို့ ဆွဲထားတာဟာ အဘိုးကြီး သေပြီမှတ်လို့ ဆွဲသွားတာ။ အဘိုးကြီး မရှိတော့ရင် ငါနဲ့ စေ့စပ်ပြီး နားလည်မှုယူဖို့ ဖြစ်နိုင်လိမ့်မယ်လို့ ဆိုလိုဇိုက ယူဆ

နိုင်တယ်။ ဒီနေရာမှာ တော်မီကို သူတို့ က ဆောင်သွယ်နိုင်းမလို့ စိတ်ကူးပုံရတယ်။ အခု ဖော့ အဘိုးကြီးက မသေဘဲ ရှင်နေတဲ့ အတွက် ဆိုလိုဇီဟာ သူ့ လုပ်ငန်းမှာ ဝင်ပါဖို့ ငါနဲ့ ဆက်သွယ်စေ့စပ်ဖို့ လမ်းမရှိတော့ဘူးဆိုပြီး တော်မီကို ပြန်မလွှတ်ဘဲ သတ်ပစ်ချင် သတ်ပစ်မယ်။ လွှတ်ချင်လည်း လွှတ်မယ်။ ဒါက ဆိုလိုဇီရဲ့ ဆန္ဒ သဘောပေါ် တည်တယ်။ တကယ်လို့ တော်မီကို သတ်ပစ်မယ် ဆိုရင်တော့ တို့ကို သူတို့ က အတိအလင်း စစ်ကြေညာတဲ့ သဘောလို့ ယူဆရမယ်"

"နေပါဦး ဆိုလိုဇီက ဘာကြောင့် ကိုဆန်နီနဲ့ စေ့စပ်နားလည်မှု ရနိုင်မယ်လို့ ယူဆရတာလဲ"

မိုက်ကယ်လ်က ရုတ်တရက် မေးလိုက်သောအခါ ဆန်နီသည် ရုတ်တရက် ရှက်သလိုဖြစ်သွားသည် ။ သို့သော် ချက်ချင်းပင် [illegible] ၍ ဖြေရှင်းပြလေသည် ။

"ဒါကတော့ ဒီလိုပါ။ ဟိုတလောက ဆိုလိုဇီက အဘိုးကြီးနဲ့ လာတွေ့ဆုံပြီး ဟီးရိုးအင်း (ဘိန်းဖြူ) စတဲ့ မူးယစ်ဆေးဝါးတွေ ခိုးသွင်းရောင်းချတဲ့ အလုပ်လုပ်ဖို့ ဆွယ်ခဲ့ဖူးတယ်။ အဘိုးကြီးကတော့ ခပ်ရှင်းရှင်းပဲ ငြင်းလိုက်တယ်။ အဲဒီအချိန်မှာ ငါက တိတ်တိတ်မနေဘဲ သူပြောတဲ့ အလုပ် ဝင်လုပ်ဖို့ ကောင်းကြောင်း ဝင်ပြော လိုက်မိတယ်။ အဲဒါ ငါ့အနေနဲ့ အကြီးအကျယ် မှားသွားတာပဲ။ အဘိုးကြီးကိုယ်တိုင်ကလည်း ငါ့ကို တော်တော် ဆူတာပေါ့။ ကိုယ့်မိသားစုထဲမှာ စိတ်သဘောထား ကွဲလွဲမှုရှိရင် ဘယ်တော့မှ တခြားလူ မသိစေရဘူးတဲ့ ။ ဒါပေမဲ့ ငါက စိတ်စောပြီး လွှတ်ခနဲ ပြောလို

ထိုင်းတယ်။ ဒါကို ဆိုလိုဒီက သိသွားတဲ့ အတွ က် ..ကိုးကြီး မရှိရင် တော့ ငါဟာ ရှုံးယစ် မဆေးပါးစိမ်ကိန်းကို မုချလက်ခံမယ်လို့ တွက်ပြီး လုပ်ကြဲတာပဲ။ ဒါကို သူ့အနေနဲ့ ပုဂ္ဂလိက တိုက်ခိုက်တာ မဟုတ်ဘူး ။ စီးပွားရေး အရ လုပ်ရတဲ့ အလုပ်တစ်ခုပဲလို့ ယူဆတယ်။ ပြီးတော့ သူ့ရဲ့ ကမ်းလှမ်း ချက် ငါလက်ခံလိုက်တာနဲ့ တခြားမိသားစုဂိုဏ်းတွေကလည်း ငါတို့ကို ကလဲ့စားချေမှုကို ခွင့်ပြုမှာ မဟုတ်ဘူး ။ ဒါ့ အပြင် 'တာတာဂလီယာ' ဂိုဏ်းတစ်ဂိုဏ်းလုံး က ဆိုလိုဒီကို ထောက်ခံအားပေးနေတယ်"

"ကောင်းပြီ။ တကယ်လို့ သူတို့ လုပ်ကြဲလို့ အဘိုးကြီး အသက်ပါသွားရင် ကိုဆန်နီ ဘယ် လိုလုပ်မှာ လဲ"

မိုက်ကယ်လ်က မေးလိုက်သောအခါ ဆန်နီ သည် မျက်နှာထားတည်တည်ဖြင့်

"ဒီလို ဆိုရင်တော့ ငါက ဘာကိုမှ ..... တော့ဘူး။ ဆိုလိုဒီကို မသေသေအောင် သတ်မယ်။ နယူး ယောက်မြို့က မိသားစုဂိုဏ်းကြီး ငါးဂိုဏ်းစလုံးကို ခံတိုက်ရတိုက်ရ၊ ငါတော့ တ ရကြမ်းချမှာ ပဲ။ တာတာဂလီယာ မိသားစုကို လည်း အမျိုးပါပြုတ်အောင် တိုက်ပစ်မယ်။ ဒီ လို တိုက်ရလို့ ငါတို့ အားလုံး ပြုတ်သွားရင် တောင် ငါက ဂရုမစိုက်ဘူး"

ဟု ခက်ထန်တင်းမာစွာ ပြော လိုက်လေသ ည် ။ ဤတွင် မိုက်ကယ်လ်က လေသံ ခပ်အေး အေးနှင့်

"အင်း၊ အဲဒီနည်းက အဘိုးကြီးကိုယ်တိုင် သဘောတူထောက်ခံနည်းမျိုး မဟုတ်ဘူး လို့ ထင်မိတယ်"

ဟု ပြောလိုက်ရာ ဆန်နီသည် မခံချင်ဖြစ်သွားဟန် တူလေသည်။

"ဟော့ ဒီမယ် မိုက်ကယ်လ်၊ ငါဟာ အဘိုးကြီးနဲ့ မတူဘူးဆိုတာ ငါ့ဟာ ငါသိတယ်။ ဒါပေမဲ့ တကယ်တမ်း မိုက်မိုက်ကန်းကန်း လုပ်ဖို့ လိုလာတဲ့ အခါ ငါဟာ တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက် လုပ်ဝံ့တဲ့ လူတစ် ယောက် ဖြစ်တယ်။ ဒါကို ကလီမင်ဇာတို့၊ တက်ဆီယိုတို့က သိသလို ဆိုလိုဇိုးကလည်း သိတယ် ငါ အသက် ၁၉ နှစ်သားအရွယ်တုန်းက တို့ မိသားစုဟာ အခုလို တိုက်ပွဲမျိုးကြုံခဲ့တော့ ငါဟာ ရှပ်ရှပ်ချုံချုံ ပါဝင်တိုက်ခိုက် ခဲ့တယ်။ ဒါကြောင့် လည်း အခုလည်း ငါမကြောက်ဘူး။ တို့ ဘက်က အင်အားအပြည့်ရှိနေတယ်။ အင်အားဆိုလို့ အခုနေခါ ငါဖြင့်လူကာဘရာဆီနဲ့ အဆက်အသွယ်ရချင်စမ်းတယ်"

"ဒီ လူကာဘရာဆီက တကယ်ပဲ မိုက်တဲ့နေရာမှာ သူများ ထက်ထူးသလား"

"ထူးသမှ သိပ်ထူးတာပေါ့ကွ။ ငါက လူကာဘရာဆီကို တာတာဂလီယာ မိသားစုထဲက သုံးကောင်ကို သတ်ဖို့ တာဝန်ပေးမယ်။ ဆိုလိုဇိုကိုတော့ ငါကိုယ်တိုင် စီရင်မယ်"

ဆန်နီက လူသတ်ရမည့် ကိစ္စကို ထမင်းစားရေသောက်သလို ပြောလိုက်သောအခါ မိုက်ကယ်လ်သည် စိတ်ထဲမှာ တုန်လှုပ်သလို ဖြစ်သွားမိလေသည်။ ဆန်နီကိုလည်း သွေးအေးအေးဖြင့် သတ်ဖြတ်ဝံ့သည့် ပါးကွက် အာဏာသားလို သတ်ဖြတ်ရမည့် သူများ စာရင်းကို အေးအေးဆေးဆေး ရေးမှတ်နေခြင်းအတွက် အံ့ဩမိလေ သည်။

ပြန်လည်ကလဲ့စားချေခြင်း၊ တိုက်ခိုက်သတ်ဖြတ်ခြင်းကိစ္စများ တွင် လည်း ဝင်ပါလိုစိတ်ရှိချေ။ အကြမ်း ဖက်မှုကိစ္စများ တွင် ဝင်မပါဘဲ သူ့အနေဖြင့် တယ်လီဖုန်း နားထောင်ခြင်း၊ ဖုန်းပြန်ဆက်ခြင်း၊ ဟိုဟိုသည် သည် သွားလာဆောင်ရွက်ပေးခြင်းတို့ ဖြင့်ပင် ကူညီမည်ဟု စိတ်ကူးမိလေသည် ။ ဆန်နီနှင့် အဘိုးကြီးတို့ကိုလည်း လူကာဘရာဆီလို လက်ရုံးအားကိုးသမားရှိနေမှ စိုးရိမ်ပူပန်နေစရာမရှိဟု ယူဆမိလေသည် ။

ထိုအခိုက် အပြင်ဘက် ဧည့်ခန်းဆီမှ မိန်းမတစ်ယောက်၏ စူးရှစွာ အော်လိုက်သောအသံကြားလိုက် ရသဖြင့် မိုက်ကယ်လ်မှာ ရုတ်တရက် လန့်သွားမိသည် ။ အသံကလည်း တော်မီဟေဂင်၏ ဇနီး ထရီဇာ၏ အသံနှင့် တူသဖြင့် စိုးရိမ်မိကာ ချက်ချင်းပင် တံခါးကိုဆွဲဖွင့်၍ ပြေးထွက် ကြည့်လိုက်သည် ။

အပြင်ဘက် ဧည့်ခန်းထဲတွင် ကား ရှိသမျှ လူအားလုံးသည် မတ်တတ်ရပ်နေပြီး တော်မီဟေဂင်သည် သူ၏ ဇနီးအား ပွေ့ဖက်ထားကာ ချော့မော့နှစ်သိမ့်၍ နေလေသည် ။

ထရီဇာသည် ဝမ်းသာဝမ်းနည်းဖြစ်ကာ စိတ်လှုပ်ရှားမှုကြောင့် ရှိုက်ကြီးတငင် ငိုကြွေးနေရှာ၏။ စောစောက ကြားလိုက်ရသော အော်သံကား ထရီဇာက သူ့ခင်ပွန်းတော်မီ ရုတ်တရက် ပြန်ရောက်လာသည် ကို မြင်မြင်ချင်း ဝမ်းသာအားရ ဟစ်အော်ကာ သူ့ယောက်ျားနာမည်ခေါ်လိုက်ခြင်း ဖြစ်ကြောင်း မိုက်ကယ်လ် တွေးမိလေသည် ။

သူက ရပ်ပြီးကြည့်နေစဉ်မှာ တော်မီသည်

ဇနီးဖြစ်သူအား ဆိုဖာတစ်လုံးပေါ်တွင် ထိုင်စေလိုက်ပြီး နောက် မိုက်ကယ်လ်ရှိရာသို့ လျှောက်လာ၍ ပြုံးလိုက်သည် ။

"ဟေး…မိုက်ကယ်လ်၊ မင်းကို တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

ဟု လှမ်းနှုတ်ဆက်လိုက်သည် ။ ထို့နောက် သူသည် ဇနီးသည် ဘက်သို့ ပြန်လှည့်မကြည့်တော့ဘဲ ဆန်နီ ရှိနေသော အဘိုးကြီး၏ ရုံးခန်းတွင်းသို့ လျှောက်ဝင်သွားသည် ။

တော်မီဟေဂင်သည် ကား သူ့ဇနီးအား ချော့မောနှစ်သိမ့်ရေးတည်းဟူသော ကိုယ်ရေးကိုယ်တာကိစ္စကို အသာဘေးချိတ်ကာ လက်ငင်းအရေးကြီးသော အလုပ်များ လုပ်ရန်အတွက် ရုံးခန်းတွင်းသို့ဝင်သွားခြင်း ဖြစ် သည် ။

ဤသည် မှာ လည်း ဆယ်နှစ်တာမျှ အဘိုးကြီး 'ဂေါ့ဒ်ဖားသား' နှင့် လက်တွဲ၍နီးပါးတီး နေထိုင် အလုပ်လုပ် ခဲ့ခြင်းကြောင့် ကိုယ်ရေးကိုယ်တာ ကိစ္စထက် အလုပ်ကို ဦးစားပေးရသည် ဟူသော အတွေးအခေါ်မျိုး ကျင့်သားရလာ၍ ဖြစ်မည်ဟု မိုက်ကယ်လ်က ကောက်ချက်ချမိလိုက်သည် ။

စိတ်ထဲမှာ လည်း ဂုဏ်ယူမိသည် ။ သူတို့ ဖခင်ကြီး ဂေါ့ဒ်ဖားသားသည် ပတ်ဝန်းကျင်၏ လူအားလုံး ကို သူ၏ အတွေးအခေါ် ယူဆချက်များ ၊ လုပ်နည်းလုပ်ဟန်များ အတုယူချင်လာအောင် သြဇာလွှမ်းမိုးနိုင်သူ ပုဂ္ဂိုလ် ကြီးပင်တည်း။

အဘိုးကြီး၏ အတွေးအခေါ်နှင့် စည်းကမ်းကြီးမှု စရိုက်တို့ သည် တော်မီသာမက သားအကြီးဆန်နီ နှင့် မိမိ(မိုက်ကယ်လ်)

ကိုပါ ရောင်ပြန်ဟပ်လာအောင် ဆွဲဆောင်နိုင်သည့် သြဇာရှိနေပေပြီတကားဟု လည်း တွေးနေမိပါတော့သတည်း။

*

# ၅

ဆန်နီ၊ မိုက်ကယ်လ်၊ တော်မီဟောဂင်၊ ကလီမင်ဇာနှင့် တက်ဆီယိုတို့ အားလုံး ရုံးခန်းထဲတွင် လူစုံတက် စုံ စုရုံးမိကြသောအခါ အချိန်မှာ နံနက်လေးနာရီ ထိုးလုနီးပါးရှိနေပေပြီ။ တော်မီ၏ ဇနီး ထရီဇာကိုမူ ချော့မော့ နှစ်သိမ့်ရင်း ခြံဝင်းကြီးအတွင်း သူတို့ ၏ အိမ်သို့ ပို့ထားလိုက်ပြီဖြစ်သည် ။

အဘိုးကြီး၏ ကိုယ်ရံတော် သက်တော်စောင့် ပေါလီဂတ်တိုးဆိုသူကား ညည့်ခန်းထဲတွင် ပ

င် ထိုင်စောင့် လျက် ရှိနေ၏။ သူ့အား ထိုအိမ်တွင်းမှ ပြလည်ထွက်ခွာခွင့် မပြုရန် တက်ဆိုယို၏ တပည့် လူမိုက်များအား အမိန့်ပေးထားကြောင်းကိုကား ပေါ်လီဂတ်တိုးသည် မသိရှာချေ။

တော်မီဟောဂင်သည် 'တူရကီ' ခေါ် ဆိုလိုဇို က လိုလားသည့် ကမ်းလှမ်းချက်ကို တစ်ဆင့်တင်ပြလေ သည် ။ အဘိုးကြီး 'ဂေါ့ဒ်ဖားသား' သေနတ်ထိမှန်သော်လည်း မသေသေးကြောင်းကို ဆိုလိုဇိုက သိသွားပြီး နောက် တော်မီဟောဂင်အား သတ်ပစ်မည်တကဲကဲ လုပ်နေခဲ့သည်ဆို၏။

ထိုအကြောင်းကိုပြောပြရင်း တော်မီသည် သူ့ဘာသာသူ သဘောကျဟန်ဖြင့် ပြုံး လိုက်လေသည် ။

"ကျုပ်ကို မသတ်ဖို့ ဆိုလိုဇိုကို အာပေါက်အောင် ပြောလိုက်ရတာ ကျုပ်ဟာ ရှေ့နေဘဝ ယောက် အနေနဲ့ တတ်သမျှမှတ်သမျှ လျှောက်လဲပုံ လျှောက်လဲနည်း ပညာကုန်အောင် အသုံးချခဲ့ရတာပဲဗျို့။ တကယ်လို့ များ ကျုပ်ဟာ အမေရိကန် တရားလွှတ်တော်ချုပ်မှာ ရှေ့နေကြီးအဖြစ် လျှောက်လဲရရင်တောင်မှ အခု ဟိုကောင်ကြီးရှေ့မှာ လျှောက်လဲသလို မီအောင် လျှောက်လဲနိုင်မှာ မဟုတ်ဘူး လို့ ထင်မိတယ်။ ကျုပ်က အဘိုးကြီးမသေ ပေမယ့်လည်း သူလိုချင်တဲ့ မူးယစ်ဆေးဝါးအလုပ်ကို ဒီမိသားစုက လက်ခံလုပ်ကိုင်ဖို့ ရအောင် ဆွယ်ပေးပါ့မယ် လို့ ပြောလိုက်တယ်။ ဆန်နီကိုလည်း တောင်းပန်ရဦးမယ်။ စိတ်မရှိနဲ့ နော်။ ကျုပ် သူမသတ်ပစ်ချင်အောင် အမျိုးမျိုး လှည့်ပတ်ပြောရတာကိုးဗျ။ ကျုပ်ဟာ ဆန်နီနဲ့ ငယ်ငယ်ကတည်းက က

စားဖော် ကစားဖက်အဖြစ် ရင်းနှီးလာခဲ့လို့ အခုလည်း ဆန်နီကို နိုင်ကြောင်း၊ မီးသေကြောင်း၊ ကျုပ် ပြီးရင် ပြီးကြောင်း ခပ်တည်တည်နဲ့ လိမ့်ခဲ့တယ်။ ဒါတင် မကသေးဘူး၊ ဆန်နီဟာ အဘိုးကြီး ကိစ္စချောသွားလို့ သူ့နေရာတက်လုပ်ရရင်လည်း ဝမ်းနည်းမှာ မဟုတ်ဘူး လို့ ပါ ဇွတ်မှိတ်ပြောခဲ့တယ်။ ဒီလိုပြောခဲ့ရတဲ့ အတွက် အခု ဆန်နီကို တောင်းပန်လိုပါတယ်"

တော်မီဟောဂင်က ဤသို့ ပြောသောအခါ ဆန်နီသည် သူ့အနေဖြင့် နားလည်မှုရှိကြောင်း၊ တောင်းပန် နေစရာ မလိုကြောင်း ပြောလိုက်မှ တော်မီလည်း နေသာထိုင်သာရှိသွားပုံ ရလေသည်။

ထိုအချိန်၌ မိုက်ကယ်လ်သည် ဆန်နီနှင့် တော်မီနှစ်ယောက်စလုံးကို အကဲခတ်ကြည့်နေမိ၏။

သူတို့ နှစ်ဦးသည် ငယ်စဉ်ကပင် အလွန်ခင်မင်ရင်းနှီးကြသော သူငယ်ချင်းများ ဖြစ်ကြသည်။ ယခု တော်မီ ပြန်ရောက်လာသောအခါလည်း ဆန်နီက ဝမ်းသာအားရ ပြေးဖက်၍ နှုတ်ဆက်ခဲ့သည်။

သူ၏ အစ်ကိုကြီးက တော်မီအပေါ် ဤမျှသံယောဇဉ်ဖြစ်ကာ ခင်မင်နေခြင်းကိုပင်လျှင် မိုက်ကယ်လ် ၏ စိတ်ထဲ အနည်းငယ် မနှာလိုဖြစ်မိပါသေးသည်။

"ကိုင်း၊ လုပ်ငန်းစကြစို့။ ကျုပ်တို့ က ရှေ့လုပ်ဖို့ အစီအစဉ်တွေပြင်ဆင် ရေးဆွဲကြရမယ်။ ဟောဒီမယ် ကျုပ်နဲ့ တက်ဆီယိုတို့ နှစ်ယောက် ရေးမှတ်ထားတဲ့ လူအမည်စာရင်းကို အားလုံးဖတ်ကြည့်ကြပါ။ ဟော့ တက် ဆီယို၊ ကော်ပီတ

စ်ခုကို ကလီမင်ဇာကို ပေးလိုက်ပါ"

ဆန့်နီက ခပ်တည်တည်နှင့် ရှေ့လုပ်ငန်းစဉ်အကြောင်းကို စတင်ပြောလိုက်ရာ မိုက်ကယ်လ်က ဝင်၍

"ကျွန်တော်တို့ က အစီအစဉ်ရေးဆွဲမယ်ဆိုရင် ဖရက်ဒိုလည်း ရှိသင့်တာပေါ့။ သူ့ကိုပါ တိုင်ပင်ရင် မကောင်းဘူးလား"

ဟု ပြောလိုက်သည် ။

သို့သော် ဆန့်နီက မျက်နှာထားတင်းတင်းနှင့် ပင် ခေါင်းခါလိုက်သည် ။

"မလိုပါဘူးကွ။ ဖရက်ဒိုက တို့ အတွက် ဘာမှ အသုံးမကျဘူး။ ဆရာဝန်က ပြောတော့ သူဟာ စိတ် တုန်လှုပ်ချောက်ချားလွန်းနေလို့ လုံးဝအနားယူရမယ်လို့ ဆိုတယ်။ ငါက ဖရက်ဒိုဟာ တော်တော်သတ္တိ ကောင်းပါ့ လို့ပဲ အောက်မေ့နေခဲ့တာ။ အခု သူ့ စိတ်ထိခိုက်လွန်းတာကို နားမလည်နိုင်ဘူး။ တစ်ခုတော့ ရှိ တယ်။ သူဟာ အဘိုးကြီးကို ဘယ်သူမှ လက်ဖျားနဲ့ အတို့ နိုင်ဘူးလို့ ထင်ခဲ့တယ်။ အဘိုးကြီးကို ဘုရားတစ်ဆူ လိုလည်း ယုံကြည်ခဲ့သူဖြစ်တယ်။ ဒါကြောင့် အဘိုးကြီး အခုလို သေနတ်ပစ်ခံရတာ စိတ်တွေချောက်ချား သွားတယ်နဲ့ တူတာပဲ။ သူဟာ မင်းနဲ့ ငါ့လိုတော့ မဟုတ်ဘူး မိုက်ကယ်လ်ရဲ့ "

ဆန့်နီ၏ စကားအဆုံးတွင် တော်မီဟေဂင်က ဝင်၍

"ကောင်းပြီလေ။ ဒါဖြင့် ဖရက်ဒိုကို မခေါ်ဘဲထားလိုက်ပေါ့။ သူ့ကို လုပ်မယ့် အစီအစဉ်

တွေအကြောင်း ဘာမှ အသိမပေးရင် ကောင်းမယ်၊ ပြီးတော့ ဆန်နီ့အနေနဲ့ ဒီအိမ်ကြီးအတွင်းမှာ ပဲ နေစေချင်တယ်။ အပြင်ကို လုံးဝ မထွက်ပါနဲ့ ။ ဆိုလိုဓိ ဆိုတဲ့ အကောင်က အထင်သေးလို့ မရဘူး။ သူဟာ ရက်ရက်စက်စက်လုပ်မယ့် လူမိုက်တစ်ယောက်ဖြစ်တယ်။ ဒါထက် အဘိုးကြီး တက်နေတဲ့ ဆေးရုံမှာ ကော ကျုပ်တို့ လူတွေ အစောင့် အရှောက် ထားရဲ့ လား"

ဟု ဝင်ပြောလိုက်ရာ ဆန်နီက ခေါင်းညိတ်ပြလိုက်သည် ။

"ဆေးရုံကို ရဲဘက်ကလည်း အထူးစောင့်ကြပ်နေတဲ့ အပြင် ကျုပ်တို့ ဘက်က လူတွေလည်း အဘိုးကြီး ကို လုံးဝအလစ်မပေးဘဲ စောင့်ကြည့်နေပါတယ်။ ဒီမယ် တော်မီ၊ ကျုပ်တို့ ရေးထားတဲ့ လူနာမည်စာရင်းကို မြင်တယ် မဟုတ်လား။ ဘယ်လို သဘောရလဲ"

ထိုအခါ တော်မီသည် စားပွဲပေါ်မှ စာရွက်ကို လှမ်းကြည့်ပြီးနောက် မျက်မှောင်ကြုတ်သွားမိသည် ။

"ဟာ ဆန်နီက ဒီကိစ္စမှာ အကုန်လုံးလျှောက်ပြီး ကလဲ့စားချေဖို့ ကြံနေတာကိုး။ အဘိုးကြီးသာဆိုရင် ဒီကိစ္စကို စီးပွားရေးအရ ယှဉ်ပြိုင်တိုက်ခိုက်ပွဲ တစ်ခုလို့ သာ သဘောထားလိမ့်မယ် ထင်တယ်။ အရေးကြီးဆုံး သော့ချက်က ဆိုလိုဓိကို အပြတ်တိုက်ချလိုက်ရင် ပြီးတာပဲ မဟုတ်လား။ 'တာတာဂလီယာ' မိသားစု အကောင်တွေကို သုတ်သင်ပစ်ဖို့ မလိုပါဘူး"

တော်မီက သူ၏ အာဘော်ကို ဖွင့်ပြောလိုက်

သောအခါ ဆန်နီသည် လူမိုက်ခေါင်းဆောင်န
စ်ဦးဖြစ်သူ တက်ဆီယိုနှင့် ကလီမင်ဇာတို့ အား
လှမ်းကြည့်လိုက်သည် ။

တက်ဆီယိုက ပခုံးတွန့်ပြလိုက်ပြီး

"ဒီကိစ္စက တော်တော်ခက်တဲ့ ကိစ္စပဲ"

ဟု ပြောလိုက်သော်လည်း ကလီမင်ဇာကမူ မည်သို့မှ မှတ်ချက်မချပေ။ ဤတွင် ဆန်နီသည် ကလီမင် ဇာဘက်သို့ လှည့်၍

"တစ်ခုတော့ လုပ်ရမှာ သေချာတယ်။ ပေါ်လီဂတ်တိုး ဆိုတဲ့ အကောင်ကို ကျုပ်မလိုတော့ဘူး။ ခင်ဗျားရဲ့ စာရင်းမှာ ဒီကောင့်နာမည်ကို ထိပ်ဆုံးက ထည့်ထားလိုက်ပါ"

ဟု ပြောလိုက်ရာ လူဝကြီး ကလီမင်ဇာက ဘာမှ မပြောဘဲ ခေါင်းညိတ်ပြလိုက်သည် ။

တော်မီဟေဂင်သည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်

"ဒါထက် လူကာဘရာဆီတစ်ယောက်က ဘယ်လိုလဲ။ ဆိုလိုဇိုက လူကာဘရာဆီကို လုံးဝကြောက်ပုံ မပေါ်ဘူး။ ဒါကြောင့် ကျုပ်က စိုးရိမ်မိတယ်။ လူကာဘရာဆီကများ ကျုပ်တို့ အပေါ် သစ္စာဖောက်လေသလား။ ဒီလိုဆိုရင် ကျုပ်တို့ မှာ အကြီးအကျယ် ဒုက္ခဖြစ်ကုန်ကြလိမ့်မယ်။ ဒီတော့ လူကာဘရာဆီအကြောင်း ကျုပ်တို့ အမှန်သိဖို့ အရေးကြီးတယ်။ သူနဲ့ ဘယ်သူမှ အဆက်အသွယ်မရဘူးလား"

ဟု မေးလိုက်သည် ။

"ဟင့်အင်း၊ အဆက်အသွယ်ကို လုံးလုံးမရဘူး။ ကျုပ်လည်း တစ်ညလုံး သူ့အိမ်ကို ဖုန်းဆက်နေတာ ဘယ်လိုမှ မရဘူး။ ဒီလူဟာ တစ်

နေ ၇၁၇၁၉၂၁ အသာဝင်ခိုအောင်းနေသလား မပြောတတ်ဘူး။ ဒါမှ မဟုတ် မိန်းမတစ်ယောက်ယောက်နဲ့ များ အိပ်နေလို့ လားပဲ”

ဆန်နီက ဤသို့ ပြောသည် ကို တော်မီဟောဂင်သည် လက်ခံချင်ပုံမရချေ။

“မဖြစ်နိုင်ဘူး ထင်တယ် ဆန်နီ။ လူကာဘာရာဆီဟာ ကျုပ်သိသလောက် ဘယ်တော့မှ မိန်းမနဲ့ အချိန် ကုန်အောင် အိပ်လေ့မရှိဘူး။ ကိစ္စပြီး သူ့အိမ်ကိုသာ ပြန်တတ်တယ်။ ဒီတော့ မိုက်ကယ်လ်က သူ့အိမ်ကိုသာ ဖုန်းခဏခဏ ဆက်ကြည့်နေပါ”

တော်မီက ပြောလိုက်ချိန်မှာ ပင် မိုက်ကယ်လ်သည် လူကာဘာရာဆီအိမ်သို့ ဖုန်းဆက်ကြည့်လိုက်သည် ။ သို့သော် မည်သူမှ မဖြေသဖြင့် ဖုန်းကို ပြန်ချထားလိုက်ရသည် ။

“ဘာပဲဖြစ်ဖြစ် ဆယ့်ငါးမိနစ် တစ်ကြိမ်လောက် ဆက်ကြည့်နေပါ”

တော်မီဟောဂင်က အကြံပေးလိုက်၏။

ဆန်နီသည် တော်မီဟောဂင်ဘက်သို့ လှည့်၍ အကြံတောင်းပြန်လေသည် ။

“တော်မီက အဘိုးကြီးရဲ့ လူယုံတော် အကြံပေး (ကွန်ဆီလီယိုရီ) ဖြစ်တဲ့ အတိုင်း အကြံဉာဏ်ကလေး ဘာလေး ပေးပါဦး။ ကျုပ်တို့ အနေနဲ့ ဘာလုပ်ရင် ကောင်းမလဲ”

တော်မီဟောဂင်လည်း စားပွဲပေါ်မှ ဝီစကီအရက်ပုလင်းကို ယူ၍ အနည်းငယ် ငှဲ့သောက်လိုက်ပြီးမှ သူ၏ ထင်မြင်ချက်ကို ပြောသည် ။

“ကျုပ်သဘောကတော့ အဘိုးကြီး ဆေးရုံက ဆင်းလို့ အလုပ်တာဝန်ပြန်မယူနိုင်မီအတွ

င်း ကျုပ်တို့ က ဆိုလိုဇိုနဲ့ ဆက်သွယ်စေ့စပ်နေရင် ကောင်းမယ်ထင်တယ်။ လိုအပ်ရင် သူနဲ့ နားလည်မှုယူပြီး သူ့ကမ်းလှမ်း ချက်ကို လက်ခံသင့် လက်ခံရမှာ ပဲ။ အဘိုးကြီး ပြန်နေကောင်းလာတော့လည်း သူ့နည်းသူ့ဟန်နဲ့ အဆုံးအဖြတ် ပေးလိမ့်မပေ့ါ။ နယူးယောက်မြို့မှာ ရှိတဲ့ တခြား မိသားစုဂိုဏ်းတွေကလည်း အဘိုးကြီးရဲ့ အဆုံးအဖြတ်ကို လိုက် နာကြလိမ့်မယ်"

တော်မီ၏ စကားအဆုံးတွင် ဆန်နီသည် ဒေါသထွက်လာဟန်ဖြင့် မျက်နှာနီ လာလေသည် ။

"ဘာလဲ၊ ကျုပ်က ဆိုလိုဇိုလို အကောင်ကို မနိုင်ဘူး ထင်လို့ လား"

ဤတွင် တော်မီသည် ဆန်နီ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ခပ်တည်တည်နှင့် ပင်-

"ဒီလို သဘောမျိုး မဟုတ်ပါဘူး ဆန်နီ။ ကိုယ့်လူအနေနဲ့ ဆိုလိုဇိုကို အပြုတ်တိုက်နိုင်မယ် ဆိုတာ ယုံကြည်ပါတယ်။ ဒွန်ကော်လီယွန်မိသားစုဟာ အင်အားလည်း အပြည့်အစုံရှိပါတယ်။ အခု ဒီအခန်းထဲမှာ ရှိနေတဲ့ ကလီမင်ဇာနဲ့ တက်ဆီယိုတို့ ဆိုရင်လည်း သတ္တိခဲ စစ်သည်ကောင်းတွေစုရုံးပြီး ကောင်းကောင်း တိုက် နိုက်တဲ့ အရည်အချင်း အမှန်ရှိပါတယ်။ ဒါပေမဲ့ အဲဒီလို စစ်ပွဲကြီး တိုက်ကြလို့ ဘယ်လိုအကျိုးသက်ရောက်မှု မျိုး ဖြစ်လာမယ်ဆိုတာလည်း စဉ်းစားကြည့်ပါဦး။ နယူးယောက်မြို့ပတ်ဝန်းကျင်တစ်ခုလုံး စစ်မြေပြင်ကြီးလို ဖြစ် သွားမယ်။ ကျုပ်တို့ အနေနဲ့ လည်း ရန်သူတွေ ဝိုင်းဝိုင်းလည်ဖြစ်လာမယ်။ တခြားမိသားစုတွေက

တော့ ဒွန်ကော် လီယွန် မိသားစုကိုသာ အပြစ်တင်ကြမှာ ပဲ။ ဒါတွေဟာ ဆန်နီတို့ ဖခင်ကြီး လိုလားတဲ့ အခြေအနေမျိုး မဟုတ် ဘူးဆိုတာ ကျုပ်သိတယ်'

ဟု ခပ်ရှင်းရှင်းပင်ပြောလိုက်သည် ။

မိုက်ကယ်လ်သည် ဆန်နီ့ကို အကဲခတ်ကြည့်နေရာ တော်မီဟောဂင်၏ ပြောပြချက်ကို ကောင်းစွာပင် လက်ခံလိုက်ကြောင်း သတိပြုမိလေသည် ။

"ဒါဖြင့် တကယ်လို့ အဘိုးကြီး သေသွားပြီဆိုရင်ကော ခင်ဗျား ဘယ်လို အကြံပေးမှာ လဲ"

မိုက်ကယ်လ်ကပင် ဆက်လက်မေးလိုက်ရာ တော်မီဟောဂင်က ခပ်တိုးတိုး ပြန်ဖြေလေသည် ။

"ကျုပ် အကြံပေးတဲ့ အတိုင်း ကုံယုံလုပ်မှ က လိုက်နာမှာ မဟုတ်ဘူး ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ ရှင်းရှင်းပြောရရင် အဘိုးကြီး သေသွားရင်တောင်မှ ဆိုလိုဇိုရဲ့ မူးယစ်ဆေးဝါးလုပ်ငန်းစီမံကိန်းမှာ ဝင်ပါသင့်တယ်လို့ ကျုပ်က ယူဆမိတယ်။ ခင်ဗျားတို့ မှာက အဘိုးကြီးရဲ့ နိုင်ငံရေး အဆက်အသွယ်တွေ အကူအညီ မရှိတော့တဲ့ အခါ ဒွန်ကော်လီယွန် မိသားစုရဲ့ အင်အား ထက်ဝက်လောက်လျော့သွားမယ် မဟုတ်လား။ ပြီးတော့ အဘိုးကြီး 'ဂေါ်ဒ်ဖားသား' မရှိဘူးဆိုရင်လည်း နယူးယောက်မြို့က တခြားမိသားစုကိုဏ်းတွေဟာ ဆိုလိုဇိုနဲ့ တာတာဂလီယာ မိသားစုအုပ်စုဘက်ကို ထောက်ခံ အားပေးကုန်ကြလိမ့်မယ်။ ဒါကြောင့် အဘိုးကြီး သေသွား ရင်လည်း ကိုယ့်လူတို့ အနေနဲ့ ဆိုလိုဇိုနဲ့ စေ့စပ်နားလည်မှုရယူသင့်

တယ်။ အဲဒီလို နားလည်မှုရပြီးမှ အခြေအနေကို စောင့်ကြည့်သင့်တယ်"

တော်မီက သူ၏ ထင်မြင်ချက်ကို ပြောလိုက်သည် တွင် ဆန်နီသည် မခံမရပ်နိုင်အောင် ဒေါသဖြစ်သွား လေသည်။ သို့သော် တော်မီကပင် ဂုဏ်ယူဝင့်ကြွားသောဟန်ဖြင့် ဆက်ပြောပြန်သည်။

"ဒီမယ် ကိုယ့်လူတို့ ကို ကျုပ် ရှင်းရှင်းပြောပါရစေ။ ကျုပ်ဟာလည်း ခင်ဗျားတို့လိုပဲ အဘိုးကြီးရဲ့ သားတစ်ယောက်လို နေခဲ့တဲ့ လူပါ။ ကျုပ်ကတော့ ပိုသာသေးတယ်လို့ လည်း ထင်မိတယ်။ အခုဟာက ကျုပ်က အကြံပေးပုဂ္ဂိုလ်တစ်ဦးအနေနဲ့ အမှန်ဆုံးထင်တဲ့ အကြံဉာဏ်ကို ပေးနေတာဖြစ်တယ်။ ကျုပ်ရဲ့ ပုဂ္ဂိုလ်ရေးသဘောထားဆန္ဒကတော့ ဟိုဘက်ကကောင်တွေ တစ်ယောက်မှ မကျန်အောင် အကုန်နှံ့ပြတ်ပစ်ချင်တာပေါ့။ အခုတော့ အရှည်ကိုကြည့်ပြီး အကောင်းဆုံး အသင့်မြတ်ဆုံး အကြံဉာဏ်ကို ပေးခြင်းဖြစ်တယ်"

ထိုအခါ ဆန်နီသည် တော်မီ၏ ရဲရဲတောက်စကားကြောင့် ရက်သယောင် ဖြစ်သွားမိလေသည်။

"ကျုပ်တို့ ကလည်း တော်မီရဲ့ စေတနာကို နားလည်ပါတယ်"

ဟု လည်း ပြောလိုက်သည်။ သို့ရာတွင် ဆန်နီ၏ စိတ်ထဲတွင် ကား သွေးထွက်သံယိုမှုဖြင့် ကလဲ့စား ချေမှ သာ တရားသည် ဟု ယူဆနေသည်။

အခြားလူများအားလုံးက ဘာမှ မပြောဘဲ ငြိမ်နေခိုက် ဆန်နီသည် ခေတ္တမျှ စဉ်းစားနေ

လိုက်သည် ။ နောက်မှ ဟင်းခနဲ သက်ပြင်းချလိုက်ပြီး စကားကို ခပ်တိုးတိုးပြန်ပြောသည် ။

"ကောင်းပြီလေ၊ အဘိုးကြီး ညွှန်ကြားချက်အတိအကျ မပေးသေးခင်မှာ ကျုပ်တို့ အသာစောင့်ကြည့် နေဦးမယ်။ ဒါပေမဲ့ တော်မီကိုယ်တိုင်လည်း ဒီဝင်းခြံပြင်ဘက်ကို မထွက်ဘဲနေရင် ကောင်းမယ်။ ဒီကောင် တွေက စိတ်ချရတာ မဟုတ်ဘူး ။ အလစ်မခံရဖို့ အရေးကြီးတယ်။ မိုက်ကယ်လ်လည်း အထူးသတိထားပြီးနေပါ။ ဆိုလိုဇိုအနေနဲ့ တို့ မိသားစု အားလုံးကို တိုက်ခိုက်မယ်တော့ မထင်ရပေမယ့် လုံးလုံးစိတ်ချပြီး အေးနေ လို့ မဖြစ်ဘူး။ တက်ဆီယိုက ခင်ဗျားရဲ့ လူတွေကို အသင့်ရှိပါစေ၊ နောက်ပြီး မြို့ထဲအနှံ့အပြား လူတွေလွှတ်ပြီး အခြေအနေ သတင်းကလေး ဘာကလေး မပြတ် စုံစမ်းခိုင်းပါ။ ကလီမင်ဇာကတော့ ပေါလ်ဂယာဖိုးနဲ့ အပြတ်ရှင်းပြီးရင် ဒီဝင်းခြံထဲကို လာတာဝန်ယူပါ။ တက်ဆီယိုရဲ့ တပည့်ဂိုဏ်းသားတွေ နေရာမှာ ခင်ဗျားလူတွေက အစားဝင်နေရာယူရမယ်။ သို့သော်လည်း တက်ဆီယိုရဲ့ လူတွေက ဆေးရုံတစ်ပိုက်ကို လုံခြုံ ရေးတာဝန်ယူရမယ်။ တော်မီရဲ့ တာဝန်ကတော့ မနက်မိုးလင်းလင်းချင်း ဆိုလိုဇိုဂိုဏ်းနဲ့ စေ့စပ်ဖို့ ၊ ဆက်သွယ် ဖို့ ပဲ ။ နောက်တစ်ခုက မိုက်ကယ်လ်ကို ခိုင်းရမယ်။ မနက်ဖြန်ကျရင် မိုက်ကယ်လ်ကိုယ်တိုင် ကလီမင်ဇာရဲ့ လူနှစ်ယောက်လောက် အဖော်ခေါ်ပြီး လူကာဘရာဆီရဲ့ အိမ်ကို သွားစောင့်နေပါ။ သူ ပြန်မလာရင်လည်း ဘယ်ရောက်နေတယ်ဆိုတာ စုံစမ်းခဲ့။ လူကာဘရာဆီ ဆိုတဲ့ ကောင်က စိတ်ချရတာ မဟုတ်ဘူး ။ အဘိုးကြီး သတင်းကြားတာနဲ့ သူတစ်ယောက်တည်း ဆို

လိုခိုကို သွားသတ်ချင်သတ်နေမယ့် လူစားမျိုးဖြစ်တယ်။ လူကာ ဘာရာဆီအနေနဲ့ တို့ ဘက်ကိုသစ္စာဖောက်ဖို့ လုံးဝ မဖြစ်နိုင်ဘူး"

ဆန်နီသည် စစ်သူကြီးတစ်ဦးက တိုက်ပွဲ သေနင်္ဂဗျူဟာ ကွပ်ကဲသလို အသီးသီး တာဝန် ခွဲပေးလိုက် သည်။ သူ ပြောပြီးသည် နှင့် တော် မီဟေဂင်က-

"ဒီကိစ္စမှာ မိုက်ကယ်လ်အနေနဲ့ လုံးလုံးဝင် ပါဖို့ မသင့်ဘူး ထင်တယ်"

ဟု ပြောလိုက်ရာ ဆန်နီလည်း သဘောတူ ဟန်ဖြင့်

"ကောင်းပြီလေ၊ ဒါဖြင့် မိုက်ကယ်လ်က ဒီမှာ ပဲနေပြီး တယ်လီဖုန်းနားမှာ ထိုင်စောင့်ပြီး တာဝန်ယူ ပေါ့။ ဒါလည်း အရေးကြီးတာပဲ"

ဟု အဆုံးအဖြတ်ပေးလိုက်သည်။

မိုက်ကယ်လ်သည် ဘာမှ ဖွင့်မပြောသော်လ ည်း သူ့ကို ကလေးတစ်ယောက်လို ဝိုင်းပယ် ထားခြင်း ခံရ ဘိသကဲ့သို့ ရှက်သယောင် ဖြစ် နေမိသည်။ ကလီမင်ဇာနှင့် တက်ဆီယိုတို့ နှစ် ယောက်က ဘာမှ မပြောသော်လည်း သူတို့ ၏ စိတ်ထဲကတော့ မိမိအား ရှုတ်ချ အထင်သေး နေသည် ဟု ထင်မိလေသည်။

မိုက်ကယ်လ်သည် တစ်ခုခု လုပ်ချင်လာသဖြင့် တယ်လီဖုန်းကို ကောက်ကို င်ပြီး လူကာဘာရာဆီ၏ နေအိမ်နံပါတ်ကို လှ ည့်လျက် ထပ်တလဲလဲ ဖုန်းဆက်နေလိုက်ပါ တော့သည်။

*

## ၆

လူဝကြီး ကလီမင်ဇာသည် တစ်ညလုံး ကောင်းစွာ အိပ်မပျော်ခဲ့ချေ။ သူ့အဖို့ တွေးစရာ တွေများ လွန်း နေသဖြင့် ခါတိုင်းလို နှစ်ခြိုက်စွာ အိပ်မပျော်နိုင်ခြင်း ဖြစ်သည် ။ အိပ်မပျော်သည့် အတူတူ မထူးပါဘူးဟု ဆုံး ဖြတ်ကာ နံနက်စောစောကပင် အိပ်ရာမှ ထ၍ နံနက်စာ ကော်ဖီနှင့် မုန့်ပဲသရေစာများကို သူ့ဟာသူ ကိုယ်တိုင် ပြင်ဆင်နေလိုက်သည် ။

သူ၏ စိတ်ထဲ တစ်ညလုံး တွေးနေမိသည့် ကိစ္စကား ပေါ်လီဂတ်တိုး ပြဿနာပင် ဖြစ်သည် ။

ယမန်နေ့ညက ဆန်နီက ပေါ်လီဂတ်တိုးသည် သစ္စာဖောက်သူဖြစ်၍ အပျောက် 'ရှင်း'ပစ်ရမည်ဟု တိကျစွာ အဆုံးအဖြတ်ပေးခဲ့ပြီး ဖြစ်သည် ။ ဤကိစ္စမျိုးသည် ကြာရှည်ရွှေ့ဆိုင်းထား၍ မဖြစ်သော်ကြောင့် ယနေ့ ပင်ပြီးပြတ်အောင် အကောင်အထည်ဖော်ရပေတော့မည်။

ပေါ်လီဂတ်တိုးသည် ကလီမင်ဇာ၏ တပည့်လူယုံများ ထဲမှ စိတ်ချရသော လူရင်းတစ်ယောက် ဖြစ်ခဲ့သည် ။ မျိုးရိုးအနေဖြင့် အီတလီလူမျိုး ဆစ်စလီကျွန်းသား မိဘများမှ ပေါက်ဖွားလာသူ ဖြစ်သည် ။ ငယ်စဉ်က 'ဂေါ်ဒ်ဖားသား'၏ သားတစ်ယောက်ဖြစ်သူ မိုက်ကယ်လ်နှင့် အတူ တစ်တန်းတည်း ကျောင်းနေခဲ့

ဖူး ၏။ သတ္တိကောင်းပြီး ခြေမြန်လက်မြန်လ
ည်း ရှိသူ ဖြစ်၏။

လူငယ်ထဲတွင် ရှေ့အဖို့ တိုးတက်ကြီးပွားရ
န် အလားအလာကောင်းသူတစ်ဦးဟု အကဲခ
တ်မိသဖြင့် ကလီမင်ဇာ ကိုယ်တိုင်က ပေါ်လီဂ
တ်တိုးအား လက်သပ်မွေးခဲ့၏။ သူတို့ ဂိုဏ်း၏
အစဉ်အလာအတိုင်း မှတ် ကျောက်တွင်
စမ်းကြည့်ရာတွင် အောင်မြင်ခဲ့ပြီးသူလည်း ဖြ
စ်သည် ။

ထို့ကြောင့် သူ၏ စားဝတ်နေရေးအတွက်
လောင်းကစားဝိုင်းအချို့မှ ခေါင်းပုံဖြတ်ရ
သော ငွေများကို 'အပိုင်စား' ခွင့်ရရှိခဲ့၏။ သို့
သော် ပေါ်လီသည် ရံဖန်ရံခါ ပြင်ပငွေအဖြစ် ရ
ရှိအောင် သူတစ်ယောက်တည်း လုယက်တိုက်
ခိုက်မှုများ ပြုလုပ်လေ့ရှိ၏။

ယင်းအကြောင်းကိုလည်း 'ဂေါ့ဒ်မန်းဆက်စ်
ဂိုဏ်းမှ လူကြီးများကသိထားကြသော်လည်း
လူငယ်ဘာဝ စိတ်တက်ကြွပြီး တိုက်ခိုက်မှုများ
ပြုလုပ်ခြင်းမျှသာဟု သဘောထားကာ အရေး
မယူခဲ့ချေ။

ပေါ်လီဂတ်တိုး၏ လုယက်တိုက်ခိုက်မှုများ
ကလည်း အလွန် ပိရိသေသပ်လှသည် ။ ဘဏ်
တိုက် ဝင်စီး ခြင်းမျိုးကဲ့သို့ ကြီးကြီးကျယ်ကျ
ယ်တိုက်ခြင်းမျိုးကို ရှောင်ပြီး သူသည် ဒေါ်လာ
ငွေ ၂၀၀၀ မှ ၃၀၀၀ ခန့် အများ ဆုံးရှိမည့် လု
ယက်မှုများကိုသာ ကျူးလွန်တတ်၏။ ဒါကို လူ
ငယ်တစ်ယောက်အနေဖြင့် အပိုငွေသုံးချင်၍ '
မုန့်ဖိုးရှာခြင်း' မျှသာ ဖြစ်သည် ဟု သဘော
ထားလျက် ခွင့်လွှတ်ထားခဲ့၏။

ယခု ကလီမင်ဇာအနေဖြင့် ဦးနှောက်ခြော

ကံအောင် တွေးနေသည် ကား ပေါလီဂတ်တိုးအား သစ္စာ ဖောက်မှုဖြင့် သေဒဏ်ပေးရမည့် ပြဿနာမဟုတ်ချေ။ သူတို့ ဂိုဏ်း၏ ထုံးစံအရ 'ကွပ်မျက်' အပြစ်ပေးရန် ကိစ္စ မှာ လွယ်ကူရှင်းလင်းလှသည် ။ ပေါလီဂတ်တိုးအား ဖျောက်ဖျက်ပစ်ပြီးနောက် သူ၏ နေရာ လူစားထိုးရန် အလားတူ လူယုံလူကောင်းတစ်ဦး ရရှိရေးအတွက် မည်သူ့ကို ရွေးချယ်ရပါမည်နည်းဟု စဉ်းစားရခက်နေခြင်း ဖြစ်လေသည် ။

ကာလီမင်ဇာတို့လို 'ကာပိုရေဂျီမေ' ခေါ် လူမိုက်ခေါင်းဆောင်များ အနေဖြင့် ညာလက်ရုံး တပည့်လူယုံ တစ်ယောက် ထားရှိတတ်ကြရာ ယင်းတပည့်လူယုံသည် သတ္တိကောင်းသလောက် သစ္စာရှိရမည့် လူမျိုးဖြစ်ရ၏။ မတော်တဆအဖမ်းခံရ၍ ရဲက ညှဉ်းပန်းရိုက်နှက်စစ်သည့် တိုင်အောင် ဖော်ကောင်မလုပ်ဘဲ နှုတ်ယုံမည့် သူမျိုး လည်း ဖြစ်ရ၏။

ဆစ်စလီကျွန်းသားတို့ ၏ အစဉ်အလာ နှုတ်လုံးရေးဥပဒေကို အသက်အသေခံ၍ စောင့်ထိန်းမည့် သူမျိုး ဖြစ်ရ၏။ သည် လို လက်ရွေးစင် သတ္တိခဲလူယုံမျိုးကား ရုတ်တရက်ရှာဖွေရရှိရန် မလွယ်ကူပေ။ ယခု ပေါလီဂတ်တိုးသည် သစ္စာဖောက်ခဲ့ခြင်းမှာ သူရရှိသည့် ဝင်ငွေနှင့် မကျေနပ်၍ နောက်ထပ် ငွေသုံးချင်သည့် လောဘစိတ်ကို ရန်သူ ဆိုလိုဇိုက ငွေနှင့် ပေါက်ပြီး 'ဝယ်ယူ' သွားခြင်းပင် ဖြစ်တန်ရာ၏။

ထို့ကြောင့် သူ၏ နေရာ လူယုံအသစ် ရွေးချယ်ရာတွင် ငွေကြေးမက်မောမှု လောဘဇောကို ချိုးနှိမ်နိုင် မည့် သူကို ရွေးချယ်မှ သာဖြစ်ပေမည်။

ကာလီမင်ဇာသည် သူ၏ တပည့်ဂိုဏ်းသားများ ထဲမှ သုံးယောက်ကို ဆန်ခါတင်ရွေးချယ်ရန် စဉ်းစားမိ ၏။ တစ်ဖန် ထိုလူသုံးယောက်၏ အရည်အချင်းသတ္တိနှင့် စိတ်သဘောထားများကို အပြန်ပြန် အလှန်လှန် ဆင်ခြင်သုံးသပ်ပြီးနောက် တစ်ယောက်သော လူငယ်တစ်ဦးသာလျှင် အသင့်ဆုံးဟု ဆုံးဖြတ်လိုက်တော့သည် ။ ထိုလူငယ်ကား ရိုကိုလမ်ပုန်း အမည်ရှိ မိုက်ရူးရဲလူငယ်တစ်ယောက်ပင် ဖြစ်၏။

ရိုကိုလမ်ပုန်း သည် အလွန်တက်ကြွသော လူငယ်တစ်ဦး ဖြစ်ပြီး စစ်အတွင်းက အမေရိကန်ကြည်းတပ် ထဲ ဝင်ရောက်အမှုထမ်းခဲ့ရင်း အာဖရိက စစ်မျက်နှာတွင် ဒဏ်ရာရခဲ့ဖူး၏ မိုက်ရူးရဲ သတ္တိခဲတစ်ဦးလည်း ဖြစ် ၏။ စစ်တပ်မှ ပြန်ထွက်လာသောအခါ ကာလီမင်ဇာသည် လက်ရုံးအားကိုး လူငယ်အသစ်များ ရှာဖွေနေခိုက် နှင့် ကြုံကြိုက်သဖြင့် 'ရိုကို'အား ခေါ်ယူသိမ်းသွင်းကာ 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန်၏ ဂိုဏ်းတွင် အလုပ် သင် လူငယ်တစ်ဦးအဖြစ် စတင်သုံးကြည့်ခဲ့၏။

ရိုကို၏ အရည်အချင်းတစ်ခုကား အရာရာတွင် ဝေဖန်သုံးသပ်ပြီးနောက် မှန်ကန်စွာ ဆုံးဖြတ်နိုင် ခြင်းပင် ဖြစ်၏။ တုန်လှုပ်ချောက်ချားခြင်း မရှိဘဲ ခေါင်းအေးအေးနှင့် ဘာမဆို လုပ်နိုင်သူလည်း ဖြစ်သော ကြောင့် သူ့အား ကလီမင်ဇာက မျက်စိကျခဲ့မိခြင်း ဖြစ်၏။

ရိုကိုလမ်ပုန်းသည် အလုပ်သင် ဂိုဏ်းသား ပေါက်စကလေးတစ်ဦးအဖြစ် တာဝန်ဝတ္တရားကို ကျေပွန် စွာ ထမ်းဆောင်နိုင်သဖြင့် ခေါင်း

ခေါင်ပိုင်းမှ တစ်စတစ်စ ခိုင်းသမျှ အလုပ်အားလုံးကို သေသပ်စွာ လုပ်နိုင်ခဲ့သူ ဖြစ်၏။

ထို့ကြောင့် ကလီမင်ဇာသည် ရိုကိုအား ပေါ်လီဂတ်တိုးနေရာ လူစားထိုး၍ သူ၏ ညာလက်ရုံး လူယုံ တပည့်အဖြစ်ထားရန် ရွေးချယ်လိုက်ခြင်း ဖြစ်ပေသည် ။

ယခု ပေါ်လီဂတ်တိုးအား ဆန်နီ၏ အမိန့်အရ ကွပ်မျက် အပြစ်ပေးရန် ကိစ္စတွင် လည်း ရိုကို၏ အကူ အညီကို အသုံးပြုမည်ဟု စိတ်ကူးလိုက်မိသည် ။ ထို 'အလုပ်' ကိုကလီမင်ဇာက သူကိုယ်တိုင် ဦးစီးဆောင်ရွက် ရန်လည်း စီစဉ်ထားပြီး ဖြစ်၏။ ရိုကိုအား ဝင်၍ ကူညီစေခြင်းမှာ လူငယ်လူသစ်တစ်ယောက်အား လက်တွေ့ 'ပွဲတိုး' လေ့ကျင့်ခန်းရစေရန် တစ်ကြောင်း၊ သူကိုယ်တိုင်ကလည်း 'ပေါ်လီဂတ်တိုး' အား အပြစ်ဒဏ်ပေး လို၍ တစ်ကြောင်းဖြစ်ပေသည် ။

သူ့အနေဖြင့် ပေါ်လီဂတ်တိုးအား မြှောက်စားစဉ်ကဆိုလျှင် အခြားလုပ်သက်ရင့် လူယုံတော်များကို ကျော်လွန်၍ ရာထူးတိုးပေးခဲ့သလို မြှောက်စားခဲ့၏။

ယခုတော့ ပေါ်လီဂတ်တိုးက အဘိုးကြီးအား လုပ်ကြံရာတွင် ရန်သူဘက်သို့ သတင်းပေးခြင်းကား ဒွန်ကော်လီယွန် မိသားစုဂိုဏ်းကို သစ္စာဖောက်ရုံမက သူ့ဆရာရင်း ကျေးဇူးရှင်ဖြစ်သော မိမိ (ကလီမင်ဇာ) ကိုပါ သစ္စာဖောက်ရာ ရောက်၏။ ထို့ကြောင့် ပေါ်လီဂတ်တိုးအား သေဒဏ်ပေးရာတွင် သူကိုယ်တိုင် ကိုယ်ထိလက် ရောက် ပါဝင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်၏။

လိုအပ်သော အစီအစဉ်များကိုကား အား

လုံး ကြိုတင် ပြုလုပ်ထားပြီးပေပြီ။ ယနေ့ မွန်းလွဲသုံးနာရီ တိတိတွင် ပေါ်လီဂတ်တိုးသည် သူ၏ မော်တော်ကားဖြင့် ကလီမင်ဇာအား လာကြိုရမည်ဟု မှာ ထားပြီး ဖြစ်၏။

ကလီမင်ဇာအနေဖြင့် အလုပ်ကိစ္စဖြင့် တစ်နေရာသို့ သွားစရာရှိသလို ခေါ်ထားခြင်း ဖြစ်၏။

ကလီမင်ဇာသည် ရိုကိုလမ်ပုန်း အမည်ရှိ လူငယ်၏ အိမ်သို့ ဖုန်းလှမ်းဆက်ပြီး မည်သူမည်ဝါဖြစ် ကြောင်း မပြောဘဲ

"မင်း ငါ့အိမ်ကို လာခဲ့စမ်းပါ။ ခိုင်းစရာ အလုပ်တစ်ခု ရှိတယ်"

ဟု သာ ပြောလိုက်သည်။

အချိန်က နံနက်စောစောဖြစ်နေသော်လည်း ရိုကို၏ အသံသည် အိပ်ချင်မူးတူး ရှုပ်နေဟန်ဘာ မ တ်လတ်ပြီး သတိရှိနေပုံရ၏။ ကလီမင်ဇာ၏ အသံကိုလည်း မပြောဘဲနှင့် မှတ်မိပုံရ၏။

ရိုကိုက

"ဟုတ်ကဲ့။ ကောင်းပါပြီ ဆရာ။ ကျွန်တော် အခုပဲ လာခဲ့ပါမယ်"

ဟု ပြောသောအခါ ကလီမင်ဇာသည် သူ့လူ၏ အရည်အချင်းကို သဘောကျသွားမိလေသည်။

"အခု ချက်ချင်း လာဖို့ မလိုပါဘူးကွ။ မနက်စာရော၊ နေ့လယ်စာရော စားပြီးမှ လာပါ။ ဒါပေမဲ့ နှစ်ချက် ထိုးထက် နောက်မကျစေနဲ့"

ဟု ပြောပြီးနောက် ကလီမင်ဇာသည် ဖုန်းကို ပြန်ချလိုက်သည်။

သူသည် အရာရာကို သေချာစေ့စပ်စွာ ကြိုတင် စီစဉ်တတ်သူဖြစ်သည့် အလျောက် အဘိုးကြီး ဂေါ့ဒ်ဖား သား နေအိမ်ဝင်းအတွင်း လုံခြုံရေးအစောင့်များ အဖြစ် ထက်ဆီယို၏ အုပ်စုမှ လူများ နှင့် နေရာလဲ လူစားထိုးရန်လည်း သူ၏ လက်ထောက်ခေါင်းဆောင်များ နှင့် အသေးစိတ် စီစဉ်ထားပြီး ဖြစ်သည် ။

သည် လိုက်ကိစ္စမျိုးတွင် ကလီမင်ဇာသည် သူ၏ လက်ထောက် ခေါင်းဆောင်များ ၏ အလုပ်တွင် ဝင်ရောက် စွက်ဖက်လေ့မရှိ။

ထိပ်ပိုင်းမှ တာဝန်ရှိသူများကို တာဝန်ပေးလိုက်ရုံနှင့် လူရွေးချယ်ခြင်း၊ ခေါ်ယူညွှန်ကြားခြင်း၊ ဝင်ရမည့် အချိန်ကို သတ်မှတ် ချိန်းဆိုခြင်းစသော အသေးစိတ်ကိစ္စများကို လက်ထောက်များက သေသပ်စွာ လုပ်သွားနိုင်ကြ၏။

ထို့ကြောင့် ကလီမင်ဇာသည် သူ၏ လက်ထောက်များကို ကောင်းစွာ စိတ်ချနိုင်ခြင်း ဖြစ်သည် ။

ယခု နံနက်ပိုင်းတွင် အခြား လုပ်စရာမရှိသဖြင့် ကလီမင်ဇာသည် သူ၏ 'ကက်ဒီလက်' မော်တော် ကားကြီးကို ကျကျနန ရေဆေးနေလိုက်သည် ။

သူသည် ဤမော်တော်ကားကြီးကို အလွန်တွယ်တာမြတ်နိုး၏။ ရာသီဥတု ကောင်းသည့် အခါများ တွင် ဤကားကြီးထဲ ထိုင်နေရခြင်းက အိမ်ထဲနေသည် ထက်ပင် ကောင်းသေးသည် ဟု ထင်မိသည် ။

အချိန်အားလပ်သည့် အခါများ ၌ မော်တော်

ကားကိုလည်း သူကိုယ်တိုင် ဆေးကြောပွတ်တိုက်လေ့ ရှိ သည် ။

ယနေ့အဖို့ မော်တော်ကားကို ရေဆေးနေရင်းနှင့် ပေါလီဂတ်တိုးအား သေဒဏ်ပေးရေးကိစ္စကို စဉ်းစား မိပြန်လေသည် ။ သူ့အား ဆန်နီတို့ က သေဒဏ်ပေးမည့် အကြောင်းကို ရိပ်မိနေမည်လောဟု လည်း တွေးမိနေ သည် ။

ထို့ပြင် ပေါလီဂတ်တိုးသည် အလွန် 'လျှင်' သူဖြစ်၍ ဘေးရန်ရှိလျှင် အနံ့ရသလို ကြိုတင်ရိပ်မိတတ် သူဖြစ်သောကြောင့် ယခု သူနှင့် အတူ 'ရိုကိုလမ်ပုန်း'ကိုခေါ်သွားပါက မယုံသင်္ကာဖြစ်မည်ဆိုလျှင် ဖြစ်နိုင်၏။

သူ သစ္စာဖောက် သတင်းပေး၍ 'ဂေါ်ဒ်ဖားသား' အား လုပ်ကြံခဲ့ရာတွင် ယခု အဘိုးကြီးက မသေဘဲ ဆေးရုံတက်ကုနေကြောင်း သိသဖြင့် ပေါလီဂတ်တိုးအနေဖြင့် တွေးကြောက်ကောင်း ကြောက်နေပေမည်။

ယင်းသို့ ကြောက်နေပါက သူသည် အန္တရာယ်ကို ကြိုတင်သတိထားနေမည်ဖြစ်၍ ကလီမင်ဇာသည် အလွန်ပိရိပိုင်နိုင်စွာ လုပ်နိုင်မှ ဖြစ်ပေမည်။

မော်တော်ကားထဲတွင် ရိုကိုလမ်ပုန်း ဆိုသူကို ကား၏ နောက်ထိုင်ခုံတွင် ထိုင်စေပါက ပေါလီဂတ်တိုး သည် သဘောကျချင်မှ ကျပေမည်။ ထို့ကြောင့် မော်တော်ကားဖြင့် သွားစရာအလုပ်တစ်ခုခု အရေးတကြီး ပေါ်လာပုံနှင့် ရိုကိုလမ်ပုန်း ကိုပါ အကူခေါ်သွားရန် လိုအပ်ပုံကို ပေါ်လီ ယုံကြည်လောက်အောင် အကြောင်းပြချက် ကောင်းကောင်း ဖြင့် တီထွင်ပြောရမည်ဟု၍ လည်း ကလီမင်ဇာသည် စဉ်းစားမိ

လေသည် ။

စင်စစ်အားဖြင့် ပေါ်လီဂတ်တိုးအား လူမသိအောင် ဖျောက်ဖျက်ရန် လွယ်ကူပါ၏။ သို့သော် ဆန်နီ၏ အမိန့်အရ လမ်းမတစ်နေရာတွင် သတ်ပြီး လူမြင်ကွင်းတွင် အလောင်းကို ထားပစ်ခဲ့ရမည်ဟု ဆို၏။

ဤသည် မှာ လည်း အကြောင်းရှိပေသည် ။ ပေါ်လီဂတ်တိုးလိုလူ အသတ်ခံရကြောင်း သတင်းစာတွေထဲ ပါလာလျှင် အလားတူ သစ္စာဖောက်ရန် စိတ်ကူးမည့် သူများအား လန့်သွားစေနိုင်၏။

ရန်သူဖြစ်သော ဆိုလိုဇို အနေဖြင့်လည်း သူ၏ တန်ပြန်သူလျှို (စပိုင်)ကို "ဂေါ်ဒ်ဖားသား" ဘက်မှ ဤမျှ လျင်မြန်စွာ ဖော်ထုတ် ကွပ်မျက်လိုကြောင်း သိရသည့် အတွက် တုန်လှုပ်ချောက်ချားသွားမည် ဖြစ်၏။

အဘိုးကြီး သေနတ်ပစ်ခံရသည့် အတွက် 'ဂေါ်ဒ်ဖားသား' မိသားစုအဖို့ သိက္ခာကျသလို ဖြစ်ခဲ့ခြင်းသည် လည်း သစ္စာဖောက် သူလျှို ပေါ်လီဂတ်တိုးအား ဖော်ထုတ် အပြစ်ပေးလိုက်ခြင်းအားဖြင့် သိက္ခာကို ပြန်ဆယ် လိုက်ရာ ရောက်မည် ဖြစ်၏။ ထို့ကြောင့် ပေါ်လီဂတ်တိုး၏ အလောင်းကို လူမြင်ကွင်း ပစ်ထားခဲ့ရန် ဆန်နီ ညွှန် ကြားချက်သည် သဘာဝကျနေပေသည် ။

ကလီမင်ဇာသည် သူ၏ မော်တော်ကားကြီးကို ရေဆေးနေရင်းနှင့် အမျိုးမျိုး တွေးနေလေရာ ကားရေ ဆေးပြီးသွားချိန်တွင် ပေါ်လီဂတ်တိုးအား မည်သို့မည်ပုံ အကြောင်းပြချက်ခိုင်လုံစွာဖြင့် 'လိမ့်' ရမည်ကို တိတိ ကျကျ အဖြေ

စဉ်းစားပြီး ဖြစ်နေတော့သည် ။

***

ရိုကိုလမ်ပုန်း ဆိုသူသည် ခပ်စောစော ရောက် လာလေရာ ခရီးရောက်မဆိုက်မှာ ပင် ကလီမင်ဇာက ယနေ့အဖို့ သူလုပ်ရမည့် တာဝန်ကို ရှင်းလင်း ပြောပြ လိုက်လေသည် ။

ရိုကိုသည် အံ့အားသင့်သွားပြီးမှ ကလီမင်ဇာအား အထူးကျေးဇူးတင်ကြောင်း၊ ယခုကဲ့သို့ 'ဂေါ်ဒ်ဖား သား' မိသားစုအတွက် အရေးကြီးသော 'အလုပ်' တစ်ခုကို တာဝန်ပေးခံရသည့်အတွက် အထူးပင် ဂုဏ်ယူမိ ကြောင်း စိတ်အားထက်သန်စွာ ပြောလေသည် ။

ကလီမင်ဇာကလည်း ရိုကိုအား ယနေ့ 'အလုပ်' အောင်မြင်စွာပြီးစီးပါက ဝင်ငွေရော ရာထူးပါ တိုးပါ လိမ့်မည်ဟု ကတိပေးလိုက်သည် ။

ထို့နောက် သူ၏ မီးခံသေတ္တာထဲမှ သေနတ်တစ်လက်ကို ထုတ်ယူပြီး ရိုကိုအား ပေးရင်း..

"မင်း ဒီသေနတ်ကို သုံးရမယ်။ လိုင်စင်နံပါတ်ကိုလည်း ဘယ်လိုမှ လိုက်လို့ မရတဲ့ သေနတ်ဖြစ်တယ်။ သုံးပြီးရင် သေနတ်ကို ကားထဲမှာ သာထားပစ်ခဲ့။ နောက်တစ်ခုက ဒီနေ့ အလုပ်ပြီးပြီးချင်း မင်းဟာ မိုင်ယာမီ ပင်လယ်ကမ်းခြေမှာ မင်းရဲ့ ဇနီး သားသမီးတွေပါခေါ်ပြီး သွားအနားယူနေရမယ်။ အဲဒီအတွက် ကုန်ကျစ ရိတ်အားလုံးကိုလည်း တို့ က ပေးမယ်။ မိုင်ယာမီရောက်ရင်လည်း အဘိုးကြီး မိသားစုပိုင်တဲ့ ဟိုတယ်မှာ ပဲ တည်းနိုင်တယ်"

ဟု ညွှန်ကြားချက်များ ပေးလိုက်ပြီးချိန်တွင်

ပေါလီဂတ်တိုး ရောက်ရှိ လာပြီဖြစ်ကြောင်း ကလီမင်ဇာ ၏။ ဇနီးက လာပြောပါတော့သည် ။

ကလီမင်ဇာသည် ပေါလီဂတ်တိုးအား ဤသို့ လိုမ့်လေသည် ။

ဂေါ်ဒ်ဖားသား၏ သားကြီး ဆန်နီသည် ဆိုလိုဇိုအုပ်စုအား တရကြမ်း စစ်ဆင်တိုက်ခိုက်ရန် ဆုံးဖြတ် လိုက်ပြီဖြစ်၍ သူတို့ ဘက်တော်သားများ တိုက်ပွဲကာလအတွက် စုပေါင်း ခိုအောင်းနေကြရန် နေရာတစ်ခုလို သည် ။ ယခင်က အစဉ်အလာရှိသည့် အတိုင်း လုံခြုံစိတ်ချရသော အိမ်ခန်းလွတ်တစ်ခုကို ငှားပြီး ထိုအခန်းတွင် ဂိုဏ်းသား လက်ရွေးစင်တွေက လှို့ဝှက်ဌာနချုပ်အဖြစ် စခန်းချ နေထိုင်ပြီး ထိုနေရာမှ တစ်ဆင့် ရန်သူဘက်ကို အလစ်တွင် တိုက်ခိုက် သတ်ဖြတ်ကြမည်ဖြစ်သည် ။

ယင်းသို့ လှို့ဝှက်ဌာနချုပ် ပြုလုပ်နိုင်မည့် အခန်းကောင်းကောင်း တစ်ခန်းကို ရှာဖွေငှားရမ်းရန် ကလီ မင်ဇာ၊ ပေါလီဂတ်တိုးနှင့် ရိုကိုတို့ သုံးဦးအား ဆန်နီက တာဝန်ပေးလိုက်သည် ။ ထို့ကြောင့် ယနေ့ပင် အိမ်ခန်း အရှာထွက်ရန် သုံးယောက်သား အတူသွားကြရမည် ဖြစ်သည် ။

ဤသို့ ကလီမင်ဇာက ခပ်တည်တည်နှင့် ပြောလိုက်သောအခါ ပေါလီဂတ်တိုးသည် စောစောက သံသယ မကင်းသလို ဖြစ်သည့် စိတ်လုံးဝပျောက်သွားကာ လောဘဇော တိုက်လာတော့သည် ။ ဤအစီအစဉ် အကြောင်းကို ဆိုလိုဇိုဘက်သို့ သတင်းပေးလိုက်လျှင် မည်မျှငွေတွေ ရမည်နည်းဟု စိတ်ကူးလိုက်မိခြင်း

အား ဖြင့် သူ့ကိုယ်သူ အန္တရာယ်ရှိမရှိကိုပင် မစဉ်းစားမိတော့ချေ။

သို့နှင့် ပင် သုံးယောက်သား အိမ်ခန်းရှာ ထွက်ခဲ့ကြရာ အချိန်ကတဖြည်းဖြည်းကုန်သွားပြီး မှောင်စပြု လာချိန်တွင် မြို့၏ ဆင်ခြေဖုံး လူပြတ်သော တစ်နေရာသို့အရောက် ကလီမင်ဇာက အပေါ့သွားချင်သည် ဆိုပြီး ပေါ်လီဂတ်တိုးအား ကားကို ခေတ္တရပ်ခိုင်းလိုက်သည် ။

ကလီမင်ဇာသည် တကယ်ပင် လမ်းဘေးတစ်နေရာ၌ အပေါ့သွားပြီး မော်တော်ကားဆီသို့ ပြန်လာလျှင် တံခါးဖွင့်ဝင်ခါနီးတွင် ပေါ်လီကိုပြောသလိုလိုနှင့်

"ကိုင်း၊ သွားကြစို့"

ဟု ပြောလိုက်သည့် စက္ကန့်ပိုင်းအတွင်း ဒိုင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရပြီး ပေါ်လီဂတ်တိုး သည် မော်တော်ကား စတီယာရင်ပေါ်သို့ ငိုက်စိုက်ကျသွားတော့သည် ။

ကြိုတင် စီစဉ်ထားသည့် အတိုင်း ကလီမင်ဇာက "ကိုင်း၊ သွားကြစို့" ဟု ပြောလိုက်ခြင်းမှာ 'ကဲ၊ ပစ်ပေတော့' ဟု အဓိပ္ပာယ်ရသည့် စကားဝှက်ဖြစ်လေရာ မော်တော်ကားနောက်ထိုင်ခုံမှ အသင့်စောင့်နေသူ ရိုကိုက ပေါ်လီဂတ်တိုးအား သေနတ်ဖြင့် အသေပစ်သတ်လိုက်ခြင်းပင် ဖြစ်လေသည် ။

ထိုနေရာနှင့် မနီးမဝေးတွင် မော်တော်ကားတစ်စီး အဆင်သင့်ရပ်ထားလေရာ (ကြိုတင်စီစဉ်ထားခဲ့ ခြင်းဖြစ်သည် ။) ကလီမင်ဇာနှင့် ရိုကိုတို့ သည် ထိုကားကို မောင်း၍ မြို့တွင်းသို့ အေးအေးဆေးဆေးပင် ပြန်လာ ခဲ့ကြလေသ

ည် ။

*

## ၄

"ဂေါ်ဒ်ဖားသား" ခေါ် ဒွန်ကော်လီယွန် သေနတ်ပစ်မခံရမီ တစ်ညတွင် အဘိုးကြီး၏ သစ္စာရှိဆုံး၊ စိတ်အချရဆုံး၊ သတ္တိအကောင်းဆုံး၊ လူတကာက အကြောက်ဆုံး လူမိုက်ဖြစ်သူ 'လူကာဘရာဆီ' သည် ရန်သူ ဘက်နှင့် တွေ့ဆုံစကားပြောရန် ပြင်ဆင်နေခဲ့လေသည် ။

သူသည် အဘိုးကြီးကိုယ်တိုင် ညွှန်ကြားချက်အရ 'ဆိုလိုဇို' အုပ်စုနှင့် ခပ်စောစောကပင် တွေ့ထိဆက် သွယ်မှု ရရှိထားခဲ့ပြီး ဖြစ်သည် ။

သူ၏ ဆက်သွယ်နည်းကား ဆိုလိုဖို၏ မဟာမိ
တ်ဖြစ်သော 'တာတာဂလီယာ' အုပ်စု ကြီးကို
င်ကျွပ်ကဲသည့် ညကလပ်များ သို့ ဝင်ထွက်ကျ
က်စားခြင်း၊ သူတို့ လက်အောက်ခံ ကြေးကြီး
စား ပြည့်တန်ဆာမများ နှင့်
ဆက်ဆံရောနှောခြင်းတို့ ပင် ဖြစ်သည် ။

လူကာဘာရာဆီ အနေဖြင့် ထိုကြေးကြီးစား
မိန်းမပျက်များ သည် လူဆိုးလောကမှ သတင်း
များကို ထောက်လှမ်းယူတတ်သော သူလျှို (စ
ပိုင်) မှန်းလည်း သိပြီး ဖြစ်သည် ။

'တာတာဂလီယာ' မိသားစုဂိုဏ်းတွင် အ
တော်ပေါက်ရောက် အရေးပါသော ကြေးကြီး
စားပြည့်တန် ဆာမတစ်ဦးအား ငွေပေးခေါ်ယူ
ရင်း တစ်ညဉ့် လူကာဘာရာဆီက သူသည် 'ဂေါ့
ဒ်ဖားသား' မိသားစုဂိုဏ်းတွင်
အနှိမ်ခံနေရသဖြင့် မကျေနပ်ကြောင်း၊ မိမိမှာစိ
တ်ကျဆင်းနေကြောင်း၊ သူ့ကို မတရား 'နှိမ်'
ထားခြင်း အတွက် စိတ်ညစ်နေကြောင်း စသဖြ
င့် ထိုမိန်းကလေးထံ ရင်ဖွင့်သလိုနှင့် ညည်းညူ
ပြောဆိုခဲ့၏။

လူကာဘာရာဆီသည် ရက်သတ္တတစ်ပတ်ခ
န့်မျှ ၎င်းမိန်းကလေးကိုပင် ညစဉ်ခေါ်၍ အမြဲ
တမ်း သူ့ဘဝကို မကျေနပ်ကြောင်းများ ပြောခဲ့
လေရာ ရှစ်ရက်မြောက်သောနေ့တွင် ညကလ
ပ် မန်နေဂျာဖြစ်သော ဘရူနိုတာတာဂလီယာ
က သူနှင့် စကားပြောဆို ဆွေးနွေးလိုကြောင်း
ချဉ်းကပ်လာတော့သည် ။

ဘရူနိုဆိုသူကား တာတာဂလီယာမိသားစု
ထံမှ သားငယ်ဆုံးဖြစ်သည် ။ ပြည့်တန်ဆာလု
ပ်ငန်းကို တိုက်ရိုက်မကိုင်တွယ်သော်လည်း နာ

မည်ကြီးဆုံး ညကလပ်ကို ဦးစီးကွပ်ကဲသူ ဖြစ်၏။

ပထမဆုံးအကြိမ် သူတို့ နှစ်ယောက် တွေ့ဆုံးရာဝယ် ဘာရှုနီက လူကာဘာရာဆီအား သူတို့ အုပ်စု အတွက် အလုပ်လုပ်လိုပါက လက်ခံရန် အသင့်ရှိကြောင်း ပြောလေသည် ။

လုပ်ရမည့် အလုပ်ကလည်း သူတို့ ၏ ကလပ်၌ အရက်မူးသမား၊ လူရမ်း၊ လူကြမ်းများ လာနှောင့်ယှက် သည့် အခါ 'ကာကွယ်' စောင့်ရှောက်ပေးရမည့် 'လူမိုက်' အလုပ်မျိုးပင် ဖြစ်သည် ။

လူကာဘာရာဆီသည် တစ်ဖက်မှ ကမ်းလှမ်းချက်ကို နားထောင်ရုံနားထောင်ပြီး မည်သို့မှ အဖြေမပေး ဘဲ စဉ်းစားနေဟန်ဖြင့် တစ်လခန့် အချိန်ကို ဆွဲခဲ့လေသည် ။

ဘာရှုနီ တာတာဂလီယာကလည်း မကြာမကာ လူချင်းတွေ့ဆုံတိုင်းဆွယ်လေ့ရှိသည် ။ လူကာဘာရာဆီ ကမူ စိတ်ညစ်နေခိုက် ပြည့်တန်ဆာမ ချောချောကလေးနှင့် တွေ့ပြီး စွဲလမ်းနေသူတစ်ယောက်အသွင် 'အိုက်တင်' လုပ်၍ စခန်းသွားနေခဲ့၏။

ဘာရှုနီတာတာဂလီယာသည်
အခွင့်သင့်တိုင်း ဆက်လက်၍ ဆွယ်နေရာ တစ်ကြိမ်တွင် လူကာဘာရာ ဆီက

"တစ်ခုတော့ ခင်ဗျားတို့ ရှင်းရှင်း နားလည်ထားစေချင်တယ်။ ကျုပ်က ခင်ဗျားဆီ အလုပ်ဝင်လုပ်ရင် တောင်မှ ကျုပ်ရဲ့ ဆရာကြီး 'ဂျေါဒ်ဖားသား' ကိုတော့ ဘယ်တော့မှ ရန်မပြုနိုင်ဘူး။ သူဟာ ကျုပ်အလွန်လေး စားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်"

ဟု ခပ်ပြတ်ပြတ် ပြောခဲ့၏။ ဤတွင် ဘရှနို ကလည်း လိုက်လိုက်လျောလျောပင်

"ဒါအတွက်တော့ စိတ်ချပါလေ။ ကျွန်တော်တို့ အဖေကြီးကလည်း ဒွန်ကော်လီယွန်မိသားစုကို အတိုက်အခံလုပ်မှာ မဟုတ်ပါဘူး။ မိသားစု အချင်းချင်း ပဋိပက္ခဖြစ်စရာလည်း အကြောင်းမှ မရှိတာ။ အခု ဟာက ခင်ဗျားဟာ အလုပ်သစ်တစ်ခုရှာနေခိုက် ကျွန်တော်တို့ ကလည်း ခင်ဗျားလို လူမျိုးတစ်ယောက်လိုနေလို့ ကမ်းလှမ်းတဲ့ သဘောသာဖြစ်တယ်။ ကျွန်တော်တို့ လုပ်ငန်းကလည်း မကြာခဏ လူရမ်းကားတွေနဲ့ ကြုံရတတ် တော့ ခင်ဗျားလို စိတ်ချရပြီး သတ္တိကောင်းတဲ့ လူတစ်ယောက် အမှန်လိုပါတယ်။ ခင်ဗျား စိတ်ဝင်စားမယ် ဆိုရင်တော့ ပြောပေါ့။ ကျွန်တော့် အဖေကြီး တစ်ဆင့် ပြောပေးပါ့မယ်"

ဟု ပြောလိုက်ရာ လူကာဘရာဆီက

"ဒီလိုဆိုတော့လည်း မဆိုးလှဘူးပေါ့"

ဟူသော စကားကို မယုတ်မလွန် ပြောခဲ့သည် ။ ထိုထက်ပို၍ ကား ဘာမှ အလောတကြီး မပြောခဲ့ချေ။ သို့သော် သူသည် ဝင်ငွေအလွန်ကောင်းသော မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်း အကြောင်းကို သိပြီး ဝင်ငွေ၏ ဝေစုအနည်းအကျဉ်းရရှိရန် စိတ်ပါဝင်စားသယောင်စကားကို အရိပ်အမြွက်ပြောခဲ့လေသည် ။ ထိုအတော အတွင်း လူကာဘရာဆီသည် သူ့ဆရာကြီး 'ဂေါ့ဒ်ဖားသား' ထံသို့ အခြေအနေ မည်သို့ရှိသည် ကို မှန်မှန်ကြီး လျှို့ဝှက်သတင်းပို့နေခဲ့သည် ။

အဘိုးကြီး သေနတ်ပစ်မခံရမီ တစ်ညတွင်ကား အခြေအနေ ထူးခြားလာတော့သည် ။ ထို

ညက လူကာ ဘရာဆီသည် ထုံးစံအတိုင်း က လပ်သို့သွား၍ ထိုင်အရက်သောက်နေစဉ် ဘရု နိုတာတာဂလီယာသည် ချက်ချင်း လိုပင် ရော က်ရှိ လာပြီး သူ၏ စားပွဲတွင် ဝင်ထိုင်လိုက်သ ည်။

"ဒီမယ်၊ ကျွန်တော့်ရဲ့ မိတ်ဆွေရင်းတစ် ယောက်က ခင်ဗျားနဲ့ စကားပြောချင်လို့ တဲ့"

"ဟုတ်လား၊ ဒါဖြင့် ခေါ်ခဲ့လေ။ ကျုပ်ကလ ည်း ခင်ဗျားရဲ့ မိတ်ဆွေဆိုရင် လက်ခံစကားပြောဖို့ အသင့် ပါပဲ"

လူကာဘရာဆီက ခပ်အေးအေးပင်ပြောလို က်ရာ ဘရုနိုသည် ခေါင်းခါ ပြလိုက်သည်။

"နိုးနိုး၊ အဲဒီ မိတ်ဆွေက ခင်ဗျားနဲ့ နှစ်ယော က်ချင်း ဘယ်သူမှ မရှိတဲ့ အချိန်မှာ တွေ့ချင် တာပါ"

"နေပါဦး၊ အဲဒီ မိတ်ဆွေက ဘယ်သူများ လ
"

"ကျွန်တော်တို့ နဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေ တစ်ယောက်ပါပဲ။ သူက ခင်ဗျားကို အလုပ်ကိ စ္စတစ်ခု ကမ်းလှမ်းလိုတယ်တဲ့။ ခုညပဲ နောက် ပိုင်းမှာ ခင်ဗျားမတွေ့နိုင်ဘူးလား"

"ဘယ်အချိန်လဲ၊ ဘယ်နေရာမှာ တွေ့ရမှာ လဲ"

"ဒီကလပ် မနက်လေးနာရီထိုးခါနီးမှာ ပိတ် တယ်။ အဲဒီ ပိတ်ချိန်လေးနာရီလောက် လူရှင်း တုန်း ဒီမှာ ပဲတွေ့ဆုံကြဖို့ စီစဉ်ချင်တယ်"

ဘရုနိုတာတာဂလီယာ၏ စကားကို ကြား လိုက်သည် တွင် လူကာဘရာဆီသည် တစ်ဖ က်အုပ်စုက သူ၏ နေ့စဉ်အလေ့အထများကိုပါ လေ့လာ စုံစမ်းနေခဲ့ကြောင်း ရိပ်မိလိုက်သည်။

နံနက်လေးနာရီအချိန်ကို ချိန်း ခြင်းက သိသာလှသည် ။ သူသည် 'ညလူ' ဖြစ်သည့် အလျောက် ညဘက်တွင် အိပ်လေ့မရှိ။ တစ်ညလုံး သွား လာလှုပ်ရှား 'အလုပ်' လုပ်ပြီး နံနက်အရုဏ်တက်ချိန်ကျမှ အိပ်ရာဝင်လေ့ရှိသည် ။

တစ်နေကုန်အိပ်ပြီး ညနေသုံးနာရီကျမှ ပင် ထတတ်သူ ဖြစ်သည် ။ ယခု သူတို့ က နံနက်လေးနာရီ တွေ့ ဆုံ စကားပြောရန် ချိန်းပုံကို ထောက်ခြင်းအားဖြင့် သူသည် ညဘက် အိပ်လေ့မရှိကြောင်း တစ်ဖက်မှ ကြိုတင် သိရှိထားမှန်း ထင်ရှားပြန်တော့သည် ။ မည်သို့ဖြစ်စေရန် လက်ခံ တွေ့ဆုံကြည့်မည်ဟု ဆုံးဖြတ်လိုက်သည် ။

"ကောင်းပြီလေ၊ မနက်လေးနာရီတိတိ ရောက်အောင် ကျုပ်ဒီကိုလာခဲ့ပါမယ်"

ဟု ပြောပြီး ပြန်ထွက်လာခဲ့လေသည် ။

ထိုနောက် လူကာဘာရာဆီသည် သူနေထိုင်သည့် အခန်းသို့ ပြန် လာပြီး အခြေအနေကို ပြန်လည် စဉ်းစား နေမိလေသည် ။

ယခု တွေ့ဆုံရန် ချိန်းလိုက်သော ဘာရုနို၏ 'မိတ်ဆွေ' ဆိုသူမှာ 'တူရကီ' ခေါ် ဆိုလိုဇိုပင် ဖြစ်ရမည်ဟု တထစ်ချတွက်မိသည် ။

ဆိုလိုဇိုက ယနေ့ည သူ၏ အကြံအစည်များကို ဖွင့်ပြောမည်ဆိုလျှင် လူကာဘာရာဆီအနေဖြင့် သူ့ဆရာကြီး 'ဂေါ်ဒ်ဖားသား'အား အလွန်အဖိုးတန်မည့် သတင်းများ အစီရင်ခံနိုင်လိမ့်မည် ဖြစ်သည် ။

တစ်နည်းအားဖြင့် ဆိုလိုဇို၏ လျှို့ဝှက် အကြံအစည်များ အကြောင်းကို သူက 'ဂေါ်ဒ်ဖားသား' အား ခရစ္စမတ် လက်ဆောင်အဖြစ်

ပေးနိုင်လိမ့်မည်ဟု တွက်မိသည်။

မည်သို့ပင်ဖြစ်စေ သူသည် အရာရာတွင် ကြိုတင်သတိရှိသူ ဖြစ်သောကြောင့် ဆိုလိုဇိုနှင့် တွေ့ဆုံရာ ၌ လည်း အလစ်မပေးရန် ဆုံးဖြတ်လိုက်သည်။

အငိုက်မိခြင်း မခံရလေအောင် ကြိုတင်ပြင်ဆင်သွားမည်ဟု စိတ်ကူးမိလေသည်။ ထို့ကြောင့် သူ၏ အခန်းထဲ ရောက်ရောက်ချင်း အဝတ်အစားများ ချွတ်၍ သေနတ်ကျည်ဆန် မပေါက်နိုင်သော သံချပ်ကာ ဆွယ် တာတစ်ထည်ကို အတွင်းမှ ဝတ်ပြီးမှ စွပ်ကျယ်အင်္ကျီကို ဝတ်လိုက်သည်။

ဤနည်းအားဖြင့် အလစ်တွင် ရန်သူဘက်က သေနတ်နှင့် ပစ်လျှင် ဘာမှ ဖြစ်နိုင်မည် မဟုတ်ချေ။ ထိုအချိန်၌ သူသည် 'ဂေါ်ဒ်ဖားသား' အိမ်သို့ ဖုန်းဆက်ပြီး သွားတွေ့ရမည့် အဖိုးအိုဦးကို ပြောမည်ကြံလိုက် သေးသည်။

သို့သော် အဘိုးကြီးသည် မည်သူနှင့် မှ တယ်လီဖုန်းဖြင့် စကားပြောလေ့မရှိကြောင်း တွေးမိပြန်သည်။ ထို့ပြင် ဆိုလိုဇိုအုပ်စုနှင့် ဆက်သွယ်ထောက်လှမ်းရန်ကိစ္စမှာ အဘိုးကြီးနှင့် သူတို့ နှစ်ယောက်သာ သိကြသည့် အထူးလျှို့ဝှက်ကိစ္စ ဖြစ်သောကြောင့် ယခုအခြေအနေကျမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မသိစေချင်သဖြင့် တယ်လီဖုန်းမဆက်ရန် ဆုံးဖြတ်လိုက်သည်။

လူကာဘရာဆီသည် သွားလေရာ သေနတ်တစ်လက် အမြဲပါအောင် ကိုင်ဆောင်တတ်သူ ဖြစ်သည်။

သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်လည်း ရ

လေသေး၏။ လိုင်စင်ရရေးအတွက် သက်ဆိုင်ရာသို့ လာဘ်ထိုး ကြိုးယူရလေရာ စုစုပေါင်း ဒေါ်လာငွေ တစ်သောင်းခန့်ပင် ကုန်ကျခဲ့သည် ဆို၏။

သို့ရာတွင် သူသည် 'ဂေါ်ဒ်ဖားသား' မိသားစုတွင် ထိပ်တန်းအကြမ်းဖက်သမားခေါင်းဆောင်ဖြစ်၍ အရေးအကြောင်းရှိလျှင် ရဲက လက်နက်မှုဖြင့် မဖမ်းနိုင်အောင် ထိုမျှငွေကုန်ကြေးကျခံကာ လိုင်စင်ယူပေးထား ခဲ့ခြင်းဖြစ်သည် ။

သူသည် ကလပ်သို့ပြန်အသွားတွင် နောက်ထပ် အရက်မသောက်တော့ချေ။ အရက်မမူးဘဲ ဦးနှောက် ကြည်လင် ဖျတ်လတ်စွာနှင့် ရန်သူဘက်မှ ကမ်းလှမ်းချက်ကို နားထောင်ပြီး ဂေါ်ဒ်ဖားသားထံ အစီရင်ခံမည်ဟု စိတ်ကူးထားလေသည် ။ အိမ်ကထွက်လာမှ [illegible] ရှိသဖြင့် လူကာဘာရာဆီသည် သူစားနေကျ ညလုံးပေါက် ဖွင့်သော အီတာလီစားသောက်ဆိုင်တစ်ဆိုင်သို့ဝင်၍ ညစာစားလိုက်ပြီးမှ ကလပ်ဘက်သို့ သွားလေသည် ။

ကလပ်အဝင်တွင် ကား ခါတိုင်းရှိနေကျ တံခါးစောင့်ပင် မရှိတော့။ အလုပ်သမားအားလုံး ပြန်သွား ကြကုန်ပြီဖြစ်ရာ သူရောက်သွားသွားချင်း ဘရူနိုတာတာဂလီယာ ကိုယ်တိုင် ဆီးကြို၍ အရက်ရောင်းသော 'ဘား' အနီးရှိ စားပွဲတစ်လုံးဆီသို့ ခေါ်သွားလေသည် ။

မရှေးမနှောင်းမှာ ပင် အခန်း၏ တစ်ဖက်မှ လျှောက်ဝင်လာသူ ဆိုလိုဇိုအား လှမ်းမြင်လိုက်ရသည် ။

ဆိုလိုဇိုသည် လက်ဆွဲနှုတ်ဆက်ရင်း

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားသိရဲ့လား" ဟု မေးလိုက်ရာ လူကာဘာရာဆီက ပြုံး၍ ခေါင်း ညိတ်ပြလိုက်သည် ။

သူ၏ စိတ်ထဲတွင် ကား တစ်နေ့ကျရင် ဒီသတ္တဝါကို ငါကိုယ်တိုင် သုတ်သင် ကွပ်မျက်မည်ဟု စဉ်းစား မိလေသည် ။

ထိုအချိန်၌ ဘာရှုနိုက ဆိုလိုဇို၏ ရှေ့တွင် အရက်ဖန်ခွက်တစ်လုံး လာချပေးပြီး လူကာဘာရာဆီကို လည်း ဘာအရက်သောက်မည်နည်းဟု မေးသောအခါ လူကာက ငြင်းလိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်နေလိုက်သည် ။

ဆိုလိုဇိုသည် ပြောစရာရှိသည် ကို တိုက်ရိုက်ပင် စတင်ပြောလေသည် ။

"ဒီမယ်၊ ကျုပ်တို့ က လုပ်ငန်းသစ်တစ်ခု စလုပ်ကြတော့မယ်။ အလုပ်ကတော့ ဒေါ်လာ သန်းချီပြီး ရနိုင်မယ့်အလုပ်မျိုးဖြစ်တယ်။ ပစ္စည်းပထမအသုတ် ရောက်လာတာနဲ့ ခင်ဗျားအတွက် ဝေစုဒေါ်လာ ငါးသောင်း ရမယ်လို့ အာမခံချက်ပေးပါမယ်။ ပစ္စည်းဆိုတာကတော့ မူးယစ်ဆေးဝါးပဲ"

ဆိုလိုဇိုက ခပ်သွက်သွက်ပြောလိုက်ရာ လူကာဘာရာဆီက ခပ်တည်တည်နှင့် ပင်

"ဒီကိစ္စကို ဘာဖြစ်လို့ ကျုပ်ကို လာပြောရတာလဲ။ အဘိုးကြီး ဂေါ်ဒ်ဖားသားကို တစ်ဆင့်ပြောပေး စေချင်လို့ လား" ဟု မေးလိုက်သည် ။

"ကျုပ်က အဘိုးကြီးနဲ့ လည်း တွေ့ပြီးပါပြီ။ သူက လုံးဝစိတ်မဝင်စားဘူးလို့ ပြောလိုက်တယ်။ ခင်ဗျား ကို ပြောရတာက ကျုပ်တို့ အလုပ်

လုပ်ရာမှာ ဒေါးရန်အလွန်များ တာမို့ ခင်ဗျား လို သတ္တိကောင်းကောင်း လက်ရဲဇက်ရဲ လူတစ်ယောက်ကို လုံခြုံရေးအတွက် အစောင့်အရှောက်ထားချင်တယ်။ ပြီးတော့ ခင်ဗျားက ဟို မယ် အလုပ်လုပ်ရတာ မပျော်ဘူးကြားလို့ ပါ"

ဆိုလိုဇိုက ဆက်ပြောသောအခါ လူကာဘရာဆီက

"ဒါတော့ ခင်ဗျားတို့ ဘက်က ပေးမယ့်အခွင့်အရေးက အလွန်ကောင်းမှ ဖြစ်မှာ ပေါ့"

ဟု ပင် ပြောလိုက်သည် ။

ထိုအချိန်၌ ဆိုလိုဇိုသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် သူ၏ လက်တစ်ဖက်ကို စားပွဲပေါ်သို့ တင်လိုက်သည် ။ လူကာဘရာဆီက မမြင်ချင်ဟန်ဆောင်ပြီး ဆေးလိပ်သောက်ချင်သလိုနှင့် စီးကရက်တစ်လိပ် ကို ဖွာရှိုက် နေလိုက်သည် ။ ဤတွင် အရက်ပုလင်းများ ထားသော ဘားအနီးမှ ဘရူနိုသည် ဓာတ်မီးခြစ်တစ်လုံး ကို ကိုင်၍ အနီးသို့ ကပ်လာသည် ။ သို့သော် ထူးဆန်းသည် ကား ဘရူနိုသည် မီးခြစ်ကို ရုတ်တရက် လွှတ်ချ လိုက်ပြီး လူကာဘရာဆီ၏ လက်တစ်ဖက်ကို အတင်းဆုပ်ကိုင် ဖမ်းချုပ်လိုက်ရာ လူကာလည်း ချက်ချင်းပင် ရိပ်မိလျက် ရုန်းထွက်မည်အပြု သူ၏ အခြားလက်တစ်ဖက်ကို ဆိုလိုဇိုက လျှင်မြန်စွာ ဖမ်းလိုက်ပြန်၏။

သို့ဖြစ်လင့်ကစား ဘူကာဘရာဆီသည် ခွန်အားဗလကောင်းသူဖြစ်၍ လူနှစ်ယောက်၏ လက်မှ အတင်းရုန်းလေရာ လွတ်ထွက်မည့် ဆဲဆဲ မှောင်ရိပ်ထဲမှ လူတစ်ယောက် ပေါ်

လာပြီး ပိုးကြိုးတစ်ချောင်းဖြင့် လည်ပင်းကို စွပ်လိုက်ကာ တအားဆွဲလိုက်သဖြင့် လူကာမှာ အသက်မရှူနိုင်အောင် ဖြစ်သွားတော့သည် ။ လည်ပင်းကို တင်းကျပ်သည် ထပ် တင်းကျပ်အောင် ကြိုးကွင်းစွပ်လိုက်ခြင်းကြောင့် လူကာဘရာဆီသည် ဆက် လက်မရုန်းနိုင်တော့ချေ။ ခဏချင်းမှာ ပင် မျက်လုံးကြီးများ ပြူးထွက်လာကာ အသက်ပျောက်သွားတော့ သည် ။ လူကာဘရာဆီ၏ မျက်နှာကား အလွန်အမင်း အံ့အားသင့်သော အမူအရာမျိုး ဖြစ်နေလေသည် ။

ထိုအခါမှ ဆိုလိုဇိုက...

"ဒီကောင့်အလောင်းကို လောလောဆယ် ဘယ်သူမှ မတွေ့စေချင်ဘူး။ ကြည့်သာ လုပ်လိုက်ပေတော့"

ဟု အမိန့်ပေးပြီး ထွက်သွားလေသည် ။

*

## ၈

"ဂေါ်ဒ်ဖားသား" သေနတ်ပစ်ခံရပြီးသည့်နောက်တစ်နေ့ကား

ဒွန်ကော်လီယွန်မိသားစုများ နှင့် ဂိုဏ်း ဝင်အားလုံးအဖို့ အလွန်အလုပ်များကြသောနေ့ပင်တည်း။ မိုက်ကယ်လ်သည် တယ်လီဖုန်းနားတွင် ထိုင်တာဝန် ယူ၍ လာသမျှ ဖုန်းသတင်းများကို ဆန်နီထံသို့ တစ်ဆင့်ပြောဆိုတင်ပြခြင်း၊ ဆန်နီ၏ မှာ ကြားချက်အတိုင်း ဖုန်းပြန်ဆက်ခြင်းဖြင့် အလုပ်ရှုပ်လျက် ရှိလေသည် ။ တော်မီဟောဂင်ကမူ ဆိုလိုဇိုနှင့် [illegible] ညှိနှိုင်းရေး အတွက် နှစ်ဖက်အုပ်စုမှ [illegible] င့်ခံမည့် ကြားဝင်စေ့စပ်ရေးသမား ကောင်းကောင်း တစ်ဦးကို စုံစမ်းရှာဖွေလျက် ရှိသည် ။ သို့ရာတွင် ဆိုလိုဇိုသည် ဘယ်လိုမှ ဆက်သွယ်၍ မရအောင် တစ်နေရာရာတွင် ရှောင်နေပုံရလေသည် ။

သည် ဘက်အုပ်စုမှ ခေါင်းဆောင်များ ဖြစ်သူ ကလီမင်ဇာနှင့် တက်ဆီယိုတို့ က ၎င်းတို့၏ လူများ နှင့် တကွ သူ့နောက်သို့ ခြေရာခံလိုက်နေကြကြောင်းကို ရိပ်မိ၍ ရှောင်နေခြင်းလည်း ဖြစ်နိုင်ပေသည် ။ ဆိုလိုဇိုသာ မက 'တာတာဂလီယာ' မိသားစုမှ ထိပ်ပိုင်းအရေးပါသူအားလုံးသည် လည်း ရှာမတွေ့အောင်ပင် ပျောက်ချက် သားကောင်းနေကြ၏။ ဒါကိုဆန်နီက

မအံ့သြမိချေ။ ရန်သူအနေဖြင့် ဤသို့ ကြိုတင်ကာကွယ်မှုများ ပြုလုပ် မည်ဟု သူကိုယ်တိုင်တွက်ချက်ထားပြီး ဖြစ်လေသည် ။

လူရင်းများ အနက် ကာလီမင်ဇာကို ပေါ်လီဂတ်တိုး ကိစ္စဆောင်ရွက်ရန် တာဝန်ပေးထားပြီးဖြစ်၏။ တက်ဆီယို ဆိုသူကား လူကာဘာရာဆီအား လိုက်ရှာရန် ကြိုးစားနေ၏။ လူကာဘာရာဆီသည် အဘိုးကြီး သေနတ်ပစ်မခံရမီ တစ်ညမှ စ၍ သူ့အိမ်သို့ ပြန်မအိပ်ကြောင်း သိရသဖြင့် ကောင်းသောသတင်း မဟုတ်ဟု ယူဆဖွယ်ရာရှိ၏။ ဆန်နီ ကိုယ်တိုင်ကမူ လူကာဘာရာဆီသည် သူတို့ အပေါ် သစ္စာဖောက်သွားခြင်း၊ ရန်သူ၏ လက်ချက်ဖြင့် အလစ်တွင် ခံလိုက်ရခြင်းမျိုး လုံးဝမဖြစ်နိုင်ဟု တထစ်ချ ယုံကြည်ထားလေသည် ။



ဘွားကြီးကား ဆေးရုံနှင့် နီးနီးနားနား ရှိစေရန် မြို့တွင်းရှိ ရင်းနှီးသော မိတ်ဆွေများ နှင့် အတူနေထိုင်လျက်ရှိ၏။ အဘွားကြီးနှင့် အတူ သမီး "ကော်နီ"သည် လည်း အဖော် ရစေရန် နေထိုင်လျက်ရှိသည် ။ ကော်နီ၏ ယောကျ်ား "ကာလို" က သူ့ကိုတာဝန်ပေးစရာရှိလျှင်ပေးရန် လာပြောသော်လည်း ဆန်နီက ကာလို၏ မူလအလုပ်ဖြစ်သော လောင်းကစားဒိုင်လုပ်ငန်းကိုပင် အာရုံစိုက် လုပ် နေရန် ပြောလွှတ်လိုက်၏။

သားလတ် "ဖရက်ဒို" မှာ စိတ်တုန်လှုပ်ချောက်ချားခြင်း မပျောက်သေးသဖြင့် အဘိုးကြီးအိမ်ရှိ သူ၏ အခန်းမှာ အနားယူကာ ဆရာဝန်ညွှန်ကြားချက်ဖြင့် စိတ်ငြိမ်ဆေးများ သောက်နေ

ရလေသည် ။

ထိုနေ့ မွန်းလွဲပိုင်း ဟောလီဝုဒ်ရှိ ဂျော်နီဖွန်တိန်းထံမှ တယ်လီဖုန်းလာသဖြင့် မိုက်ကယ်လ်က အကြောင်းကြားလိုက်သောအခါ ဆန်နီကိုယ်တိုင် ဖုန်းကိုယူ လာပြီး စကားပြောလေသည် ။

"ဟဲလို ဂျော်နီလား၊ ဆန်နီပါကွ၊ ဘာပြောတယ်၊ မင်းကိုယ်တိုင် အဘိုးကြီးကို လာကြည့်ချင်တယ် ဟုတ်လား။ မလိုပါဘူး။ မလာပါနဲ့ ဂျော်နီရာ။ အဘိုးကြီးက စကားကောင်းကောင်း ပြောနိုင်သေးတာ မဟုတ် ဘူး။ ပြီးတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်း ဒီကိုလာရင် မင်းအတွက် ရုပ်ရှင်လုပ်ငန်းမှာ နာမည်ထိခိုက်စရာ ရှိ တယ်။ ရုပ်ရှင်ပရိသတ်က တစ်မျိုးအထင်မှားသွားနိုင်တယ်။ အဘိုးကြီးကိုယ်တိုင်ကလည်း မင်း နယူးယောက် ကို ပြေးလာမှာ ကို သဘောကျမှာ မဟုတ်ပါဘူး။ "ဂေါ်ဒ်ဖားသား" နေကောင်းလို့ ဆေးရုံက ပြန်ဆင်းနိုင်တဲ့ အချိန်ထိ စောင့်စေချင်တယ်။ ကောင်းပြီလေ။ ဂျော်နီက အခုလို ဖုန်းဆက်သတင်းမေးကြောင်းကိုတော့ အဘိုးကြီးကို တို့ ပြောလိုက်ပါမယ်"

ဟု ပြောပြောဆိုဆို ဆန်နီသည် ဖုန်းပြန်ချလိုက်ပြီး မိုက်ကယ်လ်ဘက်သို့ လှည့်၍

"ဂျော်နီက ဟောလီဝုဒ်ကနေပြီး ဒီကိုပြေးလာမယ်ဆိုတာ သိရရင် အဘိုးကြီးတော့ ဝမ်းသာသွားမှာ ပဲ"

ဟု ပြောလိုက်သည် ။

ထိုနေ့ ညနေပိုင်းမှာ ပင် မိုက်ကယ်လ်ထံ သူ၏ ချစ်သူ "ကေး" က ဖုန်းဆက်စကားပြော

လေသည်။

"ကေး" က အဘိုးကြီး အခြေအနေ သတင်း မေးပြီးနောက် မိုက်ကယ်လ်နှင့် အတူ ဆေးရုံသို့လိုက်ကြည့် လိုကြောင်း ပြောလေရာ မိုက်ကယ်လ်က သဘောကျဟန်ဖြင့် ရယ်မောလိုက်သည်။

"ဒီလိုရှိတယ်ကွဲ့၊ တကယ်လို့ မင်းက အဘိုးကြီးကို ဆေးရုံမှာ လာကြည့်တာကို သတင်းထောက် တွေက သိသွားရင် အကြီးအကျယ် ဋ္ဌီကာချဲ့ ရေးကြလိမ့်မယ်၊ 'ကေး' လူကုံထံသမီးတစ်ဦးက မာဖီးယားလူ ဆိုးဂိုဏ်း ခေါင်းဆောင်ကြီးရဲ့ သားနဲ့ မရှင်းမရှင်း ဖြစ်နေပုံရတယ်လို့ သတင်းစာထဲ ပါလာရင် မင်းမိဘတွေက ဘာထင်မလဲ"

"ဒါထက် မိုက်ကယ်လ်အတွက်လည်း စိုးရိမ်ပါတယ်။ ရှင်တော့ ဘေးရန်မရှိပါဘူးနော်"

ကေးက တကယ်ပင် စိုးရိမ်ပူပန်ဟန်ဖြင့် ပြောလိုက်ရာ မိုက်ကယ်လ်က

"စိုးရိမ်စရာ မရှိပါဘူး။ ဒွန်ကော်လီယွန် မိသားစုထဲမှာ ကိုယ့်ကို မိန်းမလျာတစ်ယောက်လိုပဲ တခြားဂိုဏ်းတွေက ယူဆထားကြတယ်။ ဒါကြောင့် ကိုယ့်ကိုတော့ ဘယ်နည်းနဲ့ မှ ရန်ရှာကြမယ် မဟုတ်ပါ ဘူး။ နောက်ထပ်လည်း အခုလို ပစ်ခတ်သတ်ဖြတ်မှုမျိုးတွေ ရှိမယ် မထင်ပါဘူး။ နောက်မှ ကိုယ် အေးအေးဆေးဆေး ရှင်းပြပါ့မယ်"

ဟု နှစ်သိမ့် ပြောဆိုလိုက်သည်။

"ကေး" က တစ်ဖန်ဆက်၍

"အေးအေးဆေးဆေး ဆိုတော့ ဘယ်တော့

မှ ရှင့်ကိုတွေ့ရမှာ လဲ”

ဟု ညတုတု ပြောလိုက်ပြန်သည် ။ ဤတွင် မိုက်ကယ်လ်သည် ခေတ္တမျှ စဉ်းစားနေလိုက်ပြီးနောက်

“ဒီနေ့ည မိုးချုပ်ရင် လာခဲ့မယ်လေ။ ကေး အခုတည်းခိုနေတဲ့ ဟိုတယ်အခန်းကို ကိုယ် လာခဲ့မယ်။ တို့ နှစ်ယောက်သား ညစာအတူ စားကြတာပေါ့။ ကိုယ်လည်း ဒီအိမ်ကြီးမှာ ဆက်တိုက်နေရတာ နည်းနည်း ငြီး ငွေ့ လာပြီ၊ ဒါကြောင့် ညဘက် ဆေးရုံမှာ အဘိုးကြီးကို သွားမကြည့်ခင် ကေးဆီကို လာခဲ့မယ်။ ဒီအကြောင်းကို ဘယ်သူကိုမှ မပြောပါနဲ့ ။ တော်တော်ကြာ သတင်းထောက်တွေ အနံ့ရသွားရင် တို့ နှစ်ယောက်ကို ဓာတ်ပုံတွေ ရိုက်ယူနေကြဦးမယ်၊ ညသာ ဆက်ဆက်မျှော်နေပါ။ လာခဲ့မယ်”

ဟု ကတိပေးပြီး ချိန်း လိုက်လေသည် ။

ကလီမင်ဇာသည် အိမ်ကြီးအတွင်းသို့ ဝင်လာပြီးနောက် မိုက်ကယ်လ်အား နှုတ်ဆက်ရုံ ဆက်လျက် မီးဖိုချောင်ထဲ ဝင်သွားလျက် သူဝါသနာပါသော အီတာလျံ အစားအစာများ ဝင်၍ ချက်ပြုတ်နေလေသည် ။

မိုက်ကယ်လ်က အဘိုးကြီး ရုံးခန်းထဲ ဝင်သွားသောအခါ ဆန်နီနှင့် တော်မီဟေဂင် တို့ ရှိနေကြသည် ။ ကလီမင်ဇာ ရောက်နေကြောင်း သတင်းပေးလိုက်သောအခါ ဆန်နီက ချက်ချင်းသွားခေါ်ခိုင်းသဖြင့် မကြာမီ ရုံးခန်းထဲ၌ လေးယောက်သား စုမိကြလေသည် ။

ဆန်နီသည် ကလီမင်ဇာအား လှမ်းကြည့်၍

"ဟိုကောင်ကိစ္စ ပြီးသွားပလား"

ဟု မေးလိုက်ရာ ကလီမင်ဇာက ခပ်တည်တည်နှင့် ပင်

"နောက်ထပ် သူကို ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး "

ဟု ဖြေလိုက်သည် ။

ထိုစကား အမေးအဖြေကို ကြားလိုက်ရသည် တွင် မိုက်ကယ်လ်မှာ ရုတ်တရက် တုန်လှုပ်သွားမိ လေသည် ။

ဆန်နီနှင့် ကလီမင်ဇာတို့ ပြောနေကြသည်မှာ ပေါ်လီဂတ်တိုး အကြောင်းပင်ဖြစ်၍ ပေါ်လီအား လူဝကြီး ကလီမင်ဇာက သွေးအေးအေးဖြင့် သတ်ပစ်လိုက်ပြီဖြစ်ကြောင်း အဓိပ္ပာယ်ရသည် ဟု မိုက်ကယ်လ် သည် ချက်ချင်းရိပ်မိသဖြင့် တုန်လှုပ်သွားမိခြင်း ဖြစ်ပေသည် ။

ဆန်နီသည် ဟောဂင်အား ဆိုလိုဇိုနှင့် အဆက်အသွယ် ရ မရမေးသောအခါ တော်မီဟောဂင်က

"ဆက်သွယ်လို့ မရသေးဘူး။ ဒီလူက ဘာကြောင့် အခုလို ရှောင်နေမှန်းကို မသိဘူး။ တကယ်တော့ သူ့အနေနဲ့ အခုအချိန်ဟာ ဒီဘက်နဲ့ စေ့စပ်ဖို့ အကောင်းဆုံးအချိန် ဖြစ်တယ်ဆိုတာ သိရမယ်"

ဟု ပြောလိုက်သည် ။

ထိုအခါ ဆန်နီက သူ၏ ထင်မြင်ချက်ကို ဖွင့်ပြောလေသည် ။

"ဆိုလိုဇိုက ခေသူ မဟုတ်ဘူး ဗျ။ ကျုပ်တို့ ယှဉ်ပြိုင်ရတဲ့ လူတွေထဲမှာ အပါးနပ်ဆုံး၊

အလျှင်ဆုံး လူတစ်ယောက်ပဲ၊ အခု ရောင်နေ တာက အဘိုးကြီး ဆေးရုံက ဆင်းတဲ့ ထိအော င် အချိန်ကို ဆွဲနေတာလည်း ဖြစ်နိုင်တယ်"

"ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ ဆိုလိုဖို့ ဟာ သူ့လုပ်ငန်းအကောင်အထည် ဖော်ဖို့ ရာ အတွက် ဒီဘက်ကို မဆက်သွယ်လို့ ကို မဖြစ် ဘူး။ မနက်ဖြန်ကျရင် ကျုပ် ထပ်ကြိုးစားပြီး ဆက်သွယ်ကြည့်ပါဦးမယ်"

ဤသို့ တော်မီဟောဂင်က ပြောလိုက်ချိန်မှာ ပင် ဂိုဏ်းသားလူငယ်တစ်ယောက် ဝင် လာပြီး ပေါ်လီဂတ် တိုးတစ်ယောက် သူ၏ မော်တော် ကားထဲတွင် သေနေသည် ကို ရဲများကတွေ့ရှိကြောင်း ရေဒီယိုသတင်းမှ ယခု ပင် ကြေညာလိုက်သည် ဟု လာရောက် သတ င်းပို့လေသည်။

ကလီမင်ဇာ ခေါင်းညိတ်၍

"ကိစ္စမရှိပါဘူး။ မင်းတို့ ဒါအတွက် ဘာမှ စိုးရိမ်မနေနဲ့"

ဟု ခပ်အေးအေး ပြန်ပြောလိုက်သောအခါ ထိုလူငယ်မှာ ရုတ်တရက် အံ့အားသင့်သွားပြီး မှ အဓိပ္ပာယ် ကို နားလည်ဟန်ဖြင့် ပြန်ထွက် သွားလေသည်။

"ဒါထက် ဆေးရုံမှာ အဘိုးကြီး အခြေအနေ ဘာထူးသေးသလဲ"

ဆန်နီက တော်မီအား လှမ်းမေးလိုက်ပြန် သည်။

"အခြေအနေက မဆိုးပါဘူး။ ဒါပေမဲ့ နော က်ထပ် နှစ်ရက်လောက်အတွင်း သူဟာ စကား ပြောနိုင် သေးမှာ မဟုတ်ဘူး။ ခွဲစိတ်ကုသပြီး

တဲ့ နောက် ပြန်ပြီး အားအင်ပြည့်အောင် အနား ယူနေရတဲ့ သဘောရှိတယ်။ အဘွားကြီးနဲ့ သူ့ သမီး ကော်နီတို့ လည်း ဆေးရုံမှာ အမြဲလိုလို ရှိနေကြတယ်။ ဆေးရုံမှာ ရဲတွေ၊ စုံထောက်တွေ အများကြီးပဲ၊ တက်ဆီယိုရဲ့ တပည့်တွေကလည်း လုံခြုံရေးအတွက် စောင့်နေကြပါတယ်။ နောက်ထပ် နှစ်ရက် လောက် ကြာရင်တော့ အဘိုးကြီးက ကျုပ်တို့ ဘာလုပ်ရမယ်ဆိုတာ ညွှန်ကြားချက် ပေးနိုင်ပါလိမ့်မယ်။ ဒီအတော အတွင်းမှာ ဆိုလိုဇိုက မိုက်မိုက်ကန်းကန်း တစ်ခုခု မလုပ်နိုင်အောင် ကျုပ်တို့ က ကြိုတင် ကာကွယ် ထားဖို့ အရေးကြီးတယ်။ ဒါကြောင့် ကျုပ်အနေနဲ့ ဆိုလိုဇိုနဲ့ ဆက်သွယ်စေ့စပ်ဖို့ တိုက်တွန်းရခြင်းဖြစ်တယ်"

တော်မီဟေဂင်က အကျိုးအကြောင်း ပြောလိုက်ရာ ဆန်နီသည် မျက်နှာပယား တင်းမာစွာဖြင့်

"သူက စတင်ပြီး မဆက်သွယ်မချင်း ကလီမင်ဇာနဲ့ တက်ဆီယိုတို့ က ဆိုလိုဇိုလိုက်ရှာနေကြမှာ ပဲ ကံကောင်းရင် ကျုပ်တို့ဟာ ကိစ္စတစ်ခုလုံး ပြီးပြတ်သွားအောင် ရှင်းနိုင်ကောင်း ရှင်းနိုင်မယ်"

ဟု ပြော လိုက်လေသည် ။ သို့သော် တော်မီကမူ ဆန်နီပြောသလို သဘောတူပုံ မရချေ။

"မထင်နဲ့ ဆန်နီ၊ ကိုယ့်လူတို့ ထင်သလို ကံကောင်းမှာ မဟုတ်ဘူး ။ ဆိုလိုဇိုက အလွန်ပါးနပ်တဲ့ လူ။ စေ့စပ်ဆွေးနွေးကြရင် သူ့အနေနဲ့ ဒီဘက်က ချမှတ်ပေးတဲ့ မူကို လက်ခံရမယ် ဆိုတာလည်း သူသိတယ်။ ဒါကြောင့် အခုချိန်မှာ ဆိုလိုဇိုဟာ နယူးယောက်မြို့က တခြားမိသား

စုဂိုဏ်းတွေရဲ့ ထောက်ခံအားပေးမှုရအောင် လိုက်ကြိုးစား စည်းရုံးနေတယ်ထင်တာပဲ။ ရည်ရွယ်ချက်ကတော့ အဘိုးကြီး ဆေးရုံက ပြန်ဆင်း လာပြီးတဲ့ နောက် သူ့ကို လိုက်ကလဲ့စားချေဖို့ အမိန့်ပေးရင် တခြားဂိုဏ်းတွေ ဝင်ကူညီတားဆီးပေးအောင်ပဲ"

တော်မီ၏ စကားကို ဆန်နီသည် ကောင်းစွာ သဘောပေါက်ဟန်မတူဘဲ

"နေပါဦး၊ တခြားမိသားစုဂိုဏ်းတွေက ဘာကိစ္စ ဝင်တားရမှာ လဲ"

ဟု ပြန်မေးလိုက်သည်။

"ဘာကြောင့် ဆိုတာ ရှင်းပြပါမယ်။ တခြားမိသားစုဂိုဏ်းတွေအနေနဲ့ ဂိုဏ်းအချင်းချင်း တိုက်ပွဲဖြစ် တာကို မလိုလားကြဘူး။ ဒီလို ဂိုဏ်းတိုက်ပွဲဖြစ်ရင် အားလုံးရဲ့ စီးပွားရေးကို ထိခိုက်လို့ ပါပဲ။ နောက်ပြီး ဆိုလိုဇိုရဲ့ မူးယစ်ဆေးဝါးအလုပ်ကို သူတို့ တွေက မျက်စိကျနေတယ်။ ဒွန်ကော်လီယွန်မိသားစုက လောင်း ကစားဝိုင်းတွေကို ချုပ်ကိုင်ထားလို့ ငွေကြေးပြည့်စုံပေမယ့် တခြားမိသားစုတွေမှာ ငွေလိုနေတယ်။ ဒါကြောင့် ဆိုလိုဇို ရှိနေရင် သူတို့ အတွက် ငွေဝင်ပေါက် ဖြစ်နိုင်တာမို့ ဆိုလိုဇိုသေတာကို သူတို့ က လက်ခံမှာ မဟုတ်ဘူး"

တော်မီက ရှင်းပြလိုက်ရာ ဆန်နီသည် ကျေနပ်ပုံ မရချေ။

"အို၊ ဘာပဲဖြစ်ဖြစ် ကျုပ်က ဂရုမစိုက်ဘူး၊ တခြားမိသားစုတွေက ကျုပ်တို့ တိုက်ပွဲမှာ ဝင်မရှုပ်ရင် ကောင်းမယ်"

ဟု မခံချင်ဟန်ဖြင့် ပြောပြသဖြင့် တော်မီက ဒေါသမကြီးရန် ဖျောင်းဖျပြောဆိုလိုက်ရ

လေသည်။

ထိုအခိုက် ဆန်နီသည် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် တက်ဆီယိုဘက်သို့လှည့်၍

"ဒါထက် လူကာဘာရာဆီအကြောင်း ဘာသတင်းထူးသေးသလဲ"

ဟု မေးလိုက်ရာ တက်ဆီယိုက

"ဘာသတင်းမှ မရသေးဘူး။ ကေနွှဆိုလိုဗိုက ဆွဲထားပြီနဲ့ တူတယ်"

ဟု ပြောလိုက်သည်။ ဤတွင် တော်မီဟောဂင်က ဝင်၍

"ကျုပ်ကို ဆိုလိုဗိုက ဆွဲသွားတုန်းက သူဟာ လူကာဘာရာဆီကို လုံးဝစိုးရိမ်ပုံ မရဘူး။ ဒါဟာ တော်တော်လေး ဆန်းနေတယ်။ သူ့အနေနဲ့ လူကာဘာရာဆီကို တစ်နည်းနည်းနဲ့ ဖယ်ရှားသုတ်သင်ပစ်ပြီးလို့ များ ခပ်မအေးအေး ဖြစ်နေသလား မပြောတတ်ဘူး"

ဟု ဝင်ပြောလိုက်သည်။ ဆန်နီကမူ

"လူကာဘာရာဆီဟာ သစ္စာဖောက်ပြီး ရန်သူ့ဘက်ကနေ တိုက်မှာ တစ်ခုပဲ ကျုပ် စိုးရိမ်မိတယ်"

ဟု ပြောလိုက်သဖြင့် ကလီမင်ဇာက သူ၏ ထင်မြင်ချက်ကို ပြောပြလေသည်။

"လူဆိုတာတော့ သစ္စာဖောက်နိုင်တာချည်းပဲပေါ့။ ပေါလီဂတ်တိုးရဲ့ နမူနာကိုသာ ကြည့်လေ။ ဒါပေမဲ့ လူကာဘာရာဆီကတော့ လူတစ်မျိုးဖြစ်တယ်။ သူဟာ လောကကြီးတစ်ခုလုံးမှာ 'ဂေါ့ဒ်ဖားသား' တစ်ယောက် တည်းကို လေးစားတယ်။ ကြည်ညိုတယ်။ ကြောက်လည်း ကြောက်တယ်။ တခြား

ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး။ အင်မတန်မှ ပါးနပ်တဲ့ လူလည်း ဖြစ်တယ်။ သူဟာ အလစ်ခံရမယ့် လူစားမျိုးလည်း မဟုတ်ဘူး ။ အမြဲတမ်း သတိရှိသူလည်း ဖြစ်တယ်။ အခု သူ ပျောက်နေတာက တစ်နေရာကို ခရီးထွက်သွားတာ ဖြစ်ပါလိမ့်မယ်။ မကြာခင်ပဲ သူ့ဆီက သတင်းကြားရလိမ့်မယ်လို့ ထင်ပါတယ်"

"ပေါလီဂတ်တိုး အကြောင်းကိုတော့ ဆိုလိုဇိုက ကြားပြီးရောပေါ့။ သတင်းကြားရင် သူ ဘယ်လိုသဘောထားမယ် ထင်သလဲ"

ဆန်နီက မေးလိုက်သောအခါ ကာလီမင်ဇာကပင်

"သူနည်းနည်းတော့ တုန်လှုပ်သွားမှာ ပါ။ ဒန်ကော်လီယွန် မိသားစုဟာ သူထင်သလောက် မညံ့ဘူးဆို တာ လက်တွေ့ပြလိုက်ရာလည်း ရောက်မယ်"

ဟု ပြော လိုက်လေသည် ။ ဤတွင် ဆန်နီက သူ၏ ယူဆချက်ကို ဆက်လက်၍ ဖွင့်ပြောပြန်သည် ။

"ဆိုလိုဇိုကို အထင်သေးလို့ မရဘူး။ သူဟာ အခုလုပ်ကြံမှုကို တော်တော် အချိန်ကြာကြာ ယူပြီး ကြိုတင်ပြင်ဆင်ခဲ့တာ ဖြစ်ရမယ်။ အဘိုးကြီး နေ့စဉ် အလုပ်တိုက်သို့ သွားချိန် ပြန်ချိန်များကိုလည်း နေ့စဉ် ရက် ဆက် နောက်ယောင်ခံ လေ့လာစုံစမ်းခဲ့မယ် ထင်တယ်။ နောက်ပိုင်းကျမှ ပေါလီဂတ်တိုးကို ငွေနဲ့ ပေါက်ပြီး ဝယ်လို့ စည်းရုံးခဲ့တယ်။ လူကာဘရာဆီလည်း ပါသွားပလား မပြောတတ်ဘူး။ နောက်တစ်ခါ တော်မီကို လွယ်လွယ်ကလေး ပြန်ပေးဆွဲနိုင်ခဲ့တယ်။ သူတို့ လုပ်ချင်တာတွေ အကုန်လုံး ကွ

က်တိလုပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ သူတို့ အဖို့ ကံဆိုးချင်တော့ အဘိုးကြီး မသေဘဲ ဖြစ်သွားတယ်။ သူ့ငှားခိုင်းတဲ့ ကြေးစားသေနတ်သမားတွေက အဘိုးကြီးရဲ့ လှုပ်ရှားမှု မြန်လွန်းလို့ သေလောက်အောင် ချက်ကောင်းမပစ်နိုင်ခဲ့ကြဘူး။ တကယ်လို့ အဘိုး ကြီးသာ သေသွားခဲ့ရင် ကျုပ် သူတို့ ဘက်နဲ့ စေ့စပ်ရမယ့် အခြေအနေမျိုး ဖြစ်လာမှာ မို့ ဆိုလိုဇိုဟာ လုံးလုံး အောင်ပွဲခံနိုင်မှာ ဖြစ်တယ်။ ဒါဟာ သူ ကံဆိုးတာပဲ။ သို့သော် ဒီလူကို အထင်သေးလို့ မရဘူး ဆိုတာတော့ ထင်ရှားတယ်"

ယင်းသို့ ဆန်နီက ရှင်းလင်းပြောပြလိုက်ချိန်မှာ ပင် တပည့်တစ်ယောက်က မီးဖိုချောင်မှ စားသောက် ဖွယ်များ ယူလာပေးသဖြင့် သူတို့အားလုံးသည် စားရင်းသောက်ရင်းနှင့် ပင် ဆက်လက်၍ တိုင်ပင်ဆွေးနွေးကြ လေသည်။

မိုက်ကယ်လ်က ဆိုလိုဇိုသည် နောက်ထပ်ရန်ပြုရန် ကြံစည်မည်ကို စိုးရိမ်ရကြောင်း ဝင်ပြောသောအခါ ကလီမင်ဇာက

"ဒါအတွက်တော့ လုံးလုံးစိုးရိမ်မနေပါနဲ့ ။ ဆိုလိုဇိုဟာ ဒီအိမ်ကြီးထဲဝင်ဖို့ ဝေးလို့ အနားတောင် ကပ်လို့ ရမှာ မဟုတ်ဘူး "

ဟု ရဲတင်းစွာ ပြောလိုက်သည် ။

ဆန်နီသည် တက်ဆီယိုဘက်သို့ လှမ်း၍

"ဆေးရုံမှာ ကော လုံခြုံရေးအခြေအနေ စိတ်ချရရဲ့ လား"

ဟု မေးလိုက်ရာ တက်ဆီယိုက

"စိတ်ချရပါတယ်။ ကျွန်တော့်လူတွေကို ဆေးရုံအတွင်းမှာ ရော အပြင်မှာ ရော ၂၄ နာ

ရှိလုံးလုံး အချိန်ပြည့် အစောင့်ချထားပါတယ်။ ရဲတွေ စုံထောက်တွေလည်း အများကြီးပဲ။ နောက်တစ်ချက်က လောလောဆယ် အဘိုးကြီးကို ဆရာဝန်က ဘာအစာမှ မကျွေးသေးတော့ အစားအသောက်ထဲ အဆိပ်ခတ်မှာ မစိုးရိမ်ရဘူး။ ဆိုလိုဇိုဟာ 'တူရကီ'လို့ ခေါ်တဲ့ အတိုင်း တူရကီလူမျိုးတို့ ရဲ့ နည်းဖြစ်တဲ့ အဆိပ်ခတ်သတ်တာကို ပါ ထည့်စဉ်းစားရသေးတယ်။ အခုတော့ ကိစ္စမရှိဘူး။ သူဟာ ဘယ်နည်းနဲ့ မှ ဂေါ့ဒ်ဖားသားကို နောက်ထပ် ရန်ရှာလို့ မရနိုင်ဘူး"

ဟု အာမခံချက် ပေးလိုက်သည် ။

ထိုအခိုက် မီးဖိုချောင်ဘက်ဆီမှ ဆူဆူညံညံ ကြားလိုက်ရပြီးနောက် ချက်ချင်းလိုပင် တပည့်တစ်ယောက်သည် "လူကာဘရာဆီ" ဝတ်လှေ ရှိသော သံချပ်ကာအတွင်းခံအင်္ကျီကို ဂိုင်း၍ မ င်လာ၏။ ယင်းအင်္ကျီ ထဲတွင် လည်း ငါးအသေ တစ်ကောင်ကို ထည့်ပတ်ထား၏။

ဤတွင် ကလီမင်ဇာက

"ဆိုလိုဇိုဟာ သူ့စပိုင် ပေါလီဂတ်တိုးအကြောင်း သိသွားပြီ"

ဟု ပြောလိုက်ရာ တက်ဆီယိုကလည်း

"ကျုပ်တို့ ကလည်း ကျုပ်တို့ ရဲဘော်ကြီး လူကာဘရာဆီအကြောင်း အခု သိရပြီ"

ဟု ပြောလိုက်သည် ။

မ ိုက ်က ယ ်လ ်မ ၊၁ ရတ်တရက် နားမလည်သဖြင့်

"ဒီ ငါးအသေတစ်ကောင်က ဘာအဓိပ္ပာယ်လဲ"

ဟု မေးလိုက်သောအခါ တော်မီဟောဂင်က

...

"ငါးရဲ့ အဓိပ္ပာယ်ကတော့ လူကာဘာရာဆီဟာ ပင်လယ်သမုဒ္ဒရာအောက်ထဲမှာ အိပ်နေပါပြီဆိုတဲ့ သဘောဖြစ်တယ်။ ဒါဟာ ရှေးအစဥ်အလာ ဆစ်စလီကျွန်းသားတွေ အချက်ပေးအကြောင်းကြားနည်း တစ်မျိုး ဖြစ်တယ်" ဟု ပြောပြ လိုက်လေသတည်း။

*

၉

မိုက်ကယ်လ်သည် ထိုနေ့ညဘက် မြို့ထဲသို့ ထွက်လာသောအခါ စိတ်ဓာတ်ကျလျက် ရှိနေလေသည် ။ သူသည် စိတ်ထဲက မပါဘဲလျက် မိသားစု၏ ဂိုဏ်းတိုက်ပွဲတွင် ပါဝင်နေရသည်ဟု ထင်မိသည် ။ ပါဝင်ရသည် ဆိုသော်လည်း ဆန်နီက သူ့အား တယ်လီဖုန်းပြောခိုင်းရုံသာ တာဝန်ပေးခြင်းကိုလည်း မကျေနပ်သလို ဖြစ်မိ သည် ။ တစ်ဖန် ဆန်နီတို့ က ရန်သူဘက်မှ လူများ အပြုတ်ချရေးကိစ္စတွင် သူ့ကို ယုံယုံကြ

ညီကြည်နှင့် ဖွင့် ပြော ကတိုင်ပင်နေခြင်းကိုလည်း စိတ်ထဲမှ ရှက်သလို လိပ်ပြာမလုံသလိုဖြစ်မိပါသေးသည်။

ယခု သူသည် ချစ်သူရည်းစား ကေးနှင့် ချိန်းဆိုထားသည့် အတိုင်း တွေ့ဆုံရန် ထွက်လာခဲ့ခြင်းဖြစ်ရာ မိန်းကလေးအတွက်လည်း အားနာသလိုဖြစ်နေမိသည်။ သူ၏ မိသားစု၏ အသက်မွေးဝမ်းကျောင်း အလုပ် အကိုင်နှင့် ပတ်သက်၍ ချစ်သူကေးအား ယခုအချိန်အထိ အမှန်အတိုင်း ဖွင့်ပြောခဲ့ခြင်း မရှိသေးပေ။ ဒုစရိုက် လုပ်ငန်းများ အပေါ် လက်ဝါးကြီးအုပ်၊ ခေါင်းပုံဖြတ်ယူနေပုံများကိုကား ရယ်စရာ မောစရာလိုလို ရုပ်ရှင် ဇာတ်ကြမ်းတစ်ခုတည်းက ဇာတ်လမ်းလိုလို ပေါ့ပေါ့ဆဆမျှသာ ပြောခဲ့ဖူးသည်။ ကေး၏ မိဘများက တရားဥပဒေကို အလွန်နားလည်သော အလွန်လေးစားသော လူကုံထံမျိုးဖြစ်ကြလေရာ မိုက်ကယ်လ်အနေဖြင့် သူ၏ မိသားစု၏ နောက်ခံ အခြေအနေအမှန်ကို ဖွင့်ပြောရန် ရှက်ကြောက် ဝန်လေးနေခဲ့မိခြင်းဖြစ်သည်။

ယင်းသို့ တွေးတောရင်း စိတ်ဓာတ်ကျရင်းက သူ၏ ဖခင်ကြီး သေနတ်ပစ်ခံရပုံကို စဉ်းစားမိပြန် သောအခါ မခံချင်ဖြစ်လာမိလေသည်။ ဆန်နီတို့ က သူ့အား ရန်သူနှင့် တိုက်ပွဲတွင် ကိုယ်ထိလက်ရောက် ပါဝင် ခွင့်မပြုဘဲ ကလေးငယ် တစ်ယောက်လို သဘောထားနေကြခြင်းကိုလည်း စဉ်းစားမိလေသည်။ မည်သို့ပင် ဖြစ်စေ မိမိအနေဖြင့် တတ်နိုင်သည့် ဘက်မှာ အကူအညီပေးရန်တော့ တာဝန်ရှိသည် ဟု ယူဆမိလေသည်။

မြို့တွင်းရှိ ဟိုတယ်သို့ ရောက်သောအခါ သူ၏ ချစ်သူ ကေးသည် ဧည့်ခန်းထဲမှ အဆင်သင့်ဆီးကြိုနေ သည် ကို တွေ့ရလေသည် ။ ဟိုတယ်အောက်ထပ် ထမင်းစားခန်းမှာ ပင် သူတို့ နှစ်ယောက်သား ညစာ အတူစား သောက်ကြရင်း စကားစမြည် ပြောနေကြလေသည် ။ မိုက်ကယ်လ်၏ အစီအစဉ်ကား ချစ်သူနှင့် အတူနေ၍ ညဆယ်နာရီခန့်ကျမှ ဆေးရုံတွင် လူရှင်းချိန်၌ သူ့ဖခင်ကြီးအား သွားကြည့်ရန် ဖြစ်လေသည် ။

"ရှင့်အဖေကြီး အခုလို သေနတ်ပစ်ခံရတာ ကျွန်မဖြင့် တော်တော်ပဲ စိတ်မကောင်း ဖြစ်မိတယ်။ ဒါထက် သတင်းစာတွေက သူ့အကြောင်း ရေးထားတာတွေက တော်တော်ဆိုးတာပဲ။ အဲဒါ လုံးလုံး မမှန်ဘူးလို့ ကျွန်မဖြင့် ထင်မိတယ်"

ကေးက သူ့စိတ်ထဲရှိသည့် အတိုင်း ပြောလိုက်ရာ မိုက်ကယ်လ်က

"ကိုယ်လည်း ဒီလိုပဲ ထင်ပါတယ်"

ဟု စကားကို အလိုက်သင့်ပင် ပြောလိုက်၏ ။

"သတင်းစာတွေကတော့ လူဆိုးဂိုဏ်းအချင်းချင်း စစ်ပွဲဖြစ်တော့မလောက် ရေးနေကြတယ်။ အဲဒီ ထဲမှာ ကိုမိုက်ကယ်လ်ကော ဝင်ပါနေဦးမှာ လားဟင်"

"ဟာ...ကေးကလည်း ကွာ၊ ကြံကြီးစည်ရာ၊ ကိုယ်က သေနတ်တောင် ကိုင်တတ်တဲ့ လူ မဟုတ်ဘူး ။ ဟောဒီမှာ ကြည့်လေ"

ပြောပြောဆိုဆို မိုက်ကယ်လ်သည် သူ၏

ကုတ်အင်္ကျီကို လှစ်၍ ပြလိုက်ရာ ကေးက သဘောကျဟန်ဖြင့် ရယ်မောလိုက်သည်။

ညစာ စားသောက်ပြီးကြသောအခါ သူတို့ နှစ်ဦးသည် ကေး၏ အိပ်ခန်းသို့ သွားကြပြီး ချစ်သူတို့ ၏ ဘာဝ လွတ်လပ်စွာ ချစ်ဗျူဟာခင်း၍ တစ်ရေးတစ်မော အိပ်လိုက်ကြသေး၏။

ညဆယ်နာရီခန့်တွင် မိုက်ကယ်လ်သည် အိပ်ရာမှ ကမန်းကတန်းထပြီး အဘိုးကြီး၏ အခြေအနေကို ကြည့်ရန်အတွက် ဆေးရုံသို့သွားရန် ပြင်ဆင်လေသည်။ အခန်းထဲမှ ထွက်ခါနီး ကေးသည် မိုက်ကယ်လ်၏ ခါးကို ဖက်ထားရင်း...

"ဒါထက် ကျွန်မတို့ ဘယ်တော့လောက် လက်ထပ်ကြမှာ လဲဟင်"

ဟု မေးရှာလေသည်။

"ဒါတော့ ကိုယ်တို့ မိသားစုရဲ့ အခြေအနေ ပြန်အနည်ထိုင်သွားပြီး အဘိုးကြီး ပြန်နေကောင်းလာရင် စီစဉ်ကြတာပေါ့။ ဒီအတောအတွင်းကေးရဲ့ မိဘများကိုလည်း အကျိုးအကြောင်း ဖွင့်ပြောထားရင် ကောင်း မယ်"

"ကျွန်မ ဘယ်လိုပြောရင် ကောင်းမလဲ"

"ဒီလိုပြောပေါ့၊ ကေးဟာ အီတလီအမျိုးအနွယ်၊ သတ္တိကောင်းကောင်း ၊ ရုပ်ချောချော လူတစ်ယောက် နဲ့ တွေ့ဆုံပြီး မေတ္တာမျှနေတဲ့ အကြောင်း၊ ဒီလူငယ်ဟာ ဒါးမောက်သ်တက္ကသိုလ်ကျောင်းမှာ ပညာထူးချွန်သလို စစ်အတွင်းကလည်း စစ်မှုထမ်းရင်း သူရဲကောင်းဘွဲ့တံဆိပ် ချီးမြှင့်ခြင်း ခံရတဲ့ အကြောင်း၊ သို့သော်လည်း သူ့ဖခင်ကြီးကတော့ မာဖီးယားလူဆိုးဂိုဏ်း

ကျားခေါင်းဆောင်ကြီး တစ်ဦးဖြစ်ကြောင်း၊ တစ်ခါတလေ လူဆိုးအချို့ ကို သတ်ဖြတ်ရသလို အစိုးရအရာရှိကြီးများကိုလည်း လာဘ်ထိုးပြီး အိတ်ထဲထည့်ရတဲ့ အကြောင်း၊ သူကိုယ်တိုင်လည်း ရန်သူများ လွှန်းလို့ သေနတ်ပစ်ခံရတဲ့ အကြောင်း၊ ဒါတွေ အားလုံးဟာ အလွန်ရိုးသား ဖြောင့်မတ်တဲ့ သူ့သားနဲ့ ဘာမှမဆိုင်ကြောင်းတွေကို ဖွင့်ပြောလိုက်ပေါ့"

"ဟင်၊ ဟုတ်လား။ ရှင့်အဖေကြီးက တကယ်ပဲ လူတွေသတ်သလား"

"ကိုယ်လည်း သေသေချာချာတော့ မသိပါဘူး၊ တကယ် ဟုတ်မဟုတ်ဆိုတာ ဘယ်သူမှလည်း မပြောနိုင်ဘူး။ ဒါပေမဲ့ တကယ်ဟုတ်နေရင်လည်း ကိုယ်တော့ အံ့သြမှာ မဟုတ်ဘူး"

ဤသို့ပင် မိုက်ကယ်လ်က ပြောပြုံးနောက် ချစ်သူအား နှုတ်ဆက်သည့် အနေဖြင့် နမ်းရှုပ်ရင်း

"ကိုင်း၊ ကိုယ် ဆေးရုံသွားဦးမယ်။ ကေးကတော့ အိမ်ပြန်သွားနေပါ။ ခရစ္စမတ်ပွဲတော်ပြီးသွားရင် ကိုယ်လည်း ကျောင်းကို ပြန်လာမှာ မို့ အဲဒီတော့မှ နှစ်ယောက်သား အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့"

ဟု ပြော၍ ထွက်လာခဲ့လေသည် ။

မိုက်ကယ်လ်သည် တက္ကစီကားတစ်စီးဖြင့် ဆေးရုံသို့ သွားလေရာ ကားပေါ်မှ ဆင်းဆင်းချင်း ဆေးရုံ ရှေ့ရှိ လမ်းတစ်လမ်းလုံး လူသူရှင်းလင်းနေသည် ကို မြင်ရသဖြင့် အံ့အားသင့်သွားမိလေသည် ။

တစ်ဖန် ဆေးရုံထဲဝင်လိုက်၍ အတွင်း၌ လ

ည်း မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရသောအခါ ပို၍ ပင် အံ့အားသင့်သွားမိတော့သည် ။ အဘိုးကြီး ဂေါ်ဒ်ဖားသားလုံခြုံရေးအတွက် ၂၄ နာရီမပြတ် အစောင့်ချထား ပါသည် ဆိုသော ဂိုဏ်းသားလူငယ်တွေ ဘယ်ရောက်ကုန်လေသနည်း။

ခေါင်းဆောင်လုပ်သူ ကလီမင်ဇာနှင့် တက်ဆီယိုတို့ က ဘယ်လိုစီစဉ်လိုက်ကြပေသနည်း ။ သူတို့ သည် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်သို့ မတက်ရောက်ဖူးကြသော်လည်း ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာ နည်းပရိယာယ် များကို ကျွမ်းကျင်တတ်မြောက်ထားသူများ ဖြစ်သည် ။

သို့ဖြစ်ပါလျက် ဆေးရုံ၏ ဧည့်သည် များကို ထိုင်စောင့်ရာ ဧည့်ခန်း၌ အစောင့်တစ်ယောက်တလေမှ ချမ ထားခြင်းမှာ အဘယ်ကြောင့် ပေနည်း။

အချိန်မှာ ညဆယ်နာရီခွဲခန့်ရှိပြီဖြစ်ရာ လူနာလာကြည့်သူ ဧည့်သည် များအားလုံး ပြန်သွားကြပြီဖြစ်၍ ဆေးရုံကြီးတစ်ခုလုံးမှာ ရှင်းလင်း ခြောက်ကပ်နေလေသည် ။ အဘိုးကြီး "ဂေါ်ဒ်ဖားသား"၏ လုံခြုံရေး အလွန် အရေးကြီးနေချိန်တွင် ယခုလို အစောင့်အရှောက် တစ်ယောက်မှ မတွေ့ရခြင်းကြောင့် မိုက်ကယ်လ်သည် စိုးရိမ် သွားမိလျက် မျက်လုံးဖြင့် ကျီးကန်းတောင်မှောက် လှည့်ပတ်ကြည့်ရင်း အထူးသတိထားလိုက်မိလေသည် ။

သူ၏ ဖခင်ကြီး အခန်းမှာ လေးထပ်တွင် ရှိကြောင်း သိထားပြီးဖြစ်၍ သူသည် အလိုအလျောက် ခလုပ်နှိပ်ပြီး တက်ရသော ဓာတ်လှေကားဖြင့် တက်သွားသည် ။

လေးထပ်သို့ရောက်၍ သူနာပြုဆရာများ ၏ အခန်းနားသို့ရောက်သွားသည် အထိ သူ့အား မည်သူမှ စစ်ဆေးခြင်း၊ တားဆီးခြင်း၊ မပြုသည် မှာ လည်း ဆန်းနေသည် ။ ကလီမင် အနှင့် တက်ဆီယိုတို့ ၏ တပည့်လူယုံ များကား ဘယ်ရောက်နေကြလေသနည်း။ အဘိုးကြီးအခန်းတွင် တာဝန်ကျနေပါသည် ဆိုသော ရဲစုံထောက် နှစ်ဦး ဆိုသည် မှာ လည်း ဘယ်မှာ နည်း။

မိုက်ကယ်လ်သည် လူနာအခန်းတွင်းသို့ ဝင်လိုက်ရာ အဘိုးကြီး၏ ခုတင်နားတွင် သူနာပြုဆရာမ လေးတစ်ယောက်ကိုသာ တွေ့ရလေသည် ။

'ဂေါ့ဒ်ဖားသား' ခေါ် ဒွန်ကော်လီယွန်ကား ခုတင်ပေါ်တွင် ပက်လက်အိပ်ရင်း အသက်ကို မှန်မှန်ရှူ လျက် ရှိနေ၏။ သူ၏ နှာခေါင်းပေါ် က်ထဲသို့ ပလတ်စတစ်ပိုက်များ တပ်ဆင်သွယ်ထားသည် ကိုလည်း တွေ့ရ၏။

“ကျွန်တော်က ဒီလူနာရဲ့ သား မိုက်ကယ်လ်ပါ၊ အခု အဘိုးကြီးနားမှာ ခဏထိုင်ကြည့်ချင်ပါတယ်။ ဒါထက် ဒီလူနာလုံခြုံရေးအတွက် စောင့်နေတဲ့ စုံထောက်တွေ၊ လုံခြုံရေး အစောင့်တွေက ဘယ်ရောက်ကုန် ကြလဲ”

မိုက်ကယ်လ်က သူ့ကိုယ်သူ မိတ်ဆက်ရင်း ပြောလိုက်သောအခါ သူနာပြုဆရာမကလေးက

“ဒီလိုပါ၊ ရှင့်အဖေကြီးအခန်းမှာ ဧည့်သည်တွေ များ လွန်းလို့ ဆေးရုံလုပ်ငန်းတွေမှာ အနှောင့်အ ယှက်ဖြစ်တာနဲ့ လွန်ခဲ့တဲ့ ဆယ်မိနစ်ကပဲ ရဲတွေက လာပြီး ရှင်တို့ လူတွေအားလုံး

ကို ပြန်ခိုင်းလိုက်တယ်။ နောက်ငါးမိနစ်လော က် ကြာပြန်တော့ ရဲစုံထောက်နှစ်ဦးကိုလည်း သူတို့ ရဲ့ ဌာနချုပ်က အရေးပေါ်ကိစ္စ ရှိတယ် လို့ ဖုန်းဆက်ခေါ်တာနဲ့ ပြန်သွားကြတယ်။ ဒါ ပေမဲ့ ဘာမှ မစိုးရိမ်ပါနဲ့ ။ ကျွန်မက ဒီအခန်း ကို မကြာခဏဝင် ကြည့်ပေးနေပါတယ်။ ဒီအ ခန်းထဲက ဘာသံပဲဖြစ်ဖြစ် ကြားရအောင်လည်း တံခါးကို ဖွင့်ထားပါတယ် ”

ဟု ခပ်အေးအေးပင် ပြန်ပြောလေသည် ။

“ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီအခန်း ထဲမှာ ခဏထိုင်နေချင်ပါတယ်”

“ကောင်းပြီလေ၊ ဒါပေမဲ့ ခဏပဲနေနော်။ တော်တော်လေးကြာရင် ရှင်လည်း ပြန်ရလိမ့် မယ်။ ဒါ ဆေးရုံစည်းကမ်းပဲ”

ဆရာမက ဤသို့ပြောပြီး ပြန်ထွက်သွား သောအခါ မိုက်ကယ်လ်သည် ဆေးရုံခန်းအတွ င်းရှိ တယ်လီ ဖုန်းလိုင်းခွဲမှ တစ်ဆင့် သူ့ဖခင်ကြီးနေအိမ်သို့ လှမ်းဆက်လိုက်ရာ ကံ အားလျော်စွာ ဆန်နီက ဖြေကြားလေသည် ။

“ဆန်နီလား၊ မိုက်ကယ်လ်ပါ။ အခု ဆေးရုံ က ဆက်နေတယ်။ ဒီမှာ အစောင့်ဆိုလို့ တစ် ယောက်မှ မရှိ ပါလား။ တက်ဆီယိုရဲ့ တပည့် လူယုံတွေလည်း မရှိဘူး။ ရဲဘက်က စုံထောက် တွေလည်း တစ်ယောက်မှ မရှိဘူး။ ဘယ်လိုဖြ စ်ကုန်တာလဲ။ ကျွန်တော် ဒီရောက်တော့ ဘယ် သူ့ကိုမှ မတွေ့ရဘူး”

မိုက်ကယ်လ်က စိုးရိမ်ပူပန်စွာဖြင့် ပြောလို က်ရာ ဆန်နီသည် ခေတ္တမျှ စဉ်းစားနေလိုက်ပြီးမှ

"အဲဒါ နေ့ခင်းက မင်းတို့ စိုးရိမ်တယ်ဆိုတဲ့ ဆိုလိုဒိုရဲ့ ခြေလှမ်းတစ်ခုပေါ့ကွ"

ဟု စကားကို တစ်လုံးချင်း ပြန်ပြောလိုက်သည် ။

"ဟုတ်ပါပြီ။ ကျွန်တော်လည်း ဒီလိုပဲ တွက်မိပါတယ်။ ဒါပေမဲ့ သူက ဘယ်လိုလုပ်ပြီး ဆေးရုံမှာ လူတစ်ယောက်မှ မကျန်အောင် လုပ်နိုင်ရတာလဲ။ တက်ဆီယိုရဲ့ လူယုံတွေက ဘယ်ရောက်ကုန်လို့ လဲ။ စုံထောက်တွေပါ မရှိအောင် လုပ်နိုင်တာက ဆိုလိုဒိုဆိုတဲ့ ကောင်က နယူးယောက်မြို့ ရဲအဖွဲ့ကြီးကို အိတ်ထောင် ထဲ ထည့်ထားနိုင်လောက်အောင် စွမ်းလို့ လား"

"ဘာပဲဖြစ်ဖြစ် သိပ်မစိုးရိမ်ပါနဲ့ ညီလေးရာ။ အခုည မင်းက မိုးချုပ်မှ ဆေးရုံရောက်သွားတာဟာ တို့ အဖို့ ကံကောင်းတာပဲ။ လောလော ဆယ် အဘိုးကြီးအခန်းကို အတွင်းကနေပြီး တံခါးပိတ်ထားလိုက်ပါ။ ၁၅ မိနစ်အတွင်း တို့ ဆီကလူတွေ ရောက်အောင် ငါ စီစဉ်လွှတ်ပါမယ်။ ဒီအတောအတွင်း မင်း အဘိုးကြီးနားက ဘယ်မှ မသွားပါနဲ့ ။ မင်းအနေနဲ့ စိတ်တွေ ချောက်ချားမနေနဲ့ "

"မချောက်ချားပါဘူး"

မိုက်ကယ်လ်သည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် ပထမဆုံးအကြိမ် စိတ်လှုပ်ရှားမှုတစ်ခုကို ခံစားမိလေသည် ။ ယင်းစိတ်လှုပ်ရှားမှုကား သူ့ဖခင် "ဂေါ့ဒ်ဖားသား"၏ ရန်သူများအား အကြီးအကျယ်စက် ဆုပ်မုန်းတီးကာ ဒေါသထွက်သည့် စိတ်လှုပ်ရှားမှုပင် တည်း။

မိုက်ကယ်လ်သည် အခန်းတွင်း၌

လူခေါ်ခေါင်းလောင်းခလုတ်ကိုနှိပ်၍ သူနာပြု ဆရာမကို ခေါ်ယူ လိုက်ပြီးနောက် သူဖခင်ကြီး အား ချက်ချင်း အခြားအခန်းတစ်ခန်းသို့ ပြောင်းရွှေ့လိုကြောင်း ပြောလေရာ ဆရာမက ဆရာဝန်၏ ခွင့်ပြုချက် မရဘဲ ပြောင်းရန် မဖြစ်နိုင်ကြောင်း ငြင်းနေပြန်လေသည် ။

"ဒီမယ်၊ ခင်ဗျားလည်း သတင်းစာထဲမှာ ကျွန်တော့်အဖေအကြောင်း ဖတ်ရမှာ ပေါ့။ အခု မကြာခင် အတွင်းမှာ သူ့ကိုသတ်ဖို့ လူတစ်စု လာကြလိမ့်မယ်လို့ သတင်းရထားတယ်။ ဒါကြောင့် သူ့ကို အမြန်အခန်း ပြောင်းထားရင် ကောင်းမယ်လို့ ပြောရတာပေါ့။ ပြီးတော့ ဆရာမလည်း အဘိုးကြီးနားမှာ ပဲ နေစေချင်တယ်။ အပြင်ဘက် စင်္ကြံမှာ ဆိုရင် ခင်ဗျားပါ ဘေးရန်မကင်း ဖြစ်မှာ စိုးလို့ ပါ"

ဤသို့ မိုက်ကယ်လ်က ဖွင့်ပြောပုံကြောင့် ပင် ဆရာမလည်း နားလည်သဘောပေါက်သွား ကာ မိုက်ကယ်လ်နှင့် အတူ အဘိုးကြီး၏ ခုတင်ကို အစွန်ဆုံးရှိ အခန်းလွတ်တစ်ခန်းသို့တွန်း၍ ရွှေ့ပြောင်းထားလိုက် ကြတော့သည် ။

ထိုအချိန်၌ ဂေါ့ဒ်ဖားသားသည် သတိရ လာလေသည် ။

"ဘယ်သူလဲ၊ မိုက်ကယ်လ်လားဟေ့၊ ဘာလဲကွ၊ ဘာတွေဖြစ်ကုန်တာလဲ"

အဘိုးကြီးက အသံခပ်မာမာဖြင့် လှမ်းမေး လိုက်ရာ မိုက်ကယ်လ်သည် ကပျာကယာ ခုတင်ဘေးနားသို့ ပြေးသွားပြီး ဖခင်ကြီး၏ လက်တစ်ဖက်ကို အသာကိုင်ထားလိုက်သည် ။

"ဟုတ်ပါတယ် ဒက်ဒီ၊ ကျွန်တော် မိုက်ကယ်လ်ပါ။ ဘာမှ မစိုးရိမ်ပါနဲ့ ။ ဒက်ဒီ အသာက

လေး ငြိမ်ငြိမ် နေပါ။ အသံမပြုပါနဲ့၊ တစ်ယော က်ယောက်က နာမည်ခေါ်ရင်လည်း ပြန်မထူး ပါနဲ့ ။ ဒက်ဒီကို သတ်ချင်တဲ့ လူတွေ ရှိနေတယ် ။ ဒါပေမဲ့ မကြောက်ပါနဲ့ နော်"

မိုက်ကယ်လ်က အားပေးစကားပြောလိုက် သောအခါ "ဂေါ့ဒ်ဖားသား" သည် ပက်လက် နေရင်းက ပြုံး လိုက်လေသည် ။ သူသည် သေ နတ်ကျည်ဆန် ထိမှန်ထားသော ဒဏ်ရာကြော င့် ပြင်းစွာသော နာကျင်ခြင်း ဝေဒနာ ခံစားနေ ရသည့် ကြားမှ ပင် အားတင်းလျက်..

"ငါ့အသက် ၁၂ နှစ်သားအရွယ်ကစပြီး လူ တွေက ငါ့ကိုသတ်ဖို့ ကြံခဲ့ဖူးတော့ ရိုးနေပါပြီ ကွာ။ အခုအ ချိန်ကျမှ ဘာဖြစ်လို့ ကြောက်ရမှာ လဲ သားရဲ့ "

ဟု ပြော လိုက်လေသတည်း။

## ၁၇

ဆေးရုံမှာ အများ ပြည်သူများ တက်ရောက်နိုင်သည့် ဆေးရုံမျိုး မဟုတ်ဘဲ သီးသန့်ဆေးရုံတစ်ရုံဖြစ်၍ ဝင်ပေါက်တစ်ပေါက်တည်းသာရှိလေသည် ။

မိုက်ကယ်လ်သည် ဆေးရုံလေးထပ်ပေါ်မှနေ၍ ပြတင်းပေါက်ကိုဖွင့်ပြီး ငုံ့ကြည့်လိုက်သောအခါ ဆေးရုံ ဝင်းနှင့် တကွ ဆေးရုံလမ်းမကြီး တစ်ခုလုံး ရှင်းနေလျက် မော်တော်ကားပင် တစ်စီးမှ မတွေ့ရချေ။



တွင်းသို့ ဝင်မည်ဆိုလျှင် တစ်ခုတည်းသော ဝင်ပေါက်မှ သာ ဝင်ရမည်ဖြစ်ကြောင်းကိုလည်း မိုက်ကယ်လ်က သတိပြုမိလေသည် ။

အပေါ်မှ ခေတ္တမျှ လှမ်းကြည့်ပြီးနောက် သူသည် ဆေးရုံအောက်ဆုံး (မြေညီ) ထပ်သို့ ပြေးဆင်း လိုက်ပြီး ဟိုဟိုသည် သည် လှည့်ပတ်ကြည့်ရာ မည်သူမှ လည်း မရှိ။ မော်တော်ကားများ လည်း လုံးဝမတွေ့ရသ ဖြင့် ဝင်းပြင်ဘက်လမ်းမ၏ ပလက်ဖောင်းသို့ ထွက်ရပ်နေလိုက်သည် ။ သူသည် ဖခင်ကြီး၏ လုံခြုံရေးအတွက် စိုးရိမ်မိသဖြင့် ဆန်နီက လွှတ်လိုက်မည်ဆိုသော လူများကို ဆင်းကြိုနေခြင်းဖြစ်လေသည် ။

လမ်းခာတ်မီးတိုင်၏ အလင်းရောင်အောက်

တွင် ရပ်နေရင်း စီးကရက်တစ်လိပ်ထုတ်၍ မီးညှိသောက် နေစဉ် လူငယ်တစ်ယောက် ခပ်သုတ်သုတ် လျှောက်လာသည် ကို သတိပြုမိလေသည် ။ ထိုသူငယ်၏ မျက်နှာကို မြင်ဖူးသလိုလို ရှိသော်လည်း ကောင်းစွာ မမှတ်မိဘဲ မည်သူပါလိမ့်ဟု တွေးနေစဉ်မှာ ပင် သူငယ်သည် မိုက်ကယ် လ် ရပ်နေရာအနီးမှ ဖြတ်သွားရင်း မြင်မြင်ချင်းပင် လက်ဆွဲနှုတ်ဆက်ဟန်ပြင်လျက်

"မစ္စတာမိုက်ကယ်လ်ပါလား၊ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော့်နာမည် အင်ဒိုပါ၊ ပေါင်မုန့် ဖုတ်သမား နာဆိုရင်းရဲ့ အကူအလုပ်သမား လုပ်ရင်းက အခုတော့ သူ့သမက် ဖြစ်နေပါတယ်။ ပြည်နှင်ဒဏ် ခံရမယ့်ဆဲဆဲ မစ္စတာမိုက်ကယ်လ်ရဲ့ ဖခင်ကြီးက ကူညီလို့ အမေရိကန်မှာ ဆက်နေခွင့် ရပါတယ်။ သူဟာ ကျွန်တော်ရဲ့ အသက်သခင်ဆိုရင် မမှားပါဘူး"

ဟု သူကိုယ်တိုင် မိတ်ဆက်ပြောလိုက်သဖြင့် မိုက်ကယ်လ် ချက်ချင်းမှတ်မိသွားကာ အင်ဒိုအား လက်ဆွဲ နှုတ်ဆက်လိုက်သည် ။ အင်ဒိုကပင် ဆက်၍

"အခု ကျွန်တော်ဟာ ခင်ဗျားဖခင်ကြီးကို လေးစားတဲ့ အနေနဲ့ ဆေးရုံကို လာကြည့်တာပါ။ ဒီလိုအချိန် ကျမှ ဆေးရုံက ကျွန်တော့်ကို ဝင်ခွင့်ပြုပါ့မလား"

ဟု မေးရာ မိုက်ကယ်လ် ပြုံး၍ ခေါင်းခါပြလိုက်သည် ။

"ခွင့်ပြုမှာ မဟုတ်ဘူး ။ ဒါပေမဲ့ မင်း အခုလို လာမေးတာကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဂေါဒ်ဖားသား ကိုလည်း မင်းလာတဲ့

အကြောင်း ပြောပြလိုက်ပါမယ်"

ဤသို့ ပြောလိုက်စဉ်မှာ ပင် မော်တော်ကား တစ်စီးသည် အရှိန်ပြင်းစွာဖြင့် မောင်း လာလေရာ မိုက်ကယ်လ်လည်း ချက်ချင်းပင် ဖျတ်လတ်စွာ လှမ်းကြည့်လိုက်ရင်းက အင်ဇိုအား...

"ကိုင်း၊ မင်း ဒီနေရာက မြန်မြန်ထွက်သွားရင် ကောင်းမယ်။ ရန်းရင်းဆန်ခတ် ဖြစ်ချင်ဖြစ်မှာ မို့ တော် တော်ကြာ မင်းပါ ရဲတွေနဲ့ ရင်ဆိုင်ဖြေရှင်းနေရဦးမယ်"

ဟု ပြောလိုက်သည် ။

အင်ဇိုသည် ရဲနှင့် ဖြေရှင်းရမည်ဟူသော စကားကို ကြားကြားချင်း ရုတ်တရက် တုန်လှုပ်သွားသည် ။ သူ့အနေဖြင့် မှုခင်းတစ်ခုခုနှင့် ပတ်သက်လာသည် နှင့် တစ်ပြိုင်နက် ပြည်နှင်ဒဏ် ပေးခံရမည်ကိုလည်း တွေးမိ သည် ။ သို့သော် သူသည် ထွက်မပြေးဘဲ မိုက်ကယ်လ်၏ အနီးမှာ ပင် ရပ်နေလိုက်သည် ။

"ရန်းရင်းဆန်ခတ်ဖြစ်ရင် ခင်ဗျားတစ်ယောက်တည်း ဖြစ်နေမှာ ပေါ့။ ကျွန်တော်ပါ နေပြီး လိုအပ်ရင် ကူညီပါရစေ။ ခင်ဗျားဖခင်ကြီး ဂေါ့ဒ်ဖားသားကို ကျွန်တော်က ကျေးဇူးတုံ့ပြန်ဖို့ ဝတ္တရားရှိပါတယ်"

အင်ဇိုအမည်ရှိ လူငယ်က ပြောလိုက်သော အခါ မိုက်ကယ်လ်သည် စိတ်ထဲမှ သဘောကျသွားမိသည် ။ ဤသူငယ်ကား ရိုးသားပြီး ကျေးဇူးသိတတ်သူတစ်ယောက်ပါတကားဟု လည်း မှတ်ချက်ချလိုက်မိသည် ။

တစ်ချိန်တည်းမှာ ပင် အင်ဇိုနှင့် အတူ နှစ်ယောက်သား ရှိနေခြင်းအား ဖြင့် ရန်သူဘက်မှ လူများ ချဉ်း ကပ်လာပါက လူနှစ်ယောက်၏

အဟာန့်ကြောင့် ကြောက်ပြီး ပြန်ပြေးသွားစေနိုင်ကြောင်းကိုလည်း တွေးမိသဖြင့် ထိုလူငယ်အား မပြန်နိုင်းတော့ဘဲ နှစ်ယောက်သား ဆေးလိပ်သောက်ရင်း စောင့်နေလိုက်ကြသည် ။

မော်တော်ကားသည် သူတို့ နှစ်ဦး ရပ်နေရာအနီးသို့ ရောက်လာချိန်တွင် ရပ်လိုက်တော့မည့် ဟန်ဖြင့် အရှိန်လျှော့လာရာမှ ချက်ချင်းပင် လျှင်မြန်စွာ စက်ကုန်ဖွင့်၍ မောင်းထွက်သွားပြန်၏။ မော်တော်ကားထဲမှ တစ်စုံတစ်ယောက်က မိုက်ကယ်လ်အား မှတ်မိပြီး မောင်းပြေးသွားခြင်းဖြစ်ကြောင်း ထင်ရှားနေ၏။ ထို့ကြောင့် ယင်းမော်တော်ကားသည် ဆိုလိုဇိုတို့ ဘက်မှ ကား ဧကန်ဖြစ်ရပေမည်။

နောက်ဆယ်မိနစ်မျှ မကြာသေးမီပင် ရဲဝိုင်ယာလက်ကားတစ်စီးသည် ဥဩသံဆူညံစွာ ပေးလျက် ရောက် လာလေရာ မိုက်ကယ်လ်ပင် ဟင်းခနဲ သက်ပြင်းချလိုက်မိသည် ။ ဆန်နီ၏ အစီအစဉ်ဖြင့် အဘိုးကြီး၏ လုံခြုံရေးအတွက် တာဝန်ယူစောင့်ရှောက်ရန် ရဲများ ရောက်ရှိလာခြင်းဖြစ်သည် ဟု တထစ်ချ ယုံကြည်လိုက်မိ သည် ။

ရဲဝိုင်ယာလက်ကားသည် သူတို့ ရပ်နေရာအနီးသို့ ရောက်လာချိန်တွင် နောက်ထပ် ရဲကားနှစ်စီးလည်း ရောက် လာပြီး ဆေးရုံဝင်းအတွင်းသို့ ယူနီဖောင်းဝတ်ရဲများ နှင့် အရပ်အဝတ်အစား ဝတ်ထားသူ စုံထောက်များ ပါ ဝင်သွားကြသည် ကို မြင်ရလေသည် ။

မိုက်ကယ်လ်သည် ရဲအရာရှိများအား နှုတ်ဆက်ရန် ရှေ့သို့တိုးသွားရာ ကားပေါ်မှ ဗလကောင်းကောင်း ရဲနှစ်ဦး ဆင်း လာပြီး သူ၏

လက်မောင်းနှစ်ဖက်ကို ဖမ်းချုပ်လိုက်လျက် နောက်ထပ်တစ်ဦးက သူ၏ ကိုယ်ကို လက်နက်ရှိ မရှိ စမ်းသပ်ရှာဖွေလိုက်သည် ။

ထိုအချိန်မှာ ပင် ဝဝဖိုင့်ဖိုင့် ရဲမှူးကြီးတစ်ယောက်သည် အနီးသို့ရောက် လာပြီး ခက်ထန်သောအမူ အရာဖြင့် မိုက်ကယ်လ်အား ကြည့်ရင်း...

"ငါက မင်းတို့ လူဆိုးဂိုဏ်းသားတွေအားလုံး အချုပ်ခန်းထဲရောက်နေပြီ အောက်မေ့နေတာ။ မင်းက ဘယ်သူလဲ၊ ဘာကိစ္စ ဒီနေရာကို ရောက်နေတာလဲ"

ဟု ဟိန်းဟောက် မေးလိုက်ရာ ရဲသားတစ်ဦးက

"ဒီလူမှာ ဘာလက်နက်မှ မပါဘူး ဆရာ"

ဟု အစီရင်ခံလိုက်သည် ။

မိုက်ကယ်လ်ကမူ မည်သို့မျှ မပြောဘဲ ရဲမှူးကြီး မျက်နှာကိုသာ သေချာကြည့်ရှု အကဲခတ်နေလိုက်သည် ။ အရပ်ဝတ်အရပ်စားနှင့် ရဲစုံထောက်တစ်ဦးက ကြားဖြတ်၍

"ဆရာ၊ သူက အဘိုးကြီး ဒွန်ကော်လီယွန်ရဲ့ သား မိုက်ကယ်လ်ပါ"

ဟု ဝင်ပြောလိုက်သည် ။ သည် တော့မှ မိုက်ကယ်လ်သည် ရဲမှူးကြီးအား စေ့စေ့ကြည့်ရင်း

"ဒါထက် ကျွန်တော့်ဖခင်ကို စောင့်ရှောက်ဖို့ တာဝန်ချထားတယ်ဆိုတဲ့ စုံထောက်တွေ ဘယ်ရောက်ကုန်လဲ။သူတို့ ကို ဆေးရုံက ပြန်သွားဖို့ ဘယ်သူက အမိန့်ပေးလိုက်တာလဲ"

ဟု လေသံအေးအေးနှင့် ပင် မေးလိုက်သည်
။

ရဲမှူးကြီးသည် မိုက်ကယ်လ်၏
စကားကြောင့်
အကြီးအကျယ်ဒေါသထွက်သွားလေသည် ။

"အံမာ၊ ခွေးသား၊ မင်းက ဘာကောင်မို့ ငါ့ရဲ့ အလုပ်ကို ဝင်ဆရာလုပ်ရတာလဲ။ ဆေးရုံက စုံထောက်တွေကို ငါကိုယ်တိုင် ပြန်ခေါ်လိုက်တယ်။ ဘာဖြစ်သလဲ။ မင်းတို့ လူဆိုးဂိုဏ်းသားတွေ အချင်းချင်း သတ်လို့ ဘယ်နှယောက်သေသေ ငါ ဂရုမစိုက်ဘူးကွ။ မင့်အဘိုးကြီးကို တစ်ယောက်ယောက်က တက် သတ်သွားလည်း ငါ အရေးမစိုက်ဘူး။ မင်း အခုချက်ချင်း ဒီနေရာက ထွက်သွားစမ်း။ နောက်ပြီး ဆေးရုံနားကို ဧည့်သည် တွေ ခွင့်ပြုတဲ့ အချိန် မဟုတ်ဘဲ မလာနဲ့ ၊ သွား"

ရဲမှူးကြီးက ပြောလိုက်သည် ကို မိုက်ကယ်လ်သည် ဘာမှ မပြောဘဲ ကြည့်၍ သာ နေလေသည် ။ သူ့အား ဤသို့ ပုတ်ခတ်ပြောသည့် အတွက် ရဲမှူးကြီးအားလည်း ဒေါသမထွက်မိချေ ။ သူ၏ စိတ်ထဲမှ သာ အခြေအနေ အရပ်ရပ်ကို သေချာစေ့စပ်စွာ စဉ်းစားနေမိသည် ။

စောစောက ဖြတ်မောင်းသွားသည့် မော်တော်ကားထဲ ဆိုလိုဇိုကိုယ်တိုင် ပါသွားခြင်းပေလော။ မိမိတို့ ဘက်မှ လူများကို ဆေးရုံမှ ဖမ်းခေါ်သွားပြီး ချုပ်ထားရန်အတွက် ရဲမှူးကြီးအား ငွေပေး၍ ခိုင်းထားပြီးမှ ယခု မိုက်ကယ်လ်နှင့် အင်ဇိုတို့ နှစ်ယောက်သား ဆေးရုံပြင်ဘက်တွင် ရှိနေသည် ကို ရဲမှူးကြီးအား ဖုန်းဆက်၍ "ကြည့်လုပ်" ရန် စေခိုင်းလိုက်ခြင်းပေလော

။

ဤသို့ တွေးတောနေပြီးမှ မိုက်ကယ်လ်သည် တည်ငြိမ်အေးဆေးစွာနှင့် ပင်

“ကျုပ်ဖခင်ရဲ့ အခန်းမှာ လုံခြုံရေးအစောင့်တွေ ချမပေးမချင်း ကျုပ်က ဘယ်မှ မသွားနိုင်ဘူး”

ဟု ပြော လိုက်လေသည် ။

ရဲမှူးကြီးသည် ဘာမှ မပြောဘဲ အနီးရှိ စုံထောက်တစ်ဦးအား...

“ဟေ့၊ ဒီကောင်ကိုဖမ်းပြီး အချုပ်ထဲ ထည့်ထားလိုက်”

ဟု အမိန့်ပေးလိုက်ရာ စုံထောက်က

“ဆရာ၊ ဒီလူက ဘာလက်နက်မှ ကိုင်လာတာ မဟုတ်ဘူး ။ ဘာပြစ်မှုနဲ့ ဖမ်းချုပ်ရမှာ လဲ ။ ပြီးတော့ သူဟာ စစ်ပြန်သူရဲကောင်းတစ်ဦးလည်း ဖြစ်တယ်။ ဒုစရိုက်လုပ်ငန်းတွေမှာ လုံးဝပါဝင်ပတ်သက်တဲ့ လူလည်း မဟုတ်ဘူး ။ တော်တော်ကြာ သတင်းစာတွေက ရဲကိုပက်ပက်စက်စက် ဝေဖန်ရေးနေကြပါဦးမယ်”

ဟု ဆင်ခြေပေးလိုက်သည် ။ ဤတွင် ရဲမှူးကြီးသည် ပို၍ ပင် ဒေါသထွက်လျက်

“မင်းကလည်း ရှည်လိုက်တာ၊ ငါက ဒီကောင်ကို ဖမ်းချုပ်ထားလိုက်လို့ ပြောတာ နားမလည်ဘူး လား”

ရဲမှူးကြီးက ထပ်ဆင့် အမိန့်ပေးလိုက်သည်တွင် မိုက်ကယ်လ်သည် ဒေါသသံမပါသော်လည်း လှောင် ပြောင်သရော်သည့် လေသံမျိုးဖြင့်

“ဒီမယ် ရဲမှူးကြီးရဲ့ ။ ကျုပ်ဖခင်ကြီးကို အသာဝင်သတ်လို့ ဖြစ်အောင် အစောင့်အရှောက်

တွေ ဖယ်ရှား ပေးဖို့ အတွက် ဆိုလိုဒိုက ခင်ဗျားကို ငွေဘယ်လောက် ပေးထားလို့ လဲ”

ဟု မေး လိုက်လေသည် ။

ရဲမှူးကြီးသည် အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါ နာကြည်းသွားဟန်ဖြင့် မိုက်ကယ်လ်၏ လက်နှစ်ဖက်ကို ရဲသားနှစ်ဦးက ဖမ်းချုပ်ထားစေပြီးနောက် သူ၏ ဧရာမလက်သီးကြီးဖြင့် မျက်နှာတည့်တည့် သို့ အားကုန်ထိုး လိုက်လေသည် ။

မိုက်ကယ်လ်က တိမ်းရှောင်ရန် ကြိုးစားပါသော်လည်း လက်သီးချက်သည် သူ၏ ပါးရိုးတည့်တည့်ကို မိသွားလျက် သူ၏ ဦးခေါင်းအတွင်း၌ လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲသွားသလို ခံစားလိုက်ရတော့သည် ။

ဘေးမှ ရဲသားနှစ်ဦးကသာ သူ့ကို ထိန်းမထားပါက မြေပေါ်တွင် ပုံယျက်သွားလဲကျသွားတော့ မလောက် လက်သီးချက်က ပြင်းထန်လှ၏။

အရပ်ဝတ် အရပ်စားနှင့် စုံထောက်ကပင်

“ဆရာ လက်လွန်သွားပါမယ် ဆရာ”

ဟု ဝင်ပြောလိုက်ရာ ရဲမှူးကြီးက

“ဟော့၊ မင်းတို့ အားလုံး မှတ်ထား။ ငါက သူ့ကို ဘာမှ လုပ်တာ မဟုတ်ဘူး ။ သူကသာ ငါ့ကို တိုက်ခိုက်ရင်း သူ့ဟာသူ ခြေချော်လဲကျသွားတာ။ အဲဒီအတိုင်း ဖြစ်ရမယ်။ နားလည်လား”

ဟု ဟိန်းဟောက်လိုက်သည် ။

မိုက်ကယ်လ်သည် မူးမေ့မသွားဘဲသတိရလျက်ပင် ရှိသေးရာ မော်တော်ကားတွေ ရော

က် လာပြီး လူအတော်များများ ဆင်းလျက် ဝိုင်းအုံလာသည် ကို မြင်ရလေသည် ။ ထိုလူအများ ထဲတွင် ကလီမင်ဇာ၏ ရှေ့နေ သည် လည်း ပါလာလျက်

"ရဲမှူးကြီးခင်ဗျား၊ ကော်လီယွန်မိသားစုက အဘိုးကြီး ဂေါ်ဒ်ဖားသားရဲ့ လုံခြုံရေးအတွက် ကာကွယ် စောင့်ရှောက်ဖို့ အလွတ်စုံထောက်အဖွဲ့ တစ်ဖွဲ့ကို ငှားရမ်းထားပြီး ဖြစ်ပါတယ်။ အခု ကျွန်တော်နဲ့ ပါလာတဲ့ လူတွေပဲ။ သူတို့ ဟာ သေနတ်ကိုင်ဆောင်ဖို့ တရားဝင် လိုင်စင်ရထားသူတွေ ဖြစ်တယ်။ သူတို့ ကို ခင်ဗျားက ဖမ်းဆီးနှောင့်ယှက်မယ်ဆိုရင် မနက်မိုးလင်းတာနဲ့ ခင်ဗျားကိုယ်တိုင် တရားသူကြီးရှေ့မှာ ထုချေရှင်းလင်း ရပါလိမ့်မယ်"

ဟု ခပ်တည်တည်နှင့် ပြောလိုက်ပြီးနောက် မိုက်ကယ်လ်ဘက်သို့ လှည့်၍

"မစ္စတာမိုက်ကယ်လ်က ထိခိုက်အနာတရဖြစ်အောင် လုပ်တဲ့ လူအပေါ် တရားစွဲချင်ပါသလား"

ဟု မေးလိုက်သည် ။

မ ိုက ်က ယ ်လ ်မ ှ ၁ မေးရိုးမှ လက်သီးဒဏ်ရာကြောင့် စကားကိုပင် မနည်းကြိုးစား၍ ပြောရလေသည် ။

"ကျွန်တော့်ဟာ ကျွန်တော် ခြေချော်လဲသွားလို့ ပါ"

ဤမှုပင် ပြောလိုက်ရာ ရဲမှူးကြီးက စစ်ပွဲနိုင်သော စစ်သူကြီးတစ်ယောက်ပမာ ကျေနပ်သဘောကျ သွားဟန်ဖြင့် လှမ်းကြည့်လိုက်သဖြင့် မိုက်ကယ်လ်ကလည်း ပြင်းစွာနာကျင်နေသည့်

ကြားမှ ပင် ကြိုးစား၍ ပြုံး ပြလိုက်သည် ။ စင်စစ်အားဖြင့် သူ၏ စိတ်တွင် ရဲမှူးကြီးအား အစိမ်းလိုက်ဝါးစားပစ်ချင်နေ၏။ သို့သော် ထိုအချိန်၌ သူ၏ စိတ်တွင်းမှ သဘောထားကို မည်သူကမှ လုံးဝမရိပ်မိအောင် ဟန်ဆောင်နေလိုက်ခြင်းသာ ဖြစ်၏။ ဤကား သူ့ဖခင်ကြီး 'ဂေါ့ဒ်ဖားသား'၏ မူဝါဒအရ လူတစ်ဖက်သားအား မိမိ၏ စိတ်ထားနှင့် ရည်ရွယ်ချက်ကို မသိစေရအောင် ပိရိသိပ်သည်းစွာ လျှို့ဝှက်ထားနည်း ကျင့်သုံးလိုက်ခြင်းပင် ဖြစ်သည် ။

ထို့နောက် သူ့အား လူနှစ်ယောက်က ဆေးရုံအတွင်းသို့ ပွေ့ချီယူသွားစဉ်မှာ ပင် သတိမေ့သွားပါတော့ သည် ။

***

ပြန်လည်သတိရလာသောအခါ နောက်တစ်နေ့နံနက် မိုးလင်းနေပြီဖြစ်လေသည် ။

မိုက်ကယ်လ်၏ မေးရိုးကို ဝိုင်ယာကြိုးဖြင့် တွယ်ချုပ်ထားပြီး သူ၏ သွားလေးချောင်းမှာလည်း မရှိ တော့ကြောင်း သတိပြုမိသည် ။

သူ၏ ခုတင်နံဘေးတွင် တော်မီဟေဂင် ထိုင်စောင့်နေသည် မြင်ရသဖြင့် အကျိုးအကြောင်း မေးကြည့် ချင်လာသည် ။

“တော်မီ၊ ကျွန်တော့်ကို ဆရာဝန် မေ့ဆေး ပေးခဲ့သလား”

“ဟုတ်ပါတယ်။ မင်းရဲ့ သွားဖုံးထဲမှာ သွားအကျိုးအစတွေ ခွဲထုတ်ရလို့ ပါ။ သိပ်တော့လည်း မထူးပါ ဘူး။ အဲဒီအချိန်က မင်းကိုယ်တိုင်က သတိမှ မရဘဲ”

"နောက်ထပ် ကျွန်တော့်မှာ ဘာဒဏ်ရာတွေ ရသေးသလဲ"

"တခြားတော့ ဘာမှ မဖြစ်ပါဘူး။ ဒါလောက်ပါပဲ။ ဆန်နီကတော့ မင်းကို အိမ်ပြန်ခေါ်ချင်နေတယ်။ ပြန်နိုင်ပါ့မလား"

"ပြန်နိုင်ပါတယ်။ ကျွန်တော် အခု နေကောင်းပါပြီ။ ဒါထက် အဘိုးကြီးကော အိုကေပဲလား"

"အိုကေပါ၊ လုံခြုံရေးအတွက်လည်း ပူစရာမလိုတော့ဘူး။ တို့ က တရားဝင်လိုင်စင်ရှိတဲ့ အလွတ်စုံ ထောက်အဖွဲ့တစ်ဖွဲ့ကို ငှားထားလိုက်တယ်။ ဒီဆေးရုံပတ်ဝန်းကျင်တစ်ဝိုက်မှာ အစောင့်တွေ ပြည့်ကျပ်နေ တာပဲ။ အကြောင်းစုံကိုတော့ တို့ ဒီကအပြန် ကားပေါ်ကျမှ ပြောပြမယ်"

တော်မီဟောင်က ထိုမျှသာ ပြောပြီးနောက် မိုက်ကယ်လ်အား မော်တော်ကားဖြင့် အိမ်သို့ ပြန်ခေါ်သွား ရန် စီစဉ်လေသည်။

မော်တော်ကားကို လူဝကြီး ကလီမင်ဇာကိုယ်တိုင် မောင်းလျက် မိုက်ကယ်လ်နှင့် တော်မီဟောင်တို့ က နောက်တန်းမှ ထိုင်လိုက်ပါလာကြသည် ။ မိုက်ကယ်လ်မှာ ခေါင်းထဲ မူးနောက်နောက် ဖြစ်နေရသေးသော်လည်း အခြေအနေ အားလုံးကို သိချင်သဖြင့်

"ဘာတွေဖြစ်ခဲ့သလဲဆိုတာ ပြောပါဦး။ ညတုန်းက ဘာတွေစုံစမ်းလို့ ရခဲ့သလဲ"

ဟု မေးလိုက်ရာ တော်မီဟောင်က ဤသို့ ရှင်းပြလေသည် ။

"ဒီလိုရှိတယ် မိုက်ကယ်လ်ရဲ့ ၊ ရဲအဖွဲ့ထဲမှာ ဆန်နီရဲ့ အတွင်းလူ တစ်ယောက် ရှိတယ်။ ည

တုန်းက မင်း ဘက်က ဝင်ကာကွယ်ပြောပေးတဲ့ ဖိုးလစ် ဆိုတဲ့ လူပဲ။ မင်းကို မတရားထိုးကြိတ် နှိပ်စက်ခဲ့တဲ့ ရဲမှူးကြီးက အလွန်လာဘ်စားတယ် ဆိုပဲကွ။ ဆိုလိုဇိုက အဲဒီရဲမှူးကြီးကို ငွေပေးပြီး ကြည့်လုပ်ခိုင်းတော့ ဆေးရုံမှာ အစောင့်ချထားတဲ့ တို့ ဘက်က တက်ဆီယိုရဲ့ လူတွေအားလုံးကို ညဦးပိုင်းက ဖမ်းချုပ်ထားလိုက်တယ်။ ဒီလူ တွေကလည်း သေနတ် လက်နက်ကိုင်ထားကြလေတော့ ဖမ်းဖို့ အကြောင်း ရှိသွားတာကိုး။ နောက်ပြီး ရဲမှူး ကြီးက အဘိုးကြီးအခန်းမှာ စောင့်နေတဲ့ စုံထောက်တွေကိုလည်း အရေးပေါ်ကိစ္စရှိတယ်ဆိုပြီး ပြန်ရုပ်သွား တယ်။ ရှင်းရှင်းကတော့ အဘိုးကြီးကို ဆေးရုံပေါ် အသာတက်ဖြောင်နိုင်အောင် လမ်းရှင်းပေးခိုင်းတာပဲ။ ဆန်နီရဲ့ လူ ဖိုးလစ်ပြောတော့ နောက်ထပ်မကြာဘူးလို့ မပြောနိုင်ဘူးတဲ့ ။ ဆိုလိုဇိုက ဒီရဲမှူးကြီးကို ငွေ တော် တော်များများ လာဘ်ထိုးခိုင်းတာ ဖြစ်လိမ့်မယ်"

"ကျွန်တော် အထိုးခံရလို့ ဒဏ်ရာရတဲ့ အကြောင်း သတင်းစာထဲ ပါလာသလား"

"ဟင့်အင်း... မပါဘူး၊ မပါအောင်လည်း တို့က သတင်းကို အသာလျှိုထားလိုက်တယ်"

"ကောင်းတယ်၊ ကျွန်တော်လည်း ဒီကိစ္စကို လူမသိစေချင်ဘူး။ နောက်ပြီး အင်ဇို ဆိုတဲ့ ကောင်လေး ကော"

"သူက ရဲတွေပေါ်လာတာနဲ့ အသာလစ်ထွက်သွားတယ်"

"ရဲစခန်းမှူးကြီးရဲ့ နာမည်က ဘာတဲ့ လဲ"

"မက္ကလတ်စကီးလို့ ခေါ်တယ်။ ဒါထက်

မင်းကို ဝမ်းသာစရာသတင်း ပြောရဦးမယ်။ ဒွန်ကော်လီ ယွန် မိသားစုက နောက်ထပ် အမှတ်တစ်မှတ် တိုးရပြန်ပြီ။ တာတာဂလီယာ မိသားစုထဲက ဘရူနိုဆိုတဲ့ အကောင် ဒီနေ့မနက် လေးနာရီမှာ တို့ ဘက်ကလူတွေရဲ့ လက်ချက်နဲ့ ကိစ္စချောသွားပြီ”

“ဒါနဲ့ ကျွန်တော်တို့ ဘက်က ဒီလိုစ မကြမ်းဘဲ စောင့်ကြည့်ကြမယ်ဆို”

“ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ ညက ဆေးရုံမှာ သူတို့ ဘက်က အကြမ်းဖက်ခဲ့တာ အရင်ကျတယ်။ ဆန်နီဟာ ဒေါသထွက်ပြီး တို့ကပါပြန်တိုက်မှ ဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဆိုလိုဇိုက အခုမှ တို့ ဆီကို စတင်ဆက်သွယ်လာတယ်။ သူ့အခြေအနေ မဟန်တော့ဘူး ဆိုတာ ရိပ်မိပုံရတယ်။ အခု နှစ်ဦးနှစ်ဖက်က ယုံ ကြည်စိတ်ချမယ့် ကြားဝင်ဖျန်ဖြေသူ ပေါ်ဖဦးက အစီအစဉ် လုပ်နေပြီ။ နောက်တစ်ခုတော့ တို့ ရဲ့ ရဲဘော်ကြီး လူကာဘရာဆီအကြောင်း စုံစမ်းလို့ ရပြီ။ သူ့ကို ဘရူနိုတာတာဂလီယာရဲ့ ကလပ်မှာ အဘိုးကြီး သေနတ်ပစ် မခံရမီ တစ်ညက ဆိုလိုဇိုတို့က သတ်လိုက်တယ် ဆိုပဲ”

တော်မီဟေဂင်၏ စကားဆုံးသောအခါ မိုက်ကယ်လ်က...

“အင်း၊ ဒါကြောင့် လည်း လူကာဘရာဆီဟာ မခံရစဖူး အငိုက်မိသွားတာ ဖြစ်ရမယ်”

ဟု မှတ်ချက် ချ လိုက်လေသည် ။

***

လောင်းဘိချ်အရပ်ရှိ သူတို့ ၏ နေအိမ်များ

ရှိရာ ဝင်းခြံကြီးတွင် ကားအနက်ရောင် မော်တော်ကားတစ် စီးသည် အဝင်ဝကို ကန့်လန့်ဖြတ်လျက် ရပ်ထားပြီး ယင်းမော်တော်ကားစက်ခေါင်းအနီး၌ လူနှစ်ယောက်သည် ရပ်စောင့်နေကြ၏။ ဝင်းတံခါးနှင့် အနီးဆုံး အိမ်နှစ်အိမ်၏ အပေါ်ထပ် ပြတင်းပေါက်များ ဖွင့်ထားသည် ကို လည်း မိုက်ကယ်လ်က သတိပြုမိလေသည် ။

ကလီမင်ဇာသည် မော်တော်ကားကို ဝင်းဝတွင် ထိုးရပ်လိုက်ပြီးနောက် သူတို့ သုံးဦးစလုံးဆင်းသွား ကြရာ ရပ်စောင့်နေသူနှစ်ဦးမှာ သူ၏ လူများ ပင် ဖြစ်သောကြောင့် အသိအမှတ်ပြုသည့် အနေဖြင့် ခေါင်းညိတ် လိုက်ပြီး ဝင်ခွင့်ပြုလိုက်သည် ။ တစ်ယောက်နှစ်ယောက် ပြုံးပြခြင်း၊ နှုတ်ဆက်ခြင်း၊ စကားပြောခြင်းများ လုံးဝ မပြုကြချေ။ အိမ်ဝင်းခြံကြီး တစ်ခုလုံးကို ခံတပ်ကြီးသဖွယ် တင်းကျပ်စွာ လုံခြုံရေးအစောင့်များ ချထားလျက် တကယ့်စစ်ပွဲတစ်ပွဲ တိုက်ခိုက်သလို ဆန်နီက စီစဉ်ကွပ်ကဲထားကြောင်း မိုက်ကယ်လ်က ရိပ်မိလိုက်သည် ။

ကလီမင်ဇာကပင် ရှေ့ဆောင်၍ မိုက်ကယ်လ်နှင့် တော်မီဟောဂင်တို့ အား အိမ်ကြီးသို့ ခေါ်သွားရာ သူတို့ ချဉ်းကပ်သွားသည် နှင့် အစောင့်တစ်ဦးက တံခါးကို ဖွင့်ပေးလိုက်သည် ။ ထိုအစောင့်သည် ပြတင်းမှ ကြည့်နေခဲ့ ခြင်းကြောင့် လည်း သူတို့ လျှောက်လာသည် ကို ကြိုမြင်ထားသဖြင့် တံခါးကို ချက်ချင်းဖွင့်ပေးလိုက်ခြင်းဖြစ် သည် ။ အဘိုးကြီး "ဂေါ်ဒ်ဖားသား"၏ ရုံးခန်းတွင် ကား ဆန်နီနှင့် တက်ဆီယိုတို့ က

သူတို့ အား စောင့်နေကြ သည် ကို တွေ့ရ၏။

ဆန်နီသည် မိုက်ကယ်လ်ကို မြင်မြင်ချင်း လက်ဆွဲနှုတ်ဆက်ရင်း

"အင်း၊ ငါ့ညီလေးတော့ တော်တော့်ကို လှလာ ချောလာတာပဲ"

ဟု နောက်ပြောင် ပြောဆိုလိုက်သည် ။ မိုက်ကယ်လ်ကမူ ဘာမှ ပြန်မပြောဘဲ စားပွဲပေါ်ရှိ ဝီစကီအရက် ပုလင်းကို ယူ၍ အနည်းငယ်ငှဲ့သောက်လိုက်၏။ သူ၏ မေးရိုးမှ နာကျင်ခြင်း ဝေဒနာသည် အရက်ကြောင့် အနည်းငယ် သက်သာရာ ရလေမလားဟု မျှော်လင့်ချက်ဖြင့် သောက်လိုက်ခြင်းပင် ဖြစ်သည် ။

ထို့နောက် သူတို့ ငါးဦးသည် ဝိုင်းထိုင်၍ ဆွေးနွေးတိုင်ပင်ကြရန် ပြင်ဆင်ကြလေသည် ။ ယနေ့အဖို့ ဆန်နီသည် ရှင်ရှင်ပျပျနှင့် စိတ်ဓာတ် တက်ကြွနေပုံရသည် ။ သူ့အနေဖြင့် ပြတ်ပြတ်သားသား စိတ်ပိုင်းဖြတ် ထားပြီးကြောင်းထင်ရှားလှသည် ။ ယမန်နေ့ညက ဆိုလိုဇိုက အဘိုးကြီးအား ဆေးရုံတွင် အပျောက်ရှင်းရန် ကြံစည်ကြိုးစားခဲ့ခြင်းသည် ရန်သူဘက်မှ စတင် ပစ်ခတ် တိုက်ခိုက်သည့် သဘောပင်ဖြစ်၍ နှစ်ဖက်စစ်ပြေငြိမ်းရန် မဖြစ်နိုင်တော့၊ အပြုတ်တိုက်ကြရန်သာ ရှိတော့သည် ။

"တော်မီအပြင်သွားနေတုန်း နှစ်ဖက်စလုံးက အသိအမှတ်ပြုထားတဲ့ ကြားဝင်စေ့စပ်သူဆီက တယ် လီဖုန်းလာတယ်။ ဆိုလိုဇိုက ကျုပ်တို့ ဘက်နဲ့ တွေ့ဆုံဆွေးနွေးချင်သတဲ့ ။ ဒီခွေးသားက သူ့မို့ အခုလို မျက်နှာ ပြောင်တိုက်ကမ်းလှမ်းဝံ့တယ်။ မနေ့ညက သူ စဖောက်ပြီး သူ့အကြံပျက်သွားတော့မှ ကျုပ်တို့ နဲ့ စေ့စပ်

ဆွေး နွေးချင်တယ်လို့ ပြောလာတယ်။ တော်တော်လာတဲ့ အကောင်ပဲ"

ဆန်နီကပင် ဆွေးနွေးပွဲကို စတင်ဖွင့်လိုက်ရာ တော်မီက

"ဆန်နီက ဘယ်လို ပြန်ပြောလိုက်သလဲ"

ဟု မေးလိုက်သည် ။ ဤတွင် ဆန်နီသည် အဓိပ္ပာယ်ပါပါ ပြုံး လိုက်လေသည် ။

"ကျုပ်ကလည်း တွေ့ဆုံဆွေးနွေးဖို့ ရာ အဆင်သင့်ပါပဲလို့ ၊ ဆိုလိုဇိုကြိုက်တဲ့ အချိန်သာ ပြောပါလို့ ပြန်ဖုန်းဆက်လိုက်တယ်။ အခုနေ အခါမှာ ကျုပ်တို့ က ခပ်အေးအေးပဲ။ ဘာမှ လောစရာ မလိုဘူး။ မြို့အနှံ့အပြားမှာ ကျုပ်တို့ လူ တစ်ရာလောက် ရှိနေတယ်။ ဆိုလိုဇိုဟာ အပြင်ဘက်ထွက်ပြီး လူရိပ်လူယောင် ပြတာနဲ့ သေပြီသာမှတ်။ အချိန်ကိုတော့ သူ ဆွဲချင်သလောက် ဆွဲပါစေ။ ကျုပ်ကတော့ စိတ်ရှည်ရှည်နဲ့ စောင့် နေမှာ ပဲ"

"သူတို့ ဘက်က တိတိကျကျ တွေ့ဆုံစကားပြောဖို့ ချိန်းသလား"

တော်မီက ဆက်၍ မေးလိုက်သောအခါ ဆန်နီက

"ချိန်းတယ်။ သူတို့ ဘက်က သဘောကတော့ မိုက်ကယ်လ်ကို ဒီဘက်က ကိုယ်စားလှယ်အဖြစ် လွှတ် စေချင်တယ်။ ကြားဝင်စေ့စပ်သူက မိုက်ကယ်လ်ရဲ့ လုံခြုံရေးအတွက် အာမခံချက်ပေးတယ်။ ဆိုလိုဇိုကတော့ သူ့ရဲ့ အသက်အန္တရာယ်ကို အာမခံပါလို့ မတောင်းဆိုဘူး။ တောင်းရင်လည်း ရမှာ မဟုတ်ဘူး ဆိုတာ သူနားလည်တယ်။ ဒီတော့ တွေ့ဆုံဖို့ နေရာကို သူတို့ ဘက်က ရွေးလိမ့်မယ်။ နေရာကိုလည်း

လျှို့ဝှက်ထားတယ်။ သူတို့ ဘက်က လူတွေက မိုက်ကယ်လ်ကို ကားနဲ့ လာခေါ်ပြီး အဲဒီ လျှို့ဝှက်နေရာကို ခေါ်သွားမယ်။ ဆိုလိုဇိုက သူ့ရဲ့ ကမ်းလှမ်းချက် တင်ပြပြောဆိုတာတွေကို မိုက်ကယ်လ်က နားထောင်ပြီး ဒီမှာ ပြန်ပြောရုံပဲ။ ပြီးတော့ မိုက်ကယ်လ်ကို ပြန်လွှတ်လိုက်မယ်။ သူတို့ အဆိုက သူတို့ ဘက်က ကမ်းလှမ်းချက်က သိပ်ပြီး ကောင်းနေလို့ ကျုပ်တို့ က ဘယ်လိုမှ ငြင်းပယ်မှာ မဟုတ်ဘူး လို့ ဆိုတယ်"

ဟု ရှင်းပြလေသည် ။

"ဒါဖြင့် တာတာဂလီယာ မိသားစုကတော့ သူတို့ သား ဘရူနိုအသတ်ခံရတဲ့ အတွက် ဘာမှ ပြန်မလုပ် ဘူးတဲ့ လား"

"အဲဒီကိစ္စကလည်း စေ့စပ်ဆွေးနွေးရေးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ တာတာဂလီယာမိသားစုက ဆိုလိုဇိုဘက်က ရပ်ဟာည့်ပြီး ထောက်ခံကြမယ်။ ဘရူနို အသတ်ခံရတာကို တို့ အဘိုးကြီး လုပ်ကြံခံခဲ့ရတဲ့ အ တွက် အပြစ်ဒဏ်ခံရတာပဲလို့ သဘောထားကြမတဲ့ ။ သူတို့ ဘက်က နောက်ထပ် ဘာမှ မတုံ့ပြန်တော့ပါဘူးလို့ ကတိပေးတယ်"

ဆန်နီက ရှင်းပြလိုက်သောအခါ တော်မီ ဟေဂင်သည် စဉ်းစဉ်းစားစား ပြောသည့် ဟန်ဖြင့်

"ဒီလိုဆိုရင် သူတို့ ဘက်က ကမ်းလှမ်းချက်ကို ကျုပ်တို့ နားထောင်ပြီး လေ့လာကြည့်သင့်တယ်"

ဟု ပြောလိုက်သည် ။ သို့သော် ဆန်နီက မျက်နှာတင်းတင်းနှင့် ခေါင်းခါလိုက်သည် ။

"ဒီမယ် တော်မီ၊ အခုအခြေကျမှ တော့ ကျု

ပ်တို့ က ဘာကမ်းလှမ်းချက်မှ နားထောင်စဉ်း
စားဖို့ မလို တော့ဘူး။ တွေ့ဆုံစကားပြောဖို့ လ
ည်း မလိုတော့ဘူး။ နောက်ထပ် ဆိုလိုဇိုက ဉာ
ဏ်နီဉာဏ်နက်ဆင်ပြီး တစ်မျိုး ကြိတာမျိုး
အဖြစ်မခံနိုင်ဘူး။ တော်မီဆီကို ကြားဝင်စေ့စ
ပ်သူက ဖုန်းထပ်ဆက်ရင် တစ်ခုပဲ
ရှင်းရှင်းပြော လိုက်ပါ။ ဆိုလိုဇိုကို ကျုပ်တို့ လ
က် အပ်ချင်အပ်၊ မအပ်ရင်တော့ ကျုပ်တို့ က
သူ့သေကိုယ်ကျေ အပြုတ်တိုက် မှာ ပဲ။ ကျုပ်တို့
လူတွေအားလုံးဟာ
လျှို့ဝှက်ဌာနချုပ်တစ်ခုဖွင့်ပြီး အဲဒီမှာ ပဲ အိပ်
စားနေရင်း ဆိုလိုဇိုကို မမိမ ချင်း တိုက်မှာ ပဲ။
ဒီလို အပြုတ်တိုက်တဲ့ အတွက် စီးပွားရေးလုပ်
ငန်းတွေတော့ ထိခိုက်လာမယ်။ ဒါပေမဲ့ မတ
တ် နိုင်ဘူး”

ဆန်နီက သူ၏ အာဘော်ကို ပြတ်ပြတ်သား
သားဖွင့်ပြောရာ တော်မီဟောဂင်ကမူ ဘာဝင်ပြော
ပုံ မရချေ။

“ကျုပ်တို့ ဘက်က ဆန်နီပြောသလို မီးကုန်
ယမ်းကုန် တိုက်မယ်ဆိုရင် တခြားမိသားစုဂို
ဏ်းတွေက ခံမှာ မဟုတ်ဘူး ။ တိုက်ခိုက်မှုတွေ
ပြင်းထန်လာရင် အားလုံးကို ထိခိုက်လာမှာ မို့
ပါ”

“ဒါတော့ ဘယ်တတ်နိုင်မလဲ။ တခြားမိ
သားစုတွေအနေနဲ့ တိုက်ပွဲမဖြစ်စေချင်ရင် လွ
ယ်လွယ်လေးပါ။ ဆိုလိုဇို ဆိုတဲ့ ကောင်ကို ကျု
ပ်တို့ လက်ထဲ အပ်လိုက်ပေါ့။ စေ့စပ်ဖျန်ဖြေ
တာတွေ ဆွေးနွေးညှိနှိုင်းတာတွေ မလို ချင်
ဘူး။ ကျုပ်တော့ ယတိပြတ် ဆုံးဖြတ်ပြီးနေပြီ။
တော်မီရဲ့ အလုပ်တာဝန်ကတော့ ကျုပ် အနိုင်

ရဖို့ အရေးမှာ အကူအညီပေးရုံပဲ ရှိတယ် ဟုတ်ကဲ့လား"

ဆန်နီက သူ၏ သဘောထားကို ရှင်းရှင်း ထုတ်ပြောလိုက်ရာ တော်မီဟောဂင်လည်း နားလည်သဘော ပေါက်ဟန်ဖြင့် ခေါင်းငုံ့၍ နေလိုက်သည်။ ထို့နောက် သူသည် ခေတ္တမျှ စဉ်းစားနေပြီးမှ စကားဆက်ပြောလေ သည်။

"ရဲအဖွဲ့ထဲမှာ ရှိတဲ့ ဆန်နီရဲ့ အတွင်းလူနဲ့ အဆက်အသွယ်ရလို့ သူ့ဆီက သတင်းရခဲ့တယ်။ ရဲမှူးကြီး မက္ကလတ်စကီးဟာ ဆိုလိုဇိုဆီက ငွေယူတာ အမှန်ပဲတဲ့။ ဒီလူက အလွန်ငွေမက်တယ်။ မူးယစ်ဆေးဝါး မှောင် ခိုလုပ်ငန်းလုပ်တဲ့ အခါ ရဲမှူးကြီးလည်း ဝင်ပါပြီး စားပေါက်ထွင်လိမ့်မယ်။ အခု တစ်ဖက်က တင်ပြပြီး ချိန်းဆိုတဲ့ မိုက်ကယ်လ်နဲ့ ဆွေးနွေးပွဲမှာ မက္ကလတ်စကီးဟာ ဆိုလိုဇိုရဲ့ ကိုယ်ရံတော်သက်သေခံစောင့်အဖြစ် လိုက်ပါ လာလိမ့်မယ်။ ရဲဝတ်စုံ ယူနီဖောင်းမဝတ်ဘဲ အရပ်အဝတ်အစားနဲ့ လာပေမယ့် သူ့မှာ သေနတ်ပါလာလိမ့်မယ်။ ဒါကြောင့် ဆိုလိုဇိုက အဲဒီရဲမှူးကြီးရဲ့ ကာကွယ်မှု ရနေရင် သူ့ကို အလစ်ဖမ်းဖို့ ခက်လိမ့်မယ်ဆိုတာ ဆန်နီ နားလည်စေချင်ပါတယ်။ နယူးယောက်မြို့က ရဲအဖွဲ့က ရဲမှူးကြီးတစ်ယောက်ကို သတ်ပစ်ပြီး လွတ်မြောက်ဖူး တယ်ဆိုတဲ့ အစဉ်အလာလည်း မရှိဘူး။ ရဲမှူးကြီးကို ထိတာနဲ့ သတင်းစာတွေကရော လူထုကပါ အုံကြွ ဆူပူ လာလိမ့်မယ်။ ဒွန်ကော်လီယွန် မိသားစုကိုလည်း လူ့အဖွဲ့အစည်းတစ်ခုလုံးက ရှုတ်ချဝိုင်းပယ်ထားကြလိမ့် မယ်"

တော်မီက အခြေအနေမှန်ကို တင်ပြလိုက်

သောအခါ ဆန်နီသည် အလျှော့မပေးလိုသေး ဟန်ဖြင့်

"ဘာပဲဖြစ်ဖြစ် မဂ္ဂလတ်စကီးဟာ ဆိုလိုဇီ နား‌မှာ တစ်သက်လုံး နေနိုင်မှာ မဟုတ်ဘူး ။ ကျုပ်တို့ က တော့ စိတ်ရှည်ရှည်နဲ့ စောင့်မှာ ပဲ"

ဟု ပြော လိုက်လေသည် ။

ကလီမင်ဇာနှင့် တက်ဆီယိုတို့ နှစ်ယောက် ကား ဘာမှ ဝင်မပြောပဲဟန်ဖြင့် ဆေးလိပ်ကို သာ တွင် တွင် ဖွာ၍ နေကြသည် ။ သူတို့ က တစ်ကိုယ်လုံး ဓာချွေးတွေ ပြန်လျက်ရှိကြသ ည် ။ ယခု ဆွေးနွေးပွဲမှာ ဆုံးဖြတ်ချက် တစ်စုံ တစ်ရာ မှားယွင်းသွားရုံနှင့် သူတို့ သည် လည်း ဇီဝိန်ပြုတ်သွားနိုင်သောကြောင့် စဉ်းစားမိကြ ဟန် တူလေ သည် ။

ထိုအချိန်၌ တောက်လျှောက် ငြိမ်နားထော င်နေသူ မိုက်ကယ်လ်သည် ပထမဆုံးအကြိမ် စ ကားဝင်ပြော လေသည် ။

"အဘိုးကြီးကို ဆေးရုံကနေပြီး အိမ်ကို ရွှေ့ ထားလို့ မဖြစ်ဘူးလား"

"လုံးလုံး မဖြစ်နိုင်ဘူး။ ကျုပ်က ဆရာဝန် တွေကို သေသေချာချာ မေးကြည့်တယ်။ သူ့အခြေအနေက ကောင်းသေးတာ မဟုတ်ဘူး နောက်ပိုင်း ကောင်းလာမှာ သေချာသော်လ ည်း လောလောဆယ်တော့ သူ့အနား မှာ ဆရာ ဝန်တွေ ဆရာမတွေ မပြတ်ရှိနေမှ ဖြစ်မယ်။ လိုအပ်ရင် ချက်ချင်းခွဲစိတ်ကုသတန် ကုသမှာ ကြောင့် အိမ်ကို ရွှေ့ထားလို့ လုံးဝမဖြစ်နိုင်ဘူး လို့ ပြောတယ်"

တော်မီဟောဂင်က ပြောလိုက်သောအခါ မို က်ကယ်လ်ကပင်..

“ဒီလို ဆိုရင်တော့ ကျွန်တော်တို့ ဘာလုပ်ရမယ်ဆိုတာ ရှင်းနေပြီ။ ဆိုလိုဇိုကို အမြန်ဆုံး သုတ်သင် ဖယ်ရှားပစ်ရမယ်။ သူရှိနေရင် အလွန်အန္တရာယ်ကြီးတယ်။ နောက်ထပ် တစ်နည်းနည်းနဲ့ အဘိုးကြီးကို ရန်ရှာ ဖို့ ကြံဦးမှာ ပဲ။ ခင်ဗျားတို့ အားလုံး သိတဲ့ အတိုင်း သူ့ရဲ့ မှူးယစ်ဆေးဝါးလုပ်ငန်း စီမံကိန်းအောင်မြင်ဖို့ က အဘိုး ကြီးကို ဖယ်ရှားပစ်မှ ဖြစ်နိုင်မှာ မို့ ဆိုလိုဇိုဟာ နောက်ထပ် ကြံစည်လိမ့်ဦးမယ်။ အခု ရဲမှူးကြီး မက္ကလတ်စကီး ကပါ သူ့ဘက်က ပါနေတယ်ဆိုတော့ ပိုပြီးတော့တောင် ကြောက်စရာကောင်းသေးတယ်။ ဒါကြောင့် ဆိုလိုဇို ကို ချက်ချင်းလက်ငင်း သုတ်သင်ပစ်မှ ဖြစ်မယ်”

ဟု ပြောလိုက်သည် ။

“ဟုတ်တယ်၊ ဆိုလိုဇို ဆိုတဲ့ ကောင်ကို ဒီအတိုင်းလွှတ်ထားရင် နောက်တစ်ကြိမ် ကြံဦးမှာပဲ။ ဒါကို ကျုပ်တို့ က အဖြစ်မခံနိုင်ဘူး”

ဆန်နီကပါ ထောက်ခံလိုက်သည် ။

တော်မီဟောဂင်က တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်

“ရဲမှူးကြီး မက္ကလတ်စကီးကိုကော ဘယ်လိုလုပ်မလဲ”

ဟု မေးလိုက်သောအခါ ဆန်နီကပါ မိုက်ကယ်လ်ဘက်သို့ လှမ်း၍

“အေးကွ၊ ရဲမှူးကြီးကိစ္စ ဘယ်လိုလုပ်ကြမလဲ”

ဟု ဝင်မေးလိုက်သည် ။ ဤတွင် မိုက်ကယ်လ်သည် စကားကို ဖြည်းဖြည်းချင်း အောက်ပါ အတိုင်း ပြော လေသည် ။

"ကောင်းပြီ။ ကျွန်တော် ပြောပါမယ်။ အခု ကိစ္စဟာ အစွန်းတော့ကျတယ်။ ဒါပေမဲ့ အခြေအနေအရ မရှောင်မလွှဲသာရင် အစွန်းကျတဲ့ အလုပ်မျိုးကိုပဲ လုပ်ရမယ်။ ဒီရဲမှူးကြီးက ဆိုလိုဖို့ အနားက မခွာဘူးဆိုရင် သူ့ကိုပါ ရှင်းရမှာ ပဲ။ လုပ်နည်းလုပ်ဟန် မှန်ဖို့ ပဲ လိုတယ်။ ဥပမာ ဒီ မက္ကလတ်စကီးဆိုတဲ့ လူဟာ ရဲမှူးကြီး လုပ်နေပေမယ့် အဂတိလိုက်စားပြီး အကျင့်ပျက် ရဲအရာရှိဖြစ်ကြောင်း၊ ဒုစရိုက်လုပ်ငန်းတွေမှာ ငွေစားပြီး ပါဝင်ပတ်သက်နေကြောင်း၊ လူဆိုးဂိုဏ်းတွေနဲ့ တိတ်တိတ် ဆက်သွယ်ငွေစားနေရာက လူဆိုးဂိုဏ်းသားတစ် ဦးဦးက လက်စားချေတဲ့ သဘောနဲ့ သတ်ပစ်သယောင်ဖြစ်အောင် ဖော်ထုတ်ပေးရမယ်။ ကျွန်တော်တို့ နဲ့ ခင်မင်ရင်နှီးတဲ့ သတင်းစာဆရာတွေကိုလည်း ချဉ်းကပ်ထားပြီး အဲဒီသဘောမျိုး လူထုက မြင်လာအောင် ကူညီ ရေးသားခိုင်းရမယ်။ ဒါ ကျွန်တော့်ရဲ့ အမြင်ပဲ၊ ဘယ်လိုသဘောရကြသလဲ"

မိုက်ကယ်လ်က ပြောရင်း စကားကိုခေတ္တဖြတ်ထားရင်း မေးလိုက်ရာ ဆန်နီမှာ သူ၏ ညီငယ်က တစ်ခါ မှ မပြောစဖူး စကားမျိုးတွေ ပြောနေသည် ကို အထူးပင် သဘောကျသွားဟန် တူလေသည်။

"ဟုတ်ပါပြီကွ။ မိုက်ကယ်လ် ဆက်ပြောဦး။ အခု မင်းပြောတာတွေ အကုန်လုံးမှန်တယ်။ သဘာဝ လည်း ကျတယ်။ နည်းပရိယာယ်မှန်တယ်၊ ဆက်သာပြော။ အစီအစဉ်ကို ဆုံးအောင် ပြောစမ်းပါဦးကွ"

ဟု ဝမ်းသာအားရ ပြောနေချိန်တွင် တော်မီဟေဂင်ပင်လျှင် မိုက်ကယ်လ်၏ စစ်ဆင်ရေးနည်းပရိယာယ် ကောင်းလှပုံကို

သဘောကျဟန်ဖြင့် ပြုံးနေလေသည်။ ဤတွင် မိုက်ကယ်လ်က စကားဆက်ပြန်သည်။

"ကောင်းပြီ၊ သူတို့ က ကျွန်တော့်ကို တွေ့ဆုံ ဆွေးနွေးဖို့ ခေါ်ချင်တယ် မဟုတ်လား။ အဲဒီ ဆွေးနွေးပွဲမှာ ကျွန်တော်ရယ်၊ ဆိုလိုဇိုရယ်၊ ရဲ မှူးကြီးမက္ကလတ်စကီးရယ် သုံးယောက်ရှိမှာ ပဲ။ နောက်နှစ်ရက်ကြာရင်တွေ့ ကြမယ်လို့ သာ ချိန်းလိုက်ပါ။ ပြီးတော့ ကျွန်တော်တို့ ရဲ့ သတင်းပေးနေကျ လူတွေကို ဘယ်နေရာ တွေ့ ကြရမယ် ဆိုတာ တိတိကျကျ စုံစမ်းခိုင်းပါ။ တွေ့ဖို့ နေရာကိုလည်း လူအများ ဝင်ထွက်သွားလာနိုင်တဲ့ စားသောက်ဆိုင် လို၊ ဟိုတယ်လိုနေရာမျိုး ဖြစ်စေရမယ်လို့ သူတို့ ဘက်ကို တောင်းဆိုရမယ်။ ကျွန်တော့်အနေနဲ့ သူတို့ ခေါ်ရာကို လိုက်ပါရမှာ မို့ သူတို့ ရဲ့ အိမ် ခန်းတစ်ခုခုဆိုရင် မလိုက်နိုင်ဘူးလို့ သာပြော ပါ။ ဟိုတယ်တို့ စားသောက်ဆိုင်တို့ ဆို ရင် ကျွန်တော့်အတွက် အန္တရာယ်မရှိနိုင်ဘူး။ ဆိုလိုဇို တို့ ကလည်း ဒီနေရာမျိုးဆိုရင် စိတ်ချမှာ ပါ။ ပရိသတ် ဝင်ထွက် သွားလာနိုင်တဲ့ ဆိုင်လိုနေ ရာမျိုးမှာ ရဲမှူးကြီးတစ်ယောက်ကို ဘယ်သူမှ ရန်ရှာဝံ့မှာ မဟုတ်ဘူး လို့ ဆိုလိုဇိုက စိတ်ချ နေမှာ သေချာတယ်။ ချိန်းတဲ့ နေ့ကျတော့ သူ တို့ လာခေါ်တဲ့ အခါ ကျွန်တော့်ကိုယ်ကို လက် နက်ပါမပါ ရှာကြမှာ ပဲ။ ဒီတော့ ကျွန်တော်က လက်နက်ယူသွားလို့ မဖြစ်ဘူး။ ဒါပေမဲ့ သူတို့ နဲ့ တွေ့ဆုံ စကားပြောနေတဲ့ အချိန်မှာ ကျွန် တော်တို့ ထံ သေနတ်တစ်လက်ရအောင်သာ ကြံစည်စိတ်ကူးကြပါ။ ပြီးတော့ အဲဒီသေနတ် နဲ့ ကျွန်တော်က ဆိုလိုဇိုနဲ့ မက္ကလတ်စကီး နှစ် ယောက်စလုံးကို အပြောက်ရှင်းလိုက်မယ်"

မိုက်ကယ်လ်က ခပ်တည်တည်ဖြင့် သူ၏ သေနင်္ဂဗျူဟာ နည်းပရိယာယ်ကို ပြောလိုက်သောအခါ ကျန်လူလေးယောက်စလုံးမှာ သူ့အား တအံ့တသြ ငေးမောကြည့်နေကြပါတော့သည် ။

လူဆိုးလူမိုက်လောကဥ္စ ဝါရင့်လှသူ ကာလီမင်ဇာနှင့် တက်စီယိုတို့ သည် ပင်လျှင် အံ့အားသင့်နေမိ ကြ လေသည် ။ ထို့နောက် ဆန်နီက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည် ။

“ဟား ဟား ဟား၊ အမယ်လေး မိုက်ကယ်လ်ရာ။ မင်းက မျက်နှာကို တစ်ကြိမ်တစ်ခါ အထိုးခံလိုက် ရတာနဲ့ ပဲ ရဲမှူးကြီး မက္ကလတ်စကီးနဲ့ ဆိုလိုဇိုကို သတ်ပစ်ချင်ရောလားကွ။ ဘာလဲ မင်းကိုယ်တိုင်က အနာခံရ လို့ ၊ အထိုးခံရလို့ ပုဂ္ဂိုလ်ရေးအရ ကလဲ့စားချေချင်တဲ့ သဘောလား။ နောက်တစ်ခုက ဒီကိစ္စဟာ မင်း မ စ်ထဲ တုန်းကလို ရန်သူကို တစ်မိုင်အကွာက လှမ်းပစ်ရတာမျိုး မဟုတ်ဘူး မိုက်ကယ်လ်ရဲ့ ။ လူချင်းကပ်ပြီး သူတို့ ရဲ့ ဦးနှောက်ထွက်အောင် ပစ်တာမျိုး ဖြစ်တယ်။ စစ်ထဲမှာ လို သူရဲကောင်းတံဆိပ်တွေလည်း ချီးမြှင့်မှာ မဟုတ် ဘူး။ မင်းကို လူသတ်မှုနဲ့ ကြိုးစင်တင် သတ်ကြမှာ ”

ပြောရင်းနှင့် ဆန်နီက ဆက်ပြီး ရယ်မောနေရာ မိုက်ကယ်လ်သည် မျက်နှာထား ခက်ထန်တင်းမာစွာ ဖြင့် မတ်တတ်ရပ်လိုက်လျက်

“ဒီမယ် ကိုဆန်နီ၊ ဒါ ရယ်စရာ မဟုတ်ပါဘူးဗျ။ ကျွန်တော်က အတည်နဲ့ ပြောနေတာ။ ဘာလဲ၊ ကျုပ်ကို ဒီလူနှစ်ယောက် မသတ်နိုင်ဘူးထင်လို့ လား”

ဟု ခပ်တည်တည် မေးလိုက်တော့မှ ဆန်နီ

လည်း ရယ်မောခြင်း ရပ်သွားတော့သည် ။

တစ်ခန်းလုံးရှိ လူများ သည် မိုက်ကယ်လ် အား အံ့သြငေးမော၍ ကြည့်နေကြလေသည် ။

ထိုအချိန်၌ မိုက်ကယ်လ်၏ အသွင်သဏ္ဍာန်မှ ၁၂ တက္ကသိုလ်ကျောင်းသား လူအေးလူပျော့ တစ်ယောက် လို မဟုတ်တော့၊ တိုက်ပွဲဝင်ခါနီး စစ်သူကြီးတစ်ယောက်ကဲ့သို့ တည်ငြိမ်လေးနက်သော ကြွေကို ဆောင်နေ လေရာ အဘိုးကြီး 'ဂေါ်ဒ်ဖားသား'၏ မျက်နှာထား အမူအရာနှင့် ပင် တူနေတော့သည် ။ ထို့နောက် သူကပင် စကားကို ဆက်ပြောလေသည် ။

"ကျွန်တော်က အဖြစ်နိုင်ဆုံး၊ သဘာဝအကျဆုံး နည်းပရိယာယ်ကို ပြောတာပါ။ ကျွန်တော့်ကို ရဲမှူး ကြီးက ဆေးရုံမှာ ထိုးကြိတ်ခဲ့တာနဲ့ ဘာမှ မဆိုင်ဘူး။ ဆိုလိုဇိုဟာ တခြားလူတွေဆိုရင် သူ့နားတောင် အကပ်ခံ မှာ မဟုတ်ဘူး ။ ကျွန်တော့်ကိုတော့ သူတို့ က လူပျော့လူညံ့ တစ်ယောက်ဆိုပြီး မသင်္ကာဖြစ်မှာ မဟုတ်ဘူး ။ နောက်ပြီး ရဲစခန်းမှူးကြီးကို သတ်ဖို့ က တခြားတစ်ယောက်ယောက်ကို ခိုင်းလို့ ရမှာ မဟုတ်ဘူး ။ ဆန်နီ့အနေ နဲ့ တတ်နိုင်ပေမယ့် ဆန်နီ့မှာ ဇနီးနဲ့ ကလေးတွေ ရှိတယ်။ မိသားစုရဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း ဆန်နီကပဲ တာဝန်ယူ ကြီးကြပ် လုပ်သွားဖို့ လည်း လိုတယ်"

မိုက်ကယ်လ်က အကျိုးအကြောင်း ရှင်းပြလိုက်ရာ ဆန်နီကပါဝင်၍ ထောက်ခံလေသည် ။

"ဟုတ်တယ်။ မိုက်ကယ်လ်ပြောတာ မှန်တယ်။ ရန်သူဘက်က သူ့ကိုသာ သံသယ မရှိမှာ

ဖြစ်တယ်။ ကျုပ်ကတော့ နဂိုတည်းက မိုက်က ယ်လ်ရဲ့ စိတ်ဓာတ်ကို သိပါတယ်။ သူဟာ ကျု ပ်တို့ ညီအစ်ကို သုံးယောက် ထဲမှာ သတ္တိအ ကောင်းဆုံး၊ စိတ်ဓာတ်အခိုင်မာဆုံး ဆိုတာလ ည်း ငယ်ငယ်က သိခဲ့ပါတယ်။ သူဟာ 'ဂေါ်ဒ် ဖားသား'ရဲ့ သား ပီသတာအမှန်ပဲ။ ဒါကြောင့် ဆိုလိုဇ်နဲ့ ရဲမှူးကြီးကို သုတ်သင်ဖို့ အတွက် မို က်ကယ်လ်ကိုပဲ တာ ဝန်ပေးရမယ်"

ဤသို့ပြောပြီးနောက် ဆန်နီပင် အစီအစဉ် အသေးစိတ်များကို ဆက်လက်တင်ပြလေသ ည် ။ ဆိုလိုဇ် တို့ ဘက်မှ ရွေးချယ်သည့် တွေ့ ဆုံမည့် နေရာကို ကြိုတင်သိရှိအောင် ကလီမင် ဇာနှင့် တက်ဆီယိုတို့ က ရအောင် စုံစမ်းရန် တာဝန်ယူကြရမည်။

နေရာသိလျှင် တွေ့ဆုံ စကားပြောဆိုနေခို က် မိုက်ကယ်လ်၏ လက်သို့ သေနပ်ပေးပေး က် ရောက်ရှိ အောင် နည်းလမ်းရှာကြရမည်။ သေနတ်ကိုလည်း ရဲဘက်မှ နောက်ပိုင်းလိုက်စုံ စမ်း၍ မရနိုင်သည့် လိုင်စင်မဲ့ ခြောက်လုံးပြူး သေနတ်တစ်လက်ကို ကလီမင်ဇာကပင် ရှာ ပေးရမည်။

ကိစ္စပြီးသည် နှင့် မိုက်ကယ်လ်အား မည်သူ မှ မစုံစမ်းနိုင်သည့် ရပ်ဝေးတစ်နေရာသို့ ပို့ ထားကာ အနားယူစေမည် အားလုံး အေးဆေး သွားမှ မိုက်ကယ်လ်ကို နယူးယောက်မြို့ သို့ ပြ န်ခေါ်ယူရမည် ဖြစ်သည် ။

ယင်းအစီအစဉ်များ ပြောပြပြီးနောက် မိုက် ကယ်လ်သည် သူ့အစ်ကိုကြီး ဆန်နီဘက်သို့ လှ ည့်၍

"ကျွန်တော်ကလည်း ကိုဆန်နီတို့ နည်းတူ

အဘိုးကြီးရဲ့ သွန်သင်ချက်တွေ သေသေချာချာ နားထောင်   မှတ်သားခဲ့တာပဲ။   ဒါကြောင့်လည်း အခုကိစ္စမှာ ဂေါ်ဒ်ဖားသားရဲ့ လုပ်နည်းလုပ်ဟန်နဲ့ အတွေးအခေါ်မျိုးကို စဉ်းစားမိခြင်းဖြစ်တယ်"

ဟု ပြော လိုက်လေသည်။

*

၁၁

ရဲစခန်းမှူးကြီး   မစ္စတာမက္ကလတ်စကီးသည် သူ၏ ရုံးခန်းထဲတွင် ထိုင်ရင်း လောင်းကစားဝိုင်းများ တွင် သုံးသည့် အမှတ်အသား စာရွက်များကို   ကြည့်နေလေသည်   ။ ဤစာရွက်များကို ယမန်နေ့ညက 'ဂေါ်ဒ်ဖားသား' ဂိုဏ်းဝင် လောင်းကစားဝိုင်းများကို ဝင်ဖမ်းရင်း သိမ်းယူလာခဲ့ခြင်းဖြစ်သည်။ စာရွက်များမှာ လောင်းကစား ဒိုင်များ အတွက် အလွန်အဖိုးတန်လှသည်။

သူတို့ သည် မြင်းပွဲများ အတွက် လောင်းကစားသူများ ထံမှာ ငွေလက်ခံ၍ လျော်ခြင်း၊ စားခြင်းများကို တရားဝင်လိုင်စင်မရှိဘဲ လုပ်နေကြသူ 'ဘွတ်ကီ' ဒိုင်များ ဖြစ်ကြသည် ။ ယခု ရဲမှူးကြီး သိမ်းဆည်းလာခဲ့သော ကစားကြေး အမှတ်အသား စာရွက်များ ၏ တန်ဖိုးမှာ ဒေါ်လာငွေ ငါးသောင်းဖိုးခန့်ရှိရာ သူ့အနေဖြင့် နောက် ပိုင်းကျမှ လောင်းကစားဒိုင်များ သို့ပင် တိတ်တိတ်ကျိတ်၍ ဒေါ်လာငါးထောင်ခန့်နှင့် ပြန်ရောင်းရန် စိတ်ကူးရင်း စာရွက်များကို ကြည့်နေခြင်းဖြစ်သည် ။

မက္ကလတ်စကီးသည် ဤသို့ စိတ်ကူးနေရင်းက နံရံရှိ နာရီကို လှမ်းကြည့်လိုက်မိရာ ဆိုလိုဇိုနှင့် ချိန်း ထားသည့် အတိုင်း သွားခေါ်ရန် အချိန်နီးကပ်နေပြီဖြစ်ကြောင်း သိရသဖြင့် ချက်ချင်းပင် ရုံးခန်းဗီရိုအံ့အတွင်း အဆင်သင့်ထားရှိသော အရပ်ဝတ် အရပ်စား အစုံကိုယူ၍ လဲဝတ်လိုက်သည် ။

သူ၏ တာဝန်ကား ဆိုလိုဇိုနှင့် အတူ အဖော်လိုက်၍ ဒွန်ကော်လီယွန်ဂိုဏ်းမှ ကိုယ်စားလှယ်နှင့် တွေ့ဆုံ ရာတွင် အနားမှ ထိုင်နေရမည်ဖြစ်သည် ။

မက္ကလတ်စကီးသည် ရဲသားဘဝကပင် တာဝန်ဝတ္တရားကို ကျေပွန်ခဲ့သူ ဖြစ်၏။ ရာဇဝတ်မှုခင်းများကို လည်း သတ္တိရှိရှိနှင့် ခပ်ကြမ်းကြမ်းနှိမ်နင်းတတ်၏။ သို့သော် သူ့တွင် သားသမီးလေးယောက်ရှိသော အိမ် ထောင်စရိတ်အတွက် အပိုဝင်ငွေကလေးများ ဟိုမှ သည် မှ ရသောအခါ လက်ခံယူတတ်သည် ။ လောင်းကစားဒိုင် များ ၊ တိတ်တိတ်ပုန်း ကစားဝိုင်းများ ၊

မော်တော်ယာဉ်ဥပဒေ ကျူးလွန်ဖောက်ဖျက်သူများက ပေးသောငွေများ ကို လျှို့ဝှက်စွာ လက်ခံတတ်သည် ။

တစ်ခါတစ်ရံ ပြည့်တန်ဆာလုပ်ငန်း လုပ်သူများက ပေးသည့် ငွေကိုလည်း လက်ခံလေ့ရှိ၏ ။ ရဲမှူးကြီး မက္ကလတ်စကီးက ငွေမက်သူအမှန်ပင် ဖြစ်သတည်း။

ညကလပ်ပိုင်ရှင် ဘရူနိုတာတာဂလီယာသည် မက္ကလတ်စကီးနှင့် ခင်မင်ရင်းနှီးသူ ဖြစ်၏။ မကြာခဏ ရဲမှူးကြီးအား ကလပ်သို့ ဖိတ်ခေါ်၍ အရက်သေစာများ ၊ စားသောက်ဖွယ်များ နှင့် ရက်ရောစွာ တည်ခင်း ဧည့်ခံ လေ့ရှိ၏။

ညကလပ်နှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ခဲ့သော် ဘရူနိုက ရဲမှူးကြီးထံ ချဉ်းကပ်၍ ကြည့် လုပ်ပေးရန် အကူအညီတောင်းခြင်းအားဖြင့် အားလုံး ပြေလည်ချောမောစေတတ်၏။ ဤသို့ ဘရူနိုတာတာဂလီယာနှင့် ခင်မင်ရင်းနှီးရာမှ တစ်ဆင့် "တူရကီ" ခေါ် ဆိုလိုဇိုနှင့် သိကျွမ်းခဲ့ရခြင်း ဖြစ်လေသည် ။

သည် လိုလူများ အနေဖြင့် အကြောင်းကိစ္စရှိလျှင် ငွေကို ရက်ရက်ရောရော ပေးတတ်မှန်းသိပြီးသား ဖြစ်သည့် အလျောက် တစ်နေ့ ဆိုလိုဇိုက သူ့အား ချဉ်းကပ်၍ အဘိုးကြီး 'ဂေါ့ဒ်ဖားသား' တက်နေသော ဆေးရုံ၌ အစောင့်တစ်ယောက်မှ မရှိအောင် 'ကြည့်လုပ်ပေးရန်' ပြောလာသောအခါ ရဲမှူးကြီးမက္ကလတ်စကီးသည် ဘာမေးခွန်းမှ မမေး၊ ငွေ ဘယ်လောက်ပေးမှာ လဲဟု သာ မေးခဲ့သည် ။ ဆိုလိုဇိုက ဒေါ်လာငွေ တစ်သောင်းပေး မည်ဟု ပြောလိုက်သ

ည် တွင် သူသည် ချက်ချင်းသဘောတူလိုက်သည် ။

"ဂေါ်ဒ်ဖားသား" ခေါ် ဒွန်ကော်လီယွန်သည် စင်စစ်အားဖြင့် သြဇာကြီးမားသော 'မာဖီးယား' လူဆိုးဂိုဏ်းခေါင်းဆောင်တစ်ဦးသာဖြစ်၍ သူ့ကို သတ်ဖြတ်လိုက်ခြင်းအားဖြင့် တိုင်းပြည်အတွက် အကျိုး ပြုရာပင် ရောက်သေးသည်ဟု တွက်မိလေသည် ။

ထို့ကြောင့် မက္ကလတ်စကီးသည် ဒေါ်လာငွေတစ်သောင်းကို ကြိုတင်ယူလိုက်ပြီးမှ ဆေးရုံမှ ရဲ အစောင့် များကို ပြန်ရုပ်လိုက်ရုံမက တက်ဆီယိုရဲ တပည့်လူယုံများကိုပါ ဖမ်းချုပ်ထားခဲ့၏။ သို့ရာတွင် ညဘက်ကျမှ ဆိုလိုဇိုက ဖုန်းဆက်ပြီး အဘယ်ကြောင့် 'ဂေါ်ဒ်ဖားသား' ဘက်မှ လူနှစ်ယောက် ဆေးရုံရှေ့တွင် ရှိနေရပါ သနည်းဟု ပြောလိုက်သောအခါ မက္ကလတ်စကီးသည် အကြီးအကျယ် ဒေါသထွက်မိလေသည် ။ သူ တာဝန် ယူထားသည့် အတိုင်း ဆေးရုံတွင် လူမရှင်းဘဲ ဖြစ်နေသည့် အတွက် ဒေါ်လာငွေတစ်သောင်းကို ပြန်ပေးရမည့် အခြေအနေမျိုး ရောက်နေသောကြောင့် သူသည် ဒေါသကြီးစွာနှင့် ဆေးရုံသို့ လိုက် လာပြီး မိုက်ကယ်လ် အား အကြောင်းမဲ့ ရန်စကာ ထိုးကြိတ်နှိပ်စက်ခဲ့ခြင်းပင် ဖြစ်၏။

နောက်ပိုင်း တာတာဂလီယာ၏ ညကလပ်တွင် ဆိုလိုဇိုနှင့် ပြန်တွေ့ဆုံသောအခါ၌ ကားအခြေအနေက ပို၍ ကောင်းလာခဲ့ပြန်၏။ ဆိုလိုဇိုက ဂေါ်ဒ်ဖားသားအုပ်စု ကိုယ်စားလှယ် မိုက်ကယ်လ်နှင့် တွေ့ဆုံရာတွင် ရဲမှူးကြီးက အရပ်ဝတ်အရပ်စားဖြင့် အဖော်လိုက်ပါဟု မေ

တ္တာရပ်ခံလေရာ ရဲမှူးကြီးကလည်း ကျေနပ် ဝမ်းမြောက်စွာပင် လက်ခံခဲ့၏။ သူ့အဖို့ ဤငွေတွေ ရက်ရောစွာ ပေးနေသူများအား ကူညီလိုက်လျှောရန် ဝန်မလေးပါချေ။

ချိန်းဆိုထားသည့် အချိန်က နီးကပ်လာပြီဖြစ်၍ မက္ကလတ်စကီးသည် ရဲစခန်းစာရေးအား အကြောင်းရှိ လျှင် ဖုန်းဆက်ခေါ်နိုင်ရန်အတွက် သူရှိမည့် နေရာကို ပြောခဲ့ပြီးမှ ဆိုလိုဗိုထံသို့ ထွက်သွားခဲ့လေသည် ။ သူ့အဖို့ ဤနေရာတွင် လျှို့ဝှက်စရာမလိုဟု ယူဆမိသဖြင့် ပြောခဲ့ခြင်း ဖြစ်၏။ သူ့လို ရဲမှူးတစ်ယောက်အား မည်သည့် လူဆိုးကမှ ရန်ပြုဝံ့မည် မဟုတ်ဟု လည်း ယုံကြည်ထားလေသည် ။

***

တော်မီဟောဂင်သည် လူယုံတော်အကြံပေး (ကွန်ဆီလီယိုရီ) ကောင်းပီပီ လုံအပ်သမျှကို ပြီးစီးအောင် ကြိုတင်ပြုလုပ်ထားလေသည် ။ ကိစ္စပြီးလျှင် မိုက်ကယ်လ် နိုင်ငံခြားသို့ထွက်နိုင်ရန်အတွက် နိုင်ငံကူးလက်မှတ် 'ပတ်စ်ပို့' အတု၊ သင်္ဘောနှင့် လိုက်ပါရန်အတွက် သင်္ဘောသားလက်မှတ် အတုများကိုလည်းကောင်း၊ ထိုနေ့ ညတွင်းချင်း ဆစ်စလီကျွန်းသို့ ထွက်ခွာမည့် အီတလီနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းတွင် နေရာရရှိရန်ကို လည်းကောင်း ပီရိသေချာစွာ ပြုလုပ်ထားခဲ့၏။

ထို့ပြင် ဆစ်စလီကျွန်း၏ တောင်ပေါ်ဒေသတစ်နေရာတွင် မိုက်ကယ်လ်အား လုံခြုံစွာထားရန်နှင့် ထိုအရပ်ရှိ မာဖီးယားဂိုဏ်းခေါင်းဆောင်၏ ကူညီစောင့်ရှောက်မှုများ ရအောင် စီစဉ်ရန်အတွက်လည်း တော်မီဟောဂင်က သူ၏

လူယုံများကို ဆစ်စလီကျွန်းသို့ လေယာဉ်ဖြင့် ကြိုတင်လွှတ်ထားလိုက်ပြီ ဖြစ်လေသည်။

ထိုနေ့အဖို့ အသုံးပြုရန် မော်တော်ကားကို ဆန်နီက စီစဉ်ထားလေသည်။ ကားတွင် လိုင်စင်နံပါတ် အတုများ တပ်ဆင်ထားပြီး တက်ဆီယိုကိုယ်တိုင်က ယာဉ်မောင်းအဖြစ် လိုက်ပါရမည် ဖြစ်၏။ မော်တော်ကား က ရုတ်တရက် ကြည့်လိုက်လျှင် ကားစုတ်၊ ကားဟောင်းပင် ဖြစ်သော်လည်း အင်ဂျင်စက်က အလွန်အားကောင်းသော အမျိုးအစား ဖြစ်၏။ ယခုလို အရေးတကြီးကိစ္စများ တွင် စိတ်ချလက်ချ အသုံးပြုနိုင်ရန်အတွက် သီးသန့်ထားရှိသော ကားတစ်စီးပင် ဖြစ်သည်။

မိုက်ကယ်လ်သည် ထိုနေ့ တစ်နေ့လုံး ကာလီမင်ဇာနှင့် အတူနေရင်း သေနတ်ပစ် လေ့ကျင့်နေသည်။ သေနတ်က 'ပွိုင့်တူးတူး' အမျိုးအစား ခြောက်လုံးပြူးငယ် ဖြစ်သော်လည်း အထူးစီမံပြုပြင်ထားသော ကျည် ဆန်များ ထည့်ထားသဖြင့် လူတစ်ယောက်ကို အနီးကပ်ပစ်လိုက်ပါက ဝင်သည့် အပေါက်က သေးငယ်ပြီး တစ် ဖက်မှ ပြန်ထွက်လျှင် အပေါက်ကြီးကြီးဖြင့် ထွက်သွားမည် ဖြစ်၏။

ကပ်သာပစ်လိုက်လျှင် သေနတ်ကြီးများ ထက်ပင် ထိရောက်သော ကြောက်စရာ လက်နက်တစ်ခုပင် ဖြစ်သည်။ မိုက်ကယ်လ်သည် ထိုသေနတ်ကို လေ့ကျင့်ပစ်ကြည့်ရာ ခြေလှမ်းငါးလှမ်းကွာလောက်အထိ ပစ်မှတ် ကို တည့်တည့်မှန်အောင် ပစ်နိုင်ကြောင်း တွေ့ရလေသည်။

လူဝကြီး ကာလီမင်ဇာကလည်း မိုက်ကယ်

လိအား အသေးစိတ် ညွှန်ကြားချက် အမျိုးမျိုး ပေးလေသည်။

"ဒီမယ် မိုက်ကယ်လ်၊ အရေးကြီးဆုံးက သေနတ်ကို အသုံးပြုပြီးပြီးချင်း အသာကလေး လွှတ်ချပစ် ခဲ့ဖို့ ပဲ။ လူတကာကတော့ မင်းလက်ထဲ သေနတ်ရှိသေးတယ် ထင်ကြမယ်။ သူတို့ အားလုံးက ကြောက်နေလို့ ဘယ်သူမှ မင်းနား ကပ်ဝံ့မှာ မဟုတ်ဘူး ။ အဲဒီအချိန်မှာ မင်းက အပြင်ဘက်ကို ခပ်သုတ်သုတ် လျှောက်ထွက် လာခဲ့ရမယ်။ ပြေးတော့ မပြေးလေနဲ့ ။ ဘယ်ကိုမှ မကြည့်ဘဲ လမ်းလျှောက်ထွက်ခဲ့ပါ။ အပြင်ဘက်ရောက်တာနဲ့ တက်ဆီယိုက ကားနဲ့ အဆင်သင့် ရှိနေမယ်။ ကားပေါ်သာတက်လိုက်ခဲ့။ ကျန်တာကိုတော့ တက်ဆီယိုက တာဝန်ယူသွားလိမ့်မယ်"

ကလီမင်ဇာက ပြောသည် ကို မိုက်ကယ်လ် သည် ဂရုစိုက်နားထောင်နေပြီးနောက်

"ဆိုလိုဇိုက ကျွန်တော့်ကို ဘယ်ခေါ်သွားမယ်ဆိုတာ စုံစမ်းလို့ ရပြီလား"

ဟု မေးလိုက်ရာ ကလီမင်ဇာက ခေါင်းခါပြလိုက်သည်။

"အခုအချိန်အထိတော့ မသိရသေးဘူး။ ဒါပေမဲ့ တို့ လူတွေက စုံစမ်းလို့ ရမှာ ပါ။ ပြီးတော့လည်း ဆိုလိုဇို က မင်းကို ရန်ပြုမှာ မစိုးရိမ်နဲ့ ။ ဒီကိစ္စမှာ ကြားဝင်စေ့စပ်တဲ့ လူက မင်းပြန်မလာမချင်း တို့ ဆီမှာ ဓားစာခံ သဘောနဲ့ နေလိမ့်မယ်။ အာမခံချက်သဘောမျိုးပေါ့။ အဲဒီလူက နယူးယောက်မြို့ မိသားစုဂိုဏ်းတွေမှာ အရေး ပါသူတစ်ဦး ဖြစ်တယ်။ ဆိုလိုဇိုအနေနဲ့ ဒီလူရဲ့ အသက်နဲ့ မင်းကို မလဲနိုင်ပါဘူး။ မင်း

အတွက် ဘေးရန်မရှိပါဘူး။ ကိုစွပြီးရင် တို့ တစ်တွေကသာ အကြီးအကျယ် တိုက်ပွဲဝင်ကြရမှာ ”

“အခြေအနေက တော်တော်ဆိုးမှာ လား”

“ဆိုးမှာ တော့ သေချာတယ်။ တာတာဂလီယာ မိသားစုဂိုဏ်းက ဂေါ့ဒ်ဖားသား (ဒွန်ကော်လီယွန်) ဂိုဏ်းကို အပြုတ်တိုက်မှာ ပဲ။ တခြားဂိုဏ်းတွေကလည်း သူတို့ ဘက်က ဝင်ကူဖို့ များ တယ်။ ဒီလိုဂိုဏ်းတိုက်ပွဲ ကြီးမျိုးဟာ ဆယ်နှစ် တစ်ကြိမ်လောက် ဖြစ်တတ်တယ်။ ဒါမျိုးဆိုတာ စဖြစ် လာပြီဆိုရင် ဘယ်လိုမှ တားလို့ မရဘူးကွယ့်”

ဤသို့ပြောပြီးနောက် သူတို့ နှစ်ယောက်စလုံးသည် ဆန်နီရှိရာ အဘိုးကြီး၏ ရုံးခန်းသို့ ပြန်လာခဲ့ကြ လေသည် ။ ရောက်ရောက်ချင်းပင် ဆိုလိုဇိုနှင့် တွေ့ဆုံဆွေးနွေးရမည့် မနေ့ကဟို စုံစမ်း၍ မရသေးကြောင်း၊ ထို့ ကြောင့် မိုက်ကယ်လ်အား သေနတ်ရရှိအောင် မည်သို့ကြံရမှန်းမသိကြောင်း ပြောလေသည် ။

ထိုအခိုက်မှာ ပင် တယ်လီဖုန်းလာသဖြင့် ဆန်နီက နားထောင်ရင်း မှတ်စုစာအုပ်ငယ် ရေးမှတ်နေလေ သည် ။ စကားပြောပြီး၍ ဖုန်းကို ပြန်ချလိုက်ရင်း

“ဆိုလိုဇိုဘက်က ဖုန်းဆက် အကြောင်းကြားလိုက်တယ်။ ဒီနေ့ ည ၈ နာရီတိတိမှာ မိုက်ကယ်လ်က ဘရော့ဒ်ဝေးလမ်းမပေါ်က ဂျက်ဒင်မ်ဆီ စားသောက်ဆိုင်ရှေ့မှာ ရပ်စောင့်နေရမယ်။ အဲဒီနေရာကို ဆိုလိုဇိုနဲ့ မက္ကလတ်စကီးတို့ က ကားနဲ့ လာပြီး မိုက်ကယ်လ်ကို တင်ခေါ်သွားမယ်။ တစ်နေရာမှာ

စကားပြောကြပြီး နောက် ပြန်လွှတ်မယ်တဲ့ ။ နောက်တစ်ခုက ဟိုရဲမှူး နားမလည်အောင် ဆိုလိုဖို့နဲ့ မိုက်ကယ်လ်တို့ က အီတလီ ဘာသာနဲ့ စကားပြောဆိုရမယ်တဲ့ ”

ဟု ပြောပြလေသည် ။

တော်မီဟောဂင်က လူဝကြီး ကလီမင်ဇာအား

“မိုက်ကယ်လ် သွားနေတုန်းမှာ ဓားစာခံအဖြစ် လာနေမယ့် ကြားဝင်စေ့စပ်သူ ဆိုတာကော”

ဟု မေးလိုက်ရာ ကလီမင်ဇာက

“အဲဒီလူက အခု ကျုပ်အိမ်မှာ ရောက်နေပြီ။ ကျုပ်တပည့် သုံးယောက်က သူနဲ့ အတူ ရှိနေတယ်။ ကျုပ် က ပြန်လွှတ်ပါလို့ ဖုန်းဆက်အမိန့်ပေးမှ သာ ကျုပ်လူတွေ ပြန်လွှတ်ဖို့ မှာ ထားတယ်”

ဟု ပြော လိုက်လေသည် ။

ညနေ ငါးနာရီ ထိုးသွားသည့် တိုင်အောင် ဆိုလိုဇိုနှင့် တွေ့ဆုံစကားပြောကြမည့် နေရာ စုံစမ်း၍ မရသေး သဖြင့် ဆန်နီသည် အနည်းငယ် စိုးရိမ်ပူပန်မိလေသည် ။ သွားတွေ့ရမည့် နေရာကို မသိရဘဲ မိုက်ကယ်လ်အား မလွှတ်ချင်သဖြင့် သူ့အား လာခေါ်သည့် မော်တော်ကားထဲတွင် ပါသမျှလူတွေကို မိုက်ကယ်လ်က ပစ်သတ် လိုက်လျှင် ကောင်းမည်လောဟု လည်း ထုတ်ဖော်ဆွေးနွေးသေး၏။ သို့သော် ကျန်လူများက သဘော မတူကြ ချေ။

ထိုအချိန်မှာ ပင် တော်မီဟောဂင်က အကြံတစ်ခု ရလာမိလေသည် ။

"ဟော့ ဆန်နီ၊ ရဲအဖွဲ့ထဲက စုံထောက်ဖီးလစ် ဆိုတာ ကျုပ်တို့ ရဲ့ လူ မဟုတ်လား၊ သူ့ကို ဖုန်း ဆက်ပြီး ရဲမှူးကြီးမက္ကလတ်စကီးကို တွေ့ချင် လို့ ဘယ်မှာ များ ရှိမလဲလို့ မေးကြည့်စမ်းပါ လား။ သူတို့ ရဲစခန်းမှာ အရာရှိ တစ်ယောက် က အပြင်သွား ဘယ်မှာ ရှိမယ်ဆိုတာ ပြောသွားလေ့ရှိတယ်"

ဟောဂင်က အကြံပေးသဖြင့် ဆန်နီလည်း စုံ ထောက်ဖီးလစ်ထံသို့ ဖုန်းဆက်ကြည့်ရာ မကြာမီ ဖုန်းပြန် လည်ဆက်ပါမည်ဟု ကတိ ပေးလိုက်သည် ။ နောက်ထပ် နာရီဝက်ခန့် စောင့်နေကြပြီး ဖီးလစ်ထံမှ ဖုန်းလာ လေရာ ဆန်နီသည် နားထောင်ပြီး မှတ်စုစာအုပ်တွင် တစ်စုံတစ်ရာ ရေးမှတ်ထားလိုက်၏။ ဖုန်းကို ပြန်ချပြီး နောက် ဆန်နီက

"တော်မီ ပြောတာ ဟုတ်တယ်၊ သူ့ဟို ဂုံမင်း န်းအစဉ်အလာအရ အပြင်ဘက်ထွက်ရင် ဘ ယ်သွားမယ် ဆိုတာ အကြောင်းကြားထားရတ ယ်။ ဒီနေ့ည ရှစ်နာရီက ဆယ်နာရီအတွင်း မ က္ကလတ်စကီးဟာ 'လူနာအရှုး' ခေါ်တဲ့ အီတလီ စားသောက်ဆိုင်မှာ ရှိမယ်လို့ ပြောသွားသတဲ့၊ အဲဒီနေရာကို ဘယ်သူများ သိသလဲ"

ဟု ပြောလိုက်ရာ တက်ဆီယိုက ချက်ချင်းပ င် ခေါင်းညိတ်လိုက်သည် ။

"ကျွန်တော် သိပါတယ်။ ချောင်ကျပြီး အီတ လီအစားအသောက် ကောင်းကောင်း ရတဲ့ ဆို င်တစ်ဆိုင်ပဲ။ ပရိသတ်လည်း ရှင်းတယ်။ မိုက် ကယ်လ်အတွက် သေနတ်ကို ကြိုတင် သွားဝှ က်ထားဖို့ လည်း မီးဖိုခန်းနားမှာ ယောကျ်ားအိ မ်သာ ရှိတယ်။ အဲဒီအိမ်သာက ရေဆွဲတဲ့ ကြွေ

အိုး နောက်နားမှာ သေနတ်ကို 'တိပ်' နဲ့ သွားကပ် ထားလိုက်ရုံပဲ။ စိတ်ချရတဲ့ လူတစ်ယောက်ကို ကြိုတင်လွှတ်ရမယ်။ မိုက်ကယ်လ်က ဆိုလိုဇိုနဲ့ ထိုင်စကား ပြောနေရင်း အိမ်သာ ခဏသွားပါရစေလို့ ပြောပြီး အိမ်သာထဲက သေနတ်ကို သွားယူရမယ်။ ပြန်ရောက်တာနဲ့ မထိုင်နဲ့ တော့ တစ်ခါတည်းသာ နှစ်ယောက်စလုံးကို ပစ်ထည့်လိုက်ရုံပဲ။ သေနတ်သွားထားဖို့ ရာတော့ ကလီမင်ဇာက လူကောင်းတစ်ယောက် ရွေးလွှတ်ပါ။ စားသောက်ဆိုင်ရဲ့ အနေအထားက ဟောသလိုရှိတယ်။ မိုက်ကယ်လ်လည်း မှတ်ထားပါ"

ပြောပြောဆိုဆို တက်ဆီယိုသည် ပြာခွက်ထဲမှ စီးကရက်တိုများကို ယူ၍ စားပွဲပေါ်တွင် ချကာ စားသောက်ဆိုင်၏ ဝင်ပေါက် အခန်းအနေအထားများ နှင့် တကွ မိုက်ကယ်ယ်အား ပြန်ခေါ်ရန် သူ၏ မော်တော်ကားရှိသည့် နေရာစသည် တို့ ကို မြေပုံအမှတ်အသားသဏ္ဍာန်ဖြင့် အသေးစိတ် ရှင်းပြလေသည်။

ဆန်နီသည် သေချာစွာ နားထောင်ပြီးနောက်

"တကယ် စိတ်ချရတဲ့ လူတစ်ယောက် အဲဒီဆိုင်ကို ကြိုတင်လွှတ်ပြီး သေနတ်ကို ပိပိရိရိ ထားစေမှ ဖြစ်မယ်။ တော်တော်ကြာ မိုက်ကယ်လ်က အိမ်သာထဲသွားပြီး လက်ချည်းပြန်ထွက်လာရင် ခက်နေဦးမယ်"

ဟု ပြောလိုက်ရာ ကလီမင်ဇာက တည်ငြိမ်အေးဆေးသောအသံဖြင့်

"စိတ်ချပါ၊ သေနတ်က အဆင်သင့် ရှိစေရမယ်"

ဟု ရဲရဲကြီး အာမခံချက် ပေးလိုက်သည် ။

မိုက်ကယ်လ်သည် ဆန်နီဘက်သို့ လှမ်း၍

"ကိစ္စပြီးလို့ ကျွန်တော်တို့ က နိုင်ငံခြားမှာ သွားရှောင်နေရမယ်ဆိုတာ ဘယ်လောက်ကြာကြာ နေရမှာ လဲ"

ဟု မေးလိုက်သည် ။

"အနည်းဆုံး တစ်နှစ်တော့ နေရမှာ ပဲ"

ဆန်နီက ပြန်ဖြေလိုက်ပြီးနောက် တော်မီ ဟောဂင်က ဝင်၍

"အဘိုးကြီး ဂေါ်ဒ်ဖားသား အနေနဲ့ ဒါထက် စောပြီး ပြန်လာနိုင်အောင် ကြိုးစားရင် ဖြစ် ကောင်း ဖြစ် ပါလိမ့်မယ်။ ဒီကိစ္စမှာ ရဲဘက်က ဘယ်လောက်အထိအောင် ဖုံးဖိချင်တယ်ဆို တာအပေါ် တည်တယ်။ တခြား မိသားစုဂိုဏ်း တွေက ဘယ်လိုလှုပ်ရှားကြမယ် ဆိုတာကိုလ ည်း ထည့်တွက်ရမယ်။ ဘာပဲဖြစ်ဖြစ် အမြန် ဆုံး ဖြစ်အောင်တော့ ကြိုးစားရမှာ ပဲ"

ဟု ပြော လိုက်လေသည် ။

ထို့နောက် တော်မီသည် မိုက်ကယ်လ်အား စေတနာဖြင့် ပြောသည့် ဟန်ဖြင့်

"မိုက်ကယ်လ်အနေနဲ့ အခုအချိန်မှာ ပြန် နောက်ဆုတ်မယ်ဆိုရင် ရသေးတယ်။ စဉ်းစား ပါဦးလား။ ဒီကိစ္စမှာ ကျုပ်တို့ ထဲက တခြားလူ ငယ် တစ်ယောက်ယောက်ကို ခိုင်းရင် ဖြစ်ပါ တယ်"

ဟု ပြောလိုက်ရာ မိုက်ကယ်လ်၏ မျက်နှာ ထားသည် တင်းမာခက်ထန် လာလေသည် ။ သူ့အနေဖြင့် အတိအကျ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်ဟန်တူလေသည် ။

"ဒီမယ် တော်မီ၊ ကျွန်တော် ရှင်းရှင်းပဲပြောမယ်၊ စောစောက ခင်ဗျားတို့ က ဒီကိစ္စမှာ စီးပွားရေးနဲ့ ပုဂ္ဂလိက ကိုယ်ရေးကိုယ်တာ အရေးကို ခွဲခြားရမယ်လို့ ပြောတယ် မဟုတ်လား။ အဘိုးကြီးကို ဆိုလိုဇိုက သတ်ဖို့ ကြံတာလည်း စီးပွားရေးခြေလှမ်းတစ်လှမ်းသာ ဖြစ်တယ်လို့ ခင်ဗျားတို့ က ဆိုတယ်။ အမှန်က အားလုံး ကိစ္စတွေဟာ ကိုယ်ရေးကိုယ်တာကိစ္စချည်းသာ ဖြစ်တယ်။ အဲဒါကို ကြားကောင်းအောင် စီးပွားရေးလို့ ပြောနေ ကြတယ်။ မဟုတ်ဘူး ဗျ။ ဘာမဆို ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်တယ်။ ဒီသဘောတရားကို ကျွန်တော် ဘယ်သူ့ ဆီက တတ်လာခဲ့တယ်ထင်သလဲ။ အဘိုးကြီး 'ဂေါ့ဒ်ဖားသား' ဆီကပဲ။ သူဟာ လောကကြီးမှာ ဘာမဆို သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်တယ်လို့ ယူဆတယ်။ စစ်အတွင်းက ကျွန်တော် သူ့စကား နားမထောင်ဘဲ စစ်ထဲ လိုက်သွားပေမယ့်လည်း သူ့ရဲ့ ကိုယ်ရေးကိစ္စလို့ သဘောထားတယ်။ ကုန်ကုန်ပြောမယ်ဗျာ။ အဘိုးကြီးက သူ့ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် မိုးကြိုးပစ်ခံရလို့ သေသွားတောင်မှ သူ့ကို ကိုယ်ရေးကိုယ်တာအရ စော်ကားခံ ရတယ်လို့ ယူမယ်။ ဒါကြောင့် လည်း အဘိုးကြီးဟာ 'ဂေါ့ဒ်ဖားသား' ဖြစ်သတာပေါ့။ ဒါကြောင့် သူဟာ ဘယ်သူနဲ့ မှ မတူအောင် ဩဇာကြီးမားပြီး လူတကာက လေးစားခံရခြင်း ဖြစ်တယ်။ အခု ကျွန်တော်ကလည်း သူ့ရဲ့ အတွေးအခေါ်နည်းအတိုင်း ဆင်ခြင် သုံးသပ်တာသာ ဖြစ်တယ်။ ဆိုလိုဇိုက အဘိုးကြီးကို သတ်ဖို့ ကြံတာဟာ ကျွန်တော့်ကို တိုက်ရိုက် စော်ကားတာပဲလို့ ယူဆပြီး အခု သူ့ကိုပြန်ပြီး အပြစ်ဒဏ်ပေးမှာ ဖြစ်တယ်"

မိုက်ကယ်လ်က ခပ်တည်တည်ပြောနေပုံ ကား ဂေါ်ဒ်ဖားသား အဘိုးကြီးနှင့် တူလှသည် ဟု ပင် တော်မီဟောဂင်၏ စိတ်ဝယ် ထင်မိလေ သည် ။ မိုက်ကယ်လ်ကပင် ဆက်၍

"တော်မီ၊ ခင်ဗျားဟာ (ကွန်ဆီလီယိုရီ) လူ ယုံတော် အကြံပေးပုဂ္ဂိုလ်အနေနဲ့ မှန်မှန်ပြော စမ်းပါ။ ဆိုလိုဇိုကို ဒီအတိုင်းလွှတ်ထားရင် အ ဘိုးကြီးနဲ့ တကွ ကျွန်တော်တို့ မိသားစုအဖို့ အ န္တရာယ်များ မယ်ဆိုတာ ခင်ဗျား သဘောတူသ လား"

ဟု မေးလိုက်ရာ တော်မီက...

"သဘောတူပါတယ်။ ဒီလူက ကြောက်စရာ ကောင်းတာ အမှန်ပဲ"

ဟု ဝန်ခံလိုက်သဖြင့်

"ကောင်းပြီ၊ ဒါဖြင့် ကျွန်တော့်အနေနဲ့ ဆိုလို ဇိုကို မလွဲမသွေ သတ်မှ ဖြစ်မယ်"

ဟု မိုက်ကယ်လ်က ပြတ်သားစွာ ပြော လို က်လေသည် ။

***

အချိန်မှာ ည ၈ နာရီထိုးရန် ငါးမိနစ်မျှသာ လိုတော့သည် ။

မိုက်ကယ်လ်သည် ဂျက်ဒင်မ်ဆီ စားသော က်ဆိုင်ရှေ့တွင် ရပ်လျက် သူ့အား လာခေါ်မည့် မော်တော် ကားကို စောင့်နေလေသည် ။ သူ ဤနေရာသို့ ၁၅ မိနစ်ခန့် ကြိုစော၍ ရောက် နေခဲ့သည် ။ ယနေ့ညအဖို့ သူ ဆောင်ရွက်ရမ ည့် အလုပ်မှာ ဘဝတစ်သက်တာတွင် အရေးကြီးဆုံးပင် ဖြစ်သည့် အလျောက် စိတ်

ကို တည်ငြိမ် အေးချမ်းစွာ ရှိစေရန် အထူးကြိုးစား သတိထားနေလေသည် ။ ဆိုလိုဇီ ဆိုသူကား အလွန်ပါးနပ်ပြီး လျင်သူ ဖြစ်ပြီး မက္ကလတ်စကီး အမည်ရှိ ရဲမှူးကြီးသည် လည်း အလွန်ကြမ်းတမ်းသော လူတစ်ယောက် ဖြစ်သောကြောင့် သူ့အနေဖြင့် အလွန်သတိရှိနိုင်မှ တော်ရုံကျပေမည်။

၈ နာရီတိတိတွင် အနက်ရောင် မော်တော်ကားတစ်စီးသည် သူရပ်နေရာအနီးသို့ ထိုးဆိုက် လာပြီး ယာဉ် မောင်းသူက

"မိုက်ကယ်လ် ကားပေါ်တက် လိုက်ခဲ့ပါ"

ဟု လှမ်းခေါ်ရင်း ကားတံခါးကို ဖွင့်ပေးသဖြင့် မိုက်ကယ်လ်လည်း တက်လိုက်သည် ။ ကား၏ နောက် ခန်းတွင် ကား ဆိုလိုဇီနှင့် ရဲမှူးကြီးမက္ကလတ်စကီးတို့ ထိုင်နေသည်ကို တွေ့ရလေသည် ။

ဆိုလိုဇီက လက်ဆွဲနှုတ်ဆက်ရင်း

"မိုက်ကယ်လ် ကိုယ်တိုင် လာတာ ကျုပ်တော့ သိပ်ဝမ်းသာတယ်။ အားလုံး ပြေလည်ချောမော အောင် စေ့စပ်ညှိနှိုင်းလို့ ရလိမ့်မယ်လို့ လည်း မျှော်လင့်ပါတယ်။ ကျုပ်ကိုယ်တိုင်ကလည်း အကျယ်အကျယ် မငြိမ်းဖွယ် မဖြစ်ချင်ပါဘူး"

ဟု ပြောလိုက်ရာ မိုက်ကယ်လ်ကလည်း ...

"ကျွန်တော်လည်း ပြေလည်ဖို့ အထူးမျှော်လင့်တာပါပဲ။ ကျွန်တော့်ဖခင်ကြီးအတွက် နောက်ထပ် ဘေးအန္တရာယ် မရှိစေချင်ဘူး"

ဟု ပြောလိုက်သည် ။

"နောက်ထပ် ဘာမှ မဖြစ်စေရပါဘူး။ ဒီအ

တွက် စိတ်ချပါ။ ကျုပ်ကျမ်းကျိန်ပြီး ကတိပေးပါတယ်"

ဆိုလိုဇိုက အာမခံချက်ပေးလိုက်သည် ။

ထိုအချိန်၌ ရဲမှူးကြီး မက္ကလတ်စကီးသည် မိုက်ကယ်လ်၏ ပခုံးကို ရင်းနှီးစွာ ပုတ်ရင်း

"ဟိုတစ်နေ့ညက ကိစ္စကို ဘယ်လိုမှ မအောက်မေ့ပါနဲ့ ။ မိုက်ကယ်လ်ကို တောင်းပန်ပါတယ်။ ကျုပ်က အလုပ်ပင်ပန်းလွန်းလို့ စိတ်တွေတိုနေပြီး မဆင်မခြင် လုပ်မိတာပါ။ ကျုပ်လည်း မကြာခင် အငြိမ်းစားယူရ တော့မယ် ထင်ပါတယ်"

ဟု တောင်းပန်ပြောဆိုလိုက်ပြီး သူ၏ လက်ဖြင့် မိုက်ကယ်လ်၏ ကိုယ်တွင် လက်နက်တစ်စုံတစ်ရာ ရှိ မရှိ စမ်းသပ်ရှာဖွေလိုက်သည် ။ မိုက်ကယ်လ်ကမူ ပြုံး၍ သာ နေလိုက်သည် ။

လမ်းမကြီးအတိုင်း မောင်းသွားရာမှ မြို့ပြင်ထွက်၍ နယူးဂျာဆီ ဘက်သို့ ဦးတည်မောင်းနေသည်ကို သတိပြုမိသောအခါ မိုက်ကယ်လ်မှာ ရင်ထဲမှ ဒိတ်ခနဲ ဖြစ်သွားမိလေသည် ။ မိမိ တို့ကြိုတင်သတင်းရထားသည့် စားသောက်ဆိုင်သို့ မသွားဘဲ အခြားတစ်နေရာသို့ သွားနေပြီလောဟု စိုးရိမ် သွားမိသည် ။ သူ့ကိုသတ်ပြီး နယူးဂျာစီမြို့ပြင်မှ ရွံ့နွံစိမ့်မြေတောထဲတွင် ပစ်ထားခဲ့မည်လောဟု တွေးမိလိုက် သည် ။

ဤသို့ စိုးရိမ်တွေးတောနေစဉ်မှာ ပင် မော်တော်ကားသည် ရုတ်တရက် ပစောက်သဏ္ဍာန်ကွေ့လိုက်ပြီး ယာဉ်မောင်းသူက ကျင်လည်စွာ ကားကိုတိမ်းလျက် နယူးယောက်မြို့ ဘက်သို့ ပြန်မောင်းသွားလေသည် ။ သည် တော့မှ မိုက်

ကယ်လီလည်း အမှန်ကို သဘောပေါက်မိတော့သည် ။ သူတို့ ကားနောက်မှ တစ်စုံတစ်ယောက် က နောက်ယောင်ခံလိုက်လာလျှင် ထင်ယောင်ထင်မှား ဖြစ်အောင် ခြေရာဖျောက်လျက် မြို့ပြင်သို့ မောင်းထွက် ပြီးမှ နယူးယောက်မြို့တွင်းသို့ ပြန်မောင်းလာခဲ့ခြင်း ဖြစ်လေသည် ။

နောက်ဆယ်မိနစ်မျှ ကြာသောအခါ မော်တော်ကားသည် မိမိတို့ ကြိုတင်သတင်းရထားသည့် လူနာအရူး အမည်ရှိ အီတလီစားသောက်ဆိုင်ရှေ့တွင် ထိုးဆိုက်လိုက်သည် ။ ဆိုင်အတွင်း၌ ကား လူများများ မရှိဘဲ ညစာ လာစားသူ အနည်းငယ်မျှသာ ရှိနေသည် ကို သတိပြုမိလေသည် ။

ဆိုလိုဇို က ခေါင်းဆောင်၍ အတွင်းဘက်ကျ စားပွဲတစ်ခုသို့ ခေါ်သွားသဖြင့် သုံးယောက်ထိုင်မိ သောအခါ သူတို့ နှင့် မလှမ်းမကမ်းတွင် လူနှစ်ယောက် ထိုင်နေသည် ကို တွေ့ရပြန်သည် ။ ဆိုလိုဇို၏ လူယုံတော် များ ဖြစ်ကောင်း ဖြစ်ပေမည်။ သို့သော် သူတို့ က ဘာမှ ဝင်မနှောင့်ယှက်နိုင်မီ ကိစ္စပြီးသွားမှာ ပဲဟု မိုက်ကယ်လ် က တွေးလိုက်မိသည် ။

ရဲမှူးကြီး မက္ကလတ်စကီးသည် ဆိုင်၏ အသွင်အပြင်ကို စိတ်ဝင်စားစွာ လှည့်ပတ်ကြည့်ရင်း

"ဒီဆိုင်မှာ အီတလီ အစားအသောက် ကောင်းကောင်း ရသလား"

ဟု မေးရာ ဆိုလိုဇိုက

"နယူးယောက်မြို့မှာ တော့ အကောင်းဆုံးပဲ"

ဟု ပြောလိုက်ပြီး သူကပင် ဆက်လက်၍

"ရဲမှူးကြီးအနေနဲ့ စိတ်မရှိပါနဲ့ ။ ကျုပ်နဲ့ မိုက်ကယ်လ်တို့ က အီတလီ ဘာသာနဲ့ စကားပြောကြမှာ ဖြစ် တယ်။ ခင်ဗျားကို မယုံကြည်လို့ တော့ မဟုတ်ဘူး ။ ကျုပ်က ကိုယ့်တိုင်းရင်းဘာသာ အီတလီလိုပြောမှ ဆိုလိုချင်တာ တိတိကျကျ ပြောနိုင်လို့ ပါ"

ဟု ပြောလိုက်သည် ။ ရဲမှူးကြီးကလည်း နားလည်သဘောပေါက်ဟန်ဖြင့်

"အို...ကိစ္စမရှိပါဘူး။ ပြောချင်သလို ပြောပါ ။ ကျုပ်က အစားအသောက် ကောင်းကောင်းတွေကိုသာ ဖိစားနေမှာ ပါ"

ဟု ပြော လိုက်လေသည် ။

ဆိုလိုဇိုသည် စားပွဲထိုးတစ်ယောက်အား ခေါ်ယူ၍ စားသောက်ဖွယ်များ မှာ ယူပြီးနောက် ဆစ်စလီ ကျွန်းသားတို့ ပြောသော ဘာသာစကားဖြင့် မိုက်ကယ်အား စတင် ပြောလေသည် ။

"ပထမဆုံး ပြောလိုတဲ့ အချက်ကတော့ ကျုပ်နဲ့ မိုက်ကယ်လ်ရဲ့ ဖခင်တို့ ဖြစ်ခဲ့တဲ့ ကိစ္စဟာ စီးပွားရေး လုပ်ငန်းနဲ့ ပတ်သက်တဲ့ ကိစ္စသက်သက် ဖြစ်တယ်ဆိုတဲ့ အချက်ပဲ။ ဒါကို နားလည်သဘောပေါက်စေချင်ပါ တယ်။ ကျုပ်ဟာ မင်းရဲ့ အဖေ ဒွန်ကော်လီယွန်ကို အလွန်လေးစားခဲ့တဲ့ လူတစ်ယောက်ပါ။ ဒါပေမဲ့ သူက ရှေးဆန်လွန်းတယ်။ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကြီးထဲမှာ သူဟာ ခေတ်မမီဘူးလို့ ဆိုရမယ်။ ကျုပ်အခု စတင်ဖို့ ကြိုးစားနေတဲ့ လုပ်ငန်းက အမြတ်အစွန်း ဒေါ်လာငွေတွေ သန်းချီပြီး

ရနိုင်တဲ့ အလုပ်မျိုးဖြစ်တယ်။ ရှေ့အဖို့ လည်း အကန့်အသတ်မရှိအောင် အလားအလာ အလွန်ကောင်းတဲ့ အလုပ်မျိုးလည်း ဖြစ်တယ်။ ဒါပေမဲ့ အဘိုးကြီး နားမဝင်ဘူး။ လက်မခံချင်ဘူး။ ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့တယ်။ ဒါဟာ သူ့အနေနဲ့ သူ့ရဲ့ ဆန္ဒသဘောကို ကျုပ်လို လူတွေအပေါ် အတင်းအကျပ် လွှမ်းမိုးလိုက်တဲ့ သဘောပဲ။ သူကတော့ ကျုပ်ဟာကျုပ်လုပ်ပါလို့ တော့ ပြောတာပေါ့။ ဒါပေမဲ့ သူက သဘောမတူဘဲ ငြင်းပယ်လိုက်ခြင်းအားဖြင့် ကျုပ်ရဲ့ လုပ်ငန်းကို အနှောင့်အယှက် အဟန့်အတား ဖြစ်စေတယ်။ တစ်နည်းအားဖြင့် သူဟာ ကျုပ်ရဲ့ လုပ်ငန်းကို မလုပ်ပါနဲ့ လို့ ပြောလိုက်တဲ့ သဘောလည်း ဖြစ်တယ်"

"ကျုပ်က ဘယ့်နှယ်လုပ်ပြီး လက်ခံနိုင်ပါ့မလဲ။ ကျုပ်မှာ က နယူးယောက်မြို့ က ဟာဗြဲအမ်သားစုဂိုဏ်း တွေရဲ့ ထောက်ခံအားပေးမှုကို ရထားတဲ့ အပြင် တာတာဂလီယာမိသားစုက ကျုပ်ရဲ့ လုပ်ငန်းမှာ အစုစပ်ရှယ်ယာ ပါဝင်လိမ့်မယ်။ တစ်ဖက်နဲ့ တစ်ဖက် မပြေလည်ဘဲ ပဋိပက္ခ ဆက်ဖြစ်နေရင်တော့ ကော်လီယိုနီမိသားစုဟာ အားလုံးရဲ့ ရန်သူ ဖြစ်လာလိမ့်မယ်။ နောက်တစ်ခု ခက်နေတာက အဘိုးကြီးရဲ့သား အကြီးဆုံးက အဘိုးကြီးလို လူမျိုး မဟုတ်ဘဲ ဖြစ်နေတယ်။ မင်းတို့ ရဲ့ လူယုံတော် အကြံပေးဆိုတဲ့ တော်မီဟေဂင် ဆိုတာလည်း ကွယ်လွန် သူ မစ္စတာဂင်ကိုလို အဆင့်အတန်းမျိုး ရှိတာ မဟုတ်ဘူး ။ ကျုပ်အနေနဲ့ ကတော့ နှစ်ဖက်စလုံး ရန်စဲပြီး ငြိမ်းချမ်း ရေးလုပ်ကြပါစို့လို့ ကမ်းလှမ်းလိုတယ်။ အထူးသဖြင့် မင်းတို့ ဖခင်ကြီး ပြန်လည်ကျန်း

မာလာလို့ စေ့စပ်ဆွေး နွေးပွဲများ ဆက်လက် လုပ်နိုင်တဲ့ အထိ တစ်ဖက်နဲ့ တစ်ဖက် ရန်မပြု စတမ်းလို့ ကတိပြုကြရအောင်။ တာတာဂလီယာ မိသားစုအနေနဲ့ သူတို့ ရဲ့ သား ဘရူနို အသတ်ခံရတာကို ပြန်လည်ကလဲ့စားချေခြင်း မပြုပါ ဘူးလို့ တာဝန်ယူပါတယ်။ ဒါဟာလည်း ကျုပ်က သူတို့ ကို ဖျောင်းဖျ နားလည်မှုရှိအောင် ပြောခဲ့လို့ ဖြစ်တယ်။ ဒါပေမဲ့ ဒီအတောအတွင်းမှာ ကျုပ်ရဲ့ စီးပွားရေးလုပ်ငန်းကို စရလိမ့်မယ်။ ဂေါ်ဒ်ဖားသား မိသားစုက ကျုပ်ရဲ့ လုပ်ငန်းတွေမှာ ဝင်မနှောင့်ယှက်ပါဘူးဆိုတဲ့ အာမခံချက် ပေးစေချင်ပါတယ်။ အဲဒါဟာ ကျုပ်ရဲ့ ကမ်းလှမ်း တင်ပြချက်ပါပဲ။ မိုက်ကယ်လ် အနေနဲ့ သဘောတူ ဆုံးဖြတ်ပိုင်ခွင့်အာဏာရှိတယ်လို့ ကျုပ် ယူဆပါတယ်။ ဘယ့် နှယ်လဲ"

ဆိုလိုဇိုက တောက်လျှောက် ပြောသွားပြီးသောအခါ မိုက်ကယ်လ်က ဆစ်စလီဘာသာဖြင့်ပင်

"ခင်ဗျားရဲ့ စီးပွားရေးလုပ်ငန်း အသေးစိတ်ကို ပြောပြပါဦး။ ကျွန်တော်တို့ မိသားစုက ဘာလုပ်ရမယ် ဆိုတာ အတိအကျ သိချင်တယ်။ အမြတ်အစွန်း အနေနဲ့ ကော ဘယ်လောက်ရမှာလဲ"

ဟု ပြန်မေးလိုက်သည်။

"ဘာလဲ ကျုပ်လုပ်မယ့် လုပ်ငန်းတစ်ခုလုံးရဲ့ အသေးစိတ် အချက်အလက်တွေကို တင်ပြရမှာ လား"

"အရေးအကြီးဆုံး အချက်ကတော့ ကျွန်တော့်အဖေကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ နောက်ထပ် မကြံစည် ပါတော့ဘူးဆိုတဲ့ အာမခံချက်

ရရှိဖို့ ပဲ"

မိုက်ကယ်လ်က ဤသို့ပြောလိုက်သောအခါ ဆိုလိုဗိုသည် သူ၏ လက်ကို အမိဖွာယ်ပါပါ မြှောက်လိုက် ရင်း

"မိုက်ကယ်လ်ကလည်း ကွာ၊ ကျုပ်က အာမခံချက် ပေးနေစရာ လိုသေးသလား။ အသတ်ခံရမှာ ကြောက်နေရသူက ကျုပ်ပါ။ စောစောတုန်းကတော့ ဟုတ်ပါတယ်။ ကျုပ်က ကြံစည်ဖို့ အခွင့်အရေးရခဲ့တာ အခုတော့ လွတ်သွားပြီ။ မင်းတို့ က ကျုပ်ကို အထင်ကြီးလွန်းနေတာကိုးကွယ့်"

ဟု ပြောလိုက်သည် ။

မိုက်ကယ်လ်၏ စိတ်ထဲတွင် ကား ယခုဆွေးနွေးပွဲမှာ ရက်အနည်းငယ် အချိန်ရစေရန် ရွှေ့ဆိုင်း အချိန်ဆွဲခြင်းမျှသာ ဖြစ်ကြောင်း ထတ်ချတွက်မိနေသည် ။ ဆိုလိုဇိုသည့် စကားနှမှချ သူ့ဖခင်အား သတ်ဖြတ် ရန် ထပ်ကြံစည်လိမ့်ဦးမည်ဟု လည်း ယုံကြည်မိလေသည် ။

သို့သော် ယခုလောလောဆယ်တွင် ဆိုလိုဇိုက မိမိအား သတ္တိကြောင်သော မိန်းမလျာလိုကောင်းလေး တစ်ယောက်ဟု ယူဆနေပုံရသည် ၊ ဒါကိုပဲ မိုက်ကယ်လ်၏ စိတ်ထဲမှ ကျိတ်၍သဘောကျ ကျေနပ်နေမိသည် ။ ထိုအချိန်၌ သူ၏ မျက်နှာက မအီမသာ ဖြစ်သယောင် မဲ့ရွဲ့ကာ လုပ်ပြလိုက်ရာ ဆိုလိုဇိုက ရုတ်တရက်ဘာမှန်း မသိသဖြင့်

"ဟော့ မိုက်ကယ်လ်၊ ဘာများ လဲကွ၊ ဘာဖြစ်တာလဲ"

ဟု လှမ်းမေးလိုက်သည် ။

"အရက်သောက်တာ များ လို့ နဲ့ တူတယ်။

အပေါ်သွားချင်လိုက်တာ။ ကျွန်တော့်ကို အိမ်သာခဏသွားဖို့ ခွင့်ပြုပါ"

မိုက်ကယ်လ်က မဲ့ရွဲ့ရင်း ပြောလိုက်ရာ ဆိုလိုဗိုသည် မိုက်ကယ်လ်၏ မျက်နှာကို သေချာစွာ စူးစိုက် ကြည့်ရင်း အဓိပ္ပာယ်ကို ရှာဖွေနေလိုက်သည်။ ထို့နောက် သူ၏ လက်ဖြင့် လှမ်း၍ မိုက်ကယ်လ်၏ ကိုယ်ကို လက်နက်ရှိ မရှိ စမ်းသပ်ရှာဖွေလိုက်သည်။

ဤတွင် ရဲမှူးကြီးမက္ကလတ်စကီးက

"ကျုပ်ကိုယ်တိုင် ရှာကြည့်ပြီးပါပြီ။ ကျုပ်ကဒီလိုလူငယ်ပေါင်း မြောက်မြားစွာကို လက်နက်ရှာခဲ့ဖူး ပါတယ်။ သူ့မှာ ဘာလက်နက်မှ မရှိဘူး"

ဟု ဝင်ပြောလိုက်သည်။

ဆိုလိုဗိုမှာ ခွင့်မပြုချင် ပြုချင်နှင့်

"ကောင်းပြီလေ။ အိမ်သာခန်း သွားရင်လည်း ခပ်မြန်မြန်သွား သိပ်မကြာစေနဲ့"

ခပ်လှမ်းလှမ်းရှိ စားပွဲတစ်လုံးတွင် ထိုင်နေသော သူ၏ လူယုံတစ်ဦးအား အမှတ်မဲ့ လှမ်းကြည့်လိုက်ရာ ထိုသူက လက်ဟန်ခြေဟန်ဖြင့်ပင် အိမ်သာထဲ မည်သူမှ မရှိကြောင်း အချက်ပေးလိုက်သဖြင့် ဆိုလိုဗိုက ကျေနပ် သွားမိသည်။ သို့သော် ဘာကြောင့် မှန်းမသိ ဘေးရန်တစ်စုံတစ်ရာ နီးကပ်နေသယောင်တော့ စိတ်ထဲမှာ ဖြစ် နေမိလေသည်။

မိုက်ကယ်လ်သည် အိမ်သာခန်းထဲသို့ လျှောက်သွား၍ တံခါးကို အတွင်းမှ သေသေချာချာ ပိတ် လိုက်သည်။ ထို့နောက် ရေဆွဲသည့် တိုင်ကီနောက်နားသို့ လက်ဖြင့် အသာစမ်းလိုက်ရာ

ချက်ချင်းပင် သေနတ် ကိုစမ်းမိလေသည် ။ သူ ကိုယ်တိုင် လေ့ကျင့်ပစ်ကြည့်ပြီးသော 'ပွိုင့်တူး တူး' ခြောက်လုံးပြူးသေနတ်ပင် ဖြစ် သည် ။

သူသည် သေနတ်ကိုယူ၍ ခါးကြားထဲ ထိုး လိုက်ပြီး ကုတ်အင်္ကျီဖြင့် ဖုံးကွယ်ထားလိုက်သ ည် ။ ပြီးမှ မျက်နှာသစ်၊ လက်ဆေး၍ ပြန်ထွက် လာခဲ့သည် ။ မူလနေရာသို့ လာပြီး ပြန်ထိုင်ချ လိုက်ရင်း ပြုံးလျက်

"အင်း ခုမှ ပဲ ပေါ့သွားတော့တယ်။ ဆက်ပြီး ဆွေးနွေးနိုင်ပါပြီ"

ဟု ပြောလိုက်သည် ။

ရဲမှူးကြီးမက္ကလတ်စကီးသည် အီတာလျံ ဟင်းလျာတစ်ခုကို မြိန်ရေရှက်ရေ စားလျက်ရှိ နေသည် ။ ခပ်လှမ်းလှမ်းမှ ဆိုလိုဇို၏ လူယုံသ ည် လည်း ခပ်စောစောက မိုက်ကယ်လ် ထွက်သွားစဉ် ကျိုးကန်းတောင်း မှောက် ကြည့်မနေ သော်လည်း ယခုတော့ စိတ်ချလက်ချ ဖြစ်သွား ပုံရလေသည် ။

ဆိုလိုဇိုသည် သူ၏ မူးယစ်ဆေးဝါးလုပ်ငန်း အစီအစဉ်ကို စိတ်အားထက်သန်စွာဖြင့် ဆက်ပြောနေ လေသည် ။ သို့သော် မိုက်ကယ် လ်မှာ ထိုလူပြောသော စကားကို နားမဝင်နိုင် ဘဲ သူ့အကြံနှင့် သူ တွေးတောရင်း စိတ်တွေ လှုပ်ရှားနေမိသည် ။ စားပွဲခင်းနှင့် ဖုံးကွယ်နေ သော သူ၏ လက်တစ်ဖက်ဖြင့် ကုတ်အင်္ကျီကိုဖွ င့်၍ သေနတ်ကို အသာဆွဲထုတ် ကိုင်ထားလို က်သည် ။

ထိုအချိန် စားပွဲထိုးတစ်ယောက်က ဝင် လာပြီး နောက်ထပ် စားစရာများ မှာ ဦးမည် လားဟု မေးရာ ဆိုလိုဇိုက စားပွဲထိုးဘက်သို့

လှည့်စကားပြောမည်အပြုတွင် မိုက်ကယ်လ်က လျှပ်တစ်ပြက် လျင်မြန်စွာ လှုပ်ရှားလိုက်တော့သည် ။

သူ၏ လက်ဝဲဘက်လက်ဖြင့် စားပွဲကို တွန်းဖယ်ပစ်လိုက်ပြီး တစ်ချိန်တည်းမှာ ပင် ညာဘက်လက်တွင် ကိုင်ထားသော သေနတ်ကိုဆွဲထုတ်၍ ဆိုလိုဇို၏ ဦးခေါင်းဆီသို့ ချိန်ထားလိုက်သည် ။ ဆိုလိုဇိုသည် အလွန်လျင် မြန်ဖျတ်လတ်သူဖြစ်၍ ချက်ချင်းပင် ရှောင်တိမ်းထွက်ရန် လှုပ်ရှားလိုက်သော်လည်း အသင့်ရှိနေသော မိုက်ကယ်လ်က သေနတ်မောင်းကို ဖြုတ်ချလိုက်သည် ။

ကျည်ဆန်သည် ဆိုလိုဇို၏ မျက်စိနှင့် နားရွက်အကြား နားထင်တည့်တည့်ကို ထိမှန်လေရာ တစ်ချက် တည်းနှင့် ပင် ကိစ္စချောသွားမှန်း မိုက်ကယ်လ်က သိလိုက်သည် ။ ထို့နောက် မျက်ချင်းပင် သေနတ်ပြောင်းဝကို ရဲမှူးကြီးဘက်သို့ လှည့်လိုက်ပြန်သည် ။ ယင်းလှုပ်ရှားမှု အားလုံးသည် တစ်စက္ကန့်အတွင်း လျင်မြန်စွာ ဖြစ် သွားလေသည် ။

မက္ကလတ်စကီးသည် စားနေရင်းတန်းလန်းမှ အံ့အားသင့်လွန်းသဖြင့် စားစရာကို ခက်ရင်းဖြင့် ယူစား နေရာက ပါးစပ်နားသို့ ဆွဲမြှောက်ထားဆဲတွင် ပင် ပါးစပ်အဟောင်းသားနှင့် ငေးနေလေသည် ။

သူကိုယ်တိုင်က အန္တရာယ်နီးကပ်နေပြီကိုလည်း တွေးမိဟန်မတူ။ မိုက်ကယ်လ်ကပဲ သူ့ထံ လက်နက်ချ တောင်းပန်လိမ့်မည်ဟု ယူဆနေသယောင် မျက်နှာထားမျိုး ဖြစ်နေသည် ။ ဤတွင် မိုက်ကယ်လ်သည် ခပ်ပြုံးပြုံး ကြည့်ရ

င်းနှင့် ရဲမှူးကြီး၏ ဦးခေါင်းတည့်တည့်သို့ ချိန်လျက် သေနတ်မောင်းကို ဖြုတ်ချ လိုက်လေသည် ။

ထို့နောက် သေနတ်ကို အသာလေး စားပွဲအောက်သို့ ပစ်ချလိုက်သည် ။

အပြင်ဘက်စားပွဲမှ ဆိုလိုဇို၏ လူယုံသည် မည်သို့မှ မလှုပ်ရှားဘဲ သူ၏ လက်နှစ်ဖက်ကို စားပွဲပေါ် တင် ပြထားလေသည် ။ စားပွဲထိုးခများကား ကြောက်အားလန့်အားနှင့် မီးဖိုချောင်ဘက်သို့ ထွက်ပြေးသွားလေပြီ။

မိုက်ကယ်လ်သည် ဆိုင်ပြင်ဘက်သို့ ခပ်သုတ်သုတ် လျှောက်ထွက်လာရာ အဆင်သင့်ပင် တက်ဆီယို၏ မော်တော်ကားကို တွေ့သဖြင့် ကားပေါ်သို့ တက်လိုက်လျှင်ပင် ကားသည် လျင်မြန်စွာ မောင်းထွက် သွားလေ သည် ။

"ဘယ့်နှယ်လဲ၊ ဆိုလိုဇိုကို မိလိုက်ရဲ့ လား"

တက်ဆီယိုက ကားမောင်းရင်း လှမ်းမေးလိုက်ရာ မိုက်ကယ်လ်က

"နှစ်ယောက်စလုံး ကိစ္စချောသွားပြီ"

ဟု ခပ်အေးအေးပင် ဖြန့်ဖြေလိုက်သည် ။

ကားထဲတွင် အဝတ်အစားတစ်စုံ အသင့်ရှိသဖြင့် မိုက်ကယ်လ်လည်း ချက်ချင်းပင် ဝတ်စုံကို လဲလိုက် သည် ။ နောက် ၂ နာရီမျှကြာသောအခါ သူသည် အီတလီကုန်သင်္ဘောတစ်စင်းပေါ်သို့ ရောက်ရှိသွားပြီး သင်္ဘော လည်း ချက်ချင်းလိုပင် ကျောက်နုတ်လျက် ပင်လယ်ပြင်ဆီသို့ ခုတ်မောင်းသွားတော့သည် ။

မိုက်ကယ်လ်၏ စိတ်ထဲတွင် ကား တစ်မျိုးပေ့ါပါးသွားသလို ရှိလေသည် ။ နောက်ပိုင်းတွ

င် ဂိုဏ်းအချင်း ချင်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားမည်မှာ အမှန်ဖြစ်သော်လည်း သူက တော့ ဝေးရာသို့ ရောက်နေပေ တော့ မည်။

***

ဆိုလိုဗိုနှင့် ရဲမှူးကြီးမက္ကလတ်စကီးတို့ အသတ်ခံရပြီး နောက်တစ်နေ့တွင် နယူးယောက်မြို့ တစ်ဝှမ်းလုံးရှိ ရဲစခန်းများသို့ အထူးညွှန်ကြားချက် တစ်ရပ် ထုတ်ပြန်လိုက်ရာ လောင်းကစားဝိုင်းများ ၊ ပြည့် တန်ဆာလုပ်ငန်း များအားလုံး ပိတ်ပစ်ရမည်ဟု ဖော်ပြပါရှိလေသည် ။

ရဲမှူးကြီးအား သတ်သူတရားခံ မဓိမချင်းအာဏာပိုင်တို့ က ဒုစရိုက်လုပ်ငန်းအားလုံးကို ပြင်းပြင်း ထန်ထန် နှိပ်ကွပ်မည်ဟု လည်း ကြေညာလိုက်၏။ ထို့ကြောင့် တရားဥပဒေကို ဆန့်ကျင်သည့် လုပ်ငန်း ဟူသမျှ ရပ်ဟန့်သွားတော့၏။

ထိုနေ့မှာ ပင် နယူးယောက်မြို့ အခြားမိသားစုဂိုဏ်းများ စုပေါင်း၍ ဒွန်ကော်လီယွန် မိသားစုအား လူ သတ်သမားကို ထုတ်ပေးမည်လောဟု ရာဇသံ ပေးလိုက်ရာ သူတို့ နှင့် မဆိုင်ဘူးကွယ်လွှတ်လိုက်၏။ ထိုညတွင် 'ဂေါ့ဒ်ဖားသား'၏ ခြံဝင်းထဲသို့ ဖြတ်မောင်းသွားသောကားတစ်စီးမှ ဗုံးတစ်လုံး ပစ်သွင်းဖောက်ခွဲသွား၏။ ထို့ ပြင် သူတို့ ဂိုဏ်းမှ လက်အောက် လူငယ်နှစ်ဦး အီတလီ စားသောက်ဆိုင် တစ်ဆိုင်တွင် အေးဆေးစွာ ညစာစား နေကြစဉ် ပစ်သတ်ခံခဲ့ရ၏။ ၁၉၄၆ ခုနှစ်၊ နယူးယောက်မြို့ မိသားစုအချင်းချင်း စစ်ပွဲကြီးကား စတင်ပါလေပြီ။

*

အပိုင်း (၂)

၁၂

ဂျော်နီဖွန်တိန်းသည် ပစိဖိတ်သမုဒ္ဒရာကြီးကို မျက်နှာပြု ဆောက်ထားသော ခံ့ညားကျယ်ဝန်းလှသည့် အိမ်ကြီးတွင် အပန်းဖြေလျက် ရှိလေသည် ။ ယနေ့၏ အဖို့ သူသည် အားလပ်နေသဖြင့် သူ၏ ကပ္ပလီလူမည်း တပည့်ကိုလည်း နောက်တစ်နေ့ နံနက်မှ ပဲ လာတော့ဟု ခွင့်ပေးလွှတ် လိုက်လေသည် ။ ယနေ့ညတွင် ဂျော်နီသည် တစ်ယောက်တည်း ပျင်းနေမည် မဟုတ်ပါချေ။ အကြောင်းမူကား ထိုအချိန်၌

သူ၏ အထူးညွှန်းသည် တော်အဖြစ် "ရှာရှန်မိုး" အမည်ရှိ မိန်းကလေး ချောချောလှလှကလေး တစ်ယောက် ရောက်ရှိနေသောကြောင့် ပင်တည်း။

ထိုကလေးမမှာ နယူးယောက်နယ် ဇာတိဖြစ်ပြီး ရုပ်ရှင်ဝါသနာပါ၍ ဟိုးလီးဝုဒ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။ လောလောဆယ် ရုပ်ရှင်ကားတစ်ကားတွင် အရန်ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခွင့် ရရန် ကြိုးစားနေသူ ဖြစ်၏။ ဂျော်နီဖွန်တိန်းက ဂျက်ဝေါ့ဇ်၏ ရုပ်ရှင်ကားတွင် ပါဝင်ရိုက်ကူးနေခိုက် 'ရှာရှန်မိုး' သည် စတူဒီယိုသို့ လာရောက်ကြည့်ရှုရင်းက ဂျော်နီနှင့် သိကျွမ်းခဲ့ရခြင်း ဖြစ်၏။

ကလေးမမှာ ငယ်ရွယ်နုပျိုပြီး ဖူးပွင့်စပန်းလို လန်းဆန်းပြီး ကြော့ရှင်းလှပသော ကျက်သရေရှင်မ ကလေးတစ်ဦး ဖြစ်သောကြောင့် ဂျော်နီက သဘောကျပြီး ယခုည 'ရှာရှန်မိုး' အား သူ့အိမ်သို့ ညစာစားရန် ဖိတ် ခေါ်ခဲ့ခြင်း ဖြစ်သည်။

ဂျော်နီဖွန်တိန်းလို နာမည်ကျော် ရုပ်ရှင်မင်းသားတစ်ဦးက ညစာစားရန် ဖိတ်ကြားခံရခြင်းသည် ရွှေ နန်းရှင်ဘုရင်မင်းမြတ်တစ်ဦးက ဖိတ်ကြားခြင်း ခံရသကဲ့သို့ ဂုဏ်ရှိလှသောကြောင့် ကလေးမကလည်း ဝမ်း မြောက်ဝမ်းသာ လက်ခံခဲ့လေသည်။

ဂျော်နီဖွန်တိန်းသည် ပထမဇနီးနှင့် တရားဝင် ကွာရှင်းထားပြီး ဒုတိယဇနီးနှင့် လည်း လောလောဆယ် အတူမနေတော့သဖြင့် လူပျိုတစ်ယောက်လို လူလွတ်ဖြစ်နေချိန်တွင် မိန်းကလေးများ နှင့် လွန်လွန်ကျူးကျူး ရှုပ်ပွေတ

တ်ကြောင်း၊ ဟိုးလီးဝုဒ်ရုပ်ရှင်နယ်၌ လူတိုင်း လိုလို သိနေကြသည် ဖြစ်ရာ 'ရှာရွန်မိုး' အမည်ရှိ ရုပ်ရှင် ရှုံးမကလေးသည် လည်း ယနေ့ညသူ့အားဂျော်နီက ညစာစားရန် ဖိတ်ခေါ်ခြင်းကမည်သို့သော ရည်ရွယ်ချက် အဓိပ္ပာယ်မျိုးနှင့် ဖြစ်ကြောင်း နားလည်ထားပြီး ဖြစ်၏။ ထိုနေ့ညအဖို့ ဂျော်နီက သူ၏ စားပွဲထိုးဖြစ်သူ ကပ္ပလီ လူမည်း 'ဘီလီ' အား ပြန်လွှတ်လိုက်သောအခါ 'ရှာရွန်မိုး' သည် ပို၍ ပင် အဓိပ္ပာယ်ကို ရှင်းလင်းစွာ နားလည် လိုက်လေသည် ။

ညစာစားရာတွင် စားကောင်းသောက်ဖွယ်တွေ စုံလင်လှသည့် အပြင် ဝီစကီ၊ ရှန်ပိန် စသော ထိပ်တန်း အရက်မျိုးစုံကိုလည်း ဖောဖောသီသီထားရှိလျက် ဂျော်နီက သူ၏ ဧည့်သည် ရှာရွန်မိုးအား တခမ်းတနား ဧည့်ခံ လေသည် ။ သို့ရာတွင် ကလေးမသည် အရက်ကို များများ မသောက်။ ဧည့်သည် ဝတ္တရားကျေရုံ အနည်းငယ်မျှသာ သောက်လေသည် ။

ညစာ စားပြီးသောအခါ သူတို့ နှစ်ဦးသည် ဆိုဖာကြီးတစ်လုံးပေါ်တွင် နှစ်ယောက်အတူတွဲ၍ ရင်းနှီးစွာ ထိုင်နေကြခိုက် ဂျော်နီက ကလေးမ၏ နှုတ်ခမ်းကို နမ်းလိုက်သည် ။ ဤကား သူ၏ စစ်ဆင်မှု သေနင်္ဂဗျူဟာ စတင်လိုက်ခြင်းပင် ဖြစ်၏။ သူ နမ်းသည် ကို ရှာရွန်မိုးက ရုန်းကန်တွန်းဖယ်ပစ်ခြင်း မပြုသော်လည်း သူမ၏ အမူအရာက အေးစက်စက်နိုင်လှသဖြင့် ဂျော်နီမှာ အံ့အားသင့်သွားမိသည် ။ သူ တွေ့ဖူးသော မိန်းကလေးများ ကား ဤသို့မဟုတ်ချေ။ သူက လိုချင်တပ်မက်သော မျက်လုံးများနှင့် ကြည့်လိုက်ရုံနှင့် မိန်းကလေးများ ကိုယ်

တိုင်က အလိုလို တိမ်းညွတ်ချင်ကာ ခန္ဓာကိုယ်ကို ပုံအပ်ချင်သူတွေက များ ၏။ အချို့ ဟိုးလီးဝုဒ်ရုပ်ရှင်လောက မှ မိန်းကလေးများ ဆိုလျှင် နောက်တစ်နေ့ကျတော့ နာမည်ကျော် ရုပ်ရှင်မင်းသား ဖွန်တိန်းနှင့် တစ်ည 'အိပ်' ဖူးကြောင်းကိုပါ ရုပ်ရှင်သမား အချင်းချင်း ထုတ်ဖော်ကြွားပြောလေ့ ရှိကြသည် ။ သို့ရာတွင် ရာရှွန်မိုးမှာ မူ ဤသို့မဟုတ်ဘဲ ခပ်တည်တည် ဣန္ဒြေနှင့် နေသဖြင့် ဂျော်နီက အံ့အားသင့်မိခြင်းဖြစ်သည် ။

ရာရှွန်မိုးသည် ညင်သာစွာပင် ဂျော်နီ၏ ရင်ခွင်တွင်းမှ ဖယ်ထွက်လိုက်ပြီးနောက်

"သီချင်းနားထောင်ချင်လိုက်တာ၊ ခေတ်ပြားကောင်းကောင်း ဖွင့်ပြပါလားဟင်၊ ဒါမှ မဟုတ် ရှင် ကိုယ် တိုင် သီချင်းတစ်ပုဒ်လောက် ဆိုပြစမ်းပါလား"

ဟု ပြော လိုက်လေသည် ။

"ကျုပ်အသံက အရင်လို မကောင်းတော့ဘူး ။ ဒါကြောင့် သီချင်းမဆိုတော့တာပါ"

ဂျော်နီက အမှန်အတိုင်း ပြောပြ လိုက်လေသည် ။

ထို့နောက် သူတို့ နှစ်ယောက်စလုံး၏ ဖန်ခွက်များ တွင် ဂျော်နီက အရက်ထပ်ထည့်လိုက်ပြီး ဖြည်းဖြည်း ချင်း သောက်နေကြပြန်လေသည် ။

ခဏမျှကြာသောအခါ ဂျော်နီသည် သူ၏ 'စစ်ဆင်ရေး' ကို ဒုတိယအကြိမ် စတင်စမ်းသပ်ပြန်လေ သည် ။ ရာရှွန်မိုးအား ရုတ်တရက် သိမ်းကျုံးပွေ့ဖက်လိုက်ပြီး နှုတ်ခ

မ်းကို နမ်းရှုပ်ရင်းက လက်တစ်ဖက်က လည်း မိန်းကလေး၏ ခန္ဓာကိုယ်ပေါ်တွင် ညင်သာစွာနှင့် ပင် 'သရမ်း' နေလေသည် ။ သာမန်မိန်းကလေးများ ဆိုလျှင် ဤမျှ သူက စလိုက်ရုံနှင့် အလိုလိုလိုက်လျောချင်လာရမည် ဖြစ်သည် ။ သို့ရာတွင် ရာရှန်မိုးသည် ဂျော်နီ၏ လက်တွင်းမှ ရုန်းထွက်လိုက်ပြီး ပါးစပ်ကတော့ ချိုသာစွာနှင့် ပင်

“ကျွန်မ ရှင့်ကို အားတော့နာပါတယ်။ ဒါပေမဲ့ ကျွန်မက ရှင်တွေ့ဖူးတဲ့ တခြားမိန်းကလေးတွေလို့ မဟုတ်တာက ခက်နေပါတယ်။ ကျွန်မက ရှင့်ကို နာမည်ကျော် ရုပ်ရှင်မင်းသားတစ်ယောက် အနေနဲ့ ရိုးရိုးခင် မင် လေးစားတဲ့ သဘောသာ ရှိပါတယ်။ ရှင်းရှင်းကတော့ ကျွန်မဟာ အခု ညစာစားပွဲကို ရှင်ကဖိတ်လို့ မိတ်ဆွေအဖြစ်နဲ့ လာတာသာဖြစ်တယ်။ ရှင်နဲ့ အတူတူအိပ်ဖို့ လာတာ မဟုတ်ဘူး ။ ဒါကြောင့် ရှင့်အလိုကို မလိုက်နိုင် တာ ဝမ်းနည်းပါတယ်။ ဟိုးလီးဝုဒ်ပရိသတ်ကတော့ နာမည်ကျော်မင်းသား ဂျော်နီဖွန်တိန်းနဲ့ နှစ်ယောက် တည်း ညစာအတူစားခဲ့ရာမှာ ဘာမှ မဖြစ်ခဲ့ပါဘူးဆိုတာကို ကျမ်းကျိန်ပြောတောင် ယုံမှာ မဟုတ်ဘူး ။ ဘာပဲဖြစ်ဖြစ် ကျွန်မစိတ်ထဲ ဘယ်လိုမှ မအောက်မေ့ပါဘူး။ ကိုင်း ကျွန်မကိုခွင့်ပြုပါဦး။ ညစာစားပွဲကို ဖိတ်ကြားတဲ့ အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ဂွတ်နိုက် ဂျော်နီ”

ဟု ပြောပြောဆိုဆို နှုတ်ဆက်ပြီး ထပြန်သွားပါတော့သည် ။

ဂျော်နီဖွန်တိန်းသည် တစ်ယောက်တည်း ကျန်ရစ်တော့မှ စိတ်ထဲမှ အားငယ်သလို စိတ်

ခတ်ကျသလို ဖြစ်နေမိလေသည် ။ တစ်ချိန်တည်းမှာ ပင် သူ၏ ပထမဇနီး (ကွာရှင်းထားပြီးသူ) 'ဂျင်နီ'အား သတိရမိသဖြင့် တယ်လီဖုန်းလှမ်းဆက်ကာ စကားပြောမိလေသည် ။

"ဟေ့ ဂျင်နီ၊ ဂျော်နီပါကွ၊ မင်း အခုည အလုပ်များ သလား၊ ငါ ခဏ အလည်လာခဲ့ချင်လို့ "

"ကလေးတွေတော့ အိပ်နေကြကုန်ပြီ၊ သူတို့ ကို အိပ်ရာက မနှိုးချင်တော့ဘူး"

"ကိစ္စမရှိပါဘူး။ ငါက မင်းနဲ့ စကားပြောချင်လို့ ပါပဲ"

"ဘာဖြစ်လို့ လဲ ဂျော်နီ၊ အရေးကြီးတဲ့ ကိစ္စတစ်ခုခု ရှိလို့ လား"

"မဟုတ်ပါဘူး။ ငါ ပါဝင်ရိုက်ကူးတဲ့ ရုပ်ရှင်ကားက ဒီနေ့ပဲ လက်စသတ် ရိုက်ပြီးသွားတယ်။ အလုပ်ပြီးသွားလို့ အပန်းဖြေရင်း မင်းနဲ့ စကားစမြည်ပြောချင်စိတ် ဖြစ်လာတယ်။ ကလေးတွေကိုလည်း သူတို့ အိပ်နေတုန်း ခဏဝင်ကြည့်ချင်လို့ ပါ"

"ကောင်းပြီလေ၊ ဒါဖြင့် လာခဲ့ပေါ့"

ဟု ဇနီးဟောင်း ဂျင်နီက စကားကို အဆုံးသတ်လိုက်သည် ။

သူတို့ နေသောအိမ်က သိပ်မဝေးလှသဖြင့် ဂျော်နီက နာရီဝက်အတွင်းပင် ရောက်သွားလေရာ ဇနီး ဟောင်း ဂျင်နီသည် အိမ်ဝမှ နေ၍ သူ့အား ခရီးဦးကြိုပြုနေလေသည် ။ ထို့နောက် ဂျော်နီအား ဧည့်ခန်းတွင် ထိုင်ခိုင်းပြီး ကော်ဖီနှင့် ကိတ်မုန့်များ တည်ခင်းကျွေးမွေးရင်း ကောင်းစွာလက်ခံ စကားပြောလေသည် ။

ဂျော်နီသည် သူ၏ ဇနီးဟောင်းအား သိ

ယောဇဉ်ပြတ်ခြင်း မရှိသေးချေ။ အဘိုးကြီး ‘ဂေါ်ဒ်ဖားသား’ ကိုယ်တိုင်က ဂျင်နီအား သမီးတစ်ယောက်လို ချစ်မှန်းလည်း သိနေသည် ။ သူက ရုပ်ရှင်လောကၡ မိန်းမတကာ နှင့် ပွေနေခဲ့သော်လည်း ဂျင်နီက အလွန်သိမ်မွေ့စွာဖြင့် ကြွေရရ နေခဲ့သည့် အတွက် လေးစားမိလေသည် ။ ထို့ ကြောင့် ယခုည ဂျော်နီသည် ‘ရှာရွန်မိုး’ အမည်ရှိ ရုပ်ရှင်ရူးမကလေးနှင့် ညစာစားပွဲတွင် အရေးနိမ့်ခဲ့ပုံကိုပါ ဇနီး ဟောင်းအား ရင်ဖွင့် ပြောလိုက်မိသည် ။ သူ ကိုယ်တိုင်ကလည်း သည် လို အလေလိုက်သည့် ဘဝမျိုးကို ငြီးငွေ့ လာပြီဖြစ်ကြောင်း အမှန်အတိုင်း ပြော လိုက်လေသည် ။

ဂျော်နီ၏ စကားဆုံးသောအခါ ဂျင်နီက

“ဒါထက် ကျွန်မကို ရှင့်အဖေကြီး ‘ဂေါ်ဒ်ဖားသား’က ဖုန်းလှမ်းဆက်တယ်”

ဟု ပြောလိုက်ရာ ဂျော်နီမှာ အံ့အားသင့်သွားမိလေသည် ။

“ဟုတ်ရဲ့လားကွ၊ ငါ သိသလောက် အဘိုးကြီးဟာ ဘယ်သူ့ကိုမှ တယ်လီဖုန်းနဲ့ စကားပြောလေ့ မရှိဘူး”

“ဟုတ်တယ်လေ၊ ဒါပေမဲ့ သူက ကျွန်မကိုတော့ ဖုန်းဆက်ပြောတယ်။ သူက ဂျော်နီဟာ ရုပ်ရှင်နယ် ထဲမှာ နာမည်ပြန်တိုးတက်လာဖို့ အတွက် ကျွန်မက ကူညီနိုင်ပါတယ်တဲ့ ။ ပြီးတော့ ဘာကြီးဖြစ်ဖြစ် ရှင်ဟာ ကျွန်မကလေးတွေရဲ့ ဖခင်ဖြစ်လေတော့ ရှင့်အပေါ် ကျွန်မက သူစိမ်းပြင်ပြင် သဘောမထားဖို့ လည်း ပြောတယ်။ အဘိုးကြီးက တကယ်စိတ်ကောင်းစေတနာကောင်း ရှိပါတယ်ရှင်။ ရှင့်အပေါ်လည်း

တော်တော်ပဲ သံ ယောဇဉ်ကြီးရှာပါတယ်"

ဂျင်နီက ဤသို့ ပြောပြနေစဉ်မှာ ပင် တယ်လီဖုန်းသာသဖြင့် နားထောင်ကြည့်လိုက်ရာ နယူးယောက်မြို့ တော်မီဟောဂင်ထံမှ ဖြစ်ပြီး ဂျော်နီဖွန်တိန်းအား အရေးတကြီး စကားပြောလိုပါသည် ဆိုသဖြင့် ဂျော်နီလည်း ဖုန်း ကို ကောက်ကိုင်လိုက်ရလေသည် ။

"ဟဲလို တော်မီလား၊ ကျွန်တော် ဂျော်နီပါ"

"ဟော့ ဂျော်နီ၊ မင်းအဘိုးကြီး 'ဂေါ့ဒ်ဖားသား'ရဲ့ ညွှန်ကြားချက်အရ ကျုပ်ကိုယ်တိုင် မနက် လေယာဉ် ပျံနဲ့ လိုက်လာခဲ့မယ် လော့စ်အိန်ဂျယ်လိစ်ကနေပြီး ဆီးကြိုနိုင်ပါ့မလား။ ဘာကြောင့် လည်း ဆိုတော့ ကျုပ်က အချိန်သိပ်မရဘူး။ ညဘက်ဆို နယူးယောက်မြို့ ပြန်ရမှာ မို့ပါ။ ကိစ္စကတော့ ဂျော်နီအတွက် လိုအပ်တဲ့ အကူ အညီ စီစဉ်ပေးဖို့ ရာ အဘိုးကြီးက ခိုင်းလိုက်လို့ ပဲ"

"ဟုတ်လား၊ ဒါဖြင့် ကျွန်တော် ဆက်ဆက်ကြိုနေပါ့မယ်။ စိတ်ချပါ။ အချိန်ရရင်တော့ တော်မီက တစ်ညလောက် ဒီမှာ နားပါဦးလား။ ကျွန်တော်က တော်မီအတွက် ပါတီ တစ်ခု လုပ်ပေးမယ်။ ရုပ်ရှင်သမား တွေနဲ့ လည်း တွေ့ဆုံရအောင်ပေါ့"

"ကျေးဇူးတင်ပါတယ် ဒါပေမဲ့ ကျုပ်က နယူးယောက်ကို ချက်ချင်း မပြန်လို့ မဖြစ်ဘူး။ မနက် ၁၁ နာရီခွဲ ထွက်တဲ့ လေယာဉ်ကိုသာ ဆီးကြိုနေပါ။ လေဆိပ်ကျတော့ ဂျော်နီက ကားထဲမှာ သာ ထိုင်နေပြီး တပည့် တစ်ယောက်ယောက်ကို ကျုပ်ဆီကို လွှတ်လိုက်။ ကျုပ်ဟာကျုပ် မော်တော်ကားရှိရာကို လာခဲ့မယ်"

ဟု ပြောပြီး တော်မီဟောဂင်က စကားဖြတ်သွားလေသည်။

ဂျော်နီသည် သူ၏ ဇနီးဟောင်းဂျင်နီအား ဂေါ်ဒ်ဖားသား ကိုယ်တိုင်က သူ့အပေါ် စိတ်ဝင်စားပြီး ရှေ့သို့ တိုးတက်ရေးအတွက် ကူညီရန် အစီအစဉ်များ ပြုလုပ်နေကြောင်း ပြောပြလိုက်သည်။

ဂျင်နီသည် ဂျော်နီ အလွန် ပင်ပန်းနွမ်းနယ်နေပုံရသည် ကို အကဲခတ်မိသဖြင့် ထိုညအဖို့ မပြန်တော့ဘဲ အိမ်အောက်ထပ်ရှိ ဧည့်သည် ခန်းမှာ ပင် အိပ်လိုက်ရန် ဖိတ်ခေါ်လေသည်။ ဂျော်နီက သူ့ဇနီးဟောင်း၏ စိတ်ကို စမ်းသည့်အနေဖြင့်

"ဟေ့ ဂျင်နီ၊ မင်းရဲ့ အိပ်ခန်းထဲမှာ ငါလာအိပ်လို့ မဖြစ်ဘူးလားကွ"

ဟု ပြောကြည့်သောအခါ၌ မှ ဂျင်နီက ခေါင်းခါလျက်

"ဒါတော့ မဖြစ်နိုင်ဘူး ဂျော်နီ၊ အောက်ထပ်ဧည့်ခန်းမှာ ပဲ အိပ်ပါ"

ဟု ခပ်အေးအေးပင် ပြောလိုက်သဖြင့် ဂျော်နီလည်း ဂျင်နီ ပြင်ဆင်ပေးသည့် ဧည့်သည် အခန်းမှာ ပင် အိပ်လိုက်ရပါတော့သည်။ ဂျင်နီသည် ဂျော်နီအား မိတ်ဆွေတစ်ယောက်လို့ ပင် ဆက်ဆံ သဘောထားပုံရလေ သည်။

နောက်တစ်နေ့နံနက် ဂျော်နီအိပ်ရာမှ နိုးလာသောအခါ ဇနီးဟောင်း ဂျင်နီကပင် သူ့အတွက် နံနက်စာ ကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးလေသည်။

သမီးနှစ်ယောက်ကလည်း သူတို့ အဖေကို လာရောက် နှုတ်ဆက်လေရာ ဂျော်နီ၏ စိတ်ထဲမှ

ထိနိုက် လှုပ်ရှားသွားမိသည် ။ သူသည် ဂျင်နီနှင့် ကွာရှင်းပြတ်စဲထား သော်လည်း သမီးနှစ်ယောက်ကိုကာ အလွန်ချစ်မြတ်နိုးသူဖြစ်သည် ။

ထို့ကြောင့် ဂျင်နီအား စားစရိတ်၊ ကလေးစရိတ် ငွေကြေးကို လုံလောက်စွာ မှန်မှန်ပေးခဲ့ခြင်း ဖြစ်သည် ။ ဂျင်နီအနေဖြင့် နောက်ထပ် အိမ်ထောင်ပြုလျှင် ဖြစ်သော်လည်း ကျော်နီက သဘောကျမည်မဟုတ်မှန်း သိ သောကြောင့် အိမ်ထောင်မပြုဘဲ နေခဲ့လေသည် ။ ယခု လင်မယားချင်း ပြတ်စဲထားလင့်ကစား ဂျင်နီသည် ကျော်နီ အား ရင်းနှီးသော မိတ်ဆွေကောင်းတစ်ယောက်လို မေတ္တာမပျက် ခင်မင်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပေသည် ။

ကျော်နီသည် နံနက်စာ စားသောက်ပြီး၍ ပြန်ရန် နှုတ်ဆက်သောအခါ သမီးနှစ်ယောက်အား ယုယစွာ နမ်းရှုပ်နှုတ်ဆက်လိုက်၏။

ထိုအချိန်၌ ဂျင်နီက ခရစ္စမတ်ပွဲတော်အတွင်း သူ့အိမ်သို့ လာရောက်နေပါရန် ဖိတ်ကြားလိုက်သော အခါ ကျော်နီက စိတ်ထဲမှာ ထိခိုက်လှုပ်ရှားသွားပါတော့သည် ။

***

တော်မီဟောင်င် ရောက်လာလာချင်းပင် ကျော်နီ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားအခြေအနေကို မေးလေရာ ကျော်နီက ဇာတ်ကားကအလွန်အဆင့်အတန်းမြင့်ကြောင်း၊ သူကိုယ်တိုင်ကလည်း အစွမ်းကုန် သရုပ် ဆောင်ထားသဖြင့် ထိုနှစ်အဖို့ 'အကယ်ဒမီ' ထူးချွန်ဆုကို ဆွတ်ခူးရန် မျှော်လင့်ကြောင်း ပြောပြလေသည် ။

"နေပါဦး ကျော်နီရ၊ ဒီအကယ်ဒမီဆုဆိုတာ နာမည်သက်သက်ပဲ မဟုတ်လား၊ ဆုရလို့ ဘာများ အကျိုးထူးမှာ လဲ"

ဟု တော်မီက မေးသောအခါ ကျော်နီက

"ထူးတာပေါ့ဗျမင်းသား မင်းသမီး တစ်ယောက်ဟာ အကယ်ဒမီဆုရလိုက်တယ် ဆိုရင်ပဲ ရုပ်ရှင် ထုတ်လုပ်သူတွေက သူ့နောက်ကို တကောက်ကောက် လိုက်လာကြမယ်။ အကယ်ဒမီဆုကြောင့် နောက်ထပ် မင်းသားသက်တမ်း ဆယ်နှစ်လောက် ပိုရှည်လာနိုင်တယ်။ သရုပ်ဆောင်ခဈေးနှုန်းလည်း သူများ ထက် ပိုရနိုင် တာကြောင့် ကျွန်တော်က ဒီဇာတ်ကားအတွက် အကောင်းဆုံး မင်းသားအကယ်ဒမီဆုကို သိပ်ရချင်နေတာ။ ဒါပေမဲ့ ရုပ်ရှင်သူဌေးဂျက်ဝေါ့ဇ်က ကျွန်တော့်ကို သိပ်မုန်းနေတော့ မရနိုင်အောင် နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်မှာ ပဲ"

ဟု ရှင်းပြ လိုက်လေသည် ။ သည် တော့မှ တော်မီလည်း သဘောပေါက်သွားကာ ခေါင်း ညိတ်လျက်

"ဒီလိုလား၊ ဒါဖြင့် ကျော်နီ စိတ်သာချနေ။ အကယ်ဒမီဆုကို ရစေ ရမယ်။ ရုပ်ရှင်သူဌေး ဂျက်ဝေါ့ဇ်က ဘယ်လောက်ပဲ ဩဇာရှိတယ်ဆိုပေမယ့် မင်းရဲ့ ဂေါ့ဒ်ဖားသားက သူ့ထပ်ပိုပြီး ဩဇာကြီးမားတယ်။ အဘိုးကြီး အနေနဲ့ ဘယ်သူ့ကိုမှ မခြိမ်းခြောက်ဘဲနဲ့ သူလိုချင်တာကို မရ ရအောင်ဖျောင်းဖျတိုက်တွန်းနိုင်စွမ်းရှိတယ် ။ နိုင်ငံရေး၊ အုပ်ချုပ်ရေး အပိုင်းမှာ ပဲ သူ့ရဲ့ အပေါင်းအသင်း သူ့ရဲ့ ဩဇာ ဘယ်လိုရှိတယ်ဆိုတာ မင်းသိတယ် မဟုတ်လား၊ ဒါကြောင့် မင်း

စိတ်သာချနေပါလို့ ပြောတာပါ”

ဟု အာမခံချက် ပေးလိုက်သည် ။

ထို့နောက် တော်မီဟောဂင်က ဆက်လက်၍ ‘ဂေါ်ဒ်ဖားသား’ က သူ့ကို စေခိုင်းသည့် အဓိက အကြောင်း ကို ရှင်းပြလေသည် ။ ယင်းအကြောင်းကား အဘိုးကြီးအနေဖြင့် ဂျော်နီအား သရုပ်ဆောင် မင်းသားဘဝမှ ရုပ်ရှင် ထုတ်လုပ်သူ (ပရိုဂျူဆာ) အဖြစ်သို့ တစ်ဆင့်တက်လုပ်စေလိုကြောင်း၊ သို့မှ သာ ရုပ်ရှင်လောကတွင် ဂျော်နီ အဖို့ သိက္ခာနှင့် ဩဇာ မြင့်လာမည်ဖြစ်ကြောင်း၊ ဇာတ်ကား ထုတ်လုပ်ရေးအတွက် လိုအပ်မည့် ငွေပင် ငွေရင်းကို လည်း အဘိုးကြီး ‘ဂေါ်ဒ်ဖားသား’ ကပင် ကာလီဖိုးနီးယားပြည်ရှိ ဘဏ်တိုက်ကြီးတစ်တိုက်နှင့် ဆက်သွယ် စီစဉ်ပေးမည့် အကြောင်း ၊ အတိုချုပ်အားဖြင့် ဂျော်နီမွန်ပာန်းအား အဘိုးကြီးက မင်းသားဘဝမှ ရုပ်ရှင် ထုတ် လုပ်သူ ကုမ္ပဏီပိုင်ရှင် သူဌေးဖြစ်အောင် ဖန်တီးစောင်မမည်ဖြစ်ကြောင်းတို့ ပင် ဖြစ်လေသည် ။

ဂျော်နီသည် အံ့အားသင့်ပြီး မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေရာ တော်မီက

“ဟေ့ ဂျော်နီ၊ မယုံမရှိပါနဲ့ ကွ။ မင်း အစီအစဉ်တွေသာ စလုပ်ပေတော့။ ရုပ်ရှင်ထုတ်လုပ်မှုအတွက် မတည်ငွေရင်း ဒေါ်လာသန်း ၂၀ ထိအောင် အဘိုးကြီးက ထုတ်ပေးလိမ့်မယ်”

ဟု အားပေး ပြောဆို လိုက်လေသည် ။

တော်မီဟောဂင် ပြန်သွားပြီးနောက် ဂျော်နီလည်း စိတ်အား တက်ကြွစွာနှင့် ပင် ဇနီးဟောင်း ဂျင်နီ၏ အိမ်သို့ ပြန်သွားလေသည် ။ ထိုအိ

မိဉ် စိတ်အေးလက်အေးအနားယူရင်း သူနှင့် ခ
င်မင်ရင်းနှီးသော ရုပ်ရှင် ဒါရိုက်တာများ ၊ ဇာ
တ်ညွှန်းရေး စာရေးဆရာများ ၊ ဓာတ်ပုံဆရာ
အသံဖမ်းဆရာများကို တယ်လီဖုန်းဖြင့် ဆက်
သွယ်လျက် သူကိုယ်တိုင် ဇာတ်ကားတွေ ထုတ်
လုပ်ရိုက်ကူးတော့မည် ဖြစ်ကြောင်း သတင်း
ပေးကာ စည်းရုံး ရေး အစီအစဉ်များ စတင်လု
ပ်လေသည် ။

ထို့ပြင် နယူးယောက်မြို့ရှိ သူ၏ ငယ်သူင
ယ်ချင်းဟောင်း အဆိုတော် 'နီနိုဗာလင်တီ'ကို
လည်း ရက်သတ္တတစ်ပတ်လျှင် ဒေါ်လာငွေ ငါး
ရာနှုန်းဖြင့် အလုပ်ပေးမည်ဟု ဆိုကာ ဟိုးလီး
ဝုဒ်သို့ အမြန်ဆုံး မီရာ လေယာဉ်ဖြင့် လိုက်လာ
ရန် လှမ်းခေါ် လိုက်လေသည် ။

*

## ၁၃

'ဂေါ်ဒ်ဖားသား' ဒွန်ကော်လီယွန် သေနတ်ပ
စ်ခံရကြောင်း သတင်းကြားကြားချင်း ဂျော်နီ
သည် အဘိုးကြီးအတွက် စိုးရိမ်မိကာ ချက်ချင်း
ပင် နယူးယောက်မြို့သို့သွား၍
သတင်းမေးရင်း အားပေးစကားပြော ရန် စိတ်
ကူးမိ၏။ သို့သော် အဘိုးကြီး၏ သားကြီး ဆန်
နီက မလာပါနှင့် ဟု ဖုန်းနှင့် ပြော၍ မသွားခဲ့
ဘဲ နေခဲ့ရ၏။ အဘိုးကြီးက ဂျော်နီကိုယ်တိုင် ရု
ပ်ရှင်ကားများ ထုတ်လုပ်ရန်အတွက် ငွေရင်းစို
က်ထုတ်ပေးမည် ဆို သည့် အစီအစဉ်
ပျက်သွားပြီလောဟု စိုးရိမ်မိသော်လည်း
မကြာမီ တော်မီဟေဂင်က လူလွှတ်ပြီး ရုပ်ရှင်
တစ် ကားပြီးတစ်ကား ရိုက်သွားရန်အတွက်
ဘဏ်တိုက်နှင့် စီစဉ်ပြီးကြောင်း အပြောခိုင်း
လိုက်လေသည်။

ဂျော်နီလည်း ချက်ချင်းပင် သူ့ကိုယ်ပိုင် ရုပ်
ရှင်ကားတစ်ကားထုတ်လုပ်ရိုက်ကူးရေးအတွ
က် အစီအစဉ် များ လျှင်မြန်စွာ လုပ်လေတော့
သည်။ စောစောကပင် သက်ဆိုင်ရာ ပညာသ
ည် များ နှင့် ကြိုတင်ဆက်သွယ် ထားပြီး ဖြစ်
သောကြောင့် မကြာမီပင် သူ၏ ဇာတ်ကားကို
စတင်ရိုက်ကူးနိုင်ခဲ့လေသည်။

တစ်ချိန်တွင် စတူဒီယိုအလုပ်သမားခေါင်း
ဆောင် 'ဘီလီဂေါဖ်' က ဒေါ်လာငွေငါးသောင်း

ငွေညှစ် တောင်းရင်း မပေးပါက အလုပ်သမားတွေ သပိတ်မှောက်မည်ဟု ရာဇသံပေးလာ၏ ။ စင်စစ် 'ဘိလိဂေါ့ဖ်' သည် အဘိုးကြီး 'ဂေါ့ဒ်ဖားသား'၏ သြဇာခံ ဖြစ်၏။ သို့သော် ယခု အဘိုးကြီး သေနတ်ပစ်ခံရကြောင်း ကြားပြီး နောက် ဂေါ့ဒ်ဖားသား သစ္စာခံ မဟုတ်တော့ဟု အာဏာဖီဆန်သည့် သဘောပင်ဖြစ်သည် ။

ကျော်နီသည် ကြံရာမရသဖြင့် နယူးယောက်မြို့ရှိ တော်မီဟောဂင်ထံ ဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြလိုက်ရာ တော်မီဟောဂင်က ငွေတစ်ပြားမှ မပေးဘဲ ရက်အနည်းငယ် စောင့်ဆိုင်းနေရန်သာ ပြန်ပြောလိုက်၏။ နောက်နှစ်ရက်မျှ ကြာသောအခါ အလုပ်သမားခေါင်းဆောင် 'ဘိလိဂေါ့ဖ်' သည် သူ့အိမ်တွင် ရှိနေစဉ် အမည်သိ လူတစ်စုက ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်သွားသဖြင့် သေဆုံးသွားပြီဟု ကြားရလေသည် ။

ဤတွင် ကျော်နီ၏ စိတ်ထဲ၌ 'ဂေါ့ဒ်ဖားသား' အရှိန်အဝါ သြဇာကြီးမားလှပုံနှင့် ဝေးလံသော အရပ် ထိ အောင်ပင် လက်လှမ်းမီလှချေသည်တကားဟု သဘောပေါက်သွားမိလေသည် ။

***

ရုပ်ရှင်အကယ်ဒမီ (ထူးချွန်ဆု) ပေးပွဲ နီးကပ်လာသောအခါ ကျော်နီဖွန်တိန်းသည် သူ ရမှ ရပါ့မလားဟု စိုးရိမ်ပူပန်နေမိလေသည် ။ အဘိုးကြီး၏ လူယုံ တော်မီဟောဂင်ကတော့ အကယ်ဒမီဆုကို သေချာပေါက် ရစေ့ မယ်ဟု ပြောသွားခဲ့လင့်ကစား ကျော်နီ့ စိတ်ထဲတွင် 'ဂေါ့ဒ်ဖားသား'သည် ဤမျှစွမ်းပါ့မလားဟု သံသယဖြစ်နေ မိခြင်း ဖြစ်သည် ။

ယင်းသို့ စိတ်ထဲ စိုးရိမ်သံသယဖြစ်၍လည်း အကယ်ဒမီဆုပေးပွဲ ညကျတော့ ဂျော်နီသည် ယယ်သူ ငယ်ချင်း နီနီ့အား အဖော်ခေါ်သွားခဲ့ခြင်းဖြစ်လေသည်။

အချိန်တန်၍ သက်ဆိုင်ရာမှ ဆုများကို ကြေညာသော် အကောင်းဆုံး မင်းသားအကယ်ဒမီဆုရသူ မင်းသားဂျော်နီဖွန်တိန်းဟု ကြေညာလိုက်သည် တွင် နီနီသည် ထ၍ ခုန်ပေါက်ဟစ်အော်မိလောက်အောင်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိတော့သည်။

ထို့မျှမကသေး၊ ဂျော်နီ ပါဝင်သရုပ်ဆောင်သော ဂျက်ဝေါ့ခ်ဇ၏ ဓာတ်ကားသည် အကောင်းဆုံး ရုပ်ရှင် ကား၊ ဓာတ်ညွှန်း၊ ဓာတ်ပုံဆုစသော အခြားဆုများကိုလည်း ဆွတ်ခူးရရှိသဖြင့် ပို၍ ဝမ်းသာရပါသေးသည်။

'ဂေါ်ဒ်ဖားသား' က ဂျော်နီအား အဟေယ်ဒမ်ဆုရစေမယ်ဟု ပြောခဲ့သည့် အတိုင်း ကတိတည်ပါပေသည် ဟု ဆိုရမည့် အခြေအနေမျိုး ဖြစ်ပါတော့သည်။

ဆုပေးပွဲအပြီး ရုပ်ရှင်စတူဒီယိုအတွင်း ကျင်းပသော ပျော်ပွဲရွှင်ပွဲပါတီ၌ ရုပ်ရှင်လောကမှ ယောကျ်ား၊ မိန်းမများ စည်းလွတ်ဝါးလွတ်ပျော်ကြပါးကြ၊ အရက်ကင်းမဲ့စွာ ပြုမူကြပုံများကို မြင်ရသောအခါ၌ မူ နီနီသည် တစ်ချိန်က သူ အထင်ကြီးခဲ့သော ရုပ်ရှင်မင်းသမီး မင်းသားများ အပေါ် အထင်ကြီးခြင်း မရှိတော့ပါချေ။

*

## အပိုင်း (၃)

## ၁၄

ဒွန်ကော်လီယွန်သည် အသက် ၁၂ နှစ်သား အရွယ်ကပင် လူလားမြောက်ပြီးသူ လူကြီးတစ်ယောက် ကဲ့သို့ ဖြစ်နေပြီ ဖြစ်လေသည်။ ဇာတိအားဖြင့် ဆစ်စလီကျွန်းရှိ ကော်လီယွန်အမည်ရှိ ကျေးရွာက ဖြစ်သည်။ သူ၏ အမည်ရင်းက 'အန်ဒိုလီနီ' ဖြစ်သည်။ လူဆိုးတစ်စုက သူ၏ ဖခင်ကြီးကို သတ်ပစ်လိုက်ပြီးနောက် သားငယ်ကို သတ်ဖြတ်ရန်အတွက် လိုက်လံရှာဖွေနေကြသောအခါ မိခင်ဖြစ်သူက ၁၂ နှစ်ရွယ် သားငယ်အား မိတ်ဆွေအချို့၏ အကူအညီဖြင့် အမေရိကန်သို့ လျှို့ဝှက်စွာ ပို့လိုက်ပြီး နယူးယောက်မြို့ ရှိ ဆစ်စလီကျွန်းသားများ နှင့် အတူနေထိုင်စေခဲ့၏။ သူငယ်သည် ရေမြေရပ်ခြား တိုင်းတစ်ပါးသို့ ရောက် လာပြီးနောက် ဇာတိနေရပ်ကျေး ရွာကို အမှတ်ရသောအားဖြင့် သူ၏ နာမည်ကိုပါ "ကော်လီယွန်" ဟု ပြောင်းခဲ့သည်။

၂၀ ရာစုနှစ်များ ဆန်းစအချိန်က ဆစ်စလီကျွန်းတွင် 'မာဖီးယား' ဂိုဏ်းသည် အလွန်ဩဇာကြီး မားလျက် ရောမမြို့ရှိ တရားဝင် အစိုးရထက်ပင် အာဏာပိုရှိသည် ဟု ဆိုကြ၏။ ယင်းအခြေအနေတွင် ကော်လီ ယွန်၏ ဖခင်သည် လူတစ်ယောက်နှင့် ကိုယ်ရေးကိုယ်တာ ပြဿနာ တစ်ခုဖြစ်ရာ၌ သူတို့ ဒေသရှိ မာဖီးယားကို

ဏ်းခေါင်းဆောင်က ဝင်ရောက်ဩဇာပေးသည် ကို အညံ့မခံဘဲ မာဖီးယားခေါင်းဆောင်ကို ဒေါသ အလျောက် သတ်ပစ်မိလိုက်၏။ နောက် ရက်သတ္တတစ်ပတ် အကြာတွင် သူသည် လည်း အမည်မသိလူများ ၏ သေနတ်ဖြင့် ချောင်းပစ်ခြင်း ခံရကာ သေဆုံးခဲ့ရ၏။ တစ်ဖန် မာဖီးယားဂိုဏ်းသားတို့ က သေသူ၏ ၁၂ နှစ် အရွယ် သားငယ်သည် အရွယ်ရောက်ခါနီးဖြစ်၍ ဖခင်အတွက် ကလဲ့စား ပြန်ချေမည်ကို စိုးရိမ်ကာ ကလေးကိုပါ သတ်ပစ်ရန် ကြံစည်နေခိုက် မိခင်ကြီးက ကော်လီယွန်အား အမေရိကန်နိုင်ငံသို့ တိတ်တဆိတ် ပို့လွှတ်လိုက်ခြင်း ပင်ဖြစ်လေသည်။

အမေရိကန်သို့ ရောက်ရောက်ချင်း ၁၂ နှစ်သား ကော်လီယွန်သည် နယူးယောက်မြို့ ဇလမ်းရှိ 'အဘန် ဒန်ဒို' ဆိုသူပိုင် ကုန်မှု (မုဘိုး) ဆိုင်တွင် ဝင်ရောက် အလုပ်လုပ်ခဲ့၏၊ သူသည် အသက် ၁၈ အနှစ်ရွယ်တွင် ဆစ်စလီကျွန်းမှ ရောက်လာခါစ အသက် ၁၆ အနှစ်အရွယ် အီတလီမိန်းမပျိုတစ်ဦးနှင့် ထိမ်းမြားလက်ထပ်လိုက်ပြီး သူ အလုပ်လုပ်သောနေရာနှင့် မနီးမဝေး ၁၀ လမ်းရှိ အိမ်ခန်းတစ်ခန်းတွင် နေထိုင်ခဲ့ကြရာ ၂နှစ်မျှ ကြာသောအခါ သားဦး 'ဆန်နီ' ထွန်းကားခဲ့လေသည်။

ထိုအချိန်က သူတို့ နေထိုင်သော ရပ်ကွက်တွင် 'ဖာနူစီ' အမည်ရှိ အလွန်ရက်စက်ကြမ်းကြုတ်သော အီတလီအမျိုးသားတစ်ဦးရှိ၏။ ထိုသူသည် အလွန်ရမ်းကားပြီး ရန်ပြုတတ်လျက် ဈေးဆိုင်ရှင်များ ထံ ခြိမ်းခြောက် ငွေညှစ်တောင်း၍ 'လူမိုက်' လုပ်စားနေသူဖြစ်သ

ည် ။ ယင်းသို့လူမိုက်ဖာနူစီအား ကြောက်၍ ' ဆက်ကြေး' ပေးရသူများ ထဲတွင် ကော်လီယွန် အလုပ်လုပ်နေသည့် အဘန်ဒန့်ဒို စတိုးဆိုင်လည်း အပါအဝင် ဖြစ်၏။ ဆိုင်ရှင်၏ သားငယ် ' ဂင်ကို'က ဖာနူစီနှင့် ထိပ်တိုက်အကြမ်းဖက်၍ အပြတ်ရှင်းလိုသော်လည်း သူ့ဖခင် ကြီးက တားမြစ်ဟန့်တားခဲ့လေသည် ။ ယင်းဖြစ်ရပ် အခြေအနေများကို ကော်လီယွန်သည် ကောင်းစွာ သိရှိခဲ့ သော်လည်း မည်သို့မှ ပါဝင်စွက်ဖက်ခြင်း မပြုဘဲ ဘာသိဘာသာ နေခဲ့လေသည် ။

တစ်နေ့သ၌ ခပ်မိုက်မိုက် လူငယ်သုံးဦးသည် ဖာနူစီအား ဝိုင်း၍ ဓားဖြင့်တိုက်ခိုက်လေရာ ဖာနူစီမှာ လည်ပင်းတွင် ဓားဒဏ်ရာ ရသွားသော်လည်း သေလောက်အောင် မဖြစ်ခဲ့ချေ။ နောက်များ မကြာမီ ဖာနူစီက လူငယ်သုံးဦးအနက် ဓားကိုင်သူလူငယ်အား ရက်စက်စွာ သတ်ပစ်လိုက်၏။ ကျန်လူငယ်နှစ်ဦး၏ မိဘများက ကြောက်လန့်ပြီး ဖာနူစီအား သူတို့ သားများကို မသတ်ရန် တောင်းပန်လျက် 'ဆက်ကြေး' ငွေ အတော်များများ ပေးခဲ့ကြလေသည် ။ နောက်ပိုင်းတွင် ဖာနူစီသည် လူမိုက်အဖြစ်ပို၍ ပင် နာမည်ကြီးလာကာ သူတောင်းသော 'ဆက်ကြေး' ငွေလည်း ပို၍ ပင် ကြေးများ လာတော့သည် ။

ပထမကမ္ဘာစစ်ကြီးအတွင်းက နိုင်ငံခြားမှ တင်သွင်းသည့် သံလွင်ဆီများ ရှားပါး လာလေရာ ဖာနူစီ သည် စတိုးဆိုင်သို့ အီတလီမှ သံလွင်ဆီအပြင် ဝက်ပေါင်ခြောက်များ ၊ 'ချိစ်' ဒိန်ခဲများ ပေးသွင်း၍ စီးပွားရေး လုပ်ငန်း ဝင်လုပ်ရ

င်းဆိုင်၏ စီးပွားဖက်တစ်ဦး ဖြစ်လာ၏။ မကြာမီ သူ၏ တူတော်သူ လူငယ်တစ်ယောက်ကို ဆိုင်တွင် အလုပ်သွင်းပေးလိုက်သဖြင့် ကော်လီယွန်အား ဆိုင်ရှင်က အလုပ်ထုတ်ပစ်လိုက်သည် ။ ထိုအချိန်၌ သားဦးဆန်နီအပြင် ဒုတိယသား 'ဖရက်ဒီ' ကိုလည်း မွေးဖွားပြီးဖြစ်၍ မိသားစုလေးယောက်အတွက် စားဝတ် နေရေး ပြဿနာအခက်အခဲ တွေ့ရလေတော့သည် ။

စတိုးဆိုင်ပိုင်ရှင်၏ သား 'ဂင်ကို' မှာ ကော်လီယွန်၏ အချစ်ဆုံးသူငယ်ချင်းဖြစ်ရာ သူ့ဖခင်ဆိုင်ရှင်၏ အပြုအမူကို မထောက်ခံသည့်အပြင် သူငယ်ချင်း ကော်လီယွန်အတွက် စတိုးဆိုင်မှ စားသောက်ကုန်များကို ခိုးယူပေးပါမည်ဟု ပင် ကတိပြုလေသည် ။ သို့ရာတွင် ကော်လီယွန်က ရက်စရာကောင်းလှသည် ဟုဆိုကာ လက်သင့်မခံခဲ့ချေ။ သူ့အလုပ်ပြုတ်ရခြင်းမှာ ဖာနူစီကြောင့် ဖြစ်ရလေသောကြောင့် စိတ်ထဲမှာ ကား ဖာနူစီ အား မုန်းတီးစက်ဆုပ်မိလေသည် ။ သို့သော် သူ၏ ဝါသနာအတိုင်း စိတ်ထဲမှ ဒေါသကို မည်သို့မျှ ဖော်မပြဘဲ စိတ်ရှည် ရှည်ဖြင့် အချိန်ကောင်းကို စောင့်နေခဲ့၏။ ထို့နောက် သူသည် မီးရထားဌာနတွင် အလုပ်ကြမ်းသမား တစ်ဦးအဖြစ် ဝင်လုပ်ခဲ့လေသည် ။ စစ်ပြီးသွားချိန်တွင် ကား အလုပ်ပါးလာသဖြင့် နေ့စားအဖြစ် လုပ်ရမည့် နေ့မှ လုပ်ရ လေရာ ဝင်ငွေမှာ မိသားစုစားလောက်အောင်ပင် မရတော့ဘဲ အတော်ကျပ်တည်းလာခဲ့လေသည် ။

တစ်ညသ၌ ကော်လီယွန်သည် မိသားစုနှင့်

အတူ ညစာစားနေစဉ် သူတို့ ရပ်ကွက်အတွင်းမှ အသိ လူငယ်တစ်ဦးဖြစ်သူ 'ကာလီမင်ဇာ' သည် အဝတ်ဖြူဖြင့် ရစ်ပတ်ထားသော အထုပ်တစ်ထုပ်ကို လှမ်းပေးရင်း သူ ပြန်လာမယူမီကာလအတွင်း ခေတ္တသိမ်းထားပေးပါဟု ပြောကာ သုတ်သီးသုတ်ပျာနှင့် ပြန်ထွက်သွား၏။ ကာလီမင်ဇာ၏ မျက်နှာကို ကြည့်ရသည် မှာ လည်း ပြဿနာအကျပ်အတည်း တစ်စုံတစ်ရာ တွေ့ကြုံနေရသကဲ့ သို့ အမူအရာမျိုး ဖြစ်နေ၏။ ကော်လီယွန်သည် မီးဖိုချောင်ထဲသို့သွား၍ အထုပ်ကို ဖွင့်ကြည့်လိုက်သောအခါ ခြောက်လုံးပြူးသေနတ်ငါးလက်ကို တွေ့ရလေသည်။ ထိုညတွင် ပင် ကာလီမင်ဇာအား ရဲက ဖမ်းဆီးခေါ်ယူသွား ကြောင်း သတင်းကြားရလေသည်။

ကော်လီယွန်သည် ထိုအကြောင်းကို မည်သူ့မျှမပြောဘဲ လျှို့ဝှက်ထားလိုက်သည်။ သူ၏ ဇနီးမှာ လည်း သေနတ်များ အကြောင်း သိသော်လည်း သတင်းပေါက်ကြားသွားပါက မိမိ၏ ခင်ပွန်းပါ ဖမ်းဆီးထောင်ချ ခံရ မည် စိုးသဖြင့် နှုတ်လုံစွာပင် နေလိုက်ခဲ့သည်။

နောက်နှစ်ရက်မျှ ကြာသောအခါ ကာလီမင်ဇာအား ရဲကပြန်လွှတ်လိုက်သဖြင့် ရပ်ကွက်တွင်းသို့ ပြန် ရောက် လာလေသည်။ ကာလီမင်ဇာက သူအပ်ထားသော အထုပ်ကို ပြန်တောင်းရာ ကော်လီယွန်ကလည်း ချက် ချင်း ပြန်ထုတ်ပေးလိုက်သည်။

ထိုအထုပ်ကို ဖွင့်ကြည့်သေးသလားဟု ကာလီမင်ဇာက မေးသောအခါ ကော်လီယွန်က

"ငါနဲ့ မဆိုင်တဲ့ ပစ္စည်းတွေအပေါ် ငါ လုံးဝ

စိတ်မဝင်စားဘူး"

ဟု ခပ်တည်တည် ပြန်ပြောလိုက်၏။

ထိုနေ့ညနေ သူတို့ နှစ်ယောက် ဝိုင်အရက် အတူသောက်ကြရင်း လူချင်း ပိုမိုရင်းနှီးသွားခဲ့ကြ၏။

မျှား မကြာမီက ကလီမင်ဇာက ကော်လီယွန်၏ အိမ်အတွက် ကော်ဇောတစ်ချပ် ကောင်းကောင်း ရမည်ဟု ပြောပြီး အိမ်တစ်အိမ်သို့ ခေါ်သွား၏။ အိမ်က တံခါးပိတ်ထားရာ ကလီမင်ဇာက သော့တစ်ချောင်း ထုတ်၍ ဖွင့်ဝင်လိုက်ကြသောအခါ အိမ်အတွင်း၌ မည်သူမျှ မရှိကြချေ။

ထို့နောက် ကလီမင်ဇာကပင် ခေါင်းဆောင်လျက် ဧည့်ခန်းအတွင်း ခင်းထားသော အလွန်လှပသည့် ကြက်သွေးရောင် ကော်ဇောကြီးကို နှစ်ယောက်သား လိပ်၍ သယ်ယူနေကြစဉ် အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်း တီးသံ ကြားလိုက်ရလေရာ ကလီမင်ဇာသည် သူ၏ ကုတ်အင်္ကျီအတွင်းမှ သေနတ်လက်နက် ဆွဲထုတ်လိုက်၏။

သည် တော့မှ ကော်လီယွန်လည်း သူတို့ သည် လူမရှိသော အိမ်တစ်အိမ်မှ ကော်ဇောကို လာခိုးယူနေ ကြကြောင်း နားလည်သဘောပေါက်မိတော့သည် ။ သို့သော် ယခု အခြေအနေကျမှ နောက်ပြန်ဆုတ်၍ မဖြစ် တော့ချေ။ အပြင်ဘက်မှ ခေါင်းလောင်းတီးနေသူသည် မည်သူမှ ထွက်မလာသောအခါ လက်လျှော့ပြီး ပြန် ထွက်သွားတော့မှ သူတို့ နှစ်ယောက်သည် ကော်ဇောလိပ်ကြီးကို ထမ်းလျက် ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့ ကြ

လေသည်။

နောက်နာရီဝက်မျှ ကြာသောအခါ ကော်လီယွန်၏ အိမ်တွင်းသို့ ရောက်သွားကြပြီး ကလီမင်ဇာကိုယ် တိုင်ပင် ကော်ဇောကြီးကို ကျင်လည်စွာ ဖြတ်တောက်လျက် ဧည့်ခန်းနှင့် အိပ်ခန်းနှစ်ခန်းလုံးတွင် ခင်းနိုင် လောက်အောင် ကော်ဇောနှစ်ခု ဖန်တီးပြုလုပ်ပေးခဲ့လေသည်။

အချိန်က တဖြည်းဖြည်း ကုန်လျက်ရှိရာ ကော်လီယွန်မှာ အလုပ်က မှန်မှန်မလုပ်ရသဖြင့် မိသားစု စားဝတ်နေရေး ကျပ်သည်ထက်ကျပ်၍ လာလေသည်။ ထိုအတောအတွင်း သူ့ သူငယ်ချင်း စတိုးပိုင်ရှင်သား 'ဂင်ကို' က စားသောက်ဖွယ်များ ယူလာပေးသည် ကိုရံဖန်ရံခါ လက်ခံယူရင်း ကော်လီယွန်သည်

နောင်ရေး အတွက် လေးလေးနက်နက် ခံစားနေမိလေသည်။

များ မကြာမီ ကလီမင်ဇာသည် သူတို့ ရပ်ကွက်တွင်းမှ 'တက်ဆီယို' အမည်ရှိ ခပ်မိုက်မိုက် ခပ်ကြမ်း ကြမ်း လူငယ်တစ်ဦးနှင့် အတူရောက် လာပြီး ကော်လီယွန်အား ငွေရမည့် အကြံအစည်တစ်ခုကို တိုင်ပင်တင်ပြ လေသည်။

ယင်းအကြံအစည်ကား ကလီမင်ဇာနှင့် တက်ဆီယိုတို့ ၏ ဂိုဏ်းသို့ပါဝင်၍ နယူးယောက်မြို့ ၃၁ လမ်း ရှိ စက်ရုံမှ ပိုးထည်ဝတ်စုံများ တင်သည့် မော်တော်ကားများကို ဓားပြတိုက်ရန်ပင် ဖြစ်သည်။ သူတို့ အပြောက ယင်း 'အလုပ်' သည် ဘေးအန္တရာယ် လုံးဝမရှိကြောင်း၊ ပိုးထည်တင်သည့် ကားများ စက်

ရုံမှ ထွက်လာချိန်တွင် လူပြတ်သော တစ်နေရာမှ သေနတ်ပြ ခြိမ်းခြောက်လိုက်ရုံနှင့် ယာဉ်မောင်းသူများက လက်မြှောက်၍ ထွက် ပြေးတတ်ကြောင်း၊ ထိုအခါ လော်လီကားကြီးများကို မောင်း၍ သူတို့ အသိ ဂိုဒေါင်တစ်ခုသို့ ခေတ္တသိုလှောင် ထားလိုက်ပြီး အိတလီလူမျိုး လက်ကားကုန်သည် တစ်ဦးထံ လွယ်လွယ်နှင့် ထုခွဲရောင်းချနိုင်ကြောင်း ပြောပြ လေသည်။

ကာလီမင်ဇာနှင့် တက်ဆီယိုတို့ က လာဆွယ်ကြသည့် အကြောင်းတစ်ခုကား ကော်လီယွန်သည် ယခင် က စတိုးဆိုင်၌ ကုန်တင်ကားမောင်းဖူးသည့် အတွေ့အကြုံရှိပြီး ကားမောင်းကျင်လည်သူ ဖြစ်သောကြောင့် သူတို့ ဓားပြတိုက်ရာတွင် ကားမောင်းစေချင်၍ ပင် ဖြစ်၏။

ကော်လီယွန်သည် ယင်းအကြံအစည်ကို စိတ်ထဲမှ မနှစ်ခြိုက်သော်လည်း သုံ့ဖွယ် ပေါ်လော ဆယ် ငွေ ကြေးကျပ်တည်း၍ တစ်ကြောင်း၊ ကာလီမင်ဇာတို့ က သူတို့ အကြံကို လက်ခံလိုက်လျှင် တစ်ချီတည်းနှင့် အနည်းဆုံး ဒေါ်လာတစ်ထောင်ခန့် ရရှိနိုင်မည်ဟု မက်လောက်အောင် ဆွယ်ကြသည် တစ်ကြောင်းတို့ကြောင့် သဘောတူ လက်ခံလိုက်မိလေသည်။

သို့နှင့် ပင် သုံးယောက်သား အထည်စက်ရုံမှ လော်လီကားတစ်စီးကို လမ်းမှ ဆီး၍ လုယက်တိုက်ကြ ရာ ကာလီမင်ဇာနှင့် တက်ဆီယိုတို့ က သေနတ်ကိုယ်စီကိုင်လျက် လုံးဝတုန်လှုပ်ခြင်းမရှိဘဲ တည်ငြိမ်အေးဆေးစွာ 'အလုပ်' လုပ်သွားကြပုံကို ကော်လီယွန်မှာ အထင်ကြီးသွားမိလေသည်။

နောက်ဆုံးပစ္စည်းများကို ထုခွဲလိုက်ပြီး

သောအခါ ကော်လီယွန်အတွက် ဝေစုဒေါ်လာ (၇၀၀) ရရှိခဲ့ သည် ။ မူလက မှန်းသလို ငွေတ စ်ထောင်မရသော်လည်း ထိုခေတ် (၁၉၁၇) က ဒေါ်လာ (၇၀၀) မှာ အတော် များ သောငွေ ဖြစ် လေသည် ။

နောက်တစ်နေ့တွင် ကော်လီယွန်အား ရပ်ကွက်လူကြီး ဖာနူစီကလမ်းတွင် ဆီး၍ နှုတ်ဆက်စကား ပြောလေသည် ။ သူပြောသောစကား အတို ချုပ်ကတော့ သူလိုနာမည်ရ လူမိုက်ကြီး ရှိပါလျက် ကော်လီယွန် နှင့် လူငယ်အဖော်နှစ်ဦးတို့ က အထည်စက်ရုံမှ ကားကို တိုက်ခိုက်လုယူခြင်းသည် သူ့အား စော်ကားရာရောက်သဖြင့် သူတို့ ရသော ငွေထဲမှ 'ဆက်ကြေး' ပူဇော်သည့် အနေဖြင့် ဒေါ်လာငွေငါးရာ ပေးရမည်ဟု မိုက်ကြေးခွဲခြင်းသာ ဖြစ်သည် ။ ဖာနူစီသည် ကော်လီယွန် ကြောက်လန့်စေရန် သူ့မျက်ခါးကြားထဲက သေနတ်ကိုပါ ပြ၍ လည်း ခြိမ်းခြောက်လိုက်ပါသေးသည် ။ ကော်လီယွန်သည် ရုတ်တရက် ဘာမှ မပြောဘဲ ပြုံး၍ ကြည့်လိုက်သည် ။ သူသည် ဖာနူစီ၏ သေနတ်ကိုလည်း မကြောက်၊ အသံလည်း မထွက်ဘဲ တည်ငြိမ်အေးဆေးစွာ ပြုံးလိုက်ခြင်းသည် လူမိုက်ကြီးဖာနူစီပင်လျှင် ရုတ်တရက် အံ့အားသင့်သွားသည် ။

အတန်ကြာမှ ကော်လီယွန်က စကားကို ချိုသာစွာနှင့် ပင် ငွေများကို သူငယ်ချင်းနှစ်ယောက်နှင့် ခွဲဝေ ပြီးဖြစ်၍ သူတို့ နှင့် ဆွေးနွေးညှိနှိုင်းပြောကြည့်ပါမည်ဟု သာ ပြော လိုက်လေသည် ။

လူငယ်တစ်ယောက် ဖြစ်သော်လည်း

သူများ လို ကြွေးမြီဖျက်လောက်အောင် ဒေါသမ ထွက်ဘဲ ဖာနူစီ အား ပြုံး၍ ကြည့်လိုက်ခြင်း၊ စကားကိုချိုသာစွာ ပြောလိုက်ခြင်းတို့ မှာ ကော်လီယွန်သည် သူ လူလားမမြောက်မီ က ဆစ်စလီကျွန်းတွင် သူ့ဖခင်ကြီး အသတ်ခံရပုံကို သတိရမိ၍ ဖြစ်လေသည် ။

သူ့ဖခင်သည် ဒေါသထွက်လွယ်သည် ။ စိတ်မရှည်ဘဲ စကားကိုချေငံစွာ မပြော၊ ဒေါသနှင့် ပြောတတ် သည် ။ စိတ်လိုက်မာန်ပါ ရှေ့ လောတကြီး ပြုမူ လုပ်ကိုင်တတ်သည် ။ ထို့ကြောင့် သူသည် အသတ်ခံရခြင်းဖြစ် သည် ဟု ဆင်ခြင်တွေးတောကာ သင်ခန်းစာယူ ခဲ့မိ၏။

ယခု လူမိုက်ကြီး ဖာနူစီက သူတို့ လူငယ်သုံးဦး အသက်စွန့်ပြီး ရယူထားသောငွေကို ခေါင်းပုံလာဖြတ် ခြင်းကြောင့် စိတ်ထဲမှ အမှန်ဒေါသထွက်မိ သော်လည်း သူ၏ ဒေါသကို ပြင်ပသို့ အရိပ်အယောင်မျှ မပေါ်လွင် စေရန် အပြုံးဖြင့်လည်းကောင်း၊ ချိုသာသော စကားဖြင့်လည်းကောင်း ဖုံးလွှမ်းထားခဲ့ခြင်း ဖြစ်သည် ။ မိမိ၏ စိတ်အတွင်း၌ ဖြစ်ပေါ်တွေးတောနေခြင်းကို လူတစ်ဖက်သား လုံးဝ မသိအောင် ခပ်ပြုံးပြုံး ခပ်အေးအေး နေတတ်ခြင်းသည် ရန်သူတို့ အပေါ် အနိုင်ရရန် သေချာသည့် နည်းဖြစ်ကြောင်း ထိုအချိန်ကပင် သူနားလည်သိရှိ ခဲ့လေသည် ။

နောက်ပိုင်း အသက်ကြီးလာချိန်၌ သူသည် 'ဒွန်' (DON) ဟူသော အဖွဲ့ခေါင်းဆောင် ဖြစ်လာသည့် တိုင်အောင် အဆိုပါနည်းပရိယာယ်ကို အမြဲလက်ကိုင်ထား ကျင့်သုံးခဲ့လေသည် ။

ဤသည် ပင်လျှင် နောက်ပိုင်း ကာလများ ၌ 'ဂေါ်ဒ်ဖားသား' ဒွန်ကော်လီယွန်၏ အကြီးမားဆုံး အင်အားတစ်ခုပင် ဖြစ်လာမည် ဖြစ်ပေသည်။

ကော်လီယွန်သည် လူမိုက်ဖာနူစီအား မကြောက်ရုံမက စိတ်ထဲမှ အထင်သေးမိခဲ့သေး၏။ ကလီမင်ဇာ နှင့် တက်ဆီယိုတို့ သည် လူငယ်များ ပင်ဖြစ်သော်လည်း သူတို့ ရရှိထားသောငွေကို လွယ်လွယ်နှင့် ခွဲပေးမည့် သူများ မဟုတ်။ လိုအပ်လျှင် လူတစ်ယောက်၏ အသက်ကို သတ်ဖြတ်ရန် ဝန်လေးမည့် သူများ မဟုတ်ကြောင်း သူ သိပြီးဖြစ်သည်။ သို့ဖြစ်လင့်ကစား ကော်လီယွန်သည် တိုနေ့ညဘက်တွင် ကလီမင်ဇာနှင့် တက်ဆီယိုတို့ အား ဖာနူစီက ငွေတောင်းကြောင်းကို ပြောပြ လိုက်လေသည်။

ကလီမင်ဇာနှင့် တက်ဆီယိုတို့ မှာ ဖာနူစီကို မကြောက်သော်လည်း လူမိုက်ကြီးအနေဖြင့် ၎င်း တပ်ဖွဲ့တွင် လည်းကောင်း၊ လူမိုက်လောကတွင် လည်းကောင်း အဆက်အသွယ် အပေါင်းအသင်းများ စွာ ရှိသည် ဟု ယုံကြည် လျက် တစ်ယောက်လျှင် ဒေါ်လာ ၂၀၀ ကျော်စီ ပေးချင်သယောင် ဖြစ်လာကြလေသည်။

ကော်လီယွန်ကမူ ဖာနူစီကို ကြောက်လည်း မကြောက်၊ အထင်လည်း မကြီးသဖြင့် တစ်ပြားတစ်ချပ်မှ ပေးရန်မလိုဟု ထင်မိသည်။ ဖာနူစီသည် အပေါင်းအာရင်းသန်သန်နှင့် ခြိမ်းခြောက်ငွေညှစ်တတ်ရုံမှ လွဲ၍ တကယ် အရေးပါသော အဆက်အသွယ် အပေါင်းအသင်း မရှိနိုင်ဟု လည်း ယုံကြည်မိသည်။

ဤသို့လျှင် လူမိုက်ကြီး ဖာနူစီက သူတို့ အ

ပေါ် ခေါင်းပုံဖြတ်လာခဲ့ရာမှ ကော်လီယွန်အဖို့ တစ်နေ့ကျ လျှင် 'ဂေါ်ဒ်ဖားသား' ခေါ် (DON) ဘွဲ့ရ ဒွန်ကော်လီယွန်ဟု နာမည်တွင် လာမည့် ဆုံးဖြတ်ချက်ကို ချမိရန် ကံကြမ္မာက ဖန်တီးခဲ့ လေသည်။ ထိုဆုံးဖြတ်ချက်ကား ယုတ်မာမိုက် မဲလှသော လူတစ်ယောက်ကို လောကကြီး တွ င် ထားခြင်းမှာ မသင့်သည့် ဘုတ္တ ဖာနူစီအား သတ်ပစ်ရန် ဆုံးဖြတ်ချက်ပင်တည်း။

ပိုးထည်စက်ရုံမှ မော်တော်ကားကို လုယက် တိုက်ခိုက်ခဲ့စဉ်က သူ့အား ကလီမင်ဇာက လို လိုမယ်မယ်ဆို ပြီး ပေးထားသော ခြောက်လုံးပြူး သေနတ်တစ်လက်ရှိရာ ကော် လီယွန်သည် ထိုသေနတ်နှင့် ပင် ဖာနူစီအား ပ စ်သတ်ရန် ဆုံးဖြတ်လျက် လုပ်ရမည့် အစီအစ ဉ်များကို များပြားသလဲ မဟုတ်ဘဲ ခေါင်းအေး အေးဖြင့် အချိန်ယူ စဉ်းစားကြံစည်ခဲ့လေသည် ။

ဖာနူစီက သူတို့ သုံးယောက်ထံမှ တစ်ယော က်လျှင် ဒေါ်လာ (၃၀၀) စီ ပေးပါက လက်ခံ ကျေနပ်မည်ဟု ထပ်ပြောသဖြင့် ကော်လီယွန် သည် ကလီမင်ဇာနှင့် တက်ဆီယိုတို့ အား တစ် ယောက် ဒေါ်လာ (၂၀၀) စီ သူ့ကိုပေးရန် သူက ပင် တာဝန်ယူပြီး ဖာနူစီကို နှစ်ယောက်ချင်း တွေ့ဆုံညှိနှိုင်းပြောယူမည်ဟု တင်ပြလေရာ တက်ဆီယိုက လူမိုက်ကြီး လက်ခံပါ့မလားဟု မေးသောအခါ ကော်လီယွန်သည် ခပ်အေး အေးနှင့် ပင်

"ဒါတော့ သူ လက်မခံဘဲ မနေနိုင်အောင် အကြောင်းအကျိုးကို ငါက ရှင်းပြမှာ ပေါ့"

ဟု ပြောခဲ့လေသည် ။ ဤစကားသည် နော

**က်ပိုင်း 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန် ဖြစ်**လာချိန်၌ ထင်ရှားကျော်ကြားသော လက်သုံးစကားဖြစ်ရမည့် စကားပင်တည်း။

"ဂေါ့ဒ်ဖားသား" နှင့် ကိစ္စတစ်ခုဖြင့် တွေ့ဆုံဈေးစပ်ဆွေးနွေးမှုရှိသူ လူတစ်ယောက်အား သူက 'လက်မခံဘဲ မနေနိုင်အောင် ကြောင်းကျိုးရှင်းပြမည်' ဟု ပြောလိုက်ပါက ထိုလူအဖို့ ဒွန်ကော်လီယွန်၏ ကမ်း လှမ်းချက်ကို လက်ခံချင်ခံ၊ လက်မခံပါက သွေးထွက်သံယိုမှုဖြစ်စေ၊ သတ်ဖြတ်ခံရခြင်းဖြစ်စေ မလွဲမသွေ ကြုံ ရတော့မည်ဟု အားလုံးက နားလည်လာကြလေသည်
။

လူမိုက်ကြီး ဖာနူစီအား ထိုနေ့ညကိုးနာရီအချိန်တွင် သူ့အိမ်သို့ ငွေလာယူရန် ချိန်းလိုက်ပြီးနောက် ကော်လီယွန်သည် သူ့၏ **အစီအစဉ်များကို စိတ်အေးလက်အေး** ပြင်ဆင်လေသည် ။ သူ့၏ ဇနီးအား သားငယ်နှစ် ယောက်ကိုပါ ခေါ်၍ တစ်နေရာသို့ ရှောင်ခိုင်းနေပြီး သူက ခေါ်မှ သာပြန်လာခဲ့ရန် တိကျစွာ ပြောထားလိုက် သည် ။ သူ့၏ ဘောင်းဘီလက်ဝဲဘက် အိတ်တွင် ဒေါ်လာငွေ(၇၀၀)ကို အထပ်လိုက် အဆင့်သင့်ထားပြီး ညာ ဘက်အိတ်တွင် မှကာလီမင်ဇာထံမှ ရထားသည့် ခြောက်လုံးပြူးသေနတ်ကို အဆင်သင့် ထည့်ထားလိုက်သည်
။

ည ကိုးနာရီတိတိတွင် ဖာနူစီသည် ရောက်လာလေရာ ကော်လီယွန်က ကောင်းစွာ ခရီးဦးကြိုပြု၍ ဝိုင် အရက်နှင့် ဧည့်ခံပြီးမှ ဒေါ်လာငွေ ၇၀၀ ကို ထုတ်ပေးလိုက်သည် ။ ဖာနူစီက နောက်ထပ် ဒေါ်လာ ၂၀၀ လိုသေး ကြောင်း တော

င်းပြန်သောအခါ ကော်လီယွန်က သူမှာ ငွေပြ
ပ်နေ၍ နောက်မှ ပဲ ပေးပါရစေဟု တောင်းပ
န်သည် ကို ဖာနူစီက သဘောတူလက်ခံ၍ နှု
တ်ဆက်ကာ ထပြန်သွားလေသည် ။ဤနည်း
အားဖြင့် ဖာနူစီသည် သူ၏ အိမ် မှ ဘေးရန်မရှိ
ပြန်သွားသည် ကို ပတ်ဝန်းကျင်က မြင်ပြီး အ
ရေးရှိလျှင် သက်သေထူနိုင်ရန် အကွက်ဆင်
ထား ခြင်း ဖြစ်၏။

လူမိုက်ကြီးဖာနူစီပြန်သွားမှ ကော်လီယွန်
သည် လျင်မြန်စွာဖြင့် ခေါင်မိုးပေါ်သို့ ပြေးတ
က်၍ ခေါင်မိုးများ ပေါ်မှ ပင် ဖြတ်သန်းပြီး ဖာ
နူစီ၏ အိမ်ရှိရာသို့ ကြိုတင်ရောက်အောင်သွား
လျက် တံခါးဝအနီး မှောင်ရိပ်တွင် အသာစော
င့် နေလိုက်သည် ။ ညမှောင်နေပြီဖြစ်၍ သူ့
အားမည်သူကမျှ မမြင်ကြချေ။

ကံအားလျော်စွာ ဖာနူစီ၏ အိမ်နီးချင်းများက
တံခါးပိတ် အိပ်နေကြပြီဖြစ်၍ လူရှင်းလျက်ရှိ
နေရာ ကော်လီယွန် သည် မှောင်ရိပ်ခိုနေရင်း
ခြောက်လုံးပြူးသေနတ်ကို အသင့်ထုတ်ယူ
ထားလိုက်သည် ။

ဖာနူစီသည် အန္တရာယ်ကို မသိဘဲ
အိမ်တံခါးကို တွန်းဖွင့်၍ ဝင်မည်ပြုစဉ်မှာ ပင်
ကော်လီယွန်က ခြောက်လုံးပြူးသေနတ်ကို
သေချာစွာ ချိန်ရွယ်လျက် သုံးချက်တိတိ ပစ်
လိုက်လေသည် ။

ထိုအချိန်၌ သူသည် စိုးရိမ်တုန်လှုပ်ခြင်း၊
ချောက်ချားခြင်း၊ သုတ်သီးသုတ်ပျာဖြစ်ခြင်းတို့
လုံးဝ မရှိဘဲ ပကတိ
စိတ်တည်ငြိမ်အေးဆေးစွာနှင့် ပင် သေနတ်
မောင်းခလုတ်ကို ဆွဲဖြုတ်ခဲ့ခြင်း ဖြစ်လေသည်

။ အချိန်အား ဖြင့်ကား ဘာမှ မကြာလိုက်ချေ။ ငါးစက္ကန့်ထက် မပိုသော အချိန်အတွင်း လူမိုက်ကြီး ဖာနူစီသည် အသက် ပျောက်သွားပါတော့သည် ။ ထို့နောက် ကော်လီယွန်သည် အိမ်ခေါင်မိုးများ ပေါ်မှ ပင် ဖြတ်သန်း၍ မှောင်ရိပ်ခိုကာ သူ၏ အိမ်သို့ ပြန်လာခဲ့သည် ။ သူသည် သေနေသော ဖာနူစီ၏ အင်္ကျီအိတ်ထဲမှ ဒေါ်လာငွေ ၇၀၀ ကိုလည်း တည်ငြိမ်အေးဆေးစွာပင် ပြန်နှိုက်ယူခဲ့ပါသေးသည် ။ သေနတ်ကိုကား သုံးမရအောင် ရိုက်ချိုးပြီးနောက် အမှိုက်သရိုက်များ သွန်သည့် ပြွန်ကြီးထဲသို့ ပစ်ချလိုက်လေသည် ။ အားလုံးပြီးတော့မှ အဝတ်အစားများ လဲဝတ်ဆင်၍ ဇနီးနှင့် သားငယ်နှစ်ယောက်အား သွားပြန်ခေါ်ခဲ့လေသည် ။

နောက်တစ်နေ့နံနက်တွင် ဖာနူစီ၏ အလောင်းကို ရဲကတွေ့ရှိသော်လည်း ကော်လီယွန်အား ခေါ်ယူစစ် ဆေးခြင်း မပြုကြချေ။ အမှန်ကဖာနူစီသည် မိုက်ကြေးခွဲစားနေသော လူမိုက်တစ်ဦးဖြစ်ကြောင်း ရဲကသိပြီးဖြစ် ၍ သူအသတ်ခံရခြင်းမှာ လူဆိုးဂိုဏ်းအချင်းချင်း အဝေမတည့်၍ သေဒဏ်ပေးခြင်း ဖြစ်ရမည်ဟု ယူဆခဲ့ကြ၏။ အမှန်အားဖြင့် ဖာနူစီလို လူမိုက်မျိုး သေဆုံးခြင်းကိုပင် ရဲက ကျေနပ်သဘောကျမိပြီး သတ်သူတရားခံအား အကြီးအကျယ် အပင်ပန်းခံ လိုက်လံစုံစမ်းခြင်း မပြုကြောင်း နောက်ပိုင်းကျမှ ကော်လီယွန်က သိရလေသည် ။

ရဲက မသိသော်လည်း သူငယ်ချင်းနှစ်ယောက်ဖြစ်သူ ကလီမင်ဇာနှင့် တက်ဆီယိုတို့ ကတော့ ကော်လီယွန်၏ လက်ချက်ဖြစ်ကြောင်း

ရိပ်မိသိရှိခဲ့ကြ၏။ သို့သော် သူတို့ ကလည်း နှုတ်လုံ့စွာပင် ဆိတ်ဆိတ် နေကြပြီး ကော်လီယွန်၏ သတ္တိနှင့် အစွမ်းအစကို လေးစားအထင်ကြီးလာကြလေသည်။

ထို့ကြောင့် ပင် နောက်ပိုင်းကျတော့ ကလီမင်ဇာနှင့် တက်ဆီယိုတို့ သည် 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီ ယွန်၏ မိသားစုဂိုဏ်းကြီးတွင် စိတ်အချရဆုံး လူယုံများ ဖြစ်ခဲ့ကြလေသည်။

နှုတ်အားဖြင့်လည်းကောင်း၊ အမူအရာ အပြုအမူအားဖြင့် လည်းကောင်း၊ လူမိုက်တစ်ယောက်လို ကြမ်းတမ်းခြင်း မရှိသော်လည်း ကော်လီယွန်အား ပတ်ဝန်းကျင်က အလိုလို ကြောက်ရွံ့လေးစားစ ပြု လာလေ သည်။ တစ်ချိန်က လူမိုက်ကြီး ဖာနူစီအား 'ဆက်ကြေး' ပေးနေရသော စတိုးဆိုင်ရှင်များကလည်း သူ့အား ကျေးဇူးတင်ကြလျက် လိုသည့် အကူအညီပေးရန် အသင့်ဖြစ်လာကြသည်။ အိမ်ခန်းတစ်ခန်းတွင် ကြေးကြီး ဖဲဝိုင်းများ ထောင်စားနေသူတစ်ဦးသည် သူ့သဘောနှင့် သူ လာရောက်ပြီး ကော်လီယွန်အား သူ့အိမ်သို့ တစ်ပတ်လျှင် တစ်ကြိမ်လောက် မျက်နှာလာပြပါဟု ဆိုကာ တစ်ကြိမ်လျှင် ဈေးသုံးဖို့ ဆိုပြီး ဒေါ်လာငွေ ၂၀ ပေးခဲ့လေ သည်။

အချို့ဈေးဆိုင်ရှင်များက သူတို့ ဆိုင်များ သို့ လမ်းသရဲဆန်ဆန် လူငယ်ကလေးများ လာနှောင့်ယှက်နေ သဖြင့် လာရောက်အကူအညီ တောင်းကြသောအခါ ကော်လီယွန်သည် ထိုဆိုင်များ သို့ ရံဖန်ရံခါ သွားရောက်ဝင် ထွက်ပြရုံနှင့် ဆိုးသွမ်းလူငယ်များ အလိုလို ရှောင်ခွာသွားတတ်သည်။ ထိုအခါ ဆိုင်ရှင်များက ကော်လီယွန်အား ငွေကြေးဖြင့် ကျေးဇူးဆပ်တတ်ကြ

လေသည် ။

ဤနည်းအားဖြင့် သူ၏ အသက် ၂၅ နှစ်အရွယ်ကပင် ကော်လီယွန်သည် တစ်နေ့ 'ဂေါ်ဒ်ဖားသား' ဖြစ်လာရမည့် အခြေအနေမျိုး ကံကြမ္မာ၏ ဖန်တီးချက်အရ စတင်အခြေခံကာ အစပျိုးခဲ့ရလေသည် ။

နောင်ရေးအတွက် တရားဝင်စီးပွားရေးလုပ်ငန်း တစ်ခုကိုလည်း လုပ်ကိုင်လိုသဖြင့် ကော်လီယွန် သည် အီတလီနိုင်ငံမှ သံလွင်ဆီများ တင်သွင်းပြီး အမေရိကန်တွင် ဖြန့်ချိရောင်းချရန် သွင်းကုန်လုပ်ငန်းတစ်ခုကို စတင်ခဲ့လေသည် ။

သူ အမေရိကန်သို့ ရောက်ရောက်ချင်းချင်း အလုပ်လုပ်ခဲ့ဖူးသည့် စတိုးဆိုင်ပိုင်ရှင်၏ သား 'ဂင်ကို' မှာ



လျှောက် 'ဂင်ကို' နှင့် အတူ အစုစပ်ကုမ္ပဏီတည်ထောင်ကာ သူတို့ တင်သွင်းသော သံလွင်ဆီကိုလည်း 'ဂင်ကို သံလွင်ဆီ' ဟု အမည်ပေးကာ ဖြန့်ချိရောင်းချခဲ့လေသည် ။ အပေါင်း အသင်း ရောင်းရင်းဖြစ်သူ ကလီမင်ဇာနှင့် တက်ဆီယိုတို့ ကိုကား ကုမ္ပဏီ၏ အရောင်းကိုယ်စားလှယ်များ အဖြစ် တရားဝင် အလုပ်ပေးထား လိုက်လေသည် ။

လုပ်ငန်းတွင် ဝါမရင့်သေးသော်လည်း ကော်လီယွန်သည် စီမံခန့်ခွဲရာ၌ အလွန်ဦးနှောက်ကောင်းလှ သဖြင့် သူတို့ ၏ သွင်းကုန်လုပ်ငန်းမှာ တိုးတက်ကြီးပွားလာခဲ့လေသည် ။

သူသည် လူတစ်ဖက်သားကို နားဝင်အောင် လေအေးအေးနှင့် ဖျောင်းဖျပြောဆိုတတ်၏။

သူ၏ တင်ပြ ချက်ကို လက်မခံဘဲ မနေနိုင်အောင်လည်း ပြောတတ်၏။ တစ်ဖက်သား၏ အလိုကိုလည်း တတ်နိုင်သလောက် လိုက်လျောတတ်၏။

သို့သော် သူ တကယ်လိုချင်သော အရာဝတ္ထုတစ်ခုကို မရလျှင် ရသည့် နည်းဖြင့်လည်း လုပ်ယူတတ်၏။

တစ်ခါက ဘရွတ်ကလင်းအရပ်မှ သံလွင်ဆီလက်ကားကုန်သည် အချို့က သူ၏ ကမ်းလှမ်းချက်ကို ခါးခါးသီးသီး ငြင်းပယ်ခဲ့ကြရာ ကော်လီယွန်ကိုယ်တိုင် လိုက်သွားပြီး အစွမ်းကုန် စေ့စပ်ဆွေးနွေးကြည့်သေး ၏။ သို့ရာတွင် ထိုကုန်သည် များမှာ မာနကြီးပြီး ခေါင်းမာသူဖြစ်၍ သူ့ကိုပါရှုတ်ချပြောဆိုပြီး ငြင်းပယ်လိုက်၏။

ဤတွင် ကော်လီယွန်သည် သူ၏ မြေပြင်းရင်း 'တက်ဆီယို'အား ဘရွတ်ကလင်းသို့ လွှတ်၍ 'ကြည့်လုပ်' ရန် တာဝန်ပေး လိုက်လေသည် ။ မကြာမီ ထိုကုန်သည် ကြီးများ ၏ ဆိုင်ကြီးများ ၊ ဂိုဒေါင်များ မီးရှို့ဖျက်ဆီးခံရ ကုန်၏။

သူတို့ ပိုင် မော်တော်ကားများကို လူဆိုးများက တိုက်ခိုက်လုယက်ခြင်းခံရ၏။ ထိုအခါ ကုန်သည် တစ် ဦးသည် မစဉ်းစားမဆင်ခြင်ဘဲ ရဲတပ်ဖွဲ့သို့ သွားရောက်၍ တိုင်တန်းရုံမက သူတို့ အား အီတလီလူမျိုး လူဆိုးများ က လုယက်တိုက်ခိုက်နေကြောင်း သွားသတင်းပေးခဲ့လေသည် ။

ဤသည် မှာ အီတလီလူမျိုးတို့ တွင် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀၀) ခန့်က စရှိခဲ့သည့် 'အို

မားတား' ခေါ် နှုတ်လုံစွာ ဆိတ်ဆိတ်နေရမည့် ဥပဒေကို ချိုးဖောက်ရာ ရောက်ခဲ့၏။ များမကြာမီ ထိုကုန်သည် ကြီးသည့် ရုတ် တရက် 'ပျောက်' သွားပြီး လုံးဝသတင်းအစအန မကြားရတော့ချေ။

သူ၏ ဇနီးနှင့် သားသမီးသုံးယောက်သာလျှင် ယူကျုံးမရ ဖြစ်ကျန်ခဲ့လေသည် ။ ယင်းနောက်တွင် ကား ကော်လီယွန်က ကောင်းမွန်အေးဆေးစွာ စေ့စပ်ဆွေးနွေးလျှင် သဘောတူလက်ခံခြင်းသည် သာ အကောင်းဆုံး ဟု နားလည်သဘောပေါက်လာကြတော့သည် ။ 'ဂင်ကိုသံလွင်ဆိကုမ္ပဏီမှာ လည်း စီးပွားရေးအရ တဖြည်း ဖြည်း တိုးတက်အောင်မြင်လာခဲ့လေသည် ။'

သူ၏ ဩဇာအာဏာ ပို၍ ကြီးမားသည် ထ

က် ကြီးမားအောင် ဖြစ်လာသည် ကား အမေရိကန်နိုင်ငံတွင် အရက်သေစာများ ထုတ်လုပ်ရောင်းချမှုကို အစိုးရက ဥပဒေထုတ်၍ တင်းကျပ်စွာ ပိတ်ပင်တားမြစ်ခဲ့သည့် အချိန်ကာလ ဖြစ်လေသည် ။

တရားဥပဒေအရ တားမြစ်ထားလင့်ကစား လူတွေကတော့ အရက်မသောက်ဘဲ မနေနိုင်ကြလေရာ တိတ်တိတ်ပုန်း အရက်ချက်ခြင်း၊ နိုင်ငံခြားမှ အရက်များကို ခိုးသွင်းခြင်း၊ မြို့ကြီးများ ၌ အရက်ကို လက်သိပ် ထိုး ရောင်းချခြင်း စသော အရက်မှောင်ခိုလု ပ ိုင် န ိုးမ ,၁ အလွန်ကြီးထွားခဲ့ရ၏။ အမြတ်အစွန်း ဝင်ငွေကလည်း နေ့ချင်းညချင်း သူဌေးဖြစ်လောက်အောင်ပင် များ ပြားလှ၏။

ကော်လီယွန်တို့ ၏ 'ဂင်ကိုသံလွင်ဆိကုမ္ပ

ဘီ' တွင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ကုန် တင်လော်လီကား ခြောက်စီး ရှိနေရာ တစ်နေ့သ၌ အီတလီလူမျိုး အရက်မှောင်ခိုသမားတစ်စုက ထိုကားများကို လာရောက်ငှားရမ်းကြ၏။

ထိုလူများ သည် ကနေဒါနိုင်ငံမှ ဝီစကီနှင့် အခြားအရက်မျိုးစုံကို နယ်စပ်မှ ခိုးသွင်းပြီး အမေရိကန် ပြည်တွင်း၌ တိတ်တိတ်ပုန်း ဖြန့်ချိရောင်းချသူများ ဖြစ်ကြသည် ။ သူတို့ က လော်လီကားများ အပြင် ဒွန် ကော်လီယွန်၏ တပည့်လူယုံများ ထဲမှ စိတ်ချရသော လူများကို 'ငှား' လိုကြောင်း ပြောလာ၏။

နယ်ခြားမှ အရက်များကို ကားဖြင့်တင်ဆောင်ပြီး နယူးယောက်မြို့ အနှံ့အပြားရှိ 'ဖောက်သည် ' ဆိုင်များ သို့ လှည့်ခြူးပို့ပေးပါက ကားနှင့် လူအတွက် ငှားရမ်းခငွေ အမြဲ[illegible] များ ပေးမည်ဟု ကမ်းလှမ်း လာလေ သည် ။ ပေးသောငွေက အလွန်များ လှပေရာ ကော်လီယွန်သည် မူလသံလွင်ဆီရောင်းချရေးလုပ်ငန်းကို ခေတ္တ ရပ်ဆိုင်းထား လိုက်ပြီး အရက်ခိုးသွင်းဖြန့်ချိသည့် လုပ်ငန်းကိုသာ သူ၏ လော်လီကားဖြင့် ဆက်တိုက်လုပ်ခဲ့လေရာ ခဏချင်းပင် သူဌေးဖြစ်လာတော့သည် ။

အစိုးရက တားမြစ်ထားသော အရက်ကို မှောင်ခိုတင်ဆောင်ခြင်းကြောင့် ရံဖန်ရံခါ သူ၏ ကားများ ရှာဖွေရေးအဖွဲ့များ နှင့် တွေ့ဆုံပြီး အဖမ်းခံရမည်ကိုလည်း ကော်လီယွန်က ကြိုတင်မြင်မိလေရာ ယင်းသို့ အဖမ်းခံရ၍ ရုံးရောက် ဂတ်ရောက်သည့် အခါ သူ၏ လူ

ယုံတပည့်များ အတွက် ကူညီစောင့်ရှောက်ရန် နာမည် ကြီး ရှေ့နေတစ်ဦးကိုပါ ငှားရမ်းထားလိုက်၏။

ထိုရှေ့နေမှာ ရဲတပ်ဖွဲ့နှင့် တရားရေးဌာနတွင် အဆက်အသွယ် အပေါင်းအသင်းကောင်းသူဖြစ်၍ များ သောအားဖြင့် အမှုများကို ပြေလည်အောင် ကူညီဖန်တီးပေးနိုင်ခဲ့၏။ ထို့ပြင် ကော်လီယွန်သည် ထိုရှေ့နေမှ တစ်ဆင့် အရေးပါသော ရဲအရာရှိများ၊ တရားသူကြီးများကို ဆက်သွယ်ပြီး 'လစဉ်ကြေး'များ မှန်မှန်ပေးထားခဲ့ ကာ အချို့သော အရာရှိများ ဆိုလျှင် ကော်လီယွန်က ဘာအကူအညီ အခွင့်အရေးမှ မတောင်းဘဲ အသားလွတ် မေတ္တာလက်ဆောင်အဖြစ် လစဉ်ကြေးငွေများ ပေးခဲ့၏။ သူ၏ ရည်ရွယ်ချက်ကား တစ်နေ့ အကြောင်းတစ်စုံ တစ်ရာ ရှိသောလျှင် ထိုအရာရှိများ ထံ ချဉ်းကပ်၍ အကူအညီတောင်းလျှင် ငြင်းမည်မဟုတ် ဟူသော နှောင်ရေး အတွက် ရည်ရွယ်ချက်ပင် ဖြစ်သည်။

စကားပြော ညင်သာသိမ်မွေ့ပြီး တပည့်တပန်းများ အပေါ် အလွန်ညှာတာ သိတတ်သူဟုလည်း ကျော် ကြားသူ ကော်လီယွန်သည် တဖြည်းဖြည်း သြဇာကြီးမားပျံ့နှံ့လာလျက် သူ၏ အဖွဲ့အစည်း သို့မဟုတ် 'မိသားစု' ၏ ပမာဏသည် လည်း တစ်နေ့တခြား ကြီးထွားကျယ်ပြန့် လာခဲ့လေသည်။

သူ၏ အဖွဲ့အစည်းတွင် ဝင်ရောက် 'အလုပ်' လုပ်သူများ ၏ ဦးရေကလည်း တိုးတက်များပြားလာ လေရာ လူယုံတော် ရောင်းရင်းနှစ်

ယောက်ဖြစ်သော ကလီမင်ဇာနှင့် တက်ဆီယို တို့ အား လူငယ်များအား တပ် သားများ သဖွယ် ကွပ်ကဲအုပ်ချုပ်စေလျက် 'ကာပိုရေဂျီမေ' ခေါ် တပ်မှူးများ အဖြစ် ခန့်ထားလိုက်၏။ ငယ်သူ ငယ်ချင်း 'ဂင်ကို' ကိုလည်း 'ကွန်ဆီလီယိုရီ' ခေါ် လူယုံတော် အကြံပေးအရာရှိအဖြစ် ခန့်ထားလိုက်၏။

တစ်ဖန် 'တက်ဆီယို' သီးခြားအဖွဲ့တစ်ဖွဲ့ ခွဲထွက်စေလျက် ဘရွတ်ကလင်း အရပ်တွင် ဌာနချုပ်ပြု လုပ်ကာ တပ်မှူးအဖြစ် အုပ်ချုပ်ကွပ်ကဲစေ၏။ နောက်ပိုင်းတွင် ကော်လီယွန်သည် ညွှန်ကြားချက် အမိန့်များကို လူငယ်များအား တိုက်ရိုက်မပေးတော့ဘဲ လူယုံတော်အကြံပေး 'ဂင်ကို' မှ တစ်ဆင့်သာလျှင် ပေးတော့၏။ ဤနည်းအားဖြင့် ပြဿနာတစ်စုံတစ်ရာ ဖြစ်လာခဲ့သော် မူရင်းအမြစ်နှင့် မည်သူကပေးခဲ့ကြောင်း လူငယ်များ အနေဖြင့် လုံးဝမသိနိုင်အောင် ကြိုတင်ဖန်တီးထားနိုင်ခဲ့လေသည်။

၁၉၃၃ ခုနှစ် ပတ်ဝန်းကျင်က အမေရိကန်ပြည်တွင် ကြုံခဲ့ရသော စီးပွားရေး ကပ်ဆိုက်မှုကြီးအတွင်း ကလည်း ကော်လီယွန်သည် ပို၍ ပင် သြဇာတိက္ကမ ကြီးမားခဲ့လေသည်။

မြို့တိုင်းတွင် အလုပ်လက်မဲ့ပြဿနာကြောင့် လူတကာအဖို့ စားဝတ်နေရေး ကျပ်တည်းနေချိန်တွင် ကော်လီယွန်၏ အဖွဲ့အစည်း လက်အောက်မှ လူငယ်လုပ်သားများမှာ ကျပ်တည်းခြင်းမရှိ။ ချောင်ချောင် လည် လည် သုံးစွဲနိုင်ခဲ့ကြ၏။

ယ်သားများ ၏ သက်သာချောင်ချိမှုကို အစဉ်မပြတ် ကူညီ ဆောင်ရွက်ပေးခဲ့၏။ အကယ်၍ သူလူ တစ်ယောက်သည် အမှုအခင်းဖြစ်ပြီး မတော်တဆ ထောင်ကျသွားသည့် တိုင် ထိုသူ၏ မိသားစုများအား ငွေကြေး ပြည့်စုံလုံလောက်စွာ ထောက်ပံ့ခဲ့လေ၏။

ထိုမျှမကသေး၊ သူသည် ပတ်ဝန်းကျင်ရှိ အီတာလီလူမျိုး ဆင်းရဲနွမ်းပါးသူများအား မကြာခဏ ငွေကြေးထောက်ပံ့ ကူညီတတ်သေး၏။

*

## ၁၅

မိုက်ကယ်လ်၏ ချစ်သူရည်းစား 'ကေးအာဒမ်' တို့ နေထိုင်ရာ နယူးဟမ်ရှိုင်းယား အရပ်မှ မြို့ကြီး ပြကြီး မဟုတ်ဘဲ ကျေးလက်ဒေသသာသာမျှသာရှိသဖြင့် ထိုအရပ်သို့ဝင်လာသူ ဧည့်သည် လူစိမ်း မှန်သမျှကို အိမ်တိုင်း လူတိုင်းက သတိပြုမိတတ်သည် ဖြစ်သောကြောင့် ထိုနေ့နံနက်က နယူး ရောက်မြို့ရှိ အနက်ရောင် ရဲ မော်တော်ယာဉ်တစ်စီး 'ကေး' တို့ အိမ်သို့ထိုးဆိုက် လာပြီး အရပ်ဝတ်အရပ်စားနှင့် ရဲအရာ

ရှိနှစ်ယောက် လာ သည် ကိုလည်း ရပ်ကွက်က ချက်ချင်းသိလိုက်ကြပြီ ဖြစ်လေသည် ။

ထိုလူနှစ်ယောက်က 'ကေး' နှင့် တွေ့ဆုံ စကားပြောလိုကြောင်း ပြောရင်းဝင်လာသောအခါ သူမမှာ သူတို့ သည် ရပ်ရှင်ထဲက လူဆိုးလူမိုက်များ နှင့် တူသည် ဟု ပင် ထင်မိလိုက်ပါသေးသည် ။ ချက်ချင်းပင် တစ် ယောက်က အိတ်ထဲမှ ကတ်ပြားတစ်ခုကို ထုတ်ပြရင်း

"ကျွန်တော်က နယူးယောက်မြို့ ရဲအဖွဲ့က စုံထောက်အရာရှိ ဖီးလစ်ပါ။ ဟောဒီက ကျွန်တော့်ရဲ့ ရဲဘော် ကြီးကလည်း စုံထောက် မစ္စတာ ဆီရီယာနီ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုလာတာကတော့ မိုက်ကယ်လ် ကော်လီယွန် ဆိုသူနှင့် ပတ်သက်ပါတယ်"

ဟု မိတ်ဆက်ရင်း ကိစ္စကိုပါ ဖွင့်ပြောလိုက်ရာ ကေးမှာ စိတ်ထဲမှ စိုးရိမ်တုန်လှုပ်သွားမိလေသည် ။ စုံ ထောက် ဖီးလစ်သည် သူသိလိုသော အချက်ကို တိုက်ရိုက်ပင် မေးလိုက်သည် ။

"ဒီမယ် လွန်ခဲ့တဲ့ သုံးပတ်အတွင်းက ခင်ဗျားဟာ မိုက်ကယ်လ်နဲ့ လူချင်းတွေ့ခဲ့ပါသလား။ ဒါမှ မဟုတ် အဆက်အသွယ် ရရှိခဲ့ပါသလား"

ထိုမေးခွန်းကို ကြားလိုက်ရလျှင် 'ကေး' သည် ချစ်သူ မိုက်ကယ်လ်အတွက် စိုးရိမ်သွားမိသည် ။ မကြာသေးမီက သတင်းစာများ ထဲတွင် ရဲမှူးကြီးမက္ကလတ်စကီးနှင့် မူးယစ်ဆေးဝါးမှောင်ခိုသမား ဆိုလိုဇိုတို့ အသတ်ခံရကြောင်းနှင့် ယင်းလူသတ်မှုမှာ ဒွန်ကော်လီယွန်မိသားစုနှင့် ပတ်သက်သည် ဟု ယူဆဖွယ်ရာရှိ ကြော

င်း ဖတ်လိုက်ရမိသည် ကိုလည်း ချက်ချင်းသဟိရမိလေသည် ။ ထို့ကြောင့် စကားကို ဆင်ခြင်ပြောရန် စဉ်း စားလိုက်မိသည် ။

“လွန်ခဲ့သော သုံးပတ်အတွင်းမှာ တော့ မိုက်ကယ်လ်နဲ့ မတွေ့ခဲ့ပါဘူး။ သူ့ကို ကျွန်မအနေနဲ့ နောက်ဆုံး တွေ့ခဲ့တာကတော့ မိုက်ကယ်လ်ဟာ သူ့ဖခင်ကြီးကို ဆေးရုံမှာ သွားကြည့်မယ့် ညကပါပဲ”

ဤသို့ အမှန်အတိုင်းပင် ပြောလိုက်ရာ နောက်စုံထောက်တစ်ဦးက

“ခင်ဗျားတို့ နှစ်ယောက် အဲဒီညက တွေ့ဆုံခဲ့တာကို ကျုပ်တို့ သိပါတယ်။ နောက်ထပ် သူနဲ့ တွေ့သေး သလားလို့ မေးတာပါ”

ဟု ခပ်ထန်ထန် ပြောလိုက်သည် ။ ကေးကလည်း ခပ်တည်တည်နှင့် ပင်

“ဟင့်အင်း....လုံးဝမတွေ့ခဲ့ပါဘူး”

ဟု ပြောလိုက်သည် ။ တစ်ဖန် ဆက်ပြော၍

...

“ကျွန်မနဲ့ မိုက်ကယ်လ်တို့ ဟာ မကြာခင် လက်ထပ်ကြဖို့ စီစဉ်ထားပြီး ဖြစ်ပါတယ်။ သူ့မှာ ပြဿနာ တစ်ခုခုရှိရင် ကျွန်မက ကူညီဖို့ ဝတ္တရားရှိပါတယ်”

ဟု ပြောလိုက်သည် ။ ဤတွင် စုံထောက်ဆီရီယာနီဆိုသူက

“အဲဒီလို ကူညီရင် ခင်ဗျားဟာ လူသတ်မှုမှ ပူးပေါင်းကူညီမှုနဲ့ တရားခံ ဖြစ်သွားမှာ ပေါ့။ အခု ခင်ဗျားရဲ့ ရည်းစားကို ကျုပ်တို့ ရှာနေတာက သူဟာ ရဲစခန်းမှူးကြီးတစ်ဦးနဲ့ ရဲကိုသတင်းပေးနေတဲ့ လူတစ် ယောက်ကို သတ်ပြီး ထွက်ပြေးနေတယ်။ သတ်သူဟာ မိုက်ကယ်လ် ဖြ

စ်တယ် ဆိုတာလည်း ကျုပ်တို့ သိတယ်"

ဟု လေသံခပ်ကြမ်းကြမ်းဖြင့် ပြောလိုက်သည် ။ ထိုအခါ 'ကေး' က စုံထောက်၏ စကားကို မယုံကြည် ဟန်နှင့် ရယ်လိုက်သည် ။

"မိုက်ကယ်လ်ဟာ လူဆိုး လူသတ်သမားတစ်ဦး မဟုတ်ပါဘူးရှင့်၊ သူ့အကြောင်းကို ကျွန်မက ရှင်တို့ ထက် ပိုသိပါတယ်။ သူဟာ သူ့နှမမင်္ဂလာဆောင်ကို သွားတုန်း ဒွန်ကော်လီယွန် မိသားစုက မိုက်ကယ်လ်ကို ပြင်ပက လူစိမ်းတစ်ယောက်လိုပဲ ဆက်ဆံခဲ့တယ်။ ဘာပဲဖြစ်ဖြစ် မိုက်ကယ်လ်ဟာ တရားဥပဒေကိုလည်း ဘယ်တော့မှ ဆန့်ကျင်ချိုးဖောက်မယ့် လူစားမျိုး မဟုတ်ဘူး "

"ကေး" က ဤသို့ ပြောလိုက်သောအခါ ဖီးလစ်အမည်ရှိ စုံထောက်က ကြားဖြတ်၍ စကားကို ညင်သာစွာ ပြောလေသည် ။

"နေပါဦး။ ခင်ဗျားနဲ့ မိုက်ကယ်လ်နဲ့ သိတာ ဘယ်လောက်ကြာသွားပြီလဲ"

"ကျွန်မ သူနဲ့ သိခဲ့တာ တစ်နှစ်လောက်ရှိပါပြီ"

ဤတွင် စုံထောက်ဖီးလစ်သည် အဓိပ္ပာယ်ပါပါ ပြုံးလိုက်ပြီးမှ စကားကို ဆက်ပြောလေသည် ။

"ဒါဖြင့် ခင်ဗျား မသိသေးတဲ့ အချက်တချို့ကို ကျွန်တော် ပြောပြရဦးမယ်။ ဆေးရုံကိုသွားတဲ့ ညက မိုက်ကယ်လ်ဟာ ရဲမှူးကြီးနဲ့ စကားများ ခဲ့တယ်။ သူဟာ ရဲမှူးကြီးကို စတင်တိုက်ခိုက် ထိုးကြိတ်သော်လည်း ဟိုလူက ဗလကောင်းတော့ မိုက်ကယ်လ်သာလျှင် မေးရိုးကျိုးပြီး သွားလေးချောင်း ကျွတ်ခဲ့ရတယ်။ အဲဒီ နောက်

သူ့ကို မိတ်ဆွေများက လောင်းဘိချ်အရပ်က ဒွ
န့်ကေက်လီယွန်      မိသားစုအိမ်ကြီးကို
ခေါ်သွားကြတယ်။     နောက်တစ်ညမှာ သူနဲ့
အချင်းဖြစ်ပွားခဲ့တဲ့ ရဲမှူးကြီးဟာ သေနတ်နဲ့ ပ
စ်သတ်ခံရတယ်။ တစ်ချိန်တည်းမှာ မိုက်ကယ်
လ်ဟာ  ဘယ်မှာ  မှ  ရှာလို့  မရအောင်
ပျောက်သွားခဲ့တယ်။ ရဲမှူးကြီးကို ပစ်သတ်သူ
ဟာ မိုက်ကယ်လ် ပဲလို့ ရဲက သိပါတယ်။ ဒါပေ
မဲ့     တရားရုံးတော်ရှေ့မှောက်မှာ တင်ပြနိုင်
လောက်အောင်တော့ သက်သေ အထောက်အ
ထား မရှိဘဲ ဖြစ်နေတယ်။ လူသတ်မှု ဖြစ်ပွားစ
ဉ်ကရှိနေတဲ့ စားသောက်ဆိုင်စားပွဲထိုးက မိုက
ကယ်လ်ရဲ့ ဓာတ်ပုံပြတော့ ကောင်းကောင်း မ
မှတ်မိဘူး ပြောနေတယ်။ သို့သော်လည်း လူကို
ယ်တိုင်    မြင်ရရင်    တော့ မှတ်မိကောင်း
မှတ်မိပါလိမ့်မယ်။ အသတ်ခံရသူ တစ်ဦးဖြစ်
တဲ့  ဆိုလိုဇိုရဲ့  ကားဒရိုင်ဘာကိုလည်း ကျွန်
တော်တို့ ဆွဲထားတယ်။  သူက  အခု  ဘာမှ
မပြောဘဲ ရေငုံနေသော်လည်း မိုက်ကယ်လ်ကို
ဖမ်းမိတဲ့ တစ်နေ့ မှာ ဒီဒရိုင်ဘာက အမှန်ကို ဖွ
င့်ပြောပါလိမ့်မယ်။ ဒါကြောင့် မိုက်ကယ်လ်ကို
မတွေ့တွေ့အောင်ရှာဖို့ အရေးကြီး နေတယ်။
အခုဆိုရင် အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့ကြီးလ
ည်း သူ့ကိုအပူတပြင်း ရှာနေတယ်။ ဒီအချိန်ထိ
တော့ ဘယ်မှာ မှ ရှာလို့ မတွေ့ဘူး”

“ရှင်တို့ ပြောတာတွေ ကျွန်မတော့ လုံးဝမ
ယုံကြည်ဘူး”

ကေးက  ခပ်တည်တည်ဖြင့်ပင်  ပြောလိုက်
သည် ။ ထိုအချိန်၌ ဆီရိယာနီ အမည်ရှိ စုံထော
က်က ရှုတ်ချ သော လေသံမျိုးဖြင့်...

“ဒီမယ်၊ ခင်ဗျားနဲ့ မိုက်ကယ်လ်တို့ ဟာ ဟို

တယ်အခန်းတွေမှာ လင်နဲ့ မယားအဖြစ် တည်းခိုပြီး အတူ အိပ်ခဲ့တာကို ကျုပ်တို့ သိတယ်။ ဟိုတယ်က မှတ်ပုံတင်စာအုပ်မှာ မှတ်တမ်းလည်း ရှိတယ်။ မျက်မြင်သက်သေ တွေလည်း ရှိတယ်။ ခင်ဗျားက ဒီလိုလူဆိုးဂိုဏ်းဝင်တစ်ဦးနဲ့ ရှုပ်နေတာကို ခင်ဗျားရဲ့ မိဘတွေသိရင် ဘယ်လို ထင်မလဲ။ ဒါကြောင့် ခင်ဗျားမှန်မှန် ဖွင့်မပြောရင် ခုချက်ချင်း ကျုပ်တို့ က ခင်ဗျားအဖေကြီးကို အကုန်ဖွင့်ပြော လိုက်မယ်"

ဟု ခြိမ်းခြောက်သလို ပြော လိုက်လေသည် ။

ကေးသည် စိတ်ထဲမှ မခံချင်ဖြစ်သွားမိသည် ။ ထို့ကြောင့် သူမသည် ချက်ချင်းပင် အိပ်ခန်းအတွင်း၌ ရှိသော ဖခင်ကြီးအား ဧည့်ခန်းသို့ ခေါ်ယူလျက် ရဲအရာရှိများအား

"ကိုင်း၊ ကျွန်မရဲ့ ဖခင် လာပြီယေ။ ဖွင့်ပြောလိုက်စမ်းပါ"

ဟု စိန်ခေါ်လိုက်သည် ။

စုံထောက် ဆီရီယာနီလည်း ကေး၏ ဖခင်ကြီးအား အကြောင်းစုံကို ဖွင့်ပြောလိုက်ရာ အဘိုးကြီးက လုံးဝ တုန်လှုပ် အံ့ဩပုံမရဘဲ

"အဲဒါ ဘာဖြစ်သလဲ။ ကျုပ်တို့ စောစောကတည်းက သိသားပဲ"

ဟု ပြန်ပြောလိုက်သဖြင့် စုံထောက်နှစ်ဦးမှာ အံ့အားသင့်သွားမိလေသည် ။

ထို့နောက် အဘိုးကြီးကပင် အကယ်၍ မိုက်ကယ်လ်သည် သူ့အိမ်သို့ လာပါက ရဲစခန်းသို့ ဆက်ဆက် အကြောင်းကြားပါမည် ဟု ဆိုကာ

စကားကို ဖြတ်လိုက်သဖြင့် စုံထောက်များ လည်း လက်လျှော့ပြီး ပြန်သွားကြ ရလေတော့သည်။

ကေးသည် ချစ်သူအတွက် စိုးရိမ်မိသဖြင့် စုံထောက်များ ပြန်သွားမှ ချူးပွဲချ ငိုနေလေရာ အဘိုးကြီးနှင့် အမယ်ကြီးတို့ က သူတို့ သမီးအား ချော့မော့နှစ်သိမ့်ရလေသည် ။ သမီးဖြစ်သူက ဘာမှ ဖွင့်မပြောထားသော်လည်း ကေးသည် မိုက်ကယ်လ်နှင့် ရည်ငံနေသည် ကို သူတို့ ရိပ်မိသိရှိခဲ့ကြောင်း၊ မိုက်ကယ်လ်၏ မိဘမျိုးရိုး ဂုဏ် သတင်းကြောင့် စိုးရိမ်မိသော်လည်း သမီးကို ချစ်လွန်းသဖြင့် ကန့်ကွက်ခြင်း မပြုခဲ့ကြောင်း စသည် ဖြင့် ပြောဆို နှစ်သိမ့်ကြလေသည် ။

သုံးရက်မျှကြာသောအခါ 'ကေး' သည် အကျိုးအကြောင်း သိရလိုသိရငြား ဖလောင်းဘီအိမ်နှ အရပ်ရှိ မိုက်ကယ်လ်၏ ဖခင် 'ဂျေဒ်ဖားဘား' အိမ်သို့ သွားလေသည် ။ ကြိုတင်ဖုန်းဆက်ထားသဖြင့် တော်မီဟောဂင် ကိုယ်တိုင် အဝမှ ဆီးကြိုကာ ဧည့်ခန်းထဲသို့ ခေါ်သွားလေသည် ။ ကေးသည် ခရီးရောက်မဆိုက်မှာ ပင် ချစ်သူအကြောင်းကို တိုက်ရိုက် မေးကြည့်လေသည် ။

"မိုက်ကယ်လ်တစ်ယောက် ဘယ်မှာ ရှိသလဲဆိုတာ သိလားဟင်၊ ကျွန်မ သူနဲ့ အရေးတကြီး တွေ့ချင် လို့ ပါ"

"သူ အခု ဘယ်မှာ ရှိတယ်ဆိုတာ ကျွန်တော်တို့ မသိပါဘူး။ ဒါပေမဲ့ သူဟာ ဘေးရန်မရှိ ကျန်းမာချမ်း သာစွာ ရှိကြောင်းကိုတော့ သိပါတယ်။ ရဲမှူးကြီး အသတ်ခံရတဲ့ သတင်း ထွက်လာတော့ မိုက်ကယ်လ်ဟာ သူ့ကို စွပ်စွဲမှာ

စိုးလို့ ခဏရှောင်နေတာနဲ့ တူပါတယ်"

တော်မီဟောင်က ဒါလောက်ပဲ ပြောပြလေသည်။

"ဒါထက် ရဲမှူးကြီးနဲ့ တစ်ည ရန်ဖြစ်ပြီး မိုက်ကယ်လ်ဟာ မေးရိုးကျိုးအောင် အထိုးခံရတယ် ဆိုတာ ကော ဟုတ်သလား"

"ဟုတ်ပါတယ်၊ သို့သော်လည်း မိုက်ကယ်လ်ဟာ အင်မတန်စိတ်ထားသိမ်မွေ့တဲ့ လူပါ။ ပြန်လည် ကလဲ့စားချေတတ်တဲ့ လူစားမျိုးလည်း မဟုတ်ပါဘူး"

"ဒါဖြင့် ကျွန်မ သူ့ကို စာတစ်စောင် ပေးချင်ပါတယ်။ အခုအဆင်သင့် ရေးပြီးသား ပါလာတယ်။ ရှင်က ဒီစာကို လက်ခံပြီး သူ့ဆီ ပို့ပေးနိုင်မလား"

"ဒီလို ရှိပါတယ်။ ကျွန်တော်က စာကို လက်ခံထားလိုက်ရင် မိုက်ကယ်လ် ဘယ်မှာ ရှိကြောင်း သိထား တဲ့ သဘော သက်ရောက်သွားလိမ့်မယ်။ ရဲဘက်က ဒီလိုပဲ ယူဆမှာ စိုးတယ်။ ဒါကြောင့် ခဏလေး စောင့်စေ ချင်ပါတယ်"

တော်မီက ဤသို့သာ ပြောသဖြင့် ကေးလည်း စိတ်ပျက်ပျက်နှင့် နှုတ်ဆက်ပြီး ထပြန်မည်အပြုတွင် ဧည့်ခန်းဝ၌ မိုက်ကယ်လ်၏ မိခင် မစ္စကော်လီယွန်နှင့် ဆုံမိလေသည်။

အဘွားကြီးလည်း ကေးအား မြင်မြင်ချင်း မှတ်မိလျက် ရုတ်တရက် ပြန်ခွင့်မပြုသေးဘဲ မီးဖိုခန်းထဲသို့ အတင်းဆွဲခေါ်သွားပြီး ကော်ဖီနှင့် မုန့်များ စားသောက်စေရင်း...

"အင်း၊ သမီးလို ရိုးသားအပြစ်ကင်းတဲ့ မိန်းကလေးတစ်ယောက်ကိုတော့ သနားမိပါရဲ့။ မှ

န်တွေ များများ စားနော်၊ ပြီးတော့ ဒီက ကား တစ်စီးနဲ့ လိုက်ပို့ပေးမယ်"

ဟု ခင်မင်ရင်းနှီးစွာ ပြောလေသည်။

ကေးက သူ၏ လက်ကိုင်အိတ်ထဲမှ စာတစ်စောင်ထုတ်ယူ၍ မိုက်ကယ်လ်ထံသို့ပေးရန်ပြောသောအခါ အဘွားကြီးသည် ချက်ချင်းပင် လက်ခံယူလိုက်ပြီး

"စိတ်ချပါ၊ စိတ်ချပါ၊ ဆက်ဆက်ပေးလိုက်ပါမယ်။ ဒါပေမဲ့ ငါ့သမီးက မိုက်ကယ်လ်ကို မေ့ပစ်လိုက် စေချင်ပါတယ်။ အခုဆိုရင် မိုက်ကယ်လ်ဟာ သမီးနဲ့ သင့်တော်တဲ့ လူတစ်ယောက် မဟုတ်တော့ဘူး"

ဟု လည်း ပြောလိုက်ပါသေးသည်။

"ကေး" သည် ထိုအိမ်မှ လိုက်ပို့သော မော်တော်ကားနှင့် ပြန်လာခဲ့စဉ် အဘွားကြီး၏ ပြန်ခါနီး ပြောလိုက်သောစကားကို ဆန်းလှသည် ဟု ထင်မိသဖြင့် ပြန်လည်စဉ်းစားကြည့်နေမိရာ အတန်ငယ်ကြာမှ ပင် အဖြေကို တွေးမိပါတော့သည်။ ယင်းအဖြေကား သူမ၏ ချစ်သူ မိုက်ကယ်လ်သည် ရဲအရာရှိများ စွပ်စွဲသလို သွေးအေးအေးဖြင့် သတ်ခဲ့သော လူသတ်သမားတစ်ယောက် အမှန်ဖြစ်သည် ဟူ၍ ပင် ဖြစ်ပါသတည်း။

*

## ၁၆

ကာလိုရီဇီသည် လောကကြီးတစ်ခုလုံးကို အကြီးအကျယ် မကျေမနပ် ဖြစ်နေမိလေသည် ။ သူသည် 'ဂေါ်ဒီဖားသား' ဒွန်ကော်လီယွန်၏ သမီးကော်နီနှင့် ထိမ်းမြားလက်ထပ်ခဲ့ရသော်လည်း ယင်းမိသားစုက သူ့အား လူရာမသွင်းဘဲ မင်ဟက်တင်ရပ်ကွက်ရှိ လောင်းကစားဒိုင်များ ကြီးကြပ်ရသည့် အလုပ်သာလျှင် ပေးလျက် 'ချောင်ထိုး' ထား ခံနေရသဖြစ်သည် ။ အထူးသဖြင့် သူ့အား အထင်သေးစွာ ဆက်ဆံခဲ့သော 'ဂေါ်ဒီ ဖားသား' ကိုမကျေနပ်နိုင်ဘဲ အဘိုးကြီး မြန်မြန်သေပါစေဟု ပင် ဆုတောင်းနေမိသည် ။ အဘိုးကြီးသေ၍ 'ဆန်နီ'က အကြီးအကဲ ဖြစ်လာလျှင် သူ့အဖို့ အရေးပါသော 'အလုပ်' နေရာတစ်ခု ရနိုင်မည်ဟု ထင်မိနေသည် ။ တစ်ချိန်က 'ကာလို' သည် ဆန်နီနှင့် ရင်းနှီးသော သူငယ်ချင်းဖြစ်ခဲ့၍ ဤသို့မျှော်လင့်မိခြင်းပင် ဖြစ်လေသည် ။

လောကကြီးနှင့် တကွ လူတွေကိုပါ မကျေမနပ် ဖြစ်နေသော 'ကာလို' တွင် သူ၏ မကျေနပ်ချက်များကို ဖြေဖျောက်သည့် နည်းတစ်ခုရှိသေးသည် ။ ယင်းကား ဇနီးသည် 'ကော်နီ' အား အကြောင်းမရှိအကြောင်းရှာ၍ နှိပ်စက်ညှဉ်းပန်းခြင်းပင် ဖြစ်လေသည် ။ လက်ထပ်သည့် မင်္ဂလာဦးညကပင် သူသည် မင်္ဂလာလက်ဖွဲ့

ငွေ ဒေါ်လာသောင်းကျော်ကို လွယ်လွယ်နှင့် တောင်းမရသဖြင့် သတို့ သမီး ကော်နီ၏ မျက်နှာ ညိုမည်းသွားလောက်အောင် ထိုးကြိတ်၍ ငွေတွေကို ရအောင်ယူခဲ့လေသည် ။ ထိုငွေများဖြင့် သူသည် မြင်းလောင်းခြင်း၊ ကြေးကြီးစားပြည့်တန်ဆာများ နှင့် ပျော်ပါးခြင်းတို့ ဖြင့် ဖြုန်းခဲ့၏။

ယခု သူ၏ ဇနီး ကော်နီတွင် ကိုယ်ဝန်ခုနစ်လ ရှိနေပြီး ကိုယ်လုံးကိုယ်ဟန် ဝဖိုင်းပြီး ပုံပျက်နေသည် ကို ကြည့်ရင်း ရိုက်ပုတ်ချင်စိတ် ဖြစ်လာမိပြန်လေသည် ။

ကာလိုသည် ထမင်းစားပွဲတွင် ထိုင်၍ နံနက်စာကို အားရပါးရ စားနေစဉ် ကော်နီက အဝတ်အစားလဲ၍ ဝင် လာလေရာ ကာလိုက

“မင်း ကို ကြည့်ရတာ ဝက်တစ်ကောင်ထက်တောင် အဆီများ ပုံရတယ်”

ဟု ပြောလိုက်ပြီး ကော်နီက ရှက်ကြောက်ဝမ်းနည်းလျက် မျက်နှာပျက်သွားရှာသည် ကို ကျေနပ် သဘောကျသွားမိလေသည် ။ ပြီးတော့ သူက ပင်ဆက်၍ မေးခွန်းထုတ်ပြန်သည် ။

“မင်းအခု ဘယ်သွားဦးမလို့ လဲ”

“လောင်းဘိချ်ကိုသွားပြီး အဖေကြီးကို သွားကြည့်မလို့ ပါ။ အဘိုးကြီးက အခုထက်ထိ အိပ်ရာထဲမှာ လဲနေတုန်းပဲ ရှိသေးတယ်”

“ဟုတ်လား၊ ဒါဖြင့် လောလောဆယ်တော့ ဆန်နီက ဖာတ်ဆရာကြီးအဖြစ် ဦးစီးနေတုန်းပေါ့”

“ဘာ ဖာတ်ဆရာလဲ”

ကော်နီက ရှိုးသားစွာ ပြန်မေးသည် ကို ကာ လိုသည် ဒေါသထွက် လာလေသည်။

"မင်းက ဘာလူပါးဝတာလဲ၊ ဘာဖြစ်လို့ ငါ့ကို ဒီလိုပြန်မေးရတာလဲ။ ငါစိတ်ရှိတိုင်း ရိုက်လိုက်ရရင် မင်းဗိုက်ထဲက ကလေးပါ ပြုတ်ထွက်လာမယ်။ ငါ့ကို ဘာအောက်မေ့လို့ လဲ"

ပြောပြောဆိုဆို ကာလိုသည် ထိုင်ရာမှ ထလာပြီး ကော်နီ၏ ပါးပြင်ကို သုံးလေးချက်မျှ တအားရိုက် လိုက်ရာ မိန်းကလေး၏ ပါးစပ်မှ သွေးများ ပင် ယိုစီးကျလာတော့သည် ။ မျက်နှာတွင် ယင်းသို့ ဒဏ်ရာဒဏ်ချက် တွေ ရပြီးမှ ကော်နီသည် မိဘများ အိမ်သို့ မသွားလိုတော့သဖြင့်....

"ကျွန်မ ဒီနေ့ မသွားချင်တော့ဘူး"

ဟု ခပ်ပြောင်ပြော ငိုကြွေးနေစဉ်မှာ ပင် 'ကာလိုက'

"ဒီနေ့ ငါ့မှာ အလုပ်သိပ်များ တယ်၊ အိမ်ကို မိုးချုပ်မှ ပြန်နိုင်မယ်" ဟု ပြောပြီး ထွက်သွားလေသည်။

ယင်းသို့ သူ အိမ်မှ ထွက်၍ လမ်းကို ဖြတ်ကူးလိုက်စဉ် မျက်နှာချင်းဆိုင်ဘက်မှ မောင်းဝင်လာသော ဆန်နီ၏ မော်တော်ကားကို ကာလိုက လှမ်းမမြင်လိုက်ချေ။

***

သူ့နှမအား ယောက်ဖတော် 'ကာလို' က ဤသို့ နှိပ်စက်ညှဉ်းပန်းလေ့ရှိကြောင်းကို ဆန်နီသည် စောစော ကပင် ကြိုတင်သိထားပြီးဖြစ်လေသည်။ သူသည် အလွန်ဒေါသကြီးတတ်သူဖြစ်သည့် အလျောက် သူချစ်သော နှမငယ်အား

နှိပ်စက်သူ 'ကာလို' အား သတ်ပစ်ချင်စိတ် မကြာခဏ ဖြစ်ပေါ်ခဲ့၏။

သို့သော် ဖခင်ကြီး ဒွန်ကော်လီယွန်က အတာင်းဟန့်တားခဲ့ခြင်းကြောင့် သာ စိတ်ကို မနည်းချုပ်ထိန်း ခဲ့ရသူ ဖြစ်၏။ အဘိုးကြီး 'ဂေါ့ဒ်ဖားသား'၏ သဘောအရ ကော်နီသည် သူ၏ သမီးဖြစ်လင့်ကစား အိမ်ထောင် ကျသွားပြီးလျှင် လင်ယောကျ်ားကသာ ပိုင်ဆိုင်သည် ဟု ယူဆသောကြောင့် သမီးဖြစ်သူအား လင်နှင့် သင့်မြတ် အောင် ပေါင်းပါဟု ပြောလွှတ်လေ့ရှိ၏။ ဤသို့ အဘိုးကြီး 'ဂေါ့ဒ်ဖားသား' က သဘောထားကြောင်း သိရ၍ လည်း ကာလိုသည် ပို၍ အတင့်ရဲကာ ဇနီးသည် အပေါ် အမြဲတမ်း အနိုင်ကျင့်ခဲ့ခြင်း ဖြစ်လေသည် ။

ယနေ့အဖို့ ဆန်နီသည် သူ့နှမက အဘိုးကြီး အိမ်သို့ လာကြည့်မည်ဟု သဲထားနှင့် သောကြောင့် နှမဖြစ်သူ အား ကားနှင့် ကြိုသွားရန်ဝင်လာခြင်းဖြစ်သည် ။ ဆိုလိုဇိုနှင့် ရဲမှူးကြီး မက္ကလတ်စကီးအား သုတ်သင်ခဲ့ပြီး နောက် သူ့အဖို့ ရန်သူများကို အမြဲသတိထားရန် လိုအပ်သဖြင့် ဆန်နီသည် သွားလေရာတွင် ကိုယ်ရံတော် သက် တော်စောင့်လေးဦးကို ခေါ်သွားလေ့ရှိ၏။ ထို့ကြောင့် သူ၏ မော်တော်ကားရှေ့မှာ ကားတစ်စီးတွင် လူနှစ်ယောက်၊ သူ့ကား၏ နောက်မှ လူနှစ်ယောက် အသင့်ပါလာလေသည် ။

ရံဖန်ရံခါ နယူးယောက်မြို့ တွင်းရှိ သူ၏ အဆက် လူစီ၏ အိမ်သို့ လာရောက်သည့် အခါတွင် လည်း ကိုယ် ရံတော်များ ခေါ် လာလေ့ရှိ၏။ ယမန်နေ့ညက ဆန်နီသည် လူစီနှင့် အတူ အိပ်

ခဲ့ပြီးမှ ယနေ့နံနက်တွင် နမ ကော်နီ အား ခေါ်၍ အိမ်ပြန်ရန် လာခဲ့ခြင်း ဖြစ်သည် ။

အိမ်ပေါ်ရောက်၍ ကော်နီ၏ မျက်နှာမှ ဒဏ်ရာဒဏ်ချက်တွေကို မြင်မြင်ချင်းပင် ဆန်နီသည် အဓိပ္ပာယ် ကို နားလည်လိုက်ပြီဖြစ်သည် ။ ချက်ချင်း ဒေါသထွက်လေရာ နမဖြစ်သူက

"ဖြစ်ရတာက ကျွန်မ အပြစ်ပါ။ သူ့ကို ခွတိုက်ပြီး စကားပြောမိလို့ သူက ရိုက်တာပါ။ ဒီလိုရုပ်မျိုးနဲ့ လည်း ဒက်ဒီတို့ မာမီတို့ ဆီမျက်နှာသွားမပြချင်တော့ဘူး။ နောက်အပတ်မှ ပဲ လာခဲ့တော့မယ်။"

ဟု ပြောဆိုရင်းက

"ကိုဆန်နီ သူ့ကိုတော့ ဘာမှ သွားမလုပ်ပါနဲ့ နော်"

ဟု တောင်းပန်လေရာ ဆန်နီက ရယ်မော လျက်

"မစိုးရိမ်ပါနဲ့ ကွာ၊ မင်းဗိုက်ထဲက ကလေးကို ဖအေမရှိတဲ့ သားဖြစ်အောင် ငါက မလုပ်ပါဘူး"

ဟု ပြောပြီး ချက်ချင်း ပြန်ထွက်သွားလေသည် ။

***

ကာလိုသည် နယူးယောက်မြို့ ၊ ၁၁၂ လမ်းရှိ သူ ကြီးကြပ်ကွပ်ကဲသော လောင်းကစားဒိုင် (ဘွတ်ကီး) ရုံး ခန်းသို့ သွားပြီး ထိုနေ့အဖို့ လောင်းကစားသူများ ၏ လောင်းကြေးစာရင်းကို ကြည့်နေလေသည် ။

ရုံးခန်းဆိုသည် မှာ စင်စစ် ရေခဲမုန့်၊ နို့အေး

နှင့် အချိုမုန့်များ ရောင်းသည့် စားသောက်ဆိုင် ၏ အတွင်းသို့ တိတ်တိတ်ပုန်း ပြုလုပ်ထား သော သီးသန့်အခန်းတစ်ခန်း ဖြစ်၏။ ထိုနေရာမှ နေ၍ မြင်းပွဲ၊ ဘောလုံးပွဲများ အတွက် အလောင်းအစားများကို လက်ခံပြီး အလျော်အစား လုပ်ကြသည် ဖြစ်ရာ ကာလို၏ လက်ထောက်များ အဖြစ် ကိုချ်ဆိုသူနှင့် ဆယ်လီရက်ဆိုသူ နှစ်ဦးက ငွေလက်ခံစာရင်းမှတ်ခြင်း၊ အလျော်အစားများ ကူညီပြုလုပ် ပေးရ၏။

လောင်းကစားဒိုင် လုပ်ခြင်းသည် အမြတ်အစွန်းငွေ အမြောက်အမြား ရနိုင်သည် မှန်သော်လည်း ဒိုင် လုပ်သူက လိမ္မာပါးနပ်စွာ တွက်ချက်တတ်ရ၏။ ဉာဏ်ကောင်းရန်လည်း လို၏။ ခန့်မှန်းတွက်ချက်မှု တစ်ကွက် မှားသွားရုံနှင့် ဒိုင်လုပ်သူတွေ အရှုံးပေါ်နိုင်၏။ ကာလိုသည် သချာစေ့စပ်သူ မဟုတ်ချေ။ ယောင်းဂျ စားခြင်း ကို တွက်ချက်ရာ၌ ပေါ့ပေါ့ဆဆ လုပ်တတ်သဖြင့် မကြာသေးမီကပင် သူ၏ ဒိုင်မှ တစ်ပတ်အတွင်း ဒေါ်လာငွေ (၆၀၀၀) ခန့် ဆုံးရှုံးခဲ့ဖူး၏။

ကာလိုအနေဖြင့် ယင်းကိစ္စကို တပည့်နှစ်ယောက်မှ လွဲ၍ မည်သူမှ မသိဟု ထင်ခဲ့သော်လည်း သူ့ယောက္ခ မကြီး 'ဂေါ်ဒ်ဖားသား' က သူမသိအောင် လျှို့ဝှက်စွာ ထောက်လှမ်းစုံစမ်း၍ သိရှိနေပြီး ဖြစ်၏။ နဂိုကပင် သူ့အား အထင်မကြီးလှသူ အဘိုးကြီး ဒွန်ကော်လီယွန်သည် ကာလိုအပေါ် ပို၍ ပင် အထင်သေးသွားတော့သည် ။

လောင်းကစားဝိုင်းရှိသူ၏ လက်ထောက်တစ်ဦးဖြစ်သော ဆယ်လီရက်ဆိုသူသည် 'ဂေါ်ဒ်

ဖားသား' မိသားစု၏ သူလျှိုတစ်ဦး ဖြစ်ကြောင်းကိုလည်း ကာလိုက လုံးဝမသိချေ။

ထိုနေ့က လောင်းကစားသူ ထိုးသားများ နည်းပါးနေသဖြင့် ကာလိုသည် တပည့်နှစ်ဦးဖြစ်သူ ဆယ်လီ ရက်နှင့် ကို့ချ်တို့ အား ထိုင်စကားပြောရင်း သူ့ဇနီးကို ယနေ့ပင် ရိုက်နှက်ဆုံးမခဲ့ရသေးကြောင်း ကြွားနေလေ သည် ။ ထိုအခိုက် မော်တော်ကားတစ်စင်းသည် အရှိန်ပြင်းစွာ မောင်း လာပြီး သူတို့ ၏ ရေခဲမုန့်ဆိုင်ရှေ့တွင် ကျွီ ခနဲ ဘရိတ်အုတ်၍ ထိုးရပ်လိုက်ရာ ကားမောင်းလာပုံက ကြမ်းတမ်းလွန်းသောကြောင့် လမ်းပေါ်၌ ကစားနေကြ သူ ကလေးသူငယ်များ ပင် အလန့်တကြား ထွက်ပြေးကြကုန်တော့၏။

မော်တော်ကား ဆိုက်ဆိုက်ချင်း ဒရိုင်ဘာနေရာမှ လူတစ်ယောက်သည် လျှင်မြန်ပေါ့ပါးသော အဟုန်ဖြင့် ပြေးဆင်း လာပြီး ဆိုင်ထဲသို့ ဝင်လာရာ ဘေးပတ်ဝန်းကျင်မှ လူများ ပင် တအံ့တသြ ငေးမောကြည့်နေမိကြ သည် ။ ထိုသူကား 'ဂေါဒ်ဖားသား' ၏ သားအကြီးဆုံး ဆန်နီ ပင်တည်း။

သူ၏ မျက်နှာတစ်ခုလုံးကို ဒေါသအမျက် ပြင်းစွာထွက်ဟန်ဖြင့် နီမြန်းလျက် ဆန်နီသည် ဆိုင်ထဲသို့ ဝင်လာလာချင်း စက္ကန့်ပိုင်းအတွင်းမှာ ပင် ဘာမပြော ညာမပြောနှင့် သူ၏ သန်မာသောလက်ဖြင့် ကာလို၏ လည် မျိုကို ဖမ်းညှစ်လိုက်ပြီး အခြားလူများ နှင့် လွတ်ကင်းရာသို့ ဆွဲထုတ် လိုက်လေသည် ။ ဆန်နီ၏ အမူအရာကား သူ၏ ယောက်ဖအား စေ့စေ့ညက်ညက် ကျေအောင် ချေမှုန်းမည့် အသွင်ကို ဆောင်နေ

၏။

ကာလိုသည် လည်း ထိုအခြင်းအရာကို အကဲခတ်မိဟန်ဖြင့် သူ၏ လည်ပင်းကို ဆန်နီက ဖမ်းညှစ်ထား သည့် ကြားမှ ပင် လက်တစ်ဖက်ဖြင့် ဆိုင်အတွင်းရှိ သံမဏိလက်တန်းကို တအားဖမ်းဆွဲကာ ဦးခေါင်းနှင့် မျက်နှာကိုလည်း လာလတ္တံ့သော လက်သီးချက်များ ကာကွယ်ရန် အတင်းငုံ့၍ ထားလိုက်သည် ။

ယင်းနောက်တွင် ကား ဆန်နီသည် ပါးစပ်မှ လည်း ကြိမ်းတမ်းစွာ ဆဲရေးကြိမ်းမောင်းရင်း ကာလိုအား လက်သီးဖြင့် တရကြမ်း ထိုးကြိတ်လေတော့သည် ။

အံ့သြဖွယ် ကောင်းသည် ကား ကာလိုသည ကာယဗလတောင့်တင်းသန်မာသူတစ်ဦး ဖြစ်ပါလျက် လုံးဝခုခံခြင်း ပြန်လည်ထိုးသတ်ခြင်း မပြုဘဲ ငုံ့ခံနေခြင်းပင် ဖြစ်သည် ။ ပါးစပ်မှ လည်း ကန့်ကွက်ခြင်း၊ တောင်း ပန်ခြင်း မပြုဘဲ လည်စင်း၍ ခံနေသည့် သဘောမျိုး ဖြစ်နေ၏။

ဆန်နီသည် ကာလို၏ မျက်နှာနှင့် ဦးခေါင်းတို့ ကို လက်သီးဖြင့် ဘယ်ပြန်ညာပြန် တအားပစ်ထိုး နေပုံမှာ နံဘေးမှ မြင်နေရသူများ အဖို့ တုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်နေတော့သည် ။

ကာလို၏ လက်ထောက်နှစ်ဦး ဖြစ်သော ဆယ်လီရက်နှင့် ကို့ချ်တို့ မှာ ဆန်နီ၏ ဒေါသကို ကြောက် သဖြင့် ဝင်ရောက်တားဆီးဖျန်ဖြေခြင်းမပြုဝံ့ကြချေ။ ထိုအချိန်၌ ဆန်နီ၏ ကိုယ်ရံတော် သက်တော်စောင့်နှစ်ဦး ပါဆိုင်းတွင်းသို့ ရောက်ရှိ လာလေရာ သူတို့ သည် လည်း မည်သို့မှ ဝင်ရောက်စွက်ဖက်ခြင်း မပြုဝံ့ဘဲ အက

ယ်၍ ကာလိုဘက်က တစ်စုံတစ်ယောက်က ဝ
င်ကူညီမှ သာ သူတို့ ဆရာဘက်မှ ဝင်ကာကွ
ယ်ရန် အဆင်သင့် စောင့်ကြည့်နေကြလေသ
ည်။

နံဘေး ကြည့်ရသူများ အနေဖြင့် စိတ်ထိခို
က် ချောက်ချားဖွယ်ဖြစ်ရခြင်းမှာ ကာလိုက
လုံးဝပြန်လည် ခုခံ ထိုးကြိတ်ခြင်းမပြုဘဲ သူ့
အား ဆန်နီက လမ်းမပေါ်သို့ ဆွဲထုတ်မသွားနို
င်ရန်သာ ဆိုင်းအတွင်းမှ သံမဏိ လက်တန်း
ကို အတင်းတွယ်ဖက်၍ ဇွတ်ပေကပ်နေခြင်းပ
င် ဖြစ်သည်။

ဆန်နီကသာ တစ်ဖက်သတ် လက်သီးဖြင့်
ထိုးကြိတ်လျက် ရှိနေပေသည်။ သူသည် အား
ရအောင် ထိုးကြိတ်ပြီးမှ

"ဒီမှ ခွေးသား နောက်တစ်ခါ ငါ့မှမကို ရိုက်န
က်တယ် ကြားရင်မင်းကို အသေသတ်ပစ်မယ်
သတိထား"

ဟု ပြောလိုက်သည်။ အမှန်တော့ ဆန်နီသ
ည် ကာလိုအား ထိုနေရာတွင် အသေသပ်ချင်
နေ၏။ သို့သော် သူ့၏ နှမငယ် မုဆိုးမဖြစ်သွား
မည့် အရေးကြောင့် မသတ်နိုင်ဘဲ စိတ်ထဲမ
ကျေမလည်ဖြစ်လျက် ထိုသို့ကြိမ်းဝါး
လိုက်ခြင်း ဖြစ်လေသည်။

ကာလိုသည် တစ်ချိန်လုံး တောက်လျှောက်
ဦးခေါင်းငုံ့လျက်နေခဲ့ရာ ဆန်နီတို့ ၏ မော်
တော်ကား ဝူးခနဲ မောင်းထွက်သွားတော့မှ
သာ ခေါင်းကို မော်ကြည့်ပါတော့သည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ ဒဏ်ရာဒဏ်ချ
က်တို့ ဖြင့် ဖူးရောင်ကွဲပြဲလျက် ရှိသော်လည်း
ဦးခေါင်းထဲ မူးဝေနေခြင်းမှ လွဲ၍

သတိကောင်းစွာ ရှိနေလေသည် ။

နံဘေးမှ ဝိုင်းအုံကြည့်နေသူများ အမြင်တွင် သူသည် ခေါင်းမဖော်ဝံ့လောက်အောင် အနှိပ်ခံလိုက်ရပြီး အကြီးအကျယ် သိက္ခာကျဆင်း ခဲ့ရသည် ဖြစ်သည် ။ ပရိသတ်အများ ရှေ့မှောက်၌ ယခုကဲ့သို့ ခံလိုက်ရသဖြင့် ရှက်ကြောက်ခြင်းက မျက်နှာမှ ဒဏ်ရာများကြောင့် နာကျင်ခြင်းထက်ပင်ပို၍ပြင်းထန်ကာ အခံရခက်သည် ဟု ထင်ရပေသည် ။

ထိုအတောအတွင်း သူ၏ လက်ထောက်တစ်ဦးဖြစ်သူ ဆယ်လီရက်သည် အမှတ်တမဲ့ ဆိုင်ပြင်သို့ ထွက် သွားပြီးနောက် တစ်နေရာမှ တယ်လီဖုန်းဆက်၍ ရိုကိုလမ်ပုံဆိုသူအား ဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို အစီရင်ခံလိုက် လေသည် ။

ရိုကိုလမ်ပုံသည် ချက်ချင်းပင် သူ၏ တပ်မှူး 'ကာလီမင်ဇာ' ထံသို့တစ်ဆင့် သတင်း ပို့လိုက်သည် ။ တစ်ဖန် ကာလီမင်ဇာက 'ဂေါ်ဒ်ဖားသား'၏ အိမ်သို့ ဖုန်းဆက်၍ တော်မီဟောင်ကို ပြောပြလိုက်သည် ။

တော်မီက ဆန်နီသည် ဒေါသထွက်မိလျှင် ထင်ရာလုပ်တတ်ကြောင်း၊ သူ ယခု မြို့ထဲသို့ ရောက်နေ သည် ကို ရန်သူဘက်က သိသွားလျှင် အန္တရာယ်ရှိကြောင်း၊ ထို့ကြောင့် ဆန်နီ ပြန်လာမည့် လမ်းတစ်လျှောက် တွင် ကာလီမင်ဇာ၏ တပ်သားများကို အစောင့်ချထားစေလိုကြောင်း ပြန်လည်ညွှန်ကြားလိုက်၏။

တော်မီ စိုးရိမ်သည့် အတိုင်းပင် ဆန်နီက က ၁လိုအ ၁း ဝင်ရောက်ထိုးကြိတ်သွားပုံကို လောင်းကစားဒိုင် အနီးမှ တာတာဂလီယာကို

**ဏ်း သူလျှိုသတင်းပေးသမားတစ်ဦးက ဆိုင်**
ရာသို့ ဖုန်းဆက် သတင်းပေးခဲ့၏။ သို့ သော်
တာတာဂလီယာအုပ်စုမှ စစ်ပွဲအတွက် စနစ်တ
ကျ ပြင်ဆင်ထားခြင်း မရှိသဖြင့် အာဏာရှိသူ
များ ထံမှ အမိန့်တစ်စုံတစ်ရာ ရရှိရန် အတော်
ပ င် အချိန်ကြန့်ကြာနေခဲ့လေသည် ။ ထိုအ
တော်အတွင်း ဆန်နီသည် လောင်း ဘိဂ်ျအရပ်
ရှိ သူတို့ ခြံဝင်းအတွင်းသို့ ချောမောစွာ ပြန်လ
ည်ရောက်ရှိသွားပြီ ဖြစ်သည် ။

*

# ၁၇

'ဂေါ့ဒ်ဖားသား' အမည်ခံ ဒွန်ကော်လီယွန်
၏ ဂိုဏ်းနှင့် နယူးယောက်မြို့ရှိ အခြားမိသားစု
ဂိုဏ်းများ တိုက်ခိုက်ကြသည့် ၁၉၄၇ ခုနှစ် စစ်
ပွဲကြောင့် နှစ်ဖက်စလုံးအတွက် ထိခိုက်နစ်နာ
ခဲ့ရလေသည် ။ အရေးထဲ ရဲမှူး ကြီးမက္ကလတ်
စကီး အသတ်ခံရသည့် အမှုကို မပေါ်ပေါ်အော
င် စုံစမ်းထောက်လှမ်းရန် အထက်အာဏာပိုင်
တို့ က ညွှန်ကြားချက်အရ ရဲစုံထောက်များက
အပူတပြင်း လိုက်လံစုံစမ်းနေကြသောကြောင့်

အခြေအနေမှာ ပို၍ ရှုပ် ထွေးလာခဲ့၏။ ယင်း အခြေအနေတွင် တစ်ချိန်က ဒုစရိုက်ဂိုဏ်းများ ကို အကာအကွယ်ပေးခဲ့သူ နိုင်ငံရေးသမား များ ၊ အုပ်ချုပ်ရေးအရာရှိများ သည် လည်း မ ည်သို့မျှ မတတ်နိုင်ဘဲ အသာလက်ပိုက်ကြည့်၍ နေခဲ့ကြရလေသည် ။

ဒွန်ကော်လီယွန်၏ အုပ်စု သို့မဟုတ် ဂိုဏ်း သားသည် လောင်းကစားဝိုင်းများကို ကြိုးကိုင် ကြီးကြပ် ခြင်းဖြင့် ဝင်ငွေ အဓိကရရှိနေခဲ့သည် ဖြစ်ရာ ယခုရဲတပ်ဖွဲ့က ခပ်ကြမ်းကြမ်း နှိမ်နင်း လာသည့် အတွက် ဝင်ငွေ ပမာဏ သိသိသာ သာ ထိခိုက်ကျဆင်းခဲ့ရလေသည် ။ ယင်းသို့ စီး ပွားရေး ထိခိုက်နစ်နာခဲ့သော်လည်း 'ဂေါ့ဒ် ဖား သား' မိသားစုသည် မူအရ အလျှော့မပေးဘဲ ရ န်သူဂိုဏ်းများအား ပြတ်ပြတ်သားသားပင် ဆ က်လက် တိုက် ခိုက်ခဲ့လေသည် ။

ထိုအတောအတွင်း သတင်းစာအချို့က အ သတ်ခံရသူ ရဲမှူးကြီး မက္ကလတ်စကီးနှင့် ပတ် သက်၍ သူသည် မူးယစ်ဆေးဝါး မှောင်ခိုသ မားဆိုလိုဖို၏ လက်ကိုင်တုတ် လက်ဝေခံတစ် ယောက် ဖြစ်သယောင် ရေးသားလာကြလေသ ည် ။ မက္ကလတ်စကီးသည် အသတ်မခံရမီက ငွေ အမြောက်အမြား လက်ခံရရှိခဲ့ကြောင်း ကို ပါ အထောက်အထားများ နှင့် တကွ ရေးသား ဖော်ပြကြသည် ။ အမှန်တော့ အဆိုပါ သတင်း ရေးသားချက် များမှာ တော်မီဟေဂင်က သူ 'မီးသေ' သော သတင်းစာဆရာအချို့အား မက္က လတ်စကီးအား အပုပ်ချသည့် အချက်အလက် များ ပေး၍ ရေးခိုင်းခဲ့ခြင်းဖြစ်သည် ။ ထိုရေး သားချက်များ နှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က အ

တည်ပြုခြင်း ငြင်းဆိုခြင်း မပြုသော်လည်း မက္ကလတ်စကီးသည် ရိုးသားဖြောင့်မတ်သော ရဲအရာရှိတစ်ဦး မဟုတ်ကြောင်း အထောက်အထားများ နှင့် တကွ သိထားလေသည် ။

ယင်းအထောက်အထားများမှာ လည်း 'ဂေါ့ဒ်ဖားသား' မိသားစုနှင့် ကျေးဇူးမကင်းသော ရဲတပ်ဖွဲ့ဝင် များက မက္ကလတ်စကီး၏ လျှို့ဝှက်ငွေရပေါက်များ အကြောင်းကို မသိမသာ အထောက်အရာရှိများ ထံ အသိ ပေးခြင်းမှ ရရှိလာခြင်း ဖြစ်သည် ။ မက္ကလတ်စကီးသည် မူးယစ်ဆေးဝါး မှောင်ခိုသမား၊ လူသတ်သမားများ ထံ မှ လာဘ်ငွေယူခဲ့ကြောင်း ရဲတပ်ဖွဲ့က သိရှိလာရပေသည် ။

တော်မီဟောဂင်သည် ရဲတပ်ဖွဲ့ဝင်များ လိုက်နာကျင့်သုံးလေ့ ရှိကြသည့် ကျင့်ဝတ်များ အကြောင်းကို ကောင်းစွာ နားလည်သိရှိထား သူ ဖြစ်၏။ အမေရိကန်ပြည်၌ ရဲသားများ ၏ ဘဝမှာ စင်စစ် အားကျဖွယ်ရာ မကောင်းပေ ချေ။ မှန်ကန်ဖြောင့်မတ်စွာနှင့် တရားဥပဒေအတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်သုံးပါသော် နိုင်ငံရေးသမားတို့ ၏ ဩဇာက သူတို့ ကြိုးပမ်းမှုတွေ အလဟဿဖြစ်အောင် စိတ်ဓာတ်ကျအောင် ဝင်ရောက် ဖွက်ဖက်တတ်၏။ ရဲတပ်ဖွဲ့က အဆိုးဆုံး လူမိုက်လူဆိုးများကို ဖမ်းဆီးရုံးတင်လိုက်သောအခါ တရားသူကြီး များက အလွန်လျှော့လျှော့ပေါ့ပေါ့ အပြစ်ဒဏ်ပေးတတ်၏။ ဖြစ်နိုင်လျှင် ကွင်းလုံးကျွတ် လွှတ်ပစ်တတ်၏။

မကြာခဏ ထောင်ဒဏ်အပြစ်ပေးသော်လည်း ယင်းအပြစ်ဒဏ်ကို ရွှေ့ဆိုင်းထားစေဟု

အမိန့်ချမှတ် လိုက်သဖြင့် တရားခံလူဆိုးများ က ရုံးခန်းထဲမှ လွတ်လပ်စွာ လျှောက်ထွက် သွားနိုင်လေ့ရှိ၏။ ကြာသော် ရဲအရာ ရှိများ သည် စိတ်ဓာတ်ကျဆင်းရာမှ လူဆိုးဂိုဏ်းတွေက ပေးသော လာဘ်ငွေကို လက်ခံယူပြီး လိုက်လိုက် လျှောလျှော နေလိုက်တာကမှ ကောင်းသေးဟု တွေးမိလာတတ်၏။ လူဆိုးဂိုဏ်းများ က ပေးသောငွေများ ကလည်း လစာနည်းလှ သော ရဲများ ၏ မိသားစု စားဝတ်နေရေးအတွက် သားသမီးများ ပညာသင်စရိတ်အတွက် များ စွာ အထောက်အကူ ဖြစ်စေနိုင်သည် မဟုတ်ပါလော။

သို့ဖြစ်လင့်ကစား ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် လာဘ်ငွေယူရာ၌ စည်းကမ်းကလနား ကန့်သတ်ချက် တော့ ရှိလေသည် ။ သူတို့ သည် လောင်းကစားဝိုင်း ကြီးကိုင်သူများ ၊ ပြည့်တန်ဆာလုပ်ငန်းကို ကွပ်ကဲချုပ် ကိုင်ထားသူများ ထံမှ ငွေကိုလက်ခံယူတတ်၏။ လောင်းကစားခြင်း၊ ကာမဂုဏ်လိုက်စားခြင်း သည် လူသားတို့ ၏ သဘာဝအရ တပ်မက် လေ့ရှိသော မကောင်းမှုဖြစ်သော်လည်း သိပ်အ ပြစ်မဆိုသာဟု သဘောထားတတ်ကြ ၏။ သို့ သော် မူးယစ်ဆေးဝါး မှောင်ခိုသမား၊ လူသတ် သမား၊ မုဒိမ်းသမား၊ လက်နက်ကိုင် လုယက် သူ ဓားပြ များ ထံမှ လာဘ်ငွေကို ယူလေ့မရှိကြချေ။

ယင်းပြစ်မှုများကား လူ့အဖွဲ့အစည်းက ခွင့် မလွှတ်နိုင်လောက်အောင် ဆိုးဝါးသည် ဟု ယူ ဆတတ်ကြ လေသည် ။ ထို့ကြောင့် ကွယ်လွန် သူ ရဲမှူးကြီး မက္ကလတ်စကီးသည် မူးယစ်ဆေး

ဝါးမှောင်နိုဂိုဏ်း၊ လူသတ် သမားဂိုဏ်းများ ထံမှ ငွေယူပြီး ရှုပ်ပွေနေကြောင်း အထောက်အထားများ ပေါ်ပေါက်လာသောအခါ ရဲတပ်ဖွဲ့တစ်ဖွဲ့လုံးအနေဖြင့် ရဲမှူးကြီးအားသတ်သူ တရားခံအား သဲသဲမဲမဲ လိုက်လံစုံစမ်းပြီး ကလဲ့စားချေလိုသည့် ဆန္ဒ တဖြည်းဖြည်း မှေးမှိန်လျော့ပါးလာခဲ့လေသည်။

'ဂေါ့ဒ်ဖားသား' နှင့် သူ၏ လူယုံတော်အကြံပေး တော်မီဟောဂင်တို့ သည် အထက်ပါ ရဲတပ်ဖွဲ့ဝင်များ ၏။ စွေးခေါ်ယူဆပုံကို ကောင်းစွာသိရှိကြသဖြင့် မိုက်ကယ်လ်အား မနားမနေ လိုက်လံရှာဖွေခြင်း တဖြည်းဖြည်း ပပျောက်သွားအောင် ဤသို့လျှင် အကွက်ဆင်ဖန်တီးနိုင်ခဲ့ကြလေသည်။

တစ်ချိန်တည်းမှာ ပင် သူတို့ အဖွဲ့မှ အုပ်ချုပ်ကွပ်ကဲသည့် လောင်းကစားဝိုင်းများ ပြန်လည်၍ လုပ်နိုင် အောင် ရဲတပ်ဖွဲ့ဝင်များအား လိမ္မာပါးနပ်စွာ ချဉ်းကပ်၍ ငွေကြေးလက်ဆောင်ပေးခဲ့ခြင်းအားဖြင့် စည်းရုံးပြနိုင် ခဲ့ပြန်လေသည်။

တစ်ဖက်ကလည်း အခြားသော မိသားစုဂိုဏ်းများကလည်း သူတို့ ၏ ပြည့်တန်ဆာလုပ်ငန်း ကြိုးကိုင် လုပ်ငန်းအတွက် ရဲတပ်ဖွဲ့ဝင်များကို ချဉ်းကပ်စည်းရုံးနိုင်ကြလေရာ တဖြည်းဖြည်းနှင့် အခြေအနေမှာ ပိုနေမြဲ ကျားနေမြဲအဆင့်သို့ ပြန်လည် ရောက်ရှိလာခဲ့လေတော့သည်။

***

'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန် ဆေးရုံမှာ ရှိနေစဉ် ပုဂ္ဂလိကလိုင်စင်ရ စုံထောက်အဖွဲ့ဝင်များအား ငှားရမ်း၍ အစောင့်ချထားခြင်းမှာ

တော်မီဟောဂင်၏ စိတ်ကူးအရ စီစဉ်ခဲ့ခြင်းပင် ဖြစ်သည်။ သားကြီး ဆန်နီ ကမူ ထိုမျှ အစောင့်အရှောက်လောက်နှင့် စိတ်မချသေးသဖြင့် အဘိုးကြီး၏ အခြေအနေ အနည်းငယ် ကောင်းလာသော ဖေဖော်ဝါရီလတွင် အိမ်သို့ သူနာပြုကားဖြင့်တင်၍ ပြောင်းရွှေ့လိုက်ခဲ့ကြသည်။ အိမ်မှာ ပင် ဆေးရုံသဖွယ် ပစ္စည်းကိရိယာ ဆေးဝါးများ ပြည့်စုံစွာထားကာ ဒေါက်တာကနေဒီ အမည်ရှိ ဆရာဝန်ကြီးတစ် ဦးနှင့် သူနာပြုဆရာမများကို အခကြေးငွေ အမြောက်အမြားပေး၍ နေအိမ်၌ ဆက်လက်ကုသစေခဲ့လေသည်။

အိမ်ဝင်းခြံ တစ်ခုလုံးကိုလည်း ခံတပ်ကြီးသဖွယ် လုံခြုံမှုအပြည့်ရှိအောင် အထူးစီစဉ်၍ ထားခဲ့၏။ သူတို့ ဂိုဏ်းဝင် လက်နက်ကိုင် 'တပ်သား' များကို ၂၄ နာရီလုံးလုံး မပြတ်အောင် ဝင်းခြံအတွင်းရော အပြင်ပါ ချထားလိုက်သဖြင့် အဘိုးကြီးအား နောက်ထပ် မည်သို့မှ လုပ်ကြံရန် မဖြစ်နိုင်အောင် သေချာ စေ့စပ်စွာ ကာကွယ် စောင့်ရှောက်နိုင်ခဲ့ကြလေသည်။

ဂေါ့ဒ်ဖားသား၏ သားအလတ် 'ဖရက်ဒို' ကိုကား စိတ်ပြေလက်ပျောက် ရှိစေရန် 'လက်စ်ဗေးဂတ်စ်' မြို့သို့ အပန်းဖြေခရီး ထွက်စေလေသည်။ လက်စ်ဗေးဂတ်စ်မြို့မှာ လောင်းကစားခြင်းကို တရားဝင်ခွင့်ပြုဖြစ် သောကြောင့် ဂေါ့ဒ်ဖားသားမိသားစုက ထိုအရပ်တွင် ဇိမ်ခံဟိုတယ်ကြီးတစ်ခုနှင့် လောင်းကစားဝိုင်းများ ဖွင့်လှစ်၍ အကြီးအကျယ် စီးပွားရေးလုပ်ငန်းသစ် လုပ်ရန်လည်း ဖရက်ဒိုအား လေ့လာလောက်လှမ်းစေရန် အတွက် လွှတ်လိုက်ခြင်း

ဖြစ်သည် ။ ဘိုနယ်ရှိ လူဆိုးဂိုဏ်းများကို ကြိုးကိုင်သည့် ခေါင်းဆောင် 'ဒွန်' ကလည်း ဖရက်ဒိုအတွက် တာဝန်ယူသဖြင့် စိတ်ချလက်ချ လွှတ်နိုင်ခဲ့ခြင်း ဖြစ်ပေသည် ။

အဘိုးကြီး 'ဂေါ်ဒ်ဖားသား' သည် ဆေးရုံမှ အိမ်သို့ ပြန်ရောက်လာလာချင်းပင် (ဆရာဝန်က အလုပ် ကိစ္စအကြောင်း လုံးဝပြောဆိုဆွေးနွေးခြင်း၊ စဉ်းစားခြင်း၊ မပြုရဟု တားမြစ်ထားလင့်ကစား) သူ၏ အခန်းထဲ ၌ ရန်သူဘက်သို့ ထိုးစစ်ဆင်ရေးအတွက် 'စစ်ကောင်စီ' အစည်းအဝေးပြုလုပ်စေခဲ့၏။ ထို့ကြောင့် 'ဂေါ်ဒ်ဖားသား' အိမ်ပြန်ရောက်သည့် ညဉ့် ဆန်နီ၊ တော်မ ဝ်၊ ကလီမင်ဇာနှင့် တက်ဆီယိုတို့ သည် အဘိုးကြီးခုတင်ဘေး၌ စုရုံးရောက်ရှိနေခဲ့ကြသည် ။

'ဂေါ်ဒ်ဖားသား' အနေဖြင့် အလွန်ဖျားနည်းနေ သ ဖြ င့် စကားမပြောနိုင်သေးသော်လည်း အခြားလူများ ပြောဆို ဆွေးနွေးချက်များကို သေချာစွာဂရုစိုက်နားထောင်လျက် သူသဘောမတူလျှင် ဗီတိုအာဏာသုံး၍ အစီအစဉ်များကို ပယ်ချလေ့ရှိသည် ။ သဘောတူလျှင် ခေါင်းညိတ်ပြ၏။ သားအလတ် ဖရက်ဒိုအား ဟိုတယ်နှင့် ကစားဝိုင်းလုပ်ငန်း လေ့လာရင်း အနားယူရန် လတ်စ်ဗေးဂတ်စ်မြို့သို့ လွှတ်ထားကြောင်း တင်ပြအစီရင်ခံသော အခါ အဘိုးကြီးက သဘောတူကြောင်း ခေါင်းညိတ်ပြသည် ။ တာတာဂလီယာမိသားစုမှ သားတစ်ယောက်ဖြစ်သူ ဘရူနို အား သ တ် ဖြ တ် သု တ် သ င် လို က် ကြေ ာင်း ပြောပြသောအခါ၌ မူ အဘိုးကြီး ခေါင်းခါလျက် သက်ပြင်းချ လိုက်သည် ။

ဂေါ်ဒ်ဖားသားအနေဖြင့် ..... အထူး စိတ်ထိခိုက်သွားပုံရသည် ကား သားအငယ်ဆုံး မိုက်ကယ်လ်ကိုယ် တိုင် ဆိုလိုဇိုနှင့် ရဲမှူးကြီးမက္ကလတ်စကီးတို့ အား သတ်ပြီး ဆစ်စလီသို့ တိမ်းရှောင်နေရကြောင်း အစီရင်ခံလိုက် သောအခါပင် ဖြစ်သည် ။

ထိုသတင်းကို ကြားရပြီးနောက် အဘိုးကြီးသည် ကျန်လူအားလုံးကို အခန်းထဲမှ ထွက်သွားစေပြီး မျက်စိမှိတ်၍ မှိန်းနေ လိုက်လေသည် ။

ကျန်လူများ လည်း အခြားအခန်း တစ်ခန်းတွင် ဆွေးနွေးပွဲဆက်လက်ပြုလုပ်ကြရာ ဆန်နီက ခေါင်းဆောင်၍ ဆွေးနွေး၏။

"အဘိုးကြီးကိုတော့ နောက်ထပ် နှစ်ပတ်လောက် လုံးလုံးအနားပေးထားလိုက်မှ ဖြစ်မယ်။ ဆရာဝန် က သူ အလုပ်လုပ်နိုင်ပြီလို့ ခွင့်ပြုမှ သာ သူ့ကို ကျုပ်တို့ ဆွေးနွေးတဲ့ အထဲ ဝင်ပါရင် ကောင်းမယ်ထင်တယ်။ ဒီကြားထဲ ကျုပ်တို့ က အလုပ်ကိစ္စတွေ ဆက်လက်ကြည့်လုပ်သွားကြရမယ်။ အရေးကြီးဆုံးက ဟာလင်ရပ် ကွက်မှာ လောင်းကစားဝိုင်းတွေကို ကပ္ပလီလူငယ်တွေက ကြီးစိုးပြီး ထင်ရာလုပ်နေတဲ့ ကိစ္စပဲ။ ကောင်လေး တွေက လောင်းကြေးငွေတွေ လက်ခံပြီး လျော်စရာရှိတော့ ဟိုလှည့်သည် ပတ်နဲ့ ရှောင်တောင်တောင် လုပ်နေ ကြတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီဟာလင်ရပ်ကွက် လောင်းကစားဝိုင်းတွေကို ကျုပ်တို့ က ကြိုးကိုင်ရလိမ့်မယ်"

"ဒါပေမဲ့ ဟာလင်ရပ်ကွက်က လူငယ်တွေထဲ မှာ ခပ်မိုက်မိုက် ခပ်ကြမ်းကြမ်း ကောင်

လေးတွေ ရှိနေ တယ်။ သူတို့ အနေနဲ့ ငွေများများ စားစားကို ချောင်ချောင်ရှုံးနေမှ ပြန်လက်လွှတ်ချင်ကြမှာ မဟုတ်ဘူး ”

တော်မီဟောဂင်က ဝင်ပြောလိုက်သောအခါ ဆန်နီသည် မည်သို့မှ ပူပန်ဟန် မရှိဘဲ

“အဲဒီ မိုက်တယ်ဆိုတဲ့ လူငယ်တွေရဲ့ နာမည်ကိုသာ ကလီမင်ဇာကို စာရင်းလုပ်ပေးလိုက်ပါ။ သူက ကြည့်ရှင်းပါလိမ့်မယ်”

ဟု ပြောလိုက်သည် ။

ကလီမင်ဇာကလည်း ခပ်အေးအေးပင်

“ဟုတ်တယ်၊ ဒါဟာ ပြဿနာ မဟုတ်ပါဘူး
”

ဟု တာဝန်ယူလိုက်သည် ။

ထို့နောက် တပ်မှူးတစ်ဦးဖြစ်သူ တက်စီယိုက အရေးကြီးသော ပြဿနာတစ်ခုကို ဖော်ပြလေသည် ။ နယူးယောက်မြို့ရှိ အခြားမိသားစုဂိုဏ်းများက ဂေါ်ဒ်ဖားသားအုပ်စု လက်အောက်ခံ လောင်းကစား ဝိုင်းဒိုင်များ ကို တိုက်ခိုက်ပြီး ငွေများကိုပါ လုယူရန် အဆင်သင့်ပြင်ထားကြောင်း၊ အထည်လုပ်ငန်း စက်ရုံအလုပ်သမား သမဂ္ဂများအား ကြိုးကိုင်ထားခြင်းကိုလည်း ဝင်ရောက်စွက်ဖက်ကာ ဗိုလ်လုရန် စီစဉ်နေကြောင်း၊ ယင်းတိုက်ပွဲ များကြောင့် ဒွန်ကော်လီယွန် မိသားစု၏ စီးပွားရေးကို များစွာထိခိုက်ဖွယ်ရာရှိကြောင်း စသည် ဖြင့် တက်ဆီယို က တင်ပြလေသည် ။

ဆန်နီသည် အစဉ်သဖြင့် ခပ်ကြမ်းကြမ်း လက်စွမ်းပြလိုသူ ဖြစ်သည့် အလျောက်

“သူတို့ က တိုက်လာရင် ကျုပ်တို့ ကလည်း

ပြန်တိုက်မှာ ပေါ့။ ကလီမင်ဇာနဲ့ တက်ဆီယိုတို့မှာ အားကိုး ရတဲ့ တပ်သားတွေ အလုံအလောက် ရှိနေသားပဲ။ နောက်တစ်ခုက သူတို့ ရဲ့ စီးပွားရေး ထိခိုက်အောင် ခပ်ကြမ်း ကြမ်း တိုက်ဖို့ လည်း စီစဉ်ရမယ်။”

ဟု ပြောသည် တွင် တော်မီဟောဂင်က

“တာတာဂလီယာမိသားစုဆိုရင် အဓိကဝင်ငွေကို ပြည့်တန်ဆာလုပ်ငန်းက ရနေတယ်။ ဒီတော့ ကျုပ် တို့ အနေနဲ့ အဲဒီလုပ်ငန်းကို ဘယ်လိုလုပ်ပြီး တိုက်လို့ ရမလဲ၊ အမှန်တော့ ကျုပ် သိသလောက် သူတို့ တစ်တွေဟာ ရန်လုပ်ချင်လို့ တိုက်နေတာ မဟုတ်ဘူး ။ ဆိုလိုရိုး စတင်ဖို့ ကြံခဲ့တဲ့ မူးယစ်ဆေးဝါးအလုပ်ကို လုပ်ချင်နေကြ တယ်။ အဲဒီထဲ ကျုပ်တို့ ပါဝင် လုပ်စေချင်တဲ့ သဘောရှိတယ်”

ဟု တင်ပြလေသည် ။ သို့သော် ဆန်နီက လက်မခံဘဲ

“မူးယစ်ဆေးဝါး အလုပ်ကိုတော့ ဘယ်နည်းနှင့် မှ မလုပ်နိုင်ဘူး။ အဘိုးကြီးက မလုပ်ရဘူးလို့ ငြင်းပယ်ခဲ့တယ် မဟုတ်လား။ ဒါကြောင့် ကျုပ်တို့ ကလည်း သူ့ဆုံးဖြတ်ချက်အတိုင်း ဆက်ပြီးငြင်းရမှာ ပဲ” ဟု ဆုံး ဖြတ်ချက်ပေးလိုက်သည် ။

နောက်များ မကြာမီပင် ရန်သူမိသားစုဂိုဏ်းများက ဂေါ်ဒီဖားသားအုပ်စုအား ခပ်ကြမ်းကြမ်း တိုက်ပွဲ များ ဆင်လာပါတော့သည် ။ တိုက်ပုံကလည်း မမျှော်လင့်သော စစ်မျက်နှာများမှ တစ်ပြိုင်နက် တိုက်ခိုက်ခြင်း မျိုး ဖြစ်သည် ။

အထည်လုပ်ငန်း အလုပ်သမား

သမဂ္ဂခေါင်းဆောင်နှစ်ဦး ဖြစ်သူဒွန်ကော်လီ ယွန်ဂိုဏ်းမှ အရာရှိကြီး နှစ်ဦးသည် အမည်မသိ လူတစ်စု၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရ၏ ။ ဂေါ်ဒ်ဖားသားအုပ်စု လက်အောက်ခံ ငွေတိုးချေးသမားများ ၊ လောင်းကစားဒိုင်များကို နယူးယောက်ဆိပ်ကမ်းနယ်မြေအတွင်းသို့ လုံးဝတိုးဝင်ခြင်း မပြုနိုင်အောင် ရန်သူဂိုဏ်းများမှ လက်နက်ကိုင် လူမိုက်များက ခပ်ကြမ်းကြမ်း ပိတ်ပင်တားဆီးထားလိုက်၏။ ဟာလင်ရပ်ကွက်ရှိ ဒွန်ကော်လီယွန်မိသားစု၏ မဟာမိတ် လောင်းကစား ဒိုင်တစ်ယောက်သည် လည်း တစ်ည တွင် ရက်စက် ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်း ခံခဲ့ရ၏။

ထိုအခါ ဆန်နီသည် ပြင်းစွာ ဒေါသထွက်လျက် သူ၏ ဂိုဏ်းသားအားလုံးအား မြို့တွင်း တစ်နေရာတွင် လျှို့ဝှက်ဌာနချုပ်ဝသစ်မှ ပြုံးမှုပ်စေကာ မီးကုန်ယမ်းကုန် ပြန်လည်တုံ့ပြန် တိုက်ခိုက်ရန် အမိန့်ပေး လိုက်လေ သည် ။ တပ်မှူးဖြစ်သော ကလီမင်ဇာနှင့် တက်ဆီယိုတို့ က သူတို့ ၏ တပ်သားများကို ကွပ်ကဲလျက် ရန်သူ ဂိုဏ်း သားများအား အခွင့်ရတိုင်း တိုက်ခိုက်ကြသည် ။

သို့ရာတွင် 'ဂေါ်ဒ်ဖားသား' ကိုယ်တိုင်က ပြန်လည်ကျန်းမာခြင်း မရှိသေးသဖြင့် စစ်ဆင်မှုတွေ ကိုယ် တိုင်ဦးစီးကွပ်ကဲခြင်း မပြုနိုင်ခြင်းကြောင့် အင်အားမပြည့်စုံသလို ဖြစ်နေ၏။ အဘိုးကြီး၏ နိုင်ငံရေးအဆက် အသွယ်များကိုလည်း ဆန်နီအနေဖြင့် အသုံးမချနိုင် ဖြစ်နေ၏။ အရေးထဲ သည် လိုစစ်ပွဲမျိုး မတိုက်ရသည် မှာ ဆယ်နှစ်ကျော် ရှိလာခဲ့ခြင်းကြောင့်

ကလီမင်ဇာနှင့် တက်ဆီယိုတို့ တိုက်ခိုက်မှု အ ရည်အချင်းက ယခင်ကလို မပြောင်မြောက် တော့ဘဲ ကျဆင်း လာလေရာ ရန်သူဘက်က မိ သားစုဂိုဏ်းကြီးငါးခု စုပေါင်းထားသော အင် အား ကို မဖြိုခွင်းနိုင်ဘဲ ရှိနေ၏။

ဆန်နီသည် မိမိဘက်မှ အားနည်းချက်ကို သိသဖြင့် ရန်သူမိသားစုဂိုဏ်း ငါးဂိုဏ်းမှ အကြီးအကဲ ခေါင်း ဆောင်များကို လုပ်ကြံသ တ်ဖြတ်ရန် စီစဉ်ကြည့်သေး၏။ သို့သော် ရန် သူဘက်မှ ထိုသတင်းကို မည်သို့ အနံ့ရ သွားသ ည် မသိ။ ဂိုဏ်းခေါင်းဆောင် အကြီးအကဲများ သည် မည်သို့မှ ခြေရာခံ၍ မတွေ့အောင် ပျော က်နေကြ တော့၏။

သို့နှင့် ပင် ဂိုဏ်းအချင်းချင်း တိုက်ပွဲကြီး၏ အခြေအနေမှာ မတင်မကျ မပြတ်မသား ဖြစ် နေခဲ့လေတော့သည်။

*

## ၁၈

ဘိုနာဆရာသည် သူ၏ အသုဘမော်တော်ယာဉ်များ ၊ ခေါင်းများ ထားရှိရာ အလုပ်ခန်းနှင့် မလှမ်းမ ကမ်း အိမ်ကြီးတစ်အိမ်တွင် နေသဖြင့် ညနေတိုင်း အိမ်ပြန် ညစာစားပြီးမှ ညဘက် အလုပ်လုပ်ရန် အလုပ်ရုံသို့ ပြန်သွားလေ့ရှိ၏။

တစ်ချိန်က ဆိုးသွမ်းလူငယ်နှစ်ဦးက စော်ကားရန် ကြံစည်ခြင်းခံခဲ့ရရှာသူ သမီးကလေးကိုကား ဘော် စတန်မြို့ရှိ ခယ်မတော်သူ (ကလေးမ၏ အဒေါ်) တစ်ဦးအိမ်သို့ ပို့ထားခဲ့ပြီး သူတို့ ဇနီးမောင်နှံသည် အေးချမ်း စွာ နေထိုင်လျက်ရှိသည် ။

ဘိုနာဆရာသည် သူ၏ လုပ်ငန်းကို အထူးကျွမ်းကျင်သူတစ်ဦးဖြစ်လေသည် ။ နေ့စဉ်နှင့် အမျှ လူသေ အလောင်းတွေကို အမြဲတမ်းတွေ့ကြုံ ကိုင်တွယ်နေရခြင်းကြောင့် သေခြင်းတရားကို မတုန်လှုပ်တော့ဘဲ တည်ငြိမ်အေးဆေးစွာ သူ၏ အလုပ်ကို လုပ်တတ်သူဖြစ်သည် ။

သူ၏ အလုပ်ကလည်း လူသေအလောင်းများကို လက်ခံယူထားပြီး လှပသေသပ်စွာ ခေါင်းသွင်း ထား လိုက်ကာ နောက်တစ်နေ့ မြေမြှုပ်သင်္ဂြိုဟ်သည် အထိ ဘိုနာဆရာကပင် တာဝန်ယူ ဆောင်ရွက်ပေးရ၏။

သေသူ၏ မိသားစုများက သဲဘက်တွင် လူသေ အလောင်းကို လာကြည့်သည့် အခါ လူသေ၏ မျက်နှာသည် ပကတိ အသက်ရှင် နေသကဲ့သို့ ဖြစ်နေလေအောင် သူက ပြုပြင်ဖန်တီးထားတတ်၏။

သူသည် ဆရာဝန်များ လူမျက်နှာကို ခွဲစိတ် ပြုပြင်ပေးသည့် 'ပလတ်စတစ် ဆာဂျရီ' ခေါ် ခွဲစိတ်ကုသ သည့် ပညာကဲ့သို့ လူသေ၏ မျက်နှာကို ကြည့်ပျော်ရှုပျော်ဖြစ်အောင် ပြုပြင်တတ်လေသည် ။ ထို့ပြင် သေသူ၏ မိသားစုများအား ပရိဒေဝမီး တောက်လောင်ပူဆွေးခြင်းမှ သက်သာရာရအောင် ဖျောင်းဖျနှစ်သိမ့် ပြောဆိုတတ် သူလည်း ဖြစ်၏။

ထို့ကြောင့် ဘိုနာဆေရာသည် သူ၏ လုပ်ငန်းတွင် လုကြိုက်များက အောင်မြင်နေခြင်းပင် ဖြစ်လေ သည် ။

ယနေ့ညအဖို့ သူသည် ညစာကို စားသောက်ပြီးနောက် အလုပ်ရုံသို့ ပြန်မသွားမီ ခေတ္တ အနားယူကာ ကော်ဖီတစ်ခွက် သောက်ရင်း စီးကရက် ထိုင်ဖွာနေလေသည် ။ ယခုလို အေးအေးဆေးဆေး အိမ်တွင် ထိုင်နေ ရသည့် အခါ သူအလွန်ချစ်သော သမီးကလေးကိုလည်း သတိရနေမိလေသည် ။ လမ်းသရဲလူငယ်နှစ်ဦး၏ ရမ်း ကားမှုကြောင့် အကြီးအကျယ် စိတ်တုန်လှုပ် ချောက်ချားခဲ့ရရှာသူ ကလေးမသည် ဘော်စတန်မြို့တွင် စိတ်ပြေ လက်ပျောက် သွားနေလိုက်ခြင်းအား စိတ်များ ပြန်လည်ကြည်လင်လာလိမ့်မည်ဟု လည်း မျှော်လင့်မိလေသည် ။

သူသည် ကော်ဖီသောက်ပြီး အလုပ်ရုံသို့ ပြ

န်သွားရန် အဝတ်အစားလဲနေစဉ် တယ်လီဖုန်း လာသဖြင့် ချက်ချင်းကောက်ကိုင်၍ 'ဟဲလို' ဟု ယဉ်ကျေးသိမ်မွေ့စွာ ထူး လိုက်လေသည် ။

တစ်ဖက်မှ ပြောသူ၏ အသံက အနည်းငယ် တင်းမာပြီး အရေးတကြီး ပြောနေပုံရလေသည် ။

“မစ္စတာဘိုနာဆေရာလား၊ ကျွန်တော် တော်မီဟောဂင်ပါ၊ ဂေါ်ဒ်ဖားသား ဒွန်ကော်လီယွန်ရဲ့ ကိုယ်စား ဖုန်းဆက်ပါတယ်”

ထိုအသံကို ကြားလိုက်ရသည် နှင့် ဘိုနာဆေရာသည် ဓာချွေးများ ပြန် လာလောက်အောင် စိတ်တုန်လှုပ် ချောက်ချားသွားမိတော့သည် ။ သူသည် သမီးကလေးအား စော်ကားသူ လူငယ်တစ်ဦးအား ဆုံး မပေးရန် ဂေါ်ဒ်ဖားသားထံတွင် အကူအညီ တောင်းခဲ့သည် မှာ တစ်နှစ်ကျော်သွားပြီ ဖြစ်၏။ ထိုအချိန်က သူသည် ဂေါ်ဒ်ဖားသားအတွက် အချိန်မရွေး ကျေးဇူးတုံ့ပြန်ရန် အသင့်ရှိကြောင်း ထပ်တလဲလဲ ပြောခဲ့၏။ ယခု အဘိုးကြီး က သူ့ထံမှ တစ်လှည့် အကူအညီတောင်းရန် ဖုန်းဆက်အကြောင်းကြားနေပါလေပြီ။ ဘာအကူအညီ မျိုး တောင်းမည်ကို မသိရသေးသော်လည်း ဘိုနာဆေရာသည် အလိုလို ထိတ်လန့်တုန်လှုပ်နေမိလေသည် ။

သို့သော် စိတ်ကို ကြိုးစားထိန်းလျက်

“ဟုတ်ကဲ့၊ ပြောပါ၊ နားထောင်နေပါတယ်”

ဟု တယ်လီဖုန်းထဲသို့ ပြောလိုက်သည် ။ တစ်ဖက်မှ တော်မီဟောဂင်၏ အသံကား ခပ်တည်တည် ခပ်အေးအေးပင် ဖြစ်နေလေသည် ။

“ဒီလိုပါခင်ဗျာ၊ ခင်ဗျားအနေနဲ့ ဒွန်ကော်လီ

ယွန်ကို ကျေးဇူးတုံ့ပြန်ဖို့ ဝတ္တရားရှိတယ်။ အဘိုးကြီး ကိုယ် တိုင်ကလည်း ခင်ဗျားဟာ သူ တောင်းမယ့် အကူအညီကို ဆက်ဆက်ပေးလိမ့်မယ်ဆိုတာ လုံးလုံးသံသယမရှိပါ ဘူး။ အခု ည နောက်တစ်နာရီအတွင်းလောက်မှာ ဂေါ့ဒ်ဖားသား ကိုယ်တိုင် ခင်ဗျားရဲ့ အလုပ်ရုံကို လာလိမ့်မယ်။ ခင်ဗျားက အဆင်သင့်စောင့်ပြီး ကြိုနေစေချင်ပါတယ်။ သူလာတဲ့ အချိန်မှာ အခြားဘယ်သူမှ မရှိအောင်လည်း ကြည့်စီစဉ်ထားပါ။ အဘိုးကြီးက ခင်ဗျားဆီ အကူအညီလာတောင်းပါလိမ့်မယ်။ ဒါကို ခင်ဗျားအနေနဲ့ လက်မခံချင်ဘူး။ ငြင်းချင်တယ်ဆိုရင်လည်း အခုပြောပါ။ ကျွန်တော်က ဂေါ့ဒ်ဖားသားကို အကြောင်းကြားပေး ပါ့မယ်"

"အို၊ ကျွန်တော့်အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး။ ဂေါ့ဒ်ဖားသားရဲ့ ကျေးဇူးကိုလည်း မမေ့ပါဘူး။ ခိုင်း တာကို ကူညီပါ့မယ်"

ဘိုနာဆေရာသည် ကြောက်ကြောက်နှင့် ဆောလျင်စွာ ပြောလိုက်တော့မှ တော်မီဟေဂင်က

"ကျေးဇူးတင်ပါတယ်။ ဒီညကို အဘိုးကြီး လိုချင်တဲ့ အကူအညီသာပေးလိုက်ပါ။ နောင်ကို ခင်ဗျားမှာ ဘာအခက်အခဲရှိရှိ ကျွန်တော်တို့ ဆီမှာ အချိန်မရွေး အကူအညီ တောင်းနိုင်ပါတယ်။"

ဟု ပြောပြီး တယ်လီဖုန်းကို ချသွားလေသည်။

ဘိုနာဆေရာသည် ချွေးပြန်လျက်နှင့် ပင်ပျာပျာသလဲ အဝတ်အစားလဲကာ သူ၏ အလုပ်ရုံသို့သွား၍ ကြို တင်စောင့်နေလိုက်သည်။ သူ

သည် ဂေါ်ဒ်ဖားသား အုပ်စုနှင့် နယူးယောက်မြို့ ရှိ အခြားမိသားစုဂိုဏ်းများ အကြိတ်အနယ် တိုက်ခိုက်နေကြသည် ကိုလည်း သိထားပြီး ဖြစ်၏။

နှစ်ဖက်စလုံးမှ လူအတော်များများ သည်လည်း သေဆုံးခဲ့ရပြီဖြစ်သည် ။ ယခုလည်း ဒွန်ကော်လီယွန် အုပ်စုက တစ်စုံတစ်ယောက်ကို သတ်ပြီးနောက် ထိုသူမှာ အရေးပါသော လူပုဂ္ဂိုလ်တစ်ဦးဖြစ်၍ အလောင်းကို ဖျောက်ဖျက်ရန် သူ့ထံ အကူအညီတောင်းခြင်း ဖြစ်မည်ဟု တွက်မိလေသည် ။

သူသည် တရားဝင် လိုင်စင်ရ အသုဘကန်ထရိုက်တာ တစ်ဦးဖြစ်၍ သတ်ထားသော လူသေ အလောင်းကို သူ့အား လက်ခံယူစေပြီး မြေမြှုပ်သင်္ဂြိုဟ်နိုင်းခြင်းအားဖြင့် ထိုအလောင်းသည် မည်သူကမှ သံသယ မရှိဘဲ မြေကြီးထဲ ရောက်သွားမည် ဖြစ်၏။ သို့သော် တစ်နေ့အမှုပေါ်ပေါက်ခဲ့သော် သူသည် လည်း လူသတ်မှုတွင် အားပေးကူညီသည့် တရားခံတစ်ဦး ဖြစ်လာနိုင်၏။ ကြီးလေးသော ထောင်ဒဏ်အပြစ်ပေးခြင်း ခံရနိုင်၏။

ဤသို့ တွေးမိသောအခါတွင် ဘိုနာဆေရာသည် ပို၍ ပင် တုန်လှုပ်ကာ ချွေးများ ပြန်လာပါတော့ သည် ။ ယခုအခြေကျမှ ဂေါ်ဒ်ဖားသား ဒွန်ကော်လီယွန်အား အကူအညီ မပေးနိုင်ဟု ငြင်းပယ်ရန် မဖြစ်နိုင်တော့။ ဘာခိုင်းခိုင်း လုပ်ပေးရမည့် အခြေအနေမျိုး ဖြစ်နေပေပြီ။

တစ်ဖက်တွင် မူ မိမိက ဂေါ်ဒ်ဖားသား အုပ်စုအား အကူအညီပေးခဲ့ကြောင်းကို ဆန့်ကျင်ဘက် ဂိုဏ်း များက သိရှိသွားပါက သူ့ကိုပါ ရ

န်သူအဖြစ် သတ်မှတ်သဘောထားကြတော့မည် ဖြစ်သည် ။ သူ၏ အသက်ကို ရန်ရှာမည်ကိုပင် စိုးရိမ်ရသည့် အခြေအနေမျိုး ဖြစ်လာနိုင်သည် ။ သို့ရာတွင် ရှည်ရှည်ဝေးဝေးတွေးပြီး စိုးရိမ်ရ ခြင်းထက် လတ်တလောဂျေဒ်ဖားသားကို ငြင်းဆန်လိုက်ခြင်းအား အဘိုးကြီးစိတ်ကွက်သွားခြင်းက ပို၍ ကြောက်စရာကောင်းမည်ဟု တွေးမိပြန်လေသည် ။

ဘိုနာဆေရာသည် ယင်းသို့ အမျိုးမျိုးတွေးနေစဉ် သူ၏ အလုပ်ရုံရှေ့ လမ်းမပေါ်၌ မော်တော်ကားတစ် စီး ထိုးဆိုက်သံ ကြားရသဖြင့် ချက်ချင်းပင် တံခါးကိုဖွင့်၍ ဆီးကြိုနေလိုက်သည် ။ ရှေးဦးစွာ ဝင်လာသူကား လူဝကြီး ကလီမင်ဇာပင် ဖြစ်သည် ။ သူနှင့် အတူ အလွန်ကြမ်းတမ်းရက်စက်မည့် အင်္ဂါရပ်ရှိသူ လူငယ်နှစ်ဦး ပါ လာပြီး သုံးဦးသားသည် ဘိုနာဆေရာအား ဘာမှ မပြောဘဲ အလုပ်ရုံအတွင်း နေရာအနှံ့အပြားကို သေချာစွာ စပ်စွာရှာဖွေကြည့်ရှုကြလေသည် ။ ထို့နောက် လူငယ်နှစ်ဦးက နေရစ်ပြီး ကလီမင်ဇာသည် လမ်းမသို့ ပြန် ထွက်သွားလေသည် ။

မိနစ်အနည်းငယ်အတွင်း သူနာပြု မော်တော်ကားတစ်စီး ထိုးဆိုက် လာလေသည် ။ ကလီမင်ဇာသည် တံခါးပေါက်မှ ပြန်ဝင်လာရာ သူ၏ နောက်မှ လူနှစ်ယောက်က လူနာတင်သော ထမ်းစင်တစ်ခုကို ရှေ့နောက် ဆွဲမလျက် ဝင် လာလေသည် ။ ထမ်းစင်ပေါ်တွင် ကားမီးခိုးရင့်ရောင် စောင်တစ်ထည်ဖြင့် လွှမ်းခြုံဖုံးအုပ်ထား သည့် လူသေအလောင်းတစ်လောင်း

ကို ဘိုနာဆေးရာက သတိပြုမိလေသည် ။

ကာလီမင်ဇာသည် ထမ်းစင်ကိုင်သူ လူငယ်နှစ်ဦးအား အလောင်းများ ပြုပြင် ပြင်ဆင်သည့် အခန်းထဲသို့ ယူသွားရန် ညွှန်ကြားလိုက်သည် ။ ထိုအချိန်မှာ ပင် 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန် ကိုယ်တိုင် အလုပ်ရုံအတွင်း သို့ ဝင်ရောက် လာလေသည် ။

အဘိုးကြီး ပိန်ချုံးလျက် ကိုယ်အလေးချိန် အတော်များများ လျော့သွားကြောင်း သိသာထင်ရှားနေ သည် ။ သူ၏ မျက်နှာကလည်း ပို၍ အိုမင်းရင့်ရော်လာသည် ဟု ထင်ရပေသည် ။ သို့ဖြစ်လင့်ကစား 'ဂေါ့ဒ်ဖား သား'၏ အင်္ဂါရပ်မှာ အလွန်သြဇာတိက္ကမ ကြီးမားသည့် အသွင်ကို ဆောင်လျက်ပင် ရှိသေးသည် ။

အဘိုးကြီးသည် ဘိုနာဆေးရာ အနီးသို့ ရောက် လာပြီး…

"ဘယ့်နှယ်လဲ မိတ်ဆွေကြီး၊ ကျုပ်ကို အကူအညီပေးဖို့ ရာ အဆင်သင့်ပဲလား"

ဟု မေးလိုက်ရာ ဘိုနာဆေးရာသည် ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်သည် ။ ဤတွင် အဘိုးကြီးသည် စောစောက ထမ်းစင်ယူသွင်းသွားသည့် အခန်းထဲ လျှောက်ဝင်သွားရာ ဘိုနာဆေးရာလည်း အတူလိုက်ပါသွား လေသည် ။

အခန်းထဲ ရောက်သောအခါ ဒွန်ကော်လီယွန်သည် အခြားလူများအား လက်ဟန်ခြေဟန်ဖြင့် အချက်ပြ လိုက်ရာ အားလုံး အပြင်ဘက်ဧည့်ခန်းဆီသို့ ထွက်သွားကြသဖြင့် သူနှင့် ဘိုနာဆေးရာ နှစ်ယောက်တည်းသာ ကျန်ရစ်လေသည် ။

ဘိုနာဆရာသည် အသံခပ်တိုးတိုးဖြင့်

"ကျွန်တော် ဘာလုပ်ပေးစေချင်ပါသလဲ၊ အမိန့်ရှိပါ"

ဟု မေးလိုက်ရာ အဘိုးကြီးသည် ထမ်းစင်ပေါ်မှ စောင်ဖြင့်အုပ်ထားသည့် လူသေအလောင်းကို ငေးစိုက် ကြည့်ရင်း စကားကို တစ်ခွန်းချင်း ပြောလေသည် ။

"ခင်ဗျား ကျုပ်အပေါ် မေတ္တာစေတနာ ထားမယ်ဆိုရင် ခင်ဗျားတတ်တဲ့ ပညာကို အစွမ်းကုန် အသုံးချ စေချင်တယ်။ ကျုပ် လိုချင်တာက ဒီအလောင်းရဲ့ ရုပ်ကို အတတ်နိုင်ဆုံး နဂိုရုပ်အတိုင်းဖြစ်အောင် ပြုပြင်ပေး စေချင်တယ်။ ဘာကြောင့် လဲဆိုတော့ ဒီပုံအတိုင်း သူ့အမေကြီး မမြင်စေချင်လို့ ပါပဲ"

ဤသို့ ပြောပြီးနောက် အဘိုးကြီးသည် ထမ်းစင်ပေါ်မှ စောင်ကို ဆွဲယူလှစ်လိုက်ရာ ဘိုနာဆရာသည် နှစ်ရှည်လများ လူသေအလောင်းပေါင်းများ စွာကို မြင်ဖူး တွေ့ဖူး ကိုင်တွယ်ဖူး၍ တုန်လှုပ်ခြင်း မရှိတော့လင့် ကစား ယခုတော့ ပါးစပ်မှ ထိတ်လန့်တကြား ဟာစ်အော် ရေရွတ်မိလောက်အောင်ပင် အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားမိပါတော့သည် ။

အကြောင်းမှုကား ထမ်းစင်ပေါ်မှ ရုပ်အလောင်းမှာ စောစောက သူစိုးရိမ်မိသလို ဂေါ်ဒ်ဖားသားကိုဏ်းမှ သတ်လာခဲ့သည့် ရန်သူဘက်သားတစ်ဦး၏ အလောင်းမဟုတ်ဘဲ မျက်နှာတစ်ခုလုံး ကြည့်မကောင်းအောင် ရုပ်ပျက်ဆင်းပျက် သေနတ်ဒဏ်ရာများ ဖြင့် သေနေသော ဆန်နီ၏ အလောင်း ဖြစ်နေသောကြောင့် ပင်တည်း။

ကျည်ဆန် တည့်တည့်ထိမှန်ထားပြီး နှာခေါင်းရိုး တစ်ခုလုံး နှင့် လက်ဝဲဘက်ပါးရိုးမှာ လည်း သေနတ်ဒဏ်ရာဖြင့် ရစရာမရှိအောင် ကြေမွနေလေသည် ။

ဒွန်ကော်လီယွန် ကိုယ်တိုင်ကပင် စိတ်ထိခိုက်သွားဟန်ဖြင့် လက်တစ်ဖက်ကို ဘိုနာဆေရာ၏ ပခုံးပေါ် အားပြုတင်ထားရင်း

"ကြည့်စမ်းပါဦးကွာ၊ ငါ့သားကို သူတို့ က ရက်ရက်စက်စက် သတ်ထားလိုက်တာ"

ဟု ယူကျုံးမရ ဖြစ်စွာဖြင့် ပြော လိုက်လေသတည်း။

★

# ၁၉

ဂိုဏ်းအချင်းချင်း တိုက်ပွဲက မပြတ်မသား မတင်မကျ ဖြစ်နေသည် ။ စိတ်မရှည်နိုင်တော့သဖြင့် သူ၏ ဒေါသအလျောက် ဆင်ခြင်တိုင်းထွာခြင်း မပြုတော့ဘဲ ရန်သူဘက်သားများအား တရကြမ်းတိုက်ခိုက် သတ်ဖြတ်မှုတွေကို သဲသဲမဲမဲ ပြုလုပ်ခဲ့သဖြင့် ရှေ့လောကြီးလှသူ ဆန်နီသည် အသက်ဆုံးရှုံးရခြင်း ဖြစ်သည် ဟု ဆိုဖွယ်ရာ ရှိပေ၏။ ဒေါသအလွန်ကြီးတတ်ပြီး စိတ်လိုက်မာန်ပါ ပြုမူတတ်သော သူ၏

စရိုက်ကြောင့် ယခုလို မရှုမလှအသတ်ခံခဲ့ရသည် ဟု လည်း ဆိုနိုင်ပေ၏။

ဆန်နီ၏ စီစဉ်ညွှန်ကြားချက်ဖြင့် ဟာလင်ရပ်ကွက်ရှိ တာတာဂလီယာအုပ်စုမှ ကြိုးကိုင်သည့် ပြည့် တန်ဆာခေါင်းများ ၊ မြူဆွယ်သူများသည် သေနတ်ဖြင့် ချောင်းပစ်သတ်ခြင်း ခံခဲ့ရ၏။ နယူးယောက်မြို့ ဆိပ်ကမ်း လုပ်သားများကို ကွပ်ကဲသည့် တစ်ဖက်ဂိုဏ်းသားများမှ အလုပ်သမားအချို့သည် လည်း ရက်စက်စွာ သတ်ဖြတ်ခြင်း ခံခဲ့ရ၏။ ထို့ပြင်ဆန်နီသည် ကာလီမင်ဇာ၏ လက်အောက်ခံ လူမိုက်များအား ဆိပ်ကမ်းနယ်မြေ သို့ လွှတ်၍ အခြားဂိုဏ်းသားများအား နှိပ်စက်ညှဉ်းပန်းခြင်း၊ အာခံသူများအား လုပ်ကြံသတ်ဖြတ်ခြင်းကို လည်း ပြုလုပ်စေခဲ့၏။

စင်စစ်အားဖြင့် ထိုသို့ အဓိပ္ပာယ်ကင်းမဲ့မှုမှာ တရကြမ်းသတ်ဖြတ်နေခြင်းက ဂိုဏ်းအချင်းချင်း တိုက်ပွဲ၏။ အဆုံးအဖြတ် ကံကြမ္မာကို ဖန်တီးနိုင်စွမ်း မရှိချေ။ ဆန်နီသည် တိုက်စစ်ဆင်ရေး နည်းပရိယာယ် တော်ပါသော်လည်း သူ့ဖခင်ကြီး 'ဂေါ့ဒ်ဖားသား' ကဲ့သို့ မဟာဗျူဟာ ကျွမ်းကျင်လိမ္မာမှုမျိုး ချို့တဲ့ သူ ဖြစ်လေ သည် ။

ယခုတော့ ဆန်နီ မိုက်ရူးရဲ တရကြမ်းသတ်ဖြတ်မှုများကြောင့် နှစ်ဖက်စလုံးမှ လူအသေအပျောက် များ နေခြင်းသာလျှင် အဖတ်တင်ကာ မည်သို့မှ အရေးမပါ အရာမရောက်ဘဲ ဖြစ်နေတော့သည် ။ ထိုအတော အတွင်း ယခင်က သူတို့ တစ်တွေ ဝင်ငွေကောင်းကောင်း ရနေခဲ့သည့် နေရာများမှာ စစ်မြေပြင်ကဲ့သို့ ဖြစ်နေလေ ရာ 'ဂေါ်ဒ်ဖားသား' အုပ်စုမှ

ကြီးကြပ်ဖွင့်လှစ်ထားသည့် လောင်းကစားဒိုင်များကိုပါ ပိတ်ထားလိုက်ရလေသည် ။ ယင်းအခြေအနေ၏။ အကျိုးသက်ရောက်မှု တစ်ခုကား အဘိုးကြီး သမက် ကာလိုမှာ မှန်မှန်ရနေကျ ဝင်ငွေ ပေါက် လုံးဝပိတ်သွားခြင်းပင် ဖြစ်သည် ။

ကာလိုသည် စိတ်ပျက်ပျက်နှင့် တစ်နေ့တစ်နေ့ အရက်တွေနင်းသောက်၍ မူးနေခြင်း၊ ကချေသည် မိန်းမပျက်များ ရှုပ်ပွေနေခြင်းတို့ ဖြင့်သာ အချိန်ကုန်နေလျက် ကြားထဲက သူ၏ ဇနီးကော်နီခမျာ စိတ်ဆင်းရဲ နေရရှာလေသည် ။

ကာလိုသည် သူ့အား ဆန်နီက ရက်ရက်စက်စက် ထိုးကြိတ်နှိပ်စက်ခဲ့သည့် နောက်ပိုင်းဇနီးသည် အား ရိုက်နှက်ခြင်း မပြုဝံ့သော်လည်း ကော်နီနှင့် အတူ မအိပ်တော့ဘဲ တစ်အိမ်တည်းတွင် လူစိမ်းပမာ နေခဲ့သည် ။ ဒါကို သွေးသားနှင့် မိန်းကလေးတစ်ယောက်ဖြစ်သူ 'ကော်နီ' မှာ စိတ်ထဲမှ အတော်ပင် ထိခိုက်မိ ခဲ့ရာမှ နောက်ဆုံးသူမကပင် ကာလိုအား မရှက်မကြောက် တောင်းပန်တိုးလျှိုးလျက် ဇနီးမောင်နှံလိုနေရန် ပြောခဲ့သေး၏။ သို့သော် ကာလိုသည် ဇနီးသည် အား တစ်မျိုးနှိပ်စက်ရသကဲ့သို့ အားရကျေနပ်လျက် လှောင် ပြောင်သရော်ရင်း...

"ငါက နင်နဲ့ အတူ မအိပ်တာကို နင့်အစ်ကိုကြီး သွားတိုင်ပြောပါဦးလား"

ဟု ပြက်ရယ်ပြုခဲ့သေး၏။

သို့ဖြစ်လင့်ကစား ကာလို၏ စိတ်ထဲတွင်ကား ဆန်နီအား တကယ်ပင် ကြောက်ရွံ့နေမိလေသည် ။ ဆန်နီ သည် တောရိုင်းတိရစ္ဆာန်ကဲ့

သို့ လူတစ်ယောက်အား သတ်ဖြတ်ဝံ့သည့် သတ္တိ တကယ်ရှိမှန်းကိုလည်း သူ သိထား၏။

သူကိုယ်တိုင်ကမူ လူသတ်ဝံ့သည့် သတ္တိ မရှိသဖြင့် ဆန်နီအား ပို၍ ကြောက်လန့်နေခြင်း ဖြစ်၏။ အထူး သဖြင့် ယခု ဂိုဏ်းသားအချင်းချင်း ဖြစ်ပွားနေသော စစ်အတွင်း၌ ဆန်နီ၏ ရက်စက်ကြမ်းကြုတ်မှုသတင်း သည် ကြောက်ခမန်းလိလိ ကျော်ကြားနေပြီ ဖြစ်လေသည် ။

***

ဂေါ့ဒ်ဖားသား (ဒွန်ကော်လီယွန်) ၏ လူယုံတော် အကြံပေး တော်မီဟေဂင်သည် ဆန်နီ၏ တရကြမ်း စစ်ဆင်တိုက်ခိုက်နည်းများကို သဘောမကျသော်လည်း ကန့်ကွက်ခြင်း၊ အတိုးကြီးအား တိုင်ကြားခြင်းတို့ မပြုချေ။

တစ်ဖက်က လှည့်စဉ်းစားကြည့်ပြန်သော် လည်း ဆန်နီ၏ ခပ်ကြမ်းကြမ်း စစ်ဆင်တိုက်ခိုက် နည်းများ ကြောင့် ရန်သူဂိုဏ်းများမှ ပြန်လည် ထိုးနှက်တိုက်ခိုက်မှုများ သိသိသာသာ လျော့ပါးလာသဖြင့် ထိုနည်းသည် ထိုက်သင့်သလောက် ထိရောက်နေသည့် သဘောမျိုး ဖြစ်နေပေသည် ။

ဆန်နီ ကိုယ်တိုင်မှာ ပြင်းထန်စွာ တိုက်ခိုက်လျက်ရှိသော စစ်ပွဲကြီးတစ်ခုကို ကွပ်ကဲနေရသူ စစ်သူကြီး ကဲ့သို့ အလွန် စိတ်ပန်းလူပန်းဖြစ်နေရလေသည် ။ အရေးထဲ သူ၏ ဇနီးက လူစိအမည်ရှိ ကလေးမနှင့် ဆန်နီတို့ မကြာခဏ ချိန်းတွေ့ကာ ချစ်တင်းနှောကြကြောင်း သတင်းကြားသွားသဖြင့် ဆူဆူပူပူ လုပ်လာခြင်းကြောင့် ဆန်နီမှာ တစ်မျိုး စိတ်အနှောင့်အ

ယှက် ဖြစ်နေရသေး၏။

ရန်သူဂိုဏ်းများက ဆန်နီအား လစ်သည် နှင့် လုပ်ကြံသတ်ဖြတ်ကြမည်ဟု လည်း သိထားသဖြင့် လူစီ ၏။အိမ်သို့သွားတိုင်း လက်နက်ကိုင်လူယုံတပည့်များကို ခေါ်သွားလေ့ရှိ၏။

လူစီ၏ အိမ်ခန်းကိုလည်း ဆန်နီ၏ လူများက ၂၄ နာရီလုံးလုံး မျက်ခြည်မပြတ် စောင့်ကြည့်နေကြ ၏။

ထိုအတောအတွင်းရန်သူဂိုဏ်းများ သည် တိုက်ရိုက်ရင်ဆိုင်တိုက်ခိုက်မှုကို ရှောင်နေလင့်ကစား သူတို့ ၏ လျှို့ဝှက်အစီအစဉ်များ ပြုလုပ်လျက်ရှိလေသည် ။

တိုက်ပွဲ၏ လက်ရှိအခြေအနေအရ သူတို့ဘက်က တဖြည်းဖြည်း လုံးပါးပါး၍ လုံး၀အညံ့ခံ အရှုံးပေး ရသည့် ဘ၀မျိုး မရောက်အောင် ကာကွယ်တားဆီးရန် တစ်ခုတည်းသောနည်းလမ်းမှာ ဆန်နီအား သုတ်သင် သတ်ဖြတ်ရန်ပင် ဖြစ်ကြောင်း တိကျစွာ တွေးမိထားကြပြီး ဖြစ်၏။ ဆန်နီ၏ ပါးကွက်အာဏာသားဆန်ဆန် လူတွေကို တရကြမ်းသတ်ဖြတ်နေခြင်းကို ကြောက်လည်း ကြောက်၊ မုန်းလည်း မုန်းနေကြလေသည် ။

အဘိုးကြီး ဒွန်ကော်လီယွန်နှင့် ဆိုလျှင် စစ်ပြေငြိမ်းရန် စေ့စပ်ဆွေးနွေးလျှင် ဖြစ်နိုင်မည်ဟု လည်း ယူဆ မိကြလေသည် ။

***

တစ်ညသ၌ ဂေါ်ဒ်ဖားသား၏ သမီး ကော်နီထံသို့ မိန်းကလေးတစ်ယောက် ဖုန်းဆက်ပြီး ကာလိုနှင့် စကားပြောလိုကြောင်းပြောရာ ကာလိုမရှိမှန်းသိရသည် တွင် ထိုမိန်းကလေးက

ယနေ့ည ကာလိုနှင့် ချိန်းထား ပြီးသော်လည်း အစီအစဉ် မဖြစ်တော့ကြောင်းသာ ပြောလိုက်ပါဟု ဆိုကာ ဖုန်းကို ပြန်ချသွားလေသည်။

ကော်နီမှာ နဂိုက လင်ဖြစ်သူက လျစ်လျူရှုထားသဖြင့် စိတ်အားငယ်နေရာ ယခု ကာလို၏ အဆက် မိန်းကလေးတစ်ယောက်က ဖုန်းဆက်လိုက်သောအခါ အကြီးအကျယ် မနာလိုဝန်တိုစိတ် ဖြစ်ပေါ်လျက် ကာလို ကိုလည်း ဒေါသထွက်မိတော့သည်။ ထို့ကြောင့် အတော်မိုးချုပ်မှ ကာလိုအိမ်ပြန်လာသောအခါ ကော်နီသည် လင်ဖြစ်သူအား ရန်တွေ့ပြီး အမျိုးမျိုး ပုတ်ခတ်စွပ်စွဲပါတော့သည်။

အမှန်တော့ ကော်နီသည် လင်ယောကျ်ား၏ ချစ်ခင်ယုယမှုကို လိုချင်နေ၏။ လင်နှင့် မယား သဘာဝ အလျောက် ချစ်တင်းနှီးနှောမှုကို ခံစားချင်၏။ ကာလိုက တခြားမိန်းကလေးတစ်ဦးနှင့် တွေ့ရန် ကြံစည်ထားပုံ ကို သိရသောအခါ သဝန်ကြောင်မိရာမှ စိတ်မထိန်းနိုင်အောင် ဒေါသထွက်မိလေသည်။

ထိုအချိန်၌ ကော်နီ၏ ကိုယ်ဝန်က အတော်ရင့်နေပြီဖြစ်ရာ ကာလိုသည် ဇနီးသည် အား ကြမ်းကြမ်းတမ်း တမ်း မပြုမိအောင် သတိထားဆင်ခြင်နေရဟန် တူလေသည်။ သို့သော် ကော်နီက ဒေါသမချုပ်တည်းနိုင်ဘဲ ထမင်းစားပွဲပေါ်မှ ပန်းကန်ခွက်ယောက်များကို ပေါက်ခွဲပစ်နေသောအခါ ကာလိုသည် စိတ်တို လာပြီး သူ၏ သားရေခါးပတ်ဖြင့် ရိုက်ရန် ဟန်ပြင် လိုက်လေသည်။ ကော်နီကလည်း အားကျမခံ မီးဖိုထဲမှ ဓားတစ်လက်ကို ပြေးဆွဲယူရင်း ရင်ဆိုင်နေလိုက်သည်။

"ကော်လီယွန် မိသားစုက မိန်းမတွေတောင်မှ လူသတ်သမားတွေပါကလား"

ဟု ပြောပြောဆိုဆို အတင်းဝင်ပူးလျက် လျင်မြန်ဖျတ်လတ်စွာ ကော်နီ၏ လက်မှ ဓားကို လုယူလိုက် သည် ။ ထို့နောက် သူသည် ကော်နီအား ဘယ်ပြန် ညာပြန် ရိုက်လေတော့သည် ။ ကော်နီသည် နာကျင်လွန်းသ ဖြင့် ချုံးပွဲကျ ငိုရသည် အထိ ဖြစ်သွားသော်လည်း ကာလိုက ထပ်တလဲလဲ ရိုက်သဖြင့် မျက်နှာတစ်ခုလုံး ဖူးရောင် နေတော့သည် ။ ကာလိုသည် ကော်နီအား ရွတ်ချက်ရဲ့ သော လေသံမျိုးဖြင့်

"နင့်ခန္ဓာကိုယ်ကလည်း ဝက်လိုပဲ ဝလွန်းတယ်"

ဟု ပြောပြီး အိမ်ရှေ့ခန်းသို့ ထွက်သွားလေသည် ။

ဤတွင် ကော်နီသည် စိတ်ထဲမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိလေသည် ။ မိခင်ကြီးထံသို့ ဖုန်းဆက်၍ ကားတစ်စီးလွှတ်ရန် တောင်းပြီး မိဘများ အိမ်သို့ သွားနေပါတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ခြင်းပင်ဖြစ်သည် ။

***

လောင်းဘိချ်အရပ်ရှိ ဒွန်ကော်လီယွန်၏ အိမ်၌ တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသောအခါ အချိန်မှာ ညဆယ်နာရီခန့် ရှိနေပေပြီ။

တယ်လီဖုန်းကို ဂေါ်ဒ်ဖားသား ကိုယ်ရံတော်တစ်ဦးက ကောက်ကိုင်နားထောင်လိုက်ပြီးနောက် အဘွား ကြီး (မစ္စကော်နီယွန်) ကို

ပေးလိုက်၏။ သို့သော် ကော်နီ၏ ပါးစပ်နှင့် ပါးများ ဖူးရောင်နေခြင်းကြောင့် စကားကောင်းစွာ မပီဘဲဖြစ်နေ၍ အဘွားကြီးက ဆန်နီကို ခေါ်ယူနားထောင်စေ၏။

ဆန်နီ တယ်လီဖုန်းစကားပြောနေသည် ကို တော်မီဟောဂင်နှင့် တကွ လက်နက်ကိုင် ကိုယ်ရံတော်နှစ်ဦး တို့ ကပါ အကဲခတ်ကြည့်နေကြရာ အခြေအနေကို ချက်ချင်းပင် ရိပ်မိကြလေသည် ။ တစ်ဖက်မှ ဘာပြောနေ သည် ကို မကြားရသော်လည်း ဆန်နီ၏ မျက်နှာမှာ အကြီးအကျယ် ဒေါသထွက်လာမှန်း သိသာလှသည် ။ သူ၏ ခက်ထန်ကြမ်းတမ်းသော ပင်ကိုသဘာဝစရိုက်သည် သူ၏ မျက်နှာနှင့် မျက်လုံးများ တွင် ပေါ်လွင်နေသည် ။ သည် လိုအခါမျိုးတွင် ဆန်နီသည် စဉ်းစားဆင်ခြင်ဉာဏ် လုံးဝမရှိတော့ဘဲ တောရိုင်းတိရစ္ဆာန်ကဲ့သို့ သင်္ဘော်ဖြတ် လိုစိတ်သာ ရှိနေတတ်ကြောင်းကို တော်မီဟောဂင်က သိထားသည် ။

ထို့ကြောင့် ဆန်နီက တယ်လီဖုန်းကို ပြန်ချပြီးနောက် ပါးစပ်မှ

"ဟင်း၊ ခွေးမသား၊ ခွေးမသား"

ဟု ရေရွတ်လျက် အိမ်ထဲမှ ကမူးရှူးထိုး ပြေးထွက်သွားသောအခါ တော်မီသည် ကိုယ်ရံတော် သက်တော်စောင့်နှစ်ဦးကို ဆန်နီ၏ နောက်သို့ လိုက်သွားရန် အမိန့်ပေး လိုက်လေသည် ။ ထိုအချိန်၌ ဆန်နီသည် မော်တော်ကားတစ်စီးပေါ်တက်၍ ကိုယ်တိုင် စက်နှိုးမောင်းထွက်သွားပြီး ဖြစ်လေသည် ။

ဆန်နီသည် ဒေါသအလျောက် သူ၏ ယောက်ဖ ကာလိုအား သတ်ပစ်မည်စိုး၍ လည်း

တော်မီဟောင်ငသည် မြို့တွင်းရှိ သူတို့ ဂိုဏ်းသားအချို့ကို ဖုန်းဆက်ပြီး ကာလိုကို အမြန်ဆုံး အိမ်မှ ရှောင်ထွက်သွားခိုင်းရန် ညွှန်ကြားလိုက်သည် ။ ၄င်းတို့ ကိုယ်တိုင်ကလည်း ဆန်နီ ရောက်လာသည် အထိ ကော်နီနှင့် အတူ နေကြရန်ကို ပါ မှာ ကြားလိုက်သည် ။

ဆန်နီသည် မော်တော်ကားကို အရှိန်ပြင်းစွာ မောင်းသွားရင်းက အခြေအနေကို ဆင်ခြင်သုံးသပ် နိုင် လောက်အောင် စိတ်အနည်းငယ် တည်ငြိမ်မှု ရရှိခဲ့၏။ မော်တော်ကား နောက်ကြည့်မှန်ထဲ၌ သူ့နောက်က လက်နက်ကိုင် ကိုယ်ရံတော်နှစ်ဦး အခြားကားတစ်စီးဖြင့် လိုက်လာသည် ကိုလည်း သတိပြုမိသည် ။ သူ့အနေနှင့် ကား ဘေးအန္တရာယ် တစ်စုံတစ်ရာရှိမည်ဟု လုံးဝမယူဆချေ။ ရန်သူဂိုဏ်းသားတို့ ၏ တန်ပြန်တိုက်ခိုက်မှုများ ယခုမှပဲ လော ရပ်စဲသွားပုံကို ထောက်၍ သူတို့ ဘက်မှ အင်အားကုန်ခန်းသလောက် ရှိပြီဟု တွက်မိသည် ။ အရေး အကြောင်းရှိလျှင် အသုံးပြုရန်လည်း မော်တော်ကားထဲတွင် ခြောက်လုံးပြူးသေနတ်တစ်လက် အဆင်သင့် ရှိနေ သည် ။ ထို့ကြောင့် ဆန်နီသည် နောက်မှ ကိုယ်ရံတော်များ ၏ ကားကို မစောင့်တော့ဘဲ စက်ကုန်ဖွင့်၍ တရကြမ်း မောင်းထွက်သွားတော့သည် ။

သူ၏ စိတ်ထဲတွင် ကား ယောက်ဖတော် ကာလိုအား ပြင်းစွာ စက်ဆုပ်မုန်းတီးနေမိသည် ။ ကိုယ်ဝန် အရင့်အမာနှင့် နှမငယ်၏ ယောက်ျားဖြစ်နေ၍ အသေသတ်ပစ်ရန်လည်း မဖြစ် ။ သို့သော် သည် တစ်ကြိမ်တွင် ကော်နီအား အနာတရဖြစ်အောင် ရိုက်နှက်ထားကြောင်း တွေ့

ရလျှင် ကာလို၏ ကိုယ်အင်္ကျီ တစ်ခုခု ချို့ယွင်းသွား အောင်တော့ ရိုက်ချိုးဆုံးမမည်ဟု စိတ်ကူးမိသည် ။ ဆန်နီမောင်းလာသောကားက စက်အားကောင်းလှသဖြင့် နောက်မှ သူတပည့်နှစ်ဦး၏ ကားမှာ ခပ်ဝေးဝေးမှ ပြတ်ကျန်ရစ်ခဲ့ပြီဖြစ်သည် ။ သူသည် နယူးယောက်မြို့ တွင်းသို့ လမ်းရှင်းရှင်းမှ သွားလိုသဖြင့် ဂျူးစ်ဘီချ်တံတားကို ဖြတ်ကူးသည့် လမ်းမှ မောင်းလာခဲ့သည် ။ တံတားထိပ်တွင် ကား ဖြတ်မောင်းသည့် ကားများ ထံမှ အခွန်ကောက်သည့် အခွန်ရုံငယ်တစ်ခု ရှိသည် ။ ထိုနေရာသို့ ရောက်သောအခါ မော်တော်ကား တစ်စီး ရပ်ထားသည် ကို တွေ့ရသည် ။ ဆန်နီလည်း တံတားဖြတ်ကူးလျှင် ပေးရသည့် အကြွေကိုပေးရန် ကားကိုရပ်၍ အိတ်ထဲမှ ပိုက်ဆံအကြွေကို နှိုက်ရှာနေစဉ်မှာပင် ရှေ့ကားမှ လူနှစ်ယောက်ဆင်း လာပြီး သူ့ရှိရာဘက်သို့ ခပ်တည်တည် လျှောက်လာသည် ကို တွေ့လိုက်ရသည် ။

ဤတွင် ဆန်နီ၏ စိတ်ထဲ၌ သူသည် စက္ကန့်ပိုင်းအတွင်း သေရတော့မည်ဟု ချက်ချင်းသိလိုက်ပြီဖြစ် သည် ။ ထိုအချိန်၌ ရှေ့ကားမှ လူနှစ်ယောက်အပြင် အခွန်ရုံးအတွင်းမှ နောက်ထပ် လူတစ်ယောက်ကပါ သူ့ဆီ သို့ လျှောက်လာပြန်သည် ။ သုံးယောက်နှင့် တစ်ယောက် မည်သို့မှ ယှဉ်တိုက်၍ မနိုင်မှန်း သိလျှက်နှင့် ပင် ဆန်နီ သည် နောက်ဆုံးအကြိမ် အသက်ကို ကာကွယ်လိုဟန်ဖြင့် သူ၏ ခန္ဓာကိုယ်ကြီးကို မော်တော်ကားထဲမှ အပြင် ဘက်မြေကြီးပေါ်သို့ လျှင်မြန်စွာ လိမ့်ချလိုက်သည် ။

သို့ရာတွင် ထိုအချိန်၌ မှာ ပင် အခွန်ရုံးဘက်မှ လူက သေနတ်ဖြင့် ပစ်လိုက်ရာ ဆန်နီ၏

ဦးခေါင်းတည့် တည့်ကို ထိမှန်သွားတော့သည်။

ဤတွင် ကျန်လူနှစ်ယောက်ကပါ သူတို့ ၏ သေနတ်များ ဖြင့် ထပ်ဆင့်ပစ်ခတ်ကြရုံမက ဆန်နီ၏ မျက်နှာ ကိုလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဖိနပ်ဖြင့် တအား ကန်ကျောက်လိုက်ကြသေးသည်။

မိနစ်အနည်းငယ်အတွင်း ဆန်နီ၏ ကိုယ်ရံတော် သက်တော်စောင့်နှစ်ဦး ရောက်လာသော အခါ မရှုမလှ သေဆုံးနေသော ဆန်နီ၏ အလောင်းကိုသာ တွေ့ရလေတော့သည်။ ရန်သူလူသတ်သမားများကား သူတို့ ၏ ကားဖြင့် ဝေးရာသို့ ထွက်သွားကြပြီဖြစ်သည်။ ယခုအချိန်မှ လိုက်၍ လည်း မထူးတော့သဖြင့် သူတို့ သည် အနီး ဆုံး တယ်လီဖုန်းမှ တော်မီဟောဂင်ထံသို့ ဆက်ပြီး ဆန်နီ အသတ်ခံရကြောင်းကို သတင်းပို့အစီရင်ခံလိုက်ကြ သည်။

တော်မီက တယ်လီဖုန်းဆက်သူအား

"ကောင်းပြီ၊ မင်းတို့ အခု ကလီမင်ဇာအိမ်ကို သွားပြီး ချက်ချင်း ဒီအိမ်ကြီးကို လာခဲ့ဖို့ ပြောလိုက်ပါ။ မင်းတို့ ဘာဆက်လုပ်ရမယ်ဆိုတာ သူ ပြောလိမ့်မယ်"

ဟု အမိန့်ပေးလိုက်သည်။

တော်မီသည် ဆန်နီ အသတ်ခံရကြောင်း သတင်းကြားလိုက်ရသည် တွင် အထူးပင် တုန်လှုပ်ချောက် ချားသွားမိလေသည်။ ရန်သူဂိုဏ်းများက တန်ပြန်တိုက်မှုများ ရပ်ဆိုင်းထားခြင်းမှာ ဆန်နီအား မမိမိအောင် သတ်ဖြတ်ရန်အတွက် လှည့်ကွက်လုပ်ထားခြင်း ပရိယာယ်မျှသာဖြစ်ကြောင်း ယခုမှ သ

ဘောပေါက်မိပါတော့ သည် ။ ယင်းနည်းပရိယာယ်ကို သူကိုယ်တိုင်က ကြိုတင် မရိပ်မိခြင်း အတွက်လည်း ယူကျုံးမရ ဖြစ်မိလေ သည် ။ သူသည် တာဝန်အရ လုပ်စရာရှိသည် တို့ ကို ဆက်လုပ်ရလေသည် ။ ရှေးဦးစွာ သူသည် ကော်နီထံသို့ ဖုန်းဆက်၍ ကော်နီနှင့် ကာလို နှစ်ယောက်စလုံးကို အဘိုးကြီးအိမ်သို့ ခေါ်ထားမည်ဖြစ်ကြောင်း အခြေအနေ အရေးကြီး၍ စီစဉ်ရခြင်းဖြစ်ကြောင်း ပြောလိုက်၏။ တော်မီသည် စိတ်ထဲမှ မရဲတရဲဖြင့် 'ဂေါ့ဒ်ဖားသား' အား ဆန်နီ အသတ်ခံရပုံကို ပြောပြလိုက်ရာ အဘိုးကြီးသည် ခေတ္တမျှသာ ငိုင်သလို ဖြစ်သွားပြီးနောက် ချက်ချင်းပင် တည်ငြိမ်သော ဣန္ဒြေဖြင့် အားလုံးအတွက်အမိန့်ပေး လိုက်လေသည် ။ ထိုအချိန်၌ ကလီမင်ဇာ၊ တက်ဆီယိုနှင့် ၎င်းတို့ ၏ လက်နက်ကိုင်တပ်သားများ သည် လည်း အိမ်ကြီးသို့ အလုံးအရင်းနှင့် ရောက်ရှိလာကြပြီဖြစ်သည် ။

"မင်းတို့ အားလုံး သေသေချာချာ နားထောင်ကြ၊ ဒီကိစ္စမှာ ဘယ်သူမှ ဝင်ပြီး ကိုယ့်သဘောနဲ့ ကိုယ် မလုပ်ရဘူး။ ဆန်နီကို သတ်သွားသူများကိုလည်း လိုက်ကလဲ့စားချေဖို့ မကြိုးစားရဘူး။ တခြားမိသားစုဂိုဏ်း တွေနဲ့ တိုက်ခိုက်မှုတွေအားလုံး ရပ်ထားရမယ်။ လောလောဆယ်က ဆန်နီရဲ့ ဈာပနကိစ္စ ကောင်းကောင်း မွန်မွန်ဖြစ်ဖို့ ပဲ စီစဉ်ရမယ်။ သူ့ကိုခရစ်ယာန် ဘာသာဝင်တစ်ယောက်အနေနဲ့ ကောင်းကောင်း သင်္ဂြိုဟ်ဖို့ လုပ် ရမယ်။ ကလီမင်ဇာနဲ့ အဖွဲ့က ကျုပ်ရဲ့ ကိုယ်ရံတော်အဖြစ် အချိန်ပြည့် နေရမယ်။ တက်ဆီယိုတို့ လူစုက ကျန် တဲ့ ငါးမိသားစုများကို တာဝန်ယူ စောင့်ရှောက်ရမ

ယ်။ တော်မီကတော့ အခုချက်ချင်း ဘိုနာဆေ ရာဆိုတဲ့ လူဆီ ဖုန်းဆက်ပြီး အခုည သူ့ဆီက ငါ အကူအညီ လာတောင်းစရာရှိတယ်။ စောင့် နေပါလို့ ပြောထားလိုက်”

ဤသို့ အဘိုးကြီးက အဆုံးအဖြတ် ပေးလို က်ပြီးချိန်တွင် တော်မီဟောဂင်သည် အသုဘာက န်ထရိုက် တာ ဘိုနာဆေရာ၏။ အိမ်သို့ တယ် လီဖုန်း ဆက်လိုက်ခြင်း ဖြစ်သည် ။

*

# အပိုင်း (၅)

## ၂၈

ဆန်နီအသတ်ခံရခြင်းကြောင့် အမေရိကန် ဒုစရိုက်သမားတို့ ၏ မြေအောက် လောကတစ် ခုလုံး အကြီးအကျယ် ပွဲတင်ရိုက် လှုပ်ရှားသွား လေသည် ။

အဘိုးကြီး ဒွန်ကော်လီယွန်သည် ကောင်းစွာ ကျန်းမာ လာပြီး သူကိုယ်တိုင်က အခြေအနေအရပ်ရပ်ကို ဦးစီးကွပ်ကဲနေပြီဖြစ်ကြောင်း သတင်းများ ထွ က်ပေါ်လာသောအခါ နယူးယောက်မြို့ ရှိ မိ

သားစုဂိုဏ်းကြီးငါး ဂိုဏ်းသည် လာလတ္တံ့
သော 'ဂေါ့ဒ်ဖားသား' ၏ ဒလကြမ်း တန်ပြန်
ထိုးစစ်ကို ခုခံကာကွယ်ရန် အပြင်းအထန် ပြင်
ဆင်မှုများ ပြုလုပ်ခဲ့ကြလေသည် ။

ဒွန်ကော်လီယွန်ကား ဆန်နီကဲ့သို့ မိုက်ရူးရဲ
လုပ်တတ်သူ မဟုတ်။ ခေါင်းအေးအေးဖြင့် တွ
က်ချက်ကြံ စည်ပြီးမှ တစ်ခုခု လုပ်တတ်သဖြင့်
သူ၏ ဘဝသက်တမ်းတစ်လျှောက် မှားယွင်းမှု
အလွန်နည်းပါးခဲ့ကြောင်း ကိုလည်း သိထား၍
ဂေါ့ဒ်ဖားသား၏ ခြေလှမ်းကို တွေးကြောက်
နေကြခြင်းဖြစ်သည် ။

သို့ရာတွင် ဆန်နီ၏ ဈာပနကိစ္စ ပြီးစီးသော်
ဒွန်ကော်လီယွန်သည် ပြန်လည်ကာလဲ့စားချေ
တိုက်ခိုက် ရန် လုံးဝမစီစဉ်ဘဲ အခြားရန်သူမိ
သားစုဂိုဏ်းအကြီးအကဲများ ထံသို့ ကိုယ်စား
လှယ်များ စေလွှတ်၍ ငြိမ်းချမ်း ရေးကမ်းလှမ်း
စေခဲ့သည် ။ ဂိုဏ်းအချင်းချင်း တိုက်ခိုက်
သတ်ဖြတ်မှုတွေ အကုန်ရပ်စဲ၍ ငြိမ်းချမ်းရေး
တည် ဆောက်ရန် အဆိုပြုလေသည် ။ လူတွေ
အလဟဿ သေဆုံးပြီး စီးပွားရေး ထိခိုက်နစ်
နာခြင်းသာ အဖတ်တင် သည့် တိုက်ပွဲများကို
ရပ်စဲ၍ ငြိမ်းချမ်းစွာ စီးပွားရေးသာ လုပ်ကြပါ
စို့ဟု ကမ်းလှမ်းလေသည် ။

ပထမတွင် ဂေါ့ဒ်ဖားသား၏
စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းချက်ကို အခြား
ဂိုဏ်းများက သံသယ ဖြစ်မိကြလေသည် ။ သူ
တို့ ၏ ခေါင်းဆောင်များကို အစည်းအဝေး ဖိ
တ်ခေါ်ပြီးမှ အစုလိုက် အပြုံလိုက် သတ်ဖြတ်
ရန် အကွက်ဆင်ခြင်းပေလောဟု စိုးရိမ်ကြသ
ည် ။ သို့သော် အဘိုးကြီးက ယင်းသံသယများ

ကင်းရှင်းပ ပျောက် စေရန် သူသည် အမှန်တကယ်ပင် ငြိမ်းချမ်းရေး လိုလားကြောင်း လက်တွေ့ပြသလေသည် ။

ပြသပုံကား သူအဆိုပြုသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ တက်ရောက်ကြလာမည့် မိသားစုဂိုဏ်းခေါင်း ဆောင်များ အတွက် အန္တရာယ်မရှိစေရပါဟု အာမခံချက်ပေးသည့် အနေဖြင့် နာမည်ကျော် 'ဘိုချီချို' မိသားစု ကိုယ်စားလှယ်များအား ငွေကြေး အမြောက်အမြားပေး၍ တာဝန်ခံနိုင်းခြင်းပင် ဖြစ်သည် ။

'ဘိုချီချို' မိသားစု ဆိုသည် မှာ အမေရိကန်ပြည်၌ လာရောက်အခြေစိုက် နေထိုင်ကြသော အီတလီလူ မျိုး (ဆစ်စလီကျွန်းသား) အုပ်စုတစ်စုပင် ဖြစ်သည် ။ အလွန်ရက်စက်ကြမ်းကြုတ်သလောက် ဖြောင့်မတ်တည်ကြည်သူများ ဖြစ်သည် ။ သူတို့အား မပါ ရား စော်ကားထိပါးလာလျှင်ကား အသက်အသေခံ၍ သဲသဲမဲမဲ ပြန်လည်ကလဲ့စားချေတတ်ကြသည် ။ လိမ်လည်လှည့်ဖြား ပြောဆိုခြင်းမရှိ၊ ကတိအလွန်တည်သူများ လည်း ဖြစ်သည် ။ အမေရိကန်သို့ ရောက်လာခါစက နယူးယောက်မြို့ တစ်မြို့လုံးမှ အမှိုက်သရိုက်များ သိမ်းကြုံးစွန့်ပစ် ရသည့် အလုပ်ကို ကံထရိုက်ဆွဲ၍ လုပ်ခဲ့ရင်းကြီးပွားလာခဲ့ကြသည် ။ နောက်ပိုင်းတွင် ကားသူတို့ သည် အီတလီ လူမျိုးအနွယ် 'မာဖီးယား' လူဆိုးဂိုဏ်းအချင်းချင်း ပဋိပက္ခဖြစ်၍ စေ့စပ်ဆွေးနွေးလိုပါက 'ဓားစာခံ' များ အဖြစ် လူကိုပေးထားကာ ကြားဝင် စေ့စပ်သူများ အဖြစ် တာဝန်ယူ ဆောင်ရွက်ပေးတတ်သည် ။ ယင်းသို့ စေ့စပ်သူများ အဖြစ် ဆောင်ရွက်ခအဖြစ်

ငွေကြေး အမြောက်အမြားကိုတော့ တောင်းယူလေ့ရှိသည် ။ တစ်နည်းအားဖြင့် သူတို့ သည် ။ ‘ဓားစာခံ’ လူများကို အခယူ၍ ငှားရမ်းစားကြခြင်းပင် ဖြစ်သည် ။

ဥပမာ ဂေါ့ဒ်ဖားသား၏ သားငယ် မိုက်ကယ်လ်နှင့် မူးယစ်ဆေးဝါးမှောင်ခိုသမား ဆိုလိုဇိုတို့ တွေ့ဆုံ ဆွေးနွေးရန် စီစဉ်ခဲ့စဉ်က မိုက်ကယ်လ်၏ အသက်အန္တရာယ် မရှိစေရပါဟု အာမခံချက်ပေးသည့် အနေဖြင့် ဆိုလိုဇိုက ငွေကုန်ခံ၍ ‘ဘိုချီချို’ မိသားစုမှ ဓားစားခံ စေ့စပ်ရေးသမားတစ်ဦးကို ငှားရမ်းလျက် ဒွန်ကော်လီယွန် အုပ်စုဘက်သို့ ပေးထားခဲ့၏။ အကယ်၍ မိုက်ကယ်လ်အား ဆိုလိုဇိုတို့ ဘက်မှ သတ်ပစ်ခဲ့သော် ဘိုချီချို အုပ်စု ဝင် ဓားစားခံလူကို တစ်ဖက်မှ သတ်ပစ်နိုင်၏။ သို့သော် ယင်းသို့ ဖြစ်ပါက ဘိုချီချိုအုပ်စုတစ်ခုလုံးက ဆိုပုံဇိုအား ကတိဖျက်ရကောင်းလားဟု သဲသဲမဲမဲ ဝိုင်းသတ်ကြမည် ဖြစ်၏။ ထို့ကြောင့် အမေရိကန်ပြည်ရှိ လူဆိုးဂိုဏ်း များ လောကတွင် ဘိုချီချိုမိသားစုသည် ဓားစားခံလူများ အဖြစ် ကြားဝင်စေ့စပ်ပေးရာ၌ အလွန်ထင်ရှားကျော် ကြား၏။ သူတို့ က ဘာမှ မဖြစ်ရပါဟု တာဝန်ယူလျှင် တကယ်ပင် စိတ်ချရသည် ဟု လည်း လက်ခံယုံကြည် ကြ ကုန်၏။

ဤသို့လျှင် မိသားစုဂိုဏ်း အသီးသီးကယုံကြည်စိတ်ချကြသော ဘိုချီချိုမိသားစုကို ငှားရမ်းလျက် ဂိုဏ်းခေါင်းဆောင် အကြီးအကဲများ ၏ လုံခြုံရေးကို အခိုင်အမာ အာမခံချက်ပေးပြီး ငြိမ်းချမ်းရေး စေ့စပ်ဆွေး နွေးပွဲကို စီစဉ်ဖိတ်ခေါ်ခဲ့လေသည် ။

အခြား 'မိသားစု' ဂိုဏ်းခေါင်းဆောင်များက လည်း သူတို့ ၏ အသက်အန္တရာယ် မစိုးရိမ်ရ လေအောင် ဘိုချီချိုအုပ်စုမှ ဓားစားခံလူများကို ပါ ရရှိထားသဖြင့် စိတ်ချသွားကာ ဂေါ်ဒ်ဖား သား ဖိတ်ခေါ်သော ငြိမ်းချမ်း ရေးဆွေးနွေးပွဲ သို့ တက်ရောက်ရန် သဘောတူခဲ့ကြ၏။

အစည်းအဝေးကိုကား ဂေါ်ဒ်ဖားသား၏ ကျေးဇူးမကင်းသူ ဘဏ်ဥက္ကဋ္ဌတစ်ဦး၏ အကူ အညီဖြင့် နယူး ရောက်မြို့ ကူးသန်းရောင်းဝ ယ်ရေးဘဏ်တိုက်တစ်တိုက်ရှိ ဒါရိုက်တာလူကြီးများ စည်းဝေးခန်းမဆောင် တွင် ပြုလုပ်လေသည်။

ဘဏ်တိုက်၏ စည်းဝေးခန်းမဖြစ်၍ အလွန် ခံ့ညားသပ်ရပ်သည့် ပြင် ပြင်ပမှ မည်သို့မှ ဝင် မနှောင့်ယှက် နိုင်အောင် လုံခြုံစိတ်ချရသည့် အခန်းလည်း ဖြစ်ပေသည်။

အစည်းအဝေးကို စနေနေ့ နံနက် ၁၀ နာရီ ချိန်းထားသော်လည်း ဖိတ်ခေါ်သူ အိမ်ရှင်အ နေဖြင့် 'ဂေါ်ဒ် ဖားသား' ဒွန်ကော်လီယွန်သည် တော်မီဟေဂင်နှင့် အတူ အစောဆုံး ကြိုတင် ရောက်ရှိလာ၏။ တော်မီသည် အဘိုးကြီး၏ အ ကူအညီ သဘောဖြင့် တက်ရောက်ခြင်း ဖြစ် သော ၁ကြေ ၁၄ ့ အစည်းအဝေး၌ ဝင်စကားပြောခြင်း၊ အခြားသူများအား နှုတ် ဆက်ခြင်းစသော ပါဝင်စွက်ဖက်မှုများကို လုံး ဝရှောင်ကာ ဂေါ်ဒ်ဖားသားအတွက် စားသော က်ဖွယ်များ ယူပေးခြင်း၊ ဆေးလိပ်မီးညှိပေးခြ င်း စသဖြင့် အပါးတော်မြဲတစ်ဦး အဖြစ်သာ ဆောင်ရွက် လေသည်။

တဖြည်းဖြည်းနှင့် အခြားမိသားစုဂိုဏ်းများ

မှ ခေါင်းဆောင် 'ဒွန်' (DON) များ သည် တစ်ယောက်ပြီး တစ်ယောက် ဝင်ရောက်လာကြလေရာ ရှေးဦးစွာ ရောက်ရှိလာသူမှာ အမေရိကန်ပြည်တောင်ပိုင်းပြည်နယ်များ ၌ လောင်းကစားဝိုင်းများကို ကြိုးကိုင် လက်ဝါးကြီးအုပ်စားနေသော တရာမွန်တီဆိုသူပင် ဖြစ်သည် ။ သူနှင့် မရှေး မနှောင်းပင် ဒက်ထရိုက်မြို့မှ ဂိုဏ်းခေါင်းဆောင် သို့မဟုတ် ဒွန်ဇာလူချီဆိုသူလည်း ရောက်ရှိလာသည် ။ ဇာလူချီ သည် ဂေါ်ဒ်ဖားသားအား ရင်းနှီးစွာ နှုတ်ဆက်ရင်း..

"ဒွန်ကော်လီယွန် ကိုယ်တိုင် ဖိတ်ကြားလို့သာ ကျွန်တော်လာခဲ့တာပါ။ တခြားလူဆိုရင် လာမှာ မ ဟုတ်ဘူး"

ဟု ပြောလိုက်ရာ အဘိုးကြီးက သဘောကျသွားလျက် ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်သည် ။

သူတို့ နောက်တွင် အမေရိကန်ပြည်၊ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင် ကြီးစိုးသော ဂိုဏ်းခေါင်း ဆောင်နှစ်ဦးဖြစ်သူ ဖရင့်ဖော်လ်ကုန်းနှင့် မိုလီနာရီ ဆိုသူတို့ ရောက်ရှိလာကြ၏။ ဖရင့်ဖော်လ်ကုန်းက ဟိုးလီး ဝုဒ်ရှိ အလုပ်သမားသမဂ္ဂများကို ကြိုးကိုင်ပြီး မိုလီနာရီဆိုသူက ဆန်ဖရန်စစ္စကိုမြို့ ဆိပ်ကမ်းနယ်မြေတွင် ကြီး စိုးသော ဂိုဏ်းခေါင်းဆောင် ဖြစ်သည် ။

ထို့နောက် ဘောစတန်မြို့မှ မိသားစုဂိုဏ်းခေါင်းဆောင် ပန်ဇာဆိုသူနှင့် ကလိဗ်လင်းမြို့မှ အကြီးအကဲ ဖိုလင်ဇာဆိုသူတို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြသည် ။

နယူးယောက်မြို့ နယ်ရှိ မိသားစုဂိုဏ်းကြီး

ငါးဂိုဏ်းမှ ခေါင်းဆောင်များကား နောက်ဆုံးမှ ရောက်ရှိလာကြသည်။ သူတို့သည် ဩဇာနှင့် အင်အားအကြီးမားဆုံးဂိုဏ်းများ ၏ အကြီးအကဲများ ပင် ဖြစ်၏။ ၄င်းတို့ မှာ နယူးဂျာဆီနယ်၌ လောင်းကစားဝိုင်းများကိုကြိုးကိုင်အုပ်ချုပ်သူ စထရာစီ၊ နယူးယောက်ပြည်နယ် အထက်ပိုင်းတစ်ဝိုက်၌ မှောင်ခိုလုပ်ငန်းနှင့် မြင်းပွဲများတွင် ခေါင်းပုံဖြတ်နေသူ ကွန်နီယို၊ ဘရွတ် ကလင်းဒေသ ၌ လောင်းကစားဝိုင်းများ၊ ပြည့်တန်ဆာလုပ်ငန်းအချို့ကို ကြိုးကိုင်ထားသူ ဘာဇနီနှင့် မူးယစ်ဆေးဝါးမှောင်ခို သမား ဆိုလိုဇို၏ မဟာမိတ် ဖီးလစ် တာတာဂလီယာတို့ ပင် ဖြစ်ကြသည်။

ဘာဇိနီအုပ်စုက ဂိုဏ်းတိုက်ပွဲအတွင်း တာတာဂလီယာမိသားစုကို အားပေးကူညီခဲ့ကြောင်းကို တော်မီ ဟောဂင်က သိထားပြီးဖြစ်သည်။ ဖီးလစ်တာတာဂလီယာ၏ ဂိုဏ်းသည် နယူးယောက်နယ်မှ ပြည့်တန်ဆာများ ကို ကြိုးကိုင်အုပ်ချုပ်ရုံမက သူကိုယ်တိုင်က သူ့အသက်အရွယ်နှင့် မလိုက်အောင်ပင် မိန်းမလိုက်စား ကာမဂုဏ် ကျူးသူ ဖြစ်လေသည်။

ဖီးလစ်တာတာဂလီယာက သူ၏ သား ဘရူနို အသတ်ခံခဲ့ရသကဲ့သို့ ဒွန်ကော်လီယွန် အဖို့မှာ လည်း သားကြီးဆန်နီ ဆုံးရှုံးခဲ့ရသဖြင့် ယခုအစည်းအဝေး၌ အဘိုးကြီးနှစ်ဦး ဆုံမိကြသောအခါ တစ်ယောက်နှင့် တစ်ယောက် ဝတ်ကျေဝတ်ကုန် ခေါင်းညိတ်နှုတ်ဆက်ရုံ နှုတ်ဆက်ပြီး ခပ်မှန်မှန် ခပ်စိမ်းစိမ်းပင် နေကြလေသည်။ အမေရိကန်နိုင်ငံ၊ မြေအောက်လူဆိုးဂိုဏ်းများ တွင် အရေးပါဆုံး ထိပ်သီးခေါင်း

ဆောင်ကြီးများ စုံညီစွာ ရောက်ရှိပြီးသော အချိန်တွင် 'ဂေါ်ဒ်ဖားသား' ဒွန်ကော်လီယွန်ကပင် အစည်းအဝေး စတင်ကြောင်း ကြေညာ၍ အဖွင့်မိန့်ခွန်းကို ပြောကြားလေသည်။

"လူကြီးမင်းများ ခင်ဗျာ၊ အခုလို ကျွန်တော် ဖိတ်ကြားတဲ့ အစည်းအဝေးကို ကိုယ်တိုင်ကြွရောက်လာ ကြတဲ့ အတွက် အထူးလေးစားစွာနဲ့ လူကြီးမင်းများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ကျွန် တော် ရှေးဦးစွာ အစီရင်ခံလိုပါတယ်"

ဤသို့ အစချီကာ အဘိုးကြီးသည် လေအေးအေးနှင့် စကားပြောကောင်းသူပီပီ တည်ငြိမ်အေးဆေး သော လေသံဖြင့် အားလုံး၏ အကျိုးကို ရှေးရှု၍ ဤအစည်းအဝေးကို ခေါ်ရခြင်းဖြစ်ကြောင်း၊ ကွယ်လွန်သူ ဆိုလိုဇိုက သူ့ထံလာပြီး မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းအဖွဲ့ကို ပါဝင်လုပ်ကိုင်ရန် ဆွယ်ခဲ့ကြောင်း၊ သို့သော် သူ့အနေဖြင့် သဘောမတူသဖြင့် ငြင်းပယ်ခဲ့ကြောင်း၊ ဆိုလိုဇိုကိုလည်း သူ့ဘာသာသူ ဆက်လက်လုပ်ကိုင်သွား ရန် ပြောလွှတ်ခဲ့ကြောင်း၊ ဒါကို ဆိုလိုဇိုက မကျေနပ်သဖြင့် သူ့အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့ကြောင်း စသဖြင့် ပြီးခဲ့သော အဖြစ်အပျက်များကို အကျဉ်းရုံး၍ ပြန်လည်တင်ပြ အစီရင်ခံ လိုက်လေသည်။

တစ်ဖန် ဆက်လက်၍ သူ၏ အဓိက အဆိုပြုချက်ကို ဤသို့တင်ပြလေသည်။

"တစ်ဖက်နဲ့ တစ်ဖက် တိုက်ခိုက်သတ်ဖြတ်နေကြတာဟာ အားလုံးအတွက် ထိခိုက်နစ်နာတာမို့ ဘာမှ အဓိပ္ပာယ်မရှိဘူး။ အခုဆိုရင် တ

စ်ဖက်က သားတစ်ယောက်ဆုံးခဲ့သလို ကျုပ်မှာ လည်း သားအကြီး ဆုံးခဲ့ ရတယ်။ ဒါကြောင့် နှစ်ဦးနှစ်ဖက် ဘဲစားဘဲချေ ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ်။ ဒီအခြေအနေမှာ ကျုပ်အနေနဲ့ နောက်ထပ်တိုက်ခိုက်မှုတွေအားလုံး ရပ်စဲကြဖို့ ငြိမ်းချမ်းရေးလုပ်ကြပါစို့ အဆိုပြုချင်ပါတယ်။ ငြိမ်းချမ်းရေး ကိုသာ ရမယ်ဆိုရင် ကျုပ်သားကို ဘယ်သူက သစ္စာဖောက်လို့ အသတ်ခံရတယ်ဆိုတာတောင် ကျုပ်က မစုံစမ်း ပါဘူးလို့ ကတိပေးပါတယ်။ ဒါပေမဲ့ ကျုပ်မှာ အိမ်ကို ပြန်လာလို့ ရှောင်နေရတဲ့ သားတစ်ယောက်ရှိနေပါသေး တယ်။ အဲဒီသားကို ကျုပ်က ပြန်ခေါ်ဖို့ အစီအစဉ် လုပ်တဲ့ အခါ သူ့ကို နောက်ထပ် ဘာအနှောင့်အယှက်မှ မရှိစေရပါဘူးဆိုတဲ့ အာမခံချက်ကိုတော့ လိုချင်ပါတယ်။ ဒါဟာ ကျုပ်အနေနဲ့ လိုချင်တဲ့ ငြိမ်းချမ်းရေးပါပဲ။ ငြိမ်းချမ်းရေး ရရှိပြီးတဲ့ အခါကျတော့ တခြားစီးပွားရေးလုပ်ငန်းအကြောင်းတွေကို ဆွေးနွေးနိုင်ကြပါလိမ့်မယ်။"

သူ၏ အသံက လုံး၀ ခက်ထန်မာကျောခြင်း မရှိဘဲ လေအေးအေးကလေးဖြင့် 'ဂေါ်ဒ်ဖားသား' ကညင်သာစွာ ပြောလိုက်ပုံမှာ အလွန်ပိုင်လှသည် ။ တည်ငြိမ်ပြီး ကျဒွေ့ရလှပေသည် သူ၏ စကားအရ သူအဆိုပြုသော ငြိမ်းချမ်းရေးမရမချင်း အခြားစီးပွားရေးကိစ္စများကို ဆွေးနွေးရန် မဖြစ်နိုင်ကြောင်း ပြတ်ပြတ် သားသားပင် ဆိုထားသည် ။

ဒွန်ကော်လီယွန်၏ စကားဆုံးသွားသောအခါ ထ၍ ပြန်ကြားဖြေဆိုလိုက်သူကား သားတစ်ယောက်လုံး အသတ်ခံရသူ တာတာဂလီယာ မဟုတ်ဘဲ 'ဘာဇီနီ' ဆိုသူ ဂိုဏ်းခေါင်းဆောင်

တစ်ဦး ဖြစ်သည် ။ ဘာဇီနီသည် သူ၏ အဓိက ဆိုလိုချက်ကို မသွယ်မဝိုက် တိုက်ရိုက်ပင် ဖွင့်ပြောလိုက်သည် ။

"ဒွန်ကော်လီယွန် ပြောသွားတဲ့ အချက်တွေကတော့ ကောင်းပါတယ်။ ဒါပေမဲ့ မပြည့်စုံသေးဘူးလို့ ဆိုချင်ပါတယ်။ ဘာကြောင့် လဲဆိုတော့ ဆိုလိုဖို့နဲ့ တာတာဂလီယာမိသားစုဟာ သူတို့ လုပ်ချင်တဲ့ လုပ်ငန်းသစ် စလုပ်ဖို့ ရာ ဒွန်ကော်လီယွန်ရဲ့ အကူအညီ မရရင် လုံးဝမဖြစ်နိုင်လို့ ပါပဲ။ သူတို့ အနေနဲ့ မူးယစ်ဆေးဝါးလုပ်ငန်း လုပ်လို့ သူတို့ လူတွေဟာ အာဏာပိုင်များနဲ့ ပြဿနာဖြစ်တဲ့ အခါ တရားသူကြီးတွေက နည်းနည်းမှ ညှာမှာ မဟုတ်ဘူး ။ ဒွန်ကော်လီယွန်ဟာ နိုင်ငံရေးသမားတွေ၊ တရားသူကြီးတွေ အတော်များများ အပေါ် ဩဇာ ညောင်းသူဖြစ်တယ်။ ဒွန်ကော်လီယွန်ဆိုရင် တရားသူကြီးတွေက ငဲ့ညှာထောက်ထားစရာ အကြောင်းရှိတယ်။ အခု သူက မူးယစ်ဆေးဝါးလုပ်ငန်းမှာ လုံးဝ မပါဘူးဆိုတော့ ကျုပ်တို့ ဘက်သား တစ်ယောက်ယောက် လုပ်ရင်း ကိုင်ရင်း ဖမ်းမိသွားတဲ့ အခါ ရဲတွေ အစိုးရရှေ့နေတော ့၊ တရားသူကြီးတွေက အကြီးလေးဆုံး အပြစ်ဒဏ်တွေ ပေးကြတော့မယ်။ ဒီလိုဖြစ်လာရင် ကျုပ်တို့ အတွက် အများကြီးထိခိုက်သွားနိုင်တယ်။ လူတစ်ယောက်ဟာ ဖမ်းမိသွားလို့ မူးယစ်ဆေးဝါးဥပဒေနဲ့ ထောင်အနှစ် (၂၀) ကျခံသွားရင် အင်မတန်သတ္တိကောင်းတဲ့ ဆစ်စလီကျွန်းသားဖြစ်တောင်မှ စိတ်ဓာတ်ကျပြီး ဖော်ကောင် ဖြစ်သွားနိုင်တယ်။ သူဖွင့်ပြောလိုက်လို့ နောက်ပိုင်းက အသိုင်းအဝိုင်းတွေပါ ဒုက္ခရောက်သွားနိုင်တယ်။ အခု ဒွန်ကော်လီယွန်

ဟာ တရားသူကြီးတွေပေါ် ရှိထားတဲ့ ဩဇာကို ကျုပ်တို့ ကိုပါ ခွဲဝေမျှတ အသုံးချခွင့် ပြုစေချင်ပါတယ်။ ဒီလိုခွင့်ပြုတဲ့ အတွက် ကျုပ်တို့ ဆီက ထိုက်သင့်တဲ့ အဖိုးအခကြေးငွေ ယူချင်ယူပါ။ ကျုပ်တို့ က ပေးဖို့ အသင့်ရှိပါတယ်။"

ဘာဇီနီ၏ စကားမှာ သူလိုချင်သော အချက်ကို မရရှိပါက သူသည် လည်း တာတာဂလီယာအုပ်စုနှင့် ပြောင်ပူးပေါင်းကာ 'ဂေါ့ဒ်ဖားသား'ဂိုဏ်းအား တိုက်ခိုက်မည်ဟု ရာဇသံပေးသည့် အဓိပ္ပာယ်မျိုး ဖြစ်နေသည် ။

'ဂေါ့ဒ်ဖားသား' သည် ဘာဇီနီ၏ စကားကို သေချာစွာ နားထောင်နေပြီးနောက်...

"မိတ်ဆွေအားလုံးကို ရှင်းပြပါရစေ၊ ကျုပ်အနေနဲ့ ငြင်းပယ်ခဲ့ရတာဟာ မိတ်ဆွေကောင်းတို့ ဝတ္တရား ပျက်ကွက်ပြီး အကူအညီတောင်းတာကို ငြင်းခဲ့တာ မဟုတ်ပါဘူး။ အမှန်ကတော့ လို့ ပါ။ ဟီးရိုးအင်း အစရှိတဲ့ မူးယစ်ဆေးဝါးဆိုတာဟာ အရက်သောက်တာတို့ ၊ လောင်းကစားတာတို့ ၊ ယုတ်စွအဆုံး မိန်းမလိုက်စားတာတို့ နဲ့ မတူပါဘူး။ အလွန်အန္တရာယ်ကြီးမားလှပါတယ်။ လူမျိုး အညွန့်တုံးသွားစေနိုင်တယ်။ ရေရှည်ကျရင် ဒီမူးယစ်ဆေးဝါးက ကျုပ်တို့ အားလုံးကို ချေမှုန်းဖျက်ဆီးပစ်မယ်လို့ ကျုပ်တော့ ယုံကြည်တယ်။ နောက်တစ်ခု က ကျုပ်ဟာ တရားသူကြီးတွေ၊ အစိုးရအရာရှိတွေအပေါ်မှာ ဩဇာညောင်းတယ်လို့ ပြောတာကို ဂုဏ်ယူမိပါ တယ်။ ဩဇာမရှိဘူးလို့ မဆိုပါဘူး။ ရှိသင့်သလောက် ရှိပါတယ်။ ဒါပေမဲ့ သူတို့ အနေနဲ့ ကလည်း မူးယစ်ဆေး ဝါး မှောင်ခိုလုပ်ငန်းနဲ့ ပတ်သက်မှာ ကို ကြောက်ကြလိမ့်မယ်။ လောင်းကစားဝိုင်းတွေကို နားလည်မှုနဲ့ ခွင့်လွှ

တ်တဲ့ ရဲအရာရှိတွေကလည်း မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းကို ကူညီဖို့ ကျတော့ ငြင်းကြလိမ့်မယ်။ ဒါကြောင့် ကျုပ်က မူးယစ်ဆေးဝါး လုပ်ငန်းကို ဝင်ပြီး အကာအကွယ်ပေးဖို့ ရာ ငြင်းခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျုပ်က ထပ်ပြီး လိုက်လျောပါဦးမယ်။ ဒီမယ်ရောက်ရှိနေတဲ့ လူကြီးမင်းအားလုံးက တညီတညွတ်တည်း လုပ်သင့် တယ်လို့ သဘောတူ ဆုံးဖြတ်ကြရင်တော့ ဒီကိစ္စမှာ တောင် ကျုပ်က ထိုက်သင့်သလောက် အကူအညီပေးဖို့ ရာ အဆင်သင့် ရှိပါတယ်။"

ဟု ပြောလိုက်ရာ အခန်းတွင်းရှိ ကျန်လူအားလုံးမှာ ဂေါ့ဒ်ဖားသား၏ လိုက်လျောမှုကို အံ့ဩကာ အဘိုးကြီးအား လေးစားကြည်ညိုသွားမိကြလေသည် ။ သူတို့ လုပ်ချင်သော မူးယစ်ဆေးဝါးလုပ်ငန်းတွင် ဒွန် ကော်လီယွန်နီသည် တိုက်ရိုက်ပါဝင်မည် မဟုတ်သော်လည်း လုပ်သူများအား ထိုက်သင့်သလောက် အကာအကွယ် ပေးမည်ဆိုခြင်းမှာ ပြည့်စုံလုံလောက်နေပြီဖြစ်သည် ။

နောက်ဆုံး၌ အားလုံးက သဘောတူ ဆုံးဖြတ်လိုက်ကြသည် ကား ဘာဇီနီနှင့် တာတာဂလီယာ မိသား စုများက မူးယစ်ဆေးဝါးလုပ်ငန်းကို ကြီးကြီးကျယ်ကျယ်လုပ်ကြရန်၊ 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန်နီ၏ ဩဇာဖြင့် အသင့်အတင့် ကာကွယ်ပေးရန်ပင် ဖြစ်သည် ။ အဘိုးကြီးကိုယ်တိုင်ကမူ သူ့အုပ်စုသည် ယင်းလုပ် ငန်းတွင် လုံးဝပါဝင်ခြင်း မပြုဟု ရှင်းလင်းပြတ်သားစွာ အသိပေးထားလိုက်၏။ လောင်းကစားခြင်းကို တရားဝင်ခွင့်ပြုထားသော လ

တ်စ်ဗေးဂတ်စ်မြို့ကိုကား လွှတ်လပ်သော နယ်မြေအဖြစ် သတ်မှတ်လျက် မည်သည့် ဂိုဏ်းမဆို သွားရောက် အလုပ်လုပ်ခွင့်ရှိသည် ဟု လည်း သဘောတူကြ၏။ ဂိုဏ်းအားလုံးမှ တပ်သား လူငယ်များကို တစ်ယောက်နှင့် တစ်ယောက် ကလဲ့စားချေ သတ်ဖြတ်ခြင်းမှ တားမြစ်ထိန်းကွပ်ပေးရန်ကိုလည်း အားလုံးသဘောတူ ဆုံးဖြတ်လိုက်ကြလေသည်။

အစည်းအဝေးကို နေ့လယ်စာ တည်ခင်းကျွေးမွေးခြင်းဖြင့် အဆုံးသတ်လေရာ အားလုံးက ကျေနပ်ကြ သော်လည်း ဖီးလစ်တာတာဂလီယာ တစ်ယောက်သာလျှင် စိုးရိမ်မကင်းသည့် အသွင် ဖြစ်နေလေသည်။ ယခု လတ်တလော ငြိမ်းချမ်းရေး တည်ဆောက်ရန် သဘောတူညီကြသော်လည်း နောက်ပိုင်း သုံးလေးနှစ်ခန့်အကြာ တွင် ဒွန်ကော်လီယွန်ကဲ ပြန်ပေးဆိုတိုက်ခိုက် သတ်ဖြတ်မည်ကို စိုးရိမ်ပါကြောင်း ဖွင့်ပြောလေရာ 'ဂေါ်ဒ်ဖားသား' သည် ကမ္ဘာ့ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ မိန့်ခွန်းနှင့် မခြား အလွန်ပိုင်နိုင်ချက်ကျ လှသော ပြန်ကြားချက်ကို ထပြောလေသည်။

"လူကြီးမင်းတို့ အားလုံးကို အစီရင်ခံချင်ပါတယ်။ အကြမ်းဖက်မှုကို ပြန်ကျင့်သုံးခြင်းအားဖြင့် ကျုပ် တို့ ဟာ ဆင်ခြင်ဉာဏ် ကင်းမဲ့တဲ့ လူတွေ ဖြစ်မသွားပေဘူးလား။ ကျုပ်ရဲ့ သားကြီး သေခဲ့တာကို ကံမကောင်း အကြောင်းမလှလို့ ဖြစ်တာပဲလို့ ကျုပ်က သဘောထားဖို့ အဆင်သင့်ရှိပါတယ်။ ပြီးခဲ့တဲ့ အတိတ်ကို ပြန်မတွေးတော့ဘဲ မေ့ပျောက်လိုက်ဖို့ ရာလည်း အဆင်သင့်ပါပဲ။ ရှင်းရှင်းကတော့ ကျုပ်အနေနဲ့ ပြန်

လည်ကလဲ့စား ချေ ခြင်းကို ဘယ်တော့မှ မလု ပ်ပါဘူးလို့ အခိုင်အမာ ကတိပြုလိုက်ပါတယ်။ ကျုပ်တို့ အားလုံးဟာ ရှေ့ကိုအမြင် ကျယ်ကျယ် မျှော်ကြည့်ကြဖို့ လိုပါတယ်။ ကျုပ်တို့ သားသမီးတွေ မြေးတွေရဲ့ နောင်ရေးအတွက်လည်း စဉ်းစား ကြရပါမယ်။ တစ်နေ့ ကျုပ်တို့ အဆက်အနွယ် မြေးတွေထဲက ဘုရင်ခံတို့ သမ္မတတို့ ဖြစ်မလာဘူးလို့ မပြောနိုင် ပါဘူး။ ဒါကြောင့် ကျုပ်တို့ က အကြမ်းဖက် သတ်ဖြတ်မှုတွေကို ရပ်တန်းကရပ်ပြီး စီးပွားရေးဘက်ကိုသာ အာရုံစိုက်လုပ်ကြဖို့ အချိန်ရောက်နေပါပြီ။ ငြိမ်းချမ်းစွာ ငွေကြေး ပိုမိုရရှိဖို့ အတွက် လုံးပန်းဖို့ အရေးကြီးနေကြ ပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ရှင်းရှင်းပြောချင်ပါတယ်။ ကျုပ်ဟာ အလွန်အယူသီးတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ အထူးသဖြင့် ကျုပ်ရဲ့ သား အငယ်ဆုံးနဲ့ပတ်သက်လို့ အယူသီးမှုဟာဟဲ့ လူကြီးမင်းများကို အသိပေးလိုပါတယ်။ အဲဒီသားငယ်ဟာ ကံဆိုးလို့ ဘေးရန်တစ်စုံတစ်ရာဖြစ်သွားရင် ဒီအခန်းထဲမှာ ရောက် ရှိ နေတဲ့ ပုဂ္ဂိုလ်များ ရဲ့ ပယောဂမကင်းဘူးလို့ ကျုပ်ကယူဆမှာ ဖြစ်ပါတယ်။ ကျုပ်သားက သူ့ကိုယ်သူ သတ် သေ သည် ဖြစ်စေ၊ ပင်လယ်ထဲမှာ သူ့ရဲ့ သင်္ဘောက နစ်မြုပ်သွားသည် ဖြစ်စေ ကုန်ကုန်ပြောရရင် လေကြီးမိုးကြီးကျ ရင်း မိုးကြိုးပစ်လို့ ကျုပ်သားငယ် သေသွားရင်တောင်မှ လူကြီးမင်းတို့ အထဲမှ သူ့အပေါ် မလိုမုန်းထားစိတ် ရှိတဲ့ လူ ပါနေလို့ ဖြစ်ရတာပဲလို့ ကျုပ်က သဘောထားမှာ ပဲ။ ဒီထိအောင် ကျုပ်အယူသီးကြောင်းကို သိထား စေချင်တယ်။ အဲဒီအချက်တစ်ချက်က လွဲရင်တော့ ကျုပ်ဟာ ဒီနေ့ သဘောတူတဲ့ ငြိမ်းချမ်းရေးကို ဘ

ယ်သော အခါမှ မချိုးဖောက်ပါဘူး ဆိုတာ ထပ်လောင်းပြီး ကတိဝန်ခံချက်ပေးအပ်ပါတယ် လူကြီးမင်းများ ခင်ဗျား"

ထိုနေ့ညဘက်တွင် အဘိုးကြီး 'ဂေါ်ဒီဖား သား' နှင့် ဆွေးနွေးခွင့်ရသဖြင့် တော်မီဟောဂင်သည် သူ၏ စိတ်ထဲမှ မရှင်းသောအချက်ကို မေးကြည့်မိလေသည် ။

"ဆန်နီကို ဘယ်ပုံဘယ်နည်း ကြံစည်သတ်ဖြတ်လိုက်တယ်ဆိုတာကို မစုံစမ်းပါဘူး။ ပြန်လည် ကလဲ့စားမချေပါဘူးလို့ ကတိပေးလိုက်တာကို ကျွန်တော်တော့ နားမလည်နိုင်အောင် ဖြစ်မိပါတယ်။ အခုတိုင်း ဆိုရင် ရန်သူဘက်ကို အနိုင်ပေးလိုက်တဲ့ သဘောမျိုး ဖြစ်နေတာလည်း ယုံကြည်နိုင်စရာ မရှိဘူး"

တော်မီက ပြောလိုက်သောအခါ အဘိုးကြီးသည် ကျေနပ်သဘောကျသွားဟန်ဖြင့် ခပ်အေးအေး ပြန်ပြောလေသည် ။

"အေး၊ မင်းပြောတာတွေ မှန်တယ်။ မင်းဟာ သူများ ထက်စာရင် ငါ့အကြောင်း ပိုသိတယ်။ ဒါပေမဲ့ လောလောဆယ် အရေးကြီးဆုံးက မိုက်ကယ်လ်ကို အမြန်ဆုံး ခေါ်ဖို့ ပဲ။ အဲဒါ ဦးစားပေးပြီး စီစဉ်ကြရမယ်။ မိုက်ကယ်လ် အမေရိကန်ကို ပြန်ရောက်မလာမချင်း ငါတို့ ဂိုဏ်းသားတွေကို ငြိမ်းချမ်းရေး မချိုးဖောက်ရဘူးလို့ တင်းတင်းကျပ်ကျပ် အမိန့်ပေးထားပါ။ မိုက်ကယ်လ်ကို တရားဥပဒေအရ အရေးယူ မခံရအောင်လို့ လည်း အကောင်းဆုံးရှေ့နေများနဲ့ တိုင်ပင်စီစဉ်ရမယ်။ ဒါတွေ ဘာကြောင့် စီစဉ်ရသလဲဆိုရင် မိုက်ကယ်လ်ဟာ ဆစ် စလီကျွန်းမှာ နေပေမယ့် အန္တရာယ်က လုံးလုံးကင်း

တာ မဟုတ်ဘူး ။ ဘာဇီနီဆိုတဲ့ ကောင်က ဆစ်စလီမှာ မိတ် ဆွေတွေရှိတယ်။ အခုတောင် သူ့လူတွေက မိုက်ကယ်လ်ကို ဘယ်နေရာမှာ ရှိတယ်ဆိုတာ အနံ့ခံနေကြပြီ။ နောက်တစ်ချက်က ဆန်နီကို လုပ်ကြံသတ်ဖြတ်ဖို့ စီစဉ်သူဟာ တာတာဂလီယာ မဟုတ်ဘူး ။ ဒီကောင်ကြီးက မိန်းမလျှာသာသာပဲ ရှိတယ်။ ဒီကိစ္စမှာ ဘာဇီနီရဲ့ လက်ချက် မကင်းဘူး ဖြစ်ရမယ်။ ကိုင်း၊ ဒါ တွေထားလိုက်ဦး တော်မီ၊ မင်းရဲ့ အဓိကတာဝန်က မိုက်ကယ်လ်ကို အမြန်ဆုံး ပြန်ခေါ်နိုင်အောင် ကြံစည်ဖို့ ပဲ။ ပြီးတော့လည်း ကလီမင်ဇာနဲ့ တက်ဆီယိုတို့ ရဲ့ အိမ် တယ်လီဖုန်းက ပြောတဲ့ စကားတွေ အားလုံးကို တစ်လတစ်ကြိမ် ငါ့ဆီကို စာနဲ့ ရေးပြီး ပို့ပေးနိုင်အောင် တယ်လီဖုန်းကုမ္ပဏီက တို့ လူနဲ့ ပီပီရိရိစီစဉ်ရမယ်။ ဒီလူနှစ်ယောက်ကို မယုံ သင်္ကာဖြစ်လို့တော့ ............ မဟုတ်ဘူး ။ သံသယဖြစ်စရာအကြောင်းလည်း မရှိဘူး။ ဒါပေမဲ့ ဒီလိုစီစဉ်လို့ သိရှိထားခြင်းဟာ တစ်နေ့ အသုံးဝင်လာတတ်တယ်ကွ”

ထိုနေ့ည ‘ဂေါ်ဒ်ဖားသား’ ထံမှ ပြန်ထွက်လာသောအခါ တော်မီဟေဂင်သည် အဘိုးကြီး၏ စိတ်ကူး ဉာဏ်ထက်မြက်ပုံ၊ လူတကာနှင့် ဆက်ဆံကိုင်တွယ်တတ်ပုံ၊ ရှေ့အတွက် အမြင်ကျယ်လှပုံများကို တွေးတော ချီးကျူးနေမိလေသည် ။

ထိုနေ့အဖို့ ငြိမ်းချမ်းရေးကို နိုင်မာစွာ ကတိပြုလိုက်ခြင်းသည် ။ အဘိုးကြီး၏ ရေရှည်မဟာဗျူဟာ စီမံ ကိန်းအရ စစ်မြေပြင်တွင် ခေတ္တနောက်ပြန်ဆုတ်သည့် တိုက်ခိုက်မှု နည်းပရိယာယ် မျှသာ ဖြစ်ကြောင်းကိုလည်း သ

ဘောပေါက်လာမိပါတော့သည် ။

*

## ၂၁

အီတလီနိုင်ငံ (ဆစ်စလီကျွန်း) သို့ ရှောင်တိမ်းနေရသူ သားအငယ်ဆုံး မိုက်ကယ်လ်အား အမေရိကန် သို့ စိတ်ချလက်ချ ပြန်လည်ခေါ်ယူနိုင်ရေး အစီအစဉ်ကို 'ဂေါ့ဒ်ဖားသား' သည် နောက်ထပ် အချိန်ကာလ တစ်နှစ်ကျော်ကြာမျှပင် ကြံစည်၍ အောင်မြင်ခဲ့လေသည် ။ ထိုအတော ၁အ တ ွင ်း သူနှင့် တကွ မိသားစုဂိုဏ်းဝင်များ အားလုံးက နည်းလမ်းအမျိုးမျိုး တီထွင်ကြံဆကြည့်ပါသော်လည်း ရာနှု

န်းပြည့် ပိုင်နိုင်စိတ်ချရခြင်း မရှိဟု ဆို ကာ 'ဂေါ်ဒ်ဖားသား' က အစီအစဉ်အားလုံးကို ပယ်ချခဲ့သည် ။ နောက်ဆုံး တကယ်ထိရောက်အောင်မြင်နိုင်မည့် နည်းလမ်းတစ်ခုကို ကြားဝင်စေ့စပ်ရေးသမားများ ဖြစ်သော 'ဘိုချီချိူ' မိသားစု၏ ပြဿနာ တစ်ခုကြောင့် မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရလေသည် ။

သူတို့ ထဲမှ အသက် ၂၅ နှစ်အရွယ်ရှိ 'ဖီးလက်ခ်ဘိုချီချိူ' ဆိုသူလူငယ်တစ်ဦးမှာ အမေရိကန်တွင် မွေး ဖွား ကြီးပြင်းလာခဲ့ရာမှ မိသားစု၏ အီတလီအတွေးအခေါ် ထုံးတမ်းစဉ်လာများကို လုံးလုံးမနှစ်သက်ဘဲ အမေ ရိကန်လူငယ်တစ်ဦးလိုပင် နေခဲ့၏။ မာဖီးယားလူဆိုးဂိုဏ်းများနှင့် လည်း လုံးဝ မပတ်သက်အောင်ကင်းကင်း ရှင်းရှင်းနေရကာ ကျောင်းပညာကိုသာ ကြိုးစားသင်ကြားပြီး ဥပဒေဘွဲ့ကို ဆွတ်ခူးရရှိခဲ့၏။ ဥပဒေသင်တန်း တက်နေစဉ်မှာ ပင် အမေရိကန်မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီးသုံးယောက် ထွန်းကားခဲ့ ၏။ ဖီးလက်ခ်သည် သူ၏ ဥပဒေပညာကိုသာ အားကိုးသူဖြစ်၍ ဘိုချီချိူ မိသားစုထံမှ ကူညီထောက်ပံ့မှုများ အလျဉ်းမယူဘဲ တရားသဖြင့် စင်ကြယ်သော အသက်မွေးဝမ်းကျောင်းပြုနည်းဖြင့် လုပ်ကိုင်စားသောက်သွား ရန် ဆုံးဖြတ်ထားသူလည်း ဖြစ်၏။

ထို့ကြောင့် သူသည် ရှေ့နေပေါက်စတစ်ဦး အဖြစ် ဆင်းဆင်းရဲရဲပင် နေထိုင်လျက်ရှိစဉ် တစ်နေ့ မိတ်ဆွေ ရှေ့နေတစ်ဦးက ငွေရပေါက်တစ်ခုလုပ်ရန် လာဆွယ်ခဲ့၏။ အလုပ်ကတော့ ရုတ်တရက် ကြည့်လျှင် တရားဥပဒေ နှင့် ဆန့်

ကျင်သည် ဟု ပင် မထင်ရသော အလုပ်မျိုး ဖြစ်၏။ သူ၏ မိတ်ဆွေရှေ့နေက ကုန်သည် နှစ်ဦးသည် ပေး စရာကြွေးမြီများကို မပေးဘဲ ရှောင်လိုသဖြင့် ဒေဝါလီလူမွဲစာရင်းဝင်အဖြစ် စာရင်းများ ၊ ကုမ္ပဏီနည်းဥပဒေ ဆိုင်ရာ စာရွက်စာတမ်းများ လိမ်လည်၍ လှည့်ပတ်ရေးသားလျက် ကြေညာရမည့် နည်းပင် ဖြစ်၏။ သာမန်အား ဖြင့် ယင်းလိမ်လည်မှုသည် ပေါ်ပေါက်ရန် အလွန်ခဲယဉ်းလှသဖြင့် ဖီးလက်ခ်လည်း ငွေကြေးကျပ်တည်းနေခိုက် တစ်ကြိမ်တစ်ခါလုပ်လို့ ကိစ္စမရှိတန်ရာဟု ဆိုကာ မိတ်ဆွေရှေ့နေနှင့် အတူ ကုန်သည် ကြီးနှစ်ဦး၏ လူမွဲစာရင်း လိမ်ပြုမှုတွင် ပါဝင်ကူညီလုပ်ပေးခဲ့မိ၏။ သို့သော် ကံဆိုးချင်တော့ သူတို့ ၏ လိမ်လည်မှုသည် ပေါ်သွားကာ သက် ဆိုင်ရာက တရားဥပဒေအရ အရေးယူတရားစွဲဆိုခြင်း ခံရလေသည် ။ ခက်နေပုံကား ဖီးလက်ခ်မှာ လိမ်လည်မှု တွင် စာရွက်စာတမ်းများကို အများဆုံး ရေးသားပေးခဲ့ခြင်းကြောင့် အဓိကတရားခံလို ဖြစ်နေခြင်းပင်တည်း။

တကယ့် အကျပ်အတည်းနှင့် ရင်ဆိုင်ရသောအခါ သူ၏ မိတ်ဆွေ ရှေ့နေသည် ။ မည်သို့မျှ အကူအညီ မပေးရုံမက အမှုတွင် သူမပါသယောင် ကိုယ်လွတ်ရုန်းထွက်သွား၏။ ကုန်သည် ကြီးနှစ်ဦးကလည်း ဖီးလက်ခ် က ခေါင်းဆောင် အကြံပေး၍ လုပ်ခဲ့ရပါသည် ဟု ဆိုကာ အစိုးရ (တရားလို) သက်သေများ လုပ်သွားကြသဖြင့် အပြစ်ဒဏ် အနည်းငယ်သာ ပေးခြင်းခံခဲ့ရ၏။ ဖီးလက်ခ်တစ်ဦးတည်းသာလျှင် အဓိကတရားခံအဖြစ် ထောင် ဒဏ်သုံးနှစ်ကျခံစေရန် အပြစ်ပေးခြင်း ခံခဲ့ရလေသည် ။

သုံးနှစ်ပြည့်၍ ထောင်မှ လွတ်လာသောအခါ ဖီးလက်ခ်သည် တစ်နှစ်ခန့် အေးချမ်းစွာ နေခဲ့ပြီးမှ သူသည် အီတလီလူမျိုး 'ဘိုချီချို' မိသားစုသွေးပါသူတစ်ဦးဖြစ်ကြောင်း လက်တွေ့ပြ လိုက်လေသည် ။ ပြပုံကား မည်သူမှ အသိမပေးဘဲ သူသည် သေနတ်တစ်လက် ကြံဖန်ရယူပြီးနောက် သူ့အပေါ် သစ္စာဖောက်သွားသူ မိတ် ဆွေရှေ့နေအား ပစ်သတ်လိုက်ခြင်းပင်ဖြစ်သည် ။

ထို့နောက် သူ့အပေါ် အပြစ်ပုံချသွားခဲ့သူ ကုန်သည် ကြီးနှစ်ဦးကိုလည်း မတွေ့တွေ့အောင်ရှာ၍ သတ်ပစ် လိုက်ပြီးမှ အဖမ်းခံခဲ့လေသည် ။

ဘိုချီချိုမိသားစုမှာ ယခုမှ ဖီးလက်ခ်အတွက် ဂုဏ်ယူမိကြပြီး အကူအညီပေးရန် ကြိုးစားကြလေသည် ။ သို့ရာတွင် သွေးအေးအေးဖြင့် ရက်စက်စွာ လူသုံးယောက်သတ်မှုကြီးက ထင်ရှားလွန်းသဖြင့် တရားရုံးက ပြတ်ပြတ်သားသားပင် သေစားသေစေဟု စီရင်ချက် ချမှတ်ခဲ့၏။

နောက်ထပ် အယူခံဝင်လျှင်လည်း ရှုံးရန်သေချာနေလေရာ ဘိုချီချိုမိသားစုသည် ဖီးလက်ခ်အတွက် အကူအညီရလိုရငြား(တော်မီဟောဂင်မှ တစ်ဆင့်) 'ဂေါဒ်ဖားသား' ထံ ချဉ်းကပ်ခဲ့လေသည် ။ ဖီးလက်ခ်၏ အမှုမှာ အလွန်ရှင်းလင်း ထင်ရှားလွန်းသဖြင့် မည်သို့မှ ဖေးမကူညီရန် မဖြစ်နိုင်သောကြောင့် အဘိုးကြီးသည် သူ ဘာမှ မတတ်နိုင်ပါဟု ရှေးဦးစွာ ငြင်းပယ်လိုက်၏။ သို့ရာတွင် တော်မီဟောဂင်အားခေါ်၍ အမှုသွား အမှုလာ အသေး စိတ်ကို ရှင်းလင်းပြောပြစေပြီးသည့်

နောင်တွင် ကား 'ဂေါ့ဒ်ဖားသား' သည် ဘိုချီချို မိသားစု၏ အကြီးအကဲသို့ သူနှင့် လာတွေ့ရန် ဖိတ်ခေါ်ပြီး အစီအစဉ်တစ်ရပ်ကို ဆွေးနွေးတင်ပြလေသည်။

အဘိုးကြီးက ဖီးလက်ခ်သည် အမှု၏ အခြေအနေအရ မည်သို့မှ မလွတ်နိုင်ဘဲ သေဒဏ်ကိုပင် မလွဲမသွေ ခံရမည်ဖြစ်ကြောင်း၊ သို့သော် သူ၏ ဇနီးမိသားစု နောင်ရေးအတွက် 'ဂေါ့ဒ်ဖားသား' အုပ်စုက လုံးဝ တာဝန်ယူသွားမည်ဖြစ်ကြောင်း၊ အစိုးရအရာရှိများ ကွယ်လွန်လျှင် ဇနီးက မိသားစုပင်စင် လစာငွေရသလို ဖီးလက်ခ်၏ မိသားစုအား သားသမီးများ တက္ကသိုလ်ပညာ သင်ကြားနိုင်သည် အထိ ငွေကြေးလုံလောက်စွာ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း စသဖြင့် သူကူညီမည့် အစီအစဉ်ကို ပြောပြလေသည်။

သို့ရာတွင် သူ့အနေဖြင့်လည်း အခွင့်အရေးတစ်ခု ပြန်တောင်းလေသည်။ ယင်းကား ဖီးလက်ခ်သည် လူသုံးယောက်သတ်မှုအတွက် သေဒဏ်ခံရမည့် အတူတူ ရဲမှူးကြီး မက္ကလတ်စကီးနှင့် ဆိုလိုဇိုတို့ အား သူကပင် သတ်ခဲ့ပါသည် ဟု ဖြောင့်ချက်ပေး ထွက်ဆိုရန်ပင် ဖြစ်၏။

ဖြောင့်ချက်ပေးရာတွင် လည်း ယုတ္တိရှိစေရန် ရဲမှူးကြီးကိုယ်တိုင်က ဆိုလိုဇိုနှင့် အတူ မှောင်ခိုမူးယစ် ဆေးဝါးများ ဖြန့်ချိရောင်းချရာတွင် ပါဝင်ခဲ့ပုံများကို အထောက်အထားများ နှင့် ထွက်ဆိုရမည် ဖြစ်၏။ အာဏာ ပိုင်တို့ က ယုံကြည်လက်ခံနိုင်မည့် အထောက်အထားများကိုလည်း 'ဂေါ့ဒ်ဖားသား' အုပ်စုက စီစဉ်ပေးမည် ဖြ

စ်၏။

ဤသို့ ဖြောင့်ချက်ပေးမည် ဆိုပါက ဖီးလက်ခ်၏ ဇနီးသားသမီးများ ၏ နေ့ရာင်ရေးဖူလုံရန်ကို ဂေါ့ဒ်ဖား သားက လုံးဝတာဝန်ယူမည်ဟု အခိုင်အမာ ကတိပေး လိုက်လေသည် ။

ယင်းအစီအစဉ်ကို ကာယကံရှင်ဖြစ်သော ဖီးလက်ခ်ကိုယ်တိုင် သဘောတူ လက်ခံသွားလေရာ ဂေါ့ဒ်ဖားသား၏ သားအငယ်ဆုံး မိုက်ကယ်လ်အပေါ် မူလလူသတ်မှုအတွက် ရှိနေသော သံသယများ ကင်းရှင်း ပပျောက်သွားစေရန် အခြေအနေ ဖြစ် လာလေသည် ။ မူးယစ်ဆေးဝါး မှောင်ခိုသမား ဆိုလိုဇိုနှင့် ရဲမှူးကြီး မက္ကလတ်စကီးတို့ အား သတ်ဖြတ်သူတရားခံအစစ် ပေါ် လာပြီ စသဖြင့် သတင်းစာများက အကျယ်တဝင့် ရေးသားဖော်ပြကြလေသည် ။

ဤကား 'ဂေါ့ဒ်ဖားသား' ခေါ် ဒွနကော်ယံ့ယွန်၏ စိတ်ကူးဉာဏ်ထက်မြက်ပုံ၊ စိတ်ကူးကောင်းပုံ၊ အခက်အခဲပြဿနာ ဖြေရှင်းတတ်ပုံကို ပေါ်လွင်ထင်ရှားစေသည့် သာဓကတစ်ခုပင်တည်း။

သို့ဖြစ်လင့်ကစား ဒွန်ကော်လီယွန်သည် အလွန် သေချာ စေ့စပ်သူဖြစ်သည့် အလျောက် အခြေအနေကို စိတ်ရှည်ရှည်နှင့် စောင့်ကြည့်အကဲခတ်နေခဲ့ပါသေးသည် ။ လူသတ်မှု အယူခံလွှာ အဆင့်ဆင့်တက်၍ ဆိုင်ရာက ပယ်ချကာ တရားခံဖီးလက်ခ်အား တကယ်ပင် သေဒဏ်ပေးလိုက်ပြီးတော့မှ သားလျှင် သူ့သား မိုက်ကယ်လ် အား အမေရိကန်နိုင်ငံသို့ ပြန်ခေါ်ရန် အစီအစဉ် စတင်ပြုလုပ်စေဟု အမိန့်ပေးခဲ့လေသည် ။

သူ၏ ရည်ရွယ်ချက်ကား မိုက်ကယ်လ် အမေရိကန်နိုင်ငံသို့ ပြန်လာခဲ့သော် စောစောပိုင်းက ရဲဘက်မှ လူသတ်မှုဖြင့် ဖမ်းဆီးရန် ကြံနေခြင်းများ လုံးလုံးရှင်းလင်းပပျောက်နေစေရန်ပင် ဖြစ်လေသည်။

*

## ၂၂

သူသေဆုံးခဲ့သည် မှာ တစ်နှစ်ကျော်သွားပြီ ဖြစ်သော်လည်း အဆက်ဖြစ်သူ လူစီမှာ ဆန်နီအား တသသ နှင့် သတိရတမ်းတနေမိဆဲ ဖြစ်နေသည်။

ဆန်နီ အသတ်ခံရပြီးနောက် သူ၏ ချစ်သူတစ်ဦးအဖြစ် စိတ်ထိခိုက်ရာမည်ကို သဘောပေါက်သဖြင့် 'ဂေါ်ဒ်ဖားသား' အုပ်စု၏ အကြီပေးအရာရှိ တော်မီဟေဂင်က လူစီအား စိတ်ပြေလက်ပျောက်ရှိစေရန် လတ်စ် ဗေးဂတ်

စ်မြို့သို့ ပို့လိုက်ပြီး ဟိုတယ်ကြီးတစ်ခုတွင် အလုပ်လုပ်စေခဲ့၏။ သူ၏ လစာငွေအပြင် ဂေါ်ဒ်ဖားသား မိသားစုက တစ်လလျှင် ဒေါ်လာငွေ ၆၀၀ ကိုလည်း အပိုထောက်ပံ့ပေးခဲ့သေး၏။

ပတ်ဝန်းကျင်ရှုခင်းက ပြောင်းလဲလာသည့်အပြင် ပျော်ပွဲရွှင်ပွဲတွေ များ လှသော လတ်စ်ဗေးဂတ်မြို့ တွင် တစ်နှစ်ခွဲခန့် ကြာသောအခါ လူစီ၏ စိတ်များ သည် ပြန်၍ ကြည်လင်စပြုလာသည် ။

ပို၍ စိတ်ပြေလက်ပျောက် ဖြစ်စေသည့်အကြောင်းတစ်ခုကလည်း လတ်စ်ဗေးဂတ်မြို့တွင် တွေ့ဆုံသိ ကျွမ်းခဲ့ရသူ ဒေါက်တာဆီဂယ်လ်အမည်ရှိ လူငယ်ဆရာဝန်တစ်ဦး ဖြစ်သည် ။

ဒေါက်တာဆီဂယ်လ်သည် မိတ်ဆွေတစ်ဦးမှ တစ်ဆင့် တော်မီဟောဂင်နှင့် အဆက်အသွယ်ရရှိပြီး တော်မီ ကပင် ဤဟိုတယ်ကြီး၌ ဆရာဝန်အလုပ်ရအောင် စီစဉ်ပေးခဲ့ခြင်း ဖြစ်၏။ ဒေါက်တာဆီဂယ်လ်၏ တာဝန်တစ် ခုကား လတ်စ်ဗေးဂတ်မြို့တွင် ရှိနေသူ ဂေါ်ဒ်ဖားသား၏ သားလတ်ဖရက်ဒို၏ ကျန်းမာရေးကို ကြည့်ရှုစောင့် ရှောက် ဆေးဝါးကုသပေးခြင်းပင် ဖြစ်၏။

နယူးယောက်မြို့ မှ ထွက်ခွာလာ၍ တစ်နှစ်ခွဲခန့် ရှိသောအခါ လူစီနှင့် ဒေါက်တာဆီဂယ်လ်တို့ သည် ရိုးရိုး ခင်မင်သော မိတ်ဆွေဘဝမှ တစ်ဆင့်တက်ကာ ချစ်ကြိုက်သူ့ယ်နှောင် ရည်ငံမိလာကြလေတော့သည် ။

ဆီဂယ်လ်သည် လူစီ၏ အတိတ်ကာလ ဆန်နီနှင့် ဇာတ်လမ်းကို သိသော်လည်း ယခု သူ့

အနေနှင့် တကယ့်မေတ္တာဖြင့် ချစ်မိခြင်းကြော င့် လက်ထပ်ယူပါမည်ဟု တည်ကြည်စွာ ချစ်ရေးဆိုခဲ့ခြင်း ဖြစ်၏။ ဒါကိုပင် လျှင် လူစီမှာ ကြည်နူးပီတိဖြစ်ကာ အတိတ်ကို မေ့ပျောက်စပြုလောက်အောင်ပင် စိတ်ပြေလက်ပျောက် ဖြစ်လာခဲ့ရာလေသည် ။

ဆန်နီ သေဆုံးပြီးနောက် အလွန်ငြီးငွေ့ဖွယ် ရာ ကောင်းလာခဲ့သော လူ့လောကကြီးသည် ပြန်လည်၍ သာယာစိုပြည်လာသည် ဟု လည်း ထင်ရလေသည် ။

တစ်နေ့သ၌ ဖရက်ဒိုက တယ်လီဖုန်းဖြင့် လှမ်းခေါ်လိုက်သဖြင့် ရုပ်ရှင်မင်းသား ဂျော်နီဖွန်တိန်းနှင့် သူ၏ သူငယ်ချင်း နီနိုဗာလင်တီတို့သည် လတ်စ်ဗေးဂတ်စ်သို့ ရောက် လာလေရာ လူစီကပင် သူတို့ နှစ်ယောက်နှင့် ဒေါက်တာဆီဂယ်လ်အား မိတ်ဆက်ပေးခဲ့လေသည် ။

လူငယ်ဆရာဝန် ဆီဂယ်လ်သည် ဂျော်နီဖွန်တိန်းအား ယခုလူချင်းတွေ့ဆုံ သိကျွမ်းရသော် လည်း ငယ်စဉ်ကပင် ဂျော်နီ၏ သီချင်းများကို အလွန်နှစ်သက် သဘောကျခဲ့သူ ဖြစ်၏။ ယခု ဂျော်နီက သီချင်းမဆိုနိုင် တော့လောက်အောင် အသံပျက်နေသည် ကို သိရသောအခါ ဆီဂယ်လ်က ဆရာဝန်တစ်ဦးအနေဖြင့် ဂျော်နီ၏ လည်ချောင်းကို စစ်ဆေးကြည့်ရှုလိုကြောင်း သူကူညီနိုင်လျှင် ကူညီလိုကြောင်း ပြော၏။

ဟိုးလီးဝုဒ် ရုပ်ရှင်နယ်မှ ဆရာဝန်များက သူ၏ အသံပျက်နေခြင်းကို မည်သို့မှ ကုစား၍ မရနိုင်ကြောင်း ပြောထားပြီးဖြစ်၍ ပထမ သော်ဂျော်နီသည် ဒေါက်တာဆီဂယ်လ်အား ဆရာဝန်ပေါက်စတစ်ဦးဟု ယူဆကာ အထင်

သေးသဖြင့် ငြင်းဆန်ခဲ့၏။ သို့သော် နောက်ပိုင်း ဒေါက်တာဆီဂယ်လ်သည် တစ်ချိန်က အရှေ့ဘက်ကမ်း ရိုးတန်း၌ ထူးချွန်သော ခွဲစိတ်ကုသ ရေးဆိုင်ရာ ဆရာဝန်တစ်ဦး ဖြစ်ခဲ့ကြောင်း သိရသောအခါ လက်ခံသဘောတူခဲ့လေသည် ။ သို့နှင့် ပင် ဒေါက်တာဆီဂယ်လ်သည် ဂျော်နီဖွန်တိန်းအား ဆရာဝန်စမ်းသပ်ခန်းတစ်ခု၌ သေချာ စွာ စစ်ဆေးကြည့်ရှုခဲ့၏ ။ စစ်ဆေးပြီးသောအခါ ဒေါက်တာဆီဂယ်လ်က သူသည် ဂျော်နီ့လည်ချောင်း၌ ကင်ဆာရောဂါ ဖြစ်နေမည်ကို စိုးရိမ်မိခဲ့ကြောင်း၊ ယခုတော့ ကင်ဆာမဟုတ်၊ လည်ချောင်းအတွင်း ချို့ယွင်းချက် အနည်းငယ်သာ ရှိနေသဖြင့် ခွဲစိတ်ကုသလိုက်ပါက မကြာမီ နဂိုပကတိအတိုင်း ပြန်ကောင်းသွားနိုင်မည်ဖြစ် ကြောင်း သူ၏ ထင်မြင်ချက်ကို ပြောပြသည် ။

ဂျော်နီ၏ သူငယ်ချင်း နီနိုကိုလည်း ဒေါက်တာဆီဂယ်လ်က အရက်ကို အလွန်အကျွံ မသောက်ရန်နှင့် ယခုလက်ရှိ သောက်နေသည့်နှုန်းအတိုင်း ဆက်သောက်သွားပါက နောက်ငါးနှစ်အတွင်း မုချသေရလိမ့်မည်ဟု အကြံပေးပြောလိုက်သေး၏။ နီနိုကမူ ဆရာဝန်၏ စကားကို ရယ်မောလျက် အရက်တွေ ဆက်သောက်မြဲ သောက်နေခဲ့သည် ။

လူစီမှာ ဒေါက်တာဆီဂယ်လ်အတွက် ဂုဏ်ယူဝင့်ကြွားမိသည် နှင့် အမျှ အသက်ငယ်သလောက် ဆရာ ဝန်ကောင်းပီသသော ချစ်သူအပေါ် ချစ်ခင်ကြည်ညိုစိတ်တွေ ဆတက်ထမ်းပိုးတိုး၍ လာမိလေသည် ။ ချစ်သူဘာဝ နှစ်ယောက်ချင်းလွတ်လပ်စွာ ချိန်းတွေ့ရသည့် အခါ၌ လူစီက ခန္ဓာကိုယ်ကို ပုံအပ်သော်လည်း ဒေါက်

တာဆီဂယ်လ်သည် ပေါ်ပေါ်ဆဆ အပျော်ကြံ သည် မဟုတ်ကြောင်း သိရသည် တွင် ပို၍ ပင် လေးစားချစ် ခင်ခဲ့ရပါသေးသည် ။

ပါးစပ်က ပြောရုံသာမဟုတ် ဒေါက်တာဆီဂယ်လ်သည် သူရည်ရွယ်ချက်ကို လက်တွေ့ပြသသည့် အနေ ဖြင့် များ မကြာမီ စိန်လက်စွပ်ကြီးတစ်ကွင်း ဝယ်ယူ လာပြီး စေ့စပ်ကြောင်းလမ်းသည့် အထိမ်းအမှတ်အဖြစ် ကိုယ်တိုင် လာပေးသောအခါတွင် ကားလူစီမှာ အတိုင်းထက်အလွန် ကြည်နူးပီတိ ဖြစ်ရပါတော့သတည်း။

*

## အပိုင်း (၆)

## ၂၃

အီတလီနိုင်ငံ၊ ဆစ်စလီကျွန်းသို့ တိမ်းရှောင်နေခဲ့ရသူ မိုက်ကယ်လ်သည် ငါးလမျှနေမိသောအခါ ကံကြမ္မာ၏ စီမံဖန်တီးလာခြင်းကို လူသားတို့ က တွန်းလှန်ခြင်းငှာ မစွမ်းနိုင်ခဲ့ပုံများကို နားလည်သဘော ပေါက်လာမိတော့သည် ။ လူသတ်သမား လူကာဘာရာဆိုလိုလူ၊ ရက်စက်ကြမ်းကြုတ်သော လူဝကြီး ကလီမင် ဇာလိုလူများ ဘာကြောင့် သူတို့ စရိုက်က ဤသို့ဖြစ်လာရသည် ကိုလည်

သဘောပေါက်လာမိ၏။ ဆစ်စလီကျွန်းသားများ အနေဖြင့် တရားဝင်အစိုးရကို အထင်အမြင်သေးခြင်း၊ 'အိုမာတား' ခေါ် ဆိတ်ဆိတ်နေ နှုတ်လုံရမည့် ကျင့်ဝတ်ဥပဒေကို ဖောက်ဖျက်သူများ မုန်းတီးရှုတ်ချကြခြင်း အကြောင်းများကို နားလည်လာ၏။ သူ၏ ဖခင် ကြီးမကြာခဏ ပြောလေ့ရှိသော

"လူတစ်ယောက်ဟာ သူ့ရဲ့ ဘဝကြမ္မာ ဘယ်လိုဖြစ်ရမယ်ဆိုတာ လမ်းကြောင်းတစ်ခုတည်းသာ ရှိ တယ်။ ကံကြမ္မာက ဖန်တီးတဲ့ အတိုင်းဖြစ်ရမယ်"

ဟူသော စကားကိုလည်း ပြန်လည် ကြားယောင်လာမိလေသည်။

ဆစ်စလီကျွန်းတွင် ယခုလို သူကိုယ်တိုင်လာရောက်နေထိုင်ပြီး ကျွန်းသူကျွန်းသားတို့၏ နေပုံထိုင်ပုံ၊ တွေးခေါ်ယူဆပုံ၊ တစ်ဦးနှင့် တစ်ဦးဆက်ဆံကြပုံများကို အနီးကပ် လေ့လာခွင့်ရရှိတော့မှ သာ အထက်ဖော်ပြပါ အချက်များနှင့် တကွ သူ့ဖခင် မိသားစုအပါအဝင် အမေရိကန်ပြည်ရှိ အီတလီလူမျိုးအနွယ်များ ၏ သဘာဝစရိုက် ကို နားလည်သဘောပေါက်ခဲ့မိခြင်း ဖြစ်လေသည်။

မိုက်ကယ်လ် ရောက်ရှိနေသော ဒေသကား ဆစ်စလီကျွန်း 'မာဖီးယား' လူဆိုးဂိုဏ်းကြီးက တိုက်ရိုက် ကြီးစိုးနေသည့် ပြည်နယ်တစ်ခု၏ အလယ်ဗဟိုပင် ဖြစ်၏။ သူ၏ ဖခင်ကြီး၏ ဇာတိချက်ကြွေ ကျေးရွာရှိသော ဒေသလည်း ဖြစ်၏။ ထိုဒေသရှိ မာဖီးယားခေါင်းဆောင်မှာ သူ့ဖခင် ဒွန်ကော်လီယွန်က ကျေးဇူးပြုခဲ့ဖူးသူ ဖြစ် သည့် အလျောက် မိုက်ကယ်လ်အား သူ၏

ဦးရိုးတော် တိုမာဆီနိုဆိုသူ၏ နေအိမ်တွင် အထူးဧည့်သည် တော် အဖြစ် ကောင်းစွာ လက်ခံပြုစုထားခဲ့၏။ တိုမာဆီနိုမှာ လည်း ဒွန်ဘွဲ့ရ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး သူတို့ ဒေသ၏။ ဆိပ်ကမ်းနယ်မြေကို ကြီးစိုးသူလည်း ဖြစ်၏။

သူ့နယ်တွင် အထူးသြဇာရှိသဖြင့် ဘေးအန္တရာယ်တစ်စုံတစ်ရာကြောက်စရာ မရှိသော်လည်း မိုက် ကယ်လ် ရောက်ရှိနေခြင်းကို လျှို့ဝှက်ထားသင့်သေးသည် ဟု ယူဆသဖြင့် သူ၏ ဦးလေးတော်သူ ဒေါက်တာ ဇာ အမည်ရှိ အသက် ၇၀ အရွယ် ဆရာဝန်အဘိုးကြီး၏ ခြံဝင်းကျယ်ကြီးအပြင်ဘက်သို့မထွက်ရန် မိုက်ကယ်လ် အား တားမြစ်ထားခဲ့၏။

ဒေါက်တာဇာက မကြာခဏ ညဘက် စကားထိုင်ပြောကြရင်း အီတလီပြည်၌ မာဖီးယားဂိုဏ်း စတင်ပေါ် ပေါက်လာခဲ့ရပုံ ရာဇဝင် သမိုင်းကို ပြောပြခဲ့၍ လည်း မိုက်ကယ်လ်မှာ ဆစ်စလီကျွန်းသားတို့ ၏ တွေးခေါ်ယူဆပုံများ အကြောင်း ပိုမိုနားလည် သိရှိလာခဲ့ခြင်း ဖြစ်၏။

လူတစ်ယောက်သည် မိမိ၏ ထိခိုက်နစ်နာချက်ကို တရားဥပဒေအရ ရဲဘက်သို့ တိုင်ကြားခြင်းဖြင့် တရားမျှတသော စီရင်မှု မရနိုင်ဟု ဆစ်စလီကျွန်းသားတို့ က ယုံကြည်ရာမှ မာဖီးယားဂိုဏ်းသည် ပေါ်ပေါက် လာခဲ့ရခြင်း ဖြစ်၏။

ထိုအရပ်၌ မိန်းမများ သည် ပင်လျှင် သူတို့ယောကျ်ားကို သတ်သွားသူ၊ သူတို့ သမီးပျိုအား ဗလက္ကာရ စော်ကားသူများ ၏ အမည်ကို

ရဲသို့ပြောလေ့မရှိ၊ တိုင်ကြားခြင်းလည်း မပြုကြခြင်းမှာ တိုင်ကြား၍ လည်း ထိထိ ရောက်ရောက် အရေးယူမှု မရှိသလောက် နည်းပါးလှခြင်းကြောင့် ပင် ဖြစ်၏။

မာဖီးယားဂိုဏ်းသို့ သွားရောက်တိုင်ကြားလျှင်ကား မတရားမှုပြုခဲ့သူ တရားခံသည် ဘယ်လိုမှ ပြေး မလွတ်ဘဲ ရက်ရက်စက်စက် 'ဆုံးမ' ခြင်းခံရတတ်၏။ ဤကား ရှေးတစ်ချိန်က ဆစ်စလီကျွန်း၏ အခြေအနေ ဖြစ်လေရာ ဒွန်ကော်လီယွန်းကဲ့သို့ ဆစ်စလီတိုင်းရင်းသားများ အမေရိကန်သို့ သွားရောက်အခြေစိုက် နေထိုင် ကြသောအခါ ထိုနိုင်ငံတွင် လည်း အလားတူ တရားဝင်အစိုးရက တရားမျှတစွာနှင့် ထိရောက်စွာ ကာကွယ်ပေး နိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်ကြသဖြင့် 'မာဖီးယား' ဂိုဏ်းများ သည် ဆစ်စလီကျွန်းမှာ ကဲ့သို့ အမေရိကန်၌ ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်ပေသည်။

မိုက်ကယ်လ်သည် ယခု သူကိုယ်တိုင် ဆစ်စလီကျွန်းသို့ လာရောက်နေထိုင်ရတော့မှ ပင် သူ့ဖခင်ကြီး 'ဂေါ့ဒ်ဖားသား'၏ အယူအဆ သဘောထားများကိုလည်း ပိုမိုရှင်းလင်းစွာ နားလည်လာမိပါတော့သည်။

***

နံနက်ခင်းနှင့် နေ့ခင်းပိုင်းတွင် မိုက်ကယ်လ်သည် ပတ်ဝန်းကျင်အနီးအနားရှိ တောစပ်များ သို့ အညောင်းပြေ လမ်းလျှောက်ထွက်ခွင့် ရသော်လည်း အိမ်ရှင် တိုမာဆီနိုက သူတစ်ယောက်တည်း မလွှတ်ဘဲ လက်နက်ကိုင် သက်တော်စောင့်များ ဖြစ်သူ ကာယ်လိုနှင့် ဖာဘရီ

ဇီယိုဆိုသူ နှစ်ဦးကို ထက်ကြပ်မကွာလိုက်ပါစေတတ်၏။ ထိုလူနှစ်ယောက်မှာ သေနတ်ကို လက်ကမချဘဲ နေ့ရော ညပါ မိုက်ကယ်လ်၏ ကိုယ်ရံတော်များ အဖြစ် စောင့်ရှောက်ရန် တာဝန်ပေးထားခြင်း ခံရသူများ ဖြစ်ကြ၏။

ထိုသို့ လမ်းလျှောက်ထွက်ကြရင်းနှင့် တစ်နေ့ သစ်သီးများ စိုက်ပျိုးထားသော ဥယျာဉ်ခြံကြီးတစ်ခု အနီး လိမ္မော်သီး လာဆွတ်ခူးသူ မိန်းကလေးတစ်သိုက်နှင့် ဆုံမိကြရာ တစ်ယောက်သော မိန်းမပျိုမှာ အလွန် ထူးခြားစွာ လှပချောမောရုံမက အသားရေ၊ မျက်ခုံး၊ မျက်လုံး နှာတံ၊ နှုတ်ခမ်းမှ စ၍ မိုက်ကယ်လ်၏ အသည်း နှလုံးကို ချက်ချင်း ဆွဲကိုင်လှုပ်ရှားသွားသကဲ့သို့ ရှိတော့သည်။

ရှင်းရှင်းကတော့ မိုက်ကယ်လ်သည် ထိုမိန်းမပျိုကလေးအား မြင်မြင်ချင်း မကြုံစဖူးသော တပ်မက် မှုမျိုးဖြင့် ချစ်ခင်စုံမက်မိသွားတော့သည်။ ထိုကလေးမအပေါ် သူ၏ လိုချင်တပ်မက်မှုဆန္ဒသည် မည်မျှပြင်း ထန်ပါသနည်းဟူမူ ထိုအချိန်၌ မိုက်ကယ်လ်၏ စိတ်ထဲမှ အမေရိကန်ပြည်တွင် ကျန်ရစ်သော ချစ်သူကေးကိုပင် လုံးလုံးမေ့လျော့သွားသည် အထိ စွဲလမ်းတပ်မက်ခြင်းမျိုး ဖြစ်လေသည်။

ကိုယ်ရံတော်များ ဖြစ်သော ကယ်လိုနှင့် ဖာဘာရီဇီယိုတို့ ၏ အကူအညီဖြင့် ချက်ချင်းပင် လိုက်လံစုံစမ်း ကြည့်သောအခါ မိန်းကလေး၏ အမည်မှာ အပေါ်လိုနီယာဖြစ်ပြီး မြို့တွင်းမှ စားသောက်ဆိုင်တစ်ဆိုင်ပိုင်ရှင် ဗီတယ်လီဆိုသူ၏ သမီးဖြစ်ကြောင်း သိရလေသည်။

မိုက်ကယ်လ်သည် ကြာရှည်ဆိုင်းမနေ

တော့ဘဲ ကိုယ်ရံတော်နှစ်ဦးနှင့် အတူ အဆိုပါ စားသောက်ဆိုင်သို့ သွား၍ ဆိုင်ရှင် ဗီတယ်လီ အား တဲ့ တိုးကြီးပင် သူ၏ လိုအင်ဆန္ဒကို ပြော ချလိုက်တော့သည် ။

"ကျွန်တော့်နာမည်က မိုက်ကယ်လ်ပါ။ ကျွန်တော်တို့ တိုင်းပြည်က ရဲကိုရှောင်တဲ့ အနေနဲ့ ဆစ်စလီမှာ လာနေသူဖြစ်ပါတယ်။ ဒီအကြောင်းကို ခင်ဗျားက အီတလီရဲကို သွားသတင်းပေးလိုက်ရင် ဆုငွေတော်တော် များများ ရပါလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားသမီးလေးဟာ လင်ကောင်းတစ်ယောက် မရမီ ဖအေမဲ့ ဖတဆိုးသမီး ကလေး ဖြစ်သွားနိုင်တယ်။ အဓိက အကြောင်းကတော့ ကျွန်တော်ဟာ ခင်ဗျားသမီးနဲ့ တွေ့ဆုံစကားပြောချင် ပါတယ်။ ဒါဟာ အပျော်ကြံတဲ့ သဘော မဟုတ်ပါဘူး။ သူက သဘောတူရင် တရားဝင် ထိမ်းမြားလက်ထပ် ယူပါမယ်။ သူက သဘောမတူလက်မခံဘူးလို့ ငြင်းရင်လည်း ကျွန်တော်ဟာ လုံးလုံးရှောင်ထွက်သွားပါမယ်"

မိုက်ကယ်လ်က ပြတ်ပြတ်သားသား ပြောချလိုက်သည် ကို သက်တော်စောင့်နှစ်ဦးတို့ ကပင် အံ့ဩချီး ကျူးမိလေသည် ။ စောစောက သမီးအကြောင်း လာပြော၍ ဒေါသဖြစ်နေသယောင် ရှိခဲ့သူ ဗီတယ်လီသည် လည်း မိုက်ကယ်လ်၏ ရဲတင်းပွင့်လင်းစွာ ပြောလိုက်သောသတ္တိကြောင့် စိတ်တစ်မျိုး ပြောင်းသွားပုံရလေသည် ။

***

နောက်ပိုင်းတွင် ကား အဖြစ်အပျက်တို့ သည် လျင်မြန်စွာ ဖြစ်ပျက်သွားကြလေသည် ။

မိုက်ကယ်လ်သည် သူ့အား တာဝန်ခံ စောင့်
ရှောက်သူ ဒွန်တိုမာဆီနီအား အကျိုးအကြော
င်းကို ပွင့် လင်းစွာပင် ဖွင့်ပြောလိုက်ပြီး အပေါ်
လိုနီယာအမည်ရှိ မိန်းကလေးအား သူသည်
တမ်းတမ်းစွဲဖြစ်နေ၍ လက်ထပ်ထိမ်းမြှားမည့်
အကြောင်း၊ ထို့ကြောင့် ဦးရီးတော်က လိုအပ်
သမျှကို စီစဉ်ပေးပါမည့် အကြောင်း တောင်း
ဆို လိုက်လေသည် ။ ဘိုမာဆီနီမှာ လည်း မည်
သို့မှ မတတ်သာဘဲ မိုက်ကယ်လ်၏ တောင်းဆို
ချက်ကို လိုက်လျောရလေတော့သည် ။

မိုက်ကယ်လ်အတွက် လတ်တလောသုံးရန်
အယ်လ်ဖာအမျိုးအစား တစ်ပတ်ရစ် မော်
တော်ကားတစ်စီး ဝယ်ပေးပြီး မိန်းကလေးအ
တွက် လက်ဆောင်များ ဝယ်ပေးရန်လည်း လို
သမျှငွေကြေးကို ထုတ်ပေး၏။ မိုက် ကယ်လ်
သည် အလှန်လှပသော ရွှေဆွဲကြိုးကြီးတစ်ကုံး
ကို လက်ဆောင်အဖြစ် ဝယ်သွားလျက် မိန်းက
လေးသို့ သွားရောက်မိတ်ဆက်ခဲ့သည် ။ ကံ
အားလျော်စွာ လူချင်းတွေ့ဆုံးကြရသောအခါ
က လေးမ အပေါ်လိုနီယာသည် မိုက်ကယ်လ်
အား စိတ်ဝင်စားပုံရကာ ကောင်းစွာ လက်ခံစ
ကားပြောခဲ့သည် ။

ထို့နောက် မိုက်ကယ်လ်က နေ့စဉ်ရက်ဆ
က် မိန်းကလေး အိမ်သို့သွားခဲ့ရာမှ တစ်နေ့ ဖွင့်
ဟချစ်ရေးဆို ပြီး လက်ထပ်ခွင့် တောင်းဆို
သောအခါ သဘောတူညီမှုရသဖြင့် မင်္ဂလာလ
က်ထပ်ပွဲကို စီစဉ်ကြရလေတော့ သည် ။

ထိုအတောအတွင်း ဘိုမာဆီနီသည် အမေရိ
ကန်ပြည်ရှိ ဂေါ်ဒ်ဖားသားထံ ဆက်သွယ်အစီရ
င်ခံပြီး ဖြစ်သည် ။ ကန့်ကွက်ခြင်း မပြုသော်လ

ည်း လုံခြုံရေးအစီစဉ်ကို သတိပြုပါဟု ညွှန်ကြားလိုက်သဖြင့် မင်္ဂလာ လက်ထပ်ပွဲကို လုံခြုံရေးအစောင့်အရှောက် ကျပ်တည်းစွာဖြင့် ကျင်းပခဲ့ကြရလေသည် ။

လက်ထပ်ပြီးသည့် မင်္ဂလာဦးညကိုကား မိုက်ကယ်လ်သည် တစ်သက်တာတွင် မေ့မပျောက်၍ ရမည် မဟုတ်ချေ။ အပေါလိုနီယာမှာ ကျန်းမာ သန်စွမ်းပြီး ဖူးပွင့်စပန်းကဲ့သို့ အလွန်နုပျိုလန်းဆန်းသော ကညာပျို ဖြစ်လေရာ မိုက်ကယ်လ်မှာ ပန်းအလှကလေးကို မခူးရက်သလို အားတုံ့အားနာပင် ဖြစ်မိခဲ့သေးသည် ။ သို့သော် ထိုညက သူတို့ မောင်နှံ ဖဲစက်ရာသဏ္ဌာထက်၌ တူနှစ်ကိုယ် ရွှေဂဟေဆက်ကာ ပေါင်းဖက်ကြည်နူး ချစ်ရည်လူးခဲ့ ကြရပုံကား မိုက်ကယ်လ်အဖို့ မကြုံစဖူး ထူးကဲစွာသော ခံစားမှုတစ်မျိုးကို ရရှိခဲ့ပေသည် ။

ထိုသို့မင်္ဂလာဆောင်ပြီးစ ရက်ပိုင်းများကား မိုက်ကယ်လ်အဖို့ တစ်သက်တာတွင် မေ့မပျောက်၍ မရနိုင် အောင် အထူးပင် ပျော်ရွှင်ကြည်နူးရွှင်မြူးပီတိ ဖြစ်ခဲ့ရသော အခါကာလပင် ဖြစ်ခဲ့ပါသတည်း။

***

တစ်နေ့သ၌ မိုက်ကယ်လ်သည် ကျေးရွာမှ ဖီလိုမီနာအမည်ရှိ ဝမ်းဆွဲသည် မိန်းမကြီးတစ်ဦးနှင့် ဆုံမိကြရာ ထိုအမျိုးသမီးက 'ဂေါ့ဒ်ဖားသား' နှင့် သိခဲ့ဖူးသည် ဆိုပြီး မိုက်ကယ်လ်အား နှုတ်ဆက်စကား ပြော လေသည် ။ ထိုမိန်းမကြီးထံမှ ပင် လူကာဘရာဆီဆိုသူ၏ အတိတ်က ဇာတ်ကြောင်းတစ်ခုကို သိခဲ့ရလေသည် ။

လွန်ခဲ့သော နှစ်ပေါင်း (၃၀) ခန့်က ဗီလိုမီနာသည် နယူးယောက်မြို့ တွင် ဝမ်းဆွဲလုပ်ခဲ့၏။ ထိုအချိန်က ပင် လူကာဘာရာဆီသည် အလွန်ရက်စက် ကြမ်းကြုတ်သော လူမိုက်တစ်ယောက်အဖြစ် နာမည်ကြီးနေလေ သည် ။

တစ်နေ့တွင် သူနှင့် ကိုယ်ဝန်ရသော မိန်းကလေးကို သွေးနုသားနုနှင့် ပင် လူကာဘာရာဆီက သတ်ပစ် ခဲ့ရာ ရဲက လူသတ်မှုဖြင့် ဖမ်းဆီးချုပ်နှောင်ခဲ့သည် ။ အချုပ်ခန်းတွင်း၌ လူကာဘာရာဆီက သူ့ကိုယ်သူ သေ ကြောင်းကြံသော်လည်း မအောင်မြင်ဘဲ ဆေးရုံသို့ ရောက်ခဲ့ရ၏ ။

ထိုအချိန်၌ ဒွန်ကော်လီယွန်က ဝင်ရောက်လာပြီး အဘက်ဘက်က ကြံဖန်စီစဉ်ကူညီလေရာ အမှုမှာ သက်သေအထောက်အထား မခိုင်လုံဘဲ တရားခံလူကာဘာရာဆီအား လွှတ်ခဲ့ရသည် ။ ယင်းနောက်ပိုင်းတွင် လူကာဘာရာဆီသည် 'ဂေါ့ဒ်ဖားသား'၏ ဂိုဏ်းတွင် အလွန်သစ္စာရှိပြီး သတ္တိကောင်းလှသော တပ်သားကောင်းဖြစ်လာတော့သည် ဆို၏။

နောက်တစ်နေ့တွင် မိုက်ကယ်လ်သည် အိမ်ရှင် တိုမာဆီနိုနှင့် ဆွေးနွေးရန် စောင့်နေခိုက် အဘိုးကြီးက မြို့ထဲမှ ပြန် လာပြီး အမေရိကန်မှ အလွန်ကြေကွဲဖွယ်ရာ သတင်းတစ်ခု ရောက်ရှိလာကြောင်း ပြောလေသည် ။ ထိုသတင်းကား ဂေါ့ဒ်ဖားသား၏ သားကြီးဆန်နီ အသတ်ခံရသည့် သတင်းဆိုးပင်တည်း။

*

## ၂၄

အခြေအနေအရ မိုက်ကယ်လ်၏ လုံခြုံရေးအတွက် အခြားတစ်နေရာသို့ ရွှေ့ပြောင်းထားရန် လိုအပ် သည် ဟု ယူဆသဖြင့် ဒွန်ဒိုမာဆီနိုသည် နောက်တစ်နေ့တွင် ဆစ်စလီကျွန်းတောင်ဘက်ကမ်းခြေရှိ မြို့ကလေး တစ်မြို့သို့ သွားစေရန် အစီအစဉ်များ ပြုလုပ်လေသည် ။

ထို့ကြောင့် မိုက်ကယ်လ်သည် ခရီးထွက်ရန်အတွက် အလျင်အမြန် ပြင်ဆင်နေလေသည် ။ သူနှင့် အတူ ကိုယ်ရံတော်သက်တော်စောင့်များ ဖြစ်သူ ကယ်လိုနှင့် ဖာဘရီဇီယိုတို့ က လိုက်ပါမည်ဖြစ်ပြီး သူ၏ ချစ်ဇနီး အပေါလိုနီယာကမူ မိဘများ ထံ ရက်သတ္တတစ်ပတ်ခန့် ပြန်ပြီးမှ မိုက်ကယ်လ်ရှိရာသို့ လိုက်လာရန် စီစဉ်ထား လေသည် ။

ခရီးထွက်မည့် နံနက်တွင် မိုက်ကယ်လ်သည် အိမ်ပေါ်ထပ်မှ နေ၍ လှမ်းကြည့်လိုက်ရာ တပည့်ကျော်နှစ် ဦးအနက် ဖာဘရီဇီယို တစ်ဦးတည်းသာ မြင်မိသဖြင့် ဂိုဒေါင်ထဲမှ ကားကို ထုတ်ခိုင်း လိုက်လေသည် ။ ကယ်လို ဆိုသူကမူ မီးဖိုချောင်ထဲတွင် ကော်ဖီသောက်နေသည် ဟု ဆို၏။ ထို့နောက် မိုက်ကယ်လ်သည် ရေမိုးချိုး အဝတ်အစားများ လဲနေသည် ။

ခဏမျှကြာသောအခါ ကယ်လိုဆိုသူ ရောက် လာပြီး မော်တော်ကားအိမ်ရှေ့ဝင်းခြံထဲတွ

င် ရောက်နေပြီ ဖြစ်ကြောင်း လာပြောလေသ ည်။

မိုက်ကယ်လ်က သူ့ဇနီး ဘယ်မှာ နည်းဟု မေးသောအခါ ကယ်လိုသည် ပြုံးရယ်ရင်း

"အပေါ်လိုနီယာက မော်တော်ကားမောင်းတဲ့ နေရာမှာ ဝင်ထိုင်နေတယ် ဆရာရဲ့ ။ သူဟာ အမေရိကန် ကို မသွားရခင် အမေရိကန် အမျိုးသမီးနဲ့ တူအောင် ကားမောင်းလေ့ကျင့်မလို့ နဲ့ တူပါတယ်"

ဟု ပြောလေသည်။

စင်စစ် ဆစ်စလီကျွန်းမှ တိုင်းရင်းသူများ မော်တော်ကားမောင်းလေ့မရှိကြချေ။ မိုက်ကယ်လ်က သာ ချစ်ဇနီးအား မော်တော်ကား စတီယာရင်ကို ကိုင်စေကာ ကားမောင်းနည်းကို အနည်းအကျဉ်း သင်ပြပေးခဲ့ဖူး ၏။

ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ အိမ်ရှေ့ဆင်ဝင် ရှေ့ခပ်လှမ်းလှမ်းတွင် မော်တော်ကားရပ် ထားပြီး ကားပေါ်တွင် ကား ပျော်ရွှင်ကျေနပ်စွာဖြင့် မော်တော်ကား စတီယာရင်ကိုကိုင်ကာ ထိုင်နေသော အပေါ် လိုနီယာကို မြင်ရလေသည်။ ထိုအချိန်၌ ဖာဘရီဇီယို အမည်ရှိ ကိုယ်ရံတော်သည် ဝင်းခြံပြင်ဘက်သို့ ခပ်သုတ် သုတ် ထွက်သွားသည် ကိုလည်း လှမ်းမြင်လိုက်ရသဖြင့် အံ့အားသင့်သွားမိ၏။

ခရီးထွက်ခါနီးဆဲဆဲ သူက ဘယ်ကိုများ သွားရလေသနည်း။ ဖာဘရီဇီယို၏ မျက်နှာအမူအရာကလည်း တစ်စုံတစ်ခုကို စိုးရိမ်တုန်လှုပ်နေပုံရသဖြင့် ထူးဆန်းသည် ဟု ထင်လိုက်မိ၏။

မိုက်ကယ်လ်သည် အဝတ်အစားလဲပြီးသဖြ
င့် အိမ်ရှေ့တံခါးမှ ထွက်လာလျက် မော်တော်
ကားဆီသို့ လျှောက်သွားမည်ပြုစဉ်မှာ ပင် ချစ်
ဇနီး အပေါ်လိုနီယာက ခြေဟန်လက်ဟန်ဖြင့်
လျှောက်မလာဘဲ ရပ်နေရန်နှင့် သူမကိုယ်တိုင်
ကားမောင်းပြီး သူရှိရာသို့ လာခဲ့မည်ဟု အချ
က်ပြလိုက်သဖြင့် ရပ်နေမိလေသည် ။ ကိုယ်ရံ
တော် နှစ်ဦးအနက် ကယ်လိုက ကားဘေးနား
တွင် ရပ်နေပြီး ဖာဘရီဇီယို ဆိုသူကိုမူ အရိပ်
အယောင်မှ မတွေ့ရချေ။ ကလေးမ အပေါ်လိုနီ
ယာသည် မော်တော်ကားကို ကျကျနန မောင်း
ထွက်ရန် ပြင်ဆင်နေလေပြီ။

မိုက်ကယ်လ်သည် ပြုံးရယ်ကာ ရပ်ကြည့်
နေရင်းက ဘယ်လိုကြောင့် မှန်းမသိ ဖြစ်လတ္တံ့
သော အန္တရယ် ကို ရုတ်တရက် စိတ်ထဲစဉ်းစား
မိလိုက်သဖြင့် ထိတ်လန့်တကြားနှင့် ဇနီးသည်
အား

"ဟေ့၊ ကားကို မမောင်းနဲ့၊ မမောင်းနဲ့ "

ဟု သံကုန်ဟစ်အော်၍ သတိပေးလိုက်ပါ
သော်လည်း စက္ကန့်ပိုင်းမျှ နောက်ကျသွားလေ
သည် ။ အပေါ်လို နီယာ မော်တော်ကားစက်နှိုး
ရန်သော့ကိုဖွင့်လိုက်သည် နှင့် ပြင်းထန်စွာ
ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာကာ မိုက်က
ယ်လ် ကိုယ်တိုင်ပင်လျှင် ဆယ်ပေခန့်ထိအောင
လွင့်စဉ်သွားလေသည် ။ သူ၏ မော်တော်ကား
မှာ လည်း ဘီးလေးဘီနှင့် အောက်ခြေရှပ်ချော
င်းကြီးများမှ လွဲ၍ ဘာမှ မကျန်တော့ကြောင်း
ကိုသာ မြင်လိုက်ရပြီးနောက် သူသည် လည်း
သတိမေ့မြောသွားပါတော့သည် ။

***

သတိပြန်ရလာသောအခါ မှောင်နေသော အခန်းတစ်ခန်းထဲ ရောက်နေပြီး သူ၏ အနား မှ စကား ပြောသံများ ကြားနေရလေသည်။ အသံများကို နားထောင်ကြည့်ရခြင်းအားဖြင့် ဒွန်တိုမာဆီနိုနှင့် ဒေါက်တာ ဇာ တို့ ၏ အသံများ ဖြစ်ကြောင်း သိသာလေသည်။

မိုက်ကယ်လ် သတိပြန်ရလာမှန်း သိသည်နှင့် တစ်ပြိုင်နက် တိုမာဆီနိုက

“အဲဒီနေ့မနက်က ဂိုဒေါင်ထဲကကားကို သွားထုတ်တာဟာ ဖာဘရီဇီယို ဆိုတဲ့ အကောင် မဟုတ်လား”

ဟု မေးလေရာ မိုက်ကယ်လ်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။ ဤတွင် တိုမာဆီနိုက ဤသို့ ဆက်ပြောလေသည်။

“ဖာဘရီ ဇီယိုဟာ အဲဒီအချိန်ကစပြီး ရှာလို့ မတွေ့တော့ဘူး။ လုံးလုံး ပျောက်နေတယ်။ ဘာပဲဖြစ်ဖြစ် လေ မင်း သေချာနားထောင်ပါ။ မင်းသတိမေ့နေတာဆိုရင် တစ်ပတ်နည်းပါးတောင် ရှိသွားပြီ။ အားလုံးက တော့ မင်း သေသွားပြီလို့ ထင်နေကြတယ်။ ဒါကြောင့် အခု မင်းရဲ့ လုံခြုံရေးအတွက် စိုးရိမ်စရာ မလိုဘူး။ အခု ရောက်နေတဲ့ နေရာကလည်း ငါတို့ ပိုင်ဆိုင်တဲ့ တောင်ပေါ်က ယာတဲတစ်ခုဖြစ်တယ်။ ဘယ်သူမှ မသိတဲ့ အတွက် အလွန်စိတ်ချရတယ်။ မင်းရဲ့ ဖခင်ကြီးဆီကိုလည်း သတင်းပို့ပြီးလို့ သူ့ဆီက ညွှန်ကြားချက်တွေ ပြန်ပေးလိုက်တယ်။ စောစောပိုင်းက ငါ့ကို ရန်လုပ်တဲ့ အုပ်စု ဟာ ၁ အခုတော့ မင်းသေပြီထင်လို့ ငါနဲ့ ငြိမ်းချမ်းရေးလာစေ့စပ် ကြတယ်။ ဒါကြောင့် မင်းကို သတ်ဖို့ ရာ သူတို့ က စောစောကတည်းက ကြံစည်နေခဲ့ကြောင်း ထင်ရှားတယ်။ မ

င်း ကျန်းမာအောင်သာ ဂရုစိုက်ပါ"

လိုအချိန်၌ မိုက်ကယ်လ်မှာ ကောင်းစွာ သတိရနေပြီဖြစ်သည် ။ မော်တော်ကားစက်နှိုးရန် သော့ဖွင့်သည် ခလုတ်နှင့် ဗုံးကို ဆက်ထားခြင်းကြောင့် သော့ဖွင့်လိုက်သည် နှင့် ဗုံးပေါက်ကွဲကာ သူ၏ ချစ်ဇနီး အပေါလိုနီယာ နှင့် ကိုယ်ရံတော် ကယ်လို အရိုးတခြား အသားတခြားဖြစ်ကာ သေဆုံးခဲ့ရရှာပြီဖြစ်ကြောင်းကိုလည်း သိနေပြီ ဖြစ်၏။

ထို့ကြောင့် မိုက်ကယ်လ်သည် ။ ဒွန်တိုမာဆီနိုဘက်သို့လှည့်၍

"ဖာဘရီဇီယို ဆိုတဲ့ အကောင်ကို ဖမ်းပေးနိုင်ရင် ဆုငွေကောင်းကောင်း ပေးမယ်လို့ ကြေညာလိုက် စမ်းပါ"

ဟု ပြောလိုက်ပြီးမှ တစ်ဆက်တည်းမှာ ပွင့်

"ကျွန်တော့်ဖခင်ကြီးဆီ အကြောင်းကြား ပေးပါ။ ကျွန်တော့်ကို အမြန်ဆုံး အမေရိကန်ပြန် နိုင်အောင် စီစဉ်ပေးပါလို့ ။ ပြီးတော့လည်း ကျွန်တော်ဟာ ဂေါ့ဒ်ဖားသားရဲ့ သား ပီသစွာ နေပါတော့မယ်လို့ လည်း ပြော လိုက်ပါ"

ဟု ပြော လိုက်လေသည်။

သို့သော်လည်း မိုက်ကယ်လ်သည် တစ်လခန့်ကြာမှ ကောင်းစွာပြန်ကျန်းမာ လာပြီး သူ အမေရိကန်သို့ ပြန်သွားနိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုများ နှင့် စာရွက်စာတမ်းများ စီစဉ်ပြုလုပ်ရသည် မှာ နောက်ထပ် နှစ်လခန့် ကြာသွားပါသည် ။

နောက်ဆုံး အားလုံးအဆင်သင့် ဖြစ်တော့မှသာ မိုက်ကယ်လ်သည် ဆစ်စလီမှ ရောမမြို့သို့ သွားရပြီး ရောမမှ တစ်ဆင့် လေယာဉ်ဖြင့် န

ယူးယောက်မြို့ သို့ ပြန်သွားနိုင်ခဲ့လေသည် ။

ယခုအချိန်အထိ ဖာဘာရီဇီယိုဆိုသူသည် မည်သို့မှ ရှာမတွေ့အောင် ခြေရာပျောက်နေခဲ့လေသည် ။

*

## အပိုင်း (၇)

### ၂၅

ကေးအာဒမ်သည် တက္ကသိုလ်မှ ဘွဲ့ကိုရခဲ့ပြီးနောက် သူ၏ ဇာတိနယူးဟမ်ရှိုင်းယားမြို့ကလေးတွင် ကျောင်းဆရာမအလုပ် ဝင်လုပ်နေလေသည် ။ ချစ်သူ မိုက်ကယ်လ် ပျောက်သွားပြီးနောက် သူမသည် အပတ်စဉ် လိုလို မိုက်ကယ်လ်၏ မိခင်ကြီးထံ ဖုန်းဆက်သတင်းမေးခဲ့၏။ သို့ရာတွင် အဘွားကြီး ဆက်တိုင်းလိုလို “မင်းလိုလိမ္မာတဲ့ ကလေးမတစ်ယောက်အနေနဲ့ မိုက်ကယ်လ်ကို မေ့ပစ်လိုက်ပြီး ယော

ကျားကောင်းကောင်း တစ်ဦးနဲ့ အိမ်ထောင်ပြုလိုက်ပါတော့ကွယ်" ဟု ချည်း ပြောတတ်သဖြင့် နောက်ပိုင်း ကေးက ဖုန်းမဆက်တော့ဘဲ နေခဲ့သည် ။

ယခုအချိန်က အတော်ကြာသွားပြီဖြစ်ရာ တစ်နေ့သ၌ ကေးသည် နယူးယောက်မြို့တွင်းသို့ ဈေးဝယ် ရင်း ရောက်နေခိုက် ချစ်သူ မိုက်ကယ်လ်အား အထူးသတိရမိကာ သူတို့ အိမ်သို ဖုန်းဆက်လိုက်မိသည် ။

ဆက်ဆက်ချင်းပင် အဘွားကြီးက ကေးအိမ်ထောင်ကျပြီလားဟု မေး၍ မကျသေးကြောင်း ပြော လိုက် သည် တွင်

"မိုက်ကယ်လ်တစ်ယောက် အိမ်ပြန်ရောက်နေပြီကွယ့်။ သူပြန်လာတာ ခြောက်လလောက်ရှိသွားပြီ"

ဟု ပြောလိုက်ရာ ကေးမှာ အလွန်ပင် အံ့အားသင့်သွားမိလေသည် ။ လွန်ခဲ့သော ခြောက်လကပင် ပြန် ရောက်လာနေပါလျက် မိမိထံ ဆက်သွယ်ခြင်း မပြုသည့် အတွက် မိုက်ကယ်လ်အပေါ် ဒေါသလည်း ထွက်မိလေ သည် ။ သူမအပေါ် မိုက်ကယ်လ်၏ ချစ်ခြင်းကိုပါ သံသယဖြစ်လာမိသည် ။ ထို့ကြောင့် ကေးသည် တယ်လီဖုန်း ဖြင့် အဘွားကြီးကို "ကျေးဇူးတင်ပါတယ်" ဟု သာ ပြော၍ ချမယ်အပြု

"ဒီမယ် သူငယ်မ၊ မင်း အမြန်ဆုံး တက္ကစီတစ်စီးငှားပြီး လာခဲ့စမ်းပါ။ မင်းက မိုက်ကယ်လ်နဲ့ မတွေ့ ချင်တောင်မှ ငါ့ဆီကို လာတွေ့ပါ။ ငါက မင်းကို ပြောချင်တာတွေ ရှိတယ်။ ဆက်ဆက်လာခဲ့ပါကွယ်နော်။ တက္ကစီစီးလာရင် ကားခကိုလည်း မပေးပါနဲ့ ။ ဂိတ်ဝက တို့ ဆီက လူ

တစ်ယောက်ယောက်က ရှင်းပေးပါလိမ့်မယ်"

ဟု ဇွတ်အတင်းခေါ်လေသည် ။

ဤသို့ အဘွားကြီးက ခေါ်လိုက်သည် ကတစ်ကြောင်း၊ ကေး ကိုယ်တိုင်က ဘယ်သူဘာပြောပြော ချစ်သူ မိုက်ကယ်လ်၏ မျက်နှာကို မြင်လိုသေးသည် တစ်ကြောင်း၊ လေ ၁င ်းဘ ိခ ျ်အ ရ ပ ်ရ ိ အိမ်ကြီးသို့ တက္ကစီကားဖြင့် သွားလိုက်သေးသည် ။ ကားဆိုက်ဆိုက်ချင်းပင် ဂိတ်ဝမှ အစောင့်လိုလို လူတစ်ယောက်က တက္ကစီကားခကို ရှင်းပေးလိုက်ပြီးနောက် ကေးကိုခြံတွင်းသို့ ဝင်ခွင့်ပြုလိုက်ရာ အဘွားကြီး မစ္စက်ကော်လီယွန် ကိုယ်တိုင် ခရီးဦး ကြိုပြုလေသည် ။ အဘွားကြီးသည် ကေးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရင်း..

"ငါ့သမီးက တကယ်လှတဲ့ မိန်းကလေးပါပဲ လား"

ဟု မှတ်ချက်ချလိုက်ပြီး မီးဖိုခန်းထဲသို့ ခေါ်သွားကာ ကော်ဖီနှင့် မုန့်များ ကျွေးမွေးနေလေသည် ။ မကြာမီပင် မော်တော်ကားတစ်စီး ထိုးဆိုက် လာပြီး မိုက်ကယ်လ် ပြန်လာသည် ကို လှမ်းမြင်လိုက်ရလေသည် ။

ရဲမှူးကြီးမက္ကလတ်စကီး၏ လက်ချက်ဖြင့် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်က မိုက်ကယ်လ်၏ မျက်နှာ တစ်ခြမ်းတွင် အတော်အရုပ်ဆိုးအောင် အရာထင်ကျန်ရစ်လေရာ ယခု ပထမဆုံးအကြိမ် တွေ့လိုက်ရသူ ကေးအနေဖြင့် စိတ်ထဲမှ ထိနိုက်သွားလျက် ကရုဏာ ဖြစ်မိလေသည် ။ စောစောကတော့ မိုက်ကယ်လ်နှင့် တွေ့ လျှင် ခပ်တည်တည် ဝတ်ကျေဝတ်ကုန်

သာ နှုတ်ဆက်မည်ဟု စိတ်ကူးထားခဲ့သော်လ ည်း ယခု ကိုယ်တိုင်မြင် လိုက်ရသော အခါ၌ မူ ကေးမှာ မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက် မိုက် ကယ်လ်၏ ရင်ခွင်တွင်းသို့ ပြေးဝင်ကာ ငို ကြွေးနေမိပါတော့သည်။

မိုက်ကယ်လ်သည် အမာရွတ်ရှိသော သူ၏ မျက်နှာတစ်ခြမ်းကို လက်ဖြင့်စမ်းရင်းက..

"ဒါက သိပ်ပြီး ကိစ္စမရှိပါဘူးကွာ။ အခု ကို ယ်က ဒီကိုပြန်ရောက်နေမှ ပလတ်စတစ်ဆာဂျ ရီနည်း နဲ့ ပြုပြင်လို့ ရပါတယ်။ အရေးကြီးတာ က ကိုယ့်အနေနဲ့ ကေးဆီကို စာရေးတာတို့ ၊ ဆက်သွယ်တာတို့ လုပ်လို့ မဖြစ်ခဲ့တာကို နား လည်သဘောပေါက်ဖို့ ပဲ"

ဟု ပြောလိုက်ပြီး ကေးကလည်း

"ဟုတ်ကဲ့၊ နားလည်ပါတယ်"

ဟု ပြောလိုက်သောအခါ မိုက်ကယ်လ်သည် ကေးကိုပါ မော်တော်ကားဖြင့် တင်ခေါ်၍ နယူးယောက်မြို့ တွင်းသို့ ပြန်မောင်းထွက်သွား သည်။ ကေးအဖို့ မှာ မိုက်ကယ်လ်အပေါ် စိတ် နာခြင်း၊ ဒေါသထွက်ခြင်းတို့ လုံးလုံး ပြေပျော က်သွားလျက် ချစ်သူအပေါ် ကြင်နာယုယလိုစိ တ်တွေသာလျှင် လွှမ်းမိုးနေပြီဖြစ်သည်။

နယူးယောက်မြို့ တွင်း၌ မိုက်ကယ်လ်က သီးသန့်ငှားရမ်းထားသော အိမ်ခန်းတစ်ခန်းရှိ ရာ လုံခြုံစိတ်ချ ရသော နေရာလည်း ဖြစ်သော ကြောင့် ထိုအခန်းသို့ ကေးအား ခေါ်သွားလေ သည်။

မိုက်ကယ်လ်က ကေးသည် ညှိမ္မအချိန်ကြာအောင် သူ့အား သစ္စာရှိရှိဖြင့် စောင့်နေလိမ့်မယ် မထင်ခဲ့ ကြောင်း ပြောသ

ည် တွင် ကေးက...

"ရှင်ဟာ တော်တော်စိမ်းကားတယ်။ နေနိုင်ရက်တယ်။ ကျွန်မကို စာရေးပြီး အကျိုးအကြောင်း ဖွင့်ပြောရင်တောင်မှ နှုတ်လုံမှာ ပါ။ ကျွန်မဟာလည်း ဒီလောက်တော့ သစ္စာရှိပါတယ်"

ဟု ပြော လိုက်လေသည် ။

ထို့နောက် မိုက်ကယ်လ်က အိပ်ခန်းထဲသို့ ခေါ်လာရာ ကေးကလည်း လိုက်လိုက်လျောလျောပင် လိုက်ဝင်သွားကြပြီး ချစ်သူနှစ်ဦးတို့သည် နှစ်နှစ်တိုင်တိုင် ခွဲခွာနေကြရခြင်းကို အတိုးချကာ အားရပါးရ ချစ် တင်းနှီးနှောနေကြလေသည် ။

အတန်ကြာမှ ကေးက..



သတ်တယ် ဆိုတာ ကျွန်မကတော့ လုံးလုံးမယုံဘူး"

ဟု ပြောလိုက်သည် ။

"ကိုယ်သတ်တာ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေဒါလောက် အရေးမကြီးပါဘူး။ အဲဒီအချက် ကို ကေးက နားလည်ထားဖို့ လိုတယ်"

ဤသို့ မိုက်ကယ်လ်က ပြောလိုက်သည် ကို ကေးမှာ နားမလည်နိုင်အောင် ဖြစ်သွားမိသည် ။ အံ့ဩမိသည် ။ သူ့စိတ်ထဲတွင် ချစ်သူမိုက်ကယ်လ်သည် မည်သည့် နည်းနှင့် မှ လူသတ်သမား မဖြစ်နိုင်ဟု ယုံ ကြည်နေမိရှာလေသည် ။

အိပ်ခန်းထဲတွင် နှစ်ယောက်သား ယှယပိုက်ထွေးနေရင်း မိုက်ကယ်လ်သည် ကေးအား သူ

နှင့် လက်ထပ် ထိမ်းမြားရန် အဆိုပြုလေသည် ။ သို့သော် သူနှင့် လက်ထပ်ပြီးပါက မည်ကဲ့သို့ ဘဝမျိုးနေရမည်ကို လည်း ဘွင်းဘွင်းပင် အောက်ပါအတိုင်း ရှင်းပြလိုက်သည် ။

"အခုတည်းက ကေးနားလည်ထားအောင် ပြောပြချင်ပါသေးတယ်။ အခုဆိုရင် ကိုယ်က ဒွန်ကော်လီ ယွန်မိသားစုရဲ့ စီးပွားရေးလုပ်ငန်းကို တာဝန်ယူ ဦးစီးရတော့မယ်။ အဘိုးကြီးဆိုတာကတော့ အငြိမ်းစားယူ သလို အေးအေးပဲ နေပြီး လိုအပ်မှ သာ အကြံဉာဏ်ပေးမယ်။ နောက်ပြီး အဘိုးကြီးကစပြီး ကိုယ်တို့ မိသားစုမှာ ရန်သူတွေရှိနေမှ တော့ အန္တရာယ်ဆိုတာ ရှိချင်ရှိနေမှာ ပဲ။ ကေးအနေနဲ့ ကိုယ်နဲ့ လက်ထပ်ပြီးခါမှ ငယ်ငယ်ရွယ် ရွယ်နဲ့ မုဆိုးမတစ်ယောက်လည်း ဖြစ်သွားနိုင်တယ်။ ဒါတင်မကသေးဘူး။ အကြင်လင်မယား ဖြစ်လာကြပြီ မယ့် ကိုယ်တို့ အလုပ်နဲ့ ပတ်သက်လို့ အစစအရာရာ အသေးစိတ်ပါမကျန် ကေးကို ပြောမပြနိုင်တာတွေ ရှိမယ်။ ဒါဖြင့် ဘာဖြစ်လို့ ကေးကို လက်ထပ်ချင်ရတာလဲလို့ မေးစရာရှိတယ်။ လက်ထပ်ချင်တဲ့ အကြောင်းကတော့ ကိုယ့်အဖို့ လောကကြီးမှာ တကယ်ချစ်ခင်မြတ်နိုးချင်တဲ့ လူဆိုလို့ ကေး တစ်ယောက်သာရှိလို့ ပဲ။ ပြီးတော့ လည်း အေးအေးဆေးဆေး အိမ်ထောင်သည် ဘဝမှာ အခြေကျနေထိုင်ပြီး သားသမီးတွေနဲ့ သာယာပျော်ရွှင်တဲ့ အိမ် ထောင်မိသားစုတစ်ခု တည်ဆောက်ချင်တယ်။ ကိုယ်တို့ ဒွန်ကော်လီယွန်မိသားစုဟာ နောက်လေးငါးနှစ် ကြာသွားရင် တရားဥပဒေနဲ့ ဆန့်ကျင်တဲ့ အလုပ်တွေအားလုံး ကင်းရှင်းသွားဖို့ ရှိပါတယ်။ ကိုယ့်သားသမီးတွေ ကျတော့ ကိုယ်တို့ တစ်တွေ ဂေါ်ဒ်ဖား

သားရဲ့ အရိပ်အောက်မှာ နေခဲ့ရသလို မနေကြစေချင်ဘူး။ အခုတော့ ကိုယ် ဟာ အဘိုးကြီးရဲ့သားအဖြစ် ရန်သူတွေကို တိုက်ခိုက်နေရတဲ့ အဖြစ်မျိုး ကြုံနေရတယ်။ ကိုယ့်သားသမီးကျတော့ အဲဒီလို မဖြစ်စေချင်ဘူး။ တစ်နေ့ကျရင် သူတို့ ဟာ တကယ့်အမေရိကန် နိုင်ငံသားကောင်းများ ဖြစ်လာရုံမက ကိုယ့်သားတွေမြေးတွေထဲက တစ်ယောက်ယောက်ဟာ အမေရိကန်နိုင်ငံသမ္မတ ဖြစ်လာ ကောင်း ဖြစ်လာနိုင်မယ့် အခြေအနေမျိုး လိုလားမိတယ်။ ဒါတွေဟာ ကေး သိသင့်တဲ့ အချက်အလက်တွေပဲ”

ဤသို့ ပြောပြီးနောက် မိုက်ကယ်လ်ကပင် သူ့ဖခင်ကြီး ဂေါ့ဒ်ဖားသားအကြောင်းကို ထပ်ရှင်းပြလိုက်ပါ သေးသည် ။

“ကိုယ်တို့ အဘိုးကြီးရဲ့ တွေးခေါ်ယူဆမှုကိုလည်း ရှင်းပြရဦးမယ်။ သူဟာ လက်ရှိလူ့အဖွဲ့အစည်းက သတ်မှတ်ထားတဲ့ ကျင့်ဝတ်ဥပဒေများကို အယုံအကြည်မရှိဘူး။ သူ့အနေနဲ့ သိတာလည်း သူ့နည်း သူ့ဟန်အရ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ တရားဝန်ကြီးတွေနဲ့ တန်းတူခေါင်းဆောင်မှု အရည်အချင်း ရှိတယ်လို့ ယုံကြည် နေတယ်။ သူကိုယ်တိုင်ကတော့ ရိုးသားဖြောင့်မတ်ပြီး မတရားမှုကို စက်ဆုပ်ပါတယ်။ သို့သော်လည်း လက်ရှိ တရားဥပဒေစနစ် တကယ်မှန်ကန်ပြီး တရားမျှတတဲ့ တရားစီရင်မှုကို ပေးစွမ်းနိုင်ခြင်း မရှိဘူးလို့ ယူဆတယ်။ ဒါကြောင့် သူ ဦးစီးကွပ်ကဲတဲ့ အသိုင်းအဝိုင်းအတွင်းမှာ သူက မှန်တယ်လို့ ယုံကြည်တဲ့ ဥပဒေမျိုး၊ တရားစီရင် မှုမျိုးကို ကျင့်သုံးရင်း ကော်လီယွန်မိသားစုကြီးကို ပျိုးထောင်ခဲ့သူ ဖြ

စ်တယ်”

မိုက်ကယ်လ်၏ စကားဆုံးသွားသောအခါ ကေးမှာ အလွန်ဆန်းကြယ်သော ဒသနိက တရားသစ် တစ်ခုကို နားထောင်ရဘိသကဲ့သို့ ငေးမောနေမိပါတော့သည်။

*

၂၆

သူငယ်ချင်းနှစ်ယောက်ဖြစ်သော ဂျော်နီဖွန်တိန်းနှင့် နီနိုဗာလင်တီတို့ သည် လတ်စ်ဗေးဂတ်စ်မြို့ ဟိုတယ်များ၊ လောင်းကစားဝိုင်းများ၌ ပျော်ရွှင်စွာ လှည့်လည်ကစားနေကြလေသည်။ ထိုအချိန်၌ နီနိုသည် လည်း နာမည်ထွက်ခါစ ရုပ်ရှင်မင်းသားတစ်ဦး ဖြစ်နေပေပြီ။

သို့သော် နီနို၏ ချို့ယွင်းချက်တစ်ခုကား နွေစဉ်နှင့် အမျှ အရက်ကို အလွန်အကျွံ သောက်တတ်ခြင်းပင် ဖြစ်သည်။ သူသည် အရက်မူး

နေလျက်နှင့် ပင် လောင်းကစားဝိုင်းများ၌ ငွေ အတော်များများ နိုင်လျက် ရှိနေ သည် ။

မကြာမီ နီနီသည် လောင်းကစားဝိုင်းတွင် ထိုးနေရင်းက အရက်မူးလွန်ပြီး မဟန်နိုင်တော့ဘဲ ကြမ်းပြင် ပေါ်သို့ လဲကျသွားလေရာ ကစားဝိုင်းမှ လူများကပင် သူ့အား ပွေ့ချီ၍ ဟိုတယ်အိပ်ခန်းတွင်းသို့ ပို့လိုက်ရတော့ သည် ။ နောက် ၁၅ မိနစ်မျှ ကြာသောအခါ ဟိုတယ်၏ ဆရာဝန်ဖြစ်သူ ဒေါက်တာဆီဂယ်လ် ရောက်လာပြီး နီနီ အား သေချာစွာ စမ်းသပ်ကြည့်လေသည် ။

ဂျော်နီက အခြေအနေကို မေးကြည့်သောအခါ ဒေါက်တာဆီဂယ်လ်က

"နီနီက ရောဂါတွေ စုံနေတယ်။ သူ့မှာ ဆီးချိုရောဂါလည်း ရှိနေတာကို စောစောက စမ်းသပ်ခဲ့လို့ ကျုပ် သိထားတယ်။ အရက်ကိုအလွန်းအကျွံသောက်လို့ သူ့ရဲ့ အသည်းဟာ တော်တော်ပဲ အခြေအနေဆိုးနေပြီ။ သူ့ကို အရက်လျှော့သောက်ဖို့ ပြောမရတာ အခက်ဆုံးပဲ။ သူကိုယ်တိုင်က သေချင်သေပါစေ၊ သောက်မှာ ပဲလို့ ပြောနေ တော့ ဘယ်လိုမှ မတတ်နိုင်ဘူး။ ကျုပ်သဘောအရဆိုရင် သူ့ကို စိတ်ရောဂါကုဆေးရုံပို့ထားပြီး အရက်ပြတ် အောင် ကုသစေချင်တာပဲ"

ဟု ခပ်ရှင်းရှင်းပင် ပြော လိုက်လေသည် ။

ဂျော်နီကမူ ဆရာဝန်၏ ပြောပြချက်ကို သဘောကျဟန်မတူချေ။ ထိုအခိုက် လူစီကလည်း ရောက်လာ ပြီး နီနီ၏ အခြေအနေကို မေးမြန်းကြည့်လေသည် ။ မကြာမီ နီနီသည် သတိရ လာပြီး ဂျော်နီအား အရက်တစ် ခွက်

ပေးရန် လှမ်းတောင်းရာ ဆရာဝန်က မပေးသင့်ကြောင်း ပြောသော်လည်း ဂျော်နီသည် ဒေါက်တာဆီ ဂယ်လ်ကို အရွဲ့တိုက်သည့် အနေဖြင့် ဝီစကီတစ်ခွက် ယူလာခဲ့သည် ။ ထို့နောက် ဆရာဝန်အား ခပ်တည်တည် ကြည့်၍

“နေပါဦး ဆရာရဲ့ ၊ ဒီအရက်တစ်ခွက်တိုက်ရုံနဲ့ နီနီက သေမသွားပါဘူး မဟုတ်လား”

ဟု မေးရာ ဒေါက်တာဆီဂယ်လ်ကလည်း

“သေတော့ မသေဘူးပေါ့”

ဟု စကားကို မယုတ်မလွန် ပြောလိုက်သည် ။ ဂျော်နီသည် နီနီအား ဝီစကီဖန်ခွက် လှမ်းပေး၍ သောက် လိုက်သည် နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံး ဆန့်ငင် ဆန့်ငင် ဖြစ်သွားကား အသက်ရှူ၍ မရတော့သလို ဖြစ် သွားတော့သည် ။

သည် တော့မှ ဒေါက်တာဆီဂယ်လ်သည် လျင်မြန်စွာထပြီး သူ့လက်တွင် အဆင်သင့်ရှိနေသည့် ဆေးထိုး အပ်ဖြင့် နီနီ၏ လည်ပင်းနှင့် ပခုံးကြားသို့ ဆေးတစ်လုံးထိုးလိုက်ရာ နီနီသ ည် ငြိမ်ကျသွားပြီး ခုတင်ပေါ်၌ အိပ်ပျော်သွားဟန်ဖြင့် မှိန်းနေတော့သည် ။

ဤတွင် ဒေါက်တာဆီဂယ်လ်က ဂျော်နီအား

“ကိုယ့်လူက ကျုပ်ရဲ့ စကားကို နားမထောင်ဘဲ အရွဲ့တိုက်ချင်တာက လွန်ကဲနေတာကိုး။ ဒီလိုဖြစ် လိမ့်မယ်ဆိုတာ ကျုပ် စောစောက သိသားပဲ။ ဒါပေမဲ့ ဂျော်နီက ဇွတ်လုပ်နေတော့ ကြည့်နေလိုက်ရတယ်။ ကျုပ် ရှင်းရှင်းပြောမယ် နီနီကို သူငယ်ချင်းအဖြစ် တကယ့်စေတနာရှိရင် သူ့ကို ခပ်မြန်မြန် စိတ်ရောဂါကုဆေးရုံ ပို့

ထားလိုက်ပါ။ ဒါမှ သူ့ရဲ့ အသက်ကို ကယ်နိုင်မယ်။ ဒီလို မလုပ်ရင်တော့ သူ့ကို အခုတည်းက နောက်ဆုံး နှုတ်ဆက်တဲ့ အနေနဲ့ ငွတ်ဘိုင်လို့ နှုတ်ဆက်ထားကြပေတော့"

ဟု ပြော လိုက်လေသည် ။

လူစီက ဂျော်နီအား လတ်စ်ဗေးဂတ်စ်မြို့သို့ ဘာကိစ္စဖြင့် လာပါသနည်းဟု မေးကြည့်သော အခါ..

"ဒီလိုလေ၊ မိုက်ကယ်လ်က ဖုန်းလှမ်းဆက်ပြီး ဒီမှာ ဆုံဖို့ ခေါ်ထားလို့ ပါ။ ဒီနေ့ညပဲ မိုက်ကယ်လ်ဟာ တော်မီဟေဂင်နဲ့ အတူ လတ်စ်ဗေးဂတ်ကို လေယာဉ်နဲ့ ရောက်လာလိမ့်မယ်။ မိုက်ကယ်လ်က ကိုယ်နဲ့ ဆွေးနွေး တိုင်ပင်စရာရှိတယ်လို့ ပြောတယ်။ ပြီးတော့လည်း လူစီကိုလည်း သူတို့ က တွေ့ဆုံနှုတ်ဆက်ပါဦးမယ်လို့ တော်မီက ဖုန်းဆက်ချင်း ပြောတယ်"

ဟု ဂျော်နီက ပြောပြလိုက်သည် ။ ဤတွင် လူစီက မိုက်ကယ်လ်၏ မျက်နှာမှ အမာရွတ်ကိုပျောက်အောင် ပလတ်စတစ်ဆာဂျရီခွဲစိတ်ကုသနည်းဖြင့် ပြုပြင်လိုက်ပြီဟု ကြားသိရကြောင်း၊ ဤသည် မှာ လည်း သူ၏ ဇနီး ကေး၏ တိုက်တွန်းချက်အရ ဖြစ်ကြောင်း၊ မိုက်ကယ်လ်အား အထူးကု ဆရာဝန်ကြီးများ က ခွဲစိတ်ကုသစဉ် ဒေါက်တာဆီဂယ်လ်ကိုလည်း အကြံပေးပုဂ္ဂိုလ်အဖြစ် ခေါ်ယူခဲ့သည် ဟု သိရကြောင်း စသဖြင့် သူသိသမျှ သတင်းများကို ပြောပြလိုက်၏။

ထိုအချိန်တွင် နီနိုသည် ပြန်၍ သတိရလာပြန်သဖြင့် ဒေါက်တာဆီဂယ်လ်သည် ပျာပျာသ

လဲ လိုအပ်သမျှ ကို ပြုလုပ်ပေးလေသည် ။
ထိုပြင်နီနီအား..

"ကိုယ့်လူက အိပ်ရာထဲ နှစ်ရက်လောက် နေလိုက်မှ ကောင်းမယ်။ အနားက ပြုစုဖို့ လ ည်း သူနာပြု ဆရာမတစ်ယောက် ကျုပ် စီစဉ်ပြီးထားပေးမယ်"

ဟု ပြောရာ သည် တစ်ခါတော့ နီနီက ကောင်းမွန်စွာ နားထောင်ပြီး ပြုံးလျက်

"ကောင်းပါပြီ ဆရာ၊ ဒါပေမဲ့ ဆရာမက လေးကို သိပ်ချောချော လှလှ မဖြစ်ပါစေနဲ့ "

ဟု နောက်ပြောင် ပြောလိုက်ပါသေးသည် ။

ထို့နောက် ဒေါက်တာဆီဂယ်လ်လည်း အခ န်းထဲမှ ထွက်သွားပြီးနောက် အစီအစဉ်များ ပြု လုပ်လေရာ မကြာမီပင် သူနာပြုဆရာမတစ် ယောက်သည် လိုအပ်သော ဆေးပါးအမုံအပြ င်ဖြင့် ရောက်ရှိ လာလေသည် ။

နီနီမှာ ကား ပြန်၍ အိပ်ပျော်သွားနေပြီ ဖြစ် သည် ။ ဂျော်နီဖွန်တိန်းသည် သူငယ်ချင်းဖြစ် သူ အိပ် ပျော်နေ သည် ကိုကြည့်ရင်း စိတ်မ ကောင်းဖြစ်နေမိလေသည် ။

နီနီသည် လူ့ဘဝတွင် ကြာရှည်အသက်ရှင် ၍ နေလိုသည့် ဆန္ဒမရှိတော့သော လူတစ် ယောက်နှင့် မခြား အရက်ကိုဇွတ်မှိတ်၍ အလွ န်အကျွံ သောက်နေခြင်းပင် ဖြစ်သလောဟု တွေးနေမိလေသည် ။

*

၂၇

ထိုနေ့ည အတော်ညဥ့်နက်မှ မိုက်ကာယ်လ်သည် လတ်စ်ဗေးဂတ်စ်မြို့သို့ ဆိုက်ရောက်လာလေရာ သူနှင့် အတူ တော်မီဟေဂင်အပြင် အဲလ်ဘာတ် နေရီ အမည်ရှိ ကိုယ်ရံတော်သက်တော်စောင့်အသစ်တစ်ဦး ပါ လာလေ သည်။ မိုက်ကာယ်လ်အတွက် အကောင်းဆုံးသော ဟိုတယ်အခန်းကြီးတစ်ခန်း ကြိုတင်ငှားရမ်းထားရှိပြီး ထိုအခန်းထဲ၌ မိုက်ကာယ်လ် တွေ့ဆုံကြရမည့် ဂျော်နီ၊ လူစီ၊ ဒေါက်တာဆီဂယ်လ်နှင့် မိုက်ကာယ်လ်၏ အစ်ကိုလတ် ဖရက်ဒိုပ်ုံး ပါ ဆ ဆင်သင့် ရောက်ရှိနေကြ၏။

ခရီးရောက်မဆိုက်မှာ ပင် မိုက်ကာယ်လ်က သူသည် နောက်တစ်နေ့ ညတွင် ပင် နယူးယောက်မြို့ ပြန်ရ မည်ဖြစ်၍ ပြောစရာရှိသမျှ ချက်ချင်းပြောရမည်ဖြစ်ကြောင်း ဆွေးနွေးခန်းစတင်ဖွင့်လှစ်လေသည်။

အစ်ကိုဖရက်ဒိုက လတ်စ်ဗေးဂတ်စ်မြို့တွင် အိမ်ရှင်ကဲ့သို့ ဖြစ်နေလေရာ သူကပင် မိုက်ကာယ်လ်၏ အခန်းထဲ၌ ညစာစားသောက်နိုင်ရန် အားလုံးအတွက် စီစဉ်ပြီး စားရင်းသောက်ရင်းနှင့် ပြောစရာရှိသည် တို့ ကို ပြောဆိုဆွေးနွေးကြလေသည်။

ညစာစားနေကြစဉ် အားလုံးက မိုက်ကာယ်လ်အား ဂရုစိုက်အကဲခတ်ကြည့်ကြရာ သူ၏

ပြောပုံဆိုပုံ မျက်နှာအမူအရာများမှ စ၍ သူ့ဖခင်ကြီး 'ဂေါ်ဒ်ဖားသား' နှင့် အတော်ပင် တူသည်ဟု ထင်မိကြလေသည် ။ သူနှင့် အတူပါလာသော အဲလ်ဘတ်နေရီဆိုသူ သက်တော်စောင့်က တော့ စကားများများ မပြော၊ အလွန်တည်ငြိမ် အေးဆေးပုံရ၏။ သူသည် ထမင်းစားချိန်၌ မဆာလို့ ပါဟု အကြောင်းပြလျက် အခန်းတံခါးဝ အနီးတွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်ရင်း သတင်းစာဖတ်နေလေသည် ။

မိုက်ကယ်လ်သည် အခန်းတွင်း၌ ရှိနေသူအားလုံးကို ခြုံ၍ ပြောသည့် အနေဖြင့် အောက်ပါအတိုင်း တည်ငြိမ်လေးနက်စွာ စပြောလေသည် ။

"ဒွန်ကော်လီယွန်မိသားစုဟာ ဒီလတ်စ်ဗေးဂတ်စ်မြို့ကို ပြောင်းရွှေ့ပြီး အခြေစိုက်ဖို့ နေ့လေးလေးနက် နက် စဉ်းစားနေတယ်။ ပြောင်းမယ်ဆိုတာက နယူးယောက်မြို့ မှာ ရှိတဲ့ သံလွင်ဆီ သွင်းကုန်လုပ်ငန်းကုမ္ပဏီက အစ လုပ်ငန်းအားလုံးနဲ့ တခြားအစုရှယ်ယာများကိုပါ ရောင်းချပြီး လတ်စ်ဗေးဂတ်စ်မြို့မှာ ပြောင်းရွှေ့အခြေ စိုက်ဖို့ ပါပဲ။ ဂေါ်ဒ်ဖားသားဒွန်ကော်လီယွန်ကိုယ်တိုင်က ကျွန်တော် တော်မီဟေဂင်တို့ ကိုပါ ခေါ်ယူဆွေးနွေးခဲ့ ပြီးပါပြီ။ မိသားစုရဲ့ အနာဂတ်အလားအလာအတွက် ဒီနေရာမှာသာလျှင် အကောင်းဆုံး ဖြစ်တယ်လို့ သဘောရမိကြတယ်။ အခြေတကျဖြစ်အောင် ပြောင်းရွှေ့စီစဉ်တာကတော့ ၂ နှစ်၊ ၃ နှစ်၊ ၄ နှစ်ထိအောင် ကြာ ကောင်းကြာမယ်။ ဒါပေမဲ့ အခု ကျွန်တော်က ရေရှည်စီမံကိန်းကိုပြောတာပါ။ ဒီဟိုတယ်ကြီးရဲ့ အစုရှယ်ယာ အတော်များများ

ကို ကျွန်တော်တို့ ရဲ့ မိတ်ဆွေအချို့ လက်ဝယ်ပို င်ဆိုင်ပြီးသားဖြစ်တယ်။ ကျွန်တော်တို့ က မိုးဂ ရင်းဆိုသူပိုင်တဲ့ အစုရှယ်ယာကို တစ်ဆင့်ဝယ် ယူလိုက်ရင် ဟိုတယ်လုပ်ငန်းတစ်ခုလုံးကို မိ သားစုက ပိုင် ဆိုင်ပြီးသား ဖြစ်သွားလိမ့်မယ်”

မိုက်ကယ်လ်က စကားကို ခေတ္တရပ်ထားလို က်စဉ် သူ၏ အစ်ကို ဖရက်ဒိုက

“ဟေ့ မိုက်ကယ်လ်၊ မိုးဂရင်းဆိုတဲ့ လူက သူ့ ရှယ်ယာကို ရောင်းပါ့မလားကွ၊ ငါသိသ လောက် သူဟာ ဒီအလုပ်ကို အလွန်သဘောကျနေတယ်။ ရောင်းမယ် မထ င်ဘူး”

ဟု ပြောလိုက်ရာ မိုက်ကယ်လ်သည် ။

“ကျွန်တော်က သူ ဘယ်လိုမှ မငြင်းနိုင်တဲ့ ကမ်းလှမ်းချက်မျိုး ပေးပြီး ဝယ်ယူမှာ ပါ”

ဟု ခပ်တိုးတိုးပင် ပြောလိုက်သည် ။ ပေး၀ံ ’ မိဟောဂင်သည် ထိုစကား၏ အဓိပ္ပာယ်ကို ကောင်းစွာ နားလည်လိုက်မိသဖြင့် ကျောထဲမှ စိမ့်သွားသလို ဖြစ်မိသည် ။ ယခု မိုက်ကယ်လ် ပြောလိုက်သော စကားမှာ သူ့ ဖခင်ကြီး ‘ဂေါ့ဒ် ဖားသား’ သုံးနေကျစကားလုံးပင် ဖြစ်ပြီး အဓိ ပ္ပာယ်က သူ မရ ရအောင် ယူပြမည်ဟု သ ဘော သက်ရောက်လေသည် ။ သူမှတ်မိသ လောက် ဂေါ့ဒ်ဖားသားသည် လူတစ်ယောက်န ှင့် စေ့စပ်ဆွေးနွေးရာ၌ ထိုစကားမျိုး သုံးလိုက်ပြီးလျှင် နောက်ပိုင်းအဘိုးကြီး၏ ဆန္ ပြည့်ဝခဲ့ရသည် ချည်း ဖြစ်လေသည် ။

မိုက်ကယ်လ်သည် ဂျော်နီဖွန်းတိန်းဘက်သို့ လှည့်၍ ...

“ဒ ိက ိစ ့မ ျ၁ ဂေါ့ဒ်ဖားသားက

ကျော်နီကိုလည်း အားကိုးတယ်။ ဟိုတယ်လုပ်ငန်းမှာ ဧည့်ခံဖျော်ဖြေရေး ကလည်း အရေးကြီးတယ်။ ဒီတော့ ကျော်နီကိုယ်တိုင်က ကျုပ်တို့ မိသားစုဟိုတယ်မှာ တစ်နှစ် အနည်းဆုံး ငါးကြိမ်လောက် လာရောက်ဖျော်ဖြေဖို့ ရယ်၊ နောက်ပြီး ရုပ်ရှင်နယ်က ကျော်နီရဲ့ မိတ်ဆွေ မင်းသမီးမင်းသား တွေကိုလည်း ဒီမှာ လာဖျော်ဖြေအောင် စည်းရုံးပေးဖို့ မျှော်လင့်တယ်။ တစ်ဖက်တစ်လမ်းက ကူညီတဲ့ သဘောပေါ့”

ဟု ပြောလိုက်ရာ ကျော်နီကလည်း ....

“အို၊ ဒါအတွက်တော့ စိတ်ချပါ၊ ဂေါ့ဒ်ဖားသားအတွက်ဆိုရင် ကျွန်တော် ဘာမဆို ကူညီဆောင်ရွက် ပေးဖို့ ရာ အဆင်သင့်ပါပဲ”

ဟု ပျာပျာသလဲ ကတိပေးလိုက်သည်။

တစ်ဖန် မိုက်ကယ်လ်က လူစ်နှင့် ဒေါက်တာဆီဂယ်လ်တို့ ဘက်သို့ လှည့်လိုက်ပြန်သည်။

“လူစီကတော့ ဟိုတယ်မှာ ဖွင့်ထားတဲ့ ကုန်ပဒေသာဆိုင်တွေကို ကြီးကြပ်ရမယ်။ ပိုပြီး ကောင်းလာ အောင် တီထွင်ရမယ်။ ငွေရေးကြေးရေးကိုလည်း ကိုင်တွယ် အုပ်ချုပ်တာတို့ မိန်းကလေး အရောင်းစျေးသည်တွေငှားဖို့ အားလုံး တာဝန်ယူစေချင်တယ်။ ဒါလည်း ဟိုတယ်ရဲ့ အဓိကစီးပွားရေးဖြစ်တယ်။ ဒေါက်တာဆီ ဂယ်လ်က မူလအလုပ်ဖြစ်တဲ့ ခွဲစိတ်ကုသရေးဘက် ပြန်လိုက်ချင်တယ်လို့ သိရတယ်။ ကောင်းပြီ၊ ကျုပ်တို့ အနေနဲ့ ခေတ်မီဆေးရုံသစ်ကြီးတစ်ခု ဆောက်မယ်။ ဒီမြို့က တဖြည်းဖြည်း တိုးချဲ့နေတော့ ဆေးရုံဆိုတာ

လိုတာပဲ။ အဲဒီဆေးရုံသစ်ကြီးမှာ ခွဲစိတ်ကုသရေးဘက်က တာဝန်ခံအကြီးအကဲ လုပ်ရမယ်။ ဆေးရုံသစ် ဆောက်နေတဲ့ ကာလအတွင်းမှာတော့ ဒီဟိုတယ်အပြင် မိသားစု မိတ်ဆွေများပိုင်တဲ့ ဟိုတယ်သုံးခုရဲ့ တာဝန်ခံ ဆေးမှူးကြီးအဖြစ် ဆောင်ရွက်ရမယ်။ လစာငွေကိုလည်း တိုးမြှင့်ပေးပါမယ်"

မိုက်ကယ်လ်သည် ဤသို့ သူ၏ အစီအစဉ်များကို ပြောပြီးနောက် နီနီအကြောင်းမေးရာ ဂျော်နီက နီနီ သည် ယခုအခါ ရုပ်ရှင်မင်းသားအဖြစ် ဇာတ်ကားတစ်ကားလျှင် ဒေါ်လာငွေငါးသောင်းအထိ ရနေပြီဖြစ် ကြောင်း၊ သို့သော် ယခုလောလောဆယ် နေမကောင်းသဖြင့် အခန်းထဲမှာ ပင် သူနာပြုဆရာမတစ်ဦးငှားပြီး ပြုစု ထားရကြောင်း ပြောပြ လိုက်လေသည်။

သူတို့ စကားပြောနေကြစဉ်မှာ ပင် မိုးဂရင်းဆိုသူသည် သူ၏ သက်တော်စောင့်နှစ်ဦးနှင့် အတူ အခန်းတွင်းသို့ ဝင် လာလေသည်။ သူသည် တစ်ချိန်က ဘရွတ်ကလင်းနယ်မှ လူမိုက်တစ်ဦးဖြစ်ပြီး လတ်စ်ဗေး ဂတ်စ်သို့ ပြောင်းရွှေ့အခြေစိုက်ရာမှ ဟိုတယ်လုပ်ငန်းတွင် အစုရှယ်ယာပိုင်ဖြစ်လာခဲ့သည်။ ရက်စက်သော လူမိုက်များကိုလည်း မွေးထားကာ စီးပွားရေး လုပ်ရင်း ပြိုင်ဘက်များကို ခြိမ်းခြောက်အနိုင်ယူတတ်သူ ဖြစ်သည်။

ဂေါ်ဒ်ဖားသား၏ သားလတ် ဖရက်ဒိုအား လတ်စ်ဗေးဂတ်စ်သို့ ပို့ထားစဉ် သူက တာဝန်ယူ လက်ခံ ထားသဖြင့် ဒွန်ကော်လီယွန်က မိုးဂရင်းအား ငွေကြေးအကူအညီ ပေးခဲ့ဖူးသည်။

သို့သော် ယခုအခြေတွင် သူသည် မာန်မာန ထောင်လွှားနေပြီး ဖရက်ဒိုကိုပင် မခန့်လေးစား ဆက်ဆံသည် ဟူသော သတင်းများ ထွက်လျက်ရှိသည် ။

မိုးဂရင်းသည် ဝင်လာလာချင်း မိုက်ကယ်လ်နှင့် စကားပြောလိုပါသည် ဟု ဆိုကာ သူ၏ ကိုယ်ရံတော် နှစ်ဦးအား ဂျော်နီ၊ လူစီ၊ ဒေါက်တာဆီဂယ်လ်နှင့် မိုက်ကယ်လ်၏ ကိုယ်ရံတော် အဲလ်ဘာတ်နေရီ တို့ အား အောက် ထပ်မှ ကစားဝိုင်းများ ဆီသို့ ဆင်းကစားစေလိုက်သည် ။ မိုက်ကယ်လ်ကလည်း သဘောတူသဖြင့် အခန်းထဲတွင် မိုက်ကယ်လ်၊ ဖရက်ဒို၊ တော်မီ ဟေဂင်နှင့် မိုးဂရင်းတို့ လေးယောက်သား နေရစ်ပြီး စကားပြောနေကြလေသည် ။

မိုးဂရင်းသည် မျက်နှာထားတည်တည်နှင့် စကားကို ခပ်ထန်ထန် ပြောလေသည် ။

"ဘယ်လိုလဲ မိုက်ကယ်လ်၊ ဒွန်ကော်လီယွန်မိသားစုက ကျုပ်ရဲ့ အစုရှယ်ယာကို ဝယ်ယူမယ်လို့ ကြားရပါလား။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျုပ်က မရောင်းနိုင်ဘူး"

"ခင်ဗျားဟိုတယ်ရဲ့ စကားဝိုင်းတွေက အရှုံးပေါ်နေတယ် မဟုတ်လား။ ကျုပ်တို့ က ဒါကို တရား သဖြင့် ဝယ်ယူချင်ပါတယ်"

"ဟော၊ ဒီလိုနည်းနဲ့ မရဘူးကွ။ ဒွန်ကော်လီယွန် မိသားစု အရင်ကလို သြဇာနဲ့ အင်အားမရှိတော့တာ ကျုပ်သိတယ်။ 'ဂေါ်ဒ်ဖားသား' ကိုယ်တိုင်ကလည်း လူမမာဖြစ်နေပြီ မဟုတ်လား ။ အခုလည်း နယူးယောက် ကတခြားမိသားစုတွေတိုက်တဲ့ ဒဏ်ကို မခံနိုင်လို့ ဒီဘက်ပြောင်းပြေးမယ်၊ ကြံစည်တာ မဟုတ်

လား”

မိုးဂရင်းက ဤသို့ ပုတ်ခတ်ပြီး ပြောလိုက်သော်လည်း မိုက်ကယ်လ်က မည်သို့မှ စိတ်ဆိုးပုံမရဘဲ လေ သံအေးအေးကလေးဖြင့်

“ဪ၊ ဒါကြောင့် ခင်ဗျားက ကျုပ်ရဲ့ အစ်ကို ဖရက်ဒိုကိုတောင် လေးလေးစားစား မဆက်ဆံတော့ ဘဲ လူရှေ့ သူရှေ့ အနိုင်ကျင့်လာတာထင်တယ်၊ ဟုတ်လား”

ဟု သရော်သလို မေးလိုက်သည်။

မိုးဂရင်းကလည်း ခပ်တည်တည်နှင့် ပင်...

“ဖရက်ဒို တစ်ခါ တစ်ခါ လွန်ကဲတော့ ကျုပ်ကလည်း ကြည့်ထိန်းရတယ်။ သူဟာ ဟိုတယ်အမှုထမ်း မိန်းကလေးတွေကို တစ်ယောက်မှ ချမ်းသာမပေးဘဲ အနိုင်ကျင့် ခြေတော်တင်နေတော့ ကျုပ်က ဘယ်လိုလုပ် ပြီး ကြည့်နေနိုင်မလဲ။ ဒါကြောင့် သူ့ကို ဆုံးမခဲ့ရတယ်”

ဟု ပြောလိုက်ရာ ဖရက်ဒိုက ဘာမှ မပြောသော်လည်း မိုက်ကယ်လ်က စိတ်ထဲမှာ ထိခိုက်မိသွားသည်။ ဖခင်ကြီး ‘ဂေါ့ဒ်ဖားသား’ က သားလတ်အား မျက်နှာသာ မပေးခဲ့ခြင်းသည်လည်း ဖရက်ဒိုက မိန်းမကိစ္စရှုပ်ပွေတတ်ခြင်းကြောင့် ဖြစ်ရမည်ဟု တွေးလိုက်မိသည်။ ဂေါ့ဒ်ဖားသားသည် လိင်ကိစ္စနှင့် ပတ်သက်လျှင် အလွန် စည်းကမ်းကြီးပြီး ဖောက်ပြန်သူများ ၊ ကာမဂုဏ်ကြူးသူများကို စက်ဆုပ်သူ ဖြစ်ပေသည်။

မိုက်ကယ်လ်သည် အလုပ်ကိစ္စကို ဆက်လိုသဖြင့် အစုရှယ်ယာများ ရောင်းမည့် ဈေးနှုန်းကို စဉ်းစား ရန် ပြောရာ မိုးဂရင်းက

ဒေါသသံဖြင့်..

"ဟေ့၊ ငါ့ကို ဒီလိုလာလုပ်လို့ ဘာရမလဲ။ ငါက မင်းတို့ ထက်ပိုပြီး လူများများ သတ်လာတဲ့ အကောင် ကွ၊ ဒီကိစ္စကို ငါကိုယ်တိုင် နယူးယောက်ကိုသွားပြီး ဂေါ့ဒ်ဖားသား ကိုယ်တိုင်နဲ့ တွေ့ဆုံပြောယူမယ်"

ဟု ပြော လိုက်လေသည် ။ ဤတွင် မိုက်ကယ်လ်သည် သူ့ဖခင်ကြီး၏ လေသံအတိုင်း စကားကို ချိုချို ကလေးနှင့် ကြောက်စရာကောင်းစေသည့် ဟန်မျိုးဖြင့် ပြောလေသည် ။

"ဂေါ့ဒ်ဖားသားဟာ အခုဆိုရင် အငြိမ်းစားယူထားတဲ့ သဘောရှိတယ်။ ပြောစရာရှိရင် ကျုပ်နဲ့ သာ ပြောရမယ်။ ဒီမယ် ခင်ဗျားကို ကူညီတဲ့ လူကို ပြန်စော်ကားဖို့ မကြံပါနဲ့ ။ ကျုပ်တို့ က ဟိုတယ်အစုရှယ်ယာကို တရားမျှတပဲ့ဈေးနဲ့ ဝယ်ချင်တာပါလို့ ပြောထားတယ် မဟုတ်လား။ ခင်ဗျား စဉ်းစားပါ"

ဤသို့ပြောပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်တော့သည် ။

နောက်တစ်နေ့ နံနက်တွင် မိုးဂရင်းထံမှ သူ၏ အစုရှယ်ယာများကို မည်သည့် နည်းနှင့် မှ မရောင်းနိုင် ကြောင်းပင် ပြန်ကြားချက်ရရှိလေသည် ။ မိုက်ကယ်လ်သည် မည်သို့မှ အံ့သြတုန်လှုပ်ဟန် မတူဘဲ ခပ်အေးအေး ပင် နေမကောင်းဖြစ်နေသူ နီနို၏ အခန်းသို့ သွားရောက်သတင်းမေးနှုတ်ဆက်ပြီးမှ ထိုနေ့ညနေဘက် လေယာဉ် ဖြင့် နယူးယောက်မြို့ သို့ ပြန်သွားလေသည် ။

လေယာဉ်ပေါ်သို့ တက်ခါနီးတွင် မိုက်ကယ်

လ်က သူ၏ ကိုယ်ရံတော် အဲလ်ဘတ်နေရီအား အနားသို့ခေါ်၍

"ဘယ့်နှယ်လဲ၊ ဟိုလူ အခြေအနေ လေ့လာပြီးပြီလား"

ဟု ခပ်တိုးတိုးမေးရာ အဲလ်ဘတ်က သူ၏ ဦးခေါင်းကိုပုတ်ရင်း...

"စိတ်ချပါ၊ မိုးဂရင်းဆိုတဲ့ လူကို ကျွန်တော့်ခေါင်းထဲမှာ သေသေချာချာ စာရင်းလုပ်ထားပြီးပါပြီ"

ဟု ပြန်ပြော လိုက်လေသည်။

*

# ၂၈

နယူးယောက်သို့အပြန် လေယာဉ်ပေါ်တွင် ကြိုးစား၍ အိပ်ကြည့်ပါသော်လည်း စိတ်တွေ လှုပ်ရှား နေသဖြင့် အိပ်မပျော်ဘဲ ရောက်တတ်ရာရာကိုသာ စဉ်းစားနေမိလေသည်။ သူ၏ ဘဝတစ်သက်တာတွင် အရေး ကြီးဆုံး၊ အန္တရာယ်အများ ဆုံး အချိန်ကာလကား နီးကပ်လာပြီဖြစ်သည်။ သူ့ဖခင်ကြီး ဂေါ့ဒ်ဖားသား ပြောသလို ကံကြမ္မာ၏ ဖန်တီးစေ့ဆော်ချက်အရ ဘယ်လိုမှ မလွှဲမရှောင်သာဘဲ သူတို့ မိသား

စု၏ ဂုဏ်သိက္ခာကို ပြန်ဆယ် စေမည့် တာဝန်ကို ယူရတော့မည်ဖြစ်သည် ။ အနှောင့်အယှက ဆူးပြောင့်ခလုတ် မှန်သမျှကို အပြတ်ရှင်းရန် အတွက် ပြင်ဆင်မှုအရပ်ရပ်တို့ သည် လည်း ပြီးစီး၍ အသင့်ဖြစ်နေသောကြောင့် နောက်ထပ်ဆိုင်းငံ့ရန် မဖြစ် တော့ချေ။

မိုက်ကယ်လ်သည် ဆစ်စလီကျွန်းမှ အမေရိကန်သို့ ပြန်ရောက်ရှိခဲ့သည် မှာ သုံးနှစ်ခန့် ရှိသွားပေပြီ။ ချစ်သူ ကေးနှင့် ထိမ်းမြားလက်ထပ်ခဲ့သည် မှာ လည်း ၂ နှစ်ကျော် ရှိသွားလေပြီ။ သုံးနှစ်တာကာလအတွင်းသူ သည် ဒွန်ကော်လီယွန် မိသားစု၏ လုပ်ငန်းအရပ်ရပ်ကို အကျွမ်းတဝင်ဖြစ်အောင် အသေးစိတ် လေ့လာခဲ့ရ၏။ သူသည် ဖခင် 'ဂေါ့ဒ်ဖားသား' နှင့် လည်းကောင်း၊ တော်မီဟေဂင်နှင့် လည်းကောင်း နာရီပေါင်းများ စွာ အချိန်ယူ၍ စီးပွားရေးလုပ်ငန်းကို လေ့လာခဲ့ရလေရာ ထိုအချိန်မှ ပင် ဒွန်ကော်လီယွန်မိသားစုသည် မည်မျှ ချမ်းသာကြွယ်ဝကြောင်းကိုလည်း သိရ၏။ သူတို့ တွင် တရားဝင်စီးပွားရေးလုပ်ငန်းများ လည်း ရှိနေ၏။ နယူးယောက်မြို့လယ်တွင် အိမ်ခြေတိုက်တာများ လည်း ပိုင်ဆိုင်၍ အငှားချထား၏။ နာမည်ကြီး 'ဝေါလ်' လမ်းမှ ကမ္ဘာ့စီးပွားရေး နှင့် ငွေကြေးဗဟိုဌာနတွင် လည်း ကုမ္ပဏီနှစ်ခုပိုင်ဆိုင်ထား၏။ အထည်အလိပ်လုပ်ငန်းအချို့တွင် လည်း အစုရှယ်ယာများ ဝယ်ယူပိုင်ဆိုင်ထား၏။ ဤသည် ကား လောင်းကစားဝိုင်းများ ကို ကြိုးကိုင်အုပ်ချုပ်၍ ရရှိသော ဝင်ငွေအပြင် တရားဝင် စီးပွားရေးလုပ်ငန်းများ စနစ်တကျ ပြုလုပ်ထား ခြင်းပင် ဖြစ်၏

ရှေ့အဖို့ ဒွ သူကိုယ်တိုင်

စီးပွားရေးလုပ်ငန်းကြီးများကို ဦးစီးကွပ်ကဲရ ချေတော့မည်ဟု လည်း တွေးမိလေသည်။

မိုက်ကယ်လ်သည် ချစ်သူ 'ကေး' နှင့် မိန်းကလေး နေထိုင်သော မြို့မှာ ပင် မိတ်ဆွေအနည်းငယ်သာ ဖိတ်ကြား၍ လက်ထပ်ခဲ့၏။ ထို့နောက် သူတို့ မောင်နှံသည် 'ဂေါ်ဒီဖားသား' ခြံဝင်းကြီးအတွင်းရှိ အိမ် တစ်အိမ်တွင် နေထိုင်ခဲ့ကြရာ ကေးသည် ဒွန်ကော်လီယွန်မိသားစု အားလုံးနှင့် သင့်မြတ်စွာ နေထိုင်ခဲ့ခြင်း ကြောင့် မိုက်ကယ်လ်မှာ အံ့သြမိသည် နှင့် အမျှ ချီးကျူးဝမ်းမြောက်မိခဲ့၏။ အိမ်ထောင်သက် ပထမတစ်နှစ်တွင် သူတို့ ကလေးတစ်ယောက် ရရှိခဲ့ပြီး ယခု ဒုတိယနှစ်ကျော်လာသောအခါ ကေးမှာ နောက်ထပ် ကိုယ်ဝန်ရှိနေ ပြီ ဖြစ်၏။

မိုက်ကယ်လ်သည် လေယာဉ်ပေါ်၌ အမျိုးမျိုး တွေးတောနေရင်းက နယူးယောက်ဆ လေဆိပ်၌ ချစ်ဇနီး ကေးကိုယ်တိုင် လာကြိုနေမည်ဖြစ်ကြောင်း သိထားသဖြင့် ကြည်နူးမိ၏။ သို့သော် ခါတိုင်း ခရီးသွားရာမှ ပြန်လာသကဲ့သို့ အလွန်အမင်း ပျော်ရွှင်ဝမ်းမြောက်ခြင်း မရှိချေ။

အဘယ်ကြောင့် ဆိုသော် ယခုတစ်ကြိမ် နယူးယောက်မြို့ သို့ ပြန်ရောက်ချိန်မှ စ၍ ဒွန်ကော်လီယွန်မိသားစု ၏ ရန်သူဟူသမျှကို အပြီးသတ်ချေမှုန်းရန်အတွက် သက်ဆိုင်ရာတပ်မှူးများအား မိုက်ကယ်လ်ကိုယ်တိုင် စစ် ဆင်ရေးအမိန့် ပေးရတော့မည်ဖြစ်သောကြောင့်တည်း။

***

ကေးသည် မိုက်ကယ်လ်နှင့် လက်ထပ်ပြီး

လင်ယောက်ျားနှင့် အတူလိုက်နေတော့မှ 'ဂေါ ဒ်ဖားသား' မိသားစုအကြောင်းကို ပိုမိုနီးကပ်စွာ လေ့လာသိခဲ့ရသည် ။ အဘိုးကြီး အမယ်ကြီးတို့ ၏ စိတ်နေသဘောထား အယူ အဆများကို လည်းကောင်း၊ မိုက်ကယ်လ်နှမငယ် ကော်နီနှင့် ခင်ပွန်းသည် ကာလိုတို့ အကြောင်းကိုလည်း ကောင်း၊ အကဲခတ် သိရှိခဲ့ ရသည် ။ ထိုအချိန်၌ ကော်နီတို့ ဇနီးမောင်နှံသ ည် လည်း မိသားစုအိမ်ဝင်းခြံကြီး အတွင်း လာ ရောက်နေထိုင်လျက် ရှိကြသည် ။

ကေးအနေဖြင့် ထူးဆန်းသည် ဟု ထင်မိသ ည် ကား မည်သူကမျှ ကွယ်လွန်သူ ဆန်နီအကြောင်း စကား စပ်၍ မပြောကြခြင်း ပင် ဖြစ်၏။ တစ်ကြိမ်တွင် ကေးသည် ကော်နီ အား ဆန်နီအကြောင်း စကားမစပ် ပြောကြည့် ပါသော်လည်း ကော်နီ ကိုယ်တိုင်ကပါ မေး' မွေးပြောဆိုချင်ပုံမရကြောင်း သိရသဖြင့် လက် လျှော့ခဲ့ရ၏။

သို့သော် မိုက်ကယ်လ်က ဆန်နီ အသတ်ခံရ သည့် ညက ဖြစ်ပျက်ပုံ၊ ကော်နီအား သူ့လင် ကာလိုက ရိုက်နှက်ညှဉ်းပန်း၍ ထိုအကြောင်း ကို သိသိချင်း ဆန်နီက နှမငယ်၏ အိမ်သို့အသွား လမ်းတွင် အငိုက်မိပြီး အသတ် ခံခဲ့ရပုံများကို ပြောပြဖူးလေသည် ။ ဆန်နီ၏ ဇနီး စန္ဒြာကို ကလေးများ နှစ်အတူ တောင်ပို င်း ဖလော်ရီ ဒါပြည်နယ်သို့ ပို့ထားပြီး မိသားစု ၏ ထောက်ပံ့ချက်ဖြင့် အေးချမ်းစွာ နေထိုင်ကြောင်း သိရသည် ။

မိုက်ကယ်လ်၏ မျက်နှာမှာ အမာရွတ်ကို ပျောက်သွားအောင် ခွဲစိတ်ကုသရန် မိသားစု

အားလုံးက ဝိုင်း တိုက်တွန်းကြသော်လည်း မရ ချေ။ ဖွတ်ပေ၍ အမာရွတ်ကြီးနှင့် ပင် နေထိုင် ခဲ့၏။ သို့ရာတွင် ကေးက ပထမ ကလေး မွေးဖွားပြီးသောအခါ

သားယောကျ်ားကလေးဖြစ်၍ အလွန်ဝမ်းသာ ရွှင်မြူးနေခိုက် ကေးက..

"ရှင့်မျက်နှာက အမာရွတ်ကို ကျွန်မက တော့ ဘယ်လိုမှ မအောက်မေ့ပါဘူး။ ဒါပေမဲ့ ကျွန်မတို့ သား လေး နားလည်တဲ့ အရွယ် ရော က်လာရင် ဖအေ့မျက်နှာက ဒဏ်ရာကြောင့် ရှက်နေပါဦးမယ်။ ဒါကြောင့် ခွဲစိတ် ပြုပြင်လိုက် ပါလားဟင်"

ဟု အကြံပေးရာ မိုက်ကယ်လ်က လုပ်ပါမ ည်ဟု သဘောတူလေသည် ။

ဤသည် မှာ မိုက်ကယ်လ်က သူ့သဘောနှင့် သူ လုပ်ခြင်းမဟုတ်၊ ချစ်ဇနီး၏ ဟိုးယ်ကွန်းအ ကြံကို လိုက် လျောခြင်းသာ ဖြစ်သောကြောင့် ကေးအနေဖြင့် ကြည်နူးပီတိ ဖြစ်ခဲ့ရလေသည် ။

***

လေယာဉ်ပျံဆိုက်ချိန်တွင် ကေးသည် လူယုံ တော် တပ်မှူးတစ်ဦးဖြစ်သူ ရိုကိုလမ်းပုံးဆိုသူ နှင့် အတူ လေဆိပ်မှ ဆီးကြိုနေလေသည် ။ မို က်ကယ်လ်က တော်မီဟောဂင်နှင့် အတူ လေ ယာဉ်ပေါ်မှ ဆင်းလာချိန်တွင် ကိုယ်ရံတော် အဲ လ်ဘတ်နေရီ ဆိုသူက မိုက်ကယ်လ်၏ နောက် နားမှ ကပ်၍ လျှင်မြန်ဖျတ်လတ်စွာ ပတ်ဝန်း ကျင် ကို ကြည့်ရှုအကဲခတ်ရင်း လိုက်ပါလာ၏။ ကေးသည် အဲလ်ဘတ်နေရီအား သိပ်သဘောမ ကျမိချေ။ သူ့ကိုကြည့် ရသည် မှာ ရက်စက်ကြ

မ်းကြုတ်သော လူသတ်သမား လူကာဘရာဆီ၏ ဟန်အမူအရာမျိုး ဖြစ်သည် ဟု ထင်မိသည် ။

မိုက်ကယ်လ်သည် ကေးအား မြင်မြင်ချင်း ဖက်လဲတကင်း နှုတ်ဆက်ပြီးနောက် ယနေ့ည အဖို့ အရေး ကြီးသည့် လုပ်ငန်းဆွေးနွေးပွဲရှိသဖြင့် နောက်တစ်နေ့ကျမှ မြို့ထဲသို့သွား၍ ညစာစားရင်း ပြဇာတ်ကြည့်ကြမည်ဟု နှစ်သိမ့်ပြောဆို လိုက်လေသည် ။

ထိုနေ့ ညဘက်တွင် ကား အဘိုးကြီး 'ဂေါ်ဒ်ဖားသား' ကိုယ်တိုင်နှင့် တကွ မိုက်ကယ်လ်၊ တော်မီ၊ ကော်နီ၏ ယောကျ်ား ကာလို၊ တပ်မှူးများ ဖြစ်သော ကလီမင်ဇာနှင့် တက်ဆီယိုတို့သည် ဆွေးနွေးပွဲ ထိုင်ကြလေသည် ။

အဘိုးကြီးက သူသည် အငြိမ်းစားယူသည့် အနေဖြင့် နားနေပြီး သားငယ်မိုက်ကယ်လ် သူ့နေရာတွင် ခေါင်းဆောင်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးသည့် အချိန်မှ စ၍ အတွင်းလူများ ထဲတွင် အခြေအနေ တင်းမာသယောင် ရှိနေခဲ့၏။ အခြားမိသားစုများ တွင် သာဆိုလျှင် ကလီမင်ဇာတို့လို အင်အားကြီးမားသော တပ်မှူးကသာ ခေါင်းဆောင်နေရာကို ဆက်ခံရတတ်သောကြောင့် တစ်ကြောင်း၊ မိုက်ကယ်လ်သည် မိသားစုကို အဘိုးကြီးကဲ့သို့ ခေါင်းဆောင်နိုင်သော အရည်အချင်းမရှိ ယူဆ၍ တစ်ကြောင်း ကောင်းစွာ ဘဝင်မကျနိုင်ကြခြင်းပင် ဖြစ်၏။

သို့သော် အဘိုးကြီးကိုယ်တိုင်နှင့် တကွ တော်မီဟောဂင်တို့ ကမူ မိုက်ကယ်လ်သည် အ

ပေါယ်က အေးဆေးသလောက် အဘိုးကြီးကဲ့
သို့ ကြံ့ခိုင်သော စိတ်ဓာတ်နှင့် ကြံ့ရည်ဖန်ရည်
အပြည့်ရှိကြောင်း ကောင်း စွာ ယုံကြည်စိတ်ချ
ထားပြီး ဖြစ်သည်။

ဂေါ်ဒ်ဖားသား ယင်းသို့ အနားယူပြီး ငြိမ်းချ
မ်းရေးကိုလည်း တည်ဆောက်ကျင့်သုံးနေခြင်း
ကို နယူး ရောက်မြို့ရှိ အခြားမိသားစုဂိုဏ်းများ
သည် အလွန်ကျေနပ် သဘောကျနေကြလေသ
ည်။ ယခုဆိုလျှင် ဘာဇီနီ ဂိုဏ်းသည် အင်အား
အကြီးမားဆုံး ဖြစ်နေပြီး တာတာဂလီယာအုပ်
စုနှင့် လည်း မဟာမိတ်ဖွဲ့ကာ အားပေးကူညီ
နေ၏။ ဒွန်ကော်လီယွန်နေရာဆက်ခံမည့် မိုက်
ကယ်လ်ကိုလည်း အထင်သေးကြသဖြင့် ဂေါ်ဒ်
ဖားသားကို ကြောက်သလို ကြောက်ရွံ့ခြင်း မရှိ
ကြချေ။

ကလီမင်ဇာနှင့် တက်ဆီယိုတို့ က ဂေါ်ဒ်ဖား၏
မကျေနပ်သောအချက်တစ်ခုကား မိုက်ကယ်
လ်က သူတို့ ၏ တပ်သားဦးရေ အင်အားကို
လျှော့ပစ်ခိုင်းခဲ့ခြင်းနှင့် ကွယ်လွန်သူ ဆန်နီ၏
တ ပ်ဖွဲ့ကို ပြန်လည်စုစည်းခြင်း မပြုခဲ့
သောကြောင့် ပင် ဖြစ်၏။ သူတို့ ၏ စိတ်ထဲတွ
င် တဖြည်းဖြည်းနှင့် ဘာဇီနီနှင့် တာတာဂလီ
ယာဂိုဏ်းများက သူတို့ ထက် အင်အားပိုကြီး
ကာ နောက်ဆုံး လွှမ်းမိုးအနိုင်ယူသွားလိမ့်မည်
ဟု ထင်နေကြသည်။ ထို့ကြောင့် ယနေ့ ည အ
စည်းအဝေးတွင် အခြေအနေက တင်းမာသ
ယောင် ဖြစ်နေလေသည်။

မိုက်ကယ်လ်သည် လတ်စ်ဗေးဂတ်စ်မြို့သို့
သူသွားခဲ့သည့် အကြောင်းနှင့် မိုးဂရင်းဆိုသူ၏
အဆင်မပြေ ခဲ့ကြောင်းကို စတင်ရှင်းပြသည်။

တိုအချိန်၌ တက်ဆီယိုက အကဲစမ်းသည့် အနေဖြင့် မိုက်ကယ်လ်အား…

"မိုးဂရင်းက ဂေါ့ဒ်ဖားသားနဲ့ တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးချင်တယ်ဆိုရင်လည်း ဘာဖြစ်လို့ ခွင့်မပြု ချင်ရတာလဲ"

ဟု မေးလိုက်ရာ အဘိုးကြီးကဝင်၍ …

"ငါက အငြိမ်းစားယူနေပြီကွ။ ဒီကိစ္စမှာ ငါက ကြားဝင်ရင် မိုက်ကယ်လ်အဖို့ သိက္ခာကျသွားမှာပေါ့၊ ပြီးတော့ အဲဒီလူနဲ့ ငါက စကားမပြောချင်ဘူး"

ဟု ခပ်ပြတ်ပြတ်ပင် အဖြေပေးလိုက်သည် ။

ဤတွင် တက်ဆီယိုသည် ကျောထဲမှ စိမ့်ခနဲဖြစ်သွားမိတော့သည် ။ ဂေါ့ဒ်ဖားသားမိသားစုက ဆက် လက်စေ့စပ်ညှိနှိုင်းခြင်း မပြုပဲ့တော့ဟု ဆိုခြင်းကား မိုးဂရင်းဆိုသူသည် မကြာမီ အသတ်ခံရတော့မည့် အ ဓိပ္ပာယ်ပင်ဖြစ်ကြောင်း သူ နားလည်လိုက်မိလေသည် ။

ထို့နောက် တက်ဆီယိုက သူ၏ တပ်ဖွဲ့အင်အား တိုးချဲ့ရန် ခွင့်တောင်းသောအခါ မိုက်ကယ်လ်က ငြင်းပယ်သည့် ပြင် အဘိုးကြီးကပါ…

"ငါက ငြိမ်းချမ်းရေး အဆိုပြုပြီး ကတိပေးထားတယ်။ အဲဒီကတိကို ငါက ဖျက်လို့ မဖြစ်ဘူး"

ဟု အဆုံးအဖြတ် ပေးလိုက်သည် ။

ထိုစည်းဝေးပွဲ ပြီးဆုံးသောအခါ ကလီမင်ဇာနှင့် တက်ဆီယိုတို့ အား နောက်တစ်နှစ်ခန့်ကြာလျှင် အုပ်စုခွဲ ထွက်၍ သီးခြား ၄င်းတို့ ကိုယ်ပိုင် မိသားစုများ တည်ဆောက်ခွင့်ပြုမည်ဖြ

စ်ကြောင်း သဘောတူဆုံးဖြတ်ချက် ချလိုက်ကြ၏။ တပ်မှူးနှစ်ဦးသည် ကောင်းစွာ ကျေနပ်ပုံမရသော်လည်း ဘာမှ မပြောဘဲ နှုတ်ဆက်ပြီးပြန်သွား ကြလေသည် ။ နောက်ပိုင်းတွင် အဘိုးကြီးမိုက်ကယ်လ်နှင့် တော်မီတို့ သုံးဦးသာလျှင် ကျန်လျက် စကားဆက် ပြောနေကြသည် ။

တော်မီက သူ့ကိုတော့ ဘေးချိတ်ထားခြင်းကို ဝမ်းနည်းကြောင်း၊ မိုက်ကယ်လ်အနေဖြင့် ရိုကိုလမ်းပုံး ဆိုသူအား လျှို့ဝှက်တစ်ဖွဲ့တစ်ခု စည်းရုံးဖွဲ့စည်းထားစေသည် ကိုလည်း သူသိကြောင်းပြောရာ မိုက်ကယ်လ်က..

“တော်မီက စိတ်မရှိပါနဲ့ ၊ လတ်စ်ဗေးဂတ်စ်မြို့က ကျုပ်တို့ ရဲ့ တရားဝင် စီးပွားရေးလုပ်ငန်းမှာ တော်မီ ကို အရေးပါဆုံး နေရာက ထားမလို့ ပါ”

ဟု ရှင်းပြ လိုက်လေသည် ။ တစ်ဖန် တော်မီကပင် ဆက်၍ ဂေါ်ဒ်ဖားသားမိသားစု၏ လက်နက်ကိုင် အင်အား လျော့နည်းလာခြင်းကို ဝေဖန်ကာ ရန်သူဘာဇီနီနှင့် တာတာဂလီယာတို့ က အလွန်သဘောကျနေပုံ ရကြောင်း ပြောပြရာ ဂေါ်ဒ်ဖားသားက...

“ဒီမယ် တော်မီ ဒီကိစ္စတွေမှာ မိုက်ကယ်လ် တစ်ယောက်တည်းလုပ်တာ မဟုတ်ဘူး ။ ငါ့ရဲ့ အကြံဉာဏ် လည်း ပါတယ်။ ရန်သူက အထင်သေးချင် သေးပါစေ။ ငါ့အနေနဲ့ မိုက်ကယ်လ်ရဲ့ အရည်အချင်းနဲ့ အစွမ်းအစကို ယုံကြည်မှု အပြည့်အဝရှိတယ်”

ဟု ပြော လိုက်လေသည် ။

စကားစပ်မိ၍ ဂေါ်ဒ်ဖားသားက မိုက်ကယ်

လ်အား ဆစ်စလီကျွန်းမှာ ရှိစဉ်က မော်တော်ကားထဲ ဗုံးထည့် ပြီး လုပ်ကြံခဲ့သူ ဖာဘာရီဇီယိုဆိုသူအား ရှာတွေ့ပါပြီလောဟု မေးရာ မိုက်ကယ်လ်က

"ဟုတ်ကဲ့ ရှာတွေ့ပါပြီ။ ဒီကောင်က အမေရိကန်ပြည်၊ ဘတ်ဖလိုးမြို့မှာ မုန့်ဆိုင်တစ်ဆိုင်ဖွင့်ပြီး လုပ် စားနေတယ်။ ဒါပေမဲ့ ဒီကောင့်ကိုစွကို ချက်ချင်း မရှင်းချင်သေးဘူး။ ကျွန်တော့်ဇနီး ကေး မွေးဖွားပြီးအထိ စောင့်ဆိုင်းနေရဦးမယ်လို့ စိတ်ကူးထားပါတယ်"

ဟု ပြန်ဖြေ လိုက်လေသည် ။

***

နောက်သုံးလမျှ ကြာသောအခါ ကေးသည် ဒုတိယမြောက် ကလေးကို လွယ်ကူချောမောစွာမွေးဖွားခဲ့ ရာ...သားယောက်ျားကလေးပင်ဖြစ်သောကြောင့် မိသားစုအားလုံး အထူးပင် ဝမ်းမြောက် ရွှင်မြူးကြရလေ သည် ။ လက်ဆောင်ပဏ္ဏာများ လည်း အမြောက်အမြား ရရှိခဲ့လေသည် ။

တစ်ဖန် ထိုနှစ်တွင် ပင် ရုပ်ရှင်မင်းသား နီနိုဗာလ င်တီသ ည် ဦးနှောက်အာရုံကြောပြတ်သောရောဂါဖြင့် ကွယ်လွန်သွားလေသည် ။ သတင်းစာများက နီနို၏ သတင်းကို အသားပေးဖော်ပြကြရာတွင် ဂျော်နီ ဖွန်တိန်း သည် သူငယ်ချင်းအတွက် များ စွာ ယူကျုံးမရဖြစ်ကြောင်းကိုပါ ရေးသားကြလေသည် ။

ဂျော်နီကိုယ်တိုင် ဦးစီးစီမံသော ဈာပနအခမ်းအနားက အထူးပင် စည်ကားလှ၏။ နယူး

ယောက်မြို့ မှ ဂေါ်ဒ်ဖားသားမိသားစုအနေဖြင့် မသွားနိုင်သော်လည်း မိုက်ကယ်လ်၏ ကိုယ်ရံတော် အဲလ်ဘာတ်နေရီကို ကိုယ် စားလှယ်အဖြစ် စေလွှတ်ခဲ့၏။

နီနို၏ ဈာပနအခမ်းအနား ပြီးစီး၍ နှစ်ရက်မြောက်သောနေ့တွင် မိုးဂရင်းဆိုသူသည် ဟိုးလီးဝုဒ်ရှိ သူ၏ မယားငယ် ရုပ်ရှင်မင်းသမီး တစ်ဦးအိမ်၌ ရှိစဉ် တစ်စုံတစ်ယောက်က သေနတ်ဖြင့် ရုတ်တရက် ဝင်ပစ် ခတ်ခံရ၍ သေဆုံးသွားသည် ။

အဲလ်ဘာတ်နေရီကား နောက်တစ်လကြာမှ နယူးယောက်သို့ ပြန်လာခဲ့လေသည် ။ သူသည် ကာရာဘီယံ ပင်လယ်ကမ်းခြေ တစ်နေရာသို့ အပန်းဖြေ အနားယူနေခဲ့ပါသည် ဟု ဆိုသည် ။ သူ ပြန်ရောက်လာသောအခါ မိုက်ကယ်လ်က ဝမ်းသာအားရ ခရီးဦးကြိုပြုပြီး တာပနဲ့တွေ့ပ၊ သည် ဟု ချီးကျူးစကားလည်း ပြော လိုက်သေးသည် ။

*

## ၂၉

မိုက်ကယ်လ်သည် သူ၏ အစီအစဉ်များကို စိတ်ရှည်ရှည်ဖြင့် သေချာစေ့စပ်စွာ ပြင်ဆင်ခဲ့လေသည် ။ သူ့အနေဖြင့် စီမံကိန်းများကို လက်တွေ့ အကောင်အထည်မဖော်မီ တစ်နှစ်ခန့်အချိန်ယူ ပြင်ဆင်ရရန် စိတ်ကူး ထား၏။ သို့ရာတွင် ကံကြမ္မာက သူ့အား အချိန်တစ်နှစ်မပေးဘဲ တစ်မျိုးတစ်ဖုံ လှည့်စားလိုက်ပြန်သည် ။ လှည့် စားပုံကလည်း သူ့ဖခင်ကြီး ဂေါ့ဒ်ဖားသားနှင့် ပတ်သက်လေသည် ။

လုပ်ငန်းများကို မိုက်ကယ်လ်အား တာဝန်လွှဲပေးထားပြီး နောက် သူ၏ အိမ်ဝင်းအတွင်းရှိ ပန်းခြံထဲ၌ ခရမ်းချဉ်သီးများ နှင့် ငရုတ်ကောင်းပင်များကို ကိုယ်တိုင်စိုက်ပျိုး ခြင်းဖြင့် အချိန်ဖြုန်းလေ့ ရှိလေသည် ။

ရာသီဥတု သာယာကြည်လင်သော တနင်္ဂနွေနေ့တစ်နေ့၏ နံနက်ခင်းတွင် 'ဂေါ့ဒ်ဖားသား' သည် သူဝတ်ဆင်နေကျ ဥယျာဉ်စိုက်ပျိုးသည့် အဝတ်အစားများ ဝတ်လျက် ခြံထဲဆင်းလာပြီး ခရမ်းချဉ်သီးပျိုး ခင်းများကိုပြုပြင်ခြင်း ၊ ရေလောင်းခြင်းများ ပြုလုပ်နေ၏။ ထိုအချိန်၌ သူနှင့် မလှမ်းမကမ်းတွင် မိုက်ကယ်လ် ၏ သားအကြီးကလေးသည် ပြေး လာပြီး ရပ်နေလေသည် ။

အဘိုးကြီးသည် ဒူးထောက်၍ သစ်ပင်များကို ကြည့်ရှုပြုံးပြင်နေရင်းက သူ၏ ခေါင်းပေါ်သို့ နေရောင်က နီးကပ်စွာ ထိုးလာသကဲ့သို့ ပူပြင်းသောအရှိန်တစ်မျိုး ခံစားလိုက်ရသည် ။ တစ်ချိန်တည်းမှာ ပင် သူ၏ ရင်တွင်း၌ ပြင်းထန်စွာ နာကျင်သလို ခံစားရလေရာ 'ဂေါ်ဒ်ဖားသား' သည် သေခြင်းတရား ချဉ်းကပ်လာခြင်းပင် ဖြစ်ရ မည်ဟု ရိပ်မိလိုက်၏။ ထိုအခိုက်မှာပင် သူသည် အသက်ရှူကျပ်သည် ထက် ကျပ်လာလျက် နောက်ဆုံးမြေ ကြီး ပေါ်သို့ မှောက်ထိုးလဲကျသွားလေတော့သည် ။

ထိုအခြင်းအရာကို မြင်လိုက်ရသူ မိုက်ကယ်လ်၏ သားငယ်သည် ချက်ချင်းပင်ပြေး၍ သူ့ဖခင်ကို ခေါ် လိုက်လေသည် ။ မိုက်ကယ်လ်လည်း အမြန်ပြေး လာပြီး အဘိုးကြီးအား ပွေ့ထူလိုက်လေသည် ။

ထိုအချိန်၌ အိမ်ရှိကျန်လူများက ဆရာဝန်တစ်ဦးနှင့် သူနာပြုကားတစ်စီး အမြန်လာရောက်ရန် လှမ်း ခေါ်နေကြလေသည် ။

အဘိုးကြီးသည် ဝေဒနာပြင်းစွာ ခံစားနေရသည့် ကြားမှ ပင် အထူးကြိုးစား မျက်လုံးဖွင့်၍ သူ့သား မိုက်ကယ်လ်အား ကြည့်လိုက်သည် ။ ရုတ်တရက် ဖြစ်ပေါ်လာသော နှလုံးရောဂါက ပြင်းထန်လှသဖြင့် သူ၏ မျက်နှာသည် ပင် လျှင် ညိုရောင်သမ်းနေပြီ ဖြစ်၏။

'ဂေါ်ဒ်ဖားသား' သည် သားဖြစ်သူ မိုက်ကယ်လ်၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားရင်း ခပ်တိုးတိုး လေသံဖြင့်

"လူ့ဘဝဟာ အင်မတန် သာယာကြည်နူးစရာ ကောင်းလှပါတယ်ကွယ်"

ဟု သာ ပြောပြီးနောက် ချက်ချင်းလိုပင် အသက်ပျောက်သွားရှာလေသည် ။

ဆရာဝန်နှင့် သူနာပြုမော်တော်ကားများ မရောက်ရှိသေးမီ မိန်းမတွေက ဝိုင်းအုံငိုကြွေး ပူဆွေးကြ သည့် မြင်ကွင်းကိုပင် မကြည့်ရသေးမီ 'ဂေါ်ဒ်ဖားသား' သည် သူ၏ အချစ်ဆုံးသား၏ လက်ကိုဆုပ်ကိုင်ရင်း ညင်သာစွာပင် သေဆုံးသွားရှာပြီဖြစ်သည် ။

'ဂေါ်ဒ်ဖားသား' ဒွန်ကော်လီယွန်၏ ဈာပနအခမ်းအနားကား ပဒေသရာဇ်ခေတ် ထီးဆောင်းဘုရင်တစ် ပါး၏။ ဈာပနတမျှ ကြီးကျယ်စည်ကားလှ၏။ နယူးယောက်မြို့ မိသားစုဂိုဏ်းငါးဂိုဏ်းမှ အကြီးအကဲဒွန်များ ကိုယ်တိုင် သူတို့ ၏ တပ်မှူးများ နှင့် အတူ တက်ရောက်ကြသ ဖြ င့် ကာလီမင်ဇာနှင့် တက်ဆီယိုတို့ကလည်း သူတို့ ၏ လူအင်အား အပြည့်အစုံဖြင့် လာကြ၏။ နာမည်ကျော် ရုပ်ရှင်မင်းသားဂျော်နီဖွန်တိန်း ကိုယ်တိုင် ဈာပနအခမ်းအနားသို့ လာရောက်၍ လည်း သတင်းစာများက အသားပေးဖော်ပြကြ၏။

ထိုမျှမကသေး ဂျော်နီက သတင်းထောက်များ နှင့် တွေ့ဆုံပြီး ကွယ်လွန်သူ ဒွန်ကော်လီယွန်သည် သူ၏ ဖခင် 'ဂေါ်ဒ်ဖားသား' အစစ်ပင်ဖြစ်ကြောင်း၊ သူ သိသမျှ လူထဲတွင် အဘိုးကြီးသည် အလွန်ထူးချွန်ပြီး လေးစားထိုက်ဆုံးသော ပုဂ္ဂိုလ်ကြီးပင်ဖြစ်၍ သူ့အနေဖြင့် ယခုလို နောက်ဆုံးအကြိမ် ဂါရဝပြုရခြင်းကို ဂုဏ်ယူ မိကြောင်း ထပ်လောင်းပြောလိုက်ပါသေးသည် ။ ဂေါ်ဒ်ဖားသားမိသားစုနှင့် ပတ်သက်သူများ အပြင်

အဘိုးကြီး က ကူညီခဲ့ဖူးသူ၊ ကျေးဇူးပြုဖူးသူ အားလုံးက လာကြသဖြင့် ဈာပနအခမ်းအနား မှာ အထူးပင် ကြီးကျယ်စည် ကားခဲ့ပေသည် ။

'ဂေါ်ဒ်ဖားသား' အား ကောင်းစွာ သင်္ဂြိုဟ်ပြီး နောက်တစ်နေ့ နံနက်တွင် ကား မိုက်ကယ်လ်ကိုယ်တိုင် ခေါင်းဆောင်လျက် ဒွန်ကော်လီယွန်အုပ်စုမှ အရေးပါသူအားလုံးသည စာကြည့်တိုက်ခန်းမဆောင်တွင် စုရုံး၍ စည်း ဝေးကြသည် ။ ရောက်ရှိနေသူအားလုံး၏ စိတ် ထဲတွင် ကား 'ဂေါ်ဒ်ဖားသား' ကွယ်လွန်သွား သည့် အတွက် ဒွန်ကော်လီယွန်မိသားစုအင် အားသည် ထက်ဝက်ခန့် လျော့သွားပြီဟု ယူဆ ကာ စိတ်အားငယ်နေကြလေသည် ။ သူတို့ ၏ အမြင်တွင် မိုက်ကယ်လ်သည် အဘိုးကြီးကဲ့သို့ ခေါင်းဆောင်နိုင်သည့် အရည်အချင်း မပြည့်စုံ သေးဟု ထင်နေကြသည် ။

မိုက်ကယ်လ်က အစည်းအဝေး၏ မိန့်ခွန်းပြောသည့် အနေဖြင့်...

"ဒီအခမ်းအနားထဲ စုရုံးရောက်ရှိနေတဲ့ လူ တွေအားလုံးရဲ့ စိတ်မှာ ဘယ်လိုထိခိုက် ခံစား နေရ တယ် ဆိုတာ ကျွန်တော် နားလည်ပါတ ယ်။ ရှေ့လျှောက်တော့ ခင်ဗျားတို့ တစ်တွေဟာ ကိုယ့်မိသား စုများ ရဲ့ နောင်ရေးအတွက် လိုအ ပ်သလို စီမံကြရမယ်။ လောလောဆယ် ကျွန် တော်တို့ ပြင်ဆင်ထားတဲ့ အစီအစဉ် တွေကော ဘယ်လိုဖြစ်သွားမလဲလို့ မေးစရာရှိတယ်။ အဲဒီ မေးခွန်းရဲ့ အဖြေကတော့ ဘယ်လိုမှ မဖြစ်ဘူး ။ မူလအစီအစဉ်အတိုင်း အားလုံးဆက်လုပ်ရမ ယ်လို့ ကျွန်တော် ပြောလို ပါတယ်"

ဟု ခပ်တည်တည်နှင့် ပြောလိုက်သည် ။

**ကလီမင်ဇာက ဘာဇီနီနှင့် တာတာဂလီယာ** အုပ်စုတို့ သည် ယခုဆိုလျှင် မိုက်မိုက်ကန်းကန်း အနိုင် ကျင့် လာကြတော့မည်ဖြစ်၍ စတင် တိုက်ခိုက်သင့်ကြောင်း တင်ပြရာ မိုက်ကယ်လ်က ခေါင်းခါလျက်

"မလိုသေးဘူး၊ အသာစောင့်ကြည့်နေရမယ် ။ ငြိမ်းချမ်းရေးကို သူတို့ ဘက်က စတင်ဖောက်ဖျက်ပါစေ"

ဟု အဆုံးအဖြတ် ပေးလိုက်သည် ။

တက်ဆီယိုက သူ၏ ပိုင်နက်ဖြစ်သော ဘရွတ်ကလင်းဒေသတွင် ရန်သူအုပ်စုများက လောင်းကစား ဒိုင်များ ကျူးကျော်ဖွင့်လှစ်နေပြီဖြစ်၍ စိုးရိမ်ရကြောင်း သတင်းပို့ အစီရင်ခံပြန်ရာ မိုက်ကယ်လ်က

"နေပါစေဦး၊ အချိန်နည်းနည်း စောင့်ရှု

**င်သေးတယ်၊ နောက်တော့ ကျုပ်တို့ အစည်းအဝ**ေး ထပ်ခေါ်ပြီး လုပ်ရမယ့် ခြေလှမ်းကို ဆုံးဖြတ်ကြမယ်"

ဟု ပြော လိုက်လေသည် ။

ထို့နောက် မိုက်ကယ်လ်က လောလောဆယ် မည်သူကမှ အလောတကြီးနှင့် ကိုယ့်သဘောနှင့် ကိုယ် တစ်စုံတစ်ရာ မလုပ်ကြရန် သတိပေးပြောဆိုပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်၏။

အစည်းအဝေးပြီး၍ မည်သူမှ မရှိသောအခါ တော်မီဟောဂင်က...

"ရန်သူဘက်က မိုက်ကယ်လ်ကို တစ်နည်းနည်းနဲ့ လုပ်ကြံမှာ ပဲ။ သူတို့ ဘယ်လိုကြံမယ် ထင်သလဲ"

ဟု မေးရာ မိုက်ကယ်လ်သည် သက်ပြင်းချလျက်...

"အဘိုးကြီး မသေခင်က ပြောသွားတယ်။ ကျွန်တော်နဲ့ အလွန်နီးစပ်တဲ့ လူရင်းတစ်ယောက်ကို စည်းရုံးသိမ်းသွင်းပြီး သတ်ဖြတ်ဖို့ကြံမှာ ပဲတဲ့ ။ အတွင်းလူဆိုတော့ ကျွန်တော်မယုံသင်္ကာဖြစ်မှာ မဟုတ် ဘူး။ အနီးစပ်ဆုံးလူထဲကလည်း ကလီမင်ဇာရယ်၊ တက်ဆီယိုရယ်၊ ကော်နီရဲ့ ယောက်ျား ကာလိုရယ်၊ ဒါပဲ ရှိ နေတယ်"

ဟု ပြောလေသည် ။

ဤတွင် တော်မိက

"ဒီလိုဆိုရင်လည်း ကာလိုပဲ နီးစပ်တယ်"

ဟု ထင်မြင်ချက်ကို ပြောလိုက်သောအခါ မိုက်ကယ်လ်က...

"သိပ်မကြာတော့ပါဘူး။ တော်မီ ကိုယ်တိုင်သိရပါလိမ့်မယ်"

ဟု ခပ်အေးအေး ပြော လိုက်လေသည် ။

***

နောက်တစ်နေ့နံနက်တွင် မိုက်ကယ်လ်နှင့်တော်မီဟေဂင်တို့ နံနက်စာ အတူစားနေကြခိုက် တယ်လီ ဖုန်းလာနေသဖြင့် မိုက်ကယ်လ်ထ၍ စကားပြောပြီးနောက် တော်မီဘက်ကိုလှည့်၍ ...

"ကိုင်း...အစီအစဉ်တော့ လုပ်ပြီးပါပြီ။ ရှေ့အပတ်မှာ ကျွန်တော်က ဘာဇီနီနဲ့ တွေ့ဆုံဆွေးနွေးဖို့ သဘောတူကြောင်း ချိန်းလိုက်တယ်"

ဟု ပြောပြလေသည် ။

"နေပါဦး၊ ဘယ်က ဆက်သွယ်ပေးလို့ လဲ။ အခု ဖုန်းဆက်ပြောတာက ဘယ်သူလဲ"

တော်မီက မေးလိုက်ချိန်တွင် သူတို့ နှစ်ဦးစလုံး၏ စိတ်ထဲ၌ ရန်သူဂိုဏ်းခေါင်းဆောင်နှင့် ဆက်သွယ် သူသည် သစ္စာဖောက်မည့် သူ ဟူ၍ အတပ်သိနေကြပြီဖြစ်သည် ။

မိုက်ကယ်လ်က ဝမ်းနည်းသယောင် ဖြစ်သွားပြီးမှ ပြုံးလျက်

"ဆက်ပေးတာကတော့ တက်ဆီယိုပဲ"

ဟု ဖြေ လိုက်လေသည် ။ တစ်ဆက်တည်းမှာ ပင် မိုက်ကယ်လ်က

"တက်ဆီယိုဟာ စင်စစ်တော့ ရှုံးတဲ့ ဘက်မှာ မနေချင်လို့ ဒီလိုလုပ်တာပဲ။ သူ့စိတ်ထဲက လာမယ့်တိုက် ပွဲမှာ ကျွန်တော် နိုင်မှာ မဟုတ်ဘူး လို့ ထင်နေတယ်၊ ဒါကြောင့် သူက ကျွန်တော့်ကို ဘာဇိနီနဲ့ တွေ့ဖို့ ရာ ချိန်းပေး ပြီး ဟိုဘက်လူတွေ သတ်ဖို့ ရာ သူ စီစဉ်ပေးတာ ဖြစ်လိမ့်မယ်။ ကျွန်တော်ကတော့ မကြောက်ပါဘူး။ ရန်သူ ထက် တစ်ကွက်ပိုမြင်ထားတာပဲ။ တစ်ချိန်လုံး သစ္စာရှိခဲ့တဲ့ တက်ဆီယိုလိုလူက အခုလို ဖောက်ပြန်သွားတာ ကိုသာ စိတ်ထဲမကောင်း ဖြစ်မိတယ်။ အခုဆိုရင် ကျွန်တော့် အနေနဲ့ အဘိုးကြီးရှိစဉ်က ရရှိထားတဲ့ နိုင်ငံရေး အဆက်အသွယ်ရှိတာဟာ လူမိုက်ဂိုဏ်း ဆယ်ခု လောက် မွေးတာထက် ပိုထိရောက်တယ်ဆိုတာ ကျွန်တော့် ဖခင်ကြီးက ယုံကြည်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်က အခု မကြောက်ဘူးလို ပြောတာပါ"

ဟု ရှင်းပြ လိုက်လေသည်။

မိုက်ကယ်လ်သည် ဘာဇီနီနှင့် တွေ့ဆုံဆွေးနွေးရန် သဘောတူလိုက်ပြီးသည့် နောက်ပိုင်းတွင် အထူး သတိထားလျက် လုံခြုံရေးကို တိတိကျကျ လိုက်နာကြောင်း တော်မီဟောဂင်က သတိပြုမိလေသည် ။ သူသည် အိမ်ဝင်းခြံကြီးပြင်ဘက်သို့ တစ်ယောက်တည်း မထွက်ဘဲ သွားစရာရှိလျှင်ပင် ကိုယ်ရံတော် အဲလ်ဘတ်နေရီ အား အမြဲခေါ်သွား၏။ သူ့ထံလာတွေ့သည့် ဧည့်သည် များကိုလည်း တစ်ယောက်တည်း အတွေ့မခံ၊ သူ့အနားၐ အဲလ်ဘတ်နေ ရီကို ထား၍ လက်ခံစကားပြောလေ့ရှိ၏။ တစ်နည်းအားဖြင့် မိုက်ကယ်လ်သည် ဘေးအန္တရာယ်ကို ကာကွယ်ရာၐ သတိဟူသည် ပိုနေသည် မရှိဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား ကျင့်သုံးခဲ့ခြင်းပင် ဖြစ်လေ သည။

အရေးထဲ ကော်နီနှင့် ကာလိုတို့ သားအကြီးကလေးက ဘုရားရှိခိုးကျောင်းၐ ဘာသာရေးဆိုင်ရာ အခမ်းအနားတစ်ခု တက်ရောက်ရလေရာ ခရစ်ယာန်အစဉ်အလာအရ ကလေးမွေးစားဖခင်သဘော 'ဂေါ့ဒ်ဖားသား' တစ်ဦးလိုသဖြင့် ကေးက မိုက်ကယ်လ်အား ဆောင်ရွက်ရန် ပူဆာလေသည်။

ပထမသော် မိုက်ကယ်လ်သည် ငြင်းဆန်သော်လည်း ကေးက မရမက ပူဆာသောအခါ နောက်ဆုံးၐ သူသည် အိမ်ကြီး၏ ဝင်းပြင်ဘက်သို့ထွက်ရန် မဖြစ်သောကြောင့် ယင်းအခမ်းအနားကို ခြံဝင်းအတွင်းမှာ ပင် ပြုလုပ်နိုင်းလျက် ကေးအား လိုက်လျောခဲ့၏။

ဤနည်းအားဖြင့် မိုက်ကယ်လ်သည် သူ့နှမ

ကော်နီ၏ သားဖြစ်သူ တူတော်မောင်၏ 'ဂေါ်ဒ်ဖားသား' ဖြစ်လာခဲ့ပေသည် ။

*

## အပိုင်း (၈)

## ၃၀

အဲလ်ဘ်နေရီသည် သူ၏ အိမ်ခန်းထဲ၌ ရဲအရာရှိ ယူနီဖောင်းဝတ်စုံ တစ်စုံကို ဗီရိုမှ ထုတ်ယူ၍ သေချာစွာ ဘရပ်ရှ်ဖြင့် တိုက်ပြီးနောက် ကျကျနန မီးပူထိုးနေလေသည် ။ အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ခြောက်လုံးပြူးသေနတ်တစ်လက်ကို ရဲအရာရှိများ သုံးသည့် သေနတ်အိတ်တွင် ထည့်လျက် သားရေခါးပတ်နှင့် တကွ တင်ထား၏။ ထိုရဲဝတ်စုံ ယူနီဖောင်း၏ ခါးပတ်၊ ခြောက်လုံးပြူးအိတ် စသည် တို့ ကား

သူ၏ ကိုယ်ပိုင်ပစ္စည်းများ ပင် ဖြစ်၏။ အဲလ်ဘတ်နေရီကား အီတလီလူမျိုး (ဆစ်စလီကျွန်းသား) ဖြစ်သော်လည်း တစ်ချိန်က နယူးယောက် ရဲတပ်ဖွဲ့၌ အမှုထမ်းခဲ့ဖူးသူ ရဲအရာရှိဟောင်းတစ်ဦးပင်တည်း။

***

သူသည် ခွန်အားဗလအလွန်ကောင်းပြီး စိတ်တိုဒေါသကြီးသူလည်း ဖြစ်၍ ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှု ထမ်းသက် ငါးနှစ်မျှအကြာတွင် တရားဥပဒေ ဆန့်ကျင်သူများက အလန့်ဆုံး၊ အကြောက်ဆုံး ရဲအရာရှိတစ်ဦး ဖြစ်ခဲ့၏။ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာ၌ သူ့နည်း သူ့ဟန်ဖြင့် ပြုလုပ်တတ်လေရာ ထိုသို့ ပြုလုပ်တတ်ခြင်းသည် ပင်လျှင် အလွန်ကြောက်စရာ ကောင်းလှ၏။

သို့သော် အဲလ်ဘတ်နေရီသည် အဆုံးချုပ်တော့ ညတစ်ညတွင် ကင်းလှည့်သွားရင်း ပြဿနာတစ်ခုနှင့် ရင်ဆိုင်ရလေသည်။ ကပ္ပလီလူမည်း (နီဂရိုး) များ နေထိုင်ရာ ဟားလင်ရပ်ကွက် အိမ်ခန်းတစ်ခန်းထဲ၌ လူတစ်ယောက်က မိန်းကလေးနှစ်ဦးအား တိုက်ခိုက်နေသည်ဟု ကြားရသဖြင့် ပြေးဝင်သွားကြရာ ကပ္ပလီအမျိုး သမီး အသက် ၂၅ နှစ်အရွယ် တစ်ယောက်နှင့် ၁၂ နှစ်သာသာ ကလေးမတစ်ဦးတို့ မှာ မျက်နှာနှင့် ကိုယ်ပေါ် တွင် သင်တုန်းဓားဖြင့် လှီးဖြတ်ထားခြင်းကြောင့် သွေးသံရဲရဲဖြင့် လဲကျနေသည် ကို တွေ့ရလေသည်။ ထိုသို့ ရက်စက်စွာ ပြုလိုက်သူကိုလည်း တွေ့ရလေသည်။ ထိုသူကား ဘိန်းစ်အမည်ရှိ ကပ္ပလီလူဆိုး လူမိုက် ပြည့်တန်ဆာ ခေါင်းတစ်ဦးပင်ဖြစ်ပြီး လွန်ခဲ့သော နှစ်ပတ်ကပင် ပြည့်တန်ဆာမတစ်ဦး

အား လမ်းပေါ်တွင် ရိုက်နှက်မှုဖြင့် အဲလ်ဘတ်နေရီက ဖမ်းခဲ့ဖူးသေး၏။ သို့သော် နောက်တစ်နေ့တွင် တရားရုံးက အာမခံပေး၍ လွှတ်ထားခဲ့၏။

ယခုလည်း မိန်းကလေးနှစ်ဦးအားမညှာမတာ ဓားဖြင့်တိုက်ခိုက်မှုဖြင့် ဘိန်းစ်အား အဲလ်ဘတ်နေရီ က ဖမ်းဆီးရန် ချဉ်းကပ်သွားသောအခါ အဖမ်းမခံဘဲ ဓားမြှောင်ဖြင့် ခုခံလေသည်။ ဤတွင် အဲလ်ဘတ်နေရီသည် ဒေါသပြင်းစွာထွက်မိလျက် ဘိန်းစ်က ဓားမြှောင်ဖြင့် ထိုးခြင်းကို လျင်မြန်စွာ တိမ်းရှောင်ရင်း သူ၏ လက်နှိပ် ဓာတ်မီးကြီးဖြင့် ဦးခေါင်းတည့်တည့် ရိုက်ချလိုက်ရာ ဘိန်းစ်သည် ဒူးဆစ်များကွေးကာ လဲကျသွားပြီး ဓား မြှောင်လည်း လွှတ်ကျသွား၏။ အမှန်တော့ ယင်းသို့ တစ်ချက်ရိုက်လိုက်ရုံနှင့် လုံလောက်သော်လည်း [illegible] ည် စိတ်ကိုမထိန်းနိုင်ဘဲ နောက်တစ်ချက် [illegible] အားလွှဲရိုက်လိုက်ရာ ဒေါသစိတ်ကြောင့် လိုသည် ထက် ပိုအောင် ခွန်အားကို သုံးလိုက်မိသဖြင့် ဘိန်းစ်သည် ဆေးရုံရောက်ပြီး နှစ်နာရီအကြာတွင် သေဆုံးသွား လေသည်။

တရားဥပဒေသည် ရဲအရာရှိများ ပေါ်တွင်လည်း ချုပ်ထိန်းမှုရှိသည့် အလျောက် အဲလ်ဘတ်နေရီသည် တရားခံတစ်ဦးအား လိုသည် ထက်ပိုမို အင်အားသုံးပြီး သေစေအောင် ပြုခဲ့မှုဖြင့် ရာထူးမှ ချပြီး ရာဇဝတ်မှုဖြင့် အရေးယူခြင်း ခံခဲ့ရလေသည်။ တရားရုံးတော်ကလည်း ပြစ်မှုထင်ရှားသည် ဟု ဆိုကာ သူ့အား ထောင်ဒဏ်တစ် နှစ်မှ ဆယ်နှစ်အထိ ကျခံစေဟု စီရင်ချက် ချ လိုက်လေသည်။ ဤတွင် သူ၏ ယော

ကွမကြီးသည် အဲလ်ဘတ်နေ ရှိအား တတ်နိုင်သလို ကူညီပါရန် 'ဂေါ့ဒ်ဖားသား' ဒွန်ကော်လီယွန်ထံ ချဉ်းကပ်ခဲ့လေသည် ။

ဒွန်ကော်လီယွန်မိသားစုသည် အဲလ်ဘတ်နေရှိအကြောင်း စောစောကပင် သိထားခဲ့သည် ။ သူ၏ ခွန် အားဗလကြီးမားပုံ၊ သတ္တိကောင်းပုံ၊ ကြောက်ရွံ့တုန်လှုပ်စိတ်အလျဉ်းမရှိပုံများကို သဘောကျနေမိခဲ့သည် ။ အထူးသဖြင့် တပ်မှူး ကလီမင်ဇာက အဲလ်ဘတ်နေရှိသည် လူကာဘရာဆီ ကဲ့သို့ အသုံးချနိုင်မည့် ပါးကွက် အာဏာသားကောင်းတစ်ဦးဖြစ်နိုင်သည် ဟု တော်မီဟောဂင်အား ပြောခဲ့လေသည် ။

များ မကြာမီ 'ဂေါ့ဒ်ဖားသား' မိသားစု၏ ဆက်သွယ်ကူညီမှုဖြင့် အဲလ်ဘတ်နေရှိသည် ထောင်မှ လွတ် လာလေရာ မိုက်ကယ်‌ေ‌ပ‌ (?) ခေါ်ယူတွေ့ဆုံပြီး သူတို့ ထံ ဝင်ရောက်အမှုထမ်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့လေသည် ။ အတိုးကြီး 'ဂေါ့ဒ်ဖားသား' ကိုယ်တိုင်ကလည်း အဲလ်ဘတ်အား ရင်းနှီးစွာနှုတ်ဆက်စကားပြောရင်း တိုက်တွန်း လေသည် ။

ဒွန်ကော်လီယွန် မိသားစုက ဤသို့ သူ့အား ဆက်ဆံသည် ကို အဲလ်ဘတ်နေရှိသည် ကျေနပ်ကျေးဇူး တင်မိလေသည် ။ သူသည် မိန်းကလေးနှစ်ဦးအား သင်တုန်းဓားဖြင့် လှီးဖြတ်စော်ကားခဲ့သူ တရားခံကို ဆုံးမ မိ ခြင်းကြောင့် လူ့အဖွဲ့အစည်းက သူ့အား ရှုတ်ချအရေးယူ အပြစ်ပေးခဲ့၏။ ယခု 'ဂေါ့ဒ်ဖားသား' ကား ထိုအပြု အမူကို မရှုတ်ချဘဲ လက်ခံချီးကျူး၏။

ထို့ကြောင့် သူ့အနေဖြင့် 'ဂေါ်ဒ်ဖားသား' မိသားစုလက်အောက်တွင် အမှု ထမ်းခြင်းသည် သာလျှင် သူ၏ ပင်ကိုစရိုက်နှင့် ကိုက်ညီ စိတ်ချမ်းသာမှု ရရှိမည်ဟု ဆုံးဖြတ်မိလေသည်။

ဤနည်းအားဖြင့် ရဲအရာရှိဟောင်း အဲလ်ဘတ်နေရီသည် ဂေါ်ဒ်ဖားသားမိသားစု၏ လက်အောက်တွင် ဝင်ရောက်အမှုထမ်းရာမှ မိုက်ကယ်လ်၏ ကိုယ်ရံတော် သက်တော်စောင့်အဖြစ် တာဝန်ပေးခြင်း ခံခဲ့ရလေသည်။

သူနှင့် ပတ်သက်၍ မိုက်ကယ်လ်အား အဘိုးကြီး 'ဂေါ်ဒ်ဖားသား' က သွန်သင်ပြောပြခဲ့ပုံမှာ လည်း စိတ် ဝင်စားဖွယ် ကောင်းလှပေသည်။

"ဒီလိုရှိတယ်ကွယ့် သားရဲ့၊ လောကမှာ တချို့လူတွေဟာ ဘာကိုမှ မကြောက်ဘူး။ သေရမှာ လည်း မကြောက်တတ်ကြဘူး။ သူတို့ဟာ ရက်စက်ကြမ်းကြုတ်ပြီး သတ်ရဲဖြတ်ရဲသလို သူတို့ ကို သတ်မှာ လည်း မကြောက်ဘူး။ သေရမယ့်အန္တရာယ်ကိုလည်း ရင်ဆိုင်ပံ့သူတွေ ဖြစ်တယ်။ လူကာဘရာဆီဟာ အဲဒီလိုလူမျိုး တစ်ယောက်ပဲ။ ဒီလိုလူမျိုးကို ကိုယ့် အပေါ်မှာ သစ္စာရှိအောင် စည်းရုံးသိမ်းသွင်းနိုင်ရင် အလွန်ထက်မြက်တဲ့ လက်နက်ကောင်း တစ်ခုနဲ့ မခြား အသုံးဝင်နိုင်တယ်။ အရေးကြီးတာက ဘယ်သူ့ကိုမှ မကြောက်တဲ့ ဒီလူမျိုးကို မင်းအပေါ်မှာ တကယ်သစ္စာရှိအောင် သိမ်းသွင်းဖို့ ပဲ အဲဒါသာ လုပ်နိုင်ရင် မင်းအဖို့ စိတ်အချရဆုံး၊ သစ္စာရှိ ဆုံး လူယုံတစ်ယောက် ရထားပြီလို့သာ အောက်မေ့ပေတော့"

ဤသို့ ဖခင်ကြီးက ပြောပြဖူးသည့် အတိုင်း

မိုက်ကယ်လ်သည် အဲလ်ဘတ်နေရီ ဆိုသူ အရာရှိဟောင်း အား လူကာဘရာဆီကဲ့သို့ သစ္စာရှိ ကျွန်ယုံတစ်ဦးဖြစ်အောင် စည်းရုံးသိမ်းသွင်းခဲ့လေသည် ။

အဲလ်ဘတ်နေရီသည် ရဲဝတ်စုံယူနီဖောင်းကို စိတ်တိုင်းကျ ပြင်ဆင်ပြီးနောက် ဝတ်ဆင်လိုက်လေ သည် ။ သူ၏ စိတ်ထားနှင့် အရည်အချင်းတန်ဖိုးကို နားလည်သူ၊ သူ၏ ကျေးဇူးရှင်လည်း ဖြစ်သူ ဂေါ့ဒ်ဖားသား ၏ သား မိုက်ကယ်လ်က အလွန်ယုံကြည်စိတ်ချ၍ သာ ယနေ့ အထူးလျှို့ဝှက် အရေးကြီးသော တာဝန်ကို ပေးခဲ့၏။ ထို့ကြောင့် သူသည် သစ္စာရှိစွာ ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ယနေ့အဖို့ တာဝန်ကို မလွဲမသွေ ကျေပွန်အောင် ကြိုးစားထမ်းဆောင်ရန် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်လေသည် ။

# ၃၁

လောင်းဘိချ်အရပ်ရှိ 'ဂေါ်ဒ်ဖားသား' ၏ အိမ်ကြီးရှေ့တွင် ဆလွန်းမော်တော်ကားကြီးနှစ်စီးသည် အဆင်သင့်ရပ်ထားသည် ။ တစ်စီးက ကော်နီတို့ မိသားစုနှင့် မိခင်အဘွားကြီးတို့ လေဆိပ်သို့သွားပို့ရန် ဖြစ်၏။ သူတို့ သည် မိသားစုအားလုံး ပြောင်းရွှေ့အခြေဆိုက်မည့် ရှေ့ပြေးအဖြစ် လတ်စ်ဗေးဂတ်စ်မြို့သို့ ကြိုတင် သွား ရောက် အပန်းဖြေကြရန် စီစဉ်ထားခြင်း ဖြစ်၏။ ဒုတိယကားကတော့ မိုက်ကယ်လ်၏ ဇနီး ကေးက ကလေးနှစ် ယောက်နှင့် အမေ့ မိဘများ ရှိရာ နယူးဟင်ရှိုင်းယားသို့ သွားရန် ဖြစ်လေသည် ။

အမှန်အားဖြင့် မိုက်ကယ်လ်က ဘာဇီနီနှင့် တွေ့ဆုံဆွေးနွေးခြင်း မပြုမီ အိမ်ကြီး၌ မိသားစုအရင်းအချာ တွေ မည်သူမှ မရှိအောင် ကြိုတင်ဖယ်ရှားထားခြင်းပင် ဖြစ်သည် ။ သို့သော် မိုက်ကယ်လ်က ဤအကြောင်းကို ထုတ်ဖော်ရှင်းပြခြင်း မပြုချေ။

ကော်နီ၏ ယောကျ်ား ကာလိုကိုမူ မိုက်ကယ်လ်က အလုပ်ကိစ္စရှိသေးသည် ဆိုကာ အိမ်တွင် တစ်ရက် နှစ်ရက်ခန့် နေပြီးမှ ဇနီးနှင့် သားသမီးများ ရှိမည့် လတ်စ်ဗေးဂတ်စ်သို့ လိုက်သွားရန် ပြောထားလေသည် ။

ပထမမော်တော်ကားနှင့် ကော်နီတို့ လူစု

ထွက်သွားပြီးမှ မိုက်ကယ်လ်သည် အိမ်ပေါ်မှ သူ့ဇနီးကလေးနှင့် ကလေးများအား နှုတ်ဆက်လေသည် ။ တစ်ဖန် ဒုတိယကား ထွက်သွားသောအခါ မိုက်ကယ်လ်က ယောက်ဖ ဖြစ်သူ ကာလိုအား

"အလုပ်နည်းနည်း ရှိသေးလို့ နှစ်ရက်လောက် ခေါ်ထားတာကို စိတ်မရှိပါနဲ့ "

ဟု ပြောရာ ကာလိုကလည်း လိုက်လျောစွာနှင့် ပင်...

"အို၊ ကိစ္စမရှိပါဘူး။ ကျုပ်တလည်း တာဝန်ပေးရင် ကူညီဖို့ အသင့်ပါပဲ"

ဟု ပြောလိုက်သည် ။

ထိုနေ့က အိမ်ကြီးပတ်ဝန်းကျင်၌ ရောက်ရှိနေသူ လက်နက်ကိုင် အစောင့်များမှာ ယခင်က တစ်ခါမှ မတွေ့ဖူးသူ လူသစ်များ ဖြစ်နေ၍ ကာလိုမှာ အံ့အားသင့်နေမိလေသည် ။ ထိုအထက်ပို၍ ထူးဆန်းသည့် ကား ခြံဝင်း ဝတွင် ဂိတ်မှူးအဖြစ် တာဝန်ယူ ကြီးကြပ်နေသူက ရိုကိုလမ်ပုန်းဆိုသူ တပ်မှူးဖြစ်နေခြင်းပင်တည်း။

သာမန်အားဖြင့် သူလိုအဆင့်ရှိသူသည် ဂိတ်ဝတွင် တာဝန်ကျလေ့မရှိ။ ယနေ့အဖို့ အရေးကြီးကိစ္စ တစ်ခုရှိ၍ သာ မိုက်ကယ်လ်က ရိုကိုအားဂိတ်ဝတွင် တာဝန်ချထားခြင်း ဖြစ်ရမည်ဟု သာ ထင်ရပေသည် ။

ကာလိုသည် သူ၏ တိတ်တိတ်ပုန်း မယားငယ်ထံသို့ တယ်လီဖုန်းဆက်၍ ထိုနေ့ည အတော်ညဥ့်နက်မှ လာတွေ့နိုင်မည့် အကြောင်း ပြောလိုက်ပြီးနောက် အရက်တစ်ပုလင်းယူကာ သောက်ရင်း ထိုင်စောင့်နေလေ သည် ။

ထိုအတောအတွင်း တပ်မှူးများ ဖြစ်သော ကလီမင်ဇာနှင့် တက်ဆီယိုတို့ ရောက်လာကြလေသည်။

***

မိုက်ကယ်လ်သည် တော်မီဟောဂင်နှင့် အတူ ဧည့်ခန်းထဲတွင် ဘရန်ဒီသောက်ရင်း နှစ်ယောက်သား စကားပြောနေကြသည်။

"အင်း၊ ခုနေခါများ အဘိုးကြီးသာ ရှိနေသေးရင် သိပ်ကောင်းမှာ ပဲလို့ ထင်မိတယ်"

မိုက်ကယ်လ်က သက်ပြင်းချရင်း ပြောလိုက်ရာ တော်မီက

"ဘာမှ စိုးရိမ်မနေပါနဲ့။ အစီအစဉ်အတိုင်း အားလုံး တိတိကျကျဖြစ်ကုန်မှာ ပါ။ မိုက်ကယ်လ် ကြိုတင် ပြင်ဆင်တာတွေက အလွန်ပိရိသလောက် သေချာ ပိုင်နိုင်ပါတယ်"

ဟု အားပေးလိုက်သည်။

"ဒီအစီအစဉ်က ကျွန်တော် တစ်ယောက်တည်း လုပ်တာ မဟုတ်ဘူး။ အဘိုးကြီးကိုယ်တိုင်က အချိန် ယူပြီး ရေရှည်စီမံကိန်းအဖြစ် သေသေချာချာ စီစဉ်ရေးဆွဲခဲ့တာပါ။ တော်မီလည်း ရိပ်မိမှာ ပေါ့"

မိုက်ကယ်လ်က ပြောလိုက်ပြီးနောက် ဆက်လက်၍

"ကလီမင်ဇာနဲ့ တက်ဆီယိုတို့ ရောက်ကြပါလား"

ဟု မေးလိုက်သည်။

"ရောက်နေကြပါပြီ"

"ဒါဖြင့် ကလီမင်ဇာကို ကျွန်တော့်ဆီ လွှတ်

လိုက်ပါ။ သူကိုအသေးစိတ် ညွှန်ကြားစရာရှိတယ်။ တက်ဆီယိုကိုတော့ ကျွန်တော် မတွေ့လိုတော့ပါဘူး။ နောက်နာရီဝက်လောက်နေရင် သူနဲ့ အတူ ဘာဇီနီကို ကျွန်တော် သွားတွေ့မယ်လို့ သာ ပြောထားပြီး စောင့်နေခိုင်းပါ။ နောက်တော့ ဒီကောင့်ကို ကလီမင်ဇာရဲ့ လူတွေ က ကြည့်စီရင်ပါလိမ့်မည်”

မိုက်ကယ်လ်က ခပ်တည်တည်နှင့် ပြောလိုက်ရာ တော်မီမှာ တက်ဆီယိုအတွက် စိတ်မကောင်း ဖြစ်သွားမိလေသည် ။

“တက်ဆီယိုကို အခု အရေးယူမယ့် အပြစ်ဒဏ်က ခွင့်လွှတ်ဖို့ နည်းလမ်း မရှိတော့ဘူး ထင်ပါရဲ့ ”

တော်မီက ဤသို့ ပြောသည် ကို မိုက်ကယ်လ်သည် ခေါင်းခါလျက်

“ဘယ်လိုမှ မဖြစ်နိုင်ဘူး”

ဟု ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည် ။

***

မြောက်ပိုင်းမြို့တစ်မြို့ဖြစ်သော ဘတ်ဖလိုးမြို့တွင် ကိတ်မုန့်ဖုတ်ရောင်းသူ အီတလီအမျိုးသားတစ်ဦး သည် သူ၏ မုန့်ဆိုင်ကလေးတွင် အလုပ်ကြိုးစား၍ လုပ်ကိုင်ရောင်းချနေ ၏။ ဈေးဝယ်သူတွေ တဖြည်းဖြည်း ပါးသွား၍ နောက်ဆုံးဆိုင်တွင်း၌ လူတစ်ယောက်မှ မရှိတော့သည့် အချိန်တွင် အင်္ကျီရပ်ကြမ်းတမ်းပြီး လူမိုက် တစ်ဦးအသွင်ရှိသော လူငယ်တစ်ဦးသည် ကိတ်မုန့်ဝယ်ရန် ဝင်ရောက် လာလေသည် ။

ဆိုင်ရှင်က မုန့်ကို လှမ်းပေးသော်လည်း ထို

လူငယ်သည် ရုတ်တရက် မယူဘဲ

"ခင်ဗျားရင်ဘတ်မှာ ထိုးထားတဲ့ မင်ကြောင်အရုပ်ကို ကြည့်ချင်လို့ အင်္ကျီခဏချွတ်ပြစမ်းပါ"

ဟု ပြောလိုက်ရာ မုန့်ဆိုင်ရှင်သည် ချက်ချင်း ထိတ်လန့်သွားလျက် ဘေးရန်ကို ရိပ်မိဟန်ဖြင့် ဆိုင် နောက်ဘက်သို့ နောက်ဆုတ်ပြေးမည်အပြုတွင် ဈေးဝယ်လာသူ လူငယ်က ရုတ်တရက် ခြောက်လုံးပြူး သေနတ်ထုတ်၍ ပစ်လိုက်ရာ ရင်ဘတ်တွင် ထိမှန်ပြီး ဆိုင်ရှင်လည်း ပက်လက်လန်လဲကျသွားတော့သည် ။

ဤတွင် သေနတ်သမားလူငယ်သည် လဲနေသူ ဆိုင်ရှင်အနီးသို့လာ၍ ...

"ဘယ့်နှယ်လဲ မစ္စတာဖာဘာရီဇီယို၊ ဂျွဒ် ဖားသားရဲ့ သား မိုက်ကယ်လိကာ ခင်ဗျားကို နှုတ်ဆက်လက် ဆောင် ပေးလိုက်ပါတယ်"

ဟု ပြောပြီးမှ သေနတ်ပြောင်းဝကို ဆိုင်ရှင် ဦးခေါင်းနားတွင် တေ့လျက် မောင်းဖြုတ်ချ လိုက်လေ သည် ။

ထို့နောက် သူသည် ဆိုင်တွင်းမှ ခပ်အေးအေးပင် လျှောက်ထွက်သွားကာ လမ်းမ၌ အဆင်သင့် စက်နှိုး စောင့်နေသော မော်တော်ကား တစ်စီးပေါ်သို့ တက်လိုက်ပြီး ကားသည် လျင်မြန်စွာ မောင်းထွက်သွားတော့ သည် ။

***

ဂိတ်ဝ၌ တာဝန်ကျနေသူ ရိုကိုလမ်ပုန်းသည် တယ်လီဖုန်းလာသဖြင့် နားထောင်လိုက်သောအခါ တစ်ဖက်မှ ပြောသူက

"ဒီမယ်၊ ခင်ဗျားရဲ့ ပစ္စည်းတော့ အဆင်သင့်ပဲ"

ဟု ပြောပြီး ဖုန်းကို ပြန်ချသွား၏။

ရိုကိုလည်း နားလည်သဘောပေါက်ဟန်ဖြင့် ချက်ချင်းပင် သူ၏ မော်တော်ကားနှင့် မြို့ဆင်ခြေဖုံး မီးရထားဘူတာရုံသို့ မောင်းထွက်လာ၏။ ထိုနေရာ၌ မော်တော်ကားတစ်စီးဖြင့် လူနှစ်ယောက် စောင့်နေရာ ရိုကိုသည် ထိုကားပေါ်သို့ တက်လိုက်ပြီး ဆယ်မိနစ်ခန့် မောင်းသွားသော် မြို့ပြင်ဘက် လူရှင်းသော တည်း ခို ခန်းတစ်ခန်းသို့ ရောက်သွား၏။

ရိုကိုသည် လျင်မြန်စွာ ပြေးသွား၍ တည်းခိုခန်း၏ အိပ်ခန်းတစ်ခန်းကို ခြေထောက်ဖြင့် တအားဆောင့် ကန်လိုက်ရာ ပတ္တာပြုတ်၍ တံခါးပွင့်ထွက်သွားသည် နှင့် ချက်ချင်း အခန်းထဲသို့ ဝင်လိုက်၏။

အသက် ၇၀ အရွယ် အဘိုးကြီးဖြစ်သူ တာတာဂလီယာ မိသားစုအကြီးအကဲ ဖီးလစ်တာ တာဂလီယာ သည် အဝတ်အစား လုံးဝမပါဘဲ ဗလာကျင်းလျက် ခုတင်တစ်လုံးအနီးတွင် ရပ်နေပြီး ခုတင်ပေါ်တွင် ကား မိန်း ကလေးငယ်ငယ်ချောချော တစ်ယောက်ကို တွေ့ရလေသည်။

စက္ကန့်ပိုင်းအတွင်း လျင်မြန်လှသော အဟုန်ဖြင့် ရိုကိုသည် ခြောက်လုံးပြူးသေနတ်ဖြင့် အဘိုးကြီး၏ ဗိုက်တည့်တည့်သို့ချိန်လျက် လေးချက်တိတိ ဆက်၍ ပစ်လိုက်သည် ။ ထို့နောက် သူသည် ကားပေါ်သို့ လျင်မြန် စွာ ပြေးတက်လာခဲ့၍ သူ၏ ကားထားရာ ဘူတာရုံသို့ ပြန် လာပြီး ထိုမှ တစ်ဆင့် သူ့ကားကိုမောင်း

ကာ အဘိုးကြီး အိမ်သို့ ပြန်လာခဲ့၏။ ရောက် ရောက်ချင်း ရိုကိုသည် မိုက်ကယ်လ်ထံသို့သွား၍ ခေတ္တမျှ စကားပြောလိုက်ပြီး နောက် သူ၏ မူလနေရာ ဂိတ်ဝတွင် ပြန်လာစောင့်နေလိုက်သည် ။

***

အဲလ်ဘာတ်နေရီသည် သူ၏ ရဲဝတ်စုံ ယူနီဖောင်းကို ဝတ်ဆင်ပြီး နောက် ၃၈ အမျိုးအစား ခြောက် လုံးပြူးသေနတ်ကို သေချာစွာ စစ်ဆေးကြည့်၍ ကျည်ဆန်အပြည့် ထိုးလိုက်သည် ။ ထို့နောက် ကိုယ်လုံးပေါ် မှန် ကြီးရှေ့တွင် ရပ်ကာ သူ့ကိုယ်သူ အကဲခတ်ကြည့်ရာ ကျေနပ်သွားမိသည် ။ သူ၏ အသွင်သဏ္ဍာန်ကား တကယ့် ရဲ အရာရှိတစ်ဦး၏ ပုံအတိုင်းဖြစ်နေပေပြီ။

မကြာမီ တပ်မှူးရိုကိုလမ်ပုန်း၏ ပာပည့်မှု ယောက် ကားနှင့် လာခေါ်သဖြင့် အဲလ်ဘာတ်နေရီလည်း တက်လိုက်သွားရာ နယူးယောက်မြို့ ၅၅ လမ်းနှင့် ၅ လမ်းထောင့်တွင် ကားရပ်လိုက်ပြီး သူသည် လမ်းပေါ် ဆင်း လျှောက်သွား၏။ သူ၏ စိတ်တွင် ကား ယခင်ရဲ အရာရှိ ဘဝတုန်းကလို လမ်းပေါ်၌ ပတ္တာရောင် လှည့်နေရဘိ သကဲ့သို့ ဖြစ်ပေါ်ခံစားမိသေး၏။

လမ်းလျှောက်သွားရင်းနှင့် အဆောက်အအုံ တစ်ခုရှေ့ ယာဉ်မရပ်ရဟူသော ဆိုင်းဘုတ်အနီးတွင် ရပ် ထားသော မော်တော်ကားတစ်စီး ကိုမြင်လိုက်သည် နှင့် အဲလ်ဘာတ်နေရီသည် ထိုကားနားသို့ ကပ်သွားပြီး ဒရိုင် ဘာအား

“ဒီနေရာ ကားမရပ်ရဘူးဆိုတာ မသိဘူး လား၊ ချက်ချင်းမောင်းထွက်သွားစမ်း”

ဟု ခပ်တည်တည် ဟောက်လိုက်၏။

ကားမောင်းသူမှာ လူဆိုးဂိုဏ်းဝင်တစ်ဦးမှန်း သိသာလှ၏။ သို့သော် အဲလ်ဘတ်၏ ရဲဝတ်စုံကိုမြင်၍ ဒေါ်လာငွေတစ်ဆယ်တန် ငွေစက္ကူတစ်ရွက်ထုတ်ပြီး ပေးမည်ပြုစဉ်မှာ ပင် အဆောက်အအုံအတွင်းမှ တုတ် တုတ်ခိုင်ခိုင် လူသုံးယောက် ထွက်လာသည် ကို လှမ်းမြင်လိုက်ရ၏။ သူတို့ကား ဘာဇီနီအမည်ရှိ လူဆိုးဂိုဏ်းခေါင်းဆောင်နှင့် သူ၏ ကိုယ်ရံတော်နှစ်ဦးတို့ပင် ဖြစ်သည် ။

ကိုယ်ရံတော်တစ်ယောက်က ရှေ့သို့တိုးလာပြီး ဒရိုင်ဘာအား...

"ဟေ့၊ ဘာဖြစ်တာလဲကွ"

ဟု မေးရာ အဲလ်ဘတ်နေရီက ဒရိုင်ဘာ၏ ယာဉ်မောင်းလိုင်စင်တောင်းယူပြီး စစ်ဆေးကြည့်နေ လိုက်၏။ ထို့နောက် လိုင်စင်ဗားခုပ်ကို ပြန်ပေးရင်း လက်တစ်ဖက်ဖြင့် သူ၏ ခြောက်လုံးပြူးသေနတ်ကို ရုတ် တရက် ဆွဲထုတ်လိုက်၏။ တစ်ဆက်တည်းမှာ ပင် သူသည် ဘာဇီနီ၏ ရင်ဘတ်တည့်တည့်သို့ ခြောက်လုံးပြူး ဖြင့် သုံးချက်ဆင့်ပစ်လိုက်ရာ လျှင်မြန်လှလွန်းသောကြောင့် ကိုယ်ရံတော်နှစ်ဦးသည် စက္ကန့်ပိုင်းမျှ ကြောင်နေမိ ပြီးမှ သေနတ်ကျည်ဆန်ရောင်သည့် အနေဖြင့် မြေပြင်သို့ ဝပ်ချလိုက်ကြသည် ။ ထိုအချိန်၌ အဲလ်ဘတ်နေရီသည် ဝိုင်းအုံလာသော ပရိသတ်ကြားထဲတိုးဝင်ရောနှောသွားလျက် လမ်းထောင့်တွင် အသင့်စောင့်နေသော ကားပေါ် သို့ တက်၍ မောင်းထွက်သွားပြီ ဖြစ်လေသည် ။

ချယ်လ်ဆီဥယျာဉ်အနီးသို့

ရောက်သောအခါ အဲလ်ဘတ်သည် နောက်ကားတစ်စီးသို့ ပြောင်း၊ ထိုကား ပေါ်တွင် အဆင်သင့်ရှိနေသည့် အရပ်ဝတ် ဝတ်စုံလဲလျက် ရဲဝတ်စုံနှင့် သေနတ်ကို ထိုကားထဲတွင် ပင်ထားပစ် ခဲ့၏။ သက်ဆိုင်ရာက တာဝန်ယူ ဖျောက်ဖျက်ပစ်ရန် စီစဉ်ထားပြီး ဖြစ်၏။

နောက်တစ်နာရီမှ မကြာမီ အဲလ်ဘတ်သည် ဂေါ့ဒ်ဖားသားအိမ်သို့ ပြန်ရောက်ရှိသွားကာ မိုက်ကယ်လ် နှင့် စကားပြောနေလေသည် ။

***

တော်မီဟေဂင်သည် မီးဖိုခန်းထဲ ကော်ဖီသောက်ရင်း ထိုင်စောင့်နေသူ တက်ဆီယိုထံသို့ လာပြီး..

"မိုက်ကယ်လ်က အဆင်သင့်ပဲလို့ ပြောခိုင်းတယ်။ ဒါကြောင့် ခင်ဗျားက ဘာဇီနီကို ဖုန်းဆက်ပြီး ချိန်းတဲ့ နေရာကို သွားပါတော့လို့ အကြောင်းကြားလိုက်ပါ"

ဟု ပြောလိုက်သည် တွင် တက်ဆီယိုလည်း ချက်ချင်းပင်ထ၍ နယူးယောက်မြို့ တွင်းရှိ ဘာဇီနီ၏ အလုပ် တိုက်သို့ ဖုန်းဆက်လိုက်သည် ။

"ဒီမယ် ကျုပ်တို့ တော့ ထွက်လာနေပြီ"

ဤမျှပြော၍ သူသည် ဖုန်းကိုပြန်ချလိုက်ပြီးမှ တော်မီဘက်သို့ ပြုံးပြလိုက်သည် ။

တော်မီဟေဂင်က...

"မိုက်ကယ်လ်က သူ တခြားကားတစ်စီးနဲ့ သွားမယ်တဲ့ ။ ခင်ဗျားသွားနှင့် ဖို့ ပြောတယ်"

ဟု ပြောလိုက်သောအခါ တက်ဆီယို၏

အပြေးသည် ပျောက်ကွယ်သွားလျက် မျက်နှာမသိမသာ ပျက် သွားသည် ။

"ဒီလို ဘယ်ဖြစ်မလဲဗျ။ ကျုပ် အစီအစဉ်တွေအားလုံး ပျက်ကုန်တော့မှာ ပဲ"

တက်ဆီယိုက ညည်းညူပြောလိုက်သည်တွင် တော်မီကပင်

"ကျုပ်ကလည်း ခင်ဗျားနဲ့ မလိုက်နိုင်ဘူး။ ခင်ဗျားတစ်ယောက်တည်း သွားရမှာ တဲ့ ဗျ"

ဟု ခပ်တည်တည် ပြောလိုက်သောအခါ တက်ဆီယိုမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားမိ သည် ။ ထိုအချိန်၌ မော်တော်ကားတစ်စီး အဆောင်သင့်ရောက် လာပြီး လက်နက်ကိုင် ကိုယ်ရံတော်တစ်စုက ဝိုင်းလာသောအခါ တက်ဆီယိုသည် စက္ကန့်ပိုင်းအတွင်း သူ၏ ကံကြမ္မာကို ရိပ်မိလိုက်သည် ။ ချက်ချင်းပင် တုန် လှုပ်ချောက်ချားမှု ပျောက်သွားကာ သူ၏ ကံကြမ္မာကို လက်သင့်ခံလိုက်သည့် မျက်နှာထားမျိုး ဖြစ်လာသည် ။

ထို့ကြောင့် တော်မီဘက်သို့လှည့်၍

"မိုက်ကယ်လ်ကိုသာ နှုတ်ဆက်ခဲ့တယ်လို့ ပြောလိုက်ပါတော့။ ကျုပ်ဟာ သူ့ကို သဘောကျခဲ့ပါတယ်။ ဒါပေမဲ့ အလုပ်သဘောအရ ဘာမဆို လုပ်ခဲ့ရတယ်လို့ လည်း ပြောပါ"

ဟု ပြောလိုက်ရာ တော်မီကလည်း

"ဟုတ်ကဲ့၊ ပြောလိုက်ပါမယ်၊ မိုက်ကယ်လ်ကလည်း နားလည်ပါလိမ့်မယ်"

ဟု နှစ်သိမ့် လိုက်လေသည် ။

ထိုအချိန်၌ လက်နက်ကိုင် ကိုယ်ရံတော်များက တက်ဆီယိုအား ကားပေါ်သို့ တက်စေပြီး

မောင်းထွက် သွားရာ တော်မီမှာ စိတ်မကောင်း ကျန်ရစ်လေသည် ။ တက်ဆီယိုကား ဒွန်ကော်လီယွန်မိသားစု၏ တပ်သား ကောင်းတစ်ဦးဖြစ်ခဲ့ပါလျက် ယခု အသက်အရွယ်ကြီးလာကာမှ အယူအဆ မှားယွင်းဖောက်ပြန်မှုကြောင့် သစ္စာ ဖောက်သူတို့ ၏ သွားရာလမ်းသို့ သွားရတော့မည်မှာ ကြေကွဲဖွယ်ရာ ကောင်းနေတော့သည် ။

***

ကော်နီ၏ ယောက်ျား ကာလိုသည် မိုက်ကယ်လ်က တွေ့ဆုံစကားပြောစရာ ရှိသေးသည်ဆို၍ စောင့် နေသော်လည်း ယခုအချိန်အထိ မခေါ်သေးသဖြင့် စိတ်မရှည်သလို ဖြစ်လာမိသည် ။ သူသည် မြို့တွင်းရှိ မယား ငယ်အိမ်သို့ ဖုန်းလှမ်းဆက်၍ ညဥ့်နက်လျှင် ဆက်ဆက်လာခဲ့မည်ဟု ပြောလိုက်သေး၏။ ထို့နောက် သူသည် အပြင်ထွက်ရန် အဆင်သင့်ဖြစ်အောင် အဝတ်အစားသစ်များ လဲလှယ်ဝတ်ဆင်နေစဉ်မှာပင် အခန်းတံခါး ပွင့် လာပြီး မိုက်ကယ်လ်သည် ရိုကိုလမ်ပုန်းနှင့် တော်မီဟောဂင်တို့ လိုက်ပါလျက် ခပ်တည်တည် ဝင် လာလေသည် ။

မိုက်ကယ်လ်၏ မျက်နှာအမူအရာကို မြင်လိုက်လျှင်ပင် ကာလိုသည် ကျောထဲ စိမ့်ခနဲဖြစ်ကာ ထိတ် လန့်သွားမိသည် ။ သူ့စိတ်ထဲ၌ မိုက်ကယ်လ်ကို ကြည့်ရသည် မှာ သေမင်းကို ကြည့်ရသကဲ့သို့ ထင်မိလျက် ခေါ ချွေးများ လည်း ပြန်လာတော့သည် ။

"ဆန်နီ အသက်ခံရတဲ့ ကိစ္စအတွက် ခင်ဗျားက ဖြေရှင်းရလိမ့်မယ်"

မိုက်ကယ်လ်က တည်ငြိမ်သော အသံဖြင့်

ပြောလိုက်သောအခါ ကာလိုမှာ ရင်ထဲ၌ ပြင်းထန်စွာ ဝေဒနာ တစ်ခု ခံစားလိုက်ရဘိသကဲ့သို့ ထိခိုက်တုန်လှုပ်သွားသည် ။ တစ်ဖန် မိုက်ကယ်လ်ကပင် ဆက်၍ ...

"ခင်ဗျားက ကော်နီကို ရိုက်နှက်ညှဉ်းပန်းပြီး ဆန်နီဟာ သူ့နှမကို ထိရမလားလို့ ဒေါသတကြီး ထွက် အလာမှာ လုပ်ကြံသတ်ဖြတ်ဖို့ အတွက် ရန်သူဘက်နဲ့ 'ပင်း' အကွက်ဆင်ခဲ့တာကို ကျုပ်တို့ မသိဘူးများ အောက်မေ့နေသလား။ ဒီမယ် ကာလို၊ ဒီနေ့ပဲ ခင်ဗျားရဲ့ မဟာမိတ် ဘာဇီနီနဲ့ တာတာဂလီယာတို့ ဟာ လောက ကြီးက ထွက်ခွာသွားကြပြီး။ ကျုပ်အနေနဲ့ မိသားစုကြွေးစာရင်းကို ဒီနေ့ညပဲ အားလုံးအပြတ်ရှင်းမယ်လို့ စီစဉ် ထားတယ်"

ဟု ပြော လိုက်လေသည်။

ကာလိုသည် သွေးရူးသွေးတန်းနှင့်

"ဒီမယ် မိုက်ကယ်လ်၊ ကျုပ်မှာ အပြစ်မရှိပါဘူး။ ကျမ်းကျိန်ပြောဝံ့ပါတယ်။ ကျုပ်ကို ဘာမှ မလုပ်ပါနဲ့ နော်"

ဟု ပြောလိုက်ရာ မိုက်ကယ်လ်က ညင်သာ သိမ်မွေ့စွာနှင့် ပင်

"သိပ်လည်း ကြောက်မနေပါနဲ့ လေ။ ကျုပ်က ကျုပ်နှမလေး ကော်နီကို မုဆိုးမတစ်ယောက်ဖြစ်အောင် လုပ်ပါ့မလား။ ခင်ဗျားကို အခု ညပဲ သူတို့ ရှိရာ လတ်စ်ဗေးဂတ်မြို့ကို လေယာဉ်ပျံနဲ့ ပို့ပေးမလို့ ပါ။ ဒါပေမဲ့ ဆန်နီအသတ်ခံရတဲ့ ကိစ္စမှာ ခင်ဗျား မပါဘူးလို့ တော့ ငြင်းမနေပါနဲ့ ။ မှန်မှန်သာပြော၊ ခင်ဗျားကို ဘယ်သူက ဆက်သွယ်ပြီး အကွက်ဆင်ခိုင်းတာလဲ။

တာတာဂလီယာလား ဘာဇီနီလား”

ဟု မေးလိုက်သည် ။

ဤတွင် ကာလိုသည် မိုက်ကယ်လ်က သူ့ကို မသတ်တော့ဟု စိတ်ချသွားဟန် ဖြစ်သွားလျက်

“ဆက်သွယ်သူက ဘာဇီနီပါ”

ဟု ဝန်ခံ လိုက်လေသည် ။

မိုက်ကယ်လ်က ခေါင်းညိတ်လျက်

“ကောင်းပါပြီ၊ အခု ခင်ဗျား သွားနိုင်ပြီ။ လေဆိပ်ကို ပို့ဖို့ ကားလည်း အဆင်သင့်ပဲ”

ဟု ပြော လိုက်လေသည် ။

ကာလိုသည် ဇောချွေးများ ပြန်လျက်နှင့် ပင် ကားပေါ်သို့ တက်လိုက်ရာ ကားလည်း လျှင်မြန်စွာ မောင်းထွက်သွားသည် ။ ကားမောင်းသူဒ ရိုင်ဘာအပြင် နောက်တန်း၌ လူတစ်ယောက် ထိုင်နေသည် ကို ရုတ် တရက် မမြင်မိချေ။ လ မ်းမရောက်မီ ကာလိုသည် ထိုလူကို သတိပြုမိသဖြင့် ဘယ်သူများ ပါလိမ့်ဟု လှည့်ကြည့် လိုက်ချိန်မှာ ပင် နောက်တန်းမှ အသင့်စောင့်နေသူ လူဝကြီး ကလီမင်ဇာသည် ကြိုးကွင်းတစ်ခုကို ကာလို၏ လည်ပင်းတွင် စွပ်လိုက်ပြီး တအားဆွဲလိုက်ရာ ကာလိုသည် အသံထွက်အောင်ပင် မအော်နိုင်တော့ဘဲ အသက် ပျောက်ခဲ့ရလေသည် ။

***

ဒွန်ကော်လီယွန် မိသားစု၏ အောင်ပွဲကားပြီးပြည့်စုံသလောက် ရှိသွားပေပြီ။ တပ်မှူးများဖြစ်သော ကလီမင်ဇာနှင့် ရိုကိုလမ်ပုန်းတို့ သည် ၄င်းတို့ ၏ တပည့်တပ်သားများအား နေရာ

အနံ့အပြားသို့ တစ်ပြိုင်နက် စေလွှတ်၍ မိသား စုပိုင်နက် နယ်ပယ်တွင် ကျူးကျော်ဗိုလ်ကျနေသူ ဆန့်ကျင်ဘက် ဂိုဏ်းသားများအား ရက် ရက်စက်စက် နှိမ်နင်းဆုံးမစေခဲ့၏။ အဲလ်ဘတ် နေရီကမူ တက်ဆီယို၏ တပ်ဖွဲ့ကို ဦးစီးလျက် ဘာစီနီအုပ်စုမှ လောင်းကစားဒိုင်များကို သုတ်သင်ရှင်းလင်းခဲ့၏။

ဤသို့လျှင် ခပ်ကြမ်းကြမ်း လျှပ်တစ်ပြက် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းအားဖြင့် မိုက်ကယ်လ်သည် ။ ဒွန်ကော်လီယွန်၏ မိသားစုဂုဏ်သိက္ခာနှင့် သြဇာကို ပြန်ဆည်ယူနိုင်ခဲ့၏။ သူ၏ ကြံရည်ဖန်ရည် ထက်မြက်မှု အစွမ်းနှင့် သေနင်္ဂဗျူဟာ နိုင်နင်းမှုက ထင်ရှားပြတ်သားလှသဖြင့် မကြာမီ ရန်သူဘာစီနီနှင့် တာတာဂလီယာ အုပ်စုများမှ တပ်မှူးများ ပင်လျှင် မိုက်ကယ်လ်ထံသို့ သစ္စာခံကာ ဝင်ရောက်လာကြကုန်တော့သည် ။

ကာလို အသတ်ခံရကြောင်း ကြားသိရသောအခါ ကော်နီသည် မခံမရပ်နိုင်ဖြစ်ကာ နယူးယောက်သို့ ပြန် လာပြီး မိုက်ကယ်လ်အား အပြင်းအထန် စွပ်စွဲပုတ်ခတ်လေသည် ။

"ရှင် ဘာကောင်းလဲ၊ ကျွန်မယောကျ်ားကို ရှင် သက်သက်သတ်ပစ်တယ်။ ရှင်ဟာ အဘိုးကြီးသေ အောင် စောင့်ပြီး ဘယ်သူကမှ မတားနိုင်တဲ့ အချိန်မှာ ကာလိုကို သတ်ပစ်တယ်။ ဆန်နီ သေရတဲ့ ကိစ္စမှာ ရှင် ဟာ ကာလိုကိုပဲ အပြစ်မြင်တယ်။ ကျွန်မကိုတော့ ထည့်မစဉ်းစားဘူး။ ရှင်ဟာ ခွေးတိရစ္ဆာန်လို လူယုတ်မာပဲ"

ကော်နီက ပက်ပက်စက်စက် ပြောဆိုရန်

တွေ့သည် ကို မိုက်ကယ်လ်က ဘာမှ မပြောဘဲ ဆိတ်ဆိတ်နေ ခဲ့သည်။

သူ၏ ဇနီး ကေးကတော့ မိုက်ကယ်လ်က ကာလိုကို သတ်သည် ဟု လုံးဝ မယုံကြည်ရှာချေ။

သို့ရာတွင် ထိုနေ့ညနေဘက် ညည့်ခန်းထဲတွင် မိုက်ကယ်လ်က တပ်မှူးများ နှင့် ဗိုလ်ရှုခံသလို တွေ့ဆုံ ပုံ ကို မြင်ရသောအခါ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားမိ၏။

ကလီမင်ဇာ၊ အဲလ်ဘတ်နေရီနှင့် ရိုကိုလမ်ပုန်းတို့ က တပ်မှူးများ အနေဖြင့် တန်းစီနေပြီး မိုက်ကယ်လ် က ရှေ့မှ ခါးထောက်၍ ရပ်နေပုံမှာ ရောမမြို့တော်မှ ရှေးခေတ် အာဏာရှင် ဧကရာဇ်များ ၏ ရုပ်တုနှင့် တူလှသည် ဟု ကေးက ထင်မိလေသည်။ သူ၏ မျက်နှာထားက တည်တည်ကြီး ဖြစ်နေပုံသည် လည်း ဖခင်ကြီး ''ဂေါ်ဒ်ဖားသား'' ကဲ့သို့ပင် လူတို့ ၏ အသက်အိုးအိမ် စည်းစိမ်အပေါ် ဩဇာအာဏာ လွှမ်းမိုးပိုင်ဆိုင်သူကဲ့သို့ ဖြစ်နေ၏။

ကလီမင်ဇာသည် ပထမဆုံးအကြိမ် အဖြစ် မိုက်ကယ်လ်အား မိသားစု အကြီးအကဲအဖြစ် တရားဝင် အသိအမှတ်ပြုသည့် အနေဖြင့်

''ဒွန်မိုက်ကယ်လ်''

ဟု ခေါ်လိုက်ချိန်တွင် ကာ ကေး၏ စိတ်ထဲ၌ မိုက်ကယ်လ်သည် သူ့နှမကော်နီ စွပ်စွဲသလို ရက်စက်စွာ သတ်ဖြတ်ခဲ့သည် မှာ အမှန်ပင်ဖြစ်ကြောင်း သိလိုက်တော့သည်။

ထို့ကြောင့် ကေးသည် မီးဖိုခန်းထဲသို့ လျင်မြန်စွာ ပြေးဝင်သွားလျက် ဝမ်းနည်းပန်းနည်း ချုံးပွဲချ ငိုကြွေးနေရှာပါတော့သတည်း။

## အပိုင်း (၉)

### ၃၂

မိုက်ကယ်လ်သည် သူ့ဖခင်ကြီး 'ဂေါ့ဒ်ဖားသား' ၏ မူအတိုင်းနိုင်ငံရေးနယ်ပယ်မှ အရေးပါသော ပုဂ္ဂိုလ်ကြီးများ နှင့် လည်း အဆင်ပြေအေ ၁င ် ဆက်သွယ်ပေါင်းသင်းနိုင်ခဲ့လေရာ နောက်တစ်နှစ်မျှ ကြာသော အခါ သူသည် အမေရိကန်တစ်နိုင်ငံလုံးတွင် ဩဇာအရှိဆုံး အင်အားအကြီးမားဆုံး မိသားစုခေါင်းဆောင် ဖြစ်လာခဲ့လေသည်။

ထိုတစ်နှစ်အတွင်း သူသည် နယူးယောက်နှ

င့် လတ်စ်ပေးဂတ်စ်မြို့များ တွင် တစ်လှည့်စီ နေရင်း စီးပွား ရေးလုပ်ငန်းသစ်များ ကြိုးစား လုပ်ကိုင်ခဲ့၏။ တစ်နှစ်ပြည့်သောအခါ လတ်စ်ဗေးဂတ်စ်မြို့သို့ အပြီးအပိုင် ပြောင်းရွှေ့အခြေ စိုက်ရန်အတွက် နောက်ဆုံးအကြိမ် နယူးယော က်မြို့ အိမ်ကြီးသို့ မိသားစုအားလုံးကို ခေါ်လာ ခဲ့လေသည် ။

နယူးယောက်တွင် တစ်လခန့်နေပြီး မိသား စုပိုင်ပစ္စည်း အားလုံးကို လတ်စ်ဗေးဂတ်စ်သို့ ပြောင်းရွှေ့ တင်ပို့ရန် ရည်ရွယ်၍ လာခဲ့ခြင်းဖြ စ်သည် ။

လူဝကြီးကလီမင်ဇာသည် မိုက်ကယ်လ်၏ သဘောတူညီမှုဖြင့် ခွဲထွက်ပြီး သီးခြားမိသားစု တစ်ခု တည် ထောင်ဖွဲ့စည်း၍ နေပြီဖြစ်သည် ။ ရိုကိုလမ်ပုန်းက မိုက်ကယ်လ်တို့ မိသားစု၏ တပ်မှူးကြီးဖြစ်လာ၏။ အဲလ် ဘာဟဲနေရိုးသား လတ်စ်ဗေးဂတ်စ်ရှိ မိသားစုပိုင် ဟိုတယ်ကြီးများအားလုံး၏ လုံခြုံရေးတာဝန်ခံ ဖြစ်လာ၏။ တော်မီဟောဂင်သည် လည်း လတ် စ်ဗေးဂတ်စ်မြို့မှာ ပင် မိုက်ကယ်လ်၏ လူယုံ တော်ဖြစ်နေလေသည် ။

ကေးသည် ဘာသာတရားကိုင်းရှိုင်းသူ ဖြစ် သည့် အလျောက် နေ့စဉ် ဘုရားရှိခိုးကျောင်း သို့ သွားရောက် ပြီး ဆုတောင်းဘုရားရှိခိုးလေ့ ရှိ၏။

ထို့ကြောင့် ယနေ့တွင် လည်း သူမသည် ဘု ရားရှိခိုးကျောင်းသို့ သွားရန် ပြင်ဆင်လေသည် ။

***

လွန်ခဲ့သောနှစ်က ကေးသည် မိုက်ကယ်လ် အပေါ် ရက်စက်သော လူသတ်သမားတစ်ယောက်အဖြစ် မုန်းတီးစိတ်နာမိသဖြင့် ကလေးနှစ်ယောက်ကိုဆွဲကာ မိဘများ အိမ်သို့ ဆင်းသွားခဲ့ဖူး၏။ သို့သော် တစ်ပတ် မျှ အကြာတွင် တော်မီဟောဂင်သည် လိုက် လာပြီး အကျိုးအကြောင်းရှင်းပြလေသည် ။

"ဒီမယ် ကေး၊ မိုက်ကယ့်လ်အပေါ် အထင်မမှားပါနဲ့ ။ သူဟာတာဝန်ဝတ္တရားအရ အားလုံးကို လုပ်ခဲ့ ရတဲ့ သူပါ။ သူ့ရဲ့ လုပ်ငန်းနဲ့ ပတ်သက်လို့ ဘာမဆို အသေးစိတ်ရှင်းပြလို့ မဖြစ်ဘူးဆိုတာလည်း စောစောက တည်းက ကေးကို တင်ကြိုပြောခဲ့ပြီးသား မဟုတ်လား။ ကိုင်း... နားထောင်၊ ဖြစ်ခဲ့တာတွေကို ပြောပြပါမယ်။ ဆန်နီကို ရန်သူဘက်က လုပ်ကြံသတ်ဖြတ်နိုင်အောင် ကာလိုဟာ တမင်သက်သက် အကွက်ဆင်ပြီး ကော်နီကို ရန်လုပ်နှိပ်စက်ခဲ့တယ်။ ဒါဟာ ကာလိုအနေနဲ့ သစ္စာဖောက်ပြီး ဘာဇီနီဘက်ကို လိုက်တာပဲ။ နောက်ပြီး အဘိုးကြီးဆုံးပြီးတော့ မိုက်ကယ်လ်ကို သတ်ဖို့ကြံကြရာမှာ ကျုပ်တို့ လူ တက်ဆီယိုက သစ္စာဖောက်ပြီး တစ်ဖက်ကို အကွက်ဆင်ပေးတယ်။ ဒီလို သစ္စာဖောက်မှုမျိုးဟာ ခွင့်လွှတ်လို့ မရဘူး။ ကာလိုနဲ့ တက်ဆီယိုကို လွှတ်ထား လိုက်ရင် တစ်သက်လုံး ခင်ဗျားတို့ ကျုပ်တို့ အားလုံးအတွက် အန္တရာယ်ဖြစ်နေမယ်။ ဒါကြောင့် မိုက်ကယ်လ် ဟာ အင်မတန် စိတ်ထိခိုက်စွာနဲ့ တက်ဆီယိုနဲ့ ယောက်ဖတော် ကာလိုတို့ ကို အားလုံးရဲ့ ရှေ့ရေးအကျိုးအတွက် သုတ်သင်ဖို့ စီမံခဲ့ရတယ်။ ခင်ဗျားက မိုက်ကယ်လ်လုပ်ပုံကို ငြိုငြင်ပုံတွေဟာ လူဆိုးလူသတ်သမား လုပ်ရပ်လို့

**ထင်ပြီး စိတ်နာခဲ့တယ်။ အမှန်တော့ မိုက်ကယ်** လ်ဟာ ဒီလိုမှ မဟုတ်ရင် သူဟာ အခုလောက် ဆို သေနေပြီ။ ခင်ဗျားလည်း မုဆိုးမဖြစ်နေမှာ သေချာတယ်။ ကံကြမ္မာရဲ့ ဖန်တီးစေစားရာကို လွန်ဆန်လို့ မဖြစ်ဘူးလို့ သူ့ဖခင်ကြီး ဂေါ်ဒ်ဖား သား ပြောခဲ့တာဟာ သိပ်မှန်တယ်။ ဘာပဲဖြစ်ဖြစ် မိုက်ကယ်လ်ဟာ ကေးနဲ့ က လေးများ အပေါ် တကယ့် လင်ယောကျ်ား ကောင်း၊ ဖခင်ကောင်းတစ်ယောက်အနေနဲ့ လို က်လိုက်လှဲလှဲ ချစ်ခင်မြတ်နိုး ရှာပါတယ်။ ကျု ပ်ကတော့ ဒါပဲ ပြောချင်တယ်။ ဆုံးဖြတ်ဖို့ က တော့ ခင်ဗျား သဘောပဲ”

ဤသို့ တော်မီက ရှင်းလင်းပြောပြသည် တွ င် ကေးသည် သေချာစွာ ပြန်လည်စဥ်းစားပြီး နောက် မိုက်ကယ်လ်ထံသို့ ပြန်သွားခဲ့သည် ။

**နှမဖြစ်သူ ကော်နီမှာ လည်း နောက်ပိုင်း ၁၉** မှန်ကို သဘောပေါက်မိသဖြင့် မိုက်ကယ်လ်အား ပြန်လည် တောင်းပန်ခဲ့သည် ။ နောက်များ မကြာမီ သူတို့ မိသားစုထံတွင် လာရောက် အလုပ်လုပ်သူ အီတလီလူမျိုး တ က္ကသိုလ်ကျောင်းထွက် လူငယ်တစ်ဦးနှင့် အိမ် ထောင်ပြု လိုက်လေသည် ။

***

ကေးသည် ဘုရားရှိခိုးကျောင်းတွင်းသို့ အ ရောက်တွင် အတိတ်မှ ဖြစ်ရပ်များကို ပြန်ပြော င်း ဆင်ခြင် နေမိသည် ။

ဘုရားရှိခိုးကျောင်း၏ ပတ်ဝန်းကျင် အခြေ အနေကား မကောင်းမှု ဟူသမျှ၏ အငွေ့အသ က် ကင်းရှင်း ကာ အလွန်ငြိမ်းချမ်း သာယာလှ ပေသည် ။ အဆောက်အအုံထိပ်ဆီမှ ထိုးလိုက်

သေ ၁ ခေါင်းလောင်းသံကလည်း အေးမြသာယာသော ဓမ္မဂီတကဲ့သို့ ရှိလှသည်။

ကေးသည် ဦးနှောက်ထဲ ရှိနေသေးသော အတိတ်အကြောင်းတွေကို မေ့ပျောက်ပစ်ရန် ကြိုးစားနေ ရှာသည်။ မုန်းတီးခြင်း၊ စိတ်နာခြင်း၊ စက်ဆုပ်ခြင်း၊ ရန်ပြုလိုခြင်း၊ ကလဲ့စားချေလိုခြင်း စသည့် စိတ်ကူးများ ကို ပယ်ဖျောက်လျက် ဖြူစင်သန့်ရှင်းသော မေတ္တာတရားကိုသာ ပွားများ ရန် အာရုံပြုနေရှာသည်။ သူမ၏ စိတ်ထဲ အတိတ်မှ မိမိတို့ ၏ မိသားစု၏ လုပ်ရပ်များ အတွက် နောင်တရကာ ခွင့်လွှတ်ပါရန် တောင်းပန်လိုသည့် ဆန္ဒလည်း ဖြစ်နေမိသည်။

ကေးသည် ဒူးထောက်ပြီး ရှိသေစွာ ဦးခေါင်းကို ညွတ်ထားလိုက်သည်။ ထိုအချိန်၌ ဒေါသစိတ်၊ ရန်တွေ့ လိုစိတ်၊ မေးခွန်းထုတ်မှု စိတ်တွေ လုံးဝကင်းရှင်းအောင် ဘာကိုမှ မတွေးမိအောင် တွေးတောစိတ်ကူးမှုဟူသမျှ ကို ရပ်စဲပယ်ဖျောက်ထားလိုက်သည်။

ယင်းသို့ စိတ်ကို ဖြူစင်သန့်ရှင်းအောင် ပြုပြီးမှ ကေးသည် ခင်ပွန်းသည် မိုက်ကယ်လ်၏ ဝိညာဉ် အတွက် ဆုမွန်များ တောင်းနေမိပါတော့သတည်း။

တက္ကသိုလ်နေဝင်း

*